
www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## ပေးဆပ်ခဲ့ရတာလည်းကြာ



www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## ပေးဆပ်ခဲ့ရတာလည်းကြာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၂၉၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၃၀၀၆၀၆

၂၀၀၆ ခုနှစ်၊ [redacted] ဒီဇင်ဘာလ

ဒုတိယအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၀၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။




### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### [illegible]ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်



## ပေးဆပ်ခဲ့ရတာလည်းကြာ

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## လွမ်းသူ့ရဲ့ပွဲ

ရှေ့မှာ လာရပ်သည့် လူရိပ်တစ်ခုကြောင့် လှစ်ခနဲ မော့ကြည့်ဖြစ်လိုက်၏။

လေးဆယ်ကျော်ရုံလေးဟု ခန့်မှန်းရမည့် အမျိုးသမီးကြီးတစ်ဦး ရိုကျိုးစွာ ခြေစုံရပ်နေသည်။ တော်တော်ခန့်ပြီး ကျက်သရေရှိရှိချောသည့် အမျိုးသမီးကြီးတစ်ဦးဟု နောင်ရဲ မှတ်ချက်ချဖြစ်လိုက်၏။ ယင်းအမျိုးသမီးကြီးက သူ့ကို စူးစိုက်စွာ ကြည့်နေသည်။

နောင်ရဲ ထိုင်နေရာမှ ထရပ်သည်။ မျက်ဝန်းချင်းဆုံ၍ ကြည့်သည်။ အမျိုးသမီးကြီး၏ မျက်ဝန်းတွေက ထူးခြားနေသည်။ ကြည့်ပုံက ရီရီညိုညို ဝေဝေမှိုင်းမှိုင်း ရှိလှ၏။ သူ့မျက်ဝန်းတွေမှ စကားလုံးများ အသံတိတ် ထွက်ကျနေသည်ဟု ထင်မိ၏။

"ကျေးဇူးတင်ပါတယ် ... ဆ ... ဆရာ"

ဝါကျတိုလေး တစ်ကြောင်း ထစ်ငေါ့စွာ ထွက်ကျ၏။

"ဟာ ... အန်တီ မှားနေပါပြီ ခင်ဗျာ၊ ကျွန်တော်က ကျောင်းသားပါ၊ ဆရာဝန် မဖြစ်သေးပါဘူး၊ တာဝန်ကျ ဆရာဝန်က ရောင်းလှည့် (လူနာလှည့်ကြည့်ရှု) နေပါတယ်"

www.burmeseclassic.com



"ဆရာ့ကိုပဲ ကျေးဇူးတင်တာပါ"

အမျိုးသမီးကြီး၏ မျက်ဝန်းတွေ အရောင်ဖျော့သွားသည်။ နှုတ်ဖျားမှ စကားတွေ ထွက်ကျခွင့် ရလိုက်ပြီမို့ သူမ၏ စကားပြောသော မျက်ဝန်းတွေ မှိန်ဖျော့သွားလေသလား မသိပါ။

"ကျွန်တော် ဆရာဝန် မဖြစ်သေးပါဘူး အန်တီ၊ ကျွန်တော့် နာမည် နောင်ရဲပါ"

နောင်ရဲ ထပ်ပြောကာ သူ့ကို ဘာအတွက်ကြောင့် ကျေးဇူးတင်နေမှန်း နားမလည်နိုင်အောင် ရှိချေ၏။ ဖြစ်နိုင်ချေ တစ်ခုတော့ ရှိသည်။ ဒီနေ့ နောင်ရဲတို့အဖွဲ့ ဆေးတက္ကသိုလ်ကျောင်းသားများ၊ ပြည်သူ့ဆေးရုံကြီးမှာ သွေးလာလှူကြသည်။ သူ ဒါနပြု လိုက်သည့်သွေးကို လူနာတစ်ဦးဦးထံ လောလောလတ်လတ် သွင်းဖြစ်လိုက်လေသလား။

အဲဒါ သွေးလှူရှင်ဆဲ ... ဟူသတဲ့ဝန်ကျ ဆရာဝန်က များ ညွှန်ပြလိုက်သလား မပြောနိုင်ပါ။

"ကိုနောင်ရဲကိုပဲ ကျေးဇူးတင်ကြောင်း လာပြောတာပါ"

အသက်အရွယ်ချင်းက တူဝရီး သားအမီလို အရွယ် မျိုးပါ။ "ကိုနောင်ရဲ" ခေါ်ပုံက အမျိုးသမီးကြီး၏ သိမ်မွေ့နူးညံ့မှုကို ညွှန်းလေ၏။

"ကျွန်တော် ... ဘာများ ..."

"ကိုနောင်ရဲ လှူတဲ့သွေးကို အန်တီ့သမီးလေးဆီမှာ သွင်းလိုက်ရပါတယ်"

"ဪ ... အဲဒါလား ... ကိစ္စမရှိပါဘူး အန်တီ၊ ကျွန်တော် သွေးတစ်စက်နဲ့ အသက်ကယ်တာပါ၊ ထိုင်ပါဦးလား ခင်ဗျာ"

နောင်ရဲက ခုံတစ်လုံး ယူပေးမည်ဆဲဆဲ ...



"နေပါစေ ... မထိုင်တော့ပါဘူး၊ သမီးဆီ ပြန်သွားရပါဦးမယ်၊ ကျေးဇူးတင်ကြောင်းကို လာပြောတာပါ၊ အန်တီ့ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ခင်ဗျ"

နောင်ရဲ သူ့နံမှာ သူပြန်ထိုင်သည်။ သူငယ်ချင်းအချို့ သွေးလှူ၍ မပြီးသေးသည်မို့ ထိုင်စောင့်နေခြင်းပါ။ အားလုံးလှူပြီးမှ ပြန်ကြမည်။ အပြန်ခရီးကလည်း ဝေးလှသည်တော့ မဟုတ်ပါ။ ဆေးတက္ကသိုလ်(၁) လမ်းမတော်ဆီသို့ ပြန်ရမည်မို့ နီးနီးကလေး ပါ။ အလာတုန်းက သူတို့အဖွဲ့တွေ လမ်းလျှောက်လာကြသလို အပြန်ကျတော့လည်း လမ်းလျှောက်ပြန်ကြရုံပါပဲ။

ကျွန်းမာသန်စွမ်းသည့် ယောက်ျားကလေးတွေမို့ သွေး တစ်ပုလင်းလျှော့လျှော့ ထုတ်လိုက်ရုံဖြင့် မူးခြင်း၊ မော်ခြင်းလည်း ဖြစ်မနေ။ သွေးထုတ်ပြီးခါစ ခုတင်ပေါ် ခဏဆက်လှဲနေပြီးတော့ ခုတင်ပေါ်မှဆင်း၊ ဆေးရုံမှကျွေးသည့် ကြက်ဥကိုစား၊ ဒီလောက် နှင့်ပင် ခါတိုင်းနှင့်မခြား လန်းလန်းဆန်းဆန်းပါပဲ။

"မင်းတော့ ပွတာပဲ ဟေ့ကောင်"

ထိန်လင်း တစ်ကောင် ထုံးစံအတိုင်း ယောင်ဖွာ ယောင်ဖွာနှင့် ရောက်လာသည်။

"တိုးတိုးဟ ... ဒါဆေးရုံ မင်းကြီးတော်တိုက်ခန်း မဟုတ်ဘူး"

ထိန်လင်း ပါးစပ်အပြဲသားနှင့် လျှာထွက်ပြသည်။ ပြီးမှ နောင်ရဲ နားသို့ကပ်ကာ တိုးတိုးပြောသည်။

"တို့ ဆယ်ယောက်အုပ်စုထဲမှာ မင်းတစ်ကောင်ပဲ ဒီသွေး ပေါတယ်ကွာ ... နာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲကွ"

"ငါတို့ သွေးမလှူခင် ဖောက်စစ်ကတည်းက မင်းတစ်ကောင်ပဲ အိုသွေးပါလို့ မင်းကို အရင်ဆုံးဖောက်တာလေ"

"အေးပါ ... အဲဒါနဲ့ ငါက ကြက်ဉ အရင်ဆုံး စားရလို့ပွတာလား"

"ကြက်ဉ မဟုတ်ဘူး ... အကောင်လိုက်မှ မဒန်းလေး"

"နွားပြာကြီး၊ ဒါမျိုးဆို အောက်သွားမရှိဘူး"

"တောက် ... ငါ့အဖေက အိုသွေးနဲ့ မိန်းမကို ဘာဖြစ်လို့ မယူခဲ့ရတာလဲ၊ ငါ့အမေကလည်း အိုသွေးနဲ့ ယောကျ်ားကို ဘာဖြစ်လို့ မယူခဲ့ရတာလဲ"

"ဟာ ... ဒီကောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ အဖေနဲ့ အမေကို အိမ်ထောင်တွေ ထပ်ချမယ် စိတ်ကူးရှိသေးလား၊ ငရဲကြီး ရှစ်ထပ်မှာ ချီးကပ်မယ်"

"ခုမှ အိမ်ထောင်ထပ်ချပေးလည်း အပိုပေါ့ကွ၊ အဖေက ဘီသွေး၊ အမေကလည်း ဘီသွေး၊ ငါ့ခများလည်း ဘီသွေးပြီပေါ့"

"ဘာမို့လို့ ဒီလောက် အသည်းအသန် ဖြစ်နေရတာလဲ"

"အိုသွေး အရေးတကြီး လိုနေတဲ့လူနာ ရှိတယ်ကွ၊ ဘလဒ်ဘင့်ကမှာလည်း အိုသွေး ကုန်နေတယ်၊ သိတယ် မဟုတ်လား၊ အိုသွေးက ဝေသန္တရာသွေး ဆိုတော့ ..."

"ဟော့ကောင် ... မင်းနဲ့ ငါနဲ့ အတန်းတူတူပဲ၊ မင်းသိသလောက် ငါ သိတယ်"

"အေးပါ၊ အိုသွေး အကုန်များလို့ ပြတ်နေတာကို ပြောမလို့ပါ၊ ဒီတော့ မင်းသွေးကို ချက်ချင်းသွင်းတာ မောင်"



"အဲဒါ ဘာဖြစ်လဲ"

"ငါက သွေးမထုတ်ရသေးတော့ အေအက်စ်တွေ ပျာယာခတ်ပြီး ကမန်းကတန်း ယူပြေးတဲ့နောက်ကို လိုက်ပြီး စပ်စုတာပေါ့ကွ၊ မင်းသွေးကိုလေ ... ဟဲ ... ဟဲ"

နောင့်ရဲ့ နားထောင်ချင်မှာ သိချင်မှာ မလွဲဟု ယူဆကာ တော်တော်နှင့် မပြောသေးဘဲ ထိန်လင်း အထာကိုင်ပြနေ၏။

"လုပ်မနေနဲ့၊ သူ့အမေကြီးကိုယ်တိုင် ကျေးဇူးတင်ကြောင်းလာပြောသွားပြီးပြီ"

"ဟာကွာ ... တကယ်လား၊ မဖြစ်နိုင်ဘူး"

"မယုံချင်နေ"

"မယုံဘူး၊ အမေကြီး မဟုတ်ဘူးကွ အမေလေး၊ အမေကိုယ်တိုင်က ငယ်ငယ်ပဲ ရှိသေးတာ၊ မသကာမှ လေးဆယ်က ကျော်ရုံလေးရှိမယ်"

"ဟုတ်ပါတယ်၊ ငါ တွေ့ပြီးပါပြီ၊ ချောကချောနဲ့"

"အေးကွ၊ ဒါဆို[illegible]နေတယ်၊ အမေကိုယ်တိုင်က ကျက်သရေရှိရှိ ချောနေတော့ သူ့သမီး လူနာမလေးဆိုတာများ လှထားလိုက်တာ မပြောပါနဲ့ကွာ၊ စက်စက်ကို ယိုရော"

"သွေးမရှိဘဲ ဖြူဆုတ်မနေဘူးလား"

"အသားကဖော့ ဖြူဆုတ်နေတာပေါ့၊ ဒါပေမဲ့ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ ပါးစပ်ပေါက်"

"နှုတ်ခမ်း ... ပြောစမ်းပါ၊ ပါးစပ်ပေါက်ရယ်လို့၊ ကဗျာမဆန်လိုက်တာ"

"အေး ... မင်းပြောတဲ့ ကဗျာဆန်လေးတွေပါ အကုန်လုံး အရမ်းလှတယ်ကွ၊ မင်း သွေးက ချောချောလှလှလေးဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပြီ၊ ငါ့သွေးကတော့ သိမ်းဆည်းခံထားရရှာလေရဲ့၊ ဘယ်သူ့ဆီ ရောက်မယ် မသိပါဘူးကွာ၊ ဒီနေရာမှာ အိုသွေး မဖြစ်တာ နာတာပဲ"

"မင်းကွာ ... ကိုယ့်ခန္ဓာထဲက သွေးတွေတောင် ဖောက်ထုတ်လှူတဲ့ ဒါနကြီး တစ်ခုလုံး ပြုပြီးမှ ကုသိုလ်မရအောင် ပြောနေရသလား"

"ဟေ ... အဲဒီလိုပြောရင် ကုသိုလ်မရဘူးလား၊ ဘွာတေး"

"ငကြောင်"

"အလကားပါကွာ၊ ပျော်လို့ နောက်တာ၊ မင်းနဲ့ ငါနဲ့ အတန်းတူ၊ မင်းသိသလောက် ငါသိတယ်၊ သွေးလှူတယ်ဆိုတာ စွန့်ခြင်းငါးပါးထဲတောင် ပါတာ၊ စေတနာသန့်ရမယ် ဆိုတာ အပြင်လောကမှာ နှစ်တန်းကလေးလောက်ဆိုရင်တောင် သိတယ်"

"ချေးတောင်"

ရှူ့စကားနှင့် သူ့ပြန်ပြောသည်မို့ ထိန်ဝင်း ဗိုက်ကိုလက်သီးနှင့် ထုမိးထိုးလိုက်၏။

ထိန်လင်းနှင့်ရောရယ်ကာ ကြည်နူးစိတ် ဖြစ်ရပါသေးသည်။

"မင်း ... မဂ္ဂဇင်းတိုင် သွားဖက်တက်ပါလား"

"ဘာလုပ်ဖို့လဲ"

"အလှူရှင်မှန်း သိအောင်"

"တော်ပါပြီ"

"ကောင်မလေး အရမ်းလှတယ်ကွ"

"ငါက မင်းလို အောက်သွားမရှိတဲ့ကောင် မဟုတ်ဘူး"



"အေးပါ ... အောက်သွားအပြည့်အစုံနဲ့ အစွယ်လေးချောင်းကလည်း ချွန်ပါ၊ ဟပ်ပလားဆို ခြေသလုံးမှ ခွေးကိုက်တတ်တဲ့ ကောင်မှန်း သိပါတယ် ခွေးထီးရဲ့"

နောင်ရဲ မနာနိုင်ဘဲ ရယ်နေလိုက်တော့သည်။ သူငယ်ချင်း ယောက်ျားလေးချင်း ဆိုတာက သည်လိုပဲ ပြောချင်ရာ ပေါက်ကရ ပြောတတ်ကျင့် ရှိသည်လေ။

* * *

"လောကမှာ နောင်ရဲလောက် တုံးတာဆိုလို့ တို့အိမ်က ငါးခုတ်တဲ့ ဓားမပဲ ရှိတယ်"

ကျောင်းပြန်ရောက်တော့ သူငယ်ချင်းတွေ ဝိုင်းပြီးဆဲကြ ဆူကြနှင့် ပြောမဆုံးအောင် ရှိလေ၏။ ထိန်လင်းက ပြန်ပြောပြသည်မို့ပါ။ ကျော်ထက်က တက်တခေါက်ခေါက်နှင့် ငေါ့ ညည်းငြူ ခွတ်ခေါ်နေသည်။

"မင်းတို့အိမ်က ငါးခုတ်တဲ့ဓားမက ဘယ်လောက် တုံးလို့လဲ"

"မပြောတတ်ဘူး၊ ငါ့အမေ ခဏခဏ ညည်းတာပဲ၊ ငါးခုတ်ရင် အကွင်းလိုက် မပြတ်ဘဲ အသားတွေ ကြေကုန်တယ်တဲ့၊ ငါ့အဖေကိုလည်း ဓားမသွေးတတ်ရကောင်းလား ဆိုပြီး တစ်နေ့ ဆယ့်ခြောက်ခါလောက် ဆူတယ်"

"ဟ ... သွေးတတ်ချင်မှ သွေးတတ်မှာပေါ့ကွ၊ ယောက်ျားဖြစ်ရတာနဲ့ ဓားသွေးတတ်ရရောလား"

"တတ်ရမယ်တဲ့၊ ဓားသွေးတာ ယောက်ျားအလုပ်တဲ့ကွ၊ ယောကျ်ား ဓားသွေး၊ မိန်းမသနပ်ခါးသွေးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ယော ... တစ်ခါမှ မကြားဖူးပါလား၊ အဲဒီစကားပုံရော တကယ်ရှိလို့လား"

"အမေ ပြောရင်၊ ငါ့အမေကတော့ ငါတို့ဘက်လှည့်ပြီး လက်ခါခါပြတာပဲ၊ မရှိဘူး ထင်ပါရဲ့၊ ငါတို့ ဆယ်တန်း အောင်တဲ့အထိ သင်ခဲ့ရတဲ့ စကားပုံတွေထဲမှာလည်း တစ်ခါမှ မကြားမိဘူး"

ဝါးခနဲ ရယ်ဖြစ်ကြလေသည်။

"တကယ်ပဲ၊ နောင်ရဲ့ဟာ ငါ့အမေ့စားမကြီးထက် ပိုတုံးသေးတယ်"

"ကိုယ့်စေတနာနဲ့ ကိုယ်လှူတာပဲဟာ၊ လူနာလှတာနဲ့ ငါက ဘာဖြစ်ရမှာလဲ"

"ကျေးဇူးတင် သွားခဲ့ယူပေါ့ဟ"

"သူ့အမေကိုယ်တိုင် ကျေးဇူးစကားကို အလေးအနက်လာပြော သွားပြီးပြီပဲဟာ၊ လူနာဆီ လိုက်သွားပြီး ကျေးဇူးလေးတစ်ခါ လောက် ထပ်တင်ပါဦးခင်ဗျာလို့ အဆစ်တောင်းရမှာလားကွ"

"တောင်းသင့်ရင် တောင်းရမယ်၊ တို့ဗမာလူမျိုးက မုန့်ဟင်းခါး စားပြီးရင်တောင် ဟင်းရည်လေး အဆစ်သောက်ရမှ တင်းတိမ်တာ"

"အဲဒါက ငရုတ်သီးစပ်လို့ ဖြစ်မှာပေါ့"

"ဟော့ကောင် ... နောင်ရဲ့"

ခေါ်သံနှင့်အတူ သိန်းဌေး အူယားဖားယား ပြေးလာသည်။

"လက်ပံပွင့်ချိန်လည်း မဟုတ်ဘဲနဲ့ သိန်းဌေးရာ၊ ကော်ရစ် ဒါမှာ လျှောက်ပြေးနေရသလား"



ကျော်ထက်က ခပ်တည်တည် မာန်တော့ သိန်းဌေး တန့်ခနဲ ရပ်သွားသည်။

"လက်ပံပွင့်ချိန်မှာ ဘာဖြစ်လို့"

"ခွေးတွေ ရူးတယ်"

"ခွေးတွေရူးရင် ကော်ရစ်ဒါမှာ လျှောက်ပြေ[illegible]လား၊ ဝိုင်းဖွဲ့ပြီးရော တဟားဟား မရယ်ဘူးလား"

သိန်းဌေး သက်သက် အကြောင်းရိုက်ကာ ပြန်ခွပ်မှန်း ခုမှ သိရသည်မို့ လက်သီးစာ ဝိုင်းကျွေးကြလေသည်။

"တော်ပါပြီ၊ နဂိုက ပုရတဲ့အထဲ၊ လက်သီးတစ်ချက်ကို လက်မဝက်နှုန်းနဲ့ပဲ ပုဦး၊ ငါ့အရပ်ခများ တစ်စင်တီမီတာ တောင် ကျန်မှာမဟုတ်တော့ဘူး"

"အဲဒီလို သိရင်လည်း တန်ရာတန်ရာပြော၊ နာမည်တစ်လုံးနဲ့ ဘဝင်ကိုင်မနေနဲ့"

သိန်းဌေးက မင်းတို့တွေ ဘယ်လောက် ချမ်းသာ ချမ်းသာ မင်းတို့ ချမ်းသာတာ မဟုတ်ဘူး၊ မိဘချမ်းသာတာပဲ၊ ငါ့မှာသာ မွေးကတည်းက ချမ်းသာလာတာ၊ နာမည်ကိုက မောင်သိန်းဌေးတဲ့ ... ဟု ပြောတတ်သူမို့ နာမည်တစ်လုံးနှင့် ဘဝင်ကိုင်နေသူ ဟု ဝိုင်းခေါ်ခြင်း ခံရလေသည်။

"မင်း မနက်က သွေးလှူခဲ့တယ်ဆို"

"လုပ်မနေနဲ့ သိန်းဌေး၊ အစစအရာရာ နောက်ကျ ကျန်နေရင်လည်း နောက်မှပဲ အေးအေးဆေးဆေးနေ၊ ခုမှ ဘယ်က သတင်းရလာတာလဲ"

"မင်း သွေးကို ချက်ချင်းသုံးတယ်ဆို"

သိန်းဌေးက သူ သိချင်တာကိုပဲ စွတ်မေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူနာမလေးကလည်း အရမ်းလှတယ်ဆို"

"ဟာ … ဒီကောင် တဆို … ဆိုနဲ့၊ မင်းကိုယ်မင်း နိုင်ထူး မှတ်နေသလား၊ ဟိုက နိုင်ထူး၊ မင်းက မနိုင်ဘူး"

[illegible]ယ်သူတွေ ဘာပြောပြော သိန်းဌေး ဂရုမစိုက်နိုင် ါ။ နောင်ရဲ့[illegible]ဘာမှပြန်မပြောသဖြင့် ထိန်လင်းက လူတတ်ကြီး ပုဗ်ကာ ပြန်ရှင်းပြနေသည်။

"မင်းကိုယ်တိုင် သွားကြည့်ခဲ့တာလား"

"ဒါပေါ့"

"မင်းသိတဲ့ သတင်းက ဒါအကုန်ပဲလား"

"အကုန်ပဲပေါ့ကွ၊ ဒီကောင်ကမှ မဏ္ဍပ်တိုင် သွားမတက် တာ"

"ဒါဆို မင်း ညှံသေးတယ် ထိန်လင်း၊ ငါမေးတော့ မင်းက တဆိုဆိုနဲ့ ဘာဖြစ်နေတာလဲ ပြောတယ်၊ ငါရလာတဲ့သတင်း က မင်းထက် စုံတယ်"

"တို့အဖွဲ့ထဲမှာ မင်းမှ မပါဘဲ ဘယ်လိုလုပ်ပြီး တို့ထက် ပိုသိနိုင်မလဲ"

"ငါ … ဝင်းထွန်းနဲ့ တွေ့ခဲ့ပြီ"

ဝင်းထွန်းနဲ့ တွေ့ခဲ့ပြီဆိုတော့ သိန်းဌေး သတင်းပိုစုံ တာ ဖြစ်နိုင်သည်။ နောင်ရဲထဲမှထုတ်ပြီး သွေးပုလင်းကို ဆရာဝန်တွေ ယူပြီး အပြေးအလွှား သွားကတည်းက လိုက်စပ်စုဖို့ကိစ္စကို ဝင်းထွန်း အရင်ဆုံး သတိတရ ပြောသည်။ သို့ပေမဲ့ ထိန်လင်းက အရင်ရောက် သွားပါသည်။ ဝင်းထွန်းက သွေးထုတ်ခံယူဆဲမို့ သွားချင်းသွားလျှင် ဝင်းထွန်း နောက်ကျပြီးမှ သွားဖြစ်ပါလိမ့်မည်။

"ဝင်းထွန်းက ဘာတဲ့လဲ"



"ဒီကောင်က ဘာကျောစ်မို့ အေအက်စ်တွေ အရေးတကြီး ဖြစ်နေပါလိမ့်ဆိုပြီး သွားကြည့်တာ"

"ကောင်မလေး လှတာ တွေ့ခဲ့မှာပေါ့"

"ဘယ်ကမ်လဲ … ဝင်းထွန်းပဲကွာ၊ သဒ်အမ်ဘီ ဆိုတော့ ဘက်ဒ်လည်း ဆင်းနေရပြီ မဟုတ်လား၊ လူနာကို ဟာစ်စထေရီ တွေ ဘာတွေ ဝင်မေးတာပေါ့၊ ခုတင်ခြေရင်းမှာ ချိတ်ထား တဲ့ ချာ့တ်တွေ ဘာတွေ ယူဖတ်တာပေါ့"

"တကယ့်ကောင်ပဲ"

"အေးပေါ့ … ဒါကြောင့် မင်းတို့ထက်ပိုပြီး သတင်းစုံတယ် ပြောတာ၊ ကျောစ်က သယ်လဆီးမီးယား"

"ဟေ …"

နောင်ရဲ့ စိတ်ဝင်တစား ဖြစ်သွားရသည်။

လက်ရှိကုထုံးအရ သယ်လက်ဆီးမီးယားသမားတွေ ကို သွေးဖြည့်ပေးခြင်းဖြင့်သာ ကုသနိုင်ပါသည်။ ဒီရောဂါအတွက် ကုသနိုင်မည့် ဆေးဝါးကို သူ့အစ်ကို ဒေါက်တာနောင်ဦး နိုင်ငံခြား သို့ သွား၍ သုတေသန ပြုခဲ့ပါ၏။

သို့ပေမဲ့ … မြန်မာပြည်သို့ ပြန်ရောက်ပြီး တစ်ပတ် မှာပင် ကားတိုက်မှုဖြင့် ကွယ်လွန်ခဲ့သည်မို့ ကြိုးစားခဲ့ရသမျှတွေ သဲထဲရေသွန် ဖြစ်သွားရတော့သည်၊ အဲသည်ရောဂါအတွက် သူပြု ခဲ့သမျှသော သုတေသနလုပ်ငန်းများကို မည်သို့မျှ မဖော်ထုတ် နိုင်သေးသပ်ရသေးပါ။ အစ်ကိုဖြစ်သူ ဒေါက်တာနောင်ဦးကို သတိရ တမ်းတလိုက်မိပါသည်။

ကိုဦးသာရှိလျှင် ဒီလူနာမလေး အသက်ကို ကယ် ဆောင်း ကယ်နိုင်မည် ထင်သည်။ ခုတော့ … ကိုဦး မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုဦး ရေတိမ်မှာ နစ်ခဲ့ရှာ၏။ နမြောတသရပါဘိခြင်း။ ရင်ထဲမှာ ကြေကြေကွဲကွဲဖြစ်ကာ နောင်ရဲ့ မျက်နှာ ညှိုးကျလေ၏။ နောင်ရဲ့ ရင်ထဲမှ ခံစားမှုကို သူငယ်ချင်းတွေက သတိမထားမိကြပါ။

“ဝင်းထွန်း ဆိုတဲ့ကောင်က နာမည်ကို အလွတ်ကျက်လာတယ်လေ”

“ဘာလုပ်ဖို့လဲ၊ မိုင်ဗာကျရင် ထည့်ပြေဖို့တဲ့လား”

သတင်းမစုံနိုင်တော့ပြီဖြစ်သည့် ထိန်လင်းက တမင်ခွတိုက်၍ မေးသည်။ စင်စစ် ... လူငယ်ဘာဝနှင့် ပျော်ကြ နောက်ကြခြင်းသာ ဖြစ်ပါသည်။ ဆရာဝန်တစ်ဦး အနေနှင့် လူနာအပေါ် စောင့်စည်း ထိန်းသိမ်းရမည့် စည်းကမ်းကို သူတို့အားလုံး နားလည်ကြပါသည်။

လူနာသည် မိန်းမသားလည်းဖြစ်၊ ရုပ်ကလေးလည်း လှချင်သလောက်လှ၊ မရိုးမသား စေတနာမျိုးဖြင့် စိတ်နှင့်တောင် မပြစ်မှားကြပါ။ ဆရာဝန်ဟူသည် “သမား”စိတ် မွေးရမည်မှန်း ကောင်းကောင်းကြီး နားလည်ကြပါသည်။ အထူးသဖြင့် သူတို့တစ်စုလုံးက ပျော်တတ် နောက်တတ် ... နေရာတကာ စပ်စပ် စပ်စပ် ပါတတ်တာကလွဲလျှင် အားလုံး ကြိုးစားကြသူချည်းပါ။ ခုချိန်ထိ ချစ်သူရည်းစားတောင် မထားရှိကြသေးသည့်အုပ်စု ဖြစ်ပါ၏။

“အဲဒီနာမည် မင်းတို့သိချင်ရင် တစ်ကျပ်ပေး”

“တစ်ပြားမှ မပေးဘူး”

“သုံးမတ်ရော”

“တစ်ပြားမှ မပေးဘူး၊ မင်း သိပ်ပြောချင်နေရင် နားထောင်ခတို့ကို လက်ဖက်ရည်တိုက်”

“ငါ့နယ် ... တော်တော်လည်း တရားကြပါလား”



သိန်းဌေးက ပြောလည်း ပြောချင်၏။ လက်ဖက်ရည် တိုက်ဖို့ကျတော့လည်း ပိုက်ဆံမရှိ။ ပျော်ချင် နောက်ချင်တာက လည်း ပါသည်မို့ နောင်ရဲ့တို့အုပ်စုထဲမှ သုတ်ခနဲ ထွက်ပြေးသည်။ ပြေးလည်းပြေး ... ပြောလည်းပြော ... နာမည်တစ်ခုကိုတော့ အော်ဖြစ်အောင် အော်သွားလေတော့သည်။

“ယမင်းသက်ဝေ ... တဲ့ဗျို့”

✻ ❉ ✻

ယမင်းသက်ဝေ ... တဲ့။

ပြီးတော့ ... သယ်လက်ဆီးမီးယား ဝေဒနာရှင်။ ကြုံပဲ ကြုံတတ်လွန်းသည်။ နောင်ရဲ့ ရင်ထဲ မခံချိမခံသာ ရှိလှသည်။

ဆရာဝန်ဟူသည် မိမိလူနာကို ချစ်သူ မုန်းသူ စိမ်းသူ ကျွမ်းသူ မရွေး၊ တန်းတူ မေတ္တာပေး၍ ကုသပေးရပါမည်။ မိမိ၏ ရန်သူပင်ဖြစ်စေ မျက်စိအောက်မှာ ဝေဒနာနှင့် ရောက်လာလျှင် နားကြပ်ကောက်ကိုင်ဖို့ပဲ ရှိသည်။ ကိုယ်ရေးကိုယ်တာက သတ်သတ်၊ ဆရာဝန်တစ်ဦး၏ ထားရှိအပ်သော မေတ္တာစေတနာက သတ်သတ်။

တစ်ခုစီ တစ်ကဏ္ဍစီ။

ဆရာဝန် မဖြစ်သေးပေမဲ့ ဆရာဝန်လောင်း ဟူသည် မှာလည်း ဆရာဝန်စိတ်ပင် မွေးရပါမည်။

မိမိသွေးကို ပေးလှူလိုက်ရသည့်အတွက်တော့ နောင်တ မရပါ။ စေတနာလည်း တွန့်ဆုတ်မသွားပါ။ သို့ပေမဲ့ ... မိမိသွေး ... [illegible]ကိုယ်ထဲကိုမှ တိုက်ဆိုင်စွာ ရောက်သွားရသည့် အဖြစ်ကို [illegible]မရ [illegible]လှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



ယမင်းသက်ဝေနှင့် ပတ်သက်လာလျှင် မိမိတို့ ညီအစ်ကိုနှစ်ယောက်လုံး ဘယ်ဘဝက ဝဋ်ကြွေးမကင်းခဲ့သည်မသိ။ သူ့အတွက် ပေးဆက်လိုက်ရသည့် နစ်နာမှုတွေက များလွန်းပြီ။ နောင်ရဲသည် စိတ်စေတနာ ဆိုးရွားသူ မဟုတ်ပေမဲ့ ... ယမင်းသက်ဝေဆိုသည့် မိန်းမသားတစ်ယောက်အပေါ်မှာတော့ ဒီတစ်သက် ဘယ်လိုကျေနိုင်ပါ့မလဲ။

တစ်သက်လုံး မုန်းသူ။

ယမင်းသက်ဝေကို သည်သို့ သတ်မှတ်ထားခဲ့သည်။ သူ့ကို ဘယ်လောက် စိတ်နာရပါသလဲဆိုလျှင် နာမည်ကိုတောင် မတော်တဆ ကြားဖူးရလျက် သူ့ရုပ် သူ့ရည်ကို တစ်ခါမျှ မြင်ဖူးအောင် ကြည့်မထားခဲ့ပါ။ သူ ... ဘယ်လောက်လှသည်ဟု ဘယ်သူတွေ ဘယ်လောက်ပဲပြောပြော၊ မြင်ဖူးရုံလေးတောင် ကြည့်ချင်စိတ်မရှိ။

အဲသည်လောက်ထိ စိတ်နာသည်။

"မင်းမုန်းသာသိရင် ငါ့သွေး မပေးပါဘူး"ဆိုသည့် အတွေးကို ဆရာဝန်လောင်းတစ်ဦးအနေနှင့် ဘယ်မှာတွေးရဲပါ့မလဲ၊ ပေးလည်း ပေးလှူခဲ့ပြီးပြီလေ။

"ကမ္ဘာမြေကြီးဟာ ဒီလောက်ပဲ ကျဉ်းရသလား၊ မင်းစက်ကွင်းက လွတ်ပဲမလွတ်နိုင်ပါလား"

စာတောင် ကျက်လို့မရ။

ရင်ထဲမှာ မကျေမချမ်း ဖြစ်ရပါဘိခြင်း။ ကွယ်လွန်သူ အစ်ကို ဒေါက်တာနောင်ဦးကို မျက်စိထဲ တရစ်ဝဲဝဲ မြင်သည်။

"မင်း ... ငါ့ကို ဘယ်ထိအောင်လိုက်ပြီး နှိပ်စက်နေဦးမှာလဲ ယမင်းသက်ဝေ"



လောလောဆယ်မှာပင် စာကျက်မရအောင် ရင်ထဲဆောက်တည်ရာမရ ဖြစ်နေရပါပြီ။ ဒီမိန်းမနှင့် ပတ်သက်ပါလေတိုင်း အရှုံးတွေချည်း ဆက်တိုက်ကြုံရသည်။ ဖြစ်နိုင်လျှင်တော့ အဲသည်မိန်းမ မဟုတ်ပါစေနဲ့၊ နာမည်တူပဲ ဖြစ်ပါစေ ... ဟု ဆုတောင်းလိုက်ချင်မိပါတော့သည်။

"ယမင်းသက်ဝေကို ကျွန်တော့်ကိုယ်ထဲက သွေးတွေ ဖောက်ထုတ်လှူခဲ့ပြီးပါပြီ၊ စေတနာရှင် သူတော်ကောင်းကြီး အစ်ကို ဒေါက်တာနောင်ဦး ရောက်ရာဘဝက သာဓုခေါ်ပါတော့"

✻ ❋ ✻

ဆေးရုံပေါ်မှာ ...

လှူနာတစ်ဦး လိုအပ်လို့ သွေးသွင်းပြီဆိုလျှင် ရောက်လာသည့် သွေးပုလင်းတွင် သွေးလှူရှင် အမည်ကို ရေးကပ်ထားလျက်သား တွေ့ရတတ်ပါသည်။

ယမင်းသက်ဝေ ကိစ္စက အရေးပေါ်မို့ သွေးပုလင်းမှာ သွေးလှူရှင်အမည် ပါမလာပါ။ သွေးထုတ်ပြီးပြီးချင်း တန်းယူလာသည်မို့ စာရွက်စာတန်းကပ်ဖို့ အချိန်မရပါ။

တာဝန်ကျဆရာဝန်က သွေးပုလင်းကို ခုတင်ဘေးမှာ ဓာင်ကလေးထောင်၍ ဆွဲချိတ်၏။

"ထုတ်ပြီးပြီးချင်း သွေးကို သွင်းလေ့တော့ မရှိဘူးခင်ဗျ။ ကျွန်တော်တို့ လေးဆယ့်ရှစ်နာရီလောက် ထားပြီးမှ သွင်းတာပဲ။ ခုတော့ ဘလဒ်ဘင့်က်မှာ အိုသွေးကုန်နေတုန်း သွေးလှူရှင် ရောက်လာတာနဲ့ အံတော်ပဲ ဖြစ်သွားရတယ်"

www.burmeseclassic.com



ရှင်းပြဖို့ လိုသည်တော့ မဟုတ်ပါ။ သို့ပေမဲ့ … ဆရာဝန်က နှုတ်ပိတ်ရေငုံ အဖြစ်မျိုးနှင့် ခပ်သုတ်သုတ် ဆောင်ရွက်နေသည်ဆိုလျှင် ရောဂါအခြေအနေက ဘယ်လောက်ဆိုးလို့ ဒီလောက် အရေးတကြီး ဖြစ်နေသလဲ … ဆိုတာမျိုးနှင့် လူနာရှင်တွေ တွေးကြောက်တတ်ကြသည်။ ဆရာဝန်ဟူသည် … လူနာကို တတ်ကျွမ်းသည့်ဆေးပညာ၊ ဆေးဝါးတို့နှင့်လည်း ကုရသည်။ စိတ်နှင့်လည်း ကုရသည် မဟုတ်လား။

လူနာ စိတ်သက်သာစေဖို့ မျက်နှာချိုချိုထားကာ စကားစမြည်ပြောခြင်းသည်လည်း အစွမ်းထက်သည့် ကုထုံးတစ်မျိုး ဖြစ်ပါသည်။

"ကျွန်တော်က ရန်ကုန်ကို ပြီးခဲ့တဲ့လကမှ ပြန်ရောက်လာလို့ မသိလိုက်ဘူး၊ အန်တီတို့များ ကြားလိုက်မိမလား မဆိုနိုင်ဘူး၊ လွန်ခဲ့တဲ့ ဆယ်လလောက်က ဒေါက်တာနောင်ဦး အက်ဆီးဒင့်ဖြစ်တာ"

"ရှင် …"

ဒေါ်ခင်လေးမြင့် မျက်ဝန်းတွေ ပင့်တက်ကာ၊ ယမင်းသက်ဆေထံမှ အာမေဋိတ်လေးတစ်ခု တိုးတိုးတိမ်တိမ် ထွက်ကျသည်။

"တကယ့်ပုဂ္ဂိုလ်ကြီးပဲ၊ သူ့အကြောင်းက ဆေးရုံပေါင်းစုံမှာ သတင်းပျံ့တာလေ၊ အခုသွင်းမဲ့ဟာ သူ့ညီရဲ့ သွေးပေါ့ ကိုနောင်ရဲ … တဲ့၊ သူလည်း ဆေးတက္ကသိုလ်ကျောင်းသားပဲ"

"အို …"

တိုက်ဆိုင်တတ်ပလေ။ ဒေါ်ခင်လေးမြင့်တို့ တိုးတိတ်စွာ မြည်ကြွေးသံကို ဆရာဝန် မကြားပါ။ ဒေါ်ခင်လေးမြင့်က ယမင်းကို လှမ်းကြည့်သည်။ ယမင်းက ဒေါ်ခင်လေးမြင့်ကို လှမ်း



ကြည့်သည်။ အပြန်အလှန် ဖလှယ်ကြသည့် မျက်ဝန်းအကြည့်တွေ လမ်းခုလတ်မှာ ဆုံသည်။ ကိုယ့်အကြည့်တွေ ကိုယ်ပြန်သိမ်းချိန်မှာ တစ်ဦးထံမှ စကားတွေ တစ်ဦးဆီသို့ ပြန်သယ်သွားကြလေ၏။

ပြီးတော့ နှစ်ယောက်လုံး မျက်လွှာချကြသည်။ ပင့်သက်မှျင်းမှျင်းသည် ပြိုင်တူကျလေ၏။

"သူက သိပ်ပြီး ကျန်းမာရေးကောင်းတဲ့လူ ဆိုတော့ စိတ်ချလက်ချသာသွင်း၊ ဒီသွေးတစ်ပုလင်း ကုန်တာနဲ့ နှုတ်ခမ်းတွေ ရဲတက်လာမယ်၊ မောတာတွေ အသက်ရှူကျပ်တာတွေ ပျောက်သွားမယ်၊ တစ်ခါတည်း အားတွေပြည့်လာမယ်"

ဆရာဝန်က ပြုံး၍ပြော၏။

ယမင်း မျက်နှာလေး တစိမ့်စိမ့် ပြုံးလာသည်။ ယမင်း ပြုံးတော့ ဒေါ်ခင်လေးမြင့်ပါ လိုက်ပြုံးဖြစ်၏။ ကြည်နူးပီတိသည် ယမင်း တစ်ကိုယ်လုံးကို လွှမ်းခြုံသည်။ ရင်ထဲ သိမ့်ခနဲနွေး၏။ ကြက်သီးများပင် စိမ့်ခနဲ ဖြာ၏။ ရင်ညွှန့်ဆီမှာ စူးစူးကျင်ကျင်လို ဝေဒနာမျိုး ခံစားရတာကလည်း ရောဂါကြောင့်တော့ ဖြစ်မည်မထင်ပါ။ ရှက်သွေးဖြင့် ထူထူပူပူ ဖြစ်ရသည့် မျက်နှာပြင် ခံစားမှုနှင့် တစ်ဆက်တည်း ဖြစ်ပါလိမ့်မည်။

"ဆရာ ပြောရုံနဲ့ သမီး မျက်နှာလေးတောင် ရဲလာပါပြီ ဆရာ၊ သွေးတစ်စက်တောင် မသွင်းရသေးဘူး"

ဒေါ်ခင်လေးမြင့်က ပီတိစကားကို ဆို၏။ ဆရာဝန်က ချိုချိုမြိန်မြိန် ပြုံးသည်။

"ရောဂါရယ်လို့ ဖြစ်လာရင် မကြာခင် ပျောက်မှာပဲလို့သာ ယုံလိုက်၊ ဘာရည်မခံစားရဘူးခင်ဗျ၊ လူနာမှာ စိတ်ဓာတ် အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမောတောင် တော်တော်လျော့သွားပါပြီ ဆရာ"

ယမင်း ရှုံကြည်စွာပြုံးလျက် တိုးတိုးညက်ညက် ဝင်ပြောသည်။ ဒီလောက်ပဲ ပြောခွင့်ရလို့သာပါလေ။ ဒီထက်မကများ ပြောခွင့်ရှိလို့ ပြောပြရမယ်ဆိုရင် ...

"ကိုရဲ့ သွေးသာဆိုရင် သွင်းဖို့တောင် မလိုပါဘူး ဆရာ၊ သူ့သွေးထည့်ထားတဲ့ ပုလင်းကို ပိုင်ပိုင်ဆုပ်ပြီး ရင်ခွင်မှာ အပ်ထားခွင့် ရရင်ပဲ ရောဂါတွေ အကုန်ပျောက်ပါပြီ"လို့။

လက်မောင်း အရေပြားကို အပ်ဖောက်ဝင်သွားတာတောင် ယမင်း မသိလိုက်ပါ။ စောစောပိုင်းက ဖြူဖြူကြည်ကြည် ဖြစ်နေသည့် ပိုက်လုံးကလေး နီနီညိုညို အရောင်ပြောင်းနေမှာပဲ ...

"ဩော် ... သူ့သွေးတွေ ငါ့နှလုံးသားထဲ စီးဝင်သွားပါပကော"ဟု ပီတိရွှန်းစွာ သိလိုက်ရတော့သည်။ ပုလင်းမှတစ်ဆင့် ပိုက်ထဲသို့ မစီးခင် တစ်စက်ချင်း တစ်ပေါက်ချင်း ကျနေသည့်နေရာသို့ ယမင်း မော့ကြည့်သည်။ တစ်စက်ကျတိုင်း ကိုရဲ့သွေး။ နောက်တစ်စက်ကျတော့ ကိုရဲ့သွေး။ တစ်စက်တိုင်း တစ်ပေါက်တိုင်းမှာ ရင်နှင့်အမျှ ချမ်းမြေ့ကြည်နူးခြင်းတို့ကို စာမဖွဲ့နိုင်ပါ။

ပျော်တာထက်လည်း မက၊ ဝမ်းသာတာလည်း ပိုသည်။ ပျော်တာ ဝမ်းသာတာ နှစ်လိုအားရ ဖြစ်တာတွေ ပေါင်းစပ်ဖွဲ့စည်းထားသည့် ခွန်အားတစ်မျိုးဖြင့် ယမင်း တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သည်။

ဖြာတက်လာသည့် ကြက်သီးမွေးညင်းကလေးများက အချစ်ဖြင့် ထုံမွှမ်းထားသည်။ ကိုယ့်ချစ်သူ၊ ရင်နှင့်အမျှ ချစ်ရလွန်းသူ နှလုံးသည်းအူ၏ သွေးစက်သွေးပေါက်တွေ မိမိနှလုံးသားထဲ စီးဝင်ရောက်ရှိလာတာကို ...



ဘယ်သူ ပီတိမဖြစ်ဘဲ နေနိုင်ပါ့မလဲနော်။

"နောက်ကို ဘယ်တော့မှလဲ သွေးအားနည်းမယ် မထင်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုရဲ့ရဲ့သွေးကို ယမင်းရဲ့နှလုံးသားထဲမှာ ထာဝရသိမ်းထားမှာမို့ပါ ...

"ထာဝရ တည်ရှိ ကိန်းဝပ်နေမည့် သွေးစက် သွေးပေါက်တွေကို ယမင်းနှလုံးသားနဲ့အပြည့် လျှံတက်နေတဲ့ အချစ်တွေနဲ့ ထုံမွှမ်းထားမှာမို့ပါ ...

"သွေးပုလင်းထဲက သွေးစက် သွေးဥလေးတွေရေ မင်းတို့သခင် ကိုရဲကို တို့က သိပ်ချစ်လို့ မင်းတို့ကိုလည်း ချစ်တယ်၊ သိပ်ကို ချစ်ပါတယ်"

သွေးပုလင်းလေးကို မော့ကြည့်ရင်း ရင်ထဲရှိသမျှ ပြောချင်ရာ ပြောချလိုက်ရသည်ကကိုပဲ ရောဂါဟူသမျှ ကင်းစင်သွားသလို ပေါ့ပါးစွာ ခံစားလိုက်ရပါသည်။

ဒါတောင် ဘယ်သူမှ မသိအောင် အသံမထွက်ဘဲ ပြောရလို့သာပါ။ လူတကာသိအောင် ကာယကံရှင် ကိုနောင်ရဲ သိအောင်များ အော်ပြောခွင့် ကြုံလိုက်မည်ဆိုလျှင် ...

ယမင်းသက်ဝေ ဆိုတဲ့ မိန်းမသားဟာ တစ်ကမ္ဘာလုံးမှာ ကျန်းမာရေး အကောင်းဆုံးလူသား ဖြစ်လာမှာပါလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အမုန်းပင်စည်

"ဟာ ... ကျော်ဇေ၊ လာ ... မင်းနဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ"

နောင်ရဲနှင့် ကျော်ဇေတို့က အစတုန်းကဆို အတန်းတူ၊ စာတော်ကြတာချင်းလည်းတူတူ၊ ကြိုးစားတာချင်းလည်းတူတူ ဒေါက်တာနောင်ဦး နိုင်ငံခြားသွားတော့ အိမ်တစ်လုံးနှင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် နောင်ရဲဆီမှာ ကျော်ဇေ စာလာလာကျက်ခဲ့သည်။

ခုတော့ နှစ်တန်းကွာသွားရပြီ။

အတန်းချင်း ကွာသွားပေမဲ့ ငယ်သူငယ်ချင်းမို့ အခင်မင်မပျက်ပါ။ တစ်ယောက်အိမ် တစ်ယောက် ဝင်ထွက်မြဲ။

"ငါ့ထမင်းချိုင့်လည်း ရောက်နေပြီ၊ ချိုင့်ထမင်း စားဖူးတယ်ရှိအောင် စားသွားဦး ကိုယ့်လူ"

ကျော်ဇေက ကြိမ်ကုလားထိုင် တစ်လုံးပေါ်မှာ ဝင်ထိုင်သည်။ ကျော်ဇေက နောင်ရဲလို နွမ်းပါးသူ မဟုတ်ပါ။ မိဘချမ်းသာရုံမျှမက အစ်မတွေကြားထဲမှ မောင်အငယ်ဆုံးမို့ အလိုလိုက်



ခံရသူလည်း ဖြစ်သည်။ ငယ်တုန်းကဆို ကျော်ဇေသည် အစ်မတွေကြားမှာ ကြီးပြင်းခဲ့ရသူမို့ စာတစ်ခုတည်း စွတ်တော်လျက် အဘက်ဘက်မှ ပျော့ညံ့နေသည့် လူကြောက်ကလေးလိုတောင် ဖြစ်ခဲ့ရသည်။

ခုတော့ ဟိုတုန်းကလို မဟုတ်တော့ပါ။ ပြောကြကြေး ဆိုလျှင် ကျော်ဇေ ဆိုသည့် လူရိုးလူအေး တစ်ယောက်ကို ပြုပြင်ပြောင်းလဲပစ်လိုက်သူမှာ ယမင်းသက်ဝေ ဆိုသည့် မိန်းမသားပင် ဖြစ်ပါ၏။

"စားတော့မလား ... ကျော်ဇေ"

"စားတာပေါ့"

ဆီဥထောပတ်တွေချည်း အလျှံပယ်စားနေရသည်မို့ နွမ်းပါးသူ၏ ချိုင့်ဆွဲထမင်းတစ်နပ်ကို ငြင်းပယ်လေသလား အထင်ခံရမှာ အားနာ၏။ ကျော်ဇေ ကိုယ်တိုင်ပင် ချိုင့်ဆင့်တွေ ဖွင့်လေ၏။

"ရော့ ... ဇွန်းနဲ့ ခပ်စား၊ လက်မဆေးနဲ့တော့၊ ငါတော့ ချိုင့်ဆေးရမဲ့တူတူ လက်နဲ့ပဲစားမယ်"

"ငါ ဆေးမှာပေါ့ကွ"

"ရပါတယ်၊ မင်းလား ချိုင့်ဆေးလို့ပြောင်မှာ၊ ဟင်းတွေကျန်ချင်ကျန်၊ ဆပ်ပြာတုံး ကပ်ချပ်ကပ်နဲ့ ကောင်ကများ"

ကျော်ဇေ ဟဲခနဲရယ်၏။

ဟိုတစ်ခါ ဒီလိုပဲ နောင်ရဲ အိမ်မှာ ထမင်းစားဖူးခဲ့၏။ ကျော်ဇေက အားနာပါးနာ ရှိလှသည်မို့ ချိုင့်ကို အတင်းလုဆေးသည်။

"ကျော်ဇေ ... မင်း သန့်သန့်ရှင်းရှင်း ရှိတယ်ဆိုတာ သက်သေမပြလဲ ငါသိပါတယ်ကွ၊ ဒီလောက် အတုံးလိုက်အတစ်လိုက်ကြီး ပြစရာမလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ယော ... ငါ ဘာလုပ်လို့လဲ"

"ဒီမှာလေ"

နောင်ရဲက ချိုင့်တစ်အံကို ထောင်ပြသည်။

"မင်းက အသန့်ကြိုက်လို့ ဆပ်ပြာနဲ့ တိုက်ဆေးကြောင်း ဝန်ခံသက်သေကြီး"

ချိုင့်နှုတ်ခမ်းသားမှာ နည်းနည်းနောနော ဆပ်ပြာခဲကြီး မဟုတ်ပါ။ ကျော်ဇေ သဘောကျစွာ ရယ်သည်။

"သြော် ... ကျော်ဇေရယ်၊ ချိုင့်ဖင်မှာ ဟင်းအဆီလေး တစ်စက်ဟာ ညစာမလောက်ပါဘူးကွ"

နောက်တစ်ချိုင့်ကျတော့ ဟင်းဆီတွေမပြောင်၊ အဲ့သည်လို ကျော်ဇေပါ။ သည်တော့ ... နောင်ရဲ ပြောသလို ဖွန်းနှင့်ခပ်စားတာပဲအေးသည်။ ချိုင့်ဆွဲထမင်းက ညံ့လေ့မရှိလို့သာ တော်တော့သည်။

"ဒီနေ့ ... မင်း ဘယ်မှသွားဘူးလား"

စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်ဆို နောင်ရဲ အိမ်မလည်တတ်မှန်းသိပေမဲ့ ... ကျော်ဇေ စကားမရှိ စကားရှာ မေးသည်။

"ဘယ်တုန်းက ဘယ်သွားဖူးလို့လဲ"

"မနေ့က မင်း သွေးတွေ ယမင်းသက်ဝေကို လှူခဲ့တယ်ဆို"

နောင်ရဲ အော်ရယ်၏။

"ဘာရယ်တာလဲ"

"မင်းက မေးချင်တဲ့ မေးခွန်းတစ်ခုအတွက် စကားစတာ မဆီမဆိုင်ကြီးမို့"

ကျော်ဇေ ရှက်ရယ် ရယ်၏။ စကားပြောရာတွင် ကျော်ဇေ မကျွမ်းပါ။ သို့ပေမဲ့ ... တစ်ချိန်တုန်းကတော့ စကားတွေ အများကြီး ပြောခဲ့ဖူးပါသည်။ ပြောဖြစ်သည့် စကားတွေကို မျိုးတူစုခွဲရလျှင် အုပ်စုနှစ်စုရမည်။ တစ်စုက ချစ်စကားတွေ၊ တစ်စုက မုန်းစကားတွေ။ ယမင်းသက်ဝေ ဆိုသည့် အမျိုးသမီးကို ကျော်ဇေ ချစ်စကားတွေလည်း တစ်ထွေးကြီး ပြောဖူးသည်။ မုန်းစကားတွေလည်း တစ်ဝကြီး ပြောဖူးခဲ့ပါသည်။



"သူ့ကို လှူတာမဟုတ်ပါဘူးကွာ၊ သွေးလှူဖို့ သတ်သတ်သွားတာပါ၊ သူ့ကိုယ်ထဲ တန်းတန်းမတ်မတ် ရောက်သွားတာတော့ ငါလည်း မတတ်နိုင်ဘူး၊ ကြိုက်တော့ မကြိုက်ဘူးပေါ့၊ ဒါပေမဲ့ ... စေတနာပြတ်ပြီးသား ကိစ္စမှာ ပြန်နှမြောနေလို့လည်း မဖြစ်ဘူး၊ ဆရာဝန် မဖြစ်သေးပေမဲ့ ... ဆရာဝန်စိတ်မွေးရမယ်၊ ချစ်သူ မုန်းသူ ခွဲနေလို့ ဘယ်ရမလဲ"

"အေးကွာ ... မင်းဟာ မင်းအစ်ကိုလိုပဲ စိတ်ကောင်းရှိတယ်၊ ငါဆိုရင်တောင် နှမြောမိမလား မသိဘူး"

နောင်ရဲ ပခုံးတွန့်ပြသည်။ ဘဲဥတစ်ခြမ်းကို ကျော်ဇေ့ ချိုင့်ထဲ ခပ်ထည့်ပေး၏။

"မင်းက ခံခဲ့ရတဲ့ ကောင်ကိုကွ"

"ဩ ... မင်းကရော မခံရလို့လား"

"မတူဘူး သူငယ်ချင်း ... မင်းက သိပ်ချစ်ခဲ့ဖူးတာ၊ သိပ်ချစ်ခဲ့ပြီးမှ အထင်သေး မုန်းတီးသွားတာ၊ ငါက တစ်သက်လုံးက မုန်းနေတာပဲ၊ တစ်ခါမှ မချစ်ဖူးသေးတာ၊ ဘယ်တူမလဲ၊ မင်းက ပိုခံစားရမယ်"

ကျော်ဇေ ... သက်ပြင်းမောကို ကျိတ်ချသည်။ ယမင်းသက်ဝေကို သူ တစ်ခါမှ မချစ်ခဲ့ဖူးဘူးဆိုပဲ၊ စကားပုံရိုင်းရိုင်းမိုင်းရလျှင် မြင်းစီးလို့တောင် အထီးမှန်း အစ်မမှန်း မသိတဲ့ကောင်၊ ကိုယ့်ချစ်သူ ဘယ်သူဆိုတာမှ ဒီကောင်မသိ၊ ခက်တဲ့နွား။

www.burmeseclassic.com



ရှိပါစေတော့လေ၊ အဲသည်တုန်းက နောင်ရဲမှာ မြင်နိုင်တဲ့ စွမ်းအားမှ မရှိတာ၊ နောင်ရဲ မျက်စိကွယ်နေခဲ့တာ။ ယမင်းသက်ဝေကို နောင်ရဲ မျက်စိကွယ်ချိန်မှာ အမြင်အာရုံ မပါဘဲ ချစ်သူဖြစ်ခဲ့ရတာ နောင်ရဲ မသိရှာ။ မျက်စိမြင်နေရသည့် တစ်ချိန်လုံးမှာတော့ ယမင်းသက်ဝေဟာ နောင်ရဲ မုန်းသူပါပဲ။ သို့ပေမဲ့ ... နောင်ရဲသည် ယမင်းသက်ဝေ ဆိုသည့် ကဝေမကို တစ်ခါမျှ မမြင်ဘူးခဲ့တာတော့ မှန်၏။

ခုနေ ... လမ်းမပေါ် မျက်နှာချင်းဆုံလျှင်တောင် ယမင်းသက်ဝေမှန်း နောင်ရဲ သိမည်မဟုတ်ချေ။

“မင်း ... သွားကြည့်သေးလား နောင်ရဲ”

“ဘာဆိုင်လို့ သွားကြည့်ရမှာလဲ၊ အဲဒီမိန်းမကို ငါ မမြင်ဖူးချင်ဘူး၊ မမြင်ဘူးဘဲ မုန်းနေရတာ ကောင်းတယ်၊ လူသတ်ချင်စိတ် ပေါက်ရင်တောင် ဘယ်သူ့သတ်ရမှန်း မသိတော့ ဒေါသကို ထိန်းပြီးသား ဖြစ်တယ်”

“သူ့အမေက ကျေးဇူးတင်ကြောင်း လာပြောတယ်ဆို”

“အေး ... မင်းပြောတဲ့ သူ့မိထွေးဆိုတာ နေမှာပေါ့”

“မင်းမှန်း သိသွားလား”

“ငါက နောင်ရဲလို့ ပြောလိုက်တာပဲ၊ သိချင် သိနိုင်တယ်၊ ပထမတော့ ငါ့ကို ဆရာ ... လို့ ခေါ်ပြီး ကျေးဇူးတင်စကား ပြောတာ၊ ဆရာဝန် မှတ်နေပုံရတယ်”

ကျော်ဇေ ... စားလက်စ ဇွန်းကို လွှတ်ချသည်။

“အဲဒီအမျိုးသမီးကြီးလည်း နယ်နယ်ရရ မမှတ်နဲ့၊ ယမင်းသက်ဝေ မိထွေးပဲဟာ”



“ဟ ... ဟုတ်ကောင်း၊ ငါ မှတ်မိပြီ၊ သူ ငါ့ကို ဆရာလို့ လာခေါ်ချိန်မှာ သူ့မျက်ဝန်းတွေ တစ်မျိုးဖြစ်နေပါတယ်လို့တော့ ထင်သား၊ တရင်းတနှီးပဲ ရှိသလိုလို၊ စကားသံတွေပဲ ထွက်ကျလာတော့မလိုလို ...

“ငါကတော့ ဒီအမျိုးသမီးကြီး အရွယ်နဲ့မလိုက် မျက်ဝန်းတွေ လှလိုက်တာလို့ ထင်တာကွ ... ဟုတ်မယ်၊ ဟုတ်မယ်၊ ငါမှန်းသိလျက်နဲ့၊ ဆရာဝန် မဟုတ်သေးမှန်း သိလျက်နဲ့ ကျေးဇူးတင်စကား ပြောချင်တာနဲ့ မသိချင်ယောင်ဆောင်တာ ဖြစ်မယ် ...

“မင်း ပြောသလိုပဲ၊ ယမင်းသက်ဝေ မိထွေးမို့လား မသိဘူး၊ သရုပ်ဆောင်သွားလိုက်တာ ညက်လို့ ... မောင်”

“အဲဒီမျက်နှာကို မင်း မှတ်မိလိုက်သလား”

“တစ်ခါမြင်ရုံနဲ့ မှတ်မိနေလောက်အောင် ရှားရှားပါးပါး ကျက်သရေရှိတဲ့ မျက်နှာမျိုးပဲ၊ မှတ်မိတာပေါ့၊ ဒီအမျိုးသမီးကြီးကတော့ ဆိုးမယ် မထင်ပါဘူး၊ ယမင်းသက်ဝေရဲ့ မိထွေး ဘဝမှာ ဒုက္ခတွေ လည်စင်းခံနေရမဲ့ပုံပါ”

“ဟုတ်တယ် ... ငါလည်း အဲဒီအဘွားကြီးတော့ လေးစားတယ်၊ ဒါပေမဲ့ သူကလည်း သူ့သမီးအတွက် အသက်ရှင်ပေးနေသလို ... ဒီသမီးဘက်က လုံးလုံးရစ်တဲ့ မိန်းမကြီးကွ”

“ဝဋ်ကြီးမယ်”

“ဟိုကောင်မလေးက သယ်လက်ဆီးမီးယားတဲ့၊ သိပြီးပလား”

“အေး ... ကိုဦးသာရှိရင် သူ့အသက်ကို အများကြီးရှည်အောင် ဆွဲဆန့်ထားနိုင်မှာပဲ၊ ခုဂါည်း ... သူ ကံကောင်းရင်ကောင်း

www.burmeseclassic.com



မှာပါလေ။ ကိုဦး လေ့လာခဲ့တဲ့ စာရွက်စာတမ်းတွေ၊ ဆေးဝါး အနီသင်တွေကို ဒီမှာရှိတဲ့ ဆရာဝန်ကြီးတွေ ဖတ်ကြည့်၊ လေ့လာ၊ သုတေသနတွေ လုပ်နေပြီကွ ...

"ကိုဦး ဆိုရင်တော့ ကိုယ်တိုင် သင်ကြားလာခဲ့ရတော့ မြန်မာပေါ့လေ၊ ကိုဦးက ဘာမှပြန်မရှင်းနိုင်ခဲ့ဘဲ ဆုံးသွားတော့ စာဖတ်ပြီး သုတေသနပြုရတဲ့ သူတွေက ကြာနိုင်တယ် ...

"ဘာပဲဖြစ်ဖြစ် အောင်မြင်မှာပါ၊ ဒီက ဆရာဝန်တွေလည်း တော်တာပဲဟာ၊ ဂြိုဟ်ဆိုးမလေးကတော့ ကံကောင်းနေမှာပဲ၊ ဒီအတွက် ငါ မနာလို မရှိပါဘူး ...

"ငါဟာ ဆရာဝန်လောင်း တစ်ယောက်ပဲ၊ ဆရာဝန်စိတ် မွေးရမယ်၊ သူ့ကုသိုလ်နဲ့သူ၊ ငါ မုန်းတာက မုန်းတာ သတ်သတ်ပဲ"

ကိုဦး အကြောင်းကို ပြောမိတော့ နောင်ရဲ့ မျက်နှာ ဆွေးကျသွားရသည်။ ကျော်ဇေ့ကို ပြောနေခြင်းထက် သူ့ကိုယ်သူ တရားချနေပုံ ရလေသည်။

"မင်းလည်း ကိုဦးလိုပဲနော်၊ စိတ်ကောင်း တော်တော်ရှိတယ်"

"ခထင်နဲ့ ... ယမင်းသက်ဝေ ဘယ်သူဆိုတာ သိတဲ့တစ်နေ့မှာ လည်ပင်းညှစ်ဖို့ ဝန်မလေးတဲ့ စိတ်တွေ ခုထိရှိတုန်း၊ ဒါကြောင့် သူ့ကို ငါ မြင်ဖူးမထားချင်တာ၊ ဟော့ကောင် တော်ဝလား ... စားဦးလေ"

"တော်ပြီကွ ... ငါ ဝပြီ"

"ဟင်းချက် ညံ့လို့လား"

"မဟုတ်ပါဘူး၊ ငါ လက်ဖက်ရည်တွေ သောက်လာလို့"



နောင်ရဲ့ တစ်ယောက်တည်း မြိန်ရည်ရှက်ရေ ဆက်စားသည်။ ကျော်ဇေ ကြည့်ရင်းက စားထားမိသည့် ထမင်းလုတ်တွေ လည်ချောင်းဝမှာ နင်နေရသည်။ အစာအိမ်ထဲသို့ မျိုချလို့ မကျနိုင်အောင် ရှိချေ၏။ မစားပြန်ရင်လည်း နောင်ရဲ့ စိတ်ကောင်းမှာ မဟုတ်ချေ။ စားမိပြန်တော့ လည်ချောင်းဝမှာ နင်နေသည်။

ယမင်းသက်ဝေနှင့် ပတ်သက်သမျှ မကြေညက်ရတာတွေ အများကြီးပါပဲလေ။

"မင်း ... ဂျက်စမင့် သထင်း ဘာကြားသေးလဲ"

သည်အကြောင်းပြောမှ နောင်ရဲ့ မျက်နှာ ဖတ်ခနဲ နွမ်းသည်။ ကြေကွဲဆွေးမြည့်ဟန် ချက်ချင်းထင်၏။ စားလက်စ ထမင်းလုတ်ပင် ဆက်မဝါးဖြစ်ဘဲ တန့်သွားရသည်မို့ မေးမိပြီးမှ ကျော်ဇေ နောင်တရမိတော့သည်။

"ငါ ... နားမစွင့်ဘူး သူငယ်ချင်း၊ ဂျက်စမင့်ကို ငါ့ရင်ထဲမှာ မြှုပ်နှံသင်္ဂြိုဟ်ထားတယ်၊ အပြင်လောကမှာ သူ့မရှိပြီ၊ ငါ့ရင်ထဲမှာပဲ ရှင်သန်နေတယ်လို့ ခံယူထားတယ်၊ အဲဒီအတွက် ငါ ငရဲကြီးမလား ကျော်ဇေ"

"ဘာဆိုင်လို့ ကြီးရမှာလဲ"

"ဩော် ... ခုလောကဆို ဂျက်စမင် လက်ထပ်ပြီးရောပေါ့၊ အိမ်ထောင်ရှိ မိန်းမသားတစ်ယောက်ကို ချစ်မိတာဟာ စိတ်နဲ့ပြစ်မှားနေတာပဲပေါ့"

နောင်ရဲ့ ချိုင့်တွေ ထဆေးသည်။

ဩော် ... သူ့ခမျာ ထမင်းတောင် ကုန်အောင်မစားနိုင်တော့ပါလား ...။ ခါတိုင်း သူတစ်ယောက်တည်း ကုန်အောင်စားသည့် ထမင်းကို ကျော်ဇေ ဝင်စားတာတောင် လက်ကျန်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



မကုန်။ သူငယ်ချင်း၏ ကြေကွဲပါလျက် မဆွေးမြည့်လေဟန် မျက်နှာထားကို သနားလို့မဆုံး ရှိတော့သည်။

"ငါတို့ အစ်မလုပ်တဲ့ ကျောင်းမှာလေ"

ကျော့်ဖေ ထလိုက်သွားကာ နောင်ရဲ နားမှာ ရပ်လေ၏။

✻ ❋ ✻

ကျော့်ဖေ့ အစ်မတစ်ယောက်က အထက်တန်းပြဆရာမ ဖြစ်သည်။ အပျိုကြီးတွေမို့ ဖွေရောလေးပါး ပြောရင်းက အိမ်ထောင်ရှင် ယောကျ်ားတွေ မိန်းမတွေ အကြောင်း ရောက်သွားသည်။

"သားသည် အမေတွေများကွာ ... ကျောင်းရောက်တာနဲ့ ခြင်းတောင်းချပြီး လက်မှတ်မထိုးနိုင်သေးဘူး၊ သားကဘယ်လို၊ သမီးက ဘယ်ပုံဆိုတာကစပြီး ပြောတာပဲ ...

"သားသည်အဖေတွေများဖြင့် အိမ်ကမိန်းမက သားက သမီးက ... ဆိုတာများ တစ်ခါမှ မကြားဖူးဘူး၊ အဲဒါ ဘာဖြစ်တာလဲ မသိဘူး"

"တချို့ယောကျ်ားတွေ ပြောတော့ ပြောတယ်ကွ၊ အိမ်မှာ မိန်းမက မပြုစုတာ ညံ့တာတွေ ညည်းပြီ၊ အဲဒါဆို ဝေးဝေး ရှောင်တော့တဲ့၊ အိမ်က ကြက်မကြီး ဘာဖြစ်ဆိုတာ စ,က တည်းက ကိုယ့်ကို ချိန်ပြီသာမှတ်တဲ့"

"ဟုတ်တယ်၊ မချိန်ရင် ဘာမှမပြောဘဲ မှို့နေတာပဲ"

"ယော့ ... နောက်မီးလင်းဖို့ စိတ်မကူးဖူးတဲ့ ယောကျ်ားရှိမယ် ထင်သလား"



"မပြောတတ်ဘူး"

"မေးကြည့်ရအောင်"

အနားမှာ ထိုင်နေသည့် ဆရာဦးလှတင် ဒုက္ခရောက်ပါလေတော့သည်။ ဆရာဦးလှတင်သည် အသက်ငါးဆယ်ကျော်၍ ခြောက်ဆယ်နား ကပ်နေပြီ၊ မကြာမီ ပင်စင်သွားတော့မည်။ ကျောင်းမှာ သိက္ခာ သမာဓိနှင့် နေသည်။ မကြာခဏဆိုသလို ရှစ်ပါးသီလထိန်း၊ သက်သတ်လွတ်စား ဆိုတာတွေ လုပ်သည့် လူအေးလူရိုးကြီးပါ။ မဟုတ်တာ မမှန်တာဆိုလည်း ပြောလေ့မရှိ။ လေးစား ကြည်ညိုဖွယ် ဆရာတစ်ဦးမို့ သူ့ကိုပဲ ပစ်မှတ်အဖြစ် ရွေးကြတော့သည်။

"ဆရာ ..."

ဦးလှတင် လှမ်းကြည့်၏။

"ယောကျ်ားတချို့ နောက်မီးလင်းတာ ဘာဖြစ်လို့လဲ ဆရာ"

"ဟာ ... ကျွန်တော် မသိဘူး ခင်ဗျ"

ဆရာဦးလှတင် ရှက်ကိုးရှက်ကန်း ဖြေ၏။ ကျောင်းဆရာမဆိုသည်က မ,တစ်ရာသားတွေကို ထိန်းရ ကျောင်းရသည်။ တစ်ခါတစ်ရံမှာ နည်းညံ့ပျော့ပျောင်းရသလို တစ်ခါတလေတော့လည်း ဒီလူးထွက် ထွက်ပြရသည်။ ချော့လိုက် ခြောက်လိုက် ကိုင်တွယ်ရသည်က အကျင့်လို ဖြစ်နေရလေ၏။

တပည့်တွေ လိမ္မာဖို့ စာချည်း ဖိသင်နေလို့ မရပါ။ သူ့ဓိသားစု အကြောင်းအရာကအစ စုံစမ်း၊ ဒီကလေးမှာ ဘာပြဿနာ ရှိနေသလဲ ဆိုတာလည်း စပ်စု။ ပြီးတော့မှ ... အတတ်လည်းသင်၊ ခြင်းဆုံးမ၊ သိပ္ပံချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ လုပ်ပြ ရသည်မို့ သူတစ်ပါးအကြောင်း စပ်စုတာ၊ ဘွင်းဘွင်းကြီးပြောတတ်ကြတာတွေ အကျင့်ပါသွားရသလား မဆိုနိုင်ပါ။

www.burmeseclassic.com



"တစ်သက်မှာ တစ်ခါမှ နောက်မီးမလင်းဘူးတဲ့ယောကျ်ား ရှိသလား ဆရာ"

"ရှိပါတယ်၊ အများကြီးပါ"

"ဆရာရောပဲလား"

"ဟုတ်ကဲ့"

တယ်ဟုတ်ပါလား ... ဟူ၍ အထင်ကြီးစွာ ဝိုင်းကြည့်ကြသည်။ ဆရာဦးလှတင် ပြောလျှင်တော့ ယုံ၏။ သည်ကြားထဲမှာ အဖိုးကြီးတစ်ဦးက လျှာရှည်သည်။

"ကာယကံမြောက်ကတော့ ထားပါတော့ ဆရာ၊ ဝစီကံရော မနောကံရော ကင်းတာပဲလား"

"အဲ ..."

ဆရာဦးလှတင် ပါးစပ်ကြီး ပြဲနေသည်မို့ ဆရာမတွေ ဝိုင်းရယ်သည်။ အလုပ်ခွင်တွင်းမှာ ညီကိုမောင်နှမ အရင်းအချာ သဖွယ် ရင်းနှီးကြသည်မို့လည်း မေးရဲ ပြောရဲ ရှိခြင်းပါ။

"ကင်းတဲ့သူ ရှိချင်လည်း ရှိမှာပါ"

"ဒါဖြင့် ... ဆရာရော"

မြတ်စွာဘုရား ...။

ဆရာဦးလှတင် ဒုက္ခလှလှကြီး ရောက်လေ၏။

"ပြောပါ ဆရာ"

မပြောမချင်း ဝိုင်းမေးနေကြမှာ သေချာသည်။ ဆရာ ဦးလှတင်က လိမ်လည်၍လည်း ဖြောလေ့မရှိတော့ ခက်ချည် မတတ်သာစွာ ရှက်ကိုးရှက်ကန်း ရယ်ရှာ၏။

"ကျွန်တော် တစ်ဦးချင်း အနေနဲ့တော့ ကာယကံလုံးလုံး ကင်းပါတယ်၊ ဝစီကံလည်း ကောင်းကောင်း လုံပါတယ်



အဲ ... မနောကံတော့ မကင်းဘူးဗျို့၊ ဒါ ရှင်းရှင်းပြောတာ ... ခင်ဗျားတို့ထဲကတော့ တစ်ယောက်မှ မပါဘူးဆိုတာ ယုံ"

ပြောပြောပြေးပြေး ထပြေးတော့မှ ဆရာမတွေ ဝိုင်း ရယ်ကာ တဝုန်းဝုန်း တအုန်းအုန်း ကျန်ရစ်လေ၏။

"ဆရာဦးလှတင်တောင် မနောကံ မကင်းရင် ဘယ်သူမှ ကင်းမယ်မထင်ပါဘူးကွာ"

ဒါတောင် ... မှတ်ချက်တစ်ခုတော့ ချဖြစ်အောင် ချလိုက်ကြပါသေးသည်။

* * *

"အဲဒါကွာ ... ကျောင်းမှာ ဆရာမတွေ အားလုံးက ဆရာ ဦးလှတင်ကို နာမည်ကျိတ်ပေးထားတယ်ကွ၊ မနောကံဆရာ ကြီးတဲ့"

နောင်ရဲ အားရပါးရ ရယ်၏။

"မင်းအစ်မတွေကလည်း စပ်စပ်စုစု"

"မိန်းမတွေကိုးကွ၊ ခုတော့လည်း အဲဒီဆရာကြီး ဆုံးသွားပြီ၊ သူ့မိန်းမက နတ်လေချွန် သွားမေးတယ်တဲ့၊ သူ့ယောကျ်ား ဘယ်ဘဝ ရောက်သလဲပေါ့"

"ဘယ်ဘဝ ရောက်နေသတဲ့လဲ"

"ရက္ခစိုး ဖြစ်နေတယ်တဲ့"

နောင်ရဲ ရယ်ပြန်၏။

"ငါ ပြောချင်တာက မနောကံလောက်နဲ့တော့ ငရဲမကျပါ ဘူးကွာ၊ တို့ လူတွေလိုပေါ့၊ ဘယ်လိုဖြစ်မလဲ ကျွန်လွှန်

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်၊ သေဒဏ်ဆိုရင် လူဦးရေ ဘယ်လောက်လျော့သွားမလဲ ...

"ငရဲလည်း တူတူပေါ့၊ မနောက်လောက်နဲ့ အဝီစိဆွဲချရရင် အဝီစိမှာ ငရဲသားဦးရေ သိပ်သည်းမှုတွေ သိပ်များပြီး ငရဲမဆံ့၊ ဒယ်အိုးမလောက်၊ ဆီမလောက်နဲ့ ..."

"ထည့်မကြော်နိုင်ပါဘူးကွာ၊ မင်း သေရင် ရုက္ခစိုးတောင် ဖြစ်နိုင်သေးတယ်"

"တော်ကွာ ... ပေါက်တတ်ကရတွေ"

သူငယ်ချင်းနှစ်ယောက် ရယ်မောရင်း ရင်ထဲမှ အကျိတ်အခွေးလေးတွေ ပြေလျော့သွားရပါတော့သည်။ နောင်ရဲကတော့ မျက်နှာမြင်လျှင် လည်ပင်းညှစ်သတ်ချင်လောက်အောင် မုန်းတီးနေသည့် ယမင်းသက်ဝေကို ယခုတိုင် မမြင်ဖူးသေးသူမို့ ဖြေသာပြေလွယ်၏။

ပြီးတော့ ... သူ့ရင်ထဲမှာ ထာဝရ ကိန်းဝပ်နေသူ ဂျက်ဇမင် ရှိနေသည်မို့လည်း ယမင်းသက်ဝေကို နေရာမပေးနိုင်တော့ပါ။ ချစ်ခဲ့ဖူးသူ၊ မုန်းခဲ့ဖူးသူ၊ ဆန့်ကျင်ဘက် အဆုံးစွန်ခံစားမှုများနှင့် ပွန်းတီးခဲ့ဖူးသူ၊ ကျော်ဇေကတော့ ယမင်းသက်ဝေဆိုသည့် မိန်းမသားကို လွယ်လွယ်နှင့် မေ့နိုင်ပါမတဲ့လား။

တွေ့ကြပုံလေးကိုက သင်းသည်လေ။

✻ ✻ ✻



**အချစ်လွန် အမုန်း**

✻

ဒုတိယနှစ် ရောက်သည်နှင့် ပထမနှစ်တုန်းက သင်ခဲ့ရသည့် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ ဘာသာရပ်တွေကို မသင်ရတော့ပါ။ ဇီဝကမ္မဗေဒနှင့် ခန္ဓာဗေဒ နှစ်ဘာသာနှင့်အတူ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ကြားရပါသည်။ စာသင်ရက် နှစ်လကျော်သည့်အခါမှာ အလောင်းတွေကို စ,ခွဲရသည်။

"ဒုက္ခပဲ ... ခုံနံပါတ်အလိုက် ခွဲတော့ ယောကျ်ားလေးနဲ့ မိန်းကလေးတွေ တူတူရောကျမှာ"

ဒေါက်တာနိုင်ဦး နိုင်ငံခြား သွားကတည်းက နောင်ရဲနှင့်အတူ မကြာခဏ လာအိပ်ကာ စာတူတူ ကျက်လေ့ရှိသည့် ကျော်ဇေက ယောကျ်ားလေး ဖြစ်ပါလျက် မိန်းမသားတွေထက် ပိုရှက်နေရသည်။

"ဘယ်ကတတ်နိုင်ပါ့မလဲကွာ ... ပညာသင်တာပဲ"

ခပ်လောင်လောင်အုပ်စုက ဆားလားဝါးလား ဖြစ်နေချိန်မှာ ကျော်ဇေ နားရွက်တွေနီ၊ နှာခေါင်းတွေရဲ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့ရှက်ဖို့တောင် ချန်မထားဘူး၊ အဲဒီလူကြီးကတော့"

အတူတူ ခွဲစိတ်ရမည့် မိန်းကလေးတွေ ကျိတ်ပြောတာ ကြားရပြန်တော့ ကျော်ဇေ အားနာ မျက်နှာပူရပြန်၏။

"မင်းကတော့ ဖားကို မေ့ဆေးပေးလည်း သနား၊ ပိုးဟပ်သေလေးတွေ ကြောက်ပြီး၊ ဝက်ပေါက်စလေးတွေ ရွံနေ၊ စုံကို စုံတယ်ကွာ"

အေးအေးဆေးဆေး နေလေ့ရှိသည့် နောင်ရဲတောင် ညြချယ်ရသည်အထိ ကျော်ဇေက ရိုးလွန်းသည်။

"မျက်နှာမှာ သနပ်ခါး မလိမ်းပေလို့ပဲ၊ မင်းသတ္တိနဲ့တော့ ကောင်မလေးတွေက မိန်းမလျာလို့ ကျိတ်ခေါ်ကြလိမ့်မယ်"

ကျော်ဇေ တတော့ အလွန်တော်၏။ ရှက်တတ်ကြောက်တတ်နှင့် ရိုးလွန်းတာကလွဲလျှင် ကျော်ဇေမှာ ဆိုစရာအပြစ်မရှိပါ။ ပင်ကိုက တော်ရသည့်အထဲ အမြဲတစေ ကြိုးစားနေသူမို့ နောင်ရဲနှင့် စာတူတူ ကျက်ဖြစ်ကြသည်က များသည်။

"ဟာ ..."

"ဘာလဲ ကျော်ဇေ"

"ဟိုမှာ ... တို့ခွဲရမဲ့ အလောင်းကို ဘယ်သူ စီးကရက်လာတိုက်ထားတာလဲ"

စီးကရက်က မီးခိုးတလူလူနှင့် နှုတ်ခမ်းဝမှာ အခန့်သား စံမြန်းနေသည်။

"ငါ့အလောင်းကို ဘယ်သူလျှာဆွဲထုတ်သွားတာလဲကွ"

တစ်ယောက်က ထ,အော်တော့ ကျန်လူတွေ ဝါးခနဲဝိုင်းရယ်သည်။ မျက်ခွံတွေ အတင်းဆွဲဖွင့်ကာ မျက်လုံးတွေ ပြူးထားသွားတွေဖြီးပြထားနှင့် လူငယ်ဘာဝ ကြံဖန်ပျော်ကြသည်။



ပညာရှာရာ၌ "တစ်စက်ကျများ၊ ပြည့်သောလားသို့" ဟူသည့် စာဆိုနှင့်အညီ ဘယ်တစ်ချက်လေးပဲ ရလိုက် ရလိုက်၊ ကိုယ့်ဖို့ချည်းဟူ၍ အပတ်တကုတ် ကြိုးစားကြရပါ၏။ ဆေးပညာရပ်မှာ ဘာသာရပ်အနေနှင့်လည်း ခက်ခဲ၊ သင်ကြားရသည့် စာတွေကလည်းများမို့ စာအုပ်နှင့် မျက်နှာနှင့် မခွာအောင် ရှိနိုင်မှ တော်ရုံကျပါ၏။ သည်လောက် ကြိုးစားရတော့လည်း အပြစ်မဲ့ ပျော်ရွှင်မှုလေးများ၊ ကလေးပျော်လေးများကို ကြံဖန်ရှာဖွေကြသည်။

သည်လိုမှ ထွက်ပေါက်ကလေး ဖွင့်မထားလျှင်လည်း စာပိကာ ခြောက်သွေ့နွမ်းဖတ်နေဖို့ပဲ ရှိတော့သည်။

"နောင်ရဲ ... တို့ကို ဒီစာရှင်းပြဦး"

ယောကျ်ားလေးရယ်၊ မိန်းကလေးရယ် သိပ်ခွဲခြားမနေနိုင်၊ အားလုံးတန်းတူကင်၊ တန်းတူရင်းနှီး၊ တန်းတူပေါင်းကာ ညီအစ်ကိုမောင်နှမများသဖွယ် ရိုးရိုးသားသား ခင်ကြသည်။ တစ်ယောက်အခက်အခဲကို တစ်ယောက်က ကူညီလေ့ ရှိပါ၏။

"ဟ ... ငါ့ချည်း ရှင်းနိုင်းနေကြ၊ နင်တို့တတ်တာလည်း ရှင်းပြကြဦး"

"နင်"တစ်လုံး "ငါ"တစ်လုံး သုံးကြခြင်းက ရင်းနှီးမှုဆို နက်ရှိုင်းစေပါ၏။

"တို့တတ်ပြီး နင်မတတ်တာ ရှိသေးလို့လား၊ ခေါက်တာနောင်ဦး ညီကများ"

"အဲဒီ ခေါက်တာနောင်ဦးက ခုရှိမှ မရှိတာ"

"မရှိလည်း ရပါတယ်နော်၊ သူက စာတော်ပြီးသားဟာကို"

"ကျော်ဇေလည်း စာတော်တာပဲ၊ သူ့လည်း ရှင်းခိုင်းကြပါဦးလား"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့၊ စကားတစ်ခွန်း မထွက်ခင် နားရွက်တွေက စရဲနေတဲ့လူကြီး"

ကျော်ဇေ အဲဒီလောက်ထိ ရိုး၏။ ရှက်တတ် ကြောက်တတ်က လွန်၏။

"စာချည်းစွတ်တော်နေပြီး အရှက်အကြောက်က မိန်းကလေး ထွေထက် များနေတော့၊ လူတောမတိုးသလို ဖြစ်နေဦးမယ်ကွ၊ မိန်းကလေး အပေါင်းအသင်းလေး ဘာလေးလဲ နည်းနည်းပါးပါး ရှာပါဦး"

"ဟာကွာ ... ခုခေတ် ကောင်မလေးတွေက အရမ်းလှတယ်ကွ၊ ငါ စေ့စေ့မကြည့်ရဲဘူး"

"သူတို့ဘာသာ သူတို့ လှတာနဲ့ မင်းက ဘာဖြစ်လို စေ့စေ့မကြည့်ရဲရတာလဲ"

"သူတို့ကို ကြိုက်တယ်ထင်ရင် ဘယ့်နှယ့်လုပ်မလဲ"

"ဟာကွာ ... မင်းကလည်းပဲ၊ တက္ကသိုလ်ကြီး တစ်ခုလုံး မင်းလောက်တုံးတဲ့ကောင် မင်းပဲရှိမယ်၊ မင်းထက်တုံးတဲ့ ကောင်တောင် မင်းလောက် မတုံးဘူး"

ဒီလိုပြောလျှင် ကျော်ဇေ ရယ်နေတတ်၏။ ကျော်ဇေ ခုလို ရိုးသားအေးဆေးလွန်းရတာကလည်း အကြောင်းရှိ၏။ ကျော်ဇေ တို့မှာက ညီကိုမောင်နှမ ငါးယောက်တိတိရှိသည်။ ကျော်ဇေက အငယ်ဆုံး။ သူ့ထက် အကြီးလေးယောက်က အစ်မတွေချည်း။ ကျော်ဇေ မိန်းမလျှာမဖြစ်တာတောင် ကံကောင်းဟု ဆိုရပါမည်။

အဲဒီလိုမျိုး ကျော်ဇေ့ထံမှ ကောင်မလေး တစ်ယောက် နာမည်ကို ကြားရလေ၏။

ယမင်းသက်ဝေ ... တဲ့။



ဒေါက်တာနောင်ဦး ထံမှ လူကီးမီးယားကို နိုင်သည့် ဆေး တွေ့ပါပြီဆိုသည့်စာကို ရလျှင်တောင် ဒီလောက် မထူးဆန်းနိုင်ပါ။ ကျော်ဇေ့ နှုတ်ဖျားမှ အမျိုးသမီးတစ်ဦး၏ နာမည်ကို ကြားရခြင်းက ကမ္ဘာ့ အထူးဆန်းဆုံး အံ့ဖွယ်တစ်ပါးပင် ဖြစ်တော့သည်။

✻ ✻ ✻

"ဟင်နရီဆနားဒါး ကားသစ် ဘာထွက်လဲဟင်"

နားထဲသို့ စီမ့်ဝင်လာသည့် အသံချိုလေးက တမင်တကာ နားမထောင်ပါဘဲ ကျူးကျော်ချဉ်းနင်းသည်။ ကျော်ဇေက သူ့လက်ထဲမှ ဗီဒီယိုခွေလေးကို သူ့ဘာသာ ငုံ့ကြည့်ဖြစ်သည်။ ဟင်နရီဆနားဒါး ပါသည့် ဇာတ်လမ်းအသစ်။

ဟင်နရီဆနားဒါး ပါသည့် Roaring Fire ရုံတင်သွားကတည်းက ကောင်လေးတွေ၊ ကောင်မလေးတွေ ရူးလိုက်ကြတာ မပြောပါနှင့်တော့။ ခုကားက ရုံတောင် မတင်ရသေးပါ။ Valient တဲ့။ ဆိုင်ရှင်က ...

"ရထားတွဲကို အောက်က နိုလိုက်ရင်း လက်ပြုတ်ကျသွားတာဗျာ၊ ကျွန်တော်ဖြင့် ထအော်မိတာပဲ၊ အဲဒီကားကိုကြည့်တဲ့လူတိုင်း အော်တာပဲ၊ သိပ်ကောင်းတယ်"တဲ့။ ကြည့်ကောင်းသည်။ ရှုသွား ... ဟု ဆိုင်ရှင်က ပေးသောကြောင့် ကျော်ဇေ့ လက်ထဲ ရောက်နေနှင့်သည့် ဗီဒီယိုခွေလေး။

"ဟာ ... ငှားလိုက်ပြီ၊ ထွက်တော့ ထွက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ယမင်းကိုတော့ အရင်မပေးဘူး၊ ဘယ်သူ့ပေးလိုက်တာလဲ၊ လိုက်တောင်းမယ်၊ ယမင်း ကြည့်ချင်ပါတယ်ဆို၊ မှာထားရဲ့သားနဲ့"

စီဒီယိုခွေ ကိုင်ထားသည့် ကျော်ဇေ လက်က တုန်ချင်ချင်။

"ရော့ ... ယူချင်ယူလေ"ဟု ဆိုကာ ဇေတနှာ အလျှောက် ပေးလိုက်ချင်သည်။ အဲဒီလို ပေးလိုက်ရမှာကျတော့ ရှက်၏။ မိန်းမသားတစ်ဦးကို မျက်နှာလို မျက်နှာရ လုပ်ရာကျမှာလား။ ကိုယ်က ညှာတာ အလျှော့ပေး ဆက်ဆံချင်တာကို မျက်နှာရှူး အထင်ခံရလျှင် ရှက်စရာကြီးဟု တွေးမိလေ၏။

မထူးပါဘူး ပြန်တာကောင်းပါတယ် ... ဟု ကျော်ဇေ လှည့်ထွက်လာခဲ့သည်။ ဒီအခွေကို ကျော်ဇေ ကြည့်ချင်လှသည်တော့ မဟုတ်ပါ။ အိမ်မှ အစ်မတွေက ဟင်နရီဆနားဒါး ဆိုလျှင် အသေရရ အရှင်ရရ ကြိုက်တတ်ကြသည်လေ။

ကျော်ဇေ ကားပေါ်တက်ထိုင် မောင်းထွက်မည့်ဆဲဆဲ ကားပြတင်းဘောင်ပေါ်သို့ ဖြူဖြူနုနု ဝွမ်စုလေးတစ်ခု ပြုတ်ကျလေ၏။

"ဒီမှာရှင့် ..."

အသံရှင်ကို မော့မကြည့်ဖြစ်သေးဘဲ လက်နုနု ဖွေးဖွေးလေးကိုပဲ ငေးနေမိလိုက်၏။ လက်ချောင်းလေးတွေက ပြည့်ပြည့်တင်းတင်း ရှိလှ၏။ ပြည့်သည် တင်းသည် ဆိုပေမဲ့ တုတ်တုတ်ခိုင်ခိုင်ကြီးတွေ မဟုတ်ပါ။ သွယ်သွယ်လျလျလည်း ရှိ၏။ လက်သည်းချွန်ချွန်လေးတွေက နီရဲတောက်လက်နေကာ ရွှေမှုန်လက်လက်ကလေးတွေလည်း စွန်းထင်းနေ၏။



ဒီလောက်လှသည့် လက်သည်းမျိုး ကျော်ဇေ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မမြင်ဘူးပါ။ မကြည့်ဖြစ်တာလည်း ဝါချင်ပါမည်ပေါ့လေ။ ခုတစ်ခါမှာတော့ မကြည့်မဖြစ် တိုက်တိုက်ဆိုင်ဆိုင်ကြီးကို ကြည့်ဖြစ်ရလေ၏။

"ဟော့လူကြီး ... ခေါ်နေတာ ဘာလို့ ငုံ့နေရတာလဲ"

အသံချိုလေးကို မှတ်မိသွားရသည်။ ခုနက ဟင်နရီဆနားဒါးအသစ် ဘာထွက်လဲဆိုသည့် အသံချိုလေးပါလား။ ဒီတလေးမ "ဒီမှာရှင့်" ...ဟု ဘာလို့ လာခေါ်သဲ မေးစရာမလိုတော့။ ဆိုင်ရှင်က ကျော်ဇေ့ကို ငှားလိုက်ပြီဟု ပြောလို့ လိုက်တောင်းတာတလွဲလျှင် ဘာရှိနိုင်ဦးမည်လဲ။

ကိုယ်က သိပ်ကြည့်ချင်နေတာလည်း မဟုတ်။ ဆိုင်ရှင်က ကောင်းသည်ဆိုပြီး ပေးလိုက်လို့သာ ယူလာရတာ။ သူ့မျာလေးက သိပ်ကို ကြည့်ချင်နေပုံရသည်။ ကိုယ်က ယောကျ်ား၊ သူက မိန်းမသား၊ အားနွဲ့သူ ဦးစားပေးစနစ်ဖြစ် ညှာဖို့ရှိ၏။

ကျော်ဇေ ကားဒက်ရှ်ဘုတ်ထဲမှာ ထည့်ထားသည့် ဒီဗီဒီယိုခွေကို ယူသည်။ လက်ချောင်းလှလှလေးတွေပေါ်သို့ တင်၏။

"ဒါ ... ဘာလုပ်တာလဲ"

အသံချိုလေး ခါးသွား၏။

"ယူလေ ... ယူလိုက်လေ"

ကျော်ဇေ ရက်ရောစွာပေးရင်း ကားစက်ကို နှိုးလေ၏။

"အောင်မယ် ... ဒီလိုလုပ်လို့ ဘာရမလဲ"

အသံခါးလေးမှ အပူရှိန်တွေ ထွက်လာသည်။

"လူကို သူတောင်းစား မှတ်နေလား"

"ဟောဗျ ... ကျွန်တော် ဘာမှားသွားလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်မ စိတ်ဆိုးပြီမှန်း သိလိုက်၏။ ကျော်ဇေလူရိုးပေမဲ့ ဒီလောက်ကြီးထိတော့ မအပါ။ ဘယ်လောက်ထိသာ အ, သလဲဆိုတော့ ကလေးမ ဘာကိုစိတ်ဆိုးသွားမှန်း မသိချေ။ မိမိ ... မည်သည့်အမှားကိုမျှ မကျူးလွန်မိသေးဘူး ဆိုတာတော့ သိပါ၏။

သည်တစ်ကြိမ်မှာတော့ မော့ကြည့်ဖြစ်လေ၏။

အားပါးပါးဟုသာ ယောင်ယမ်း အော်ချင်မိတော့သည်။ လှထားလိုက်တာမှ စက်စက်ယို၊ ဒေါသရှိန် တညီးညီးနှင့် မျက်ဝန်းတောက်တောက်လေးကအလှဆုံး။ ပါးပြင်ဖွေးဖွေးကို လက်ညှိုးလေးနှင့် သွားဖိလျှင် အိကြွေကျသွားမလား ထင်ရ၏။ ဒီလောက်လှသည့် မိန်းကလေးမျိုးကို တစ်ခါမှ မတွေ့ဖူးသေးတာ အမှန်။

"ဘာကြည့်နေတာလဲ၊ လူကိုက အူကြောင်ကြောင်နဲ့"

ခါးကလေးထောက်၊ ရင်ကလေးကော့နေပုံက ဒီကမ္ဘာမှာ အလှဆုံးဟု ကြွေးကြော်နေသလိုပါပဲလား။

"ကျွန် ... ကျွန်တော်"

"ဘာကျွန်တော်လဲ"

"ခင်ဗျာ ..."

"မခင်ဗျာနဲ့"

"ဟုတ်ကဲ့"

"ကြည့်လေ ... ပြောလေ ကဲလေ"

"ဟာ... မဟုတ်သေးဘူးဗျာ၊ တစ်ခုခုတော့ လွဲနေပြီ၊ ခင်ဗျား လူမှားနေတာ ထင်တယ်"

ဘာအပြစ်တစ်ခုမှ လုပ်မထားပါဘဲ ဒီလောက် လာစိတ်ဆိုးပြနေတော့ လူမှားတာကလွဲပြီး ဘာဖြစ်နိုင်ပါဦးမလဲ။ မဟုတ်ဘူးလား။



"ဘယ်က မှားရမှာလဲ"

"ကျွန်တော်က ဘာလုပ်မိလို့လဲ"

"ဒီအခွေ ဘာဖြစ်လို့ သူတောင်းစား ဗွန့်ကြီးသလို လာဗွန့်ကြီနေရတာလဲ"

"ခင်ဗျား ကြည့်ချင်နေတယ် ထင်လို့"

"ကြည့်ချင်နေတာ ဟုတ်တယ်၊ တောင်းမလို့ လာတာလည်း ဟုတ်တယ်"

"ကျွန်တော်က စေတနာနဲ့ ပေးတာလည်း ဟုတ်တယ်"

"ဟင်း ... စေတနာရှိတဲ့ လူကလား၊ လူကို မော့မကြည့်ဘဲ ယူလိုက်လေတဲ့"

"အင်းလေ ... ယူလိုက်လေ"

"ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ အထင်နဲ့ ဘဝင်လေဟပ်"

"ခက်တော့တာပဲ၊ ကျွန်တော် စေတနာနဲ့ပါဗျာ၊ တကယ်ပါ၊ အဲဒီစေတနာက အပြစ်ဖြစ်သွားရင်လည်း တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ချာတိတ်မ ခစ်ခနဲ ရယ်လေ၏။

သူ့ရယ်ပုံလေးက လှလိုက်ပါဘိ။ မျက်နှာလေး ချိုသွားလိုက်ပုံက စောစောက ဒေါသထွက်ခဲ့တာ သူ မဟုတ်သလိုပါပဲ။ အပြောင်းအလဲကလည်း သည်လောက်ထိ ကွာခြားသည်။

"ဒီအခွေကို ဒီဆိုင်က မရရင် ရန်ကုန်တစ်မြို့လုံး ရှိသမျှ ဗီဒီယိုအငှားဆိုင်တွေကို လှည့်ပတ်ရှာပြီး ငှားနိုင်တယ်၊ တစ်ဆိုင်မှမရရင် နောက်တစ်ဆိုင်က ရမှာပဲ၊ ဟိုမှာတွေ့လား ဆိုင်ကယ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူပြသည့်နေရာသို့ ကြည့်လိုက်တော့ ဆိုင်ကယ်လှလှ ပပလေး။

"ဩော် ..."

အမျိုးသမီးတွေ ကားမောင်းသည့် ဦးရေကတော့ တော်တော့်ကို များနေပါပြီ။ လူနေမှု အဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ စားဝတ်နေရေးစရိတ် ကြီးမားလာသည်မို့ ယာဉ်မောင်းတစ်ယောက်စရိတ်ကို အကုန်အကျ ခံနိုင်သည့် ကားပိုင်ရှင်ဦးရေ နည်းလာသည်။

အိမ်မှာ ကားတစ်စီး၊ သို့မဟုတ် နှစ်စီး သုံးစီးရှိသည် ပဲထား၊ အိမ်သားအားလုံး ယောကျာ်းမိန်းမ မရွေး ကားမောင်းတတ်အောင် သင်ထားပြီး ကိုယ့်ဘာသာ မောင်းကြသည်သာများ၏။ မိန်းမသားတွေ ကားမောင်းတာကတော့ ရိုးလို့တောင်နေပါပြီ။

ဆိုင်ကယ်စီး မိန်းမသားဦးရေကတော့ ရန်ကုန်မြို့ကြီး တစ်မြို့လုံးမှာ လက်ချိုးရေနိုင်လောက်အောင် ရှားပါသေးသည်။ ဒီကလေးမ ခေတ်ရှေ့ပြေးလှချေကလား။

"ဒီက မိန်းမသား ဖြစ်နေလို့၊ အဲဒီအခွေကို ရှင် ... တခြားဆိုင်မှာ သွားငှားပါ၊ ကျွန်မကို ပေးပါလို့ ချေချေငံငံ ပြောမလို့"

"ဟာ ... ရပါတယ်၊ ပြောချင်ပြောပါ"

"လုပ်ပြန်ပြီ"

မျက်နှာချိုလေး မဲ့ကျပြန်၏။

"ရှင် ... စကားပြော တော်တော်ခွကျတဲ့လူ"

"ခက်ပြီဗျာ ... ဘာပြောရမှန်းကို မသိတော့ဘူး"

"မသိရင် မပြောနဲ့"



"ဟုတ် ..."

မျက်နှာမဲ့လေး လှစ်ခနဲ ပြုံးပြန်၏။

"အဲဒါကို လူတောင် မော့မကြည့်ဘဲ လက်လွတ်စပယ် လှမ်းပေးတော့ တစ်ဖက်သားကို ဂရုမစိုက်၊ လူရာမသွင်း၊ ပေါက်လွှတ်ပဲစား၊ ကလေကချေလို ဆက်ဆံရာရောက်တယ်"

အမယ်လေး ... ဟုသာ ထအော်ချင်တော့သည်။ တင်လိုက်သည့် စွဲချက်တွေက စကားတတ်တိုင်း ပုဒ်မတွေ တိုးနေတော့သည်။

"တကယ်ဆို ... ခင်ဗျား ယူချင်လို့လား၊ ယူချင် ယူပါ၊ ကျွန်တော် နောက်တစ်ရက်မှ ကြည့်ပါ့မယ်လို့ ကောင်းကောင်းပြောရင် ဒီက နှစ်ရက်စာဖိုးလုံး ချေမှာ"

ကျော်ဇေ ကားတံခါးကို ဖွင့်၍ဆင်းသည်။ ဗီဒီယိုခွေကို လက်နှစ်ဖက်နှင့်ကိုင်ကာ ခါးကိုညွတ်သည်။

"ခင်ဗျား ယူချင်လို့လား၊ ယူချင် ယူပါ၊ ကျွန်တော် နောက်တစ်ရက်မှ ကြည့်ပါ့မယ်"

ကြက်တူရွေးတစ်ကောင်လို နှုတ်တိုက်သင်ထားသလို ပြန်ရွတ်ပြသည်မို့ ခိုးခိုးခစ်ခစ်သံလေးကို ကြားရပြန်သည်။ ခုမှ ခုရယ်၊ ခုဒေါသထွက်၊ ခုပြုံးပြ၊ ဒီမိန်းကလေး ဦးနှောက်မှ မှန်ရဲ့လား မသိ။ ကျော်ဇေက ဗီဒီယိုခွေကို ရိုရိုသေသေ ကမ်းပေးသည်။

"အဟင်း ... လူကြီးသူမကို ဆက်ကပ်တဲ့ ပုံစံမျိုးပါလား ရပါတယ်၊ ဒီနေ့ ...ကျွန်မ ကြည့်မယ်"

ဆတ်ခနဲ ဆွဲယူပုံက နည်းနည်းမှမညင်သာ။ မျက်နှာ နုနုချောချောလေးကိုမှ အားမနာလေခြင်း။

"မနက်ဖြန်ကို ဘယ်လာပို့ရမလဲ ပြော ... ရှင် လာယူမလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ... ဆိုင်ကိုပဲ ပြန်အပ်ပါ"

"ရတယ်လေ ... ပြီးရောပေါ့"

ဆိုင်ကယ်ပေါ် လွှားခနဲတက်ကာ မောင်းထွက်သွားပုံ ထ တစ်လောကလုံးမှာ လူသူလေးပါးဟူ၍ တစ်ဦးတလေတောင် မရှိဟုပါပဲလား။ ရှိသည်ပဲထား၊ မည်သူ့ကိုမျှ အရေးမစိုက်ဘူးဆို သည့် ပုံစံကလေးသည် လူရှိုးကြီး ကျော်ဇောကို ကျောက်ရုပ်အဖြစ် ဖန်တီး၍ ချန်ရစ်ခဲ့ပါသတည်း။

✻ ❋ ✻

"ငါ ... မမျှော်လင့်ဘဲ စကားတွေအများကြီး ပြောဖြစ်သွား တယ်ကွာ"

"ဟား ဟား ... မင်း နားရွက်တွေ နှာသီးဖျားတွေ ဘယ် လောက်များ ရဲရဲတောက်နေလိမ့်မလဲလို့၊ ဟား ဟား ... တွေးတွေးပြီး ရယ်ချင်တယ်ကွ"

နောင်ရဲ အော်ရယ်တော့မှ ကျော်ဇော နားရွက်တွေ ရဲတက်လာရသည်။

"မင်း ပြောခါမှ နားရွက်တွေ ပူတက်လာတယ်၊ အဲဒီတုန်း က နားရွက်တွေ နီဖို့တောင် မေ့နေတယ်၊ မတူဘူး ... ဘယ် သူနဲ့မှ မတူဘူး"

ကျော်ဇော ခေါင်းကို ဖြည်းဖြည်းခါ၏။

"ဘာမတူတာလဲ"

"ဟာကွာ ... တို့ကျောင်းမှာ ကောင်မလေးတွေ ဘယ်လောက် လှသလဲ"



အဲဒါတော့ နောင်ရဲ လက်ခံ၏။

ဆေးတက္ကသိုလ် ဟူသည်က စာတွေအလွန်များ၊ သတ္တုတွေ့တွေ အမြဲလုပ်၊ စာမေးပွဲတွေ ခဏခဏစစ်၊ ပညာရေးက ရှုထိုးဖိထားနိုင်လောက်အောင် အပြင်းအထန် ကြိုးစားနေရသည့် အရပ်ဟု လူတိုင်း လက်ခံထားကြပါသည်။ သည်မျှစာတွေပိနေပေမဲ့ ဆေးတက္ကသိုလ်မှ ကျောင်းသူတွေကို အချိန်မရွေး သပ်ရပ်ကြော့ရှင်း စွာ တွေ့ရတတ်ပါ၏။ ဤသို့ ရှင်းသန့်နေတတ်ကျင့်ကြောင့်ပင် ဆေးတက္ကသိုလ်ရှိ ကျောင်းသူအားလုံး ထားဝရ လှပလို့ နေရသည်။

"အဲဒီလောက်လှတဲ့ ကျောင်းသူတွေနဲ့ ဘယ်လိုမှ ယှဉ်မရဘူး၊ ဒါကြောင့် မတူဘူးပြောတာ"

"ဒါဖြင့် ... ဘယ်လောက်ထိ အကျည်းတန်နေလို့တုန်း"

"မင်းနှယ်ကွာ ပြောရက်တယ်၊ တို့ကျောင်းက ဖြူတီကွင်း၊ ဖက်ရှင်ကွင်းတွေ အတန်းပေါင်းစုံက လိုက်ရှု၊ ရောကျိုပြီးမှ အရုပ်တစ်ခုလုပ်ဦး၊ အဲဒီကောင်မလေး တစ်ယောက်တည်း လှတာကို မမီဘူး"

"အင်း ... ငါတောင် မြင်ဖူးချင်လာပြီ"

"ဒါလေး တစ်ခုတော့ ချမ်းသာပေးပါ နောင်ရဲရာ၊ ငါအတည် ယူမှာ"

နောင်ရဲ ခွက်ထိုးခွက်လန် ရယ်လေ၏။ ကျော်ဇော ကိုယ်တိုင်က မရယ်ဘဲကို မနေနိုင်။ တစ်ဖက်သတ် သေချာနေလိုက် သည့် အတည်များတောင် ယူဦးမလို့ဆိုပဲ။

"ငါတောင် မြင်ဖူးချင်လာပြီ" ဟူသော စကားတစ်ခွန်း မှာ အဲသည်ကောင်မလေးကို နောင်ရဲ ဘယ်တော့မျှ မမြင်ဘူး ရှာပါ။ ကျော်ဇော ကြံဖန်သဝန်တိုပုံက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့အပြိုင် ပိုးရရင် ငါကျန်ခဲ့မှာစိုးလို့" … တဲ့လေ။ တစ်ခါမျှကို ပြုမပေးဖို့ ဆုံးဖြတ်သည်တဲ့။

"မင်း … တကယ်လိုက်မလို့လား … ဖေကြီး"

"အတည်ယူမလို့ပါလို့ ပြောပြီးပြီ"

"ဆတ်စလူးစိန်ကလေး ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ မင်း ပြောပုံထောက်တော့ ဗိုင်းကောင်းကျောက်မှိဖိထဲက ဟုတ်ပုံမရဘူး"

"မကောင်းတဲ့ အလုပ်နဲ့ အသက်မွေးနေရင်တောင် ငါ ခွင့်လွှတ်တယ်"

"ဟာ …"

နောင်ရဲ ပါးစပ်ပြဲသွားရသည် အထိပါပဲ။

"ငါ … မရှက်နိုင်တော့ဘူး သူငယ်ချင်း၊ ရင်ထဲမှာ တအားစွဲတယ်"

"ဒီလောက် မွှန်ရသလား … နှားရ"

"ဒါတော့ … မင်းမှ မမွှန်ဘူးသေးတာကိုး၊ မင်းမှ မမြင်ဘူးသေးတာကိုး၊ မင်း မြင်ဖူးအောင်လည်း ငါမပြနိုင်ဘူး။ ငါနဲ့ လက်ထပ်တဲ့နေ့ကျမှပဲ မင်း မြင်ဖူးပါစေတော့"

"ဩော် … ရောဂါ … ရောဂါ၊ တို့ပါမောက္ခချုပ်ကို ပြောပြရင် ရောဂါနာမည် ဘယ်လိုတပ်မယ် မသိဘူး"

ကျော်ဇေကို သနားတောင် သနားမိတော့သည်။

"မင်း … ဘာမီတွန် တစ်လုံးလောက် သောက်ပါလား ကျော်ဇေ"

ကျော်ဇေ မျက်နှာ ရဲခနဲ ဖြစ်သွားရတော့သည်။ ဘာမီတွန် ဆိုသည်က အအေးမိ နှာစေးသည့်အခါမှာ သောက်ရသောဆေး မဟုတ်ပါလား။ ကျော်ဇေ မျက်နှာ တော်တော်လေး ရှက်ပေမဲ့ ဘာမျှပြန်မပြောပါ။ စာအုပ်ကို ကောက်ကိုင်သည်။



"ငါ … စာကျက်မှ ဖြစ်မယ်၊ သူနဲ့ မြန်မြန်နီးဖို့အတွက် စာမေးပွဲ တစ်တန်းမှ အကျမခံနိုင်ဘူး"

တော်တော်ကြီးကို မလွယ်သည့် မလွယ်ကြောပါဘဲ။

"မင်းကို ငါ နာမည်လောက်တော့ ပြောထားနိုင်မယ်"

ကျော်ဇေ ဖြစ်နေပုံက အစတုန်းကတော့ သနားစရာ၊ နောက်တော့ အမြင်ကတ်စရာ။ နောင်တစ်ချိန်မှာ ဘယ်တော့သနားစရာ ပြန်ဖြစ်မည် မသိချေ။

"မသိချင်ဘူးကွာ"

"မသိချင်လို့ မရဘူး၊ သိထားမှ ဖြစ်မယ်၊ မင်းနည်းမင်းဟန်နဲ့ တစ်နေရာရာမှာ ကြုံဆုံသွားရင်တောင် နာမည်သိထားတော့ ငါ့ချာတိတ်မမှန်း သိတာပေါ့"

"ပေါက်စလေးလား"

"ငါ့မျက်စိထဲမှာတော့ အပြစ်မဲ့တဲ့ ကလေးလေးပဲ"

"အပြစ်မဲ့တဲ့ ကလေးလေး"ဟု တင်စားသည်ဆိုကတည်းက လူလားမြောက် အရွယ်ရောက်သူအဖြစ်နှင့် ကြည့်လျှင် အပြစ်တွေ တစ်ပုံကြီး ရှိနေပြီဆိုတာ နောင်ရဲ ခန့်မှန်းမိသည်။

"နာမည်လေးက သိပ်လှတယ်"

သူ သိပ်ပြောချင်နေမှန်း သိသည်မို့ နောင်ရဲက လုံးဝ မေးချင်ယောင် တမင်ဆောင်သည်။

"မင်း … ပြီးခဲ့တဲ့ ပရက်တီကယ်တုန်းက အမှတ်ဘယ်လောက်ရလဲ"

"ယမင်းသက်ဝေ … တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်နည်းတဲ့လူက မုန့်ကျွေးကြေးနော်"

"ဆယ်တန်းမအောင်ရှာသေးဘူးကွ"

"ငါ ... ကိုးမှတ်ရတယ်"

"မိဘကတော့ ချမ်းသာတယ်၊ အမေမရှိဘူး၊ မိထွေးက တော်တော်ဆိုး ... ဆိုပဲ"

"ဟော့ကောင် ... မင်း အမှတ်မေးနေတာ"

"ဆယ့်ခုနစ် ... ဆယ့်ရှစ်လောက်"

"ဟာ ... ပေးတာကမှ ဆယ်မှတ်ရယ်"

"ဒါပေမဲ့ ... ဆယ့်သုံးနှစ် သမီးလေးလို ချစ်စရာကောင်းတယ်"

"သေပါလား ... သေနာ"

"သူ့ကိုမရရင် သေမဲ့ကောင်တွေ အများကြီးပဲကွ"

"အေး ... မင်းအသုဘကို အရင်ဆုံးချ"

"သူက ... ငါ့အချစ်ကို လက်ခံပုံရတယ်"

"သွားဟာ ... ခွေးသူတောင်းစား"

ပခုံးကို လက်သီးနှင့် ပစ်ထိုးတော့ ကျော်ဇေ ထိုင်သွားသည်။ ပြီးတော့ ... သွားဖြဲလေးနှင့် ရယ်ရှာ၏။ ချက်ချင်းပင် ကျောင်းစာအုပ်ကို ကောက်လှန်သည်။

"ငါ စာကျက်မယ် နောင်ရဲ"

ကျော်ဇေ့ကိုတော့ သြချရပါတော့သည်။

ဖြစ်နိုင်လျှင် ယမင်းသက်ဝေ ဆိုသည့် အမျိုးသမီးကို သွားများတောင် တွေ့ချင်မိပါ၏။ ကျော်ဇေ ဆိုတဲ့ မနူးမနပ် ပေါ ကြောင်ကြောင်ကောင်ခမျာ ရိုးလွန်း အ,လွန်းလို့ သူ့ကိုတော့ အရူးမလုပ်ခဲ့ပါနဲ့ဟု ကြိုတင် တောင်းပန်ထားချင်မိတော့သည်။



ဆရာဝန်ကောင်းတစ်ဦး ဖြစ်လာမည့် တာဂျပိုးတစ်ယောက်ကို မပျက်စီးစေချင်ပါ။ ကြားရသမျှ သတင်းကတော့ ယမင်းသက်ဝေ ဆိုတ တော်တော်ကြောက်စရာကောင်း ... ဆိုပဲ။

* * *

"မိထွေးက သူ့စိမ်းမဟုတ်ဘူးကွ။ အဒေါ်ဝမ်းကွဲ၊ ဆရာမ လည်း ဆရာမ"

ယမင်းက ရေပြင်ဆီသို့ ခဲတစ်လုံး လွှဲပေါက်သည်။ ခဲလုံးမို့ စွပ်ခနဲမြည်၏။ တည်ငြိမ်သည့် ကန်ရေပြင်သည် ဂယက်ထ၍ ကျန်ရစ်တော့သည်။

လူကောင်းတစ်ယောက် ပျက်စီးစပြုသည် ... ဆိုသည့် ဝါကျကို သုံးလျှင် ကျော်ဇေ နည်းနည်းမျှ ခံချင်မည်မဟုတ်ပါ။ သို့ပေမဲ့ ကျော်ဇေ့ တစ်သက်တွာမှာ တစ်ခါမျှ မပြုဖူးသည့် ပြစ်မှု တစ်ခုတော့ ကျူးလွန်မိပါပြီ။ ကျော်ဇေ ကျောင်းပြေးသည်။

အင်းလျားရင်ခွင်သည် ချစ်သူ့နယ်မြေဟု ဆိုကြပေမဲ့ ယမင်းသည် ကျော်ဇေ့ ချစ်သူ မဟုတ်ပါ။ အင်းလျားရေစပ်မှာ ထိုင်ဖြစ်ကြပေမဲ့ သူတို့ ချစ်သူတွေ မဟုတ်ကြသေးပါ။ ချစ်သူ မဟုတ်ပါဘဲ အင်းလျားမှာ ချိန်းတွေ့ရသေလားဟု ပြောလျှင်လည်း ဆမင်း နည်းနည်းကလေးမျှ သည်းခံလိမ့်မည် မဟုတ်ပါ။

"နှစ်ပေခွာပြီးထိုင်၊ အနားသိပ်ကပ်မလာနဲ့"

သည်လို ပညတ်ချက်မျိုးနှင့် ခွင့်ပြုထားတာဆိုသည့် အင်ခြေက ယမင်း အဖို့တော့ လုံလောက်လေ၏။ စကားပြောတာ ဆိုပဲ ကြည့်ပါလား။ သူငယ်ချင်းလို၊ မိန်းမချင်းလို၊ ကွဲတွေ ဇွာ

www.burmeseclassic.com



တွေ သုံးတတ်တာ၊ ယမင်းအနေနှင့်ကတော့ ကျော်ဇေ ဘာလဲဟု မေးလျှင် သူငယ်ချင်းဟုပင် ဖြေမည်လား မသိ။

"ယမင်းနဲ့ မတည့်ဘူးလား"

"စာသင်တုန်းမှာ ဆရာလုပ်တာကလွဲရင် ဘယ်ကိစ္စမှာမှ ဘယ်သူမှ ဆရာလာမလုပ်နဲ့၊ နည်းနည်းလေးမှ မကြိုက်ဘူး"

ကျော်ဇေ တွန့်ခနဲ ဖြစ်သွားရသည်။ ကိုယ်က လူငယ်ပဲ ကွယ်၊ လူကြီးအကြိုက် လိုက်နေလိုက်ရင် ပြီးရော ... ဆိုသည့် ပြောမည့်ဆဲဆဲ စကားက လည်ချောင်းဝမှာ တန့်ခနဲ နင်သွားရသည်။

"စာမေးပွဲ ကျတာချည်းပဲ ဖိပြောနေတယ်၊ ကျက်တာနဲ့မှ မတိုးတဲ့ဟာ ဘယ်လိုလုပ်မလဲ၊ မေးခွန်းထုတ်တဲ့သူက ယမင်း ကျက်တာကို ဘာလို့မမေးသလဲ ... ကဲ"

"ယမင်းက အကုန်မကျက်ဘူးလား"

"ဟာ ... သေရောပေါ့၊ ရှစ်ဘာသာကြီး"

ဝိဇ္ဇာသိပ္ပံ မခွဲသေးသည်မို့ ရူပနှင့် ဓာတု နှစ်ခုပေါင်းမှ တစ်ဘာသာ၊ ပထဝီနှင့် ဘောဂ ပေါင်းမှ တစ်ဘာသာ၊ တစ်ခုချင်း ပြန်ခွဲထုတ်လိုက်တော့ ရှစ်ဘာသာ။ ယမင်း ပခုံးလေး တွန့်ပြပုံက အချိုးတကျ ရှိလှ၏။ မှန်ရှေ့မှာထိုင်ပြီး ပခုံးတွန့်နည်း ကျင့်ထားလေရော့သလား မသိ။

"ခင်ဗျားကရော ကျက်လို့လား အကုန်၊ ကျက်တာနဲ့တိုးပြီး ဆေးကျောင်း ရောက်လာတာ မဟုတ်ဘူးလား"

"သေပါတော့ကွာ"

"ဘယ်သူလဲ ... ခင်ဗျားကြီးလား"

ယမင်း ပါးစပ်ထဲရောက်မှ ကျော်ဇေ့ တန်ဖိုးအာ လုံးဝမဲ့သွားရသလိုပါပဲ။



ယမင်းလို ရှစ်ဘာသာကြီးပါပဲ၊ အဲဒီ ရှစ်ဘာသာကြီး မှာ ပြဋ္ဌာန်းစာအုပ်တွေရော၊ ကျောင်းက ဆရာ ဆရာမတွေ ပေးတဲ့ မှတ်စုတွေရော၊ ဟိုက ဒီကရသမျှ ကောင်းနိုးရာရာလေးတွေပါ၊ ကျူရှင်ဆရာပေးတဲ့ ခန့်မှန်းတွေပါ ရောမွှေပြီး တစ်လုံးမကျန် စိစိ ညက်ညက်ကျေအောင် ဝါးမျိုချနိုင်သည်အထိ ကျက်ခဲ့ရတာတွေ။ နီသာလင်းရော တစ်ညလုံး တစ်မှေးမှတောင် မမှေးလိုက်ရတာတွေ။ ဒါတွေကို ပြောပြလျှင် ယမင်းသက်ဝေ ဆိုသည့် ချာတိတ်ဆိုးမလေး ထ ထိုင်ထိုင်ပြီး ဟားလိမ့်မည် ထင်သည်။ သူ တစ်ခါက ပြောဖူး ပါရောလား။

"နေ့မအိပ် ညမအိပ် စာကျက်တဲ့ သူတွေလောက် ထိုင်းဒုက္ခ ကိုယ်ရှာတာ မရှိတော့ဘူးတဲ့"တဲ့။ ယမင်းတို့များဖြင့် ကျောက်ပေါင် ... တဲ့။ ဆေးတက္ကသိုလ်ဆိုတာ ကြက်ကန်းဆန်အိုး တိုး ပုံစံမျိုးနဲ့ လွယ်လွယ်ချောင်ချောင် ရောက်လာနိုင်တယ်များ မှတ်နေသလား မသိပါ။

"ယမင်းတို့တော့ ကိုယ့်တစ်နိုင်လေးပဲ ရွေးကျက်တယ်၊ ပါရင်ဖြေ၊ မပါရင် မဖြေနဲ့၊ ဒါပဲ၊ စကားပုံ ရှိတယ်မဟုတ်လား၊ တစ်နေ့ တစ်လံ ပုဂံဘယ်ရွေ့မလဲ ... တဲ့၊ တစ်နေ့ နေ့တော့ အောင်ရမှာပေါ့၊ ဒီကိုးတန်း ဆယ်တန်းလေးကို"

"တစ်နေ့ တစ်လံ ပုဂံဘယ်ရွေ့မလဲ ဆိုတာက လျှောက်လှမ်း နေတဲ့သူ့အဖို့ ပြောတာမဟုတ်လား ယမင်းရဲ့၊ တစ်နေရာ တည်းမှာ ရပ်နေတဲ့သူ အဖို့ကျတော့ ပုဂံကလည်း မရွေ့ဘူး၊ လူကလည်း မရွေ့ဘူး၊ ဘယ်တော့ ရောက်မှာလဲ"

"မရောက်လည်း မပူပါဘူး၊ ဖေဖေက ယမင်းတစ်သက် စားမကုန်အောင် ထားခဲ့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းဆိုတာ သန်္ခါရပဲ ယမင်းရာ"

"ပညာရှေ့အိုး လူမခိုး ... ဆိုတာလေးပါ ထည့်ပြော"

ယမင်းသက်ဝေ မဲ့ပြုံပုံလေးက လှလွန်း၏။

"ပညာရှာပမာ သူဖုန်းစား ... တဲ့။ ပညာလို အိုသည်မရှိ — တဲ့၊ သိပ် ဆရာ,မလုပ်နဲ့ ဦးကျော်ဇေ၊ ဆယ်တန်းမအောင်သေးပေမဲ့ ခင်ဗျားကြီး ဖတ်သလောက် ယမင်း ဖတ်တယ် ဆိုတာ ... သိထား"

"ခင်ဗျားကြီး" တစ်ခွန်းခေါ်တိုင်း ရင်ထဲ ခါးခဲ့ဝင်သွားပေမဲ့ အမဲ့လှလှလေးကိုပဲ ကိုးကွယ်ရသူမို့ ကျော်ဇေ... အပြုံးမပျက်နိုင်အောင် ရှိချေ၏။ ယမင်းသည် မျက်စောင်းထိုး... နှုတ်ခမ်းစူ စသည့် အလှဖျက်ပညာမျိုးစုံကို အလှလွန်အောင် ကျွမ်း... ကျင်စွာ ပြုမူတတ်လေ၏။ ဘယ်လိုပါရမီမျိုးနဲ့ ကုသိုလ်ထူးနေသလဲ... ယမင်းရယ်။

"ယမင်း ဒီနေ့လည်း ကျောင်းမတက်ဘူးနော်၊ ကိုယ့်ကိုချိန်... တဲ့ကိစ္စကို ပြောပါဦး"

"အမယ် ... ချိန်းတာ မဟုတ်ပါဘူး၊ ချိန်းတယ်ရယ်လို့... အောက်ကျ နောက်ကျ ရှိလိုက်တာ၊ ခေါ်တာပါ၊ ဆင့်ခေါ်... တာ"

ဒီလို ကြီးကြီးကျယ်ကျယ် ပြောတတ်ပုံလေးတွေ... ပဲ ချစ်နေရပြန်၏။

"ဒါဖြင့်လည်း ဆင့်ဆို ဟဲ့ အကြောင်းကို အမိန့်ရှိပါ"

"ယမင်းမှာ ရည်းစား ဆယ့်ခုနစ်ယောက် ရှိတယ်၊ အဲ... ခင်ဗျားကြီး သိလား"



ကျော်ဇေ့ မျက်နှာ မည်းခနဲ ပျက်လေ၏။ ယမင်းနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိမခံ၊ လေတိုးလျှင်တောင် ကျိုးနိုင်သည်အထိ စိတ်က နုသည်။ အခင့်ဆုံး သူငယ်ချင်း နောင်ရဲကိုတောင် ယမင်းကို မပြရဲတာ ကြည့်ပါတော့။

"ဘာဖြစ်သွားတာလဲ၊ ဒီမျက်နှာကြီးက"

ကြက်ဖအိုကြီး လည်လိမ်ထားလျှင် ကျော်ဇေ့ထက်တော့ ကြည့်ကောင်းဦးမည် ထင်သည်။

"ဒါနဲ့များ ... သူ့ကိုယ်သူ စာတော်တယ် ကြွားချင်သေးတယ်၊ ရည်းစားဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်လည်း မသိဘူး၊ မှတ်ထားရှင့်၊ ရည်းစားဆိုတာ အထူးသဖြင့် ရည်ရွယ်ထားတဲ့သူ"

အထူးသဖြင့် ရည်ရွယ်ထားသူချည်း ဆယ့်ခုနစ်ယောက်ဆိုတော့ကော ကောင်းနိုင်သေးရဲ့လား ... ဟု ရင်ထဲမှာပဲ မေးဖြစ်ပါ၏။

"မိန်းကလေးဆိုတာ ရွေးရမယ်ဆို ... အိမ်က မိထွေး ... ကဲ့ အန်တီဆရာမ ဩဝါဒ ပို့ချထားတာပဲလေ၊ ဒီတော့ ရွေးရမှာပေါ့၊ ရွေးတဲ့အထဲက ဆန်ခါတင် ဆယ့်ခုနစ်ယောက်"

ရင်ထဲမှ ပီသာလေးကြီး ငါးဆယ်သားလောက်တော့ လျော့သွားသလိုပါပဲ။ သို့ပေမဲ့ ... မြန်မာစာမှာ ရည်းစား၏အဓိပ္ပာယ်ဘယ်လိုပဲရှိရှိ၊ အသုံးလေ့မှု ဆိုတာက ရှိသေးသည်။ ဆန်ခါတင်မှတ်ပြီး ကြည့်တုန်း ရွေးတုန်း ဆိုသည့် လူတွေကို မြန်မာယဉ်ကျေးမှုက "ရည်းစား"ဟု မသတ်မှတ်ပါ။ ရည်းစား ဆိုသည်က အထပ်ထပ် စစ်ဆေးရွေးချယ်ပြီး သူရော ကိုယ်ပါ နှစ်ဦးစုံမက် မြင်... ပြီး တစ်တဝလုံး အတူပေါင်းဖို့ ရည်ရွယ်ထားသူကိုမှ ရည်းစားသတ်မှတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ယမင်းချစ်သူ မဟုတ်သေးဘူး၊ အဲဒီ ဆန်ခါတင်တွေကို အင်တာဗျူး လုပ်နေတာ၊ ဒီနေ့ အလှည့်ကျတာက ခင်ဗျား"

"သြော် ..."

မေမေ မေမေ၏ သားငယ်လေး၊ အစ်မတွေကြားထဲမှ မောင်အငယ်ဆုံး၊ အလိမ္မာတုံးလေးအဖြစ် တစ်သက်လုံး ဖူးဖူးမှုတ်ခံခဲ့ရသမျှ လျှော့ခနဲကျ ဆိုသလိုပါပဲ။ ငါနယ် ... ဟုသာ ကျိုးအော်ချင်မိတော့သည်။

✻ ❈ ✻

"ပထမအချက်အနေနဲ့ မင်္ဂလာကို အကြီးကျယ်ဆုံး ဆောင်ချင်တယ်"

မင်္ဂလာပွဲထိုင်ကြီးမှာ သတို့သားနှင့် သတို့သမီး လက်ချင်းချိတ်၊ ရွှေရုံလေးလှမ်း၊ လူတွေအားလုံးက ဝိုင်းကြည့်၊ ဝေဖန်ကြ၊ အကောင်းနှင့် အဆိုးမှာ အဆိုးဝေဖန်မှုက ပိုပါလိမ့်မည်။ ဒါမျိုး ကျော်ခေ သိပ်ရှက်၏။

"ကိန္နရီလေးကို လင်းတကြီး ချီလာသလိုပဲ"

ဒီလို အပြောခံရမှာ မလွဲပါ။ ကျော်ခေက ယောကျ်ားကောင်းတစ်ယောက်၏ အရည်အသွေးတွေ ပြည့်စုံပါသည်ပဲထားဦး၊ အသားညိုညို အရပ်ရှည်ရှည်နှင့်မို့ ကိုယ်ခန္ဓာကြီး ကိုင်းလျှောက်တော့ ငှက်ကြီးဝံပို အစာရှာထွက်သလို လင်းတကြီး ဝဲသလို ဖြစ်နေတတ်သည်။ ကျော်ခေ ... မျက်နှာမထားတတ်အောင် ရှက်ရတာနှင့်ပင်



တစ်မျက်နှာလုံး ရဲရဲတွတ်ကာ ကျီးအာသီးလိုလို ကင်းပုံသီးလိုလို ဖြစ်ရဖို့ရှိ၏။

"ဘယ့်နှယ်လဲ"

"အင်းလေ ..."

"မသက်မသာကြီးပါလား"

မေမေနှင့် အစ်မတွေကလည်း ဒီမောင်၊ ဒီသားအငယ်ဆုံးလေး မင်္ဂလာပွဲမှာ အလှပြင်ဆရာမတွေ၏ မွမ်းမံမှုတွေနှင့် ပဝါတကားကားချကာ ဆင်နွဲချင်မှာ မလွဲ။ ဘယ်လိုမှ တားရမှာ မဟုတ်သည့်တူတူ ရှိစေတော့။

"ဘာအလုပ်မှ မလုပ်ချင်ဘူး"

"ဒါတော့ စိတ်ချ၊ မိန်းမ အလုပ်လုပ်တဲ့မှုကို မကြိုက်တာ"

"အလဲ့ ... ဘယ်ဆိုးလို့လဲ"

"ခုခေတ်မှာ ဆရာဝန်တွေ သိပ်များနေပြီလို့ ပြောကြပေမဲ့ ... မိသားစုတစ်စုရဲ့ ဖူလုံမှုကိုတော့ ကိုယ် ပြည့်အောင် ဖြည့် ...နိုင်မှာပါ"

"အို ... ဒါပြောတာ မဟုတ်ဘူး"

"ဒါဖြင့် ... ဘာလဲ၊ ပြောလေ"

"ထမင်းမချက်ဘူး၊ အဝတ်မလျှော်ဘူး၊ တံမြက်စည်းတစ်ချက် မလှည်းဘူး၊ အဲဒါ ပြောချင်တာ"

ခုခေတ်မှာ ထမင်းချက် အဝတ်လျှော် လုပ်ကြသည့် အိမ်ရှင်မဦးရေက တော်တော်ရှားနေတာတော့ အမှန်ပါ။ အိမ်ရှင်မတွေ အလုပ်ထွက်လုပ်ကြသည်မို့ အိမ်ဖော်လေး တစ်ယောက်တော့ ငှားမြဲ။ အိမ်မှာလည်း မေမေနှင့် အစ်မတွေ အဝတ်လျှော် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ချက် မည်သူမျှ မလုပ်ကြပါ။ အစ်မတွေက အလုပ်သွား၊ မေမေက အလုပ်မသွားပေမဲ့ စိမ်ခန့်ခွဲရတာနှင့်ပင် မအားနိုင်အောင် ရှိလှသည်။

"ရပါတယ်၊ အိမ်မှာဆို မေမေလည်း ထမင်းမချက်ပါဘူး၊ အဝတ်လည်း မလျှော်ဘူး၊ ဒါပေမဲ့ ..."

"ဆိုပါဦး"

"မနက်မိုးလင်းတာနဲ့ ရေခဲသေတ္တာဖွင့်၊ အသားတွေ၊ အရွက်တွေ၊ အသီးတွေထုတ်၊ ဒီနေ့ ဘာဆီပြန်၊ ဘာချဉ်ရည်၊ ဘာသုပ်၊ ဘာတို့ ဆိုတာတွေပြော ... ဆီပြန်မှာလည်း တချို့ကျတော့ တကယ့်ကို ဆီချည်းကျန်တဲ့ ဆီပြန်၊ တချို့ကျတော့ ဆီလည်းကျန် ရေလည်းကျန်ဆိုတဲ့ ဆီပြန်မျိုး၊ ငရုတ်သီးကြက်သွန် ထောင်းတဲ့အခါမှာ အမဲသား၊ ဆိတ်သားဆိုရင် စပါးလင် ချင်းထည့်ထောင်းခိုင်း၊ ငါးဆိုရင် မေမေက ချင်းပါတာ မကြိုက်ဘူး၊ စပါးလင်လောက်ပဲ ...

"အဲဒါမျိုးတွေ စီမံရတာယ်၊ တစ်ခါတလေ ဟင်းအိုး ကိုယ်တိုင် ဝင်ပြင်တယ်၊ အိမ်တံမြက်စည်းလှည်းတဲ့ ကလေးမတွေဆိုတာကလည်း သဘောလောက် လှည်းကြတာ မဟုတ်လား ...

"ကြမ်းရောင်က မှန်လိုပြောင်ဖို့ တံခါးလက်ကိုင်ကြေးဘုတွေ ရွှေရောင်တောက်လာအောင် တိုက်ဖို့ကအစ မေမေ ကိုယ်တိုင် လိုက်မကြည့်လို့ မရဘူး ...

"ခြံထဲလည်း ခြံထဲအလျောက်၊ မာလီ ထင်တိုင်းကြ ဖို့ လွှတ်ထားလို့ မရဘူးတဲ့၊ ပန်းတွေ ခိုးရောင်းချင်ရောင်း ရေမရောက်လို့ ခြောက်ပြီး သေတဲ့အပင်က သေ ...



"မျက်စိထဲ အမြဲလှနေဖို့ ပန်းအိုးထားတာကအစ သူ့နေရာနဲ့သူ ရွှေ့ဖို့ ပြောင်းဖို့တွေပါ မေမေ အမြဲလိုက်ပြောနေရတော့ မေမေ့ ခမျာ ... အလုပ်သာ မရှိတယ်၊ ရှုပ်လိုက်တဲ့ အလုပ်က နားကို မနေရဘူး"

ကိုယ့်အရှိန်နှင့်ကိုယ်မို့ ယမင်းကို မကြည့်ဖြစ်ပါ။ မေမေ့ အကြောင်း ပြောရသည်မို့လည်း စိတ်ပါလက်ပါ ရှိလှသည်။ အမေ့ကို ချစ်သည့်သားမို့ အမေ့တန်ဖိုးကိုလည်း ချီးကျူးချင်သည်။ ပြောစရာကုန်လို့ ယမင်းကို ကြည့်လိုက်မှ ရှုံ့မဲ့ကာ လက်တခါခါ ခေါင်းတယမ်းယမ်း ဖြစ်နေမှန်း သိတော့သည်။

"အံ့ရော ... အံ့ရော ... ခင်ဗျားကြီး အခုလျှောက်ပြောသွားတာတွေတောင် တစ်ခုမှ မသိဘူး၊ တစ်ခါမှလည်း မကြားဖူးဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေမှာ ယောက်ျားဖြစ်ပြီး ... ဘာဖြစ်လို့ ဒီလောက် လိုက်သိနေသလဲဆိုတာ စဉ်းစားလို့တောင် မရဘူး၊ အဟုတ် ..."

"အိမ်ဖော် ဆိုတာက မြဲမှမမြဲတာ၊ ရှေးခေတ်ကသာ အိမ်ဖော်တွေကို ပိုင်တာ၊ ခုခေတ်ဆို ... အိမ်ရှင်က ပြန်ချော့နေရတာ၊ ပွဲစားတွေကဒုက္ခပေး၊ အိမ်ဖော်တွေက မာရေကျောရေ ဖြစ်လာတော့ အိမ်မှာအိမ်ဖော်ပြတ်နေတဲ့ ရက်ပိုင်းတွေရှိလာတယ်"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"အိမ်မှာ အိမ်ဖော်ပြတ်နေရင် မေမေကိုယ်တိုင် ဟင်းချက်၊ အိုးတိုက် ဝင်လုပ်တော့ အစ်မတွေက အဝတ်လျှော်ကြ၊ မီးပူတိုက်ကြ၊ ကိုယ်က တံမြက်စည်းလှည်း၊ ငရုတ်သီး ထောင်းပေး၊ ရေကျက်အေးတွေ သောက်ရေအိုးထဲ ထည့် ဆိုတာမျိုး အမြဲလုပ်ပေးနေကျမို့ သိနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... အိမ်ဖော်ပြုတ်တဲ့အခါမှာ ဝင်လုပ်ပေါ့"

"ဒါ ... ဘာမှ မယဉ်းပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူး"

"ယမင်းနဲ့ကျရင် ယမင်းက ဘာမှ ပြန်ကြည့်မှာ မဟုတ်ဘူး၊ ထမင်းဝိုင်းကြီး ပြင်ပြီးမှ ဟင်းချေးများတတ်တာ ... ဘာဟင်းနဲ့ ဘာချဉ်ရည်နဲ့ လိုက်မှန်းတောင် မစီမံတတ်ဘူး"

ဘုရားရှူး မိုးကြိုးပစ် မိန်းမသားပါဟု ကျိန်ပြောရတော့မည် ထင်ပါရဲ့။

"ကိုယ့်လုံချည် ချွေးဆွဲလို့ သုံးထောင့်ပြဲရင်လည်း မချုပ်တတ်ဘူး၊ ဆိုင်က တပ်ပေးလိုက်တဲ့ နှိပ်စေ့တွေ မခိုင်ဘဲ ပြုတ်ထွက်လို့ မဝတ်ဘဲ ပစ်ထားတဲ့ အင်္ကျီအကောင်းတွေလည်း အများကြီးပဲ"

ဒါလောက်ထိတော့ ဖြစ်နိုင်မည် မထင်ပါ။ တမင်တကာ စမ်းတာပဲ ဖြစ်ရမည်။ ဘယ့်နယ် ... မိန်းကလေးပဲ။ ဒီလောက်ထိ ပရမ်းပတာ နိုင်ပါ့မလား။ ကျော်ဇေ ကျိတ်ပြုံးလေ၏။

"ရတယ်လေ ... ပြီးတော့ မကောင်းတာတွေ ဘာရှိသေးလဲ အကုန်ပြော"

"သူများကို မိုလ်ကျအနိုင်ကျင့်ရတာလည်း အရမ်းဝါသနာပါတယ်၊ ကိုယ့်ဘက်ကျတော့ နည်းနည်းလေးမှ သည်းမခံနိုင်ဘူး"

"အဲဒါလည်း ဖြစ်တယ်"

"ပိုက်ဆံကို ဘယ်နေရာမှာမှ ဘယ်လိုအကြောင်းပြချက်နဲ့မှ မချွေတာနိုင်ဘူး၊ ခင်ဗျားကြီး ... တစ်နေ့ကို မုန့်ဖိုးဘယ်လောက်ရလဲ"



"ရှစ်ကျပ်"

"ဘာ ..."

"ရှစ်ကျပ်လေ ... စနေ တနင်္ဂနွေ မပေးဘူး၊ တစ်ပတ်မှာ ငါးရက်နှုန်းနဲ့ တွက်တော့ တစ်လကို တစ်ရာ့ခြောက်ဆယ်ရတယ်၊ မကုန်ပါဘူး၊ ထမင်းဘူးလည်းပါတော့ တစ်နေ့ကို ရှစ်ကျပ်ဖိုးကုန်အောင် ဘယ်စားဖြစ်မလဲ၊ အပေါင်းအသင်းနဲ့ စားတဲ့အခါကျတော့ နှစ်ဆယ်၊ အစိတ်ကုန်တဲ့နေ့ ရှိတယ်၊ တစ်နေ့လုံးမှ တစ်ပြားမှ မကုန်တဲ့နေ့လည်း ရှိတယ်"

"သွားပြန်ပြီ ... ယမင်း တစ်နေ့ကို မုန့်ဖိုးဘယ်လောက် သုံးသလဲတော့ တိတိကျကျ မပြောနိုင်ဘူး၊ တစ်လ တစ်ထောင်ရတာ၊ လတိုင်း ကြွေးတင်တယ်"

"ဟင် ... များလှချည်လား"

"မျက်စိရှေ့ တွေ့သမျှ၊ ကြိုက်သလိုလိုရှိရင် ဝယ်ပစ်တာပဲ"

"ဩော် ... အသုံးအဆောင် အဝတ်အစား ဆိုတာမျိုးကတော့ မေမေ ဝယ်ပေးတာပေါ့၊ ကိုယ်လည်း ... ကိုယ့်တစ်ရာ့ခြောက်ဆယ်ထဲက မဝယ်ရပါဘူး၊ ဒါတောင် ... မေမေက ခဏခဏပြောတယ်၊ တစ်ရာ့ခြောက်ဆယ် ဆိုတဲ့ ပိုက်ဆံဟာ ပါချို့မိသားစု သုံး၊လေးယောက် ထမင်းစားရတာတဲ့"

"ဗိုး ... သွားပါပြီ၊ သွားပါပြီ"

"ဘာသွားတာလဲ ယမင်း"

"ဘယ်သူဝယ်ပေးတာမှ စောင့်မယူနိုင်ပါဘူး၊ ယမင်းရဲ့ မှန်တင်ခုံ အံဆွဲထဲမှာ ငွေတွေအထပ်လိုက် လာထည့်ပေးထား၊ ကြိုက်သလောက် ယူသုံးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ဗုံးပေါလအောကြီးကျတော့ အမေရိကန်နိုင်ငံမှ သန်းကြွယ်သူဌေး သမီးတောင် သုံးဖြစ်မည် မထင်ပါ။ ယမင်း တမင်တကာ ပြောထာပဲ ဖြစ်မှာပါလေ။

"သုံးပါ ယမင်း ... ကိုယ်ရှာမယ်"

"အပြောမကြီးနဲ့နော်၊ အိမ်စရိတ် စားစရိတ်မပါ၊ လက်လွတ်အသေးသုံးကို တစ်လသုံးထောင်လောက်ပေးမှ ယမင်း စိတ်ပျော်မှာ"

"ပေးမယ် ... စိတ်ချ"ဆိုတာမျိုး ပြောဖို့ ကျော်ဇေဝန်လေးမိတော့သည်။ ယမင်း တမင်တကာ ပြောနေမှန်း သိသည်မို့၊ လက်တွေ့မပါရမည့် ကတိတွေမှန်း သိသည်မို့ ရဲရဲကြီး ခေါင်းညိတ်နေတာမျိုးကျတော့ ပေါကြောင်ကြောင် နိုင်လှသည်ဟု ထင်မိလေ၏။

"ဘယ်လိုလဲ ... ငြိမ်သွားပြီလား"

"ယမင်းက ကလေးသာသာဆိုတော့ ကိုယ့်စိတ်ကို စမ်းတဲ့အနေနဲ့ ပြောချင်ရာ ပြောလို့ရတယ် ယမင်း၊ ယမင်းပြောသမျှ ကိုယ်က လိုက်ခေါင်းညိတ်ပြရတာ ကျတော့ ပေါတောတော မနိုင်ဘူးလား"

"ဒါ ... ယမင်းကို ပေါတောတောလို့ စွပ်စွဲတာပေါ့"

"မဟုတ်ပါဘူး၊ ယမင်းကို ချစ်တဲ့နေရာမှာ ဘယ်သူနဲ့မှ မယှဉ်သာဘူး၊ ကိုယ် သိပ်ချစ်တယ် ယမင်း၊ ဒီတော့ ... ကိုယ်သည်းခံမှာပါပဲ၊ အဲဒါကို ယမင်း စိတ်ချ ...

"ယမင်း ဆင်းတောင့်ဆင်းရဲ ဆိုတာမျိုးလည်း ဘယ်တော့မှ မဖြစ်စေရဘူး၊ ကိုယ် ... တင့်တောင့်တင့်တယ် ထားနိုင်ပါတယ် ...



"ဝေယျာဝစ္စအနေနဲ့ဆိုလည်း ကိုယ်သိပ်ချစ်တဲ့ ယမင်းကို ခိုင်းရက်ပါ့မလားကွာ၊ ကိုယ်မကျွဲဘဲ နေမတဲ့လား၊ ဒီလောက်ဆို ... ယမင်း မေးခွန်းတွေကို အားလုံးဖြေပြီးသား ဖြစ်ပြီပေါ့"

"အင်း ... မဆိုးပါဘူး"

"မဆိုးရုံပဲလား ယမင်း"

ယမင်း ခစ်ခနဲ ရယ်သည်။

"ယမင်း ကိုယ့်ကို ချစ်တယ်လို့ ပြောတော့မလား"

"ဘာလို့ ပြောရမှာလဲ"

"အင်တာဗျူးမှာ ကိုယ်မအောင်ဘူးလား ယမင်း"

"အောင်သားပဲ"

"ဒါဖြင့် ..."

"ယမင်းမှ ခင်ဗျားကြီးကို မချစ်တာ"

"ဟင် ... ဒါနဲ့များ ယမင်းရယ်၊ ကိုယ့်မှာဖြင့် ဖြေလိုက်ရတဲ့ မေးခွန်းတွေ"

"ယမင်း မချစ်ပေမဲ့ လက်ထပ်သင့်တဲ့ လူအဖြစ် ရွေးချင်ရွေးမှာပေါ့၊ ရည်းစားတွေ အများကြီးထဲက ရည်းစားခေါင်းချုပ်ကြီးအဖြစ် ထားချင်ထားမှာပေါ့"

"ခု ... ထားပလား"

ကျော်ဇေ ... စိတ်ထဲ တိုတိုရှိလာမိလေ၏။

"ဟင်အင်း ... အဲဒီ အဖြေလောက်ကတော့ လူတိုင်းပေးကြတာချည်းပဲ၊ ခင်ဗျားကြီးဟာ သူများတွေထက် အမှတ်ပိုမရပါလားဗျာ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်တာဗျူး လုပ်လိုက်ရတဲ့ အချိန်တွေ နမြောလိုက်တာ ကုန်သွားပြီ၊ ဘယ်လိုမှ ပြန်မရတော့ဘူး၊ ဒီအချိန်လောက်သာ ဗိုလ်ချုပ်ဈေးထဲမှာ သုံးလိုက်ရရင် ...

"အနည်းဆုံး နှုတ်ခမ်းနီတစ်တောင့်နဲ့ ဖိနပ်တစ်ရန်တော့ ရမယ်၊ ခုတော့ ... ဘာမှမရလိုက်ဘူးဗျာ၊ နာတယ်"

ကျော်ဇေ့ဆီမှာ သိက္ခာဆိုလို့ တစ်ရွေးသား ကျန်သေးသတဲ့လား။

ဆိုးတဲ့ ယမင်းရယ် ...။

* * *

ကျော်ဇေ့ ရင်ထဲမှာ အောင့်သက်သက်နှင့်ပင် ယမင်းကို သတိရနေသည်။ သတိရဆဲမှာ စိတ်ထဲ ဘဝင်မကျ ဖြစ်နေရသည်။ ယမင်းသည် တော်တော့်ကို မိန်းမ မပီသသည့်မိန်းမ။ မိန်းမသားဖြစ်ကြောင်း ကျမ်းကျိန်ဖို့တောင် လိုပြီဟု ထင်သည်။ မိန်းမတစ်ယောက်၏ အပြုအမူ အနေအထိုင် အပြောအဆို စသည်စသည်များ ယမင်းမှာ တစ်ခုမျှ မရှိပါ။

ကြည့်လေ ... မော်တော်ဆိုင်ကယ်များ စီးသွားလိုက်တာ ဝူးခနဲ ဝေါခနဲ။ ဘောင်းဘီရှည်တို့ ရှပ်အင်္ကျီစပို့ရှပ် ဆိုတာမျှ ထည်လဲ။ ယောကျ်ားပေမဲ့ ရှေးဆန်သည့် မိခင်နှင့် အစ်မအပျိုကြီးတွေကြားမှာ ဗိုင်းကောင်းကျောက်ဖိလို ဖြစ်နေသည့် ကျော်ဇေ့မျက်စိထဲမှာ ယမင်းသည် အချိုးတကျကို မရှိချေ။

"မင်းဟာမလေးက သုံးလို့ရမဲ့ပုံ မပေါ်ပါဘူးကွာ၊ လုပ်မ[illegible]နဲ့"



နောင်ရဲ့နှင့် ဖွင့်တိုင်ပင်တိုင်း နောင်ရဲက ကန့်ကွက်မဲ[illegible]ည်း ပေးသည်။

"မင်း ... ရုပ်ကလေးတစ်ခု လှတာမက်နေလို့ ဖြစ်မလား"

နောင်ရဲကတော့ ပြောမည်ပေါ့လေ။ ယမင်း ဘယ်[illegible]သောက်လှတယ် ဆိုတာ သူမှ မတွေ့ဘူးတာ။ ရုပ်ကလေးတစ်ခု [illegible]နေခြင်းဖြင့် မိန်းမသားတစ်ယောက်အဖို့ ပြီးပြည့်စုံပြီဟု မဆိုသာ[illegible]ပ်ကြား၊ အလှသည် တော်တော်လေး အဓိကကျသည့် နေရာမှာ [illegible]သည်ဟု ကျော်ဇေ ထင်မိပါ၏။

"ငါ ... သူ့ကို နည်းနည်း စိတ်ပျက်တယ်ကွာ"

"နည်းနည်းပဲလား များများပျက်စမ်းပါကွ"

နောင်ရဲက ထာဝရ ဆန့်ကျင်သည်။ တစ်ခါတစ်ရံ [illegible]ရအောင် ဝေဖန်ပြန်တော့လည်း ကျော်ဇေ မခံနိုင်ချေ။

"ဒီလောက် မပြောပါနဲ့ကွာ"

"ဟ ... ငါက မင်းကောင်မလေးကို မြင်ဖူးတာ မဟုတ်ဘူး၊ မင်း ပြန်ပြောတဲ့အပေါ်မှာ ဝေဖန်ရတာ၊ မင်းလို ချစ်နေတဲ့ ကောင်က မဟုတ်တမ်းတရမ်းတော့ ဘယ်ပြောပါ့မလဲ၊ လျှော့လျှော့ပေါ့ပေါ့တောင် ပြောဦးမယ်၊ မင်း ... စဉ်းစား ကြည့်၊ မင်းအမေနဲ့ ဖြစ်မလား"

ကျော်ဇေ ခေါင်းခါမိပါ၏။

မေမေနှင့် ဘယ်လိုမှ မဖြစ်တာ သိပ်သေချာသည်။ [illegible] ခုခေတ် မိန်းကလေးတွေကို တစ်ရာမှာ ကိုးဆယ်လောက် [illegible]ရတတ်သည့် မေမေ။ဟိုးတစ်နေ့က ကမာရွတ် လှည်းတန်း [illegible]မှာ ယမင်းတို့အဖွဲ့နှင့် သွားတိုးသည်။ မေမေ ကျူးဝယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျော်ဇောက ခြင်းတောင်းဆွဲ၍ လိုက်ပေးသည်ကို ယမင်း တအံ့တသြ ကြည့်နေပုံကို မျက်စိထဲမှ မထွက်။

"ဟာ ... ခင်ဗျားကြီးက ဒါမျိုးတွေလည်း ရသလား"

ဈေးဝယ်တတ်သလားဟူ၍ အထင်ကြီးခြင်းမျိုး မဟုတ်ပါ။ ယမင်း မျက်ဝန်းမှာ ကျော်ဇောကို အမေ့ထဘီစဆွဲ၍ တန်းလန်းပါနေသည့် ချာတိတ်တစ်ယောက်လို အထင်သေးခြင်းများစွာ တွေ့ခဲ့ရပါ၏။

"ယမင်းတို့အဖွဲ့ မုန့်လာစားတာလား"

"ဟုတ်တယ်၊ ဈေးတန်းထဲ တစ်ခါမှ မလျှောက်ဘူးလို့ အတွေ့အကြုံ အသစ်ကို လေ့လာရေး ဆင်းတာ"

ပြောပြီး ... ပေါ့ပါးစွာ ရယ်သည်။

"ရွှံ့တွေ ဗွက်တွေပေတာ ပျော်စရာကြီး"

မိန်းမသားတစ်ဦး ဈေးလာ၍ ဈေးတန်းထဲမှ ရွှံ့ပေတာကို၊ မိုးရွာထဲ ထွက်ဆော့ခွင့်ရသည့် ကလေးနှယ်၊ ယမင်း တကယ်ပျော်နေတာကို ကျော်ဇေ အံ့သြရသည်။

"ဘာတွေ ဝယ်လာသလဲ"

မေမေက ခပ်လှမ်းလှမ်းမှာ လိမ္မော်သီးတွေ ရွေးနေသည်။

လှည့်မကြည့်ပေမဲ့ နားစွင့်ထားလိမ့်မည် ဖြစ်ကြောင်း။ ကျော်ဇေ ကိုယ့်အမေမို့ အကြောင်းသိ၏ါ။

"ငါးခူရယ်၊ ပုစွန်တုပ်ရယ်၊ ကြက်သားရယ်၊ ဆိတ်သားရယ်၊ တစ်ပတ်စာ ဝယ်တော့ အစုံပဲ ယမင်းရဲ့၊ မေမေ ဘယ်ဆွဲနိုင်မလဲ၊ ကိုယ်လိုက်ဆွဲပေးရတာပေါ့"



"ငါးခူဆိုတာ ဘာငါးလဲဟင်"

ကျော်ဇေ ... မေမေ့ထံ လှစ်ခနဲ ခိုးကြည့်မိသည်။

"ငါးမည်းမည်း ... နှုတ်ခမ်းမွေးနဲ့လေ၊ ငါးကျီးနဲ့ နည်းနည်းဆင်တယ်၊ ငါးကျီးရော ယမင်း သိလား"

ယမင်း ခေါင်းခါသည်။ ပြီးတော့ ရယ်ပြန်၏။

"ဟင် ... တကယ်မသိတာလား၊ သိတော့ သိပြီး၊ ငါးခူနဲ့ ငါးကျီး မကွဲတာလား"

အဲဒီ ငါးခူနဲ့ ငါးကျီးက ကျော်ဇေတောင် တော်တော်နှင့် မကွဲပြားခဲ့ပါ။ မေမေ့နောက်မှ ခြင်းဆွဲအဖြစ် အခေါက်ပေါင်းများစွာ လိုက်ပါပြီးမှ သိခဲ့၏။

"တစ်ကောင်မှ မသိဘူး"

"ယမင်းတို့အိမ်က ငါးမစားဘူးလား"

"စားသားပဲ"

"ယမင်း ငါးရဲ့ကော သိလား"

"နီး"

"ငါးသလောက်ကော"

"အဲဒါတော့ သိတယ်၊ ငွေရောင်တလက်လက်နဲ့"

ငါးကြင်းလည်း တစ်ခါတစ်ရံ ငွေရောင်လက်တတ်သည်။ ငါးသလောက်ကတော့ ပိုလက်သည်ပေါ့လေ။

"ယမင်းတော့ ခင်ဗျားကြီးကို အံ့တာပဲ၊ ခြင်းတောင်းကြီး ဘယ်တစ်လုံး ညာတစ်လုံး ဆွဲရတာ မရှက်ဘူးလား"

ပြောပြီး ကျောကော့ ထွက်သွားပုံက ကျော်ဇော ခြင်းတွေပစ်ချကာ ပြေးလိုက် ပခုံးနှစ်ဖက်ဆွဲလှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဘယ်လိုမိန်းမလဲ"ဟုသာ မေးချချင်တော့သည်။ အဲသည်နေ့က မေမေ ... ကျော်ဇော့ကို စကားတွေအများကြီး ပြောခဲ့ပါသည်။

"ခုခေတ် မိန်းကလေးတွေဟာ ပညာကို သိပ်လိုက်စားရတယ် သားရယ်၊ နေ့ကျောင်းကတစ်မျိုး၊ ကျူရှင်ကတစ်ဖက်ဆိုတော့ မိန်းမသားပီသမှု၊ မိန်းမတို့ တတ်အပ်တဲ့ ပညာတွေဘက်မှာ လျော့ပါးလာတယ်၊ အဲဒါကို မေမေ လက်ခံပါတယ်"

"ယမင်းကတော့ လျော့ပါးတာ မဟုတ်ဘူး မေမေရေ လုံးဝ ... လုံးဝပဲ"ဟု ပြောပြချင်ပါဘိ။

"ငါးခူနဲ့ ငါးကျီး မကွဲပြားတာကိုလည်း မေမေ အပြစ်မဆိုပါဘူး၊ ငါးသိုင်းခေါင်းပွနဲ့ ငါးမျက်ဆံနီနဲ့ ခွဲမသိဘူးဆိုလည်း ထားပါတော့၊ အဲဒီအထိ ခွင့်လွှတ်နိုင်သေးတယ် ...

"ငါးရံ့လိုဟာမျိုးက ဘယ်ငါးနဲ့ ဆင်တူလို့ မသိရမှာလဲ၊ ဈေးထဲဝင်သွားပြီး အဲဒီငါ ဘယ်ဈေးလဲမေးရင် ဈေးသည်က မိန်းမညံ့မှန်း တန်းခနဲ သိတယ် ...

"ထားတော့ ... ဘယ်ငါးမှ မသိဘူးပဲ ထားဦး၊ မိန်းမသားတစ်ယောက် ဈေးဝယ်တာဟာ ဆယ်တန်းအောင်ရုံလောက် သင်ရမခက်ပါဘူး၊ ဆယ်ရက်လောက် လက်တွေ့သွားလိုက်ရုံနဲ့ ဖြစ်တယ်"

ကျော်ဇော ခေါင်းငုံ့နေမိသည်။

"လုပ်ချင်စိတ်ရှိတယ်၊ သင်ချင်စိတ်ရှိတယ် ဆိုရင်ပဲ မေမေ လက်ခံနိုင်ပါပြီ၊ ခုတော့ ... သားရဲ့မိန်းကလေးက အဲဒါကိုပဲ အထင်သေးပြီး လျောင်ချင် ဟားချင်စိတ် ဝင်နေတော့ မခက်ဘူးလား ...



"ခြင်းတောင်းနှစ်ခု၊ ဘယ်တစ်လုံး ညာတစ်လုံးဆွဲပြီး အမေကို ကူညီတာဟာ ရှက်စရာလား ... သား၊ မိန်းမသားဖြစ်ပြီး ဘာငါးမှန်း မသိတာနဲ့ ယှဉ်ကြည့်၊ ဘယ်သင်းက ရှက်စရာကောင်းသလဲ"

မေမေ နားစွင့်ကာ အကုန်လုံး ကြားလိုက်မှန်းသေချာလေ၏။ မေမေ့မျက်နှာ တော်တော်ပျက်နေသည်မို့ သနားသည်း သနားသည်။

"သူ ... စာတော်လား သား"

"ဟင့်အင်း ... မေမေ"

"သားရဲ့မိန်းကလေးကို မေမေ လှစ်ခနဲ တစ်ချက်ပဲ ကြည့်လိုက်ပါတယ်၊ မေမေ့သမီးသာဆိုရင် ရိုက်ပစ်ပြီ"

မေမေက သမီးအပျိုကြီးတွေကို ခုထိ ခေါင်းကိုခေါင်ခနဲ ခေါက်စရာတွေ့လျှင် ခေါက်ချတတ်သလို၊ ကျော်ဇော့ဆင်ပါးကိုလည်း ဖြန်းခနဲ လှမ်းပုတ်တတ်သေးသည်။ မေမေသည် သားသမီးတွေကို ပုံချစ်တတ်ပေမဲ့၊ ငယ်စဉ်ကတည်းက ရိုက်စရာရှိရိုက် ချော့စရာရှိချော့၊ အေးအေးဆေးဆေး ပြောသည့်အခါပြော၊ ဆုံးမ သွန်သင်မှုကို ဘယ်ဘက်ကမှ လျှော့မပေးတတ်သည့် မေမေပါ။

"ဘယ်လိုမိဘက မွေးထားသလဲလို့ မေးချင်တယ်၊ သားသမီး မကောင်းတော့ မိဘခေါင်းပဲ ဆိုရမှာပဲ"

"သူ့မှာ အမေမရှိဘူး မေမေ"

"အဖေကော"

"မရှိတော့ဘူး"

"ဟင် ... ဒါဖြင့် သူ ဘယ်သူနဲ့ နေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မိထွေးနဲ့၊ မိထွေးက အဒေါ်ဝမ်းကွဲလည်း တော်တယ်၊ သူ့ဆရာမလည်း ဖြစ်ဖူးတယ်တဲ့"

"အဲဒီမိထွေးဖြစ်သူကို မေမေ သနားပါဘိတော့"

"သူနဲ့ မတည့်ဘူး မေမေ"

"ယုံပါတယ်"

"သူ့အချိုးအချိုတ်တွေကို ပြင်ပြီး မိန်းမပီသတဲ့ တန်ဖိုးရှိသော မိန်းကလေးဖြစ်လာအောင် စောင့်စရာတောင် မလိုပါဘူး၊ ကြိုးစားပါ့မယ် ဆိုတဲ့ ကတိတစ်လုံး ရတဲ့နေ့မှာ မေမေ ပေးစားမယ်"

ဟု မေမေက ရဲရဲကြီး အာမခံသည်။ ပြုပြင်ဖြစ်စရာတောင် မလိုပါတဲ့။ ပြင်မယ်ဆိုရုံကလေးနှင့် ပေးစားမည်ဆိုတော့ ကျော်ဇေ အားတက်ချင်စိတ် ပေါက်၏။

"ကျွန်တော်လည်း သူ့အချိုးအချိုတ်တွေကို ပြုပြင်ပေးချင်နေတာပါ"ဟု ပြန်ပြောမိလေ၏။ မေမေ ခေါင်းခါသည်။ "ရမယ်မထင်ဘူး"ဆိုတာ မေမေ လုံးဝသေချာနေသည်မို့ ဤအာမခံ ရဲလေသလား။

* ❋ *

"တစ်ဖွဲ့လုံး ရုပ်ရှင်သွားမယ်၊ ဗိုလ်ချုပ်ဈေး သွားမယ် ချိန်းထားတာ၊ ကိုကျော်ဇေက တွေ့ချင်တယ်ဆိုတော့ တစ်ဖွဲ့လုံး ပါလာတာပေါ့"

ပပလှိုင်ကမှ "ကိုကျော်ဇေ" ခေါ်ဖော်ရသေးသည်။

"ဆို ... ခင်ဗျားကြီး ဘာပြောမလဲ"



"ယမင်းနဲ့ စကားတွေ အများကြီး ပြောချင်တယ်"

"ခင်ဗျားကြီး အမေက ဘာတွေ သင်လွှတ်လိုက်သလဲ"

ယမင်း ဒါမျိုးကျ လှစ်နေအောင် ပါးသည်။ ဟိုနေ့က သူ့ကို စိုးကြည့်နေသည့် အမျိုးသမီးကြီးကို ယမင်း သေသေချာချာ မြင်သည်လေ။

"ဒီမျက်နှာ သေသေချာချာ ကြည့်ထား၊ သူငယ်ချင်းချင်းတောင် ပခုံးအကိုင်မခံဘူး၊ ယောက်ျားမ နိုင်မှာစိုးလို့၊ ခင်ဗျားကြီးအမေ ဖြူသမျှ ယမင်း အကုန်မည်းတယ် ... ဒါပဲ၊ အဲဒါကိုမှ လက်ခံနိုင်ရင် ခင်ဗျားကြီးကို ဆက်စဉ်းစားမယ်"

ကမ်းကုန်ပါလေရောလား၊ ယမင်းဆိုးမလေးရယ်။

"ရုပ်ရှင်ကြည့်ချင်စိတ် ရှိရင်တော့ လိုက်ကြည့်၊ ပြောဆိုဆုံးမဖို့ ရည်ရွယ်ချက် ရှိရင်တော့ လိုက်မလာနဲ့၊ အိမ်ကမိထွေး တစ်ယောက်နဲ့တောင် နားငြီးလှပြီ"

ကျော်ဇေ လိုက်မသွားဖြစ်ပါ။ စိတ်ညစ်ပြီး ပျြန်ရစ်သည်။ ကျောင်းပြန်ပြီး ငူငေါင်နေတော့ ... နောင်ရဲက တဟားဟား ထိုင်ရယ်သည်။

"မင်း အဲဒီကောင်မလေးကို ချစ်နေတာ မဟုတ်ပါဘူးကွာ၊ မက်မောနေတာပါ၊ ရုပ်ကလေးတစ်ခု မက်နေတာပါ"

"မဟုတ်ပါဘူးနောင်ရဲ၊ ငါ ချစ်လည်းချစ်တယ်၊ စိတ်လည်း ပျက်တယ်"

"တစ်သက်လုံး ပျက်လိုက်စမ်းပါကွာ"

ကျော်ဇေ မနေနိုင် မထိုင်နိုင် စာတစ်စောင်ကောက်ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယမင်းကို အဘယ်မျှချစ်ကြောင်း၊ တကယ် လက်ထပ်ဖို့ ရည်ရွယ်ကြောင်း၊ တစ်သက်လုံး ကြင်နာယုယသွားမည်ဖြစ်ကြောင်းများ၊ သူ့အချစ်ကို လက်ခံပြီး သူ ဆရာဝန်ဘွဲ့ရသည့်အခါမှာ လက်ထပ်ဖို့ အကြောင်းတွေလည်း ပါ၏။

တစ်ခုတော့ ရှိတယ် ယမင်းရယ်၊ ယမင်းကို မီးဖိုချောင်ထဲ အမြဲဝင်နေရမယ် မဆိုလိုပါဘူး၊ ခန့်ခွဲစီမံတတ်ရုံလေးတော့ လေ့လာပေးပါ။

အဲသည် စာပိုဒ်နောက်မှာ သူ့အမေအကြောင်း၊ သူ့အစ်မတွေအကြောင်းတွေပါ ထည့်ရေးဖြစ်ပါသေးသည်။

အချစ်ကို တန်ဖိုးထားပါ ယမင်း၊ အဲဒါနဲ့ တန်းတူပညာကိုလည်း တန်ဖိုးထားပါ၊ စာလည်းကျက်ပါ၊ အစစအရာရာမှာ ပေါ့ပေါ့နေ ပေါ့ပေါ့စား မလုပ်ဘဲ လေးလေးနက်နက် ရှိပါ၊ စေတနာကို နားလည်ဖွာ ခံယူတတ်ပါ။

ဆိုတာနှင့် နိဂုံးချုပ်လေ၏။ စာက တော်တော့်ကို ရှည်သည်။ ယမင်း စာဆုံးအောင်မှ ဖတ်ပါ့မလားဟု ပူရသေးသည်။

"ရှည်းစားစာကို တဖွဲ့တနွဲ့ ရေးတာလောက် စိတ်မရှည်တာ မရှိတော့ဘူး၊ လိုရင်း တိုရှင်းပေါ့ ... တကတဲ အချိန်ကုန်ခံလို့"

ယမင်း ဤသို့ ပြောဖူး၏။ စာရွက်၏အစပိုင်းမှာ ယမင်း ကျေးဇူးပြု၍ စာကိုဆုံးအောင် ဖတ်ပါ။ တောင်းပန်ပါသည်ဟု ရေးပေးလိုက်သည်။ နောက်တစ်နေ့မှာပင် ယမင်း ပေးလိုက်လို့ပါ ... ဟု ဆိုကာ ယမင်း သူငယ်ချင်း ဆုမြတ် ကျောင်းသို့တိုင်လာရောက်ကာ အထုပ်တစ်ထုပ် ပေးလေ၏။

"ဘာထုပ်ကြီးလဲဟ"



"ယမင်း ပေးလိုက်တာ ... တဲ့"

ကျော်ဇေက အထုပ်ကို စ,ဖွင့်သည်။

"ဟော့ကောင် ... လူလယ်ကောင် အရှက်ကွဲနေဦးမယ်၊ ဘာတွေပါလာမှန်းမသိ၊ ဖွတ်ဖွင့်မနေနဲ့"

နောင်ရဲ တားပေလို့သာပဲ။ ကျောင်းကအဆောင်း နောင်ရဲအိမ်သို့ လိုက်သွားပြီးမှ အထုပ်ကို ဖြေရ၏။ စာတစ်စောင် အရင်ဆုံး ထွက်လာသည်။

ခင်ဗျားနဲ့ သင့်တော်တဲ့ လက်ဆောင်တစ်ခု ပေးလိုက်ပါတယ်။ အားနာတာနဲ့ အသစ် ဝယ်ပေးလိုက်တာ။

စာက ဒါပါပဲ။ နောက် စက္ကူတစ်ထည်ကို ဖြေလိုက်သည့်အခါမှာ မိန်းမဝတ် ပါတိတ်လုံချည်တစ်ထည်။

"တောက် ..."

ကျော်ဇေ မျက်နှာတစ်ပြင်လုံး တွတ်ထွက်ရဲကာ လုံချည်စကို ကန်ထုတ်ပစ်လိုက်သည်။ နောင်ရဲ ... ခ ငိုင်းဆိုအော်ရယ်မည် ဖြစ်သော်ငြား၊ ခုတော့ ... သူပါရော၍ ဒေါသထွက်သေ၏။

"မိုက်ရိုင်းလိုက်တဲ့ မိန်းမ"

ကျော်ဇေလို လူရိုးလူအေးက ချစ်မိလျှင် တန်းတန်းစွဲ၊ မုန်းမိလျှင် တစ်ဖက်စွန်း။

အဲသည်နေ့ကစ၍ ယမင်းသက်ဝေကို အမုန်းကြီးမုန်းခဲ့လေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရင်မှာဝေဒနာ

လွမ်းစိတ်ဝှန်ဖြိုး၊ လွမ်းပင်ပျိုးသည်
လွမ်းမိုးလည်းရွာ၊ လွမ်းသည့်မြေမှာ
လွမ်းနေခြည်ဖျန်း၊ လွမ်းမြူလျှမ်းဝေ
လွမ်းပန်းငယ်ပွင့်၊ လွမ်းဖူးဆင့်ခဲ့
လွမ်းညှဥ့်ရှည်၍၊ လွမ်းပွင့်ငိုက်ကျ
လွမ်းနိုက်မတည်၊ လွမ်းဆိပ်ရည်လူး
လွမ်းသည်ကွယ်လေ ... လွမ်းမပြေနိုင် ...
လွမ်းနေလွမ်းရင် လွမ်းလွန်းတည်း။ ။

လွမ်းတာကို ဘယ်လိုဖြေရမလဲ၊ ဖြေလို့ကို မပြေနိုင်ပါလား ကိုရဲရေ၊ ရင်ထဲလွမ်းသမျှ ကဗျာလေးတစ်ပုဒ်ကို ရေးချ လိုက်ရပေမဲ့ စာပွဲ့နိုင်သည့် စွမ်းအားက ရင်ထဲအလွမ်းကို မမီပါ။

"ကိုယ့်ကို ချစ်လားဟင်"

ရှက်ပြုံးနွဲ့နွဲ့နှင့် ကလေးဆိုးကြီးလို မေးတတ်တာလေးတွေကို အပြန်တလဲလဲ သတိရသည်။ ရှင်ကွဲဝေဒနာလောက် ရင်ထဲမချိတာ ရှိနိုင်ပါဦးမလား။



အနံ့တီ တွေ့လျှင်တော့ ...

"အလွမ်းကဗျာတွေချည်း ရေးနေတာပဲ သမီးရယ်" ... ဟု လေသံလျော့လျော့ဖြင့် အပြစ်တင်ပါလိမ့်ဦးမည်။

"လွမ်းလွန်းလို့ အလွမ်းကဗျာလေး ရေးမိမှ ရင်ထဲပိုလွမ်းလာတယ် ကိုရဲရယ်"

ဓာတ်ပုံစာအုပ်လေးကို ယူကြည့်မိလေ၏။

"ခြော် ... ကိုရဲ ... ကိုရဲ၊ ကြည့်လို့ ကောင်းလိုက်တာ"

ရှင်းသန့်သည့် ယောကျ်ားချောတစ်ဦးကို ချစ်မက်စိတ်တွေ အတိုင်းမသိ ဖြစ်ထွန်းရပြန်၏။

"ကိုရဲ မသိအောင် ခိုးရိုက်ထားတဲ့ ပုံတွေလေ"

တစ်ယောက်တည်း စကားပြောရတာ အကျင့်များကောင် ပါနေပါပြီ။ ခုတင်ဘေးမှ ကက်ဆက်ထံ အကြည့်တစ်ချက်ရောက်သည်။ ကိုရဲ မပျင်းအောင် ဖွင့်ပြခဲ့သည့် သီချင်းခွေတွေကတစ်ထပ်ကြီးပါ။ အဲဒီ အထပ်ကြီးထဲမှာ ကိုရဲကို ဖွင့်မပြလိုက်ရသည့်သီချင်းခွေ တစ်ခွေ ပါသည်။ ကိုရဲ မရှိတော့မှ ယမင်း စိတ်ကြိုက်ချွင်းထားတဲ့ သီချင်းခွေလေ။

ကက်ဆက်ခလုတ် ချောက်ခနဲ မြည်လေ၏။

ကြယ်တွေတောင် ငိုနေပြီ မော့ကြည့်ရင်း သနားသွား
ရင်မှာ ဝေဒနာတွေရယ် ပူလောင်လှပြီ
အို ... ကြယ်ကလေးများရယ် ...
ဒီမြေကမ္ဘာမှာ ငိုယိုနေသူ ...
မပြေလည်တာတွေ ငါ့အော်ပြောကြား ဝေဒနာများ
ကူညီဖြေရှင်းပေးပါဦး ကြယ်လေးတွေ ...

www.burmeseclassic.com



ဝေးဝေးသွားခဲ့တော့ ငယ် တစ်ယောက်တည်း လွမ်းဆွေး
သိဝ် သိဝ်ချစ်ခဲ့ရတဲ့ကိုကို အဝေးမှာ
အို ... ဒီသီချင်းလေးနဲ့ ကိုရေ ကြားမလား
ဒါလင်အချစ်ရဲ့ မွှေးမွှေးမိုးမိုး
မြူမှုန်ဆောင်းများ ဘယ်မှာ ...
ဘယ်အချိန် ပြန်တွေ့ကြမှာလဲ အချစ်ဆုံးရေ
ဘယ် အချိန် ပြန်တွေ့ကြမှာလဲ အချစ်ဆုံးရေ ...

မေလော့ အသံသည် နှလုံးကွဲထွက်လာသည့်နှယ် ဆွေးမြည့်ကြေကွဲနေတော့သည်။ ဩော် ... ဆိုတတ်လိုက်တာ။ တော်လိုက်တာ။ ယမင်းသာ အဲဒီလို ဆိုတတ်ခဲ့ရင် ကိုရဲကို ဆိုပြချင်စမ်းပါဘိ။ ယမင်း ရင်ကွဲသည့် မရှိတင်ကဲသံကို ကိုရဲ ကြားစေချင်စမ်းပါဘိ။

ကျွမ်းကျွမ်းမြည့်မြည့် သီချင်းသံသည် ဆွေးဆွေးယှဲ့ယှဲ့ နှလုံးသားကို တစ်စစီ ဖွဲ့ချွေသည်။

ယမင်း ပါးပြင်ပေါ်သို့ မျက်ရည်စတွေ လိမ့်ခနဲဆင်းလေ၏။ ရင်ထဲမှာ ပူနေသည်။ ကျွမ်းနေသည်။ လည်ချောင်းဝတွင် ဆို့နင့်ကာ ရင်ခွင်တစ်ခုလုံး လောင်မြိုက်နေရတာတွေ၊ ကိုရဲ မသိပါစေနဲ့တော့လေ။

"ကိုရဲရေ ... ဒီအပူကို ဘယ်သူ လာကူပါ့မလဲလို့ မတွေးတော့ပါဘူး၊ အချစ်ဆုံး သည်းအူကို ဘယ်လိုချစ်သူမျိုးက အပူမျှဝေချင်ပါ့မလဲ"

ယမင်း မျက်ရည်စကို သိမ်းလေ၏။

နှလုံးသားထဲမှာ လှည့်ပတ်စီးဝင်နေသည့် သွေးတွေထဲမှာ ကိုရဲ သွေးတွေပါ ပါဝင်စီးမျောနေသည့် အဖြစ်ကို အားရ



ကျေနပ်မိပါ၏။ ကိုရဲကို ချစ်ခွင့်ပိုင်ပိုင် မရနိုင်ပေမဲ့ ကိုရဲရဲ့ သွေးတွေ မိမိနှလုံးသားထဲ လာရောက်ခွင့် ရတာကိုကပဲ နည်းနည်းနောနော ပိုင်ဆိုင်မှုကြီးလား။

တူနှစ်ကိုယ် နီးရမှ အချစ်မည်မတဲ့လား။

ကိုယ်တစ်ယောက်တည်း ချစ်နေရတာကရော ... အချစ်စစ် မဟုတ်ဘူးလား။ ယမင်းသက်ဝေ ဆိုတဲ့ မိန်းမသားမှာလည်း ချစ်တတ်တဲ့ အသည်းနဲ့ပါပဲ။ ဩော် ... ရင်ကွဲအောင် အော်ကြော်ပေမဲ့လည်း ကိုရဲ ယုံမယ်မထင်ပါဘူးလေ။

ဒီကမ္ဘာမြေမှာ ငိုယိုနေသူ
မပြေလည်တာတွေ ငါ အော်ပြောကြား
ဝေဒနာများ ...
ကူညီဖြေရှင်းပေးပါဦး ကြယ်လေးတွေ
ကူညီဖြေရှင်းပေးပါဦး
ကူညီဖြေရှင်းပေးပါဦး ...

မိုးက လိမ့်လိမ့်လဲလဲကို ရွာ၏။

လေတစ်ချက် ဝှေ့လိုက်တိုင်း မှန်ပြတင်းကို ဖြန်းခနဲတော်သည်။ မိုးသည်းနေ့များဆို ယမင်း ဘယ်လိုမှ နေမရအောင် တစ်ကိုယ်လုံး ကိုက်ခဲနေတတ်သည်။ တံတောင်ဆစ်တို့ ဒူးခေါင်းတို့လို အဆစ်ကလေးတွေ ရောင်သည်။

ဒေါ်ခင်လေးပြုံသည် ယမင်းကို ရေနွေးအိတ်ကလေး နေရာရွှေ့ကာ ရွှေ့ကာ ကပ်ပေးနေသည်။

"နေသာရဲ့လား ... သမီး"

"အန်တီ့ကို ကျေးဇူးတင် အားနာလှပါပြီ"

"မဟုတ်တာ၊ တို့သားအမိ နှစ်ယောက်တည်း ရှိတဲ့ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



ပက်လက် အနေအထားလေးမှပင် ယမင်း လက်အုပ်ချီသည်။

"အန်တီ့အပေါ်မှာ ယမင်း စော်ကားခဲ့တာတွေ အကြိမ်ကြိမ်ပါ"

"စိတ်ညစ်စရာတွေ မတွေးနဲ့လေ သမီးရယ်"

"ယမင်းကို အန်တီ ခွင့်လွှတ်နိုင်ရဲ့လားဟင်"

"ဒုတိယအမေဘဝမှာရှိတဲ့ အန်တီပဲ ယမင်းရဲ့၊ ဘယ်မှာ ခွင့်မလွှတ်ဘဲ ရှိမလဲ"

"ဖေဖေသာ သိရင်လေ ..."

"ဒါပေါ့၊ ယမင်း ခုလို လိမ္မာတာ အစ်ကိုကြီးသာ သိရင် ဘယ်လောက် စိတ်ချမ်းသာလိမ့်မလဲ"

ယမင်း ဆေးရုံမှ ဆင်းခဲ့ပါပြီ။

ခါတိုင်းဆို သွေးသွင်းပြီးခါစမှာ ယမင်း သိပ်ကိုနေလို့ကောင်းနေတတ်သည်။ နှုတ်ခမ်းလေးတွေ ပါးလေးတွေ ရဲကာ လူရောစိတ်ပါ လန်းဆန်းလျက်ရှိသည်။ သည်တစ်ကြိမ်မှာ သွေးအားကောင်းလာပေမဲ့ အခြားဝေဒနာတစ်ခုက ဖိစီးပြန်၏။

"ဆေးရုံကဆင်းတာ မြန်သွားတယ်၊ ဆရာဝန်ကြီးက ပြန်တက်ဖို့ပြောတာ၊ ဘာလို့ မတက်တာလဲကွယ်"

ယမင်း ခေါင်းခါသည်။

"ဆေးရုံမှာ နေရတာလည်း စိတ်မချမ်းသာဘူး အန်တီရယ်၊ ယမင်း သူ့ကို သိပ်သတိရလို့ပါ"

"မောင်နောင်ရဲက ဆေးရုံမှာ အမြဲရှိနေတာမှ မဟုတ်တာ၊ ဟိုတစ်နေ့က သွေးလှူလို့ ရောက်လာတာ၊ ခုမှ တတိယနှစ်ရှိသေးတာပဲ သမီးရဲ့"



မတက်မဖြစ်လို့သာ တက်ရသည်။ ဆေးရုံပေါ်သို့ရောက်တိုင်း ယမင်းကို အတိတ်တစ္ဆေ ခြောက်သည်။

"ဆေးရုံပေါ် ရောက်တော့လည်း ဖွဲ့အိတ်ကြီးလို ဖြစ်နေတဲ့ ဒေါက်တာနောင်ဦးကိုပဲ ပြန်မြင်နေတယ် အန်တီရယ်"

"စိတ်ကို ဖြေဖျောက်မှပေါ့၊ ဒါတွေ ဘာလို့ ပြန်တွေးမလဲ"

မတွေးနဲ့ ဆိုပေမဲ့ ယမင်း မတွေးဘဲ နေနိုင်မတဲ့လား။

"လူဆိုတာ မလိမ္မာ တစ်ခါမိုက်ဆိုတဲ့ စကားလည်း ရှိသားပဲ၊ ခုဆို ... ယမင်း ပြန်ပြုတဲ့ ကောင်းမှုတွေက ယမင်း မလိမ္မာခဲ့ဖူးတာတွေကို ချေဖျက်နိုင်ရဲ့တောင် မကတော့ပါဘူးကွယ်"

ဒေါ်ခင်လေးမြင့်သည် မွေးကင်းစကတည်းက အတူခဲ့ရသည့် ဒီသမီးလေးကို မညည်းမညူ ပြုစုပါသည်။ ယမင်း ငယ်စဉ်ကပင် ချူချာ၏။ ယမင်း ... ဆယ်နှစ်သမီးမှာ လေးမှာရောဂါ စ,ရသည်။

"အာသရိုက်တစ်လို့ ခေါ်တာပေါ့၊ ဗမာလိုတော့ လေးဘက်နာ၊ အစစ ဂရုစိုက်ဖို့ လိုတယ်၊ ဒီရောဂါက နှလုံးရောဂါဖြစ်သွားနိုင်တယ်"

ဆရာဝန်ကြီးတွေ ကိုယ်တိုင်က အရေးကြီးသည်ဆို အမေ ဦးဘသက် စမျာ ယမင်းကို ထားစရာပင် နေရာမရှိ။ တတည်းက ဒေါ်ခင်လေးမြင့် ပြုစုခဲ့ရတာ၊ ဒီတုန်းကတော့ လေးမြင့်သည် ယမင်း အချစ်ဆုံး အန်တီပါ။

ဖေဖေနှင့် လက်ထပ်ချိန်မှစ၍ ယမင်း ကလူကောာ သည်။ ခုတော့လည်း ဒေါ်ခင်လေးမြင့်သည်သာ ယမင်း တားရာ။

www.burmeseclassic.com



"ယမင်း မိုက်ခဲ့ ဆိုးခဲ့တဲ့ ဒဏ်တွေက ယမင်းကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူး ထင်ပါရဲ့ အန်တီရယ်"

အန်တီ ဘယ်လိုပင် ဖျောင်းဖျပေမဲ့ ယမင်း စိတ်ေ ချမ်းသာနိုင်ပါ။ ယမင်း ... မှန်ပြတင်းဆီသို့ လှမ်းကြည့်က မိုးစက်ပွင့်တွေကို ငေးနေသည်။

"အဲဒီ မိုးစက်ပွင့်တွေကို ရေတွက်ချေစမ်း ဆိုရင် ရေတွ လို့ ရကောင်း ရမယ်၊ ယမင်း ရင်ထဲက အချစ်တွေကိုတော့ ဘယ်လိုမှ ရေတွက်လို့ မရပါဘူး ကိုနောင်ရဲရယ်"

သူ့ကို "ကိုနောင်ရဲ"ဟုသာ ခေါ်ခွင့်ရှိပါတော့သည် သူများတကာတွေလို သူသူကိုယ်ကိုယ် နှစ်ကိုယ်ချစ်ဖြင့် ပွင့်လင်း ချစ်ခွင့်မကြုံခဲ့ရသည်မို့ အချစ်ညွှန်းနာမ်စားဖြင့် တယုတယ လည်း ခေါ်ခွင့်မကြုံတော့ပါ။

ကိုယ်ချစ်နေတာ ... ရင်ပွင့်မလောက် မြတ်နိုးနေတာ သူ မသိ။ သူသိနေတာက တစ်မျိုး။ သိအောင်လည်း ပြောခွင့်မကြုံ သူ ... အမှန်တရား အားလုံးကို သိသွားသည့်နေ့မှာ ယမင်း ရင် ဖို့သာမို့ ရန်ကုန်တစ်မြို့တည်း နေပါလျက် ခြေရာပျောက်နေရ တွေ။

ကိုရဲရယ် ...

"မလောက်ဆို ... သူ့သွေးတွေ ယမင်း ကိုယ်ထဲ သွင်းလို တယ်ဆိုတာ သိရောပေါ့နော် အန်တီ"

"သိမှာပေါ့ ... သိချင်မှလည်း သိမယ်လေ"

"သူ ... သိရင် နမြောမှာပဲ"

"သူ ... ဆရာဝန်လောင်းပဲ ယမင်း၊ ဆရာဝန်စိတ် မွေး ပေါ့"



"ကိုကျော်ဇေကို တစ်ခုတော့ ကျေးဇူးတင်ပါတယ်"

"ရေငုံနှုတ်ပိတ် လုပ်နေတာကိုလား"

"ဟုတ်ကဲ့"

"မောင်ကျော်ဇေဟာ တော်တော်ရိုးအေးတဲ့ သူငယ်ပါ၊ သူ စိတ်ကောင်းရှိပါတယ်"

"သူ့ကိုလည်း ယမင်း ... တော်တော်ကြီးကို ဇော်ကားခဲ့တာ"

"အခွင့်သင့်တဲ့နေ့မှာ တောင်းပန်တာပေါ့ ... ခွင့်လွှတ်မှာပါ"

"ဟုတ်တယ်နော် အန်တီ၊ ယမင်း သူ့ကိုလည်း တောင်းပန် ချင်ပါတယ်၊ ယမင်းကလည်း မသွားနိုင်ဘူး၊ လာပါဦး ... ဖိတ်ရင်လည်း လာမှာ မဟုတ်ဘူး"

"ဪ ... သမီးကို ပြောရဦးမယ်၊ မနေ့က ကြေးမုံသတင်းစာ ထဲမှာ မောင်ကျော်ဇေ စေ့စပ်ကြောင်းလမ်းခြင်း ပါလာတယ်"

"ဟုတ်လား ... ဝမ်းသာလိုက်တာ အန်တီရယ်၊ အဖိုးတန် မိန်းကလေး ဖြစ်မှာပဲ၊ မြန်မြန်လက်ထပ်ကြရင် ကောင်းမယ် နော်၊ ယမင်း ထိုက်ထိုက်တန်တန် လက်ဖွဲ့ချင်လို့"

"ကောင်းတယ် ... ကိုယ်တိုင် သွားနိုင်အောင် နေကောင်း အောင် နေဦး"

"မလုပ်ပါနဲ့ ... ယမင်းကို တွေ့ရင် ဖြိုဟ်ဝင်ပြီ မှတ်မှာ"

ယမင်း ပြုံး၍ပြောသည်မို့ ဒေါ်စင်လေးမြင့် စိတ်ထဲ ..ာ်လေး ပေါ့သွားရသည်။ လိမ္မာလာလိုက်ပုံက ယမင်း ရှစ် ..င်းကို ဖျက်ကာ၊ အသစ်တစ်ခု ထပ်လုပ်လိုက်သလိုပါပဲ။

ဗိတူမ လင်ပါသမီးလေးကို ဒေါ်စင်လေးမြင့် ငေး .. ချစ်ရှာ၏။

* * *

www.burmeseclassic.com



"လာချင်တာတော့ နေ့တိုင်းပဲ၊ သိပ်မအားဘူးဟာ ... အိမ်မှာ ထမင်းချက်သင်တန်း တက်နေရလို့"

ကြည်ဝေအေးက ဟိုးတုန်းလို သွက်လက်ဆဲ။

ယမင်း နေထိုင်မကောင်း ဖြစ်နေသည်မို့ သူငယ်ချင်းတွေစုကာ မကြာခဏဆိုသလို တစ်နေကုန် လာနေပေး၊ စကားတွေ ပြောကြနှင့် စိတ်ချမ်းသာအောင် ဝိုင်းပြုစုပေးကြပါ၏။ ယခင်က ခုနစ်ယောက်တွဲ ယမင်းတို့အဖွဲ့မှာ နှစ်ယောက်က အိမ်ထောင်ကျ သွားပြီမို့ သိပ်မလာနိုင်တော့ပါ။

ကြည်ဝေအေး၊ ဆုမြတ်၊ မွန်မွန်ကျော်နှင့် ပပလှိုင်တို့ ပဲ ယမင်းထံ စုစုလာကြသည်။

"ချိုသဲ အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

"ပြေတယ်၊ သူ့ယောက်ျားက သဘောကောင်းတယ်ထဲ အိမ်အလုပ် ဘာညာကတော့ လုပ်ရတာပေါ့ဟာ"

"ဟုတ်လား"

"အေး ... သူ့ယောက္ခမက မိုလ်ချုပ်ဈေးထဲက ရွှေဆိုင် တစ်နေကုန် ထိုင်ရတာ မဟုတ်လား၊ ခု သူ့ကိုလွှဲပေးမယ် ဆိုပဲ"

"သူ့ယောက်ျားက ကြင်နာရဲ့လား"

"ကြင်နာတယ်၊ စီးပွားရှာလည်း ဖြစ်တယ်တော့၊ ခု စပရင်တာ စီးနေပြီ"

"နွဲ့ယဉ်ကော"



"တို့အဖွဲ့ထဲမှာ အလိမ္မာဆုံး ပြောရမဲ့သူက ခွကျနေတယ်"

"ဘာဖြစ်လို့လဲ"

"ဟာ ... သူက နှစ်ဆယ်၊ သူ့ယောက်ျားက လေးဆယ်ဆိုတော့ အသက်က ထက်ဝက်ကြီး ကွာတာ၊ ဟိုက စွတ်အဲလို လိုက်၊ မိန်းမက တစ်ခါတည်း တန်းတက်သွားလိုက်တာ ပြန်ကိုမကျဲတော့ဘူး"

"ဟင် ... အစက သူ အပိုးအကျိုးဆုံး"

"ခု ... သူ့ယောက်ျားက သူတင်တဲ့စစ်ကဲ သူ မနိုင်လို့ ငါတို့နဲ့တွေ့တိုင်း တိုင်တယ်"

"နင်တို့က နည်းနည်းပါးပါး မဆုံးမဘူးလား"

"ရမလားကွ၊ ငါ့ပါးစပ်က နတ်စကား ထွက်ရသလားတဲ့၊ တစ်ခွန်းတည်းနဲ့ ကွဲခနဲနေအောင် တွယ်လွှတ်လိုက်တယ်"

မွန်မွန်ကျော်က စိတ်မဆိုးရှာဘဲ ရယ်၍ပြော၏။

"ပပလည်း တစ်ခါ သွားဆုံးမဖူးသေးတယ်၊ ဘာပြန်ပြောတယ် မှတ်လဲ"

"ဘာတဲ့လဲ"

"ခု ငါချိုးနေတဲ့ အချိုးက ဟိုတုန်းက နင်တို့ချိုးခဲ့တဲ့ အချိုးပါတဲ့၊ နင်တို့ တစ်သက်လုံး ချိုးခဲ့ရတဲ့ အချိုးကို ငါက ခုမှ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် ချိုးရသေးတာ၊ မဝသေးဘူးတဲ့"

"အင်း ... သူပြောတာလည်း ဟုတ်တုတ်တုတ် ဆိုတာလို ဖြစ်နေပြီ"

ဟိုတုန်းကတော့ တစ်ဖွဲ့လုံး ဆပ်စလူးအုပ်စုသမှာ နွဲ့ယဉ် တစ်ယောက်သာ အပိုးကျိုးခဲ့သည်လေ။ တစ်ဖွဲ့လုံး

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာပါပြီဆိုမှ သူက ဆိုးရိုးလေး စရသည်။ ဆိုဦးမှာပေါ့။ သူပြောသလိုပင် ဆိုးလို့ဝသည့်အခါ လိမ္မာသွားမည် ထင်ပါ၏။

"နောက်တစ်ခါ လာရင် နင် စားဖို့ ပူတင်းဖုတ်လာခဲ့ပေးမယ်"

"အမယ် ... မိဆုမြတ်က တော်တော် ဟုတ်နေပါလား"

"ငါ သင်တန်း တက်ပြီးပြီ"

"ဆိုင်ဖွင့်မလား"

"စိတ်ကူးတာပဲ၊ ကျောင်းမနေတော့ဘူး ဆုံးဖြတ်ရင် အလုပ်လုပ်မှာပေါ့၊ မိဘချမ်းသာပေမဲ့ ထိုင်စားရတာ အားနာတယ်ဟာ၊ လူလည်း လူညွန့်တုံးတယ်"

"ငါက နင့်ဖို့ ရှောစောင်လေး တစ်ထည် ထိုးပေးမယ်၊ နင် ဆေးခန်းတွေ ဘာတွေသွားရင် ခြုံဖို့"

ကြည်ဝေအေးက အားကျမခံ ပြောသည်။

"ငါကတော့ နင် မင်္ဂလာဆောင်မှ အလှလာပြင်ပေးမယ်"

ပပလှိုင်က အလှပြင်သင်တန်း တက်နေသူမို့ သည်တစ်ခုပဲ သူ ကူညီနိုင်၏။

"ငါလည်း သင်တန်းပြီးရင် ဆိုင်ဖွင့်မှာ"

"မိမွန်ရော"

"ငါကတော့ ယောက်ျားယူမှာပေါ့၊ ကလေးရရင် နင်ထိန်းဖို့ ပို့လိုက်မယ်၊ ဒါပဲ ကူညီနိုင်တယ်"

"ကောင်စုတ်၊ ခုထိ ဒါမျိုးတွေ ပြောတုန်း"

"ဘယ်တတ်နိုင်မလဲ၊ ပြောစရာမှ မကျန်တော့တာ၊ ဒါနဲ့ နင့်ကိုယ်ထဲ သွင်းခဲ့တာ ကိုနောင်ရဲ့ သွေးဆို"

"အေး ..."



ငယ်သူငယ်ချင်းတွေနှင့် ပြန်တွေ့ရသည်မို့ ယမင်း ...ာ်တော်လေးကို လန်းဆန်းနေသည်။

"ချစ်သွေးသစ္စာပေါ့"

"သူက ငါ့ကို မုန်းနေတာပါ"

"အဖြစ်မှန်တွေ သိသွားရင် ပြေးလာမှာ"

"မထင်ပါဘူး"

"ထင်ပါဟယ် ... ထင်ရတာ ပိုက်ဆံကုန်တာမှတ်လို့"

ဟိုတုန်းကလို ရယ်ဖြစ်ကြသေးသည်။ ဒေါ်ခင်လေး ... သူငယ်ချင်းတစ်စု စားဖို့ လက်ဖက်သုပ် လာချပေးပါ ...

"ဟော ... ကိုကျော်ဇေ့ အမျိုးသမီးကို ငါ တွေ့ဖူးခဲ့တယ်၊ ရုပ်ရှင်ရုံထဲမှာ"

မွန်မွန်ကျော်က လက်ဖက် တစ်လုတ် ခပ်စားရင်း ...သည်။

"လှလား"

"ညိုညိုညက်ညက်နဲ့ ယဉ်ယဉ်လေးပဲ၊ တော်ပုံရတယ်ကွ"

"နှစ်ယောက်တည်းလား"

"မဟုတ်ဘူး၊ ကိုကျော်ဇေ့ အစ်မတွေလည်း ပါတယ်"

"အမျိုးသမီး မိဘတွေက နိုင်ငံခြား သွားတော့မှာတဲ့၊ ဒါကြောင့် မသွားခင် စေ့စပ်ပေးခဲ့တာတဲ့"

ပပလှိုင်ကလည်း သူရသည့် သတင်းကို ပေးသည်။

"ဘာသွားလုပ်မှာလဲ နိုင်ငံခြားကို"

"အလုပ်သွားလုပ်မှာ၊ သုံးနှစ်တည်းပဲ၊ အမျိုးသမီးက လိုက်သွားမယ်၊ ပြန်လာမှ လက်ထပ်မယ်၊ အဲဒီအချိန်မှာ ကိုကျော်

www.burmeseclassic.com

www.burmeseclassic.com



ဇေလည်း ဆရာဝန်ဖြစ်ပြီလေ၊ နင်ပေးခဲ့တဲ့ ပါတိတ်လုံချည်
နောက်သုံးနှစ်ကျရင် အသုံးဝင်ပြီ"

"ငါ အဲဒီလို လုပ်ခဲ့မိတာ သိပ်နောင်တရတာပဲ"

"ဘာလဲ ... ခုမှ နမြောနေသလား"

"ပါတိတ်ကိုလား"

"ဟာ ... ကြက်ကြက်ဖန်ဖန်"

"ဒါဖြင့် ... ကိုကျော်ဇေကြီးကိုလား"

တစ်ယောက်တစ်ပေါက် ရယ်စရာဖြစ်အောင် ကြ
ပြောပြီး ရယ်ကြပြန်၏။

"ဘာကိုမှ မနမြောပါဘူး၊ ငါ မိုက်ရိုင်းတာကို နောင်
ရတာ၊ ကြုံတဲ့အခါမှာ ငါသေသေချာချာ တောင်းပန်ဦးမယ်"

"ဒါပေါ့ ... အသက်က စကားပြောလာပြီလေ၊ ငယ်တုန်း
လို မိုက်ချင်တိုင်းမိုက်လို့ မရတော့ဘူး"

"အောင်မယ် ... နင့်အသက်က ဘယ်လောက်မို့တုံး"

"အားလုံးထဲမှာ ငါ အကြီးဆုံးလေကွာ၊ နှစ်ဆယ်ပြည့်
သွားတာပဲ ကြာလှပေါ့"

"မဟုတ်ပါဘူး ... ချိုသဲနဲ့ နွဲ့ယဉ်က ပိုကြီးတယ် မဟု
လား"

"အပျိုကျန်တဲ့ အထဲမှာ ပြောတာ"

"မိပ ... ဒါ ... နင် အရင်ဆုံး ယောကျ်ားယူမယ် ပြော
မဟုတ်လွား"

"အေးကွ"

ပြောပြီး ခွီးခနဲ ရယ်သည်။

"တွေ့ပလား"



"မမေ့ကို ပုံအပ်ထားလိုက်ပြီ၊ ငါ တွေ့ဖို့မလိုပါဘူး"

ဒေါ်ခင်လေးမြင့် ချိုမြိန်စွာ ပြုံးနေတော့သည်။ သူတို့ သူငယ်ချင်းတစ်သိုက် လိမ္မာတော့လည်း တစ်ပြုံလုံး တစ်ဖွဲ့လုံး၊ ဟိုတုန်းကကျတော့လည်း ဆိုးလိုက်ကြတာ တာတေလန်။ အချိန်တွေ ဝုပ်ကာ စာမေးပွဲတွေ မအောင်ကြတာကိုပဲ နမြောမဆုံး ဖြစ်ရတော့သည်။

"သမီးတို့တွေထဲမှာ ဘယ်သူ ဆယ်တန်း ပြန်ဖြေဦးမလဲ"

"ဖြေမှာ အန်တီ၊ ဒီနှစ် အကုန်လုံး ပြန်ဖြေကြမယ် စိတ်ကူး ပါတယ်၊ စနစ်သစ်ပြောင်းတော့ ဝိဇ္ဇာနဲ့ ဖြေရမယ်"

"ငါလည်း ဖြေချင်တယ်"

"ဖြေမလား၊ ဝိုင်းပြန်ဖွဲ့မယ်လေ၊ တို့ဝိုင်းကို နာမည်ပေး မယ်၊ ဒေါ်ကျည်ပွေ့တို့ အုပ်စုလို့"

"ယမင်း ဖြေချင်တယ် အန်ထီ၊ ဖြေရမလားဟင်"

"ကောင်းတော့ ကောင်းပါတယ်။ သမီး ကျန်းမာရေးက ရှိသေးတာ"

"စိတ်အပြောင်းအလဲ ဖြစ်ပြီး ကျန်းမာချင် ကျန်းမာသွားမှာ အန်တီရဲ့။ ယမင်း မပင်ပန်းအောင် သမီးတို့ ဒီအိမ်မှာလာ ဝိုင်းမယ်၊ သွေးသွင်းစရာရှိတော့လည်း သွင်းလိုက်တာပေါ့ ဟာ၊ ဒီတစ်ခါ သွေးသွင်းဖို့လိုရင် ကိုကျော်ဇေကြီးဆီက သွားအလှူခံမယ်"

"ရမယ် ... စိတ်ချ၊ သွေးထဲ ဆိုင်ယာနိုင် ထည့်ပေးလိုက် လိမ့်မယ်"

"ဒီလိုတော့လည်း လုပ်မယ် မထင်ပါဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ် တစ်ပွဲလုံး ပြောင်းမှပင် ထပြန်ကြတော့သည်။ သူငယ်ချင်းတွေ ပြန်သွားသည့်အခါကျတော့ ယမင်း မျက်နှာလေး ညှိုးကျန်ရစ်သည်။

ယမင်းလည်း သူတို့လို ပျော်ချင်လိုက်တာ။ သူတို့ကတော့ ပျော်နိုင်မယ်လေ။ ယမင်းမှာသာ အချစ်ဆုံးသူရဲ့ အမုန်းကို ခံယူရရှိနေသူမို့။

သူက ယမင်းကို သိပ်မုန်းနေပေမဲ့ ယမင်း သူ့ကို သိပ်ချစ်နေရတာ သူ မသိစေချင်ပါ။ စင်စစ် သူ ... ကိုနောင်ရဲ့ဟာ ယမင်း ကျေးဇူးရှင်ဆိုလျှင်လည်း မမှားပါ။ သူနှင့် ပတ်သက်ပြီးမှ ယမင်း လိမ္မာလာခဲ့ရတာလေ။

ယမင်းကို သူ ... ပြုပြင်ခဲ့တာဟု ဆိုလျှင်တောင် ရနိုင်ပါသည်။

အဲသည်တုန်းက ဖြစ်ခဲ့ရသည့် အဖြစ်တွေမှာ ယမင်း ဆိုးတာ၊ ယမင်း မိုက်တာ၊ ယမင်း ပယောဂ မကင်းတာတွေ အများကြီးပါပေမဲ့ ဇာနည် မကောင်းခဲ့တာကိုလည်း ထည့်တွက်ရပါမည်။

ဇာနည်သာ ကောက်ကျစ်စဉ်းလဲခြင်း ကင်းခဲ့မည်ဆိုပါလျှင် ...။

* * *



[illegible]ကြမှာ

ဇာနည့်ကို သိပ်ကြည့်လို့ရတာ မဟုတ်။

ဇာနည် သစ္စာမရှိတာ၊ စည်းမစောင့်တတ်တာ၊ မိန်း[illegible]လေးမြင်တိုင်း "ချစ်တယ်" ပြောပစ်ဖို့ နှုတ်မြိန်စွာ ဝါသနာပါတာ၊ [illegible]ဝံ့ရှိန်းရှိန်း ခိုင်းရလျှင် ခွေးလေးအရောဝင် ပါးလျက် နားလျက် [illegible]သို့၊ သူ့ကို မျက်နှာသာလေး နည်းနည်းပေးလိုက်တာနှင့် [illegible] လွဲလား ပုတ်လား ခတ်လား လုပ်ချင်တတ်တာတွေ [illegible] ကောင်းကောင်းသိသည်။

"အဲဒီကောင် အစွင့်အရေးသမား"

ယမင်း ကိုယ်တိုင် ရှုတ်ရှုတ်ချချ ပြောခဲ့ဖူးသူပါ။ [illegible]ခဲ့ ဇာနည် ပတ်ချွဲနှပ်ချွဲသမားက ခိုင်းလို့ သိပ်ကောင်းသည်။ [illegible] မိန်းကလေးအုပ်စုတွေမှာ "ခိုင်းဖတ်" တစ်ယောက် ရှိနေ[illegible]ည့် အကျင့်ကို မည်သည့်အုပ်စုက စ,ထွင်လိုက်သည်မသိပါ။

"ရုပ်ရှင်လက်မှတ် ဝယ်ပေးကွာ"

"ဗိုလ်ရွှဲလမ်းနဲ့ ရွှေဘုံသာမှာ မှတ်စုရိုက် ရောင်းတာတွေ ရှိတယ်၊ သွားဝယ်ပေးဦး"

www.burmeseclassic.com

www.burmeseclassic.com



"ရှောပဲ ... ငါ ကျောင်းပြေးထားတဲ့စာတွေ ကူးပေး"

အဲသည်လိုမျိုး နိုင်းစရာကိစ္စလေးတွေ ရှိသည်။ အထူးသဖြင့် ယမင်းတို့လို ဆယ်တန်းကျ နှစ်ကြီးသမားတွေအဖို့ဆိုလျှင် စာလုပ်ရမှာမျှင်းတိုင်း နိုင်းလို့ကောင်းသည့်လူ ပိုလိုသေးသည်။

"သချ်ာတွေကလည်းကွာ များမှများပဲ၊ ငါ့နှယ် ဖျင်းပါဘိ"

"အေးလေဟာ ... ဒါတွေချည်း ပြန်ပြန်ထွက်နေရတာ ဘယ်နခါ ပြန်နေပလဲတောင်မှ မမှတ်မိတော့ဘူး"

ထပ်တလဲလဲ သင်ရလွန်းသည်မို့ တတ်တာ မတတ်တာ ဖယ်ထား၊ နားရည်ကတော့ ဝနေသည်။ ယမင်းလို မဖျင်းပါဘဲ အပျင်းထူကာ အောက်ခြေလွတ်နေသည့် မိန်းကလေးမျိုးအဖို့ ပိုဆိုးသေးသည်။

အပြန်တလဲလဲ သင်ခဲ့ရသည့် စာတွေမို့ နားထောင်ချင်စိတ်ပင် မရှိ။ တွက်ရပေါင်း များလှပြီဖြစ်သည့် သချ်ာတွေ့မို့ စာအုပ်ဖွင့်ရုံနှင့် ခေါင်းကိုက်သည်။ တတ်သလား ဆိုတော့မတတ်။ အစကတည်းက ပေါ့လျော့ခဲ့သည်မို့ အချိန်တန်တော့ စာမေးပွဲကျ၏။

ယမင်းတို့ ဗရုတ်သုတ်ခအဖွဲ့မှာ သူဌေးသမီးကချည်း ခြောက်ယောက်တိတိ။ နွဲ့နွဲ့ယဉ် တစ်ယောက်ပဲ နွမ်းပါးရှာသည်။ စီးပွားရေး အခြေအနေချင်း ကွာပေမဲ့ စာမေးပွဲ ကျတာကျတော့ အတူတူ။ ကြာတော့လည်း ပင်ကိုက ခပ်လေလေစိတ်တွေ လေ မက လွင့်စဉ်ကုန်ကြတော့သည်။

"လူ့လောကမှာ လူဖြစ်ရတာ ခဏလေးကွာ၊ ပျော်ပျော်နေ နော်"

"အေးဆေးပေါ့ကွာ ..."



ပပလှိုင် ပြောလျှင် ကမန်းကတန်း ထောက်ခံတတ်သူက ယမင်းပါ။

"အလုပ် လုပ်စားဖို့ စာသင်တာမှ မဟုတ်တာ၊ မုန့်ဖိုးလေး သုံးပြီး လွတ်လပ်တဲ့ ကျောင်းသူဘဝမှာ ပျော်လို့နေတာများ၊ စာမေးပွဲကျတာကို အပြစ်ကြီးတစ်ခုလုပ်လို့"

ကြည်ဝေအေးကလည်း သူ့အယူအဆနှင့်သူ။

"ငါကကျတော့ စာကျက်ချိန်လည်း မရ၊ အစကတည်းက ခပ်ညံ့ညံ့မို့ ကျတာပါဟာ ... ငါ စာသင်တာက အလုပ်လုပ်စားဖို့ကွ"

နွဲ့နွဲ့ယဉ်နှင့် ယမင်းတို့အုပ်စု၊ အတန်းကျောင်းနေစဉ်ကတည်းက သူငယ်ချင်းတွေပါ။ ဆယ်တန်းမှာ နှစ်နှစ်ဆက်ကျပြီး ယမင်းတို့ ကျောင်းတက်ခွင့် မရကြတော့။ ငွေကြေးတတ်နိုင်သူများမို့ ဗိုင်းကျူရှင်ဆိုတာကို စိတ်ကြိုက်ဆရာတွေငှား၍ သင်သည်။ နွဲ့နွဲ့ယဉ် ခမျာ အဘယ်မှာ တက်နိုင်ပါမည်နည်း။

"ငါတို့နဲ့ တူတူလာတက် နွဲ့ယဉ်၊ နင်ပေးရမဲ့ ခွဲတမ်းကို ငါ ပေးမယ်"

ယမင်း အဲသည်လို စိတ်ကောင်းတာလေးတွေ ရှိသည်။ အောင်းကို စိတ်ပုပ် မနောပုပ်ဟု ပြော၍ မရသလို သဘောကောင်းသူဟုလည်း မဆိုနိုင်ပါ။ ယမင်းက ကောင်းချင်သည့် နေရာတွေမှာ တော်တော်လေးကောင်း၍ ဆိုးချင်သည့် နေရာတွေမှာ တော်တော်ဆိုး ဆိုးတတ်သူ ဖြစ်လေ၏။

သည်နည်းနှင့်ပင် နွဲ့နွဲ့ယဉ် တစ်ယောက် ယမင်းတို့ဝိုင်းမှာ အမြဲ သင်ကြားခွင့် ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"စာနည်းကို ဂဏန်းတွက်ခိုင်းလိုက်၊ မုန့်ဝယ်ကျွေးလိုက်နဲ့ ပေါင်းတာတော့ ပေါင်းပေါ့၊ ဒါပေမဲ့ ... ဒီကောင်က စိတ်ချ ရတဲ့ကောင် မဟုတ်ဘူး"

နွဲ့ယဉ် ပြောစဉ်ကတည်းက ယမင်း ထောက်ခံပြီး သားပါ။ စီးပွားရေး အခြေအနေအရ၊ နွဲ့ယဉ်လောက် မနွမ်းပါးပေ မဲ့ ... ယမင်းတို့လို သူဌေး မဟုတ်သည့် စာနည်းက ယမင်းတို့ အုပ်စုထဲမှာ အမြဲရောရောနှောနှော ရှိနေတတ်သည်။ ခိုင်းသမျှလုပ် ပေး၊ ကျွေးလျှင်လည်း စား၊ အနွံအတာခံ ပေါင်း၏။

ပြီးတော့ ... အဲဒီအုပ်စုထဲမှာ နွဲ့ယဉ်ကလွဲ၍ ကျန် ခြောက်ယောက်ထဲမှ မည်သူ့ကိုပဲရရ၊ အတည်ယူချင်သူ ဖြစ်လေ၏။

"လုပ်ကျွေးစရာ မလိုဘူးလေ၊ ယောက္ခမအိမ်ပေါ် တက်နေ မယ်၊ ယောက္ခမထမင်းအိုးထဲက နှူးစပ်စားမယ်၊ မတော်တဆ ဘွဲ့ရသွားရင်တောင် လူကြားမကောင်းမှာ စိုးတာနဲ့ ယောက္ခမ က အလုပ်ရှာပေးဦးမှာ ...

"တစ်ခုတော့ ပင်ပန်းမယ်ကွ၊ ကားမောင်း သင်ရမယ်၊ ဒါမှ ယောက္ခမကားကို ဇွဲ့ဇွဲ့သုံးနိုင်မှာ"

စာနည်း အဲဒီလို ပြောတတ်တာ၊ သူ့သူငယ်ချင်းတွေ ကြားထဲ အရှက်မရှိ ဝန်ခံတတ်တာတွေလည်း ယမင်း အသိ။

"မိန်းမတစ်ယောက် ယူတာများကွာ ... ရင်နှင့်အောင် ချစ် နေရဦးမှာလား"

စာနည်း အတွေးအခေါ်တွေ အောက်တန်းကျတာလည်း ယမင်း အထင်သေးမဆုံး။

"မင်းတို့က ငါ့ကို ခိုင်းပတ်ထင်ပြီး ရွတ်ချမနေနဲ့၊ ငါက စစ်ဆင်ရေး တစ်ရပ်အနေနဲ့ မိန်းမပိုးနေတာ ...



"ရရင် ... အတည်ယူမှာကွ၊ ငွေတွင်း ဖင်ခုထိုင်နေ ရမှတော့ အဲဒီမိန်းမကို အတည်ယူထားမှ ဖင်အောက်က ငွေတွင်း မပျောက်မှာပေါ့"

အဲသည် စကားမျိုးတွေလည်း ယမင်း ပြန်ကြားပြီး သား။

"တို့ကလည်း ခိုင်းကောင်းရုံ အရောဝင်နေတာပါဟာ ... စိတ်မပူပါနဲ့"

အဖွဲ့ထဲမှာ ယမင်း ပြန်၍ တင်ပြရသည်။

"ပိုက်ဆံရှိတာချင်း တူတူမှာ နင်က လှတာပိုတော့ နင့်ကိုပဲ ဒီကောင် ကြံလိမ့်မယ်"

"စိတ်ချ ... တစ်ကမ္ဘာလုံးမှာ စာနည်းကလွဲပြီး အကုန်လုံး မိန်းမတွေ ဖြစ်သွားရင် ငါ အပျိုကြီးလုပ်မယ် မိပပရေ့ ..."

"ငါတော့ ခပ်ကင်းကင်း နေချင်ပြီဟာ ... အစွယ်နဲ့မြွေကို တို့ကနန်း ဆိတ်ကနန်း သွားလုပ်နေရင် သေလိမ့်မယ်"

"အမယ်လေး ... အဲဒီမြွေကပဲ ငါ့ကို ပေါက်နိုင်မလား၊ ငါ ကပဲ ဖနောင့်နဲ့ ပေါက်သတ်မလား၊ ဒီကောင် ပြောတော့ မကြောက်ရေးချ မကြောက်ကြီးထဲက"

"ဘာပဲဖြစ်ဖြစ်ဟာ ... ငါတို့ ခိုင်းသမျှ ဘယ်လောက်လုပ် ပေးပေး၊ ငါတော့ အထင်သေးတာနဲ့ကို သူငယ်ချင်းဖြစ်ရ တာ ရှက်လာပြီ"

ကြည်ဝေအေးကလည်း စာနည်းကို ပ,ထုတ်ပို့ အဆို အင်၏။ ယမင်းတို့ စုနစ်ဦးကော်မတီမှာ ခြောက်မဲ တစ်မဲဖြင့် စာနည်းကို အဆက်အဆံဖြတ်ပို့ ဆုံးဖြတ်ချက်ချသည်။ စာနည် သူ့အ,ရို့ မသိဘဲ နေမတဲ့လား။ လက်ကျန်မျှော်လင့်ချက် ရှေးဆေး

www.burmeseclassic.com



ကောက ယမင်းဆီမှာပဲ ရှိသည်မို့ ယမင်း အိမ်သို့ ရှေးကထက် အဝင်အထွက် ပိုများလာသည်။

"နင်က ဘာကိစ္စ လာလာလည်နေရတာတုံး၊ ငါ ညှော်ခံစကား ပြောရတာ အချိန်ကုန်တယ်"

"ငါ့ခင်မင်မှုကို နင် ရက်ရက်စက်စက် ပယ်ချတယ် ယမင်းရာ"

တာနည်က မျက်နှာငယ်လေးဖြင့် အယူခံဝင်တုန်း ...

"သမီးရေ ... ယမင်း"

ဒေါ်ခင်လေးမြင့်က လှမ်းခေါ်သည်။

"ဟော ... နင့် ထွေးထွေးကြီး ခေါ်နေတယ်၊ သွားလိုက်ဦး"

ခါတိုင်းဆိုလျှင် ဒေါ်ခင်လေးမြင့် ခေါ်ပေမဲ့ ယမင်း သွားချင်မှ သွားသည်။ မေးလျှင်တောင် ဖြေချင်မှ ဖြေတာလေ။ အဲဒီနေ့ကတော့ တာနည်နှင့် စကားပြောရသည်ကိုက စိတ်ပျက်လှသည်မို့ ယမင်း ထသွားခဲ့သည်။

"အဲဒီသူငယ်လေးရဲ့ မျက်စိဟာ နည်းနည်းလေးမှ မတည်ငြိမ်ဘူး ယမင်း၊ မပေါင်းပါနဲ့လားကွယ်၊ အဲဒီကောင်လေးကို အန်တီ မျက်စိထဲ ကလိမ်ကကျစ်လေးလို မြင်တယ်"

ဒေါ်ခင်လေးမြင့် မနေနိုင် မထိုင်နိုင် ပြောလိုက်ကာမှ ဝက်ဝက်ကွဲလေ၏။

"ဒါ ... ယမင်း အပေါင်းအသင်းပါ"

ဒေါ်ခင်လေးမြင့် ဖြူလျှင် မည်းရမှ၊ ဒေါ်ခင်လေးမြင့်က တာဝတီံသာ တက်နေလျှင် ငရဲအိုး ချိုးကပ်ကာမှ ကပ်ရော ဆန့်ကျင်ဘက်ဖြစ်မှ ကျေနပ်သည့် ယမင်းတို့က အငိုစိသို့ပင် ဆင်းချင်နေ၏။ ဒေါ်ခင်လေးမြင့်သာ မထားဆီးလျှင် တာနည် နောက်တစ်ခါလာလျှင်တောင် ထွက်မတွေ့ဖို့ ဆုံးဖြတ်ပြီးသားပါ။



ဒေါ်ခင်လေးမြင့်က မအောင့်နိုင်စွာ တားသည်မို့ ယမင်း ဆန့်ကျင်ဖို့ ဆုံးဖြတ်ချက်က တစ်ထိုင်တည်း ကျသည်။

"အမွှေတွေဖဲ့ အန်တီ ထိန်းလို့ရမယ်၊ ယမင်းကို ချုပ်ကိုင်ဖို့တော့ ဘယ်လိုမှ မကြိုးစားပါနဲ့"

"သမီးရယ် ..."

ပက်ခနဲ ပြောချပြီး ပြန်လှည့်ထွက်ခဲ့၏။ ဒေါ်ခင်လေးမြင့် မျက်ရည်ဝဲ၍ ကျန်ရစ်မည်မှန်း ယမင်း အသေအချာသိသည်။

"မျက်ရည်ကို ... ပေါ်တာ"

ယမင်းတို့များဖြင့် ငိုခဲပါဘိခြင်း။

ပြတ်တောင်းသည့် မှတ်ချက်ချကာ ညှော်ခန်းသို့ ပြန်ထွက်လာသည်။

"ထမင်းစားပြီးမှပြန် ... တာနည်"

"ဟာ ... မစားချင်ပါဘူး၊ နင့်ထွေးထွေးကြီးကို လန့်တယ်၊ အဲဒီမျက်နှာပေးကြီးတစ်ခု ဒီလောကမှာ ငါဖြို့တယ်"

တာနည့် ပခုံးတွန့်၍ပြောတော့ ယမင်း တခစ်ခစ်ရယ်၏။ တာနည်က ယမင်းမိထွေး ဒေါ်ခင်လေးမြင့်ကို "နင့်ထွေးထွေးကြီး" ဟု အမြဲခေါ်တတ်သည်။

"မနက်ကျ ... ငါ စော်စောထပြေးမလို့ နင် လိုက်ဦးမလား ယမင်း"

"ဘယ်သူတွေ ပါမလဲ"

"တစ်ဖွဲ့လုံး လျှောက်ခေါ်မှာပေါ့"

ယမင်းနှင့် တာနည်တို့အိမ်က မလှမ်းမကမ်း ဖြစ်နေပေမို့လည်း တာနည် ယမင်းထံ ခဏခဏလာဖို့ ဖြစ်နေသော်လည်း နေကြသည်က ဝင်ဒါမီယာ။ ဝင်ဒါမီယာမှာ ဆိုပေမဲ့ တာနည်

www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ကလေးက ခပ်သေးသေးရယ်ပါ။ အိမ်ကလေးကွေ ပြွတ်ညစ် နေသည့် နေရာနားမှာ တနည်က နေ၏။ အဲသည်နားမှာပဲ ယမင်း ကျတော့ ခြံကျယ်တိုက်ကြီးနှင့်ပါ။

ကျန်အဖွဲ့တွေက အင်းလျားမြိုင်၊ တက္ကသိုလ်ရိပ်သာ လမ်း၊ ရွှေတောင်ကြား၊ ချင်းချောင်းရိပ်သာ စသည်ဖြင့် နေကြသည် မို့၊ အတန်းကျောင်းတက်ခွင့် ရှိကြကတည်းက တစ်ကျောင်းတည်း တစ်တန်းတည်းသားတွေ ဖြစ်ခဲ့ကြသည်။

"အိမ်ပေါက်စေ့ လျှောက်စုဖို့ ငါ့တာဝန်ထား"

"ဒါဖြင့် ကောင်းသားပဲ"

အရွယ်နှင့် မလိုက်ဖက်စွာ ဆော့ဖို့လောက် စိတ်ကူး နေကြသည့် အုပ်စုမို့ ဒါမျိုးဆို နစ်ခါစည်းရုံးဖို့ မလိုပါ။

"နင်ပြန်တော့ တနည်၊ အဖွဲ့တွေကို လျှောက်စုရဦးမှာ"

"ဟ ... ထမင်းကျွေးဦးမလို့ဆို"

"ခု ... ကျွေးချင်စိတ် မရှိတော့ဘူး"

"ပြတ်ပါ"

"အေး ... ခပ်ပြတ်ပြတ်ထဲကပါ"

တနည် ... ဟက်ခနဲ ရယ်သည်။

မနက်ဖြန်ကျ မိုးမလင်းမီ ထပြီး အင်းလျားစော မှာ ပြေးကြဖို့ အစီအစဉ်ကို အန်တီဒေါ်ခင်လေးမြင့် သိလျှ ဖျက်လိုဖျက်ဆီး တားမှာသေချာ၏။ ယမင်း သွားဖြစ်အောင် သွ မှာလည်း သေချာသည်။

ဩော် ... အဲဒီနေ့က ထ,မပြေးမိလျှင် ဘယ်လော ကောင်းလိုက်မလဲနော် ...။

✻ ✻ ✻



"တနည် ကောင်စုတ် ... အပြောတလွဲ အလုပ်တခြားချည်း ပဲ"

အဖွဲ့တွေ မည်သူမျှ ပါမလာခဲ့ကြပါ။

"ငါက နင်တို့လို သူဌေးမဟုတ်ဘူးဟ ... အမေခိုင်းတာတွေ လုပ်ရသေးတယ်"

"ဘာဆိုင်လို့လဲ"

"အမေ ခိုင်းတာတွေ လုပ်ရတာနဲ့၊ အချိန်ကုန်သွားတာရော၊ မေ့သွားတာရော"

"နင် ... အခု တစ်အိမ်ချင်း လိုက်နှိုးပြီးခေါ်ချေ ... သွား"

"ဟာ ... အဲဒါနဲ့ မွန်းတည့်သွားမှာပေါ့"

"ဘာကြာတာမှတ်လို့"

"နင်တို့မိန်းကလေးတွေက မျက်နှာသစ်ပြီး ထလိုက်မှာမို့လား၊ မိတ်ကပ်ကို ခပ်ထူထူ လိမ်းပြီးမှ ပါးပါးပြန်ညှိရဦးမယ်၊ နှုတ်ခမ်းနီ အထူကြီးဆိုးပြီးမှ တစ်ရှူးပေပါနဲ့ ပြန်စုပ်ထုတ် ဦးမယ်၊ ဆံပင်ကို ပွရောင်းရောင်းပုံစံနဲ့ မြဲနေဖို့ ကော်ဆွတ်၊ ပုံသွင်း၊ ဒရိုင်ယာနဲ့ မှုတ်ရဦးမယ်"

"တော်တော့"

တနည် ပြောတာတွေ အမှန်ချည်းမို့ ယမင်း နှုတ်ခမ်း ...သည်။

"နင်ပဲ ရှာရှာဖွေဖွေ ဒါတွေလိုက်သိရတယ်လို့ မိန်းလျှာ ကျနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပတ်ဝန်းကျင် လေ့လာမှုပေါ့ဟ၊ တော်တယ်လို့ ချီးကျူးစမ်းပါ"

"တော်ပါ ..."

မျက်စောင်းတစ်ချက် ပိတ်ထိုးပြီးမှ ယမင်း ရှေ့ကထွက်သည်။

"တကယ်ပဲ၊ ပြေးတောင် မပြေးချင်တော့ဘူး"

"ထွေးထွေးကြီးကို ကြောက်တယ်ပေါ့လေ"

"အမယ် ... မကြောက်သေးဘူး"

ဓာနည်က ဘယ်လိုပြောလျှင် ယမင်း နာကြည်းမည်ဆိုတာကအစ ကျေညက်ပြီးသား ဖြစ်လေ၏။ ယမင်း အိပ်ရာမှထကတည်းက သူ့ပါ ရောနှိနေရသည့် ဒေါ်ခင်လေးမြင့် ခမျာ အပေါ်ပြတင်းမှ စိတ်ပူစွာငေးလျက် ကျန်ရစ်ရှာသည်။

"ပြောလို့လည်း ရမှာမဟုတ်ဘူး ... အစ်ကိုကြီးရယ်၊ ဒီသမီးတစ်ယောက်ကို ခင်လေးမြင့် ဘယ်လိုထိန်းရမှာလဲရှင်"

ကွယ်လွန်သူ ကျေးဇူးရှင် အစ်ကိုကြီးကို တ,ကာ ဒေါ်ခင်လေးမြင့် မျက်ရည်ဝဲလေ၏။

* * *

ရေနွေးပူပူ၊ အကြော်နွေးနွေးသည် ဆောင်းနံနက်ဦးနှင့် အလိုက်ဖက်ဆုံးအစာ ဖြစ်ပါ၏။

"ရှူး ... သောက်လို့ ကောင်းလိုက်တာ"

ယမင်း အကြော်တစ်ကိုက်၊ ရေနွေးတစ်ကျိုက်နှင့် သိပ်ကို သဘောကျနေသည်။



"အဲဒါ ... ငါလာခေါ်လို့၊ ငါနဲ့တူတူ ပြေးဖြစ်လို့၊ နင်အကြော်စားရတာ"

"သြော် ... ကျုပ်မှာ ပိုက်ဆံပါမလာရင် နင့်ကြီးတော်က အလကား ကျွေးမလား၊ ကြဖန် ကျေးဇူးတင်ခံမနေနဲ့"

ယမင်းတို့က မညာမတာ၊ အားနာခြင်းကင်းစွာ ပြောပြောပေမဲ့ ဓာနည် ရင်ထဲ နင့်ခနဲ အောင့်သည်။ တစ်ဆိတ်ရှိ သူ့ခင်းရဲတာ၊ သူ့မှာ ပိုက်ဆံဆိုလို့ ခြူးတစ်ပြား မကပ်တာကိုဘဲညာမတာ ဝေဖန်ရက်ကြလေခြင်း။

"ပိုက်ဆံဆိုတာ အပင်ပန်းခံပြီး ရှာနေစရာ မလိုပါဘူးကွာ၊ ပိုက်ဆံရှိပြီးသား မိန်းမကိုသာရရင် အဲဒီမိန်းမနဲ့အတူ ပိုက်ဆံတွေပါ ဝေါခနဲ ပါလာရော မဟုတ်လား"

ရင်ထဲက ကျိတ်တွေးကြောင့် ဓာနည် မျက်နှာမှာ ခဲ့ပြုံး တစ်ချက်လက်သည်။ ယမင်းကတော့ သတိမထားမိပါ။ အားပုပ်မလေးပီပီ စားလိုက် သောက်လိုက်နှင့် အလုပ်ရှုပ်နေ၏။ သူ့ကို ဓာနည် တစိမ့်စိမ့် ကြည့်နေတာလီည်း မသိ။

သူတို့ထိုင်ကြသည့် စားပွဲက အကြော်ဖိုနှင့် နည်းနည်းလှမ်းသည့် ရေစပ်နေရာမှာ ဖြစ်၏။ အင်းလျားစောင်း အကြော်ဆိုင်ဆိုမှာက စားပွဲလေးတွေ ဟိုနားတစ်နေရာ၊ ဒီနားတစ်နေရာ ချထားတတ်သည်။ ယမင်းက ချမ်းတယ်ဟာ၊ မီးဖိုနား ထိုင်ရအောင် ပြောသေးပေမဲ့ ဓာနည် အကြံသမားက "စကြောက် ... အချမ်းခံနိုင်တဲ့ သတ္တိလေးတောင် မရှိဘူး"ဟု တ,စ်ခွန်းပဲ ပြောရသည်။ ယမင်း ရေနှင့်အနီးဆုံး စားပွဲသို့ ရောက်သည်။

ယမင်း ဆိုသည့် ယမင်းက အဲသည်လို ဂျစ်ကန်ကန်ကလေးခဲ။

www.burmeseclassic.com

www.burmeseclassic.com



"နင် ... ဒီနေ့ အရမ်းလှတာပဲ"

"အဟဲ ... စား၊ အကြော်ဖိုး ငါရှင်းမှာ၊ စိတ်ချ"

ယမင်းသည် ဒီအသက်အရွယ်မှာ ယောက်ျားလေး အပေါင်းအသင်းတွေနှင့် ခွေးရောယုက်တင် မနေဖို့ နားမလည်ပါ။ နားလည်သည့်သူက ပြောလည်း လက်မခံချေ။

"ဘာဖြစ်ရမှာလဲ၊ မကြောက်သေးဘူး"ဆိုသည့် စကားကို ပက်ခနဲ ပြောချကာ ထင်ရာစိုင်းတတ်လေသည်။ ခင်စစ် ယမင်းသည် မိတဆိုးလေး။ ဖခင်၏ အုပ်ထိန်းမှုမှာ ကြီးပြင်းရသည်မို့ မိန်းမသားသဘာဝ အချိုးတကျ မရှိရသည့်အထဲ မိတဆိုးသမီးလေးကို ဖခင်ကြီးက "ဟဲ့"တစ်ချက် မငေါက်၊ ယမင်း ဆန္ဒဟူသမျှ မပြည့်ဝဆိုတာ မရှိစေရ။

"ဒီလိုနေ ဒီလိုထိုင်" ဆိုတာမျိုး သွန်သင်မှုမရှိ။ ပြောချင်တာပြော၊ လုပ်ချင်တာလုပ်၊ ထင်သလိုနေ။ ယမင်း သည်းညည်းမခံနိုင်သည့် အိမ်ဖော်တွေ အလုပ်ထွက်ကြ။ ယမင်းသည်သာ ဖေဖေ့ကမ္ဘာ။

"တကျက်လေ သမီး"ဆိုတာမျိုး တစ်ခါမျှမရှိ။ သမီးလေး ပျော်သလို နေရှာပါစေဆိုသည့် နည်းမမှန် လမ်းလွဲသည့် စေတနာတွေသာ ဦးဘသက် ရင်မှာ အပြည့်ဖြစ်ထွန်းခဲ့လေ၏။ စာမေးပွဲတွေ တဖုံးဖုံးကျ။ သမီးလုပ်သူက ပြောမရ ဆိုမရ ဖြစ်လာတော့မှ ဦးဘသက် မျက်လုံးပြူးသည်။ ထဘီကိုတောင် ပြုတ်မကျအောင် မဝတ်တတ်သည့် သမီးနှင့်တော့ ခက်ပြီလေ။

ဒေါ်ခင်လေးမြင့်သည် ယမင်းမိခင်၏ ညီမဝမ်းကွဲဖြစ်သလို ယမင်း၏ ဆရာမလည်း ဖြစ်သည်။

"ယမင်းကို ကြည့်ပြောကြပါဦး"



မနိုင်တော့မှ ထိုးအပ်ရသည့် အဖြစ်ပါ။ ဦးဘသက်နှင့် ဒေါ်ခင်လေးမြင့်တို့ လက်ထပ်ဖြစ်တော့ ယမင်း ပိုလို့သာဆိုးသည်။

"ဒီအရွယ်ကြီးကျမှ မိန်းမထပ်ယူရတယ်လို့၊ ဆယ်နှစ်ကျော်ကျော် ဒီအတိုင်းနေခဲ့တာ အကောင်းသားဟာကို၊ ဖေဖေက တော်တော်ရယ် ... အန်တီကိုက သူ့ဒွေးကတော် ဖြစ်ချင်တာ"

ဖခင်နှင့် မိထွေး အပေါ်ကို မျက်နှာစုံညီ ပြောင်ပြောင်ကြီး ဝေဖန်ပစ်သည့် ယမင်း။ ငရဲကြီးမလား။ မိုက်ရိုင်းရာ ရောက်သား ဆိုတာတွေ ယမင်း ခေါင်းထဲ မဝင်ပါ။ ဆိုးသော တေသော၊ ဘဝန်ဟူ၍ လုံးဝမဲ့စွာ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘာတစ်ခုမျှ အလေးအနက် မရှိသည့် ယမင်းသည် နံနက်ကြီး ဝေလီဝေလင်းမှာ ဆွေမတော် မျိုးမစပ်သော ယောက်ျားလေးတစ်ဦးနှင့် အင်းလျားကန်ဘောင်းမှာ ရောက်နေသည်။

မသင့်တော်ပါလား ဆိုတာ ယမင်း မသိ။ ဆင်ခြင်သင့်တာကို ယမင်း နားမလည်။ သိသော နားလည်သောသူ တစ်ဦးဦးက ဆုံးမတားမြစ်မည် ဆိုလျှင်လည်း ယမင်းတို့က လက်မခံရချေဆိုသည့် အထဲကပါပဲ။

"ယမင်း"

"ဘာတုံး"

စာနည်း အကြည့်စူးကို တစ်ချက်ကလေး မော့မကြည့်မိသည်မို့ ယမင်း မသိပါ။ စာနည် နာရီတကြည့်ကြည့် လုပ်နေတာလည်း ယမင်းသတိမထားမိချေ။

"နင့်ကို ငါ တစ်ခုပြောချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



“အမယ်လေး ... အခုပေါင်းများစွာ ပြောခဲ့ပြီးမှ တစ်ခုကျမှ ခွင့်တောင်းမနေနဲ့၊ ပြောသာပြော ဓာနည်”

“နင့်ကို ငါ ချစ်တယ်”

“ဟော ...”

သောက်လက်စ ရေနွေးကြမ်း ပန်းကန်ကို ကမန်းကတန်း ချပြီးမှ ဓာနည့်ကို မော့ကြည့်ဖြစ်သည်။ စူးရှထွင်းဖောက်စွာ ကြည့်နေသည့် ဓာနည့်ကို အထင်သေးစွာ ပြန်ကြည့်လေ၏။ ပြီးတော့ ဟက်ခနဲ ရယ်လေ၏။

“နင်ကလား ... ငါ့ကို”

“ငါ တကယ်လက်ထပ်ချင်တာ ယမင်း”

“သိပ်ပြောမနေနဲ့ ယုံတယ်ဟဲ့”

ဘူးသီးကြော်တစ်ခုကို ကောက်စားပြန်၏။ ယမင်း အဖို့တော့ လုံးဝမထူးခြား၊ ခံစားမှု လုံးဝမရှိ။

“ယုံတယ် ... ဟုတ်လား၊ ဒါဖြင့် နင် စဉ်းစားပြီးသား ဖြစ် နေပလား”

“ဝေးသေး၊ ကိုယ့်ကိုယ်ကိုယ် တော်ရုံ အထင်ကြီးမနေ ဓာနည်၊ နင် ငါ့ကို လက်ထပ်ချင်တာ ငါ ယုံတာပေါ့၊ နင် လိုလူက ငါ့လိုလူကို လက်မထပ်ချင်ရင် ဘယ်သူ့သွား လက်ထပ်ချင်ရမလဲ၊ ငါ ... သက်သက်ညာညာ ပြောတာ နင် နားလည်လား”

ဓာနည့် မျက်လုံးတွေ ဝင်းခနဲ မီးပွင့်၏။ ရှိန်းခနဲ တောင် ပူသွားသလား ထင်ရသည်။ ယမင်းသည် ကျကျနနစော်ကား ရုံမျှမက ယောကျ်ားတစ်ယောက်၏ မာနကို ဖုံးထောင်၍ ခွဲသလို ပါပဲ။ ကိုယ်တိုင်က ဖြတ်လမ်းလိုက်ကာ သူဌေးသမီးကို ယူချင်သူ



ထဲမှ သေတစ်ပန် သက်တစ်ဆုံး ကြင်နာသွားဖို့ဆိုသည့် အလိမ်မှာ စိတ်ကူးလေးတွေ ဝုန်းခနဲ ပြိုကျသည်။

“နင်က ဘာကောင်မမို့လို့လဲ”ဟု မေးချပစ်လိုက်ချင်သည်။ သူဌေးသမီးဆိုတာ ကိုယ်တိုင် သူဌေးမဟုတ်ပါဘူး ယမင်း။ မိဘအရည်အချင်းပါ။ နင်ပိုင်အရည်အချင်းက ဆယ်တန်းကို နှစ်နှစ် ဆက်ကျထားတာလေဟု ပြတ်တောင်းစွာ ပြောချပစ်လိုက်ချင်သည်။

သို့ပေမဲ့ ...

ဒေါသနှင့် မာနသည် စဉ်းလဲမှုကို ပံ့ပိုးလေ၏။ ဓာနည့် မျက်နှာ ညှိုးခနဲ နွမ်းကျသည်။ ဖြစ်နိုင်လျှင် ရုပ်ရှင်ထဲမှာ သဆိုလျှင် မာနရှင်ရယ် မုန်းတော်မမူနဲ့ကွယ် ဆိုသည့် သီချင်းလေး တစ်ပိုင်းတစ်စကိုတောင် ထဆိုတော့မလား ထင်ရတော့မည့် မျက်နှာ မူကို ချိုးလေ၏။

“ငါ ... တကယ် ချစ်တာပါ ယမင်းရယ်၊ နင်နဲ့ ငါနဲ့က သူငယ်တန်းကတည်း သူငယ်ချင်းတွေပါ”

“ငါ သိသားပဲ၊ ဆယ်တန်းကျတာလည်း အတူတူ ဆိုတာပါ ထည့်ပြောဦး”

ယမင်း ပုံစံက ဓာနည့်ကို ယောကျ်ားတစ်ယောက် ဆိုတာကို အသိအမှတ်ပြုဖို့ဝေးစွ။ လူသားတစ်ယောက် အဖြစ်တောင် နေရာမပေးသည့် အနေအထားပါ။

“ငါ ဆင်းရဲတာ အပြစ်လား ယမင်း”

“ပြောတတ်ဘူး၊ ငါ မကြိုက်တာတော့ အမှန်ပဲ”

“နင့်မှာ အသည်းနှလုံး မရှိဘူးလား”

“ရှိသားပဲ၊ အဲဒီနှလုံးသားက နင့်အတွက် ဘယ်လိုမှ မလှုပ်ရှားဘူး”

www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ၊ ဒီလောက် ရက်စက်တဲ့ နှလုံးသားရှိမယ်လို့ ငါ တစ်ခါမှ မထင်ခဲ့ဘူး"

"နားငြီးတယ်ဟာ ... ပြန်မယ်"

"ယမင်း ... နင် ..."

"ယော် ... ခက်တော့တာပဲ၊ ကဲပါ ... ငါက ပြန်ကြိုက်ပါပြီတဲ့၊ နင်က ငါ့ကို ဘာလုပ်ကျွေးမှာလဲ၊ ပြော ..."

ယမင်း ဝါသနာကိုက သူများအရှိုက်ကို ဖနောင့်နှင့် ပေါက်ရမှ ပျော်တတ်သူမို့ ရယ်ကျဲကျဲနှင့်ပင် မေးသည်။

"ငါ ယောကျ်ားပဲ"

"ယောကျ်ားဖြစ်တာနဲ့ အလုပ်ရရောလား၊ တို့ မြန်မာနိုင်ငံမှာ ယောကျ်ားမှန်သမျှ အလုပ်ခန့်မယ်ဆိုတဲ့ ဥပဒေမရှိဘူးကွ၊ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သူ့အရည်အချင်းနဲ့သူရှိမှ အလုပ်ရတယ်၊ ဝန်ထမ်း လုပ်ချင်ရင်ပြောတာ၊ မိဘက အရင်းအနှီး ထုတ်ပေးနိုင်ရင်တော့ စီးပွားရေးလေး အရောင်းအဝယ်လေး လုပ်ပေါ့၊ နင့်အမေက ဘယ်နှသိန်း ထုတ်ပေးဖို့ စိတ်ကူးရှိသတဲ့လဲ"

"နင် စော်ကားလွန်းပြီ ယမင်း"

"မေးသင့်တဲ့ မေးခွန်းကို မေးတာလေ"

ဘယ်နှသိန်း ထုတ်ပေးဖို့ နေနေသာသာ၊ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ဇာနည့် ဘဝကို ယမင်း အစင်းသိပါ။ အိမ်ရှေ့မှာ ငှက်ပျောဖီး၊ ဆီးထုပ်၊ ဆေးပေါ့လိပ်၊ ကွမ်းယာ မျိုးစုံရောင်းသည့် ဆိုင်ကလေးက မိသားစုများသည့် ဇာနည်တို့အတွက် ဟင်းဖိုးတောင် ဆီမစိုပါ။



"ငါ့မှာ ဂုဏ်တွေ ပကာသနတွေ ငွေတွေ ပုံမပေးနိုင်ပေမဲ့ ရင်ထဲက အချစ်တွေကို အတိုင်းအဆမဲ့ ထုတ်ပေးနိုင်တယ်ဆိုတာ ..."

ဇာနည် ဒေါသကို ထိန်း၍ပြောလေ၏။

"ဟာ ... ဂုဏ်မရှိ၊ ငွေမရှိ၊ ပညာမရှိ၊ အလုပ်အကိုင်လည်းမရှိတဲ့ ခွတ်ချုံကျကြီးကို ငါက ဘာလုပ်ရမှာလဲ ဇာနည်ရာ၊ တော်ပါတော့၊ ဗိုက်လည်းတင်းပြီ၊ မပြေးတော့ဘဲ လမ်းလျှောက်ပြန်ကြမယ်"

ဝေါ့ကင်းရှူးခေါ် လမ်းလျှောက်ဖိနပ်နှင့် လိုက်ဖက်စွာ ဝတ်လာသည့် ဘောင်းဘီအိတ်ထဲမှ ဆယ်တန် တစ်ရွက်ကို ဆွဲထုတ်သည်။ စားပွဲလေးပေါ်တင်၊ ရေနွေးကြမ်းပန်းကန်နှင့်ဖိ၊ ထားကြတာ တစ်ဆယ်ဖိုးမရှိမှန်း သိပေမဲ့ ပြန်အမ်းမည့် ကျပ်အနုံအနွမ်းကလေးများကို ဂရုစိုက် ဆောင့်ယူနေစရာမလို။ ပေယျာလကန်ဟူသည့် သဘောဖြင့် ယမင်း ထရပ်သည်။

ဇာနည့် ရင်ထဲ မီးဟုန်းဟုန်း တောက်နေတာကို အနည်းတစ်စိတောင် သတိမပြုပါ။ ဇာနည့် ရင်ထဲမှာ မီးတောက်တွေ ခုန်ညီးနေသည်။ ယောကျ်ားမာနကို ခြေနှင့်နင်းသည့် မာနခဲ၊ သူကိုယ်တိုင်ကရော ဘာမို့လို့လဲ ... ဟူသည့် ဒေါသကလည်း ထွက်သည်။ ရှက်လည်း ရှက်၏။ မခံချင်စိတ်ဖြင့် ပေါက်ကွဲနေသမျှ မျိုသိပ်နေရတာကို ယမင်း မသိသား ဆိုးရှားလှချေ၏။

ဇာနည် နာရီကို ကြည့်သည်။

အဖေ လူပျိုကြတည်းက နာရီ၊ ပြင်ရလွန်းသည်မို့ ကြားအော်ရီဂျင်နယ်ပစ္စည်း တစ်ခုမှ ကျန်တော့ဟန် မတူသည့် နာရီက သူညွှန်းချင်သည့် အချိန်ကို ညွှန်းနေသည်။ အင်းလျားလမ်း

www.burmeseclassic.com



ဘက်သို့ လှမ်းကြည့်တော့ လူရိပ်လူခြည်က ကင်းနေ၏။ လူရော စိတ်ပါ ဆွေ့ဆွေ့ခုန်နေပါလျက် ကြိုးစား တည်ငြိမ်ပြကာ ယမင်း နောက်မှ ဖြည်းဖြည်းလိုက်လာ၏။

ဇာနည့် ရင်ထဲမှ ဒေါသမီးနှင့် မခံချင်စိတ်တို့က မှန်ယိုဆင်ရိုင်းထက် အထိန်းရ ခက်ပါသေးသည်။ ကြည့်မြင်တိုင် ညဈေးတန်း အဟောင်းဆိုင်မှ ဝယ်ဝတ်ထားရသည့် တစ်ခုတည်းသော ဂျင်းဘောင်းဘီလေး၏ အိတ်ကို နှိုက်သည်။ ချိန်းပွဲတွေမှာ ရမ်းစားနေကျမို့ သူငယ်ချင်းတစ်ယောက် ဂုဏ်ပြုလက်ဆောင်ပေး ထားသည့် ခလုတ်ဓားလေးကို စမ်းမိလေ၏။

သတ္တုအအေးဓာတ်သည် ဒေါသအမိုက်မီးကို နှိုးဆွလေ၏။

"ယမင်း ..."

ယမင်း ဆတ်ခနဲ လှည့်အကြည့်၊ ဇာနည့် လက်ထဲမှ ခလုတ်ဓားက ဖြောင်းခနဲ ပွင့်သည်။

"နင် ... တစ်ခါတည်း လိုက်ခဲ့ပေတော့၊ ငါခေါ်ရာ မလိုက်ရင် တစ်ခါတည်း သတ်ခဲ့မယ်၊ မလုပ်ရဲဘူး မထင်နဲ့၊ ငါ့ အကြောင်းတော့ နင် ကြားဖူးမှာပေါ့"

ယမင်း ထိတ်ခနဲ ကြောက်သွားရလေ၏။

ဇာနည် မိုက်ရူးရဲ အကြောင်းကို ကောင်းကောင်းသိသည်မို့ ယမင်း ဖြူသွားရသည်။ ကျောင်းသာ မှန်မှန်မတက်တာ စီခနဲ ရန်ပွဲဆို ဇာနည်တို့က အပိုင်လုပ်ပြီးပြီ၊ တစ်ဖက်သား ထိ ပေါက် ခေါင်းကွဲချိန်မှာ ဇာနည်က လူအုပ်နှင့်ရောပြီး စုတ်သ သနားနေတတ်တာကွ၊ အကြံကောက် ဉာဏ်ကောက်တွေ ဇာနည့်မှာ အများကြီးရှိနေတာတွေ ယမင်းက အစင်းသိပါ။



"မလုပ်ပါနဲ့"

အော်သံမှာ ကြောက်ဟန်က ထင်ရှားလေ၏။ ဇာနည် ခနဲပြုံးတော့ ပိုကြောက်သွားရသည်။ ဒီလိုကောင်မျိုးနှင့် အရော ဝင် နေမိတာ မှားပြီ၊ အန်တီ မကြိုက်မှန်းသိလို့ တမင်တကာ တ်လာမိတာ မှားပြီဆိုသည့် နောင်တက ယမင်းကိုယ်ကလေးကို ဆတ်ဆတ်တုန်စေ၏။ လက်မောင်းတစ်ဖက်ကို လာကိုင်သည့် ဇာနည့်လက်ကို ပုတ်ချသည်။ မပြုတ်ချေ။ ခိုင်မြဲပါဘိခြင်း။

အရေးကြုံတော့မှ မျက်ရည်က ဝဲသည်။

ဟိုသည် ကြည့်သည်။ လူသူက ရှင်းပါဘိ။ ခုနေ အော်လျှင် အကြော်ဆိုင်ကတော့ ကြားမည်ထင်သည်။

"အမေ့ ..."

နံကြားမှာ စစ်ခနဲ နာသွားသလို ခံစားရသည်။ ဇာနည်က ဓားကို ခပ်ကွယ်ကွယ်ထား၍ ထောက်လေ၏။ ဇာနည့် မျက်ဝန်းတွေမှာ မကောင်းမှုဖြင့် လက်လက်ဖြာ၏။

"ကယ်တော်မူကြပါ" ... ဟု အသံကုန် ဟစ်လိုက်လျှင် အကြော်ဆိုင်မှလူတွေ ရောက်မလာမီ မိမိနံရိုးကြားမှ အရေပြားက ရင်ကွဲထွက်မှာကို သိ၏။ ဇာနည် ဆိုသည့် ငတေက ရက်စက်ဖို့ သိမ့်မျှ ဝန်လေးမှာ မဟုတ်ချေ။

"ဟော ..."

အသံမထွက်ပေမဲ့ ရင်ထဲ ဒိတ်ခနဲတော့ ပျော်သွားရ၏။ အင်းလျားလမ်းပေါ်မှာ လမ်းလျှောက်သူ တစ်ဦးစ နှစ်ဦးစ ၏။ သို့ပေမဲ့ ဆောင်းနံနက်မို့ လမ်းလျှောက်သူတိုင်းသည် ခပ် ွက် လှမ်းနေကြသည်။ အချို့က ပြေးနေ၏။ သူတို့အားလုံး သူတို့မို့ ယမင်းကို မြင်ဖို့ ကူညီဖို့ မလွယ်ပါလား။

www.burmeseclassic.com



လမ်းဘေးမှာ ကားတစ်စီးပါလား။ ထိုးဆိုက်ကား ဘာလုပ်နေမှန်းမသိ၊ ကားထဲမှာ လူရှိမှာတော့ သေချာ၏။

"တွေ့လား ယမင်း၊ အဲဒါ ကျော်စွာနဲ့ ဝဏ္ဏ၊ နင် ဂျစ်ကန်ကန်လုပ်ရင် အပိုင်ဆွဲဖို့ ငါ့ကို ကူညီမလို့ ရောက်လာတာ"

မြတ်စွာဘုရား ...။

သွားပါပြီ။ အားတက်ရတာလေးတွေ လျှော့ခနဲကျသည်။ ကျော်စွာနှင့် ဝဏ္ဏကို ယမင်း ကောင်းကောင်းသိ၏။ ဓာနည့်အဖွဲ့တွေ၊ သူဌေးသား လမ်းသရဲ ဂျပိုးတေလေတွေ ဓာနည်နှင့်တန်းတူ ရမ်းကားရဲသူတွေ။

"နင် ... အကြံပက်စက်လှချည်လား"

"ငါ့အကြံက နင့်မာနနဲ့ နင့်ပါးစပ်လောက် မပက်စက်သေးဘူး"

စောစောက ပက်ပက်စက်စက် ပြောချမိတာတွေ မှားသွားရပြန်ပါပြီ။ ဓာနည် ကျားနာလို ခဲတော့မှာ မလွဲ။ ဓာနည် တွန်းထိုး ဆွဲခေါ်လာသည်မို့ အကြော်ဆိုင်နှင့်စလျှင် လမ်းမကြောင်းနှင့် ပိုနီးလာ၏။ လူရိပ်ပိုသဲကွဲလာသည်မို့ ကျော်စွာနှင့် ဝဏ္ဏကို ကားထဲမှာ တွေ့သည်။

ခွေးကောင်တွေ၊ ဒါမျိုးဆို ကိုယ့်ထမင်း ကိုယ်စားရုံမဟုတ် ကိုယ့်ထမင်းကိုတောင် သူများကျွေးပြီး ကိုယ်မစားဘဲ ကူညီချင်သည့် လူဆိုးတွေ၊ ဂျပိုးတွေ။

စိတ်ထဲမှ ကျိတ်ဆဲရင်း လွတ်လမ်းကို တွေးရသည်။ လမ်းမကြောင်းပေါ် ရောက်သွားလျှင် အကူအညီ ရနိုင်တာမှန်၏။ အကူအညီက ရောက်မလာမီ သူတို့ကားပေါ် ဆွဲတင်သွားနိုင်လျှင် ဒုက္ခ၊ ဘာလုပ်ရပါ့။



ရင်ထဲ တဒိတ်ဒိတ် ခုန်သံကို ကိုယ့်နားနှင့်ကိုယ် ပြန်ကြားနေရသည်။ လက်ကို ဆုပ်ကိုင်ထားသည့် ဓာနည့်လက်ကို ဘယ်လိုလွတ်အောင် ရုန်းရမလဲ။

"လက်နာလှပြီဟ ... နည်းနည်း လျှော့ဦး"

ဓာနည်က ဟက်ခနဲ ရယ်၏။

"နင့်ဓားကြီးလည်း ငါကြောက်တယ်"

အရေးမကြီးသလို ပြောပေမဲ့ တကယ် ကြောက်နေမှန်း ဓာနည် သိမှာမလွဲ။ ဓာနည် သဘောကျစွာ ပြုံးပုံက မခိုးမခန့်၊ ဖြစ်နိုင်လျှင်တော့ ပါးပိတ်ရိုက်ပစ်လိုက်ချင်သမှ လက်မောင်းကြီး တစ်ခုလုံးတောင် ယားနေသေးသည်။ ဘယ်လိုမှ ရုန်းမရမှန်း သိပေမဲ့ ရုန်းထွက်ပြေးမှပဲ လွတ်လမ်းရှိလေ၏။

ဘုရား ... ဘုရား၊ ဟိုနှစ်ကောင် ကျော်စွာနှင့် ဝဏ္ဏတို့က စပ်ဖြဲဖြဲ လှမ်းကြည့်နေချေသေးသည်။ သူတို့ကားနှင့်လည်း နီးသွားပြီ၊ ဘာလုပ်ရပါ့မလဲ။

လူတွေနှင့် နီးလာပြီမို့ ဓာနည်က ဓားကိုသိမ်းသည်။ လက်မောင်းတစ်ဖက် ဆုပ်ထားရုံနှင့် လုံလောက်နေတာလည်း အမှန်ပါ။ ယမင်း ကျုံ့အော်မှာကိုပဲ ဓာနည် နည်းနည်းစိုးရိမ်သည်။ ယခုအချိန်ထိ မအော်သေးသည်ကို ဓာနည် စဉ်းစားမရချေ။ ယမင်း အဖို့မှာကတော့ အော်ဖို့ထက်၊ ထွက်ပြေးနိုင်ရေးကိုသာ တွေးနေရသလေ၏။

ကျော်စွာ ကားတံခါးကို ဖွင့်ထားသည်။ ဝဏ္ဏက ကားစက်နှိုးပြီးပြီ။ ရှေ့ခန်းမှာ ဝဏ္ဏ တစ်ယောက်ပဲရှိသည်။ ကျော်စွာက နောက်ခန်းမှာ၊ ယမင်းကို နောက်ခန်းတွင် နှစ်ယောက်ညှပ်၍ ခေါ်သွားဖို့ စိတ်ကူးဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလေစွ။

လမ်းလျှောက်သူ လူကြီးတစ်ဦးက ကန်ဘက်သို့ ချိုးအဆင်း ကားဘေးမှ ဖြတ်လာသည်မို့ ဇာနည် တွန်းတွန်းဆွဲဆွဲ ပုံစံကို နည်းနည်းပြင်သည်။ လက်မောင်းမှ အဆုပ်အကိုင်က နည်းနည်းလျော့၏။ ယမင်း တစ်ချက်ကလေးမျှ ကြောင်မနေတော့ဘဲ ဆောင့်ရုန်း၊ ဝန်းခနဲပြေး။

"ဟေ့"

ဇာနည် ယောင်ယမ်းအော်၍ လိုက်ဆွဲပေမဲ့ သီသီလေး လွတ်၏။ ယမင်း ကားရှေ့ပိုင်းမှ ဖြတ်၍အပြေး နံနက်ပိုင်း လူရှင်းသည်မို့ အရှိန်ပြင်းပြင်း မောင်းလာသည့် အခြားကားတစ်စီးက လမ်းဘေးတွင် ရပ်ထားသည့် ဇကျော်စွာတို့ကားကို ပန်း၍အကျော် ဘွားခနဲ ပေါ်လာသည့် ယမင်းကို တွေ့လိုက်ရလေ၏။

သေပြီ ... ဟူသည့် အသိစိတ်နှင့် ယမင်း ကိုယ်ကို တုံ့ခနဲ ရပ်လိုက်သည်။ အရှိန်မတန့်နိုင်ဘဲ ဘိုင်းခနဲ လဲသည်မို့ ဖြတ်ကြိတ်လုဆဲဆဲ ကားက ဝဲဘက်သို့ တအားကျိုးအကွေ့ လမ်း၏ ဟိုဘက်ခြမ်းမှာ အေးဆေးစွာ လမ်းလျှောက်နေသူတစ်ဦးကို အရှိန် မထိန်းနိုင်ဘဲ တည့်တည့်ကြီး တိုက်လေသတည်း။

"ဟာ ... တိုက်ပြီ"

ဘယ်သူမှန်း မသိ။ အော်လိုက်သံနှင့်အတူ ဝ[illegible] ကားကို မောင်းထွက်သံက ရောထွေးသွားလေ၏။ ဒါမျိုးဆို ... ဝဏ္ဏာတို့က ဘယ်တော့မျှ နောက်ကြောင်း ပြန်မကြည့်တတ်ပါ။ သည်လိုအခြေအနေ ရှုပ်ရှုပ်ထွေးထွေးဆို လွတ်ရာ လွတ်ကြောင်း ပြေးမြဲမို့ ယမင်းကို ဆွဲခေါ်ဖို့တောင် သတိမရ။ ဇာနည် သတ္တိခဲ[illegible] ကားပေါ်ခုန်တက်၍ ပါသွားသည်။



ယမင်းက ဒဏ်ရာမဲ့စွာ လဲလျက် လမ်းတစ်ဖက်ခြမ်းမှ [illegible]တော့ ကားအောက်တည့်တည့်မှာ သွေးထွက်သံယိုမရှိ လဲလျက်။

လူတွေ ဝိုင်းလာ၊ ကားအောက်မှလူကို ဆွဲထုတ်။

"ဟိုကလေးမ ဖြတ်ပြေးလို့ အရှောင်လိုက်မှာ အရှိန်လွန်ပြီး ဒီဘက်ခြမ်းကလူကို ဝင်တိုက်တာ"

မျက်မြင်သက်သေတွေက ဇာတနာ့ဝန်ထမ်း ပြောလို့ [illegible] ဟိုလူကို ကားပေါ်တင်၊ ဆေးရုံတန်းမောင်းသွားချိန်ကျမှ [illegible]င်း ဖြည်းဖြည်း ထနိုင်သည်။

"ဒီကောင်မလေးက ဘာလို့ ဖြတ်ပြေးရတာလဲ"

"ဇာဇာတ္တ အပြေးကျင့်တာ နေမှာပေါ့"

"လမ်းဘေးက ပြေးပါလား၊ ရပ်ထားတဲ့ ကားရှေ့က ပြေးထွက်လာတော့ ကျော်တက်တဲ့ကားက ဘယ်မြင်မှာလဲ"

"ဒီကလေးမ အသက်ကို ညှာလိုက်လို့ ဟိုလူ့အသက်ကို ယူလိုက်ရသလို ဖြစ်သွားတာ"

"မသက်သာဘူး၊ ပွဲချင်းပြီးမှာပဲ"

"သွေးမှ မထွက်တာ၊ မသေနိုင်ဘူး ထင်ပါရဲ့"

"မမြင်ဘူးလား၊ ဖွဲ့အိတ်ကြီးလား မှတ်ရတယ်၊ အတွင်းကြေကြေသွားမှာပေါ့"

ဝေဖန်သံတွေ ကြားမှ ထွက်ခဲ့ရပါ၏။ မေးခွန်းတွေ [illegible]လုံးကို တစ်ခုမျှမဖြေဘဲ တက္ကသိုလ်ဝင်းထဲသို့ ဝင်ခဲ့သည်။

ထွက်ပြူစ နေခြည်သည် ကြေကွဲစွာ ညှိုးမှိန်နေ၏။ [illegible]မှာ ဆို့နင့်ကာ အိမ်သို့ ဘယ်လိုပြန်ရောက်လာမှန်းတောင် [illegible]ထားမိပါ။ ဖိနပ်မချွတ်ဘဲ အိပ်ရာပေါ် ပစ်လှဲသည်အထိ [illegible] မပျောက်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... ဟိုလူကြီး မသေပါစေနဲ့"

ဆွမ်းတော် ပန်းတော် သောက်တော်ရေ တစ်ခါမျှ မကပ်ဖူးပေမဲ့ အရေးကြုံတော့ ဘုရားတ,လေ၏။ ယမင်း တစ်ကိုယ် လုံး မျှော့ခွေနှမ်းဖတ်ကာ သီသီလေး လွတ်ခဲ့ရသည့် သေဘေး ကြောက်လို့မဆုံး ရှိချေသည်။ အသက်ဘေးတင် မကပါဘူးလေ အရှက်ဘေးကပါ လွတ်ခဲ့ရတာ မဟုတ်လား။ မိမိအသက်၊ မိမိ အရှက်တို့ တည်တံ့နိုင်မြဲနေစေဖို့ လူတစ်ယောက်၏ အသက်နှင့် စတေးလိုက်ရပြီ ထင်သည်။

စိတ်မကောင်းလိုက်တာ ဖြေလို့ကို မရ။

"ဟိုလူကြီး ဘယ်လိုနေရှာမလဲ"

သည်အတွေးကြောင့် ရင်ထဲ မချိပါ။ အနီတီဒေါ် လေးမြင့် အခန်းထဲကို ဝင်လာချိန်တွင် မျက်စိမှိတ်ကာ ပင်ပန်းသွား ပုံနှင့် အိပ်ပြနေရပေမဲ့ ယမင်း ရင်ဘတ်ကြီး တစ်ခုလုံး လှိုင်းထ နေသည်။

နဖူးမှ ချွေးတို့သည် လစ်းမပေါ် ဖြေးနဲ့ရသည့် ထွက်တာတစ်ခုတည်း မဟုတ်မှန်း ယမင်း ကိုယ်တိုင် သိနေရ ၏။

အဲသည်တုန်းကတော့ ကားအောက်တွင် ပြားပြား သွားရှာသူသည် လူ့အဖိုးတန်ဟု အများက ဝိုင်းဝန်းလေးစား "ခေါက်တာနောင်ဦး"မှန်း မသိခဲ့တာ အမှန်ပါ။

ဒီလိုဖြစ်ဖို့ ယမင်း တမင်လုပ်တာ မဟုတ်ပါဘူး

✻ ✻ ✻



## အနှံ့အက်အမုန်းရွက်

တစ်သက်နှင့် တစ်ကိုယ်မှာ ...

ဒီလောက် မျက်နှာငယ် အောက်ကျရတာမျိုး မကြော နှင့် ဒီလိုမျိုး စေယယ ဆိုတာတောင် ယမင်းအဖို့ တစ်ခါဆို တစ်ခါမျှ မရှိခဲ့ဖူးချေ။

ခုတော့ ... မျက်နှာငယ်လေး နှမ်းဖတ်မှာ အကြိမ် ကြိမ် အောက်ကျို့တောင်းပန်လျက် ...

"မင်းကို လုံးဝမတွေ့ပါရစေနဲ့တဲ့ကွာ၊ လူနာရှင်က သူ့လူနာ ကို တွေ့ခွင့်မပေးဘူးဆိုတော့ တို့များအနေနဲ့လည်း ဘယ်လို လုပ် ပေါ်သွားပေးရမလဲ"

တာဝန်ကျ သူနာပြုဆရာမလေး ကိုယ်ချင်းစာစွာ ပြောရှာပုံက နားစံသာလို့သာ တော်တော့သည်။

"ယမင်း ... တမင်လုပ်တာလား ဆရာမရယ်၊ ယမင်းမှာ အပြစ်ရှိသလား"

ယမင်း သက်တမ်းမှာတော့ သည်တစ်ကြိမ် အပြည့် ပြောပြစ်ခြင်းပါပဲ။ ရင်ထဲမှာ တကယ့်ကို မကောင်းသည့်နှ ပြင်း ဒီလောက် ကျိုးနွံမှာ ခယမိခြင်းပါ။

www.burmeseclassic.com



"တမင်လုပ်တာတော့ မဟုတ်ဘူးပေါ့"

"ဒါဖြင့် ယမင်း ပယောဂ မကင်းဘူးလို့တော့ ဆိုနိုင်တာပေါ့ ... ဟုတ်လား ဆရာမ"

"အဲဒီလိုပဲ ဆိုရမှာပေါ့လေ"

ရင်ထဲ နန်းခွေသွားရလေ၏။ မျက်နှာပြင် တစ်ခုလုံး နွမ်းဖတ် ညှိုးခွေသွားမှာကို မှန်မကြည့်ရပါဘဲ ယမင်း ကိုယ့်ကိုယ်ကိုယ် မြင်မိသည်။ တောင့်တောင့်မတ်မတ်လေး ရပ်နေမိသည့်အနေအထားမှာ ခံနိုင်ရည် မရှိတော့ပါ။ ဖြစ်နိုင်လျှင် ဆေးရုံ သမံတလင်း ကြမ်းပြင်ပေါ် ခွေခနဲ ထိုင်ချလိုက်ချင်တော့သည်။

ယမင်း ခေါင်းကလေး ငုံ့ကျနေ၏။

သူနာပြုဆရာမလေးက ယမင်းကို ပင့်သက်ဖြင့် တစ်ချက်ကြည့်ကာ သူ့တာဝန်ရှိရာသို့ ချာခနဲ လှည့်သွားတော့သည်။

"ဆရာမ ..."

ဆရာမလေး သမင်လည်ပြန် ကြည့်သည်။

"ဟို ... ယမင်း တစ်ခုလောက်"

ဝါကျတစ်ကြောင်းကို အထစ်အငေါ့ကင်းစွာ မပြောနိုင်ခြင်းသည်လည်း တစ်သက်နှင့်တစ်ကိုယ်မှာ ပထမဆုံး အကြိမ်ပါ။ ယမင်း ဆိုသည့် ယမင်းက နှုတ်သွက်စိတ်မြန်၊ မည်သူ့ကိုမျှ ဂရုစိုက်၊ အားနာခြင်း အလျှဉ်းမရှိ ဆိုသည့် တုတ်ထိုးအိုးပေါက်သမားပါ။

"ဆရာမတို့ သိပ်အလုပ်များမှာပဲနော်"

လိုရင်းကို တိကျစွာ မပြောမီ စကားချီးလေး မချီလေးဖြင့် အရင်ဆုံး မျက်နှာချိုသွေးရသည်။ တကယ်တော့ ယမင်း ကူညီဖို့ပါ၊ ကူညီမှာပါ။ အကူအညီ တစ်ခုပေးစွမ်းရဖို့ကို တောင်းဆိုနေရသည့် ယမင်းရယ်ပါ။



"များတာတော့ မပြောနဲ့"

"ဒီလိုဆို လူနာအတွက်၊ ယမင်း ..."

"ဘာလဲ ယမင်း၊ စပယ်ရှယ်နာ့စ် ငှားပေးဖို့လား"

"ဟုတ်ကဲ့ ... ဒီလို နားလည်ပေးတာ ကျေးဇူးတင်လိုက်တာ ဆရာမရယ်"

"တကယ်တော့ မလိုပါဘူး၊ ဒေါက်တာနောင်ဦးလို လူ့အဖိုးတန်တစ်ယောက်ကို ဘယ်မှာ ဆုံးရှုံးခံနိုင်ပါ့မလဲ၊ သူ့ထက် အရေးကြီးတဲ့ လူနာတောင် သူ့လောက် အရေးမကြီးနိုင်ပါဘူး၊ ကျွန်မတို့ ဆေးရုံတစ်ရုံလုံးက ဝိုင်းပြီး ပြုစုနေတာပါ"

"ဒေါက်တာနိုင်ဦးလို လူ့အဖိုးတန် တစ်ယောက်" ဟု။

သည်စကားစုလေးက ယမင်း နှလုံးသားထဲသို့ နာကျင်စွာ ထိုးနှက်ပါ၏။

"ဘာ ... ဘယ်သူ၊ ယမင်းသက်ဝေ ... ဟုတ်လား၊ အဲဒီ နာမည် သိပ်ကြားဖူးတာပေါ့ဗျာ၊ တောက် ... တန်ဖိုးမရှိတဲ့ မိန်းမတစ်ယောက်အတွက်၊ အဖိုးတန် လူတစ်ယောက်က ဝင်ပြီး အနစ်နာခံလိုက်ရတာကို အသည်းနာလွန်းလို့"

ပိတ်ဖြူစခန်းဆီး နောက်ကွယ်မှ ဒေါသတကြီး ပြောခဲ့...ဝါ စူးကျင်စွာ ကြားယောင်မိပြန်၏။ သူ ... နောင်ရဲ ဆိုသည့် ဒေါက်တာနောင်ဦး၏ ညီအရင်း၊ လူနာရှင်ဟု ခေါ်ရမည့်ပုဂ္ဂိုလ်၊ ...င်းသက်ဝေ ဆိုသည့် နာမည်ကို သူ ... ဘယ်တုန်းက ဘယ်လို ...ထားသည်တော့ မသိပါ။ သူ့ကောက်ချက်ကတော့ ရက်စက်...။

"တန်ဖိုးမရှိတဲ့ မိန်းမတစ်ယောက်" ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တုန်းက ယမင်း ဒေါသတွေ ဝုန်းခနဲ စုန်ထခဲ့ရပါသေးသည်။ ပိတ်ဖြူခန်းဆီးနားမှာ ရပ်နေသည့် ထဘီနီသူနာပြုဆရာမလေးကသာ ဆွဲမထားလျှင် ယမင်း ... ပြေးဝင်ကာ အနစ်နာခံဆုံးသော စော်ကားမှုတစ်ခုခုကို ကျူးလွန်မိပါဦးမည်။ အမှားတစ်ခု ထပ်တိုးပါဦးမည်။

"သူ့အစ်ကိုအတွက် သူ သိပ်စံစားနေရတယ်"

ဆရာမလေးက ဝုန်းခနဲ ရှေ့တိုးလာသည့် ယမင်းရှေ့မှ ပိတ်ဆီး၍ ရပ်လိုက်သည်။ ယမင်း လက်မောင်းနှစ်ဖက်ကို စုံကိုင်ထားသည်။ ယမင်း၏ လက်ကျန်မာနဖြင့် ဆရာမလေး၏ လက်နှစ်ဖက်ကိုတောင် ပုတ်ချလိုက်မိသေးသည်။

"ဘယ်သူက တမင်လုပ်တာမို့လဲ၊ ပြောပုံက စော်စော်ကားကား"

"လောလောဆယ်မှာ ဒေါက်တာနောင်ဦး အသက်ကို အာမခံလို့ မရသေးဘူး၊ ကျွန်မတို့ ရဖို့နဲ့ မရဖို့မှာ ရဖို့က သုံးဆယ်ရာခိုင်နှုန်းပဲ ရှိတယ်"

"ဟင် ..."

အဲဒီလောက်တောင်ပဲတဲ့လား။ ဒီလောက်ကြီး ဆိုးရွားမှန်း ယမင်း မသိပါ။

"ဒါဖြင့် ... အခု သတိမရဘူးလား"

"မရဘူး"

"အို ... ဒါပေမဲ့ ... သူ ရှင်တော့ ရှင်မှာ မဟုတ်လား၊ မသေနိုင်ဘူးနော် ... ဆရာမ"

"ပြောခဲ့ပြီပဲ၊ အဲဒါကို ဘယ်သူမှ အာမ,မခံနိုင်ဘူး၊ ဆေးရုံတစ်ရုံလုံးမှာရှိသမျှ သမားတော်ကြီးတွေရဲ့ ကြိုးပမ်းမှု၊ ဆေးဝါး



ရဲ့ အာနိသင်၊ ဒေါက်တာနောင်ဦးရဲ့ ကုသိုလ်ကံ၊ အဲဒါတွေအတွက် သုံးဆယ်ရာခိုင်နှုန်း မျှော်လင့်နေကြတယ်"

"ဖြစ်မှ ဖြစ်ရလေ"

ယမင်း တကာယံ့ကို စိတ်မကောင်းနိုင်တော့ပါ။

"အဲဒီတော့ ကိုယ့်မယောဂကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာကို နားလည်ရင် အစစ သည်းခံဖို့ပဲ ရှိတာပေါ့"

သူနာပြုဆရာမမို့သာ ချောင်ချွာ ပြောဆို ဆက်ဆံနေပုံ...ည်။ ဆရာမ ကိုယ်တိုင်က ယမင်းအပေါ် အပြစ်တင်လိုသည်...တ်သည့်တိုင် ဒေါက်တာနောင်ဦး အတွက် အတော်ခံစားနေရပုံပါ။

အဲသည်တုန်းက ယမင်း လှည့်ပြန်ခဲ့ရပြီးပြီ။

ဒီနေ့ တစ်ခါလာပြန်တော့ နောင်ရဲ ဆိုသည့် ပုဂ္ဂိုလ်...ယမင်းသက်ဝေ လာလျှင် သူ့အစ်ကိုလူနာကို လာမကြည့်ပါ...ဦးဟု မှာထားသတဲ့လေ။

နောင်ရဲသည် ကျော်ဇေ့ သူငယ်ချင်း ဆိုတာ ကျော်ဇေ...ဆင့် ယမင်း အကြောင်းတွေ နောင်ရဲ သိထားတာတွေ...င်း လုံးဝမသိခဲ့ပါ။

နောင်ရဲသည်သာ ကျော်ဇေမှ တစ်ဆင့် သတင်းကြား...င် ခပ်ချဉ်ချဉ် ဖြစ်နေရသည့် မိန်းကလေး၊ ခုလို သူ့အစ်ကို...ဘက်လုံးနှင့် ပတ်သက်လာပြန်တော့ ယမင်း အပေါ် ဒေါသ...ပုံတျနေရတော့သည်။

"ယမင်း စပယ်ရှယ်နာ့စ် ငှားပေးပါရစေ"

ဒီနေ့ဆရာမက ဟိုနေ့တုန်းက ဆရာမထက် နည်း...၍ ပျော့ပျောင်းသည်။ ယမင်းမျက်နှာ ယမင်းအသံ ယမင်း...တို့က အောက်ကျို့ညွတ်နူးနေသည်မို့လည်း ဖြစ်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်ရဲ လက်ခံမယ် မထင်ဘူး၊ လိုလည်း မလိုပါဘူး
အင်တင်းဆစ်ဖ်ရှမ်းထဲမှာ ဆရာဝန်တွေရော ဆရာမတွေပါ
ဝိုင်းပြုစုနေတာပါ"

"ဘာပဲဖြစ်ဖြစ် ဆရာမရယ်၊ ယမင်း တစ်ခုခုမှ လုပ်မပေး
ရရင် ယမင်း စိတ်ကောင်းနိုင်ပါ့မလား"

"ဒါဖြင့် ဆရာဝန်ကြီးနဲ့ ပြောကြည့်နော်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်လိုက်တာ၊ ကြိုးစားပေးပါ၊ လိုအပ်
တဲ့ ဆေးဝါး ဝယ်ခြမ်းပေးရမယ် ဆိုရင်လည်း တာဝန်ယူ
ပါရစေ"

"ဒီနားမှာ ခဏစောင့်နေ ဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့"

ယမင်း အနေခက်စွာ စိတ်ရှည်စွာ စောင့်စားနေရပါ
သည်။ ဆယ်မိနစ်ပြည့်အောင်ပင် မကြာပေမဲ့ လှိုင်းထန်သည့် ရင်
မှာ ဆယ်ကမ္ဘာကြာသည်ထိ လိမ့်လိမ့်လဲလဲ ကူးခတ်နေရသလား
ထင်မိသည်။

ဪ ... ငါနှယ် ဖြစ်မှဖြစ်ရလေ။

✻ ✻ ✻

"ယမင်းသက်ဝေ ဆိုတာလား"

"ဟုတ်ကဲ့ပါရှင် ... ဒေါက်တာနောင်ဦး အတွက် ယမင်း
တစ်ခုခု လုပ်ပေးပါရစေ၊ ကူညီပေးပါ ဆရာ၊ သွေးလိုရင်
လည်း ယမင်း ကိုယ်ထဲက ဖောက်ယူပါ"



သမားတော်ကြီးက ယမင်းကို ဝေ့ခနဲကြည့်သည်။
အကြင်နာလူတန်းစားမို့ ယမင်းကို အပြစ်တင်လိုစိတ်မရှိဘဲ ယမင်း
ဖြစ်နေပုံလေးကိုတောင် သနားသွားမိလေ၏။

"သွေးမလိုပါဘူး၊ သွေးက အပြင်ကို မထွက်ဘဲ အင်တာနယ်
ဘလီဒင် ဖြစ်နေတယ်၊ ဆရာမ ငှားချင် ငှားပေးလေ၊ ဒါ
လိုအပ်လို့ ပြောတာ မဟုတ်ဘူး၊ မင်း စိတ်သက်သာခွင့်ရဖို့
ကူညီပေးတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ယမင်း ကျေးဇူးအများကြီး တင်ပါတယ်၊
ဆေးဝါးများကော ... ဟင်"

"လိုတော့ ပြောမယ်၊ အခုတော့ မလိုသေးဘူး၊ မင်း ဆရာမ
ငှားပေးရင် ဒေါက်တာနောင်ဦး နားမှာ ဆရာမ နှစ်ယောက်
ဖြစ်နေမှာပဲ၊ တို့တစ်တွေအားလုံး အစွမ်းကုန် ဝိုင်းကြိုးစား
နေကြကယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"စစ်စတာနဲ့ တွေ့ပေးလိုက်ပါ 'စတပ်ဖ်'"

သမားတော်ကြီး အခန်းထဲသို့ ပြန်ဝင်သွားသည်။
အတိအပြာဝတ် သူနာပြုဆရာမက ထဘီစိမ်းဝတ် ဆရာမကြီးထံ
ခေါ်သွားသည်မို့ ယမင်း ခပ်ကုပ်ကုပ်လေး လိုက်ခဲ့ရလေ၏။

"တို့ဆေးရုံက ဆရာမလို့ပဲ ကိုနောင်ရဲကို အသိပေးထားမှ
ဖြစ်မယ်၊ မင်း ငှားပေးတာဆိုရင် ကိုနောင်ရဲ ဘယ်လိုမှ
လက်ခံမှာ မဟုတ်ဘူး"

"အဆင်ပြေသလိုသာ စီစဉ်ပေးပါရှင်"

"ဒေးရော နိုက်ရော ယူမှာလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လိပ်စာနှစ်ခုရှိတယ်၊ မင်း သွားခေါ်လိုက်လေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စာရွက်လေးကို လှမ်းယူခိုက်မှာ ယမင်း ပီတိတစ်မျိုးဖြင့် လက်ကလေး တုန်လေ၏။ ကူညီခွင့်လေး တစ်စိတ်တစ်ပိုင်းတော့ ရပြီလေ။

လိပ်စာကို ကြည့်တော့ ...

တစ်ယောက်က မြောက်ဥက္ကလာပမှာ၊ နောက်တစ်ယောက်က အင်းစိန်မှာ။ ယမင်း တစ်ခါမျှ မရောက်ဘူး၊ မကျွမ်းဘူးသည့် အရပ်မို့ လိပ်စာရရုံဖြင့် ယမင်း သွားတတ်မည် မဟုတ်ချေ။

"မတတ်နိုင်ဘူးလေ"

စာရွက်လေးကိုင်ကာ ဆေးရုံပေါ်မှ ဆင်းခဲ့လေ၏။ ဆေးရုံရှေ့ ဝင်းအတွင်းမှာ ရပ်ထားသည့်ကားပေါ်တက်၊ အိမ်သို့ ကိုယ်တိုင်မောင်း၍ ပြန်ခဲ့၏။

"အန်တီ့ယာဉ်မောင်း ဦးလေးကြီးကိုတော့ ခေါ်သွားမှ"

တစ်ကိုယ်တည်း ပြောမိရင်း အန်တီဒေါ်ခင်လေးမြင့်မျက်နှာကို ကွက်ခနဲ မြင်လေ၏။

* * *

ဒေါ်ခင်လေးမြင့်ကို ကြည့်လိုက်တိုင်း တစ်ခုခုတော့ လုပ်နေသည်ချည်းပါ။

ဟင်း ... တော်တော်လည်း အလုပ်လုပ်နိုင်တဲ့ မိန်းမ။ သူမို့ မပင်မပန်း၊ ခါတိုင်းဆို အဲသည်လို တွေးရင်း မျက်နှာလှလှ



လေးနှင့် မလိုက်ဖက်စွာ မဲ့ပစ်မိဦးမည်။ ဒေါ်ခင်လေးမြင့်က ကြိမ်ရှည်အဝိုင်းလေး နှစ်ခုကြားမှာ ပိတ်စညှပ်၍ ပန်းထိုးနေ၏။

"အန်တီ ..."

"ယော ... သမီး၊ လာ"

ဒေါ်ခင်လေးမြင့်နှင့် ယမင်းတို့ ဆက်ဆံရေးမှာ တစ်ခါမျှ ပြေလည်ခဲ့ဖူးသည်ဟု မရှိချေ။ ချိတ် ... ချိတ်ချင်းမို့ ချိတ်မိသည်ဟု ပြော၍မရပါ။

ဒေါ်ခင်လေးမြင့်တည်း ဟူသော အဖြောင့်အစင်းကို အကောင်း ကောက်ချိတ်က ကန့်လန့်ဖြတ်၍ ချိတ်ခြင်းဖြင့် ထာဝရ ချိတ်မိသည်ချည်း ဖြစ်နေရလေ၏။

"ယမင်း ... ဦးလေးကြီးကို ခဏခေါ်သုံးမလို့"

ယမင်း တောင့်တောင့်လေးရပ်၍ ပြောသည်။ မျက်နှာကတော့ ခပ်တည်တည်။ ဒါတောင် ... ဒေါ်ခင်လေးမြင့်နှင့် မျက်နှာချင်းဆိုင် စကားပြောဖြစ်ကြသည့် သက်တမ်း သုံး,လေးနှစ်အတွင်း တစ်ကြိမ် အထန်အတင်း အနည်းဆုံးပါ။

"ဘာလုပ်ချင်လို့လဲ ယမင်း၊ အန်တီ့ကို ပြောလေ"

"ဦးလေးကြီးကို ယမင်း ခဏသုံးချင်တယ်၊ အန်တီ ပေး၊ မပေးဘဲ ပြောပါ၊ အန်တီ မပေးရင် တခြားလူ ရှာရမယ်၊ အချိန် သိပ်မရဘူး"

ဒေါ်ခင်လေးမြင့် သက်ပြင်းမောကို ချလေ၏။

"သုံးပါ ယမင်း၊ ကြိုက်သလို သုံးနိုင်ပါတယ်၊ အန်တီက ဖြစ်နိုင်ရင် ကိုယ်တိုင်ကူညီချင်လို့ပါ"

"အဲ ..."

ဒီအချက်ကို ကြိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ လူလားမြောက်စွာ မနေမထိုင်ခဲ့သည်မို့ လူနှင့် သူနှင့် ပြောကြစို့ဆို ယမင်းအဖို့ အခက်တွေ့တတ်သည်ချည်းပါ။ ဆေးရုံမှာ ဆရာဝန် ဆရာမတွေနှင့် ပြောစဉ်ကတောင် ယဉ်ကျေးသိမ်မွေ့ဖို့၊ ပျော့ပျောင်းနူးညံ့ဖို့ အတော်ကြီး ကြိုးစားသတိထားခဲ့ရသည်။

အိမ်တွင်းရေး၊ လူမှုရေး၊ ဘာရေး ညာရေးမျှ ယမင်းမလုပ်ခဲ့ဖူး၊ အန်တီဒေါ်ခင်လေးမြင့် ပါလာလျှင် ဆရာမနှင့်စကားပြောဖို့ ပို၍အဆင်ပြေမည်။ ယမင်းတို့က စကားကို လူကြားကောင်းအောင် ပြောဖို့ကို ဝါသနာမရှိ။

"နှစ်ရက်ရှိပြီ ယမင်း ... ယမင်းကို ကြည့်ရတာ ထိတ်ထိတ်ပျာပျာနဲ့ တစ်ခုခုဖြစ်ရင် အန်တီနဲ့ ဖွင့်တိုင်ပင်ပါလား"

"ကျွတ် ..."

ယမင်း စိတ်ပျက်တာ အဲဒါတွေပေါ့၊ နေရာတကာ သူ သိချင်၊ သူ ပါချင်၊ သူပဲ ဆရာလုပ်ချင်၊ ဖေဖေ့ကို ယောက်ျား တော်မှုးလိုက်တာနှင့် ယမင်း အမေ့နေရာကို ဖွတ်ယူနေသည် မိန်းမကြီး၊ ယမင်းကိစ္စတွေ မှန်သမျှ ဘယ်တော့မှ ဖွင့်မတိုင်ပင် ဘဲ၊ သိနေတတ်သည့် ဒေါ်စပ်စု။ သူ့အကြံဉာဏ်ကို မတောင်းခံပါဘဲ ဆွေးနွေးတိုင်ပင်သယောင်နှင့် ဩဝါဒပေးတတ်သည့် မဟာပညာကျော်

ဒေါ်ခင်လေးမြင့်ကို ယမင်း ... သည်လိုပဲ မြင်သည်

"ဟင် ... ယမင်း၊ အန်တီ ဘယ်လိုကူညီရမလဲ"

ဒေါ်ခင်လေးမြင့် အသံက ပျောင်းပျောင်းနွဲ့နွဲ့ ရှိလှ ပါ၏။ အသက်လည်းကြီး၊ မိခင်လို နေရာမျိုးမှာလည်း ရှိနေ ယမင်းကိုပြောသည့် ဝါကျများက ယဉ်ကျေးသိမ်မွေ့နေတတ်သည် သို့ပေမဲ့ ... ယမင်း အကောင်းမမြင်နိုင်ပါ။



သိတယ် မဟုတ်လား၊ သူက ဖေဖေ့ကို ယောက်ျား ...ာ်ထားတာလေ၊ တကယ်ဆို ... ဖေဖေ ဆုံးပြီးတာ ကြာပဲ ကြာ ...ပြီ၊ ယမင်းနှင့် သူ ... တစ်အိမ်တည်း ရှိနေဖို့ ဘယ်လိုမှ မလို ...ာ်တော့ပြီဟု ယမင်း ထင်၏။ သို့ပေမဲ့ ...

"အစ်ကိုကြီးက သမီးလေးနဲ့ တစ်သက်လုံး နေသွားပါမယ် ဆိုတဲ့ ကတိကို အထပ်ထပ် တောင်းခဲ့တာပါရှင်"

ဒီစကားကို လူလာတိုင်း ပြောကာ၊ ခုထိ အိမ်ပေါ်မှ ...င်းဘဲ ပေကပ်နေသည်ဟု ယမင်း အမြဲစိတ်ဆိုးခဲ့ပါ၏။

"အန်တို့ကို မိခင်လို အဒေါ်သားချင်းလို ယမင်း သဘော မထားရင် နေပါ၊ သူငယ်ချင်းလောက် ဆိုရင်တောင် အန်တီ ဝမ်းသာလှပါပြီ သမီးရယ်၊ ဒါပေမဲ့ ... ယမင်းက ယမင်းရဲ့ ကိစ္စဝိစ္စတွေကို ဆောင်ရွက်ပေးမဲ့ အဲထိန်းတော်လောက် သဘောထားရင်လည်း အန်တီ လက်ခံပါတယ်"

အဲဒီ ပတ်ချွဲနပ်ချွဲတွေပေါ့ ... ယမင်း မုန်းတာ၊ ...ေ့ကို သူ ... ဒီလိုမျိုး ဘယ်လောက်ထိ ကပ်ချွဲထားမှန်း မသိ၊ ...င်း ရသင့်ရထိုက်သည့် အမွေတွေကို ယမင်း အိမ်ထောင်ကျသည် ...ထိ ဒေါ်ခင်လေးမြင့်က ထိန်းသိမ်းစောင့်ရှောက်ပေးထားဖို့ ဖေဖေ ... ရှုနေ ရှေ့ရပ်တွေနှင့် မှာကြား စီစဉ်ခဲ့လေ၏။

"မနက်ဖြန် ဘာနေ့လဲ သိလား ... ယမင်း"

"ဟင့်အင်း ... မသိဘူး၊ အဲ ... ဗုဒ္ဓဟူး ဖြစ်မှာပေါ့"

"ယမင်းရယ် ..."

ဒေါ်ခင်လေးမြင့် မျက်ရည်ဝဲလေ၏။

"အစ်ကိုကြီးဆုံးတာ နှစ်နှစ်ပြည့်ပြီလေ၊ မနက်ဖြန် ...နှစ် တင်းတင်းပဲ၊ အဲဒါ ... ရွှေတိဂုံဘုရားက ဆွမ်းတော်

www.burmeseclassic.com



တစ်ဆူမှာ မျက်နှာကြက်အဖြစ် ကပ်လှူဖို့ အန်တီ ပန်းထိုး နေတာ"

"ဟင် ..."

ယမင်း ရင်ထဲ လှိုက်ခနဲ ဆို့လေ၏။

ယမင်း မေမေ့ကို သိပ်ချစ်သည်။ ဒေါ်ခင်လေးမြင့်နှင့် လက်ထပ်တာကို မကြိုက်ပေမဲ့ ယမင်း ခါးသီးစွာ ဆန့်ကျင်ခဲ့ပေမဲ့၊ မေမေ့ကိုတော့ ယမင်း အချစ်မပျက်ပါ။ ယမင်းမှာ ချစ်စရာ ဆိုလို့ ဒီအဖေတစ်ယောက်ပဲ ရှိခဲ့ပါ၏။ ယမင်း ငယ်ငယ်မှာပင် ယမင်းမေမေ ဆုံးသည်မို့ ယမင်းမှာ ညီကိုမောင်နှမလည်း မရှိရော သည်ကော့ မေမေ့ကိုပဲ အဖေလို၊ အမေလို၊ ညီအစ်ကို မောင်နှမလို ချစ်နည်းပေါင်းစုံနှင့် အရမ်းချစ်ခဲ့ရပါသည်။ မေမေ့ တော့ ဖြင်းမိုရ်တောင်ကြီး ပြိုသည့်နှယ်၊ ယမင်းဘဝ ပရမ်းပတာ လှုပ်ခါသွားရပါ၏။ အားငယ်လိုက်သည့် ဖြစ်ခြင်း။ ဒီလိုဖြစ်ခဲ့ လျက်၊ မေမေ ကွယ်လွန်လို့မှ နှစ်နှစ်ရှိသေး၊ မေမေ့ ကွယ်လွန်ရက် ကို ယမင်း မေ့တတ်နေပါပကော။

ကျေးဇူးတင်လိုက်ပါတယ်၊ ဒေါ်ခင်လေးမြင့်ရှင် ဟု ရင်ထဲမှာ ကျိတ်ပြောသည်။ မေမေ့အတွက် ခုလို အမှတ်တရ လေးတွေ ဖြစ်တာကို ယမင်း မကြိုက်ဘဲ နေမတဲ့လား။

"မနက်ဖြန် ယမင်း ဘုရားကို လိုက်ခဲ့မလား"

"လိုက်မယ်"

မိတွေးနှင့် လင်ပါသမီး ဒီတစ်ခါပဲ ဆနွှျင်း ညှိ သည်။

"ကဲ ... ကဲ၊ ယမင်း မပြောချင်ရင်လည်း နေပါ၊ ကိုညိုမောင် ကို ယမင်း သုံးချင်ရင် ခေါ်သွားပါ"



ဒေါ်ခင်လေးမြင့်ထံ လှစ်ခနဲ အကြည့်တစ်ချက် ရောက် သည်။ အကြင်နာမျက်ဝန်းဖြင့် တန်းခနဲ ဆုံသည်။ မေမေ့ ကွယ် လွန်ရက်နှင့် ပတ်သက်ကာ စိတ်ကလေးတစ်မျိုး ဖြစ်နေမိန့်မို့လား သေး၊ ဒီနေ့ ဒေါ်ခင်လေးမြင့်ကို ယမင်း ကြည့်လို့ရလေ၏။

ကိုညိုမောင် ဆိုသည့် ဦးလေးကြီးက ဒေါ်ခင်လေးမြင့် နှင့်တကွ အိမ်မှုကိစ္စတွေသုံးဖို့ ကား၏ယဉ်မောင်းပါ။ ယမင်းမှာက ကိုယ်ပိုင်တစ်စီး သတ်သတ်ရှိသည်။ ယာဉ်မောင်း မရှိ။ ယမင်း အသက် ဆယ့်ရှစ်နှစ်ပြည့်ကတည်းက အမောင်းသင်လိုင်စင်ယူ၊ ကိုယ့်ဘာသာပဲ ကိုယ်မောင်းခဲ့ပါ၏။

"သိတယ် မဟုတ်လား၊ ဒရိုင်ဘာ ထားတာ၊ ကိုယ် ဘာတွေ လုပ်၊ ဘယ်တွေသွား၊ ဘယ်သူတွေနဲ့ တွေ့နေတယ် ဆိုတာ အစမဲ့ ကြော်ညာမဲ့သူ ငှားထားတာနဲ့ တူတူပဲ"

ယမင်း ယူငယ်ချင်း ပပလှိုင် စကားကို ယမင်း သိပ် သဘောကျသည်မို့ ယမင်း ကိုယ်တိုင်ပဲ မောင်းခဲ့ခြင်းပါ။

"အန်တီ အားရင် လိုက်ကူချင် ကူလေ"

"ယမင်းရယ်၊ ယမင်း အတွက်ဆိုရင် မအားလည်း အားရ မှာပေါ့၊ ပြော ... သမီး၊ အန်တီ ဘာလုပ်ပေးရမလဲ"

ဒေါ်ခင်လေးမြင့်က ထိုင်ရာမှ ထလာကာ ယမင်းနှင့် ညှိရင်သည်။ ယမင်း ပခုံးပေါ် လက်ကလေးတစ်ဖက် မှုမှုတင်၏။

"ပေယ်ရှယ်နာ့စ် သွားခေါ်မလို့"

"အို ... ဘယ်သူ့ဖို့"

"အဲဒါ ...တစ်ယောက်က မြောက်ဥက္ကလာမှာ၊ တစ်ယောက် က အင်းစိန်မှာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လေးမြင့် အမေးကို ယမင်း မဖြေပါ။ ယမင်းက ဒီလိုပါပဲ၊ သူ့ကို မေးပေမဲ့ ဖြေချင်မှ ဖြေတတ်၏။

"အခုလား"

ယမင်း ခေါင်းညိတ်သည်။

"သွားစို့"

ဒေါ်ခင်လေးမြင့် အဝတ်အစားတောင် မလဲရှာပါ။ ကားပေါ်သို့ သူအရင် ရောက်လေသတည်း။

❋ ❋ ❋

"ငါ တမင်လုပ်တာ မဟုတ်ပါဘူး ကြည်ဝေရယ်၊ ဒါဟေ့ ငါ့ကြောင့်၊ ငါ့ကိုသာ ကွေ့မရှောင်ရရင် လမ်းဟိုဘက်ခြမ်းက လူကို ဘယ်လိုမှ တိုက်မိဖို့ မရှိဘူး"

ယမင်း မျက်ရည်စတွေ ပိုးပိုးပေါက်ပေါက် ကျလေ၏။

"ခွေးကောင် စာနည်ကြောင့်"

ကြည်ဝေအေးက ဒေါသထွက်မဆုံး ရှိနေရသည်။

"ခွေးကျင့် ခွေးကြံ၊ ခွေးသူတောင်းစား"

ဘယ်လိုပင် ရက်စက်စွာ ဆဲပေမဲ့ သည်ဖြစ်ရပ်က ပျောက်ပျက်နိုင်သည့်ကိစ္စ မဟုတ်ပါ။

"အန်တီခင်လေးမြင့် သိပြီလား"

ယမင်း ခေါင်းညိတ်ပြသည်။

"ခုတော့ ... သိသွားပြီပေါ့၊ ရဲတွေက အိမ်လိုက်လာတာကိုး သက်သေထွက်ချက် လာယူတာယလေ"

"ဘာပြောသေးလဲ"



"ငါ့ကို ဖက်ငိုတာပါပဲ၊ ရုံးတင်တဲ့အခါ စာနည်က ဒီလိုလုပ်လို့ ငါ ထွက်ပြေးရတယ် ဆိုတာကို အစစ်ခံရဦးမယ်၊ အရှက်လုံးလုံး ကွဲတာပါပဲဟာ"

"ဟိုလူကြီးရော"

"ဆုံးသွားပြီ ကြည်ဝေ"

"ဟောတော့ ... ဖြစ်မှ ဖြစ်ရလေ"

"တို့ ဘာလုပ်ကြမလဲဟင်"

ပပလှိုင်ကို လှစ်ခနဲ မော့ကြည့်မိလေ၏။ ပြီးတော့ ...ကို ဖြည်းဖြည်းယမ်းသည်။ ဘာလုပ်လို့ ရဦးမှာတဲ့လဲ၊ လူ့...န်တစ်ယောက် မိမိပယောဂဖြင့် အသက်ဆုံးရှာပြီကော။

"ဒုက္ခပါပဲဟယ်"

"အဲဒီလူက ဆရာဝန်တဲ့၊ ဒေါက်တာနောင်ဦးတဲ့"

ဆုမြတ် ဝင်ပြောသည့် စကားက ယမင်း သိပြီးသား ...ဘာကြည့်မိသေး၏။

"နိုင်ငံခြားက ပြန်ရောက်တာမှ တစ်ပတ်ပဲ ရှိသေးတယ်တဲ့"

ကြည်ဝေအေးတို့ အရင်သိနှင့်သူမို့ ဆုမြတ်ကပင် ...ရသည်။ ယမင်း အဖို့မှာတော့ ရှင်းပြနိုင်သည့် စွန်အား...င် မရှိရှာ။ အကြောက် ဘယ်လောက် လွန်သွားရသည်မသိ။ ...တစ်နေ့လုံး ဖျားသည်။ ဖျားသည့်ကြားထဲက ကားကိုမောင်း...ဲ့သို့ သွားကြည့်ခဲ့ပါသေးသည်။ ဒေါက်တာနောင်ဦး၏ ...သားချင်းတွေနှင့် ဆုံခွင့်ရပါလျှင် တစ်ဦးချင်းစီကို ခြေထောက် ...တောင်းပန်ဖို့တောင် စိတ်ကူးပြီးသားပါ။ သို့ပေမဲ့ ခြေသ... ...ရွှ၊ အခန်းထဲသို့တောင် အဝင်မခံခဲ့။

www.burmeseclassic.com



"အလကားမိန်းမမယ်သုညအတွက် အဖိုးတန်လူသား
ဒေါက်တာ ရေသပေးရတယ် ဆိုတာ လူကြားလို့မှ ကော
နိုင်သေးရဲ့လား"

စကားလုံး မထပ်အောင် ပြောနိုင်သည့် နောင်ရဲ ဒေါသဝါကျတွေက တစ်ခုနှင့် တစ်ခု မတူကြပါ။ သို့ပေမဲ့ တူ နှစ်ခုရှိသည်။

"ဒေါက်တာနောင်ဦးသည် အဖိုးတန်လူသား"

"မိမိသည် အလကားမိန်းမ"

သူ့ညီ "ကိုနောင်ရဲ"၏ ဒေါသစွက်သော မချိတင် သံက ယခုတိုင် နားထဲမှ မထွက်ပါ။

သည်အချက် နှစ်ချက်ကို ပေါ်လွင်စေဖို့ နော စကားလုံးမျိုးစုံ ဝါကျမျိုးစုံကို ဒေါသဖြင့် ပြောထွက် ပြောရက် ၏။ သတင်းစာထဲမှာ ဒေါက်တာနောင်ဦး ရုတ်တရက် ကွယ်လွ ခြင်းအတွက် ဝမ်းနည်းမှတ်တမ်းတွေ ပါမဆုံး ရှိချေ၏။ လုပ် ကိုင်ဖက် ဆရာဝန်အချို့ မျက်ရည်ပင် ကျရသည်တဲ့လေ။

သြော် ... သူတို့ နမြောသိက်ကြတာ။ တကယ်လည်း နမြောစရာကောင်းသည့် လူတစ်ယောက်ပဲလေ။ ဒေါက်တာနော ကွယ်လွန်ရခြင်းသည် တိုင်းပြည်နှင့်ချီ၍ ဆုံးရှုံးရသည့် နစ်နာမှုတ ဖြစ်ပါ၏။

"အဲဒီ ကားမောင်းသမားက ဟို ... ဆပ်စလူးမကို ဘာ
လို့ တည့်တည့်ကြီး ဝင်မတိုက်လိုက်ရတာတဲ့လဲ၊ ဘာဖြ
ကွေ့ရှောင်လိုက်ရတာတဲ့လဲ"

နောင်ရဲ အဲသည်အထိ ပြောသည်။ ကွယ်လွန်သူ ညီအရင်းမို့ သူ ဖွင့်ဟပြောဖြစ်၏။ သူ့လို ဖွင့်မပြောဘဲ စိတ်



သူနှင့်ထပ်တူ တွေးမိကြသူတွေ အများကြီးရှိပါဦးမည်။ ယမင်း ဆိုသည့် မိန်းကလေးတစ်ယောက် သေဆုံးသွားခြင်းဖြင့် တိုင်းပြည်မှာ ဘာတစ်ခုမျှ နစ်နာဆုံးရှုံးသွားလိမ့်မည် ဟု တွေးကြမှာပါ။ ဖွင့်ပြောတာနှင့် မပြောတာပဲ ကွာကြပါ မည်။

"ဆောင်းတွင်းဆိုတော့ နှင်းတွေကလည်း ကျနေတယ်ဗျာ၊ ရေနံ့နီးတော့ မြူတွေကလည်း ဆိုင်းနေတယ်လေ၊ ဒေါက်တာ နောင်ဦးကလည်း မီးခိုးရောင်ဘောင်းဘီ၊ မီးခိုးရောင်ကုတ် အင်္ကျီနဲ့ တုတ်ကောက်တစ်ချောင်းကိုင်ပြီး လျှောက်နေတာ ...

"ကားသမားက ဟိုမိန်းကလေးကို အနီးကပ်မှ ဘွားခနဲ တွေ့တယ်၊ မြူမဆိုင်းရင်တောင် တွေ့ဖို့မလွယ်ဘူး၊ ရပ်ထားတဲ့ကားကို စိတ်ချလက်ချ ပန်းတက်လာတာ၊ မနက်ပိုင်း လူရှင်းတော့ စပိဒ်ကလည်း များတယ် ...

"လမ်းဟိုဘက်ခြမ်းက လူကိုတော့ မြူတွေကြားထဲမှာ မြင်ကို မမြင်တာတဲ့ဗျာ"

ဆေးရုံတစ်ရုံလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေသ တို့ ကြားမိပြန်၏။ သည်အဖြစ်မှာ ...

"ဒေါက်တာနောင်ဦး ... ကံကို ဆိုးတာ"ဟု မည်သူ တွေးမိချေကြပါ။ လူတစ်ယောက်လုံးကို သေအောင်တိုက်မိသည့် သမားအပေါ်မှာတောင် လျှော့လျှော့ပေါ့ပေါ့ တွေးပေးနိုင်ကြ သည်။

"မြူတွေဆိုင်းနေတော့ ဘယ်မြင်ပါ့မလဲ" ... တဲ့လေ။

မည်သူမျှ ခွင့်လွှတ်စကား မဆိုကြသူက "ယမင်း" ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ထ,ပြေးရတယ်လို့ မိန်းမသားဖြစ်ပြီး အဖော်မပါ၊ ဘာမပါ" ... တဲ့။ ဒါတောင် ... ဓာနည်နှင့် နှစ်ယောက် ဆိုတာကို မသိကြသေးလို့၊ သိများသိလျှင် ယမင်း ခမျာ၊ လူတွေ၏ တံတွေးပင်လယ်မှာ ပက်လက်မျောဖို့ပဲ ရှိမည်ထင်သည်။

"နင် ... သိပ်စိတ်မကောင်း ဖြစ်နေသလား ယမင်း"

ချိုသဲက ယမင်း လက်ကလေးတစ်ဖက်ကို လှမ်းဆုပ်သည်။ ယမင်း မျက်ရည်ကျတာကို သူတို့ ဒီတစ်ခါ ဒုတိယအကြိမ် မြင်ရခြင်းပါ။ ဖေဖေ့ဦးဘသက် ဆုံးစဉ်က ယမင်း တစ်ခါငိုသည်။ ယမင်းဘဝ လူ့သက်တမ်းမှာ ယမင်း ကြေကွဲစွာ မျက်ရည်ကျရသည့် အဖြစ်ဟူ၍ ဒီနှစ်ကြိမ်ပဲ ရှိပါသေးသည်။

ယမင်းကို ကြည့်လိုက်တိုင်း၊ ပျော်နေတာနှင့် ဒေါသထွက်နေတာပဲ တွေ့ရသည်။ ယမင်းက အလှူပ်အယမ်းလည်း များသည်။ မိမိအရွယ်နှင့် သင့်,မသင့် တော်,မတော် ... သိပ်စဉ်းစားတာ မဟုတ်။ လူလယ်ကောင်ရော ဘာရော ညာရော ရှောင်ထေ့မရှိ။ သူလုပ်ချင်တာ လုပ်တတ်ကျင့်ရှိ၏။ အော်ရယ်ရမလား၊ ယိမ်းထိုးခုန်ပေါက်ရမလား၊ စကားကို အကျယ်ကြီး ပြောရမလား။ ယမင်း မည်သည့်အခါမျှ ဆင်ခြင်ထိန်းသိမ်းမှု မရှိပါ။

ယမင်းက မျက်ရည်စကို လက်ခုံနှင့်ပွတ်၍ သုတ်၏။

"ဝမ်းလည်း နည်းတယ်၊ ရှက်လည်း ရှက်တယ်၊ လူတွေက ဒေါက်တာနောင်ဦး ပြန်ရှင်ပြီး ငါသေးပေးရမယ်ဆိုရင် တစ်တိုင်းပြည်လုံး လက်ခုပ်တီးကြမဲ့ပုံပဲ"

"အိုး ... လူလူချင်းဟာကို"

မွန်မွန်ကျော်ကလည်း ယမင်းအဖွဲ့၊ ယမင်းစိတ်၊ ယမင်းဟန်၊ ယမင်းလိုမျိုးပဲမို့ နှုတ်ခမ်းကို တစ်ခြမ်းစူ၍ ပြောသည်။



"မတူဘူး မိမွန်"

ယမင်း ကိုယ်တိုင်ပြောမှ သင့်တော်မည့် စကားမို့ ချင်းပဲ ဖွင့်ပြောဖြစ်ပေမဲ့ နွဲ့နွဲ့ယဉ်၏ ရင်ထဲမှာ ခေါင်းညိတ်နေမိသည်။ ကြည်ဝေတို့ ဆုမြတ်တို့လည်း ဒီအတိုင်း ရှိချင်ရှိမည်။ သို့သော်မှုတော့ ဖွင့်မပြောကြပါ။

"ငါ သေသွားလို့ ဘယ်သူမှ မနစ်နာဘူး၊ ငါတို့တိုင်းပြည်မှာ ဘယ်ရှုထောင့်ကမှ ဆုံးရှုံးနစ်နာမသွားဘူး၊ မြေပေါ်ပြီး လူတွေ ဆန်ခွဲတမ်းတောင် တိုးဦးမယ်"

"ဒေါက်တာနောင်ဦးက ဘယ်လိုပုဂ္ဂိုလ်ထူးကြီးမို့လဲ"

"တို့မြန်မာနိုင်ငံမှာ တိုင်းရင်းသားတချို့မှာ တွေ့နေရတဲ့ ရောဂါကို ကုနိုင်တဲ့ ဆေးပညာကို သွားသင်ပြီး ပြန်လာတဲ့သူ"

"သူက နိုင်ငံခြားကို ပညာတော်သင် သွားနိုင်သတဲ့လား၊ ဆင်းရဲတယ်ဆို"

ယမင်း ကြေကွဲစွာ ခေါင်းညိတ်လေ၏။

"ဆင်းရဲရှာတယ်၊ သူ့ပိုက်ဆံနဲ့ သူဆိုရင် ဘယ်သွားနိုင်မလဲ"

"နိုင်ငံခြားမှာ အမျိုးရှိလို့လား"

"မရှိဘူး၊ တော်လွန်းလို့ နိုင်ငံတော်စရိတ်နဲ့ နိုင်ငံတော်က ချီးမြှောက်တာ"

"သူသေသွားတော့ ... ငွေတွေကုန်ရတာလည်း အလကား ဖြစ်သွားတာပေါ့နော်၊ ဒီအခွင့်အရေးမျိုးလည်း နောက်တစ်ကြိမ် ရနိုင်ပါတော့မလား"

ယမင်း ... နွဲ့နွဲ့ယဉ်ကို ဖျတ်ခနဲ မော့ကြည့်သည်။ ခေါင်းနှံ့ချင်း ဆုံလေ၏။ နွဲ့နွဲ့ယဉ် အားနာပါးနာ မျက်လွှာချသည်။

www.burmeseclassic.com

www.burmeseclassic.com



သြော် ... ကိုယ့်အဖွဲ့ထဲကလူ၊ ကိုယ့်စရိတ်နဲ့ ကျူရှင်တက်နေရသူက တောင် ဒီစကားမျိုးပြောပါပကော။ ယမင်း ... အင့်ခနဲ ရှိုက်လေ၏။

"ဆောရီး ယမင်းရယ် ... ငါ စကားမှားသွားတယ်"

နွဲ့နွဲ့ယဉ်က မျက်နှာငယ်လေးနှင့် တောင်းပန်လေ၏။

"ဟင့်အင်း ... နင်ပြောတာ မှန်တယ် နွဲ့ယဉ်၊ နင် မတောင်းပန်ပါနဲ့"

ယမင်း စိတ်မဆိုးတာကို တွေ့ရမှ နွဲ့ယဉ် ပင့်သက်ချိုးချိုး ချနိုင်သည်။ ခါတိုင်းဆို ... သည့်လို ပြောမှား ဆိုမှား လေးတွေ ယမင်း ... ဘယ်သည်းခံနေလိမ့်မလဲ။

"အောင်မယ် ... နင်ကပါ ငါ့ကို အပြစ်တင်တယ်ပေါ့လေ သွား ... နင်နဲ့ ဆယ်သက်ပြတ်တယ်"

ဆိုတာမျိုးနှင့် ဆွေ့ဆွေ့ခုန်ပါလိမ့်မည်။

"နင် စိတ်မဆိုးရင် ... ငါ တစ်ခုပြောချင်တယ်"

"ပြောလေ ..."

ယမင်း ... ချိုသဲကို မော့ကြည့်မိပြန်၏။ စကားတစ်ခွန်းပြောစဉ် တစ်ခါမော့ကြည့်ဖြစ်သည်မှလွဲ၍ ယမင်း မျက်လွှာပြန်ချ၊ ခေါင်းငြိမ်ငုံ့ ဖြစ်သည်။ လူလူချင်း တန်ဖိုးရှိနှင့် တန်ဖိုးမဲ့ ဆိုတာကို ယမင်း ... ခုမှ တွေးမိသည်မို့ပါ။ လူ ... လူဟူသည် ဖနောင့် နှစ်ဖက်ကြားမှာ ခေါင်းပေါက်ပြီး၊ ဒွာရကိုးပေါက်ပါရှိနှင့် လူချင်း တူတူဟု အဘယ်မှာ လက်ခံနိုင်ပါ့မလဲ။ လူချင်းတူပေမဲ့ အသားရှုချင်း ကွာသည်ဟု လွယ်လွယ် ပြောနိုင်ပေမဲ့ ... စင်စစ် လူဖြစ်ပြီး ဆန်ကုန်မြေလေး၊ လူ့တာဝန်မကျေ၊ မိမိရပ်တည်သည့် နိုင်ငံပေါ်မှာ ကောင်းကွက်လေး တစ်ခုမျှ လုပ်မသွားနိုင်သူသည် လူဖြစ်ပါလျက် လူသားစင်စစ်ပါဟု သတ်မှတ်ဖို့ ဝန်လေးစရာပါ။



ခုတော့ ယမင်း ဒါတွေ တွေးမိလာရပါပြီ။

"ကိုနောင်ရဲ ဆိုတဲ့လူကလည်း ဆေးတက္ကသိုလ် တက်နေတယ်ဆို"

"ဟုတ်တယ် ... ငါလည်း စုံစမ်းထားပြီးပြီ"

"သူ့အစ်ကို မရှိတော့ သူ့တက္ကသိုလ်စရိတ် ဘယ်သူ ထောက်ပံ့မလဲ၊ မိဘလည်း မရှိဘူး ကြားတယ်"

"မရှိဘူး"

"နင် ကိုနောင်ရဲ အတွက် တက္ကသိုလ်စရိတ် တာဝန်ယူပါလား ယမင်း၊ သူ့ပညာရေး တစ်ပိုင်းတစ်စနဲ့ လမ်းပြတ်သွားရရင် ဘယ်လောက် နှမြောစရာ ကောင်းမလဲ"

"ယူချင်ပါတယ် ချိုသဲရယ်၊ သူ့တက္ကသိုလ်စရိတ်ကို မိဘ အမွေအနှစ်ထဲက ချောင်ချောင်ယူပေးတာကို လက်မခံချင်ပါဘူး၊ ငါကိုယ်တိုင် အလုပ်လုပ်ပြီး ချွေးနဲစာနဲ့ ထောက်ပံ့မှ လက်ခံမယ် ဆိုရင်တောင် ..."

"ငါ ... ဘာပဲလုပ်ရ လုပ်ရ"

မချိတင်ကဲသံက ဝါကျမဆုံးမီ နစ်တိမ်သွားရသည်။

"ငါ့ပညာ ငါ့အရည်အချင်းနဲ့ဆို ဘယ်ရုံးမှာမှလဲ ရမှာမဟုတ်ဘူး၊ အိမ်ဖော်ဝင်လုပ်ရင်တောင် ထမင်းမချက်တတ်တာနဲ့ ခန့်မဲ့အိမ်ရှင် ရှိမှာမဟုတ်ဘူး"

"ဟင် ..."

နွဲ့နွဲ့ယဉ် တကယ်ပဲ အံ့သြသွားရသည်။ သူဆို ... နှစ်လောက်ကတည်းက ထမင်းချက်ခဲ့ရသည်။ ယမင်းကို ... လေးမို့ ကိုယ်တိုင်ဝင်မလုပ်တောင်မှ ပတ်ရုံတော့ ... သွားခဲ့တာပါ။ ငါးမခုတ်တတ်တာ ကြက်သားကို ... တခြား

www.burmeseclassic.com

www.burmeseclassic.com



အသားတခြားဖြစ်အောင် ခုတ်ဖို့ မကျွမ်းကျင်တာတွေက ရှိစေ
ခက်သည့်ပဲ ထားပါဦး၊ ဝက်သားလို အမဲသားလို အတုံးလိုက်
ရဲ့ ဟင်းရံမျိုးတော့ သုံးနှစ်သမီးလေး ထနိုင်းလျှင်တောင် ရ
အဲဒါတွေကော ယမင်း လုပ်တတ်ရဲ့လားဟု ဆက်
ဖြစ်တော့သည်။

"ထားပါတော့ဟာ ... အိမ်ရှင်က ဆူချင်ဆူ ဆဲချင်ဆဲ
အိမ်ဖော်ဝင်လုပ်ပြီး ရတဲ့ဝင်ငွေမှ သူ လက်ခံမယ်ဆိုရင်
ငါ ... လုပ်ချင်တယ်၊ ငါလေ အရမ်းစိတ်မကောင်းဖြစ်တယ်

"ငါ့ရင်ထဲမှာ ယူကျုံးမရ ဖြစ်နေတယ်၊ ပေါ့ပေါ့
ပေါ့ပေါ့စားခဲ့တာကိုလည်း ရှက်ရကောင်းမှန်း သိလ
အရမ်းရှက်တယ်၊ ငါ ... ကိုနောင်ရဲ့ဆီမှာ တစ်နည်းနည်
အကြွေးပြန်ဆပ်ချင်တယ် ...

"ငါ တစ်ခုခု လုပ်ပေးရမှ စိတ်ဖြောင့်တော့မယ်

"ဒေါက်တာနောင်ဦးရဲ့ မိတ်ဆွေ ဆရာဝန်ကြီးကနေ တစ်
ချဉ်းကပ်ကြည့်ရင်ကော"

"ရမယ် မထင်ဘူး"

"အန်တီခင်လေးမြင့်က စကားကို လှတကာ နားခံသာအော
ပြောတတ်တယ်၊ အန်တီနဲ့ လွှတ်ပေးကြည့်ရင်ကော"

"လွှတ်ပေးကြည့်ရင်ကော" ဆိုသည့် စကားသ
လူကြီးသူမ တစ်ဦးကို လူငယ်တွေက သုံးဖို့မသင့် ရိုင်းရာကျ
ဆိုတာကို ယမင်း၏ ပထမဆုံး အတွေးအဖြစ် ရင်ထဲသို့ ဝင်လေ
ဖေဖေ ဆိုဆုံးမခဲ့တာတွေ အန်တီ ဆုံးမခဲ့တာတွေ ရင်ထဲမှာ
မခံခဲ့သည့်တိုင် နားထဲမှာ လျှံလှပြီမို့ ခုလို စိတ်ကောင်းကလေ
နိုက်မှာ နားထဲမှတစ်ဆင့် ရင်ထဲသို့ လှစ်ခနဲဝင်သည်။



"အကူအညီ တောင်းကြည့်ရင် မဆိုးပါဘူး"

ယမင်း စကားကို မရိုင်းအောင် ပြောကျင့်စ,လေ၏။

"ဒါပေမဲ့ ကိုနောင်ရဲ လက်ခံမယ် မထင်ပါဘူး"

"အဲဒီလူနဲ့ နင်နဲ့ ဆုံပြီးပလား"

"ငါကတော့ ခပ်လှမ်းလှမ်းက လှမ်းတွေ့တာပေါ့၊ သူကတော့
မတွေ့ဘူး၊ ဒါပေမဲ့ သူ ... ငါ့အကြောင်း ကြားဖူးပုံရတယ်"

"ဟုတ်လား ..."

"အဖိုးမတန်တဲ့ အလကား မိန်းမနဲ့ သူ့အစ်ကိုလို အဖိုးတန်
လူတစ်ယောက်ဟာ အသက်ချင်းလဲဖို့ တန်သလားတဲ့"

"သူ ... ဒီလိုပဲ ပြောသလားဟယ်၊ နင်နဲ့ ဘယ်တုန်းက
တွေ့ဖူးလို့လဲ"

"တစ်ခါမှ မတွေ့ဖူးတာတော့ သေချာတယ်"

"အဲဒီလူ ချောလား"

မွန်မွန်ကျော် ခပ်ပြုံးပြုံး ဝင်မေးသည်။ ယမင်း
ခေါင်းကို ဖြည်းဖြည်းယမ်းသည်။

"ဟင် ... အရုပ်ဆိုးကြီးပေါ့"

အရုပ်က ငါးပေနှင့် ဆယ်လက်မလောက်တော့ ရှိ
ညည်ထင်သည်။ အသားရောင်က ညိုပြေပြေ အညိုဖျော့ရောင်မှာ
ချွန်းမာရေးကောင်းသူမို့ စို၍လတ်ဆတ်နေသည်။ ဆံပင်မည်းမည်း
က သပ်ရပ်ရှင်းကြော့နေ၏။ အစ်ကို့ ဈာပနမှာမို့ ကြေကွဲဆို့နင့်နေ
ချိန်တွင် ဖိုသီဖတ်သီ ဖြစ်နေသည်ဆိုတာတောင် ရုပ်ဖြူလည်တိုနှင့်
ဘူဆိုးအရောင်မှိုင်းတို့က နောင်ရဲ၏ ရှင်းသန့်မှုကို မလွှမ်းမိုးနိုင်ချေ။

မိန်းမသားသာ ဆိုလျှင် အသားတော် ညိုပြာညက်
နန်းတော်ထက်ဖွား ဆိုသည့် ရုပ်ရည်မျိုးပါ။ လှစ်ခနဲ ကြည့်ရုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချော့လှ၊ လှ,လှချည်လားဟု မဆိုနိုင်ပေမဲ့ ကြည့်ကောင်းတာကို အသိအမှတ်ပြုလိုက်မိကြမည်ပင်။ နောက်တစ်ကြိမ် ထပ်ကြည့်ဖို့ ဆွဲဆောင်နေသည်က အစိမ်းကြည်ရောင်လွှမ်းသည့် သူ့ငယ်အိမ် ညိုညိုစိုစိုကြီးများပင် ဖြစ်ပါ၏။

သည်ယောက်ျားက စွဲမက်ဖို့ထက် ကြည်ညိုအားကိုး စရာသွင်ပြင်ကို ပိုင်ဆိုင်သူ ဖြစ်ပါ၏။

"ဆိုးလို့မဟုတ်ဘူး မိမွန်၊ ငါပြောချင်တာက ရုပ်လှတာဟာ ယောက်ျားတစ်ယောက်ရဲ့ တန်ဖိုးမဟုတ်ဘူးလို့"

"အဲဒီလူကလည်း လှ့ အဖိုးတန်ပဲလား"

"ငါတို့ ဆယ်တန်းကို တဖုံးဖုံး ကျနေချိန်မှာ သူဟာ အတန်းတိုင်းမှာ နစ်စဉ်ပထမရနေတယ်တဲ့"

"ဂုဏ်ထူးတွေ တန်းစီနေမှာပဲနော်၊ အဲဒီဂုဏ်ထူးတွေကိုသာ ကြိုးနဲ့ သီဆွဲရရင်တော့ ဒီလူကြီး အင်္ဂလိမာလ ဖြစ်ရချည် သေး"

သူများတွေ ခစ်ခနဲ ရယ်ကြပေမဲ့ ယမင်း၏ ညှိုးငေး ငေး မျက်နှာလေးကတော့ နွမ်းဖတ်ဆဲပါပဲ။

ယမင်း တကယ့်ကို စိတ်မကောင်းနိုင်ပါ။

❊ ❊ ❊

အဲသည်တုန်းက ယမင်း ကံကောင်းခဲ့တာ ရှိသည်။ ကံကောင်းသည် ဆိုခြင်းထက် ဒေါက်တာနောင်ဦး၏ မြင့်မားကောင်း မြတ်လှသည့် စိတ်စေတနာအကျိုးကို ခံစားခဲ့ရပါသည်ဟု ဆိုလျှင် ပိုမှန်မည် ထင်သည်။



ဒေါက်တာနောင်ဦးသည် ငါးစက္ကန့်လောက် သတိ ပြန်လည်လာခဲ့ပါသေးသည်။

"နောင်ရဲ ကျေးအေးလိုက်ပါ"

သူ့ညီကို သူ မြင်ရ မမြင်ရတော့ မသိနိုင်ပါ။ သူ ဒီသို့ ဝေဒနာ အသည်းအသန် ခံစားနေရချိန်တွင် သူ ချစ်လှစွာသော၊ သူ့ကိုလည်း ချစ်အားကိုးလှစွာသော ညီငယ်သည် သူ့နားမှာ ရှိနေ တဲ့ဟု မှတ်ယူပုံရ၏။ စကားတွေ အများကြီး ပြောမသွားနိုင်ပါ။ သူ့ကို ကားတစ်စီးက ဝင်တိုက်တာကို သူသိသည်။ ဤမျှ ဝေဒနာ ပြင်းထန်နေချိန်မှာတောင် တစ်ဖက်သားအပေါ် ငဲ့ညှာစိတ်က ဝင်၏။ သူ့ကို ဝင်တိုက်သော ယာဉ်မောင်း အမှုဖြစ်ကာ ထောင်ကျမှာကိုပဲ တွေ့ရသည်။

ဘာတွေ ဘယ်လိုဖြစ်လို့ သူ့ကို တိုက်မိသွားရမှန်း သူ မသိပါ။ သိသာသိလျှင် ဒီ့ထက်ညှာတာဖို့ ပြောခဲ့ဦးမည် ထင် ပါသည်။ သူ့အဖို့ မထူးတော့သည့် အတူတူ တစ်ဖက်သားမှာ ဒုက္ခ ရောက် မကျန်စေလိုသည့် အနှစ်ပြည့် စေတနာ ဖြစ်ပါလိမ့်မည်။

အစ်ကို့မေတ္တာ အစ်ကို့စေတနာကို ပါရမီဖြည့်သည့် နောင်ရဲက ကျေးအေးကြောင်း လက်မှတ်ထိုးကာ ရုံးကို တစ်ခါမျှ သွားခဲ့ခြင်းကြောင့် ယမင်းသက်ဝေ လူပုံအလယ်မှာ အရှက်ရခြင်း ဆောင်းခဲ့ရပါသည်။ လျှောခနဲ ကျသွားရမည့် သိက္ခာတွေ မြူမတင် ပြင်းသွားရသည်။

ယမင်းကို ဒေါက်တာနောင်ဦး အဲသည်နည်းနှင့် ကယ်တင်ရာ ရောက်ခဲ့ရပါလေ၏။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အမုန်းညွှန့်အမုန်းဖူး

နွေဦးနှင်းကြွင်းတို့ စိုစိုရွှဲနေသည့် သွပ်မိုးအိမ်လေး
အောက်မှာ သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှ ခြောက်သွေ့နွမ်း
နေသည်။ အသံဟူသမျှ တိတ်ဆိတ်နေ၏။ အိမ်မြောင်စုတ်ထိုး
သည့် နောင်ရဲအဖို့ ဗုံးကွဲသလား ထင်ရအောင်ပင် မြည်ဟည်းကျယ်
လောင်လွန်းနေရတော့သည်။

အိမ်လေးထဲမှာ တစ်ယောက်တည်း။ တစ်လောကလုံး
မှာလည်း တစ်ယောက်တည်းပါပဲ။ ဒီအိမ်လေးထဲမှာ တစ်ယောက်
တည်း မနေခဲ့ဖူးတာတော့ မဟုတ်ပါ။ နှစ်နှစ်တိတိ နေခဲ့ဖူးပါ၏။
အဲသည်တုန်းက အိမ်ထဲမှာ တစ်ယောက်တည်းပေမဲ့ ရင်ထဲမှာ
တော့ နှစ်ယောက်။

ကိုဦး အင်္ဂလန်နိုင်ငံမှာ ပညာသင်ရင်း၊ လေ့လာဆည်း
ပူးရင်း၊ အလုပ်လုပ်ရင်း ရှိနေခြင်းက နောင်ရဲကို နွေးထွေးစေခဲ့၏။

"အေးတဲ့ တိုင်းပြည်မှာ ခြောက်လလောက်ကြာမှ နေတစ်ခါ
မြင်ရတော့ အမိမြေ နေခြည်နွေးကို လွမ်းလှတယ် နောင်ရဲ
ရေ ..."တဲ့။



ကိုဦး စာများသည် ကိုဦး ကိုယ်တိုင် အနီးကပ်ရပ်
ပြောပြနေသည့်နှယ်ပါ။ ကိုဦး၏ အာငွေ့နွေးနွေးသည်ပင်
မှာ လာထင်သလို ရင်ထဲမှာ သိမ့်ခနဲလည်း နွေးသည်။ ဖြာ
လည်း အေးသည်။ ဘယ်မှာ တစ်ယောက်တည်း ဟုတ်ပါ့မလဲ။
ဆိုသည့် အစ်ကို တစ်ယောက်သည် အမိနေရာမှာလည်း
ည်။ အဖနေရာမှာလည်း ရှိသည်။

"မေမေက မင်း သုံးလသားနဲ့ ဆုံးတော့ တို့အဖေဟာ ကန်
စွန်းရွက်ကြော် ပဲပင်ပေါက်ကြော်စားပြီး မင်းကို နို့မှုန့်တိုက်
ခဲ့တယ်"

မိဘကျေးဇူး ကြီးမားပုံကို ကိုဦး ပြန်ပြောပြမှ သိပါ
နောင်ရဲတို့မှာ ညီကိုမောင်နှမ ငါးယောက်တိတိ ပေါက်ဖွား
အလယ်မှ မိန်းကလေးသုံးယောက်စလုံး ဆုံးပါးခဲ့သည်။
ဦးက အကြီးဆုံး၊ နောင်ရဲက အငယ်ဆုံး ဆိုတော့ ညီအစ်ကို
ယ်သုံးနှစ် ကွာသည်။ နောင်ရဲ ဆယ်နှစ်သားမှာ ဖေဖေ ဆုံး
... နောင်ဦးက ဆေးတက္ကသိုလ် နောက်ဆုံးနှစ်၊ ဟောက်(စ်)
ဖြစ်နေပြီမို့ ဆရာဝန် စောဖြစ်သည့် မိတ်ဆွေအရှိန်၏
န်းမှာတောင် ဝိုင်းကူနေနိုင်ပါပြီ။

အဲသည်တုန်းက နောင်ရဲ အားကိုးရာ မြင်းမိုရ်တောင်
ပြိုလဲတာကို တိတိပပ မသိသော်ငြား၊ ဒုက္ခဖြစ်ပြီ ဆိုတာ
တော့ နားလည်၏။ အဖေ သေပြီဆိုသည့် သောကနှင့်
ရဲ တဟင့်ဟင့် ငိုသည်။

"ငါရှိသေးတာပဲ နောင့်ရဲရဲ့ ... ဘာလို့ ငိုတာလဲ၊ တိတ် ...
တိတ်"

"အဖေသေပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ လူတိုင်း သေကြရတာပဲ၊ သူများ အဖေတွေလည်း ဒီလိုပဲ သေတာပဲ၊ တို့အဖေ တစ်ယောက်တည်း သေတာမှ မဟုတ်တာ"

နောင်ဦး ခပ်ပြုံးပြုံး ပြောတော့ နောင်ရဲ ဖြေသာသွားရသည်။ စင်စစ် မချိလို့ ပေါ်တဲ့သွားကို ရယ်သလား ထင်မိခဲ့ခြင်းပါ။ ကိုယ်တိုင်လည်း ဆရာဝန်ပီပီပြင်ပြင် မဖြစ်သေး၊ လူမညီညီလေးက ဆယ်နှစ်သား၊ ဒီကလေး အသက်ရှည် ရပ်တည်နိုင်လို့လားမြောက်စွာ ကြီးပြင်းဖို့ ဝန်ထုပ်ဝန်ပိုးကြီး နောင်ဦး ပခုံးပေါ်ပိကျတာတွေ၊ အဖေ့ကို ဆုံးရှုံးရသည်မို့ ကြေကွဲ ဝမ်းနည်းရတာတွေ ...

လွတကာတွေ မိဘမဲ့သွားရခြင်းထက် နောင်ဦး မိဘမဲ့သွားရခြင်းက ပို၍ အဖြစ်ဆိုးမှန်း နောင်ရဲ ကြီးလာမှ သဘောပေါက်လာခဲ့ရသည်။ နောင်ဦး အားပေးမဲ့သာ ပေးပေမဲ့ သူကိုယ်တိုင် အဘယ်မျှ အားငယ်သွားမလဲ ဆိုတာ နောင်ရဲ ဆယ်တန်းလောက်ရောက်မှ တွေးဖြစ်သည်။

ကျေးဇူးရှင် ကိုဦးရယ်ပါ။ အဖေလည်း ကိုဦး၊ အမေလည်း ကိုဦး။

"နောင်ဦးနဲ့ နောင်ရဲက ရုပ်ချင်း အရမ်းဆင်တာပဲ၊ ဒါပေမဲ့ နောင်ဦးက ပိုဖြူတယ်"

ခင်မင်ရင်းနှီးသူတွေက ပြောကြသည်။

"ကိုဦးက ပိုချောတယ်လို့သာ ပြောပါဗျ၊ ခံနိုင်ပါတယ်ကိုယ့်ကျေးဇူးရှင် အစ်ကိုပဲ၊ သူများမှ မဟုတ်တာ"

"အေးကွ ... မင်းလည်း တော်တော် ချောတာပါ၊ မင်းအစ်ကိုကို မမီတာ တစ်ခုပဲ"



ကိုယ့်အစ်ကိုမို့ ပြောတာမဟုတ်ပါ။ ကိုဦးလို လူကရှားမှရှား။ ဤကမ္ဘာမှာ နှစ်ယောက်ရှိပါမလားဟုတောင် ကြွားဝါးချင်မိပါ၏။ ကျက်သရေရှိစွာ ခန့်ခန့်ချောချော ဖြစ်နေရသည့် ဆရာဝန်ကြီးမှာ အပြုံးချိုက မျက်နှာဖုံးစွပ် တစ်ခုနယ် စွဲမြဲစွာ ရှိသည်၏။ လူနာအပေါင်းသည် ဆရာဝန်ကြီး၏ မျက်နှာကို မြင်ရုံနှင့်ပင် ဆေးတစ်လုံး မသောက်ရပါဘဲ ရောဂါက တစ်ဝက်လောက် သက်သာသွားနိုင်ပြီ။

အဲသည်လို အားကိုးချင်စရာ ကောင်း၏။

"ပိုက်ဆံမရှိလို့ ဆေးမကုရဘူး ဆိုတာမျိုး မဖြစ်စေနဲ့ဗျ နော်၊ ကျွန်တော်လည်း ချမ်းတော့ မချမ်းသာဘူး၊ ဒါပေမဲ့ ပိုက်ဆံပေးမှ ဆေးကုပေးမဲ့ ဆရာဝန် မဟုတ်ဘူး၊ ဒီဆေးတွေ ယူသွား"

အဲဒီလို အလကားပေး၊ အလကားကုရသည်နှင့်ပင် အခါတစ်ရံ ရထားသည့် မြှီးမြှီးမြက်မြက် ကလေးတွေ ချောပါသော နောင်ဦး ဆရာဝန်ဖြစ်ပြီး တာဝန်အရ ပြောင်းရသည့် တောရွာလေးတွေသို့ နောင်ရဲ တန်းတန်းပါသည်။

"ဆရာ့ သားလေးလား"

အချို့က ဤသို့ မေးကြ၏။ နောင်ဦး မျော အသက် အရွယ်နှင့် မမျှသည့် ဘဝကြမ်းပေါ်မှာ လျှောက်ခဲ့ရသူမို့ ချောမော ကျက်သရေ ရှိပါသည် ဆိုပေမဲ့ ရုပ်ရည်က ရင့်ပါသည်။ တည်ငြိမ် [illegible] ကြောင့်လည်း ရှိရင်းအသက်ထက် ပို၍ ခန့်မှန်းကြသည် [illegible]။

"မဟုတ်ဘူး ... ကျွန်တော့်ညီ အငယ်ဆုံးလေး[illegible] သားဆို[illegible]ည်း မ[illegible]ားပါဘူး"

www.burmeseclassic.com



နောင်ဦး ခပ်ပြုံးပြုံး ဖြေလေ့ရှိသည့် ဝါကျလေးကို လည်း ပြန်သတိရသည်။ *"ကိုဦး"*ဟု နှုတ်ကျိုးစွာ ခေါ်ခဲ့ပေမဲ့ "အမေ"လို့ ခေါ်လျှင်တောင် မမှားနိုင်ပါ။ မိဘနေရာတွင် ရပ်တည် ကာ နွေးထွေးသည့် မေတ္တာရိပ်ဖြင့် လွှမ်းခြုံပေးခဲ့သည့် အစ်ကို။ စကားပြောလျှင်တော့ ညီအစ်ကိုချင်းမို့ အဖွဲ့အနွဲ့ ကင်းကင်းနှင့် ဘွင်းဘွင်းကြီး ပြောတတ်ကျင့် ရှိလေ၏။

"အဖေ့ လခလေးနဲ့ ငါ့ ဆေးတက္ကသိုလ်စရိတ် ဘယ်လောက် ပါ့မလဲကွာ၊ ဆယ်တန်းမှာ အမှတ်များခဲ့တော့ ပညာသင် စရိတ် ထောက်ပံ့ကြေး ရခဲ့တယ်၊ အဲဒါကလည်း များလှ တယ် မဟုတ်ဘူး ...

"နိုင်ငံနဲ့အဝန်း ထောက်ပံ့ရတဲ့သူတွေများတော့ တို့ အစိုးရမှာလည်း ဒီထက်ပိုမပေးနိုင်ဘူး၊ ငါ ... ဆေးတက္ကသိုလ် တက်လာတာ ရှပ်အင်္ကျီသုံးထည်နဲ့ ပုဆိုးလေးထည်ပဲ ရှိ တယ် ...

"ရှပ်အင်္ကျီက အဖြူချည်းမို့ ဘယ်နထည်ဆိုတာ လူ မသိသာဘူး၊ ပုဆိုးကျတော့ လေးရက်တစ်ခါ ပြန်ကျနေတော့ လူမသိဘဲ နေမလား ...

"ငါလည်း လူပျိုလေးပဲ၊ သူများလို ဝတ်ချင်စားချင် စိတ် ရှိတာပဲ၊ ပြီးတော့ ... ငါလည်း ပုထုဇဉ်လူသားကွ"

အဲသည်တုန်းက ကိုဦး ရက်ပြုံး ပြုံးသည်။

"ဆေးတက္ကသိုလ် ကျောင်းသူတွေ ဆိုတာလည်း လှမှလှ ကွာ၊ ငါ ငေးမကြည့်ဘဲ နေချင်ပါ့မလား၊ တမှတစ်ပါး ကိုးကွယ်ရာ မရှိပြီလို့ ကိုယ့်ကိုယ်ကိုယ် နာမည်ကောင်း မယူချင်ဘူး ...



"အမှန်အတိုင်းဝန်ခံရရင် ငါဟာ သာမန်လူ၊ လူတွေ *ကြားထဲက လူသား၊ ကာလသား အရွယ်မှာ ကာလသားစိတ်* ရှိခဲ့တာပဲ၊ ရုပ်ရှင်ရော မကြည့်ချင်ဘူးလား ဆိုရင် ...

"ကြည့်ချင်လိုက်တာမှ မပြောပါနဲ့တော့၊ လက်ဖက် ရည်ဆိုင်မှာထိုင်ပြီး ဟေးလားဝါးလား လုပ်နေရတဲ့ အရသာ ကိုလည်း မမက်မောဘူး မထင်နဲ့"

လူငယ် ဟူသည် လူငယ်စိတ်နှင့်သာ ဖြစ်ပါလိမ့်

"စာမေးပွဲကျသွားရင် ထောက်ပံ့ကြေး ရပ်သွားမယ်၊ စာမေးပွဲ အကျမခံနိုင်ဘူး၊ ဒီတော့ အပိုအလုပ်တွေကို ဖြတ်ရတယ်၊ ပညာရေးလမ်းကြောင်းကြီး တစ်ပိုင်းတစ်စနဲ့ ရပ်သွားမှာ ကြောက်လို့ ပုဆိုးလေးထည်နဲ့ ကျောင်းတက်ရတဲ့ အဖြစ် ကို ရှက်ဖို့ အာရုံစိုက်မနေတော့ဘူး ...

"အဲဒီလိုပဲပေါ့ကွာ၊ ဖြစ်သင့် ဖြစ်ထိုက်၊ လုပ်သင့် လုပ်ထိုက်၊ ကြိုးစားသင့် ကြိုးစားထိုက်တာတွေကို ဦးစားပေးလိုက်တော့ လည်း အပရိက ဗာဟိရတွေ မှေးမှိန်သွားရတာပဲ ...

"အဓိက,ကတော့ စိတ်ပေါ့၊ ကိုယ့်စိတ်ကို ကိုယ်ပဲ ဆုံးမနိုင်ဟယ်၊ ဘယ်သူမှ လာဆုံးမလို့ မရဘူး"

အဲသည်တုန်းက နောင်ရဲ ရှစ်တန်းလောက် ရောက် ထင်ပါ၏။ စာကျက်ပျင်းသောကြောင့် ကိုဦး ဆုံးမခဲ့တာ

"မင်းကို စာကျက်ဆိုပြီး စားပွဲမှာ ဖွတ်ထိုင်ခိုင်းထားရင် မင်းရဲ့ ခန္ဓာကိုယ်ကြီးကပဲ ထိုင်နေမယ်၊ စိတ်က သွားချင် ရာ သွားနေမှာ ...

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကိုက်ပြီး စာရွက်ကလေးတွေ လှန်လှန်နေပေမဲ့၊ မင်း သူငယ်အိမ် မရွေ့တာ ငါမသိဘူး မထင်နဲ့"
တဲ့။

နောင်ရဲ့ ရှက်လန့်စွာ ရယ်မိပါတော့သည်။ သူ စာမကျက်ဘဲ ငုတ်တုတ်ထိုင်၊ အစ်ကိုက အကဲခတ်နေမှန်း သိသ မို့ စာရွက်ကလေးတွေ ဖြည်းဖြည်း လှန်ပြနေတာတောင် ညာ တာမှန်း အဲဒီအစ်ကိုက သိသည်။

"ငါက နည်းလမ်းပြရုံပဲ၊ မင်းကိုယ်တိုင်လုပ်မှ မင်းရှ

နယ်ဆိုသည်မှာ ဆရာဝန်က ရှားပါဘိ။ ဆေးရုံဖြ ချိန်တွင် ကိုယ်ပိုင် ဆေးခန်းဖွင့် ပိုက်ဆံကို လိုသလောက်တော ဒီဆရာဝန်ဈေးကြီးလွန်းလို့ဆိုပြီး တခြားဆရာဝန်ထံ သွားစရာရှိ မှ မဟုတ်တာ။ နယ်ခေါင်လေ ဆရာဝန်ရှားလေ၊ ကိုယ်ဈေး နိုင်သလောက် ကိုင်စမ်း။

သည်နည်းနှင့် နယ်ထွက် သူဌေးဖြစ်ကြသည့် ဆရာ တွေ တစ်ပုံကြီး မဟုတ်လား။ ကိုဦးကျတော့ တစ်ခါမျှ သူ မဖြစ်ခဲ့ပါ။

"ဒေါ်မကြီး ဆီကတော့ ပိုက်ဆံယူရမယ်ကွ၊ သူက သူ သူ့ပိုက်ဆံတွေ ငါမယူလည်း သူ့သားတွေ ဖဲချပစ်တ ကုန်မှဲ့တူတူ၊ ဟား ... ဟား"

သူဌေး ငွေပေါသူများထံမှ ကိုဦး မြိုးမြိုးမြက် ကလေး ယူလိုက်ပြီးပြီဆို၊ ရှက်ကိုးရှက်ကန်း ရယ်နေတတ် သည်။

"ဘယ်လောက် ကျပါသလဲ ဆရာလို့ မေးလိုက်တဲ့အခါ အစိတ်တို့ သုံးဆယ်တို့ ပြောချရမှာ တယ်ရှက်တာပဲ



"ဒါဖြင့် ... ကိုဦးက သင်္ကေတလေးနဲ့ ရေးပေး၊ ကျွန်တော်က ပိုက်ဆံတောင်းမယ်လေ"

"အေး ... မဆိုးဘူးကွ"

ပိုက်ဆံယူရမှာ ရှက်သည်တဲ့လေ၊ ညီအစ်ကိုနှစ်ယောက် သင်္ကေတတွေ ရေးမှတ်ကြသည်။

"ဒါက သုံးကျပ်၊ ဒါက ငါးကျပ်ကွ"

"ဟာ ... ကိုဦးဟာကလည်း တစ်ဆယ်တို့ အစိတ်တို့လည်း မပါပါလား"

"ပါတော့ ပါမယ် ... နည်းမှာကွ၊ တို့မြို့လေးမှာ သူဌေး ရှားတယ်"

"ဟောဒါက အလကား၊ စမ်းသပ်ကြည့်ရှုခရော၊ ဆေးဖိုးပါ လုံးဝအလကား"

ဟုဆိုကာ "ဝ" လုံး ဝိုင်းပြသည်။

"သေချာပါတယ်၊ ကိုဦး ဆေးစာရွက်မှာ ဝလုံးတွေချည်း များမှာ"

"တို့မြို့မှာ ဆင်းရဲသား ပေါတယ်ကွာ၊ ခများများ တစ်နေ့ လုပ်မှ တစ်နေ့ စားရရှာတယ်"

တစ်နေ့တော့ ... ဆေးစာရွက်တွင် မည်သည့်သင်္ကေတမှ မပါဘဲ ဆယ့်ငါးဟူသည့် ဂဏန်းတစ်လုံး ပါလာသည်။ နောင်ရဲ့ ဘာလုပ်ရမှန်း မသိပါ။ ဂဏန်းနှင့် ရေးလေ့မရှိသည်က တစ်ကြောင်း၊ လူနာကြည့်ရသည်မှာ တစ်ရက်စာဆေးဖိုးနှင့် ဆေးတစ်လုံးထိုးခကို ဆယ့်ငါးကျပ် ပေးနိုင်ပုံ မပေါ်သည်က တစ်ကြောင်း။

"ကိုဦး ... သူက"

အစ်ကိုကို သွားမေးဖို့ အခန်းဝမှာ ရပ်ရှိုသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပေးလိုက် နောင်ရဲ ... ပြီးတော့ ဝိုက်ဆံဆယ့်ငါးကျပ်လည်း ပေးလိုက်"

"ဗျာ"

"အေး ... အေး၊ ငါပြောသလို လုပ်"

နားမလည်ပေမဲ့ ပြောသလို လုပ်လိုက်ရသည်။ နောင်ဦးကလည်း လာရှင်းမပြအားပါ။ လူနာတွေကြားထဲ မြုပ်ကာ အသက်ရှူတောင်မှ ဝရဲ့လား မသိချေ။ လူနာပါးမှပဲ ညီအစ်ကို ထမင်းလက်ဆုံ စားဖြစ်ကြသည်။ ဘူးညွန့်ကို ငါးကျီးခြောက်နှင့် ကြော်ပျက် အရည်သောက်တစ်ခွက်၊ ပုစွန်ဖော့ချိတ်ကြော်တစ်ခွက်၊ သည်ဟင်းနှစ်ခွက်နှင့် နောင်ဦး သုံးပန်းကန်ကုန်အောင် စားသည်။

"ဒီနေ့ ... ဟင်းကောင်းတယ်ကွ"

သည်သို့ ဆိုလိုက်သေးသည်။

"မင်းလည်း တော်တော် ချက်တတ် ပြုတ်တတ် ဖြစ်လာပြီ"

ထမင်းဟင်းကို နောင်ရဲ အမြဲချက်ရပါသည်။ အဝတ်ကျတော့ နောင်ဦးက လျှော်လေ့ရှိသည်။

"မင်းက စိတ်မရှည်တော့ ဆွဲလှန်းပစ်လိုက်ရော၊ ဆပ်ပြာရည် မစင်ရင် အဝတ်ဆွေးမယ်" ... တဲ့လေ။

"ဒီဟင်းမျိုးလော်က် မှန်မှန်စားနေရရင် လူဖြစ်ကျိုးနပ်ပါပြီကွာ ... ငါ ကျောင်းတက်တုန်းကဆို ငါးပိရည်နဲ့ တို့စရာနဲ့ချည်း တစ်လမှာ အရက်နှစ်ဆယ်လောက် ကြိတ်ရတာ၊ ငစိန်ဆန် ဆိုတာလည်း စားလို့ကောင်းမှကောင်း၊ လည်ချောင်းထဲ စားသိုင်းက,ပြီး ဝင်တာ ခိုးလိုးခုလု အရသာကိုကောင်းတာ"



"နေ့တိုင်း စားနိုင်မယ် မထင်နဲ့ ကိုဦး၊ ပုစွန်က ကိုဦးလူနာတစ်ယောက်၊ သူရတဲ့အထဲက ရောင်းမစားဘဲ ကိုဦးကို လာပို့တာ"

"ဟုတ်လား ... ငါ့ဆီပို့ပြီး၊ သူမှ စားရရဲ့လား မသိဘူး၊ ငါ့နှယ် ... စောစောကသိရင် မျိုကျမှာတောင် မဟုတ်ဘူး၊ ခုတော့ ထမင်းသုံးပန်းကန် ကုန်သွားပြီ ... ဟား ဟား"

နောင်ဦးသည် အမြဲပျော်နေတတ်သူလည်း ဖြစ်ပါ၏။ သူ ... စိတ်ညစ်နေတာ ထိုင်မှိုင်နေတာမျိုး၊ နောင်ရဲ တစ်သက်မှာ တွေ့ဖူးသလောက်ပါပဲ။

"ကိုဦး ... ညနေက ဆယ့်ငါးကျပ်က ဘာလို့ ပြန်ပေးရတာလဲ၊ ကိုယ့်ဆီ ဆေးလာကုတဲ့အတွက် ဆယ့်ငါးကျပ်ပြန်အမ်းရတာလား၊ ကိုဦး ဥစ္စာ ဦးနာအောက်လို သူ့သင်္ဘောစီးရင် စီးခမယူတဲ့အပြင် ပဝါတစ်ပိုင် အလကားပေးတယ် ဆိုတာမျိုး ဖြစ်နေပြီ"

"မင်းကလည်း ... အရေးထဲ စာကျေကြောင်း ကြွားနေပြန်ပါပြီ၊ ဦးနာအောက် အကြောင်းက သုံးတန်းမှာလား လေးတန်းမှာလား သင်ရတာ မဟုတ်လား၊ အခု စာတွေလည်း ပိုင်အောင် ကျက်ဦး"

နောင်ဦးက ညီမခုံးကို ပုတ်၍ ချစ်စနိုး ရယ်သည်။

"အဲဒီအဘိုးကြီးက ဖျားနေလို့ အလုပ်မလုပ်နိုင်ဘူးကွ၊ စားဖို့တောင် ခက်နေတာ၊ ဆေးခန်း မလာမဖြစ်လို့ လာရအောင် ခြင်တောင်ပေါင်လာခဲ့ရတယ်၊ ဆယ့်ငါးကျပ်နဲ့တဲ့"

"ယော်ဗျာ ... ကိုဦးကို ပြောပြလား"

www.burmeseclassic.com



"အေး ... ငါက အိုင်ဗီဂလွှားကို့စ် ထ,သွင်းတော့ တင်ပါး ထိုးတာထက် ဈေးကြီးပြီဆိုတာ သူ သိတယ်ကွ၊ အရင် ဆရာဝန်တုန်းက အိုင်ဗီဆိုရင် သောက်ဆေးနဲ့ ဘာနဲ့ နှစ်ဆယ် ယူတယ်တဲ့၊ သူ့မှာ ဆယ့်ငါးကျပ်ပဲပါလို့ ကျန်တာကို အကြွေး ထားပါတဲ့ ... ပြောရင်း ရှက်လည်း ရှက်ရှာတယ် ထင်ပါရဲ့ ... တုန်တုန်ယင်ယင် ဖြစ်လို့၊ မထူးပါဘူး ဆရာ ရယ်၊ ရှက်လည်း မရှက်နိုင်တော့ပါဘူး၊ အဲဒီ ဆယ့်ငါးကျပ် တောင် ခြင်ထောင်ဖြုတ်ပြီး သွားပေါင်လာခဲ့ရတာတဲ့"

"ကလေးတွေ ဘာတွေ ရှိရင် တစ်ညလုံး ခြင်ကိုက်ကုန်ကြ တော့မှာပဲ"

"ရှိတာပေါ့ ... ခြောက်ယောက်တောင်တဲ့၊ တို့ မြစ်ဝကျွန်း ပေါ်မှာ ခြင်ဆိုတာလည်း မင်းသိတဲ့အတိုင်း၊ အဲဒါနဲ့ ခြင် ထောင်ပြန်ရွေးဖို့ ပေးလိုက်တာ၊ နောက်တစ်ခါ ဂဏန်းနဲ့ ပါလာရင် အဲဒါ ဆေးဖိုးမယူတဲ့အပြင် ကိုယ်က စိုက်ပေးရမဲ့ ပိုက်ဆံလို့သာ မှတ်ပေတော့"

"ကောင်းရော ... သူဌေးဖြစ်ဖို့ နီးစပ်ပြီ"

"သူဌေး ဆိုတာကို မင်းက ဘယ်လိုမြင်လို့လဲ"

"လူချမ်းသာတွေပေါ့ အစ်ကိုရ"

"ချမ်းသာတယ် ဆိုတာရော"

"နှစ်မျိုးရှိတယ်၊ လူချမ်းသာတာနဲ့ စိတ်ချမ်းသာတာ"

နောင်ရဲက တမင် ကြီးကြီးကျယ်ကျယ် ပြောလေ ၏။

"မှန်တယ်၊ မင်းနဲ့ ငါလောက် စိတ်ချမ်းသာကြတာ ရှိဦး မလား၊ ပြောစမ်း ... မင်း ဘာစိတ်ညစ်စရာရှိလဲ၊ ကိုးတန်း



ရှိသေးတယ်၊ အင်္ကျီနဲ့ ပုဆိုး ဝတ်စုံတွေ ဆယ့်လေးငါးစုံ ရှိတယ်၊ ငါ့ထက် အများကြီး ချမ်းသာတယ်"

ဂျင်းဘောင်းဘီလေး ဘာလေး ဝတ်ချင်သေးတာပေါ့ ...ဦးရယ်ဟု ပြောချင်ပေမဲ့ မြို့နေလိုက်တော့သည်။

"ဒေါ်မမကြီးကို ကြည့်ကွ၊ ဆီးချိုရယ်၊ နှလုံးရယ်၊ သွေးတိုး ရယ်၊ ရောဂါသုံးမျိုး ဖိစီးနေတော့ စိန်နားကပ်ကြီးပန်ပြီး ကော်ဖီလေးမှ သောက်ခွင့်မရ ...

"အင်ဒိုနီးရှား ပါတိတ်ကြီးဝတ်ပြီး ငါးရံ့ခြောက်ဖုတ် ဆီဆမ်းနဲ့ ရေနွေးကြမ်းလေးမှ မြည်းခွင့်မရ ...

"နောက်ပြောင်းလာတဲ့ တပ်ရင်းမှာ စစ်ဗိုလ်လူပျိုတွေ ပါလာရင် သူ့သမီးတွေကိုမှ ကြိုက်ပါ့မလား ... ဆိုတဲ့ သောကနဲ့ တစ်ညလုံး အိပ်မပျော် သောကတွေ၊ သောက တွေ ...

"ဘယ်မှာ ချမ်းသာလို့လဲ၊ ငါဖြင့် ထမင်းသုံးပန်းကန် တုန်လို့ ဗိုက်လေးနေပြီ၊ အိပ်လိုက်ရင် မနက်ကျမှ တစ်ရေး နိုးမှာပဲ ...

"ကဲလေ ... ငါနဲ့ ဒေါ်မမကြီးနဲ့ ဘယ်သူက ချမ်းသာ သလဲ၊ ဘယ်သူ့ကို သူဌေးလို့ ခေါ်မလဲ"

"ဘယ်သူက ချမ်းသာလို့ ဘယ်သူ့ သူဌေးခေါ်ရမလဲတော့ မသိဘူး၊ ကျွန်တော်သိတဲ့ ကိုဦးဆိုတဲ့ လူကတော့ ဒေါက်တာ ဖွတ်ကျား အလကားပဲတင်း ဆရာဝန်ပဲ"

နောင်ဦး မျက်နှာ ကွက်ခနဲ ပျက်လေ၏။ ဒီလောက် ...င် ပုံသွင်းထားပါလျက်၊ ငါ့ညီမှာ ဘယ်လိုအတွေးအခေါ်တွေ ...သလဲ ဟူသည့် နမြောစိတ်ဖြင့် ကြည့်သည်။ နောင်ရဲ စပ်ဖြီဖြီ

www.burmeseclassic.com



ပြုံးနေသည်ကို တွေ့ရမှ နောက်မှန်း သိသွားရကာ၊ သူပါရော
အော်ရယ်သည်။

"ဟား ဟား ... အလကားမှာ ပဲမတင်းပါဘူးကွ၊ ဆယ့်
ကျပ် တင်းတာပါ"

"ဟုတ်တယ် ... ဟုတ်တယ်"

ညီအစ်ကိုနှစ်ယောက် ပေါင်းမှ တစ်ဘဝလို အ
အပင်ကင်းစွာ ကြောင့်ကြမဲ့စွာ နေခဲ့ရသည့် ဘဝလေးကို မေ့နိုင်
မလား။

✻ ❋ ✻

ဒေါက်တာနောင်ဦး ရန်ကုန် ပြန်ပြောင်းရမည်ဆိုတော
ဝိုင်းငိုလိုက်ကြတာ လူသေသလားတောင် ထင်ရသည်ဟု ပြောရ
ကြီးတောင် ဖြစ်လေ၏။

"ဆရာ့လို ဆရာမျိုးတော့ ဒီတစ်သက် ဘယ်တော့မှ မ
တော့ပါဘူး"

ကြေကွဲပက်လက် ဖြစ်ကြလွန်းပုံက နောက်ရော
လာသည့် ဆရာဝန်ကိုတောင် အားနာယူရရော၊ သင်္ဘောဆိပ် လို
ပို့သူတွေက တစ်မြို့လုံး ကျွတ်လုလု။ လက်ဆောင်ပေးလိုက်
သည့် မြေထွက် ရေထွက်ပစ္စည်းတွေကလည်း တစ်ပုံတစ်ပင်။

"တော်ပြီ ... တော်ပြီ၊ ရန်ကုန်ရောက်ရင် ဆေးမကုဘဲ ဆိ
ဖွင့် ရောင်းစားတော့မယ်ဗျာ"

လက်နှစ်ဖက် ဖေ့ယမ်းလျက် တစ်ဦးချင်းစီကို နှု
ဆက်သည့် ဒေါက်တာနောင်ဦးပါ။



"ခင်ဗျား နေရာ ဝင်ရတာ မလွယ်ကြောကြီးပါလား ...
ကိုနောင်ဦး"

"အစမို့ပါဗျာ၊ နောက်တော့လည်း ခင်ဗျားမှ ခင်ဗျား ဖြစ်
ကြဦးမှာပါ၊ ကျေးလက်လူတန်းစား ဆိုတာ စိတ်စေတနာ
အရမ်းကောင်းတယ်၊ သဘောဖြူအူစင်းနဲ့ ခင်လည်း အရမ်း
ခင်တတ်ကြတယ်"

လူချင်းလဲသည့် ဆရာဝန်ကို လက်ဆွဲနှုတ်ဆက်ရင်း
သူ့လူနာတွေကို အပ်ခဲ့ရသေးသည်။ ဘယ်သူက နာတာရှည် ဘာ
ရောဂါ၊ ဘယ်ဝါကတော့ ဖြစ်တာက နည်းနည်း၊ သည်းတာက
များများ၊ ဒါမျိုးကလည်း စိတ်ဝေဒနာတစ်မျိုးလို ဖြစ်နေတော့ သူ
တို့ကိုလည်း ဂရုတစိုက် လုပ်ပြမှ ကျေနပ်ကြတာတွေ။

"ဆရာမှာနေပုံကလည်း အဖေ ခရီးထွက်ခါနီး၊ သားသမီး
တွေ စိတ်မချလို့ အမေကို မှာနေတာ ကျနေပြီ"

စိန်နားကပ်ကြီး တဝင်းဝင်းနှင့် ဒေါ်မမကြီးလည်း
နှုတ်ဆက်သူများကြားတွင် ပါသည်။

"ယောဗျ ... အဲဒီဥပမာ မနိပ်ဘူးခင်ဗျ၊ နေရင်း ထိုင်ရင်း
ကျွန်တော်က ကိုနောင်ဦးမိန်းမ ဖြစ်သွားရပြီ"

နောက်ဆရာဝန်က ရယ်၍ပြော၏။ အားလုံး ဝါးခနဲ
ဝိုင်းရယ်ကြသည်။ ကြေကြေကွဲကွဲ ဆွတ်ဆွတ်ကြင်ကြင်နှင့်ဝင်
ဝမ်းသာဝမ်းနည်း ခွဲခဲ့ရပါသည်။

ဒေါက်တာနောင်ဦး ရန်ကုန်သို့ ပြန်ပြောင်းလာခြင်း
မှာ ဆေးပေးကုသမှု ဘွဲ့လွန်သင်တန်း ရန်ကုန်တွင် ပြီတတ်ရှိ
ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းတုန်းက အမှတ်ကောင်းလို့ ဝါသနာမပါဘဲ ဆေးတက္ကသိုလ် ရောက်သွားကြတဲ့လူတွေ အများကြီးရှိတယ်၊ ငါကတော့ ဝါသနာကိုပါလို့ အဲဒီလိုင်း လိုက်ခဲ့တာ၊ မင်းကျ ရင်လည်း မင်းသဘော ဝါသနာပါမှယူ၊ ဝါသနာမပါဘဲ ဂုဏ်ရှိမယ် ကောင်းမယ် ထင်ရုံနဲ့တော့ မလုပ်နဲ့"

ရန်ကုန် ပြန်ရောက်တော့ နောင်ရဲ ဆယ်တန်းတက်ရသည်။

"တစ်ခုတော့ ရှိတာပေါ့ကွာ ... ကိုယ်က ဆေးကျောင်းတက်ချင်ပါလျက်နဲ့ အမှတ်မမီလို့ မတက်ရတာမျိုးတော့ မဖြစ်စေနဲ့၊ ဘယ်တက္ကသိုလ်ပဲ သွားချင် သွားချင် သွားနိုင်တဲ့ အမှတ်မျိုး ရစေရမယ်"

"ဒါ ... ကိုဦးက ကျွန်တော့်ကို စာကြိုးစားဖို့ ပြောတာ မဟုတ်လား၊ ညီအစ်ကိုချင်းပဲ ကိုဦးရ ... ဘွင်းဘွင်းပြောစမ်းပါ"

ဒါပဲ ညီအစ်ကို၊ ဒါပဲ သူငယ်ချင်း၊ ဒါပဲ မိတ်ဆွေတွေလို ဖြစ်နေရသည်မို့ နောင်ရဲသည် အစ်ကိုဖြစ်သူကို ချစ်ခင်ရိုသေပေမဲ့ တရင်းတနီး ပြောရဲဆိုရဲ ရှိပါ၏။

"ဟ ... နောင်ရဲ စာကျက်လို့ ဘွင်းဘွင်းကြီး ချပြောရင် မင်းတို့အရွယ် ဆိုတာက ထော်လော်ကန့်လန့် လုပ်ရမှ ကြိုက်တတ်တာ"

"သွယ်ဝိုက် ဆုံးမတဲ့ကြားက မရရင်ကော ကိုဦး"

"ဒီတော့လည်း ... ဖနောင့်နဲ့ ထ,ပေါက်ရုံ ရှိတာပေါ့ဟ"

နောင်ရဲ စိတ်မဆိုးနိုင်ဘဲ သဘောကျစွာ ရယ်သည်။



"စကားနဲ့ လုံလောက်ရင် စကား၊ ဖနောင့်ပါမှ ဖြစ်မယ်ဆိုလည်း ဖနောင့်ကို မလွဲမသွေသုံးဖို့"

"စိတ်ချစမ်းပါ ကိုဦးရ၊ ကျွန်တော်က ကိုဦးလိုပဲ အလကားပဲတင်း ဒေါက်တာဖွတ်ကျား လုပ်ချင်တဲ့ကောင်ပါ"

"ကောင်းတယ် ... တို့ညီအစ်ကို တိုက်နဲ့ ကားနဲ့ ဖြစ်ဖို့နီးပြီ"

"တိုက်နဲ့ တဲဟာ တဝမ်းပူချင်းတူတူ၊ လူတွေ ဘာဖြစ်လို့ တဲမကြိုက်ဘဲ တိုက်ကြိုက်တာလဲ"

နောင်ရဲ သက်သက်နောက်မှန်း သိသည်မို့ နောင်ဦး ညီပခုံးကို လက်သီးနှင့် မနာအောင် ပိတ်ထိုးသည်။

"စမတ်ကျကျ ဘယ်သူ မနေချင်ဘဲ ရှိမလဲ နောင်ရဲရာ... ဒါပေမဲ့ ငါ စမတ်ကျဖို့ ဆင်းရဲသားလူနာတွေ ခြင်ထောင်ပေါင်ပေးရမယ် ဆိုရင် စမတ်မကျချင်တော့ပါဘူး ...

"ပိုက်ဆံတွေ ထားစရာမရှိအောင် ပေါလွန်းလို့ ကြိဖန်စီစာချဲ့တဲ့ သူဌေးတွေ၊ လက်ဖက်ရည်သောက်မိလို့ မျက်စိကြောင် ရင်တုန်ရုံနဲ့ နှလုံးရောဂါ ဖြစ်ပလားဆိုပြီး အိီးစိကျိလာရိုက်တဲ့ လူတွေကျတော့ ...

"ယူပေါ့ကွ ... သူတို့မှာ ပိုနေတဲ့ငွေတွေ ငါ နည်းနည်းဖဲ့သုံးတာ တရားပါတယ်၊ မဟုတ်ဘူးလား"

ဒီလို အစ်ကိုမျိုးကို နောင်ရဲ ကြည်ညိုမဆုံး ရှိရတာ အန်းပါတော့မလား။ လုပ်ဖော်ကိုင်ဖက်အချို့က နောင်ဦး၏ မြင့်မြတ်သော သဘောထား၊ ကြိုးစားခြင်းကြောင့် အောင်မြင်မှုကြီးများ မျက်စိကျတာတွေ ... ဒါတွေ ဒါတွေကို မနာလိုစိတ်တို ဖြစ်ကြပါသည်။ သို့ပေမဲ့ ... ရာခိုင်နှုန်းအားဖြင့် သိပ်နည်း

www.burmeseclassic.com



ဝါ၏။ များသောအားဖြင့်မှာတော့ ဒေါက်တာနောင်ဦးကို လူကြီးတွေက သဘောကျသည်။ လုပ်ဖော်ကိုင်ဖက်ချင်း လေးစားချီးကျူးသည်။ လူနာတွေက အားကိုးသည်။

ဒီလိုနည်းတွေကြောင့် ဒေါက်တာနောင်ဦး ဆိုလျှင် ဆေးပညာလောကမှာ မသိသူ ရှားခဲ့ရပါ၏။

❋ ❋ ❋

"ဟဲ ဟဲ … ပျဉ်ထောင် သွပ်မိုးအိမ်ကလေး တစ်လုံး ပိုင်ပြီကွ"

"တော်တော်တောင် ချမ်းသာသွားပြီပဲ၊ တိုးတိုးပြော ကိုဦး သူခိုးစားပြ ကြားဦးမယ်"

ရန်ကုန် ပြန်ရောက်၍ မကြာမီမှာ ဒေါက်တာနောင်ဦး အိမ်ကလေးတစ်လုံး ဝယ်နိုင်သည်။

"အဖေတို့ အမေတို့ လက်ထက်တုန်းက အိမ်ပိုင်လေးတစ်လုံးတောင် ရှိခဲ့တာ မဟုတ်ဘူး၊ ငါ့ကျမှ အိမ်ပိုင် ရာပိုင်နဲ့ စိတ်ချမ်းသာစမ်း နောင်ရဲ"

ဒီလိုလည်း ရှာကြံပျော်တတ်သူပါ။ စိတ်ရင်းကိုက အကောင်းမြင်သမား ဖြစ်သည်မို့ ဒေါက်တာနောင်ဦး လူဖြစ်ကျိုးနပ်သည်ဟုလည်း ဆိုနိုင်ပါသည်။

"ကား ဘယ်တော့ဝယ်မှာလဲ ကိုဦး"

"ဝယ်မယ် … တစ်စီးလုံး တစ်ခါတည်း မဝယ်နိုင်ဘူးကွ တစ်စစီစုမှ ရမယ်၊ ပြီးတော့ တပ်ဆင်လိုက်၊ ကားတစ်စီး ဖြစ်ရော မကောင်းဘူးလား … ဟား ဟား"



"ကောင်းသားပဲ … ဘာက စ,စုမလဲ"

"ကူရှင်က စချုပ်ရင် မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ ကိုဦး … မာလကျင်ပိတ်ဆိုရင် ပိုတောင် ကောင်းသေး"

"အောင်မယ် … မင်းက မာလကျင်ကို အထင်မသေးနဲ့၊ ကလေးအနှီးလုပ်ရင် မာလကျင်ကမှ ထူထူထဲထဲနဲ့ ကောင်းတာ၊ ဘူးသီးပိတ်ချောဆိုရင် လက်ပေတယ် … မောင်"

"ဟောဗျာ … ဒီလူဖျိုကြီး ဒါတွေလည်း သိသကိုး"

"ဟ … ဆရာဝန် မဖြစ်ခင်ကတည်းက ဗိုက်အလုံးလေးဆယ် ကျော် မွေးခဲ့ရတာ၊ မသိဘဲ နေမလား"

"မိန်းမယူချင်တာနဲ့ စကားတွေ ရှာကြံစပ်ပြောမနေနဲ့နော် ကိုဦး၊ ညီအစ်ကိုချင်း … ဘွင်းဘွင်း၊ ဘွင်းဘွင်း"

နောင်ဦး လက်ဝါးတကာကာနှင့် ရယ်သည်။

"ကျောင်းတုန်းကတော့ ကောင်မလေးချောချော မြင်ရင် ရင်ထဲက ခုန်ချင်သလိုလို အရှိသား"

"တစ်ယောက်နဲ့မှ မတစ်ယောက်ခဲ့ဘူးလား ကိုဦးရ … ညံ့ပါ့"

"ညံ့တာကို ကျေးဇူးတင်နေရသေးတယ်၊ အဲဒီတုန်းကသာ မညံ့ခဲ့ရင် ငါ ခုလိုဖြစ်လာမှ မဟုတ်ဘူး နောင်ရဲရ"

"မဆိုင်ပါဘူး၊ ရည်းစား ငုတ်တုတ်နဲ့ ဆရာဝန် ဖြစ်သွားတဲ့ လူတွေ အများကြီးပါ"

"သူများတွေတော့ ဟုတ်ချင် ဟုတ်မှာပေါ့၊ ငါကတော့ ဆင်းရဲတယ်လေကွာ၊ စားလိုက် အိပ်လိုက် ဂရိတ်ဖိုးဆိုတာ ဆေးတက္ကသိုလ်မှာ မရဘူး၊ စတိုင်ပင်နဲ့ ကျောင်းတက်ခဲ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်က ဆပ်ပလီ အထိမခံနိုင်ဘူး၊ ပြီးတော့ ... သူ့ရွေး သမီးတွေ သွားမှန်းလည်း သိုက်တူးသမား ဖြစ်ဦးမယ်"

"ကိုဦးလို ချို့ချို့တဲ့တဲ့ထဲက ရော"

"ငါ့လို ချို့တဲ့သူဆိုလည်း ဆပ်ပလီတို့ ဒီဘားတို့ ကြောက်ပြီး ငါ့လိုပဲ ဖြူနေမှာကိုးကွ"

"ကိုဦး ဆရာဝန်ဖြစ်တော့ ကြိုက်မဲ့သူတွေ ရှိလာမှာပါ"

"အင်း ... ငွေပေးဝယ်ထားတဲ့ သမက်အဖြစ် အပိုင်သိမ်းချင် တဲ့ သူတွေတော့ ရှိပါရဲ့"

"ရိုးရိုးသားသားထဲကရော"

"ခက်တယ်ကွ နောင်ရဲရ၊ ငါ့မှာ အိပ်ချိန်နဲ့ စားချိန်ကလွဲရင် လူနာတွေနဲ့ချည်း နပန်းလုံးနေရတာ၊ ငါ့လူနာ ငါပြန် ကြိုက်ဖို့ ကျတော့လည်း သမားသိက္ခာ ဘယ်ရှိတော့မလဲ"

"လူနာနဲ့ ပါလာတဲ့ အဖော်ဗျာ"

"ငါ့ဆီ လူနာတစ်ယောက် ရောက်လာရင် သူ့ကို ဘယ်သူ လိုက်ပို့သလဲဆိုတာ မော့တောင် မကြည့်မိဘူးကွ၊ ရောဂါ လက္ခဏာစစ်ရင်တောင် လူနာကိုပဲ မေးတယ်၊ လူနာကိုယ် တိုင် ဖြေမှ ငါက ကြိုက်တယ်"

"ကြံဖန်ပြီး ငတ်တာပါပဲဗျာ"

"အေးကွာ ... လူပျိုကြီးဖြစ်တာ ပါတယ်ထင်ပါရဲ့"

"ဆေးရုံမှာ လုပ်ဖော်ကိုင်ဖက် အချင်းချင်းကော"

"ဟာ ... သူငယ်ချင်းတွေ တောင်တောင်အီအီ ပြောရမှာ ရှက်စရာကြီး"

"ဟောဗျာ ... ရည်းစားစကားဟာ တောင်တောင်အီအီ လား"



နောင်ရဲက သူ့အစ်ကို ပေါင်ကို လက်သီးနှင့် တစ္စတ်စွတ်ထိုး၍ ရယ်သည်။ နောင်ဦး ရှက်ကိုးရှက်ကန်းရယ်ကာ မျက်နှာတွေ တကယ်နီလာသည်မို့ နောင်ရဲ ပိုရယ်ရပြန်၏။

အဲသည်လို ရိုး ဖွန်း အေးလွန်းသည့် ပုဂ္ဂိုလ်ပါ။

သူ့အလုပ် သူ့သင်တန်းမှာပင် စိတ်နှစ်ကာ၊ အချစ်ရေး အိမ်ထောင်ရေးကိုတောင် တွေးဖို့ မေ့နေ ရှက်နေရသည့် အဖြစ်ပါပဲ။

နောင်ရဲ ဆယ်တန်းအောင်တော့ ဂုဏ်ထူးလေးခု ပါ သည်။

"ဝမ်းသာလိုက်တာကွာ၊ အဖေ့ကို မြင်စေချင်တယ်"

နောင်ဦးတို့က ဒေသကောလိပ်မှ တစ်ဆင့်တက်ရသူ မို့ ဆယ်တန်းရော ဒေသကောလိပ် နှစ်နှစ်စာပါ ပေါင်းပြီး၊ သုံးနှစ် ဆက်တိုက် ကြိုးစားခဲ့ရသည်။ နောင်ရဲ လက်ထက်ကျတော့ ဆယ် တန်း အမှတ်နှင့်ပင် တက္ကသိုလ်ခွဲသည်။

"ကျွန်တော် ဆေးတက္ကသိုလ်ဝင်တာ ကိုဦးထက် ပိုချောင် တယ်"

နောင်ရဲသည် သူ့အစ်ကို့ကို သူ့ထက်တော်သည်၊ သူ့ထက် ပိုကြိုးစားသည်၊ သူ့ထက်ပို၍ သဘောထား ကြီးမားမြင့် မြတ်သည် စသည် စသည်ဖြင့် အမြဲအထင်ကြီး လေးစားခဲ့ရပါ သည်။ သူ့ ကိုယ်သူဆိုလျှင် နောင်ဦးထက် တစ်ဆင့်လျော့ကာ အမြဲ နိမ့်၍ တွေးတတ်လေသည်။ ညီအစ်ကိုတွေ အကြီးကို အငယ်က ညအိပ်ရာဝင်တိုင်း ရှိခိုးပြီးမှ အိပ်သည်ဆိုသည့် အဖြစ်မျိုး ရှာမှရှား သည်။

အစ်ကို့ကို မပြောနှင့် ဘုရားနှင့် မိဘကိုတောင် ညတိုင်း ရှိခိုးချင်မှ ရှိခိုးဖြစ်သည် မဟုတ်လား။ နောင်ရဲသည် သူ့

www.burmeseclassic.com



အစ်ကို့ကို ညတိုင်း ရှိနိုးပြီးမှ အိပ်သည်။ အစ်ကိုက ညီကို သားလိုချစ်၍၊ ညီက အစ်ကို့ကို မိဘနှယ် အားကိုးရှိသေသည်။ အပြန်အလှန် ဤမျှ ချစ်ကြသည့် ညီအ ်ကိုမျိုး နောက်ထပ် နှစ်ယောက် ရှိမည် မထင်တော့ပါ။

✻ ❋ ✻

ကိုယ်ပိုင်အိမ်ကလေးတစ်လုံး ရှိလာပေမဲ့ ဒေါက်တာနောင်ဦး ကားမစီးနိုင်ခဲ့ပါ။ ကားတစ်စီးစာ ငွေပိုစုမိသည်ဟုကို မရှိခဲ့ချေ။ သူ့မှာ ပိုလျှံသမျှ သူ့ညီအတွက် သုံးရတာနှင့် ဆင်းရဲသားလူနာများအတွက် ဆေးဖိုးစိုက်ရတာနှင့်ပင် ကုန်လေ၏။ တိုက်တစ်လုံး ကားတစ်စီး ဖြစ်မလာပေမဲ့ သုံးရစွဲရတာတော့ ချောင်လည်လာပါ၏။ နောင်ရဲ ဆေးတက္ကသိုလ် တက်ရချိန်၌ နောင်ဦးတုန်းကလို ချို့ချို့တဲ့တဲ့ မဟုတ်တော့ပါ။

"ငါ ထောက်ပံ့နိုင်ပြီပဲကွာ၊ မင်း စတိုင်ပင် မလျှော့က်ပါနဲ့၊ ကိုယ့်လောက်မှ မတတ်နိုင်တဲ့သူတွေ ယှူရှာပါစေ"

သည်လိုနှင့်ပင် ဒေါက်တာနောင်ဦး ဆေးပေးကုသမှု သမားတော် ဖြစ်လာခဲ့ရပါသည်။

"ဟေ့ကောင် ... နောင်ရဲ၊ မင်းတော့ ကော်ပြီသာမှတ်"

"ဘာလဲ ကိုဦး၊ ကျွန်တော် သိန်းထီပေါက်သတဲ့လား"

"ထိုးရော ထားလို့လား"

"အသက်တောင် နှစ်ဆယ်ပြည့်တော့မယ်၊ ထီလက်မှတ်စာရွက်ဆိုတာ ဈေးထဲမှာ ဟင်းခတ်မှုန့်ထုပ် ပေါက်စလေးတွေ ဝယ်ရင် ထုပ်ပေးတာပဲ တွေ့ဖူးတယ်"



"ဒါနဲ့များ ထီပေါက်သလား မေးနေရသေးတယ်၊ ခွေးကောင် ဒီမှာ"

ညီ့ပခုံးကို ခပ်တည်တည်ပုတ်တော့မှ နောင်ရဲ မျက်နှာ ...တ်၍ နားထောင်၏။

"ငါ ... နိုင်ငံခြား သွားရမယ်"

"ဟာ ..."

နောင်ရဲ လွှတ်ခနဲ ပျော်သွားသည်။ ပြီးတော့ ချက် ...ကြီးကို မျက်နှာက ညှိုးကျလေ၏။ ဒီအစ်ကိုနှင့် နှစ်ယောက်တစ် ...ဘဝမှာ တစ်ယောက်က ရေခြားမြေခြား သွားရမည်ဆိုတော့ ...လေးက တစ်ခြမ်းပဲ့၍ ကျန်ရစ်ရမည်လေ။

ယောက်ျားပဲ ... ဟု ဆိုနိုင်ပေမဲ့ ဒီအစ်ကို အပေါ်မှာ ...တာအားကိုးမှုက အခြားသော ညီအစ်ကိုတွေနှင့် နှိုင်းယှဉ်မရပါ။

"ဘယ်နိုင်ငံလဲ ... ကိုဦး"

"ယူကေ"

"ကိုဦး နိုင်ငံခြား သွားရမှာနဲ့ ကျွန်တော်က ဘာဆိုင်လို့ ကော်ရမှာလဲ"

"ဆူမဲ့သူက ရေမြေခြားနေတော့ နားမငြီးဘူးကွာ၊ အချိန်တန် အိမ်ပြန်မရောက်လည်းရတယ်၊ ကောင်မလေးတွေလည်း ပိုးချင်ပိုး ကြိုက်ချင်ကြိုက် ... ဟား ဟား"

နောင်ရဲ မပိုးတတ် မကြိုက်တတ်တာ နောင်ဦး အသိ ...။ အစ်ကိုလူပျိုကြီး၏ အုပ်ထိန်းမှုအောက်မှာ ဆယ့်သုံးနှစ် ...ယ်သည့် ညီမို့ သူပါ လူပျိုကြီးပုံစံတစ်ပိုင်း ဝင်နေရသော ...နောင်ရဲ စိတ်မကောင်း အားငယ်မှာ စိုးသောကြောင့် ...ခင် ...ရာပြောခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ပညာတော်သင်လား ... ကိုဦး"

"ဘွဲ့တစ်ခုလည်း ထပ်ယူရမယ်၊ ဆေးရုံတစ်ခုမှာလည်း ဝင်လုပ်ရမယ်၊ နောက်ပြီး ... လူကီးမီးယားနဲ့ ပတ်သက်ပြီး ပွားများလာတဲ့ သွေးဖြူဥတွေကို ဘာနဲ့ ဘယ်လို တားဆီးမယ်ဆိုတာ အဲဒီက ပါရဂူတွေ လေ့လာနေကြတယ်ကွာ သုတေသန ဆိုပါတော့၊ အဲဒီအထဲမှာလည်း ငါက တို့မြန်မာပြည်ရဲ့ ဆေးပညာရှင်အဖြစ် ပါရမယ်"

"ဟာ ... ကောင်းလိုက်တာ ကိုဦးရာ၊ ဒါ နည်းနည်းနောနော အခွင့်အရေးမှ မဟုတ်ဘဲ"

"သူတို့ဆီမှာတော့ ဘာတွေ ဘယ်လို ရှာဖွေတွေ့ရှိထားပြီဆိုတာ မသိဘူး၊ ဟိုရောက်မှ သိရမှာပဲ၊ ငါတို့ မြန်မာပြည်မှာလည်း တွေ့ထားတာ ရှိတယ်"

"ဟုတ်လား"

"အေး ... ဗဟိုသုတေသနအဖွဲ့မှာ စမ်းသပ်ပြီး အဲဒီထဲ ဘာဓာတ်တွေပါလဲလို့ ရက္ခဗေဒပညာရှင်တွေ ဓာတ်ခွဲလေ့လာကုန်ကြပြီ"

"အဲဒါ ဘာလဲ ကိုဦး"

"ပြောရရင် လွယ်လွန်းလို့ လူတွေ ယုံပါ့မလားတောင် မသိဘူး၊ ပန်းကညွတ်လို့ ခေါ်တဲ့ အပင်ပဲ၊ အဖြူရောင်ရယ်၊ ခရမ်းရောင်ရယ် နှစ်မျိုးရှိတယ်"

"ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအတွက်" ဆိုသည့်စကားကိုလည်း ကိုဦး အမြဲပြောလေ့ ရှိပါသည်။ ဆေးပညာမှားတော်သည်မဟုတ်ပါ။ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးတတ်သည့် နိုင်ငံသားကောင်းတစ်ဦးလည်း ဖြစ်ပါချေ၏။



"တို့တိုင်းပြည်မှာ လူကီးမီးယားတော့ တွေ့ရခဲတယ်၊ သယ်လက်ဆီးမီးယားတွေက တော်တော်များနေတယ်၊ အထူးသဖြင့် ကရင်လူမျိုးနဲ့ မွန်လူမျိုးတွေမှာ ပိုတွေ့ရတယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဆိုတာလည်း သုတေသနပြုဖို့ ရှိတယ်ကွ"

"ဟုတ်လား ... တခြား တိုင်းရင်းသားတွေမှာကော"

"တွေ့တော့ တွေ့တယ်၊ နည်းတယ်၊ သွေးနီးနီး မောင်နှမဝမ်းကွဲတွေ၊ တူဝရီးတွေချင်း ပြန်ပြီး လက်ထပ်ထားတဲ့ လူတွေဆီမှာလည်း တွေ့ရတယ်"

"ကျွန်တော်တို့ မြန်မာ မင်းညီမင်းသားတွေ တချို့၊ အရည်အချင်း ပျော့ညံ့ကုန်တာ၊ အစွမ်းမထက်တော့တာတွေဟာ သွေးမျိုးသားချင်းတွေ ပြန်လက်ထပ်တာကြောင့် ဆိုတာ ကျွန်တော် ကြားဖူးတယ်"

"တို့ဗမာတွေကလည်း ခက်သားကွ၊ မင်္ဂလာဆောင်ဖို့ကျတော့ နေ့ကောင်းရက်သာ ရွေးတယ်၊ သတို့သားနဲ့ သတို့သမီး နေ့နံချင်း တည့်မတည့် ဗေဒင် မေးတယ်၊ လက္ခဏာလေးတောင် ရှိသေးတယ် မဟုတ်လား၊ သီရိမွှာ သောကမင်းကြီး ဘာဖြစ်တယ် ဆိုလား"

နောင်ရဲ့ ခွက်ထိုးခွက်လန် ရယ်လေ၏။

"ဘာရယ်တာလဲ မင်းက"

"ဗျှာသောက၊ အင်းဝရာဇာ၊ အိမ်ထောင်ဖက် အသက်ရှည်ရာ ... တဲ့၊ ဘယ့်နှယ် သီရိမွှာသောကမင်းကြီး ဘာဖြစ်မှာလဲဗျ ... ဟား ဟား"

"သိပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



နောင်ဦး ရယ်လျှင် မျက်နှာပြင်ရှိဝစွည်းတွေ အကုန်လုံး ရှုံ့နေတတ်သည်။

"ဥသာစိန်ပန်း၊ ဒန်းလုကိုရှာ ... တဲ့ အဲဒါရော သိလား"

"မသိဘူး"

"ကိုဦးရော ကျွန်တော်ပါ စနေသားတွေဆိုတော့ ... ဗုဒ္ဓဟူး သမီးကို ယူမယ်၊ စနေနဲ့ ဗုဒ္ဓဟူးရရင် ရှုးရင်တောင် ထမင်းမငတ်ဘူးဆိုပဲ"

"ရှုးမှတော့ ထမင်း ဘယ်ငတ်ပါ့မလဲဟ၊ တွေ့ကရာ လျှောက်တောင်းစားမှာပေါ့"

"တနင်္ဂနွေနဲ့ ဗုဒ္ဓဟူးကျတော့ အုံးမနွေးဘူး ဆိုပဲ"

"ဘာလဲ အုံးမနွေးဘူး ဆိုတာ"

"ခေါင်းအုံးနွေးအောင်တောင် တူတူ မအိပ်လိုက်ရဘူး၊ သေရင်သေ၊ မသေရင်ကွဲမယ်တဲ့"

"မင်းက ဒါတွေ ယုံတာလား"

"ယုံတယ်တော့ ဘယ်ဟုတ်ပါ့မလဲ ကိုဦးရ၊ ဗဟုသုတအဖြစ်တော့ ရှာမှီးထားရတာပေါ့"

"နေ့နံ မတည့်တာက အရေးမကြီးဘူး မောင်"

နောင်ဦးက သူ့ညီကို "မောင်"ဟုသုံးကာ ဈေးလူကြီးကြီး ပုံစံနှင့် မကြာခဏ ပြောလေ့ရှိပါ၏။

"သယ်လက်ဆီးမီးယားက မျိုးရိုးလိုက်တတ်တဲ့ ရောဂါ သယ်လက်ဆီးမီးယားနဲ့ သယ်လက်ဆီးမီးယားနဲ့ ပြန်ညားရင် မွေးလာတဲ့ ကလေးတွေ အသက်ရှည်ဖို့ မလွယ်ဘူး ခေါင်းခွံကြီး နင်းကန်ကြီးပြီး ပုံပျက်ပန်းပျက်လည်း ဖြစ်တတ်တယ်၊ တို့မြန်မာတွေ မင်္ဂလာဆောင်ခါနီး ဗေဒင်ဆ



ဖို့လောက် အာရုံမစိုက်ဘဲ သတို့သားနဲ့ သတို့သမီးကို သွေးဖောက်စစ်ကြည့်ဖို့ ဆိုတာလေ၊ သတိရဖို့ကောင်းတယ်"

"မလုပ်ပါနဲ့ ... ဘာဖြစ်လို့သွေးစစ်နိုင်းရတာလဲ၊ ဘာလဲညာလဲနဲ့ တစ်ဖက်နဲ့တစ်ဖက် ထ,သတ်ကုန်လိမ့်မယ်၊ အများစုက သွေးစစ်တယ်ဆိုရင် ကာလသားရောဂါပိုးလောက် ထင်တာ"

"အဲဒီပိုးလည်း စစ်သင့်တာပဲ၊ ကိုယ်က ဆတ်ဆော့မှ ဒီရောဂါ ရတာမဟုတ်ဘူးကွ၊ တခြားကလည်း ကူးနိုင်တာပဲ၊ မျိုးရိုးထိလည်း ပါလာနိုင်တယ်"

"ကိုဦး ဟိုတစ်ခါ ပြောပြီးကတည်းက ကျွန်တော်ဖြင့် ရုပ်ရှင်ကြည့်ရင်တောင် ဆီးမသွားရဲဘူး"

"အများသုံး အိမ်သာတွေမသုံးတာ အကောင်းဆုံးပဲ"

အဲသည်နေ့ ညနေက ညီအစ်ကို စကားတွေ အကြာကြီး ထိုင်ပြောဖြစ်ကြသည်။ ဆေးတက္ကသိုလ် တက်နေသည့် ညီကို ဆေးပညာဗဟုသုတ ကြွတိုင်းပေးတတ်သည်။

"ငါသွားနေတုန်း ထမင်းချိုင့် ဆွဲစားကွာ၊ တစ်ယောက်တည်းဟာ ချက်မနေနဲ့တော့ပေါ့"

ပိုက်ဆံချွေတာသုံးဖို့တော့ မှာစရာမလိုချေ။ နောင်ရဲ အာ ငွေမိုငွေလျှံ သုံးလေ့ရှိသူ မဟုတ်ပါ။ သူငယ်ချင်း အပေါင်းအသင်းများနှင့် ဆိုလည်း ကရိကထများ အနှံ့အတာခံ၍ ပေါင်းတတ်သော်လည်း လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းတာမျိုးကျတော့ နောင်ရဲမှာ မရှိချေ။

"မင်း တစ်ယောက်တည်းမို့ စိတ်လေသွားမှာ စိုးတယ်"

"မပူပါနဲ့ ကိုဦးရ၊ အစ်ကို့ခြေရာနင်းမဲ့ညီ ဆိုမှတော့ လူရိုကြီးဖြစ်ဖို့များနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း အဲဒါပေါ့၊ ပျင်းခြောက်ခြောက်ကြီးဖြစ်ပြီ
အထီးကျန် ခံစားမှုနဲ့ ဘာမှမလုပ်ချင် မကိုင်ချင် ဖြစ်
အပျင်းရောဂါ စွဲသွားမှာစိုးလို့"

"စိတ်ချပါ၊ ကျွန်တော် နေတတ်အောင် နေပါမယ်"

"ငါ စာရေးရင်လည်း ပြန်ဦးနော် ပျင်း"

"အဲဗျ ... လောကကြီးမှာ စာရေးရတာ အပျင်းဆုံးပဲ၊ ဖ
ရမလား၊ ပြောရမလား၊ ကျောင်းမှာ ဗိုင်ဗာဆိုလည်း ကျွန်တေ
ဘယ်တော့မှ မကြောက်ဘူး၊ အလုပ်မရှိ အလုပ်ရှာပြီး တ
တနဲ့ ရေးရတာ အပျင်းဆုံးပဲ၊ စာရေးဆရာတွေ ဝတ္ထု
တစ်ပုဒ်ဖြစ်အောင် ရေးကြတာ အံ့သြလွန်းလို့ မခံ
သူတို့ပဲ မပျင်းမရီ စိတ်ရှည်လက်ရှည်"

"အဲဒီလူတွေ မပျင်းမရီ စိတ်ရှည် လက်ရှည် ရေးနေလို့
တို့ ငါတို့ ဖတ်နေရတာ မဟုတ်ဘူးလား"

"ဖတ်ရတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ ကျွန်တေ
သာဆို ဘယ်လိုမှ ရေးလို့ စိတ်မရှည်ဘူး၊ တကယ်"

"သူ့ဝါသနာနဲ့ သူပဲကွ၊ ဝါသနာမပါဘဲ စာရေးဆရာ ဘ
ဖြစ်လိမ့်မလဲ"

"ကျွန်တော် စာသိပ်မရေးဖြစ်ရင်တော့ ခွင့်လွှတ် ကိုဦး
ဒီတစ်ခုကို နုတည်းက တောင်းပန်ထားလိုက်တယ်"

"ကောင်းရော ... တော်တော် လွှမ်းဖို့ကောင်းတဲ့ ညီ"

နောင်ရဲ့ ခေါင်းကို တွင်တွင်ကုတ်လေ၏။

❋ ❋ ❋



ခုတော့ ကိုဦး ပြန်လာခဲ့ပါပြီ။ ပြန်ရောက်ပြီး တစ်ပတ်
အကြာမှာ ပြန်ထွက်သွားသည်။ ပထမတစ်ခေါက် ထွက်သွားသည်က
အင်္ဂလန်နိုင်ငံဆီသို့ပါ။ ယခုတစ်ခေါက် ထွက်သွားသည်က ဘဝ
တစ်ပါးဆီသို့။

ကိုဦးနှင့် ဘယ်တော့မှ ပြန်တွေ့ရတော့မည် မဟုတ်
ချေ။

"ငါ့အစ်ကို အင်္ဂလန်မှာ"

ရေမြေခြားပေမဲ့ လှမ်းအားကိုးနိုင်ခဲ့သည့် အဖြစ်မျိုး
သည်း မဟုတ်တော့ချေ။ သည်တစ်ကြိမ် ထွက်သွားရာတွင် ကိုဦး
ဘယ်တော့မှ ပြန်မလာတော့မည့် လမ်းသို့ ထွက်သွားခြင်း ဖြစ်ပါ
သည်။ ကိုဦး ဤသို့ ထွက်သွားခြင်းအတွက် ...

နောင်ရဲ့မှာ အစ်ကိုတစ်ဦး ဆုံးရှုံးရသည်။

အမိနိုင်ငံမှာ သားကောင်းတစ်ဦး ဆုံးရှုံးရသည်။

လူနာတွေအတွက် စေတနာ ဆရာဝန်တစ်ဦး ဆုံးရှုံး
ရသည်။

တိုင်းပြည်နှင့်ချီသည့် နစ်နာမှုဟု ပြောနိုင်ပါသည်၊
အဲသည် နစ်နာမှုအတွက် မည်သူ့မှာ တာဝန်ရှိပါသနည်း။

"တောက် ... ဟို ဆပ်စလူးမကြောင့်"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အချစ်သစ်ပင်၏အမုန်းပွင့်

ဒေါက်တာနောင်ဦး ဈာပနသို့ တာဝန်ရှိသည် ထင်

ယမင်း သွားပို့ခဲ့သည်။ သစ်ခွပန်း အဖိုးတန်လှလှကြီးများဖြင့် ခ

ခြင်းတစ်ခြင်း ပို့သည်။

အသုဘချမည့်နေ့က ...

နောင်ရဲ ဘယ်အချိန် ရောက်မလဲဟူ၍ ယမင်း

အဖွဲ့ ဒိအစေကြီးကတည်းက သွားစောင့်နေကြပါသည်။ နံနက်ဆ

တစ်နာရီလောက်ကျမှ နောင်ရဲ ရောက်လာသည်။

"ဟိုမှာ ... လာပြီ ယမင်း"

ကြည်ဝေ လက်တို့ပြသည်မို့ ဆတ်ခနဲ လှည့်အကြ

မှုန်မှိုင်းညှိုးငယ်နေသည့် မျက်နှာနွမ်းဖတ်ဖတ်ကို တွေ့၏။ သူ့အသ

ရောင် ညိုပြေပြေမှာ အဆီပြန်ကာ မှုဆွေးမှုဖြင့် ကျွမ်းမြည့်နေ

သည်မျက်နှာက ယမင်း ရင်ထဲသို့ မရိုးတင်ကဲ ဝင်သည်။

"သနားပါတယ်နော်"

နွဲ့ယဉ် မရဲတရဲ ပြောပုံကြောင့် ရင်ထဲ ပိုနင့်မိ

၏။ တစ်ကမ္ဘာလုံးမှာမှ သူတို့ညီအစ်ကိုနှစ်ယောက်သည်း။ သူ့



အဲ ဝင်ကြည့်မိပါသည်။ ယမင်းမှာကော ဘာထူးလို့လဲ၊ သားအဖ

နှစ်ယောက် တစ်ကမ္ဘာ နေခဲ့ရသည့်ဘဝ။ ဖေဖေ ဆုံးစဉ်က ယမင်း

ရှုပ်သေးကြီးပြတ် ခံစားရသည့်နှယ် သူ ခံစားနေရရှာပါလိမ့်မည်။

ယမင်း သူ့နောက်နားဆီသို့ တိုးဝှေ့၍သွားသည်။

သူ ဘယ်လိုမှ လှည့်မကြည့်ပါ။ ယမင်း တစ်ယောက် သူ့နောက်ပါး

မှာ ကျိုးနွံညှိုးနွမ်းစွာ ရပ်နေပါကြောင်း သူ မသိချေ။ သူ့ဘေးနား

မှ ကျော်စေကသာ ယမင်းကို လှည့်ကြည့်သည်။

ဩော် ...။

ယမင်းကို ချစ်လှချည်ရဲ့ ဆိုခဲ့တဲ့ သူကတောင်

အကြည့်စိမ်းမှာ အမုန်းရောင် ဆိုးထားပါပကော။ စိတ်လိုက်မာန်ပါ

လုပ်လိုက်ပြီးမှ ယမင်း မှားသွားတာကို သိသည်။ ကျော်စေလို လူ

တစ်ယောက်ကို ဤမျှ စော်ကားမိသည့်အတွက် ယမင်း စိတ်မကောင်း

ပါ။ သို့ပေမဲ့ ... ဒီလူ့အချစ် ယမင်းထံပါးမှ ဖယ်ခွာသွားသည့်

အတွက်တော့ နှမြောတသ မဖြစ်မိပါ။ ချစ်သူအဖြစ် မဟုတ် သော်

လြား မိတ်ဆွေတစ်ယောက်လို ရင်းနှီးသင့်သည့် လူကောင်းတစ်ယောက်

အဖြစ်- မြင်မိ၏။

ယမင်းမှာ အဲဒီလို စိတ်လိုက်မာန်ပါလေးတွေ အများ

ကြီးပါ။ စိတ်ကောင်းလေးက တစ်ခါတစ်ရံမှာ ဝင်လာတတ်ပေမဲ့

ညည်သူမျှ အသိအမှတ်ပြုခြင်းကို မခံယူရပါ။

နောင်ရဲ ... ကျောက်ခုတင်ပေါ်တွင် လဲလျောင်းနေ

သည့် ဒေါက်တာနောင်ဦး ရုပ်ကလာပ်ကို ဆွေးမြည့်စွာ ငေးကြည့်

နေသည်။ ဘဝကြီးတစ်ခုလုံး နွမ်းချုံးညှိုးလျော်ကာ တစ်လောကလုံး

ကောက်ဆုံးသွားသည့်နှယ် အထီးကျန် ခံစားမှုဖြင့် ငေးကြွဲနေရှာ

၏။

www.burmeseclassic.com

www.burmeseclassic.com



ယမင်း ရင်ထဲ မချိနိုင်တော့ပါ။ ယမင်း ဘယ်လို အစားထိုး ပေးလျော်မှုမျိုးနဲ့ ကုစားပေးရမလဲဟင်။ ပေးဆပ်ချင်ပါတယ်ရှင်။

ကျောက်ခုတင် ခေါင်းရင်းဘက်မှ သစ်ခွပန်းခြင်းကို ကျော်ဖေ လှမ်းကိုင်သည်။

"ယမင်းသက်ဝေ ပို့လိုက်တာ"

ပန်းခြင်းဆီသို့ နောင်ရဲ အကြည့်တစ်ချက် ရောက်သည်။ ဝိုင်းဝိုင်းလည်နေသည့် ပန်းခွေတွေ၊ ပန်းခြင်းတွေ၊ ပန်းစည်းတွေ အားလုံးထဲမှာ အလှဆုံးနှင့် အဖိုးအတန်ဆုံးပါပဲ။ သို့ပေမဲ့ — ဒေါက်တာနောင်ဦးလို၊ ကိုဦးလို လူစ်ယောက်ဟာ ဒီပန်းခြင်းတစ်ခု စာပဲ တန်ဖိုးရှိသလား။

ဆွဲယူလွှင့်ပစ်လိုက်မလားဟု ယမင်း ထိတ်ခနဲ ပွသွားသည်။ သို့ပေမဲ့ … နောင်ရဲ ပန်းခြင်းကို လှမ်းဆွဲမ,ယူသည်။ အရင်ဆုံး ဝီရိယကြီးစွာ ရောက်လာသည်မို့ ခေါင်းရင်းဘက်မှာ နေရာရနေသည့် ပန်းခြင်းကို ဒေါက်တာနောင်ဦး ခြေရင်းဆီသို့ ပို့လေ၏။

"ဟူး"

ပင့်သက်မောကို ယမင်း ချဖြစ်၏။ ဒီလောက် နေရာပေး ခံရတာကိုပဲ ကျေနပ်စွာ ခံယူရမည် ဖြစ်ပါသည်။ ဒေါက်တာနောင်ဦးကို သေတ္တာထဲသို့ မ,ထည့်ရာတွင် နောင်ရဲ ကိုယ်တိုင်လုပ်၏။ သူကိုယ်တိုင် ပခုံးစွန်းဖြင့် ဝင်ထမ်း၏။ နိဗ္ဗာန်ယာဉ်ပေါ်သို့ တင်ပြီးနောက် ယာဉ်နောက်မှ ဖြည်းညင်းစွာ လျှောက်လှမ်း၍ ပါလာသည်။

နောင်ရဲ ခေါင်းငိုက်စိုက် မကျပါ။ ကိုဦး ရုပ်ကလာပ် ထည့်ထားသည့် သေတ္တာကိုသာ မျက်တောင်မခတ် ငေးမောပါလာ



သည်။ အသက်မှရှုရဲ့လား ကိုနောင်ရဲရယ်။ သံပတ်ပေးထားသည့် စက်ရုပ်တစ်ခုနှယ် ခြေလှမ်းတွေ ရွေ့လျားနေပုံမှာ အသက်မပါ။

ယမင်း ဘာလုပ်ပေးရမလဲ။ ဘယ်လိုပဲ လုပ်ပေးရ လုပ်ပေးရ … လုပ်ပေးချင်ပါတယ် ကိုနောင်ရဲရယ်။

✻ ❋ ✻

ဒီမျက်နှာကို အမြဲမြင်နေသည်။

"သူ့အတွက် တစ်ခုခု လုပ်ပေးချင်တယ်"

သည်အတွေးကလည်း အမြဲဝင်သည်။ ဘာလုပ်ပေးရမှန်း မသိတိုင်း သူ့အကြောင်းကိုချည်း တွေးနေဖြစ်တော့သည်။

"ငါ စာကျက်လို့လည်း မရဘူးဟာ … ကိုနောင်ရဲ အတွက်ပဲ ခေါင်းထဲမှာ ရှိတယ်"

သူငယ်ချင်းတွေကိုတောင် ဖွင့်ပြောဖြစ်သည်၊

"နင့်ဟာက ရိုးမှ ရိုးရဲ့လား"

"ရိုးလွန်းအားကြီးလို့ ဒီလောက် ရက်တွေကြာလာတာပေါ့၊ ခပ်ဆန်းဆန်းသာဆိုရင် အစောကြီးကတည်းက …"

"ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ဘူး"

ယမင်း စိတ်လက်ပေါ့ပါးမလားဟူ၍ ဟာသလုပ်ကြည့်သော်လည်း မည်သူမှ မရယ်ကြပါ။

"ပြောမနေနဲ့ … မရယ်ရတဲ့ ပြက်လုံးကြီး"

"နင်တို့တွေ စာကျက်ကြလား"

"နည်းနည်းပါးပါးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ဒီနှစ်ကျက်မယ် စိတ်ကူးထားတာ၊ သုံးနှစ်ဆက်ကျ ရင်တော့ မကောင်းတော့ဘူး"

"စိတ်ကူးထားရင် ကျက်ပေါ့"

"သူ့ကို ငါ တောင်းပန်ချင်တယ်၊ ဖြစ်တဲ့နည်းနဲ့ တောင်းပန် ချင်တယ်"

"ဒီရက်မှာတော့ သွေးပူနေဦးမယ်၊ တို့တွေ စာမေးပွဲပြီးလောက် တဲ့ အချိန်ဆိုရင် ကိုနောင်ရဲ နည်းနည်းပါးပါး သက်သောင့် သက်သာ ဖြစ်လောက်ပြီ၊ အဲဒီကျမှ တောင်းပန်ရင် မကောင်း ဘူးလား"

"ငါ မစောင့်နိုင်ဘူး"

"ဟို ... ကိုကျော်ကြေးက တစ်ဆင့် ဆိုရင်ကော"

"အဲဒီလူကြီးကပါ ရောပြီး ဒေါကန်နေတာ၊ သိတယ်မဟုတ် လား၊ သူကလည်း ငါ့ကို စိတ်နာနေတော့ ..."

"အဲဒီလူကြီးနဲ့ ကိုနောင်ရဲနဲ့က အချစ်ဆုံး သူငယ်ချင်းတွေတဲ့ နင် ... ကိုကျော်ကြေးကို နှိပ်စက်ခဲ့တာတွေ ကိုနောင်ရဲ သိမှာပဲ"

"သိနိုင်တယ်၊ အဲဒီလို သိလေ ... ငါ့အပေါ်မှာ မျက်မုန်းကျိုး လေ နေမှာပါဟာ၊ ငါ သိပ်စိတ်ညစ်တာပဲ"

သူနှင့် ပတ်သက်သည့် အတွေးများကို ဘယ်လိုမှ ဖျောက်ဖျက်မရပါ။ ဒီလိုဖြစ်ရသည့်အတွက် ယမင်း ရှက်များတောင် ရှက်မိပါရဲ့။ သို့ပေမဲ့ ... နောင်ရဲသည် ယမင်းကို ထာဝရလွှမ်းမိုး နေတာ ယမင်း ဘယ်လိုမှ မငြင်းနိုင်ပါ။

သူ့အတွက် စေတနာတွေ အများကြီး ဖြစ်ထွန်းရပါ၏။ ခေါက်တာနောင်ဦးလို ပုဂ္ဂိုလ်မျိုး ဆုံးရှုံးသွားရခြင်းကို ယမင်း



သူ့အတွက်ပဲ အဓိကထား၍ နှမြောမိသည်။ သူ့ကို အမြဲမြင်နေကာ သူ့အတွက်ပဲ စဉ်းစားပေးနေမိတော့သည်။

ယမင်းတို့ တစ်ဖွဲ့လုံး စာမေးပွဲ ပြီးသွားကြသည်။

မည်သူမျှ ကောင်းကောင်းမွန်မွန် ဖြေနိုင်သည် မရှိ။ အားလုံးထဲမှာ ယမင်း အဆိုးဆုံး။

"နင် အောင်မယ် ထင်သလား မိပ"

ပပလှိုင်က နှာခေါင်းရှုံ့၍ ခေါင်းယမ်းသည်။

"ဥာဏ်ကိုက ထိုင်းတာပါဟာ၊ ဒီတစ်သက်တော့ တော်ပါပြီ၊ မိဘလုပ်စာပဲ ထိုင်စားတော့မယ်ကွာ"

"ငါလည်း မဖြေနိုင်ဘူးကွ၊ ကျက်ထားတာ တစ်ခုမှ မတိုးဘူး"

"နင်တို့က ရွေးကျက်တာကိုး၊ အကုန်ကျက်ပါလား"

"အမယ် ... နွဲ့ယဉ်၊ ညည်းက အကုန်ကျက်လို့လား"

"ကျက်တယ်"

"ဖြေနိုင်တယ်ပေါ့၊ အောင်မယ်ပေါ့ ... ဟုတ်လား"

"ဟော့အေး"

"ကောင်ရော့"

ဆုမြတ်က နွဲ့နွဲ့ယဉ်ကို လှမ်းဆိတ်၏။

"အကုန်ကျက်တော့လည်း ဘယ်ဟာမှ မပိုင်တော့ဘူး၊ တို့ တွေ ပညာနဲ့ကို အကျိုးမပေးဘူး ထင်ပါရဲ့"

"အေးကွာ ... ပညာပါရမီကို မပါတာ"

တစ်ဖွဲ့လုံးက စိတ်ပျက်စရာတွေချည်း။

"ဩော် ... ယမင်း၊ နင် ကိုနောင်ရဲနဲ့ သွားတွေ့တော့မလား"

"ငါ ... သတ္တိမွေးရဦးမယ်၊ သူ့ကို ငါ အရမ်းတွေ့ချင်ပေမဲ့ တွေ့ရမှာ သိပ်ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင် ကြောက်တာ တစ်ကမ္ဘာလုံးမှာ ဒီတစ်ယောက်ပဲ ရှိသေးတယ်"

ပြောကြပစေတော့။

သူတို့ချင်းချင်း ကျိတ်ပြီး ယမင်းကို ဘယ်လောက် ဝေဖန်ကြမလဲ။ သို့ပေမဲ့ မတတ်နိုင်ပါ။ တစ်လောကလုံး ဒီတစ်ယောက်ကိုကျမှ ယမင်း ဖြုံနေ၏။

ယမင်း တစ်သက်တာမှာ စိတ်လိုက်မာန်ပါ အမှားတွေ အများကြီး ကျူးလွန်ခဲ့ဖူးပါသည်။ တချို့ကို မှားသွားမှန်းတောင် မသိလိုက်ပါ။ အမှားတစ်ခုအနေနှင့်ပင် အသိအမှတ်မပြုဖြစ်လိုက်ပါ။

တချို့ကျတော့ မှားသွားမှန်း သိသည်။

ကျော်ဇေ့ထံ ပါတီတ်လုံချည်တစ်ထည် ဝယ်ပို့လိုက်တာမျိုး။ မှားမှန်းတော့ သိသည်။ သို့ပေမဲ့ ဝန်ခံရမှာကို အောက်ကျသည်ဟု ထင်၏။ ခုထိ တောင်းပန်ဖို့ စိတ်ကူးမရှိ။ အမှားတစ်ခုအဖြစ် ဝေဖန်လာလျှင်တောင် မိမိကိုယ်မိမိ မျက်စိမှိတ် ကာကွယ်ကာ ပြန်ရန်တွေ့ဖို့ အဆင်သင့်။

ယမင်း ဆိုသည့် ယမင်းက အဲဒီလို မိန်းမသား။

သူနှင့် ပတ်သက်မှ ...

ဒေါက်တာနောင်ဦး ကိစ္စမှာ မိမိပယောဂမကင်း။ မိမိမှာ လုံးဝအပြစ်ရှိသည်ဟု ယမင်း ခံယူသည်။ သို့ပေမဲ့ အဲဒီကိစ္စက ယမင်း စိတ်လိုက်မာန်ပါ တမင်တကာပြုသော အမှားမဟုတ်ပါချေ။

"ငါလေ အမြဲ ထင်ရာစွတ်လုပ်ခဲ့တယ်၊ တစ်ခုကိုမှ နောင်တ မရဘူး၊ ဒေါက်တာနောင်ဦး ကိစ္စကျတော့ ငါလုပ်တာ



လုံးလုံး မဟုတ်ဘူး၊ ဒါပေမဲ့ ငါ့ကိုယ်ငါ အပြစ်တင်တယ်"

"နင် ဘာလုပ်ချင်လို့လဲ"

"ဘာပဲလုပ်ရလုပ်ရ၊ ဥပမာ သူ့ကျောင်းစရိတ် ကူညီတာမျိုး"

"အဲဒါတွေ လုပ်ချင်ရင် သူနဲ့ ကျေအေးရင်းနှီးမှုကို အရင် ရအောင်ယူမှ ဖြစ်မှာပေါ့"

"ဒါကြောင့် တောင်းပန်တာက စ,မယ်လို့ ပြောတာ"

"ဘယ်တော့ သွားမလဲ"

"ငါ ... သတ္တိမွေးပါရစေဦးဟာ"

❋ ❋ ❋

ယမင်းတို့အဖွဲ့ တစ်အိမ်တက်ဆင်း လှူစုသည်။ ...င်းက သူ့တောင်းပန်ရေးမစ်ရှင်မှာ အဖော်ခေါ်သောကြောင့် ...ပါ၏။

"အတွေ့ခံပါ့မလား"

"နည်းနည်းပါးပါး သွေးအေးရောပေါ့ဟာ၊ လေး,ငါးလတောင် ကြာသွားပြီပဲဟာ"

"ဘာလို့ ခုမှလာသလဲ မေးရင်ကော"

"ပုပ္ပနွေးနွေးတုန်းက လာရင် လည်ပင်းထညှစ်မှာ ကြောက်လို့ပါလို့ ဖြေမှာပေါ့"

ယင်း အဖြေထဲတွင် ယမင်း မပါဝင်ပါ။ ကြည်ဝေတို့ ...ဲ ထင်မြင်ချက်တွေ တစ်ယောက်တစ်ပေါက် ပေးနေကြခြင်း ...၏။

"ငှက်ပျောသီးတို့ အုန်းသီးတို့ ဝယ်ဦးမလားဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"ကန်တော့ပွဲလေ"

ယမင်း စိတ်များတော ့ ညစ်မိလေတော့သည်။ ဒီကိစ္စမှာ သူငယ်ချင်းတွေ ပျော်စေပြက်စေ ပြောနေကြတာကို ယမင်းသည်းမခံနိုင်ပါ။ အလေးအနက် ရှိရမည့်ကိစ္စ မဟုတ်လား။

"သူ ... ဘယ်အချိန် အိမ်မှာရှိမလဲ၊ နင် သိမလား ယမင်း"

"ဘယ်သိမလဲ၊ မနက်ခပ်စောစော သွားရင် တွေ့နိုင်မယ် ထင်တာပဲ၊ မတွေ့မချင်း တစ်နေကုန် စောင့်မယ်"

"ကောင်းမလားကွာ ... ကိုယ်က မိန်းကလေး"

"တစ်ယောက်တည်းတော့ ဘယ်ကောင်းမလဲ၊ အများကြီး ဖြစ်ပါတယ်"

"သူ ... ပြောဆိုလွှတ်မှာပဲ"

"ကန်ထုတ်ရင်တောင် ငါ ဆက်ပြီး တောင်းပန်နေမယ် ကြည်ဝေ"

"ဒီလောက် ဖြစ်နေရင်လည်း သွားကြတာပေါ့"

အလုံ ... ဆိုတာကို ယမင်း မကျွမ်းပါ။ ယမင်း ရောက်ဖူးလေ့ သိပ်မရှိပါ။ ယမင်း ရောက်ဖူးသည်က ဈေးတကာ ဈေးနှင့် ရုပ်ရှင်ရုံတွေပဲ မဟုတ်လား။ ကြည်ဝေအေး၊ ဆုမြတ် စသည့် ယမင်းတို့ တစ်ဖွဲ့လုံး၊ ယမင်း၏ ကရိုလာကားပေါ်မှာ အပြည့် ပါလာသည်။ ကားကို ယမင်း ကိုယ်တိုင် မောင်းလာခဲ့ သည်။

"ဒီလမ်းပဲ"

ဒေါက်တာနောင်ဦး နာရေးကြော်ငြာတုန်းက ပါလာခဲ့ သည့် လိပ်စာအတိုင်း လိုက်လာခဲ့ကြသည်။



"ဖြည်းဖြည်းမောင်း၊ အိမ်နံပါတ် ကြည့်ရအောင်"

"ရက်မလည်ခင်ကသာ လာမိရင် လူစုစုဝေးဝေးရှိပြီး အဝေးကြီးကတည်းက သိသာမယ်"

"ဟော့ ... ဒီအိမ်၊ ဒီအိမ်ဖြစ်မယ်"

အိမ်နံပါတ်ကို သေသေချာချာကြည့်တော့ အိမ်နံပါတ် တက်တည့်တည့်မှာ သော့ခလောက်ကြီးကို တွေ့ရသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ဆက်စောင့်မယ်၊ ကားပေါ်မှာပဲ ထိုင်နေမှာပေါ့"

"အိမ်နီးပါးချင်း မေးကြည့်ရင်ကော"

"သူ ဘယ်သွားသလဲ ဆိုတာ၊ ဘယ်သူက သိမှာလဲ၊ ကားပေါ်မှာပဲ နေကြတာပေါ့"

"ဘေးအိမ်တွေ ဘာထင်မယ် မသိဘူး"

"ဒေါက်တာနောင်ဦး တပည့်တွေလို့ ထင်မှာပေါ့"

ထင်ချင်ထင်၊ မထင်ချင်နေ၊ အဲသည်အတွေးက စိတ် ထဲသာသည်မို့ ဝေ့ဖြစ်အောင် စောင့်နေကြကာ နှစ်နာရီတိတိ။

"ဆာပြီဟာ"

သူငယ်ချင်းအဖွဲ့ကို ယမင်း အားနာလာသည်။

"ကျောင်းသွားကြည့်ရင် ကောင်းမယ်"

"ဘယ်ကျောင်းသွားမှာလဲ၊ လမ်းမတော်လား၊ လိပ်ခုံးလား"

"သူ ... လမ်းမတော်မှာ တက်တာ ထင်တယ်၊ သေသေချာချာ မသိဘူး"

"လမ်းမတော်ကို အရင်သွားမယ်"

လမ်းမတော် ဆေးတက္ကသိုလ် ကျောင်းဝင်းက ပြည် ရှိ ကျောင်းဝင်းလောက် မကျယ်ပါ။ အထဲမှာ အဆောင်တွေ၊

www.burmeseclassic.com



အခန်းတွေ ဘယ်လောက်များများ ကျော်ခဲ့ရှေ့ မျက်နှာစာက ကျဉ်းသည်။ စောင့်ကြည့်နေရုံဖြင့် လူဝင် လူထွက်ကို တွေ့နိုင်၏။

ကားရပ်ပြီး နှစ်နာရီလောက် စောင့်ကြပြန်၏။

"ဆာလို့ သေတော့မယ်ကွ၊ လိပ်ခုံးလိုက်ကြဦးစို့၊ အဲဒီမှာ မုန့်ဝယ်စားမယ်"

သူငယ်ချင်းတွေ ရှုံ့မဲ့ကုန်၏။

မိုးက ဖွဲဖွဲရွာလာသည်။ ယမင်း ... သူ့အဖွဲ့ကို အားနာ မဆုံး ရှိတော့၏။

"သူက ... တတိယနှစ်ဆိုရင် လိပ်ခုံးမှာ ရှိပါ့မလား"

"မပြောတတ်ဘူး၊ တချို့ တတိယနှစ်တွေ လိပ်ခုံးမှာ အ ပြန်လုပ်ရတယ် ဆိုလား၊ စာမေးပွဲ ပြန်ဖြေတာလား အ လား၊ သိပ်တော့ မသိဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီမှာမှ မတွေ့တာ၊ ဟိုပဲသွားစို့"

"အေး ... ကောင်းတယ်"

✻ ✻ ✻

ဆေးတက္ကသိုလ်(၁)ဆိုသည့် ဆိုင်းဘုတ်ကြီး၏ အမြို့ အဝါက နည်းနည်းနေ့နော မဟုတ်ပါ။ တကယ်တမ်းကျတော့ စည်းစိမ်ဥစ္စာဖြင့် လူရာဝင်ရသူများသည် ပညာဖြင့် လူရာဝင်ကြသူ များနှင့် မည်သို့မျှ မယှဉ်သာ။ အရှိန်ဖြင့် ဖြိုနေကြရသည်။

မြေနီကုန်းဘက်မှ မောင်းလာသည့် ယမင်းတို့ကား သည် ဆေးတက္ကသိုလ်ဝင်းထဲသို့ ဝင်ကာနီးကျမှ ဝင်ရမှာရှိန်ကာ ကမာရွတ်ဘက်သို့ ဆက်သွားဖြစ်လေတော့သည်။



"တက္ကသိုလ်ရိပ်သာလမ်းကို ပြန်ချိုးကွာ၊ ပုဂံလမ်းက ဝင် မယ်"

မဝင်ရဲတိုင်း အဲသည်ပုံစံနှင့် နှစ်ပတ် ပတ်ဖြစ်သွားရ သည်။ ဒီတစ်ကြိမ်တော့ ပြည်လမ်းအတိုင်း ဆက်မောင်းသွားပြီး၊ ကြိုက်ဆင်မှာ မုန့်ဆင်းဝယ်၊ ကားပေါ်ပြန်ထိုင်ပြီး မုန့်စားကြ၊ ပြီးမှ အားတင်ကာ တစ်ခေါက် ပြန်လာကြသည်။

"အဖွဲ့တောင့်သားပဲကွာ၊ ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် ကျောင်း ဝင်းထဲကို စွတ်ဝင်မယ်၊ တွေ့တဲ့လူတိုင်းကို ကိုနောင်ရဲ ဘယ်မှာရှိနိုင်မလဲလို့ မေးမယ်"

ကမာရွတ်မီးပွိုင့်ကို ကျော်လာခဲ့သည်။ ဖြတ်မျဉ်းမရှိ သည်မို့ ဟံသာဝတီ အဝိုင်းထိအောင် သွားကွေ့ခဲ့ရလေ၏။ စောစော က ခပ်စိပ်စိပ် ရွာခဲ့သည့်မိုးကြောင့် ကတ္တရာလမ်းက ချောချောမွတ် မွတ်ဖြစ်နေ၏။ တက္ကသိုလ်ဝင်း၊ ကတည်းက ကျောင်းရှေ့ စိုက်ပျိုး ခြံဝင်းတိုင်မှာ ရပ်နေသည့် နောင်ရဲကို ယမင်း အရင်ဆုံးတွေ့လေ၏။

"ဟိုမှာ"

"အေး"

ယမင်း လုစ်ခနဲ ပျော်သွားသည်။ အဖွဲ့သားတွေထံမှ အသံ ထွက်လာသည်။ စိတ်ထဲ လှစ်ခနဲပျော်၊ လှိုက်ခနဲခုန်၊ ကောင်းနေပါလား ဆိုသည့် အသိက ဖျတ်ခနဲ လွတ်၊ မိုးရေဖြင့် စွတ်နေသည့် လမ်းပေါ်မှာ ကားဘီးသည် ချောခနဲထွက်လေ၏။

"ဟာ ..."

ရင်ထဲ ဒိုင်းခနဲ အသိပြန်ဝင်ချိန်တွင် ကားသည် ဆိုင်ဆီသို့ ဇာန်းတန်းကြီး သွားနေ၏။

"ကားကြီး ... ကားကြီး"

www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်မှာ လူလေး,ငါး,ဆယ်ယောက်ပဲ ရှိသည်။ သူတို့ဆီသို့ တန်းတန်းမတ်မတ် ဝင်ချလာသည့် ကားအရှုံ့ရယ်ကို လူတိုင်း မြင်သည်။ အားလုံး ထွက်ပြေးကြလေ၏။

"ဟိုမှာကား"

ကြောင်စီစီ ရပ်နေသည့် နောင်ရဲကို လူတစ်ယောက်က စိုင်ပွတ္တာ လှမ်းဆွဲပြေး၏။ နောင်ရဲ ကိုယ်တိုင်က လူနှင့်စိတ် မကပ်၊ ကျောက်ခုတင်ပေါ် လျှောင်းစက်နေသည့် ကိုဦး ရုပ်ကို မြင်နေ၏။ သူများလာဆွဲမှ လန့်ဖျပ်အပြေး၊ မိုးရွှဲကတ္တရာ အရောက်မှာ ချော်ခနဲ လဲလေသတည်း။

"ဟာ ... ကိုနောင်ရဲ"

စတီယာရင်ကိုသာ ကွေ့မချလိုက်လျှင် ကန့်လန့်ဖြတ် ကြိတ်မှာမလွဲ။ ခုတော့ ... မိုးစက်လမ်းပေါ်တွင် ကားသည် ပိုက်၍ ကွေ့၊ ဟစ်ပတ်လည်ပြီးမှ ပလက်ဖောင်းပေါ် ကျော်တက်၍ လမ်းဘေး မြောင်းပေါ်မှာ ကားရှေ့ဘီးက ဝဲလျက် တုံ့ခနဲ ရပ်လေ၏။

ကားတံခါးကိုဖွင့်လျက် ခဲရာခဲဆစ် ခုန်ထွက်လာသူ က ယမင်းပါ။

"ကိုနောင်ရဲ ... ကိုနောင်ရဲ"

သွေးအိုင်ထဲမှာ နောင်ရဲ မျက်စိမှိတ်လျက်သား။

ကားပေါ်ရှိ အဖွဲ့သားအားလုံး တိုက်မိခိုက်မိ ဖွန်း၍ ရှုံ့သာရှိသည်။ ကားကို ပြန်မောင်းနိုင်ဖို့ အတွက်က တော်တော် လုပ်ရဦးမည်။

ယမင်း သူ့ကိုယ်သူနှင့် သူ့ကား ဘာဖြစ်သည်ကို နည်းနည်းလေးမှ မတွေးအားပါ။ နောင်ရဲ၏ ဦးခေါင်းပိုင်းကို ပွေ့ကာ ရင်ခွင်မှာ ကပ်ထားမိလိုက်တော့သည်။



"ကိုနောင်ရဲရယ်"

မိုးက ဖြိုန်းခနဲ သည်းလေ၏။

လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကာ၊ ထိုးရပ်ပေးလာသည့် ကားသောင်စင် တစ်စီးပေါ် ပွေ့တင်၊ ဆေးရုံကြီးသို့ တိုက်ရိုက် မောင်း၊ ကားပေါ်တွင် နောင်ရဲကို ပွေ့လျက် ယမင်း မျက်ရည်ပေါက် ပေါက် ကျလေသတည်း။

"ယမင်း တိုက်မိတာ မဟုတ်ပါဘူးရှင်၊ ယမင်း မတိုက်မိပါ ဘူး ကိုနောင်ရဲ ... ရဲ့"

✻ ✻ ✻

"ကိုနောင်ရဲက သူ့ဘာသာ ချော်လဲတာပါ၊ ကားက ဝိုက်ခနဲ ကွေ့ပစ်လို့ စလစ်ဖြစ်ပြီး ချော်ထွက်သွားတာ၊ မမှောက်တာ ကံကောင်း၊ ကားနဲ့ လူနဲ့ အဝေးကြီးပါ"

"ဒါပေမဲ့ ကားကမှတ်တိုင်ဘက် တန်းတန်းကြီး ဝင်လာလို့ ထွက်ပြေးကြရတာ"

မျက်မြင်သက်သေ ထွက်ဆိုချက်များတွင် တချို့က နောင်ရဲကို အပြစ်တင်၍ တချို့က ယမင်းဘက်က ဖေးမကြသည်။ ဘယ်သို့ပင်ဖြစ်စေ သူချော်လဲအောင် ဖြစ်သွားရသည့်ကားကို ဘယ်သူမောင်း မောင်းနှင်း နောင်ရဲ မသိ။ နောင်ရဲ သတိလစ်နေသည်။

"ကယ်ကြပါဦး ဆရာ၊ ကိုနောင်ရဲ မသေအောင် လုပ်ပေးပါ"

ယမင်း လက်အုပ်ကလေး တချီချီနှင့် မျက်ရည်စက်လက် ကျလျက် တွေ့သမျှ ဆရာဝန်တိုင်းကို တောင်းပန်နေတော့၏။ မောင်းကြား၍ လိုက်လာခဲ့သည့် ဒေါ်ခင်လေးမြင့်က ယမင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖေးမနေရသည်။ ယမင်း ဖြစ်နေပုံလေးက ရူးသွပ်သွားပြီလားဟု တောင် ထင်စရာပါ။

"ကိုနောင်ရဲကို ကယ်ပါဦး အန်တီ"

ခေါင်းလေးမြင့်ရင်ခွင်ထဲ ယမင်း ဝင်၍ငိုလေ၏။ ယမင်း ဘယ်လို ဖြေနိုင်ပါ့မလဲ၊ ဒီညီအစ်ကိုနှစ်ယောက်ကို ယမင်း ထပ်ဆင့်ဒုက္ခပေးခဲ့တာ၊ သူတို့ ညီအစ်ကို့ကိုပဲ တစ်ယောက်ပြီးတစ် ယောက် ယမင်း ဒုက္ခပေးသလို ဖြစ်နေရတာ။

"ကိုနောင်ရဲ ... ယမင်း တောင်းပန်ပါတယ်၊ ယမင်းခေါ် နေပါတယ်၊ ယမင်းကို မျက်စိဖွင့်ကြည့်ပါ"

ကျော်ဇေ ရောက်လာ၏။

"လုပ်လိုက်ပြန်ပလား ယမင်းသက်ဝေ"

"ယမင်း တမင်တကာ မလုပ်ရပါဘူးရှင်၊ သူ့ကို တောင်းပန် ဖို့ စိတ်ထဲစောပြီး ..."

ယမင်း ငို၍ ငို၍ ရှင်းပြသည်။

"ယမင်းကို ခွင့်လွှတ်နိုင်အောင် ပြောပေးပါ ကိုကျော်ဇေ"

ကျော်ဇေ ခေါင်းကို တွင်တွင်ခါ၏။

"ပြောပေမဲ့ ရမယ်မထင်ဘူး၊ ခင်ဗျားဟာက တစ်ခါလည်း မဟုတ်"

"ဟုတ်ပါတယ်၊ ယမင်းမှာ အပြစ်ရှိပါတယ်၊ နှစ်ခါစလုံး ဟာ ယမင်း ကိုယ်တိုင် ကားနဲ့ဝင်တိုက်တာ မဟုတ်ပေမဲ့ ယမင်း ဝေယောဂနဲ့ချည်း"

"နောင်ရဲတို့ ညီအစ်ကို ဝဋ်ကြီးတယ်"

"ခွင့်လွှတ်ပေးပါ၊ ယမင်း ဘာလုပ်ပေးရမလဲ၊ တောင်းပန်ပါ တယ် ကိုကျော်ဇေရယ်"



ဘယ်တုန်းကမှ မျက်နှာအောက်မချခဲ့ပါလျက် ကျော်ဇေ့ အကျီလက်မောင်းစကိုဆွဲ၍ ကျိုးနွံစွာ ပြောလေ၏။

"အင်း ... ခင်ဗျား တိုက်ဆိုင်ပုံကလည်း လွန်လွန်းတယ်၊ ပြောပေးမယ်လေ၊ သူ သတိရတော့"

"သူ ... သူ ဘာမှမဖြစ်ဘူး မဟုတ်လားဟင်၊ သူ ပြန်သတိ ရမှာပါနော်"

"အဲဒီလိုပဲ ဆုတောင်းရတာပဲ"

နောင်ရဲခေါင်းကို ခြောက်ချက်တိတိ ချုပ်ရပါသတည်း။ အဲဒီတုန်းက ကျရောက်လာမဲ့ ကြမ္မာဆိုးကို ဘယ်သူမှ ကြိုမမြင်ခဲ့ ကြဘူးလေ။

* * *

အမှန်က အိမ်ပြန်ဖို့ပါ။

သို့ပေမဲ့ ပြန်ချင်စိတ်မရှိ။ အိမ်ထဲမှာ တစ်ယောက် ထီးတည်း ခြောက်သွေ့နေရသည့် အဖြစ်ကို မခံရပ်နိုင်ချေ။ လမ်း ဘစ်ဖက်သို့ ကူးပြီး ကားစီးရမည်။ အိမ်ပြန်ဖြစ်သွားလျှင် လမ်းကူး ပြီး ကားစီးဖြစ်သွားလျှင် ဖြစ်ရပ်က တစ်မျိုးပြောင်းချင် ပြောင်းသွား နိုင်ပါသည်။

လမ်းမကူးဖြစ်သေးဘဲ အဝေးသို့ ငေးနေမိသည်။ ဘာတစ်ခုမျှ ပီပြင်စွာ တွေ့ရသည်တော့ မဟုတ်ချေ။ ကတ္တရာလမ်း ချည်းမည်းပေါ်မှာ ကျောက်ခုတင်၊ ကိုဦး အလောင်းစင် ပြင်ထား သည်။ သည်မုန်စံကို ဖျောက်ဖျက်၍ မရ။ ဖေဖေ ဆုံးစဉ်ကထက် ဆောင် ပို၍ကြေကွဲဆို့ကျင်မိပါ၏။

www.burmeseclassic.com



ပေမေ့တုန်းကတော့ ကိုဦး ကျန်သေးတယ်လေ၊ ခုတော့ တစ်ယောက်မျှ မရှိတော့။ ယောကျ်ားမှာလည်း နှလုံးသားနှင့်မို့ ခံစားတတ်သူပါပဲ။ ဝမ်းနည်းတတ်သည်။ ကြေကွဲတတ်သည်။

"ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့ပြီ"

ကိုဦး ရုပ်ကလာပ်ကို မီးဖိုထဲသွင်းစဉ်က ပြောဖြစ် လိုက်သည့် ဝါကျလေးက နားထဲမှာ တရစ်ဝဲဝဲပါ။ မိမိဘဝ ရှေ့ လျှောက် ဘယ်လိုဖြစ်လာမလဲ၊ ဘယ်ပုံစံနှင့် စခန်းသွားရမလဲ ဆို တာကိုလည်း တွေးဖြစ်၏။

လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ချောင်း ရှိနေသေးသမျှ ထမင်းငတ်မှာကို မကြောက်။ ခက်သည်က ဆေးတက္ကသိုလ်စရိတ်

"ငါ ... ဆရာဝန် ဖြစ်မှဖြစ်ပါတော့မလား ဆိုပြီး တွေး ကြောက်တာမျိုး မဟုတ်ဘူး ကျော်ဇေ၊ ကိုဦး ခြေရာနင်းနိုင် ဖို့၊ ဆရာဝန် မဖြစ်ဖြစ်အောင် ဘယ်နည်းနဲ့ ကြိုးစားရမလဲ ဆိုတာကိုပဲ ငါ စဉ်းစားနေတာ"

အဲသည်လို ဖွင့်ပြောတော့၊ ကျော်ဇေတို့ မိသားစုက သူတို့ တာဝန်ယူမည်ဟု ပျာပျာသလဲ ပြောကြသည်။ နောင်ရဲ့ တာဝန်ယူချင်သူတွေ အများကြီးပါ။ အဲဒါကလည်း ကိုဦးမျက်နှာ ကိုဦး ညီဆိုတာတွေကြောင့်ပါပဲ။

ကိုဦးသည် တမလွန်မှပင် ညီကို လှမ်းစောင့်ရှောက် သလို ရှိလေ၏။ အကူအညီတွေ အားလုံးကို နောင်ရဲ့ ခေါင်းခါခဲ့ သည်။

"ဘာလုပ်မလဲ ... ကိုယ့်ခြေ ကိုယ့်လက် ရှိတယ်"

အတွေးမဆုံးမီ မိမိကျောဘက်ဆီသို့ ဘုတ်ခနဲ လာ တွန်းသလို ခံစားရသည်။



"ဟိုမှာ ... ကား၊ ကား" ... တဲ့။

လှည့်ကြည့်တော့ ကားတစ်စီး၊ သူတို့ရပ်နေရာဆီသို့ ဒန်းတန်းမတ်မတ်ကြီး ဝင်လာနေသည်။ နောင်ရဲ့ သုတ်ခနဲထွက် ပြေးသည်။ ထိတ်ခနဲ လန့်သွားရသလိုလိုမို့ ပြေးရာတွင် အဆင်မပြေ။ ချေနှင့် စိတ်ကလည်း ခုမှကပ်သည်။ ချောခနဲ လဲကျသွားသည်နှင့် အချိန်ကိုက် ...

"ဖြတ်ကြိတ်ပြီ၊ သေပြီ" ဟူသည့် အသံနှင့် သတိလစ် သွားခဲ့ရပါတော့သည်။

* * *

"နောင်ရဲ့ ... သတိရပြီလား"

သည်အသံကို အလွန်မှတ်မိပါ၏။ သူငယ်ချင်း ကျော်ဇေ။ သူ့အသံနှင့် သူ့မေးခွန်းကြောင့် ဆေးရုံရောက် ပြီဟု သိလိုက်သည်။ ကျေးဇူးတင်ပါတယ် သူငယ်ချင်း ... ဟု ဖွင့်ပြော ချင်၏။ ဒီကောင် ဘယ်တော့မဆို အနားမှာ ရှိတတ်သည်။ အမြဲ ကူညီဖို့ အဆင်သင့် ဖြစ်နေတတ်သည်။

"နောင်ရဲ့ ... နောင်ရဲ့"

ခေါ်သံကိုထူးဖို့ အားယူ၏။ တစ်ကိုယ်လုံး နာကျင် နေတာကို သိသည်။ သို့ပေမဲ့ မခံမရပ်နိုင်လောက်အောင် မဟုတ်။ ကိုက်ခဲဆစ်ဆစ် နာနေသည်က ဦးခေါင်း။ ခေါင်းထဲမှ ထိုးထိုး၍လည်း ကိုက်၏။ ဘာတွေ ဖြစ်ခဲ့သည် ဆိုတာကို အကုန်လုံး သိရှိ နေသည်မို့ ဦးခေါင်းမှာပဲ ဒဏ်ရာရှိမည်ဟု တွေးလိုက်မိသည်။

"နောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇေ"

"ဟာ ... ကောင်းကြီး သတိရပြီ"

ကျော်ဇေ့ အသံက အားတက်သရောရှိလှသည်။ ထ... တောင် ခုန်လိုက်သေးသလား မသိ။ ကျော်ဇေ့ကို ပြုံးပြရန် မျက်ခွံ... ကို အားယူ၍ ဖွင့်သည်။ ကျော်ဇေ့ကို မမြင်။ ဘယ်လိုလဲ ... မျက်ခွံ... တွေက မဖွင့်ဘူးလား။

"သတိကောင်းကောင်း ရသလား နောင်ရဲ"

"အေး"

သည်တစ်ခွန်းပဲ ပြောဖြစ်ကာ မျက်ခွံကိုပဲ ကြိုးစား၍ ဖွင့်နေရသည်။

"မင်းဘာသာ ချော်လဲသွားတာ၊ ခေါင်းတော့ ကွဲတာပေါ့ကွာ... ဒီလောက်ကတော့ အပျော့မဟုတ်လား"

"အေး"

ယောင်ယမ်း၍ ခေါင်းညိတ်လိုက်မိသည်။ နာလိုက်... တာ မပြောပါနှင့်တော့၊ ခေါင်းထဲက မိုက်ခနဲ မူးသွားသည်။ မျက်ခွံကို ပြန်ပိတ်၏။ ပြီးတော့ ... ပြန်ဖွင့်။ အဖွင့် အပိတ်... ကောင်းကောင်းကြီး သိရှိခံစားရသည်။ သို့ပေမဲ့ ... သို့ပေမဲ့ ... ကျော်ဇေ ဘယ်မှာလဲ။

"ငါ ... မမြင်ရတော့ဘူး သူငယ်ချင်း"

ရင်ကွဲပက်လက် မချိတင်ကဲ အသံနှင့်အတူ တစ်... လောကလုံး မှောင်အတိ ဖုံးလေသတည်း။

***



"အို ... ဖြစ်မှ ဖြစ်ရလေ"

ယမင်း ရင်ထဲ လှိုက်ခနဲ ဆို့သွားရပါတော့သည်။ ... ဖြစ်ရလေ ကိုနောင်ရဲရယ်။

"သွားကြည့်မယ် ... ကျွန်မ သွားကြည့်မယ်၊ ရှေ့ကဖယ်"

ကျော်ဇေ မားမားကြီး ရပ်နေသည်။

"မင်း ... မလာပါနဲ့တဲ့"

"ဘာပြောတယ် ... မဟုတ်ဘူး၊ ရှင် ညာတာ၊ ကျွန်မ သွားတောင်းပန်မယ်၊ အို ... ကျွန်မ မျက်လုံးဖောက်ပေးမယ်"

"မရဘူး ... ယမင်းသက်ဝေ၊ မင်းပြောတဲ့အတိုင်း စေတနာရှိတယ်ပဲထား၊ ဘယ်လိုလူ အရှင်တစ်ယောက်ဆီကမှ မျက်လုံးဖောက်ဘူး"

"ကျွန်မဆန္ဒနဲ့ ကျွန်မလှူမှာ"

"မင်း သေရင်တော့ မင်းလှူချင်တဲ့သူကို လှူခဲ့နိုင်တယ်၊ ဒါပေမဲ့ ... နောင်ရဲကတော့ မင်းမျက်လုံးကို အလှူခံလိမ့်မယ် မဟုတ်ဘူး၊ မင်းမျက်လုံးကိုရမှ သူ မြင်မယ်ဆိုရင် တစ်သက်လုံး အကန်းဘဝနဲ့ နေမယ်တဲ့"

"ရှင် ညာပြောနေတာ"

"ဘာလို့ ညာပြောမလဲ၊ မင်းကို ငါက မနာလိုဝန်တိုဖြစ်နေတာ မဟုတ်ဘူး၊ မင်းမျက်နှာလည်း ထောက်နေတာမဟုတ်ဘူး၊ ငါ့သူငယ်ချင်းအတွက် ငါပြောနေတာ"

"သူ ... သူ ... ကျွန်မကြောင့် ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး … တန်းတန်းကြီး မောင်းဝင်လာတဲ့ကားကို မင်း
မောင်းတယ်ဆိုတာ သိသွားပြီ"

"ရှင် ပြောတာ မဟုတ်လား"

"ငါပြောစရာ မလိုဘူး၊ အဲဒီနေ့က မင်းကိုတောင် အာမခံနဲ့
မနည်းပြန်ထုတ်ခဲ့ရတာ ဟိုးလေးတကြော်ကိစ္စ"

အဲသည်နေ့က သက်ဆိုင်ရာ ဆရာဝန်က အမှူး
ပါ၏။

ကမာရွတ်ရဲစခန်း အပိုင်မို့ ဒေါ်ခင်လေးမြင့် စခန်း
သို့ လိုက်သွားရသည်။ ယမင်း ကားနှင့် ဖြတ်မကြိတ်ပေမဲ့ ယမင်း
ပယောဂမကင်းတာ မျက်မြင်သက်သေတွေ အများကြီးရှိသည်။
ယမင်း ပယောဂ မကင်းဘူး ဆိုပေမဲ့ ကားကြီးနှင့် ဖြတ်ကြိတ်
ဝေးလို့ ပွတ်ကာ သီကာတောင် မတိုက်မိတာလည်း မျက်မြင်သက်
သေတွေ အများကြီးရှိသည်။

ဒေါ်ခင်လေးမြင့်က ဦးဘသက်၏ ညီဝမ်းကွဲ တ
ယောက်ဆီ ဖုန်းဆက်ကာ၊ ဒေါ်ခင်လေးမြင့်နှင့်အတူ ငါးသောင်း
အာမခံနှစ်ယောက်ထား၍ ယမင်းကို ပြန်ခေါ်လာခဲ့ရပါသည်။

"အမှုကတော့ မကြီးပါဘူး၊ တိုက်မှ မတိုက်မိတာ၊ တရား
က ကျေအေးရင် ရတယ်"

ဒီစကားလေး တစ်ခွန်းကြောင့် ဒေါ်ခင်လေးမြင့် စိတ်
ထဲ အေးကျသွားရသည်။ နောင်ရဲ့ သတိရနေလျှင်ရချင်း ကျေ
ပေးဖို့ နှုးညွတ်စွာ တောင်းပန်ရပါဦးမည်။ သို့ပေမဲ့ … နောင်ရဲ့
ညတော်တော်နက်မှ သတိပြန်ရလာခဲ့သည်။ ဆေးရုံမှ ခွင့်မပြုသည်
ကျော်ဇေမှလွဲ၍ မည်သူမျှ မနေရတော့ပါ။

တာဝန်ကျ ဆရာဝန်က နောင်ရဲ့ ဆန္ဒကို မေးပါသည်



"အမှုတော့ ဖွင့်ထားပြီ၊ ကျေအေးချင်လည်း ရတယ်၊ ဆက်
လုပ်လဲ ရတယ်"

"ဘယ်သူ ဖွင့်လိုက်တာလဲ ဆရာ"

"ခင်ဗျား သူငယ်ချင်း ကိုကျော်ဇေပဲ ရှိတာ၊ ခင်ဗျားကိုယ်
စားပေါ့"

"ကျေအေးလိုက်ပါ ကျော်ဇေ၊ ကိုဦးတုန်းက သူသေမယ်ဆို
တာကို သိရဲ့နဲ့တောင် ကျေအေးသွားခဲ့တယ်၊ ငါက မျက်စိ
ကွယ်ရုံပဲ"

ကျော်ဇေ လက်ဖျားခါရပါတော့သည်။ ရှာမှရှားသည့်
ညီအစ်ကိုပါပဲ။

"မျက်စိက ကွယ်တာတော့လည်း အပိုင်မပြောနိုင်သေးပါ
ဘူး၊ ခေါင်းကို ဆောင့်မိတဲ့ဒဏ်ကြောင့် အာရုံကြောတစ်ခု
ချွတ်ယွင်းသွားတာ၊ အဲဒီအကြောက အင်းမှလ … ခင်ဗျား
လည်း သိမှာပါ"

ဒီလောက်ကတော့ ဆေးတက္ကသိုလ် ကျောင်းသား
တောင် တချို့ ကြားဖူးနာဝနှင့် ဗဟုသုတ ရှိကြပါသည်။

"ခုတော့ … ခင်ဗျား အဖျားလည်း နည်းနည်းရှိနေတယ်၊
အနာရှိန်ကြောင့် ဖြစ်မှာပါ၊ အနာကျက်တော့မှ ဦးနှောက်နဲ့
အာရုံကြောကို ပိုကြည့်မယ်၊ အီးအီးအင်တီက စပယ်ရှယ်
လစ်လည်း လာမယ်"

ဒေါက်တာနောင်ဦး ပြဿနာက ပွပွရွှေးရွှေး ရှိဆဲမို့
…င်ရဲ့တို ဒေါက်တာနောင်ဦး ညီမှန်း အားလုံး မှတ်မိသိရှိဆဲပဲ
…လုံးက အပြစ်ဆိုးရှာတဲ့ ညီအစ်ကိုဟု ဆိုကာ ဝိုင်းသနားနေကြ
…၏။

www.burmeseclassic.com



"ပြီးတော့ ငါ့ဘာသာ လဲတာ၊ သူ့ကားကို မြင်ပြီး လန့်ပြေးတာတော့ ပါတယ်ပေါ့လေ၊ အမှုဖွင့်ဖို့ မရှိပါဘူး၊ ဒါနဲ့ အဲဒီကားပေါ်က လူတွေရော ဘာဖြစ်သေးလဲ"

"ဘာမှ မဖြစ်ပါဘူး"

"တော်ပါသေးရဲ့၊ ငါ့ကုသိုလ်ကံပါ၊ ကံကိုက ခုတလော အရမ်းဆိုးနေတာ၊ ချော်လဲပြီး ခေါင်းကွဲကြတဲ့သူတွေ ဒုနဲ့ဒေးမှာ ငါ့ကျမှ အာရုံကြော ချွတ်ယွင်း ..."

နောင်ရဲ့ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်သည်။ သူ ရင်ထဲလှိုက်ဆို့နေတာ လူမသိပါစေနှင့်တော့။ ကိုဦး မရှိတော့သည့် နောက်ပိုင်းမှာ ကိုဦး ခြေရာ နင်းနိုင်ဖို့ ဆေးတက္ကသိုလ်စရိတ်အတွက်တောင် ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေချိန်မှာ ခုလို မျက်မမြင်ဒုက္ခိတ ဖြစ်ရပြန်တော့ မည်သူသည် ဤဒုက္ခိတတာဝန်ကို ကြင်နာစွာ ယူဖြစ်မည်တဲ့လဲ။

ယူသူရှိသည်ပဲထားဦး၊ မိမိကရော ရက်ရှည်လများ ဒုက္ခပေးနေလို့ ဖြစ်မတဲ့လား။

ခြေနှစ်ချောင်း လက်နှစ်ချောင်း အကောင်းကျန်ပါသေးသည့်ဟု ဖြေမတွေးနိုင်တော့ပါ။ စိတ်ဓာတ် အကြီးအကျယ်ကျလေ၏။ ဒီတစ်သက် ဘယ်တော့မှ ဆရာဝန် မဖြစ်တော့ပြီဟူသည့် အတွေးက ကောင်းကောင်းကြီး ဖိစီးသည်။

"ငါ အသက်ရှင်နေဖို့တောင် မကောင်းတော့ပါဘူး"

ဟု ပြောမိလျှင် ယောကျ်ားဖြစ်ပါလျက် စိတ်ဓာတ်ကျလွယ်ရန်ကောဟု ထင်စရာမှာ ရှက်သည်။ မိမိကိုယ်မိမိ "ယောကျ်ား" ဟူသည့်မာန်ဖြင့် ဖွဲ့တင်းပါသည်။ *တင်းရင်းက ကျကျသွားရတာကို*တော့ ယောကျ်ားမပီသဘူးဟု ဆိုကြမလား။



နောင်ရဲ့ အကြီးအကျယ် စိတ်ထိခိုက်ရှာ၏။

"ကိုနောင်ရဲ့ အမှုမဖွင့်ဘူး ဆိုရင် နေ့မကူးခင် ပြောဖို့ရှိတယ်၊ ဒီည သန်းခေါင်မကျော်ခင် ပြောရမယ်"

ဆရာဝန်က သူ့တာဝန်ကို သူဆောင်ရွက်ရမည်လေ။

"မဖွင့်ပါဘူး ဆရာ၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပါ"

"အေးဗျာ ... ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက် အဖြစ်ကတော့ ထူးလည်း ထူးဆန်းပါရဲ့၊ ကြားတဲ့သူတိုင်းလည်း စိတ်ထိခိုက်ကြတယ်၊ နှစ်ယောက်စလုံးဟာ ကားအက်(က်)ဆီးဒင့်တွေချည်း၊ ပြီးတော့ ..."

ကျော်စေ ဆရာဝန်ကို လှစ်ခနဲ မော့ကြည့်သည်။ ဆိုက်ရ ကောင်းမလား၊ ပြောချင် ပြောပစေလို့ ကြည့်နေလိုက်ကောင်းမလား။ ဆုံးဖြတ်ချက် မကျ။

"ဖတ်သက်တဲ့ မိန်းကလေးကလည်း ဒီတစ်ယောက်တည်း"

"ခင်ဗျာ ..."

"ခင်ဗျားတို့ဆီ တည့်တည့်တိုးဝင်လာတဲ့ကားကို ယမင်းသက်က မောင်းလာတာလေ"

"ဘာ ..."

ဟိန်းထွက်လာသည့် အသံကြီးကြောင့် ဆရာဝန်တောင် လန့်သွားရသည်။ ပြောမိတာ မှားပြီဆိုတာ ချက်ချင်း သိလေ၏။

"အမှုဖွင့်မယ်"ဟုများ ပြင်ပြောမလားဟု စိတ်မကောင်းကြီးစွာ ဖြစ်မိသည်။ ဩော် ... ငါ့နယ် လျှာလျှာရှည်ရှည်ပြောမိရန်ကောဟု ကိုယ့်လျှာကိုယ်သာ ဖြတ်ပိုင်ရှိတော့သည်။

"ဆောရီး ဆရာ၊ ကျွန်တော် အော်လိုက်မိတယ်"

"ဟာ ... ကိစ္စမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နောင်ရဲ မျက်နှာငံ့ကျသွားတော့၏။ ဘယ်ဘဲ
ဝဋ်ကြွေးလဲ။ ဒီမိန်းမနဲ့မှ ညီအစ်ကို နှစ်ယောက်လုံး တိုက်တို
ဆိုင်ဆိုင် အလူးအလိမ့် ခံရတဲ့ အဖြစ်တွေက အဆိုးရွားဆုံး
ချည်း။

နောင်ရဲ တစ်လောကလုံးကို စိတ်ကုန်သွားရပါတော့
သည်။

"ဒေါက်တာနောင်ဦး တုန်းကလည်း သူ့ပယောဂ မကင်း
ဘူးလေ၊ သူ အရမ်းတောင်းပန်ဝါတယ်၊ ခင်ဗျားက အ
မခံလို့၊ ခုလည်း တစ်နေ့လုံး ခင်ဗျားနားမှာ ငုတ်တုတ်ထိုင်
နေတာ၊ သူ့အမေလည်း ပါတယ် ...

"တငိုငို တရယ်ရယ်နဲ့ သူ့ကား ရုတ်တရက် ဘ
လိုဖြစ်သွားမှန်း မသိဘူးလို့ ပြောတယ်၊ စတီယာရင်ကျွ
လိုက်တော့လည်း တစ်ပတ်လည်ပြီး ပလက်ဖောင်း
ကျော်တက်သွားတာ ...

"သူတို့လည်း ကံကောင်းလွန်းလို့ ဘာမှ သေ
ချာချာ မဖြစ်တာ"

သူတို့ကျတော့ ကံကောင်းလွန်းသတဲ့။ ငါ့ကျ
ကံဆိုးလုချည်လား။ ယမင်းသက်ဝေ ဆိုတဲ့ မိန်းမဆိုးတစ်ယော
ဟာ ဒီညီအစ်ကို နှစ်ယောက်ကိုပဲ လှည့်ပတ်ဒုက္ခပေးနေတော့
ပါပဲလား။

ကံကို ယိုးမယ်ဖွဲ့ရလျှင် ယမင်းသက်ဝေ အပြစ်
မို့ရှိသည်။ ကံကို မယုံချင်လျှင်တော့ ဒီအမျိုးသမီးမှာချည်း အ
တွေ ပိတော့မည်။

ခွင့်မလွှတ်ဘူး ယမင်းသက်ဝေ။



"စောစောက ဖုန်းဆက်တယ်၊ ခင်ဗျားအကြောင်း သိသွား
တော့ သူ့မျက်လုံးတစ်လုံး ဖောက်ပြီး လဲပေးပါတဲ့"

နောင်ရဲ ... မချိပြုံး ပြုံးသည်။

သူ ... အပြစ်ပေါ့အောင် ပြောတော့မပေါ့။ ဖောက်
လို့ ရတဲ့ကိစ္စမှ မဟုတ်တာ။ မဖြစ်နိုင်တဲ့ ကိစ္စမှာ စေတနာ
ခြင်း။ ယမင်းသက်ဝေ မှန်းသာ ကြိုသိခွင့်ရခဲ့ပါလျှင် နောင်ရဲ
အေးမိပါမလားမသိ။

"ရေရေလည်လည် အမှုဖွင့်"လို့များ ပြောမိလေမ
မသိပါ။ ခုတော့ ... ကျေအေးပြီးပြီ။ ရှိပါစေတော့။ ယောက်ျား
ဘမို့ တည်တံ့ပါစေတော့။

"အဲဒီမိန်းမကို ကျွန်တော်မတွေ့ ... အင်းလေ ... ကျွန်တော်
က တွေ့နိုင်တဲ့ကောင်မှ မဟုတ်တာ၊ သူ့ဘာသာ အနားလာ
ပြီး ငြိမ်ငြိမ်လေး ထိုင်နေရင်လည်း ကျွန်တော် သိမှာမဟုတ်
ပါဘူး ...

"ဒါပေမဲ့ ဆရာ ... သူ ကျွန်တော့်နားကို ဘယ်လိုမှ
ရောက်မလာပါစေနဲ့၊ သူ့အသံကို ကျွန်တော် မကြားပါရစေ
နဲ့ ဆရာ"

ဆရာဝန် မျက်ခုံးပင့်တက်သွားသည်။ စိတ်ကျတော့
အကျယ်နာ၏။ အမှုကျတော့လည်း ကျေအေးသည်။ နောင်ရဲ
သူ့အစ်ကို ဒေါက်တာနောင်ဦးနှယ် တိကျပြတ်သားကာ
သဘောထား မြင့်မြတ်သူပဲဟု မှတ်ချက်ချမိပါတော့သည်။

မကျေအေးလို့လည်း ကိုယ့်မျက်စိက ပြန်ကောင်း
၏။ သည်တော့ ကျေအေးသည်။ သို့ပေမဲ့ နှစ်ခါပြန် အ

www.burmeseclassic.com



သူကို သူ ... ရုပ်လည်းမမြင် အသံလည်း မကြားရပါစေနဲ့ဆို
လွန်စွာ သဘာဝကျပါ၏။

"ကောင်းပြီလေ၊ မင်းဗျား သဘော ဖြစ်စေရပါမယ်"

"ကျော့်ဓေ"

"အေး ... ပြော"

"အဲဒီ မိန်းမ၊ ငါမသိဘဲနဲ့လည်း ငါ့နား လာမထိုင်ပါ
ငါ့ကို လာတောင်းပန်တာမျိုး နည်းနည်းမှ မလုပ်ပါ
သူ့ရုပ်ကို ငါ ဒီနေ့ထိ မမြင်ဖူးဘူး၊ တစ်သက်လုံးလ
မြင်ဖူးဖို့ မလွယ်ပါဘူး၊ ပြီးတော့ ... သူ့အသံကိုလည်း
ခုချိန်ထိ တစ်ခါမှ မကြားဖူးဘူး၊ နောက် တစ်သက်
လည်း ဘယ်တော့မှ မကြားပါရစေနဲ့ကွာ"

"အေးပါကွာ"

"ငါ ... နားတော့မယ် ကျော့်ဓေ၊ မိုးလင်းခါနီးပလား၊
လည်း အိမ်ပြန်နားပါဦး၊ ငါ အားနာလှပြီ၊ ကျေးဇူး
တယ် သူငယ်ချင်း၊ ဖွင့်ပြောလို့ ပေါ့ရွတ်ရွတ် မထင်ပါ

"ငါ နားလည်ပါတယ် ... စပယ်ရှယ်နာ့စ်ရမှ ငါအိမ်
မယ်"

နောင်ရဲ အဲဒီလောက် ပြောထားခဲ့တာ၊ ယမင်းသက်
ကို လွှတ်လိုက်ပို့ ဖြစ်မတဲ့လား။ ကျော့်ဓေ ... စိတ်ပေါက်
နှင့် တစ်ခုမကျန် ပြန်ပြောပြလိုက်သည်။ အားနာပါးနာလေး
ခွန်းတလေတောင် ချန်မထားပါ။ စကားဆုံးမှ ယမင်းကို လှည့်
သည်။

ဟောဗျာ ... ရှိုက်ကြီးတင် ငိုနေလိုက်တာပါလ



ဒါတောင် ... ကျော့်ဓေ သနားချင်စိတ် သိပ်မရှိပါ။
င်းဘက်က နှစ်ကြိမ်ဆက်တိုက် လွန်ခဲ့တာကို၊ ဒီမျက်ရည်လေး
က်နဲ့ ချေလို့ ကျေသင့်သတဲ့လား။

"ခင်ဗျား ... နောင်ရဲနဲ့ အဝေးဆုံးနေပါ၊ ခင်ဗျားကိုယ်မှာ
နောင်ရဲတို့ ညီအစ်ကိုအတွက် အကုသိုလ် အစုအဝေးတွေ
ဖြာထွက်နေတယ်၊ ခင်ဗျား ကပ်လိုက်တာနဲ့ နောင်ရဲ နောက်
ထပ်ဒုက္ခတစ်ခု ထပ်ဖြစ်မှာပဲ"

ပက်ခနဲတောင် ပြန်မပြောဖြစ်လိုက်ပါ။

ပြောဖို့လည်းမေ့၊ ပြောချင်စိတ်လည်း မရှိ။ ယှက်ျုး
တ်နှင့် ရင်ထဲ မချိလိုက်တာ မပြောပါနှင့်တော့။ ဖြစ်မှဖြစ်ရ
ကိုနောင်ရဲရယ်။

ယမင်း တစ်သက်တာမှာ သူစိမ်းယောကျ်ား တစ်
က်အတွက် ငိုဖူးတာဆိုလို့၊ ကိုနောင်ရဲ တစ်ယောက်ပဲ ရှိပါ
တယ်။

အရင်က မျက်ရည်ဆိုတာ ရှားပါးပစ္စည်း ... ဟု
ပါးခဲ့သည့် ယမင်းပါ။ နောင်ရဲနှင့် ပတ်သက်ပါမှ ထိန်းမနိုင်
မရ။ သည်တစ်ခါ သည်းထန်စွာ ငိုကြွေးမိခြင်းသည် နောင်
သက်လုံး ငံ့နေဖို့ အစမျိုးခြင်းပါဆိုကာ အဲဒီတုန်းကတော့
း ဘယ်ကြိုသိခဲ့ပါ့မလဲ။

သြော် ... ဖြစ်များ ဖြစ်နိုင်လျှင် အိမ်ပေါ်တင်ပြီး
ယ်မတတ် ပြုစုချင်မိပါရဲ့။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



မုန်းရက်တယ်နော်

“သြော်”

ညှိသည်လာသည် ဆိုတော့ ... သူငယ်ချင်း ယောက်ယောက်ဟုပဲ ကျော်ဇေ ထင်ထားခဲ့ပါသည်။ နောင်ရဲ ဆေးရုံသွားမည့်ဆဲဆဲမို့ “မင်းလည်း လိုက်ခဲ့ကွာ”... ဟုဆို ကားပေါ်ဆွဲတင်၊ လမ်းကျမှ စကားပြောသွားမည်ဟု စိတ်ကူး ထွက်အလာ ...

ညှိခန်းတွင် ငုတ်တုတ်ထိုင်နေသူကို တအံ့တ တွေ့လိုက်ရပါတော့သည်။

“ကျွန်မ ... ကိုကျော်ဇေနဲ့ စကားပြောချင်လို့”

ကျော်ဇေ လုံးဝမပြောချင်ပါ။ ပြောစရာ စကားလည်း မရှိ။ ဟိုတုန်းက ရှိခဲ့လျှင်တောင် ခုတော့ ... ကုန်ပြီ။

“နောင်ရဲ ကျန်းမာရေးနဲ့ ပတ်သက်ရင် ဆေးရုံက ဆရာ တွေက ကျွန်တော့်ထက် ပိုပြောနိုင်မယ်”

ကျော်ဇေ မထိုင်ဘဲ မတ်တတ်ရပ်နေသည်။

“ကိုကျော်ဇေနဲ့ ပြောမှဖြစ်မှာမို့”



“ခင်ဗျားနဲ့ ကျွန်တော်နဲ့ကြားမှာ ပြောစရာကုန်ပြီထင်တယ်”

“သိပ်အထင်မကြီးပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် တော်ရုံအထင်ကြီး ရင် ကောင်းမယ်”

“ဘယ်လိုလဲ ... ခင်ဗျား၊ သူများအိမ်ပေါ် တက်ဖြီးတော့လည်း ပြောရဲတယ်၊ သတ္တိကောင်းလှချည်လား”

“ထိုင်ပါဦး”

“ဟုတ်ကဲ့၊ ခင်ဗျား ခွင့်ပြုတော့လည်း ထိုင်ရသေးတာပေါ့”

ကျော်ဇေ ရောက်မလာမီကတည်းက ညှိခန်းမှာရှိနေသည့် မေမေက သားကို ကြည့်၍ပြုံးလေ၏။

“ကိုနောင်ရဲ မျက်စိကို ဘယ်လိုကုရမတဲ့လဲ”

“ခွဲရမယ်၊ ခုခွဲဖို့ အချိန်မရောက်သေးဘူး၊ သူ စိတ်သိပ်လှုပ်ရှားနေတုန်း၊ သူ့စိတ် နော်မယ် မဖြစ်သေးခင်မှာ မခွဲသင့်ဘူး၊ ဒီတော့ ... အိမ်မှာ ပြန်နားပြီး အချိန်စောင့်ရမယ် ... ဒါပဲ”

“သူ ... ဘယ်အိမ်မှာ ပြန်နားမှာလဲ၊ သူ့အိမ်မှာ တစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မလဲ”

“ကျုပ်လည်း အိမ်ပေါ်ခေါ်တင်တာပဲ မရဘူး၊ သူ့ဘာသာ တစ်ယောက်တည်း နေမယ်တဲ့”

“ဘယ်ဖြစ်မလဲ”

“တပည့်တော် မလျှောက်တတ်ဘူး”

“စားဝတ်နေရေး စရိတ်ကရော”

“ဒီမှာ အမိ ... နောင်ရဲ တစ်ယောက်လောက်တော့ ကျုပ် ကောင်းကောင်း တာဝန်ယူနိုင်တယ်၊ စေတနာလည်းရှိတယ်”

“ဒါပေမဲ့ ... သူက လက်ခံမှာမှ မဟုတ်တာ”

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စေတနာကျမှ လက်ခံမယ်လို့ ပြောလိုက်သလား"

"ထေ့တာ ငေါ့တာတွေ ရပ်သင့်ပြီး ကိုကျော်ဓေါ ခုဟာ ကိုနောင်ရဲ အတွက် အကောင်းဆုံးဖြစ်ဖို့ ဝိုင်းစဉ်းစား အချိန်"

မမေက တစ်ခွန်းမျှ ဝင်မပြောဘဲ ပြုံး၍သာ ကြည့် နေသည်။

"ကျွန်မ တစ်ခုပြောမလို့၊ အကူအညီလည်း တောင်းရင်း..."

မကူဖြစ်မှာ သေချာတယ် ...ဟု ကျော်ဓေ ကျိတ် တွေးသည်။ ယမင်းသက်ဓေ ဆိုသည့် အမျိုးသမီးကို တကယ် လန့်လေ၏။ သူနှင့် ပတ်သက်ရမှာကို ကြောက်သည်။ လုံးဝမပတ် သက်ချင်ပါ။ သူ့ကို တော်တော်ကြီး စွဲလမ်းခဲ့ဖူးတာကို ခုများ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩသည်။

တစ်ခုတော့ ကျေးဇူးတင်ရမည်။

သူ့ကြောင့် ... မိန်းမဟူသမျှကို ဖြုံသွားရသည်။

"မိန်းမဆို ... ကြောက်ပါပြီခင်ဗျ"ဟု လက်ရော ခြေထောက်ပါ မြှောက်ချင်၏။ ခုမှပဲ ကိုယ့်ကျောင်း ကိုယ့်စာ ငြိမ်းချမ်းစွာ စိတ်ဝင်စားနိုင်တော့သည်။ ရည်စားတစ်ယောက်ရဲ့ အရေး ကြိုးပမ်းခဲ့ရစဉ်က စာသင်ချိန် ပျက်ခဲ့ရတာတွေကို နှမြော မဆုံး ရှိချေ၏။

"ကိုနောင်ရဲ ခွဲစိတ်ဖို့ အချိန်မတိုင်ခင်မှာ သူ့ကို ပရိုက်ဗိတ် နာ့စင်းဟုမ်း တစ်ခုမှာ ထားမယ်"

"ဘယ်မှာလဲ၊ အဲဒီနာ့စင်းဟုမ်းက"

"ကျွန်မ အိမ်ပဲ၊ ကိုနောင်ရဲ တစ်ယောက်တည်း အတွက် သီးသန့် လုပ်လိုက်ပြီ"



"ရက်ရောလှချည်လား"

"ဒေါ်အင်နိုက် ဆရာမတွေနဲ့ ပြုစုမယ်"

"အဲဒါတွေကရော ... ခင်ဗျားပဲလား"

"ဒေးက ကျွန်မ၊ နိုက်က တကယ့်သူနာပြုဆရာမ ငှားမယ်"

"ကုန်ကျစရိတ် ..."

"ကျွန်မတာဝန်ပဲ"

"ဆက်ပြောပါဦး"

"ခွဲစိတ်ကုသဖို့ အချိန်တိုင်တဲ့အထိ သက်ဆိုင်ရာ ဆရာဝန် ကြီးတွေကို လိုအပ်ရင် နေ့တိုင်း၊ ဒါမှမဟုတ် တစ်ပတ်ကို တစ်ခါ နှစ်ခါ ပင့်မယ်၊ ဆရာဝန်နဲ့ ပြတ်နေတာမျိုး မဖြစ် စေရဘူး"

"မဆိုးပါဘူး"

"အချိန်တန်တော့ ခွဲစိတ်ကုသမယ်၊ အဲဒီလိုနေရတဲ့ ရက် ပိုင်း လပိုင်း အတွင်း ကျောင်းမှာ ဆေးခွင့်ရအောင် ကြိုးစား မှ ဖြစ်မယ်၊ မျက်စိပြန်မြင်တာနဲ့ ကျောင်းဆက်တက်မယ်"

"ဒီထက်ကောင်းတဲ့ အစီအစဉ်တောင် ဒီလောက် မကောင်း နိုင်ဘူး"

"ဒါဖြင့်ရင် ... အဲဒီအတိုင်းဖြစ်အောင် ရှင် နားချပေးဆ တော့"

"အနောက်က နေထွက်ပြီး ကျီးကန်းတွေ ဖြူကုန်ရင်တောင် ရမှာမဟုတ်ဘူး"

"မရရင် ရှင်ညှဲ့လို့ပေါ့"

"ကျုပ်ထက် ပိုညှဲ့တဲ့လူတောင် ကျုပ်လောတ် ပညာ ခင်ဗျားမျက်နှာ မမြင်ပါရစေနဲ့၊ ခင်ဗျားအသံ မကြားပါရစေ

www.burmeseclassic.com



နဲ့ ပြောထားတဲ့လူကို ခင်ဗျားအစီအစဉ် နားဝင်အောင် န
ချရမတဲ့ ... ကျုပ်ကို လှည့်ပဲ ထားလိုက်တော့"

"ကျွန်မ စီစဉ်တာ ဆိုတာ မသိစေနဲ့ပေါ့၊ သူ့ကို ကျွန်မပြ
နေလည်း သူသိမှာမှ မဟုတ်တာ၊ သူ ... ကျွန်မအသံကို
မကြားဖူးတာ"

ကျော်ဇေ ... မေမေ့ကို လှည့်ကြည့်သည်။ မေမေ
ခပ်ပြုံးပြုံးပါပဲ။

"သူက ဒေါက်တာနောင်ဦး ညီမို့ ဒေါက်တာနောင်ဦးရဲ့
မိတ်ဆွေ ... ဆရာဝန်ကြီးတွေ စုပြီး စီစဉ်ပေးတယ်ပေါ့"

"ဆေးရုံက ဆရာဝန်ကြီးတွေက လူနာကို ပြည်သူ့ဆေး
မှာမထားဘဲ ပရိုက်ဗိတ်နာ့စင်းဟုမ်း ပို့တယ်ရယ်လို့ ယုံနိုင်
စရာ ရှိမလား"

"...ဘယ်၊ လူက နေကောင်းနေပြီ၊ မျက်စိမမြင်တာကလွဲ
ဘာရောဂါမှ မရှိတဲ့ လူတစ်ယောက်ကို ပြည်သူ့ဆေးရုံ
ဘယ်သူက ဆက်ထားမှာလဲ၊ ခုပဲ ကနေ့နက်ဖြန် ဆေးရုံ
ဆင်းရတော့မှာ"

"သူ့စရိတ်ကို ဘယ်သူက ပေးနေသလဲ ဆိုရင်ကော"

"မိတ်ဆွေ ဆရာဝန်ကြီးတွေရဲ့ စေတနာပဲပေါ့"

"ခင်ဗျား ... နာမည်ကောင်း ဘယ်ရမလဲ"

"ကိုကျော်ဇေ ... ကျွန်မ နာမည်ကောင်းလက်မှတ် လာလျှော
နေတာ မဟုတ်ဘူး၊ ကိုနောင်ရဲ့ အတွက် အကောင်းဆုံးဖြ
အောင်စီစဉ်ချင်လို့ ရှင့်ဆီက အကူအညီ လာတောင်းနေတာ"

"နောင်ရဲ့မှာ မိတ်ဆွေကောင်းတွေ အများကြီး ရှိနေတယ်
ခင်ဗျား တစ်ယောက်တည်း မဟုတ်ဘူး"



"ဥပမာ ... ရှင် ဆိုပါတော့၊ အဲဒီမိတ်ဆွေကောင်းတွေက ကိုနောင်ရဲ့ ဆီမှာ ဘာအကြွေးမှ မရှိဘူး၊ ကျွန်မက အကြွေး တင်နေတယ်၊ ဒီခုကြွေးကို ကျွန်မ ဆပ်ရမှ ဖြစ်မယ်"

"ဒေါက်တာနောင်ဦးရဲ့ မိတ်ဆွေဆရာဝန်ကြီးတွေဟာ ခုချိန်မှာ နောင်ရဲရဲ့ အုပ်ထိန်းသူတွေလို ဖြစ်နေတယ်၊ ဆရာကြီးတွေနဲ့ မတိုင်ပင်ဘဲ ဘာမှလုပ်လို့ မရဘူး"

"တိုင်ပင်ပါ၊ ခွင့်ပြုချက်ရတဲ့ အထိလည်း တောင်းပန်ပေးပါ၊ ကျွန်မလည်း လိုက်ပြောမယ်"

"တော်ပါပြီ ... ကိုယ့်ဘာသာ ပြောချင် သွားပြော၊ ကျုပ်ဘာသာ သတ်သတ်ပြောမယ်"

"ဒါဆို ... ရှင် သဘောတူပြီပေါ့"

"ဆိုပါတော့"

"ကျေးဇူးတင်လိုက်တာရှင် ... တကယ်ပြောတာပါ"

စောစောက ဆတ်တောက်တောက် မာကျောကျော၊ ခုတော့လည်း ချက်ချင်းကြီး နူးညံ့သွားလိုက်တာ၊ တစ်ယောက်စီ ပြောနေသလားတောင် ထင်ရသည်။ တတ်လည်း တတ်နိုင်သည့် မိန်းမ။

"နေပါဦး ... ခင်ဗျား မိထွေး သဘောတူရဲ့လား"

"အဲဒီ စိတ်ကူးကို ကျွန်မက စ,ရရင် အန်တီ သဘောမတူလည်း ဂရုမစိုက်ပါဘူး၊ ခုတော့ ... အန်တီစ,ပေးတဲ့ အကြံဉာဏ်ပဲ"

လေသံက မာရေကျောရေ ဖြစ်ဖြန်ချေ။

"ကြိုးစားကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်အောင် လုပ်မယ် ပြောစမ်းပါရှင် ... ယောက်ျားပဲ၊ ကြိုးစားရမယ်လို့"

"ကြိုးစားတိုင်း ဖြစ်ချင်မှ ဖြစ်မှာပေါ့ဗျ"

"ကျွန်မ ... မိန်းမသား ကိုကျော်ဇေ၊ ဖြစ်အောင်လုပ်မယ်၊ ဒီကိစ္စ အကောင်အထည် မပေါ်ရင် ရှင့်သူငယ်ချင်းကို ကျွန်မ ဖြစ်တဲ့နည်းနဲ့ သတ်မယ်၊ ကျွန်မလည်း အသက်ရှင်ပြီး ကျန်မနေခဲ့ဘူး"

"ဟောဗျာ ... ခင်ဗျား ရူးနေသလား၊ ဘာဆိုင်လို့ သတ်ရမှာလဲ"

"ကျွန်မသာ မျက်စိကွယ်ပြီး ကိုနောင်ရဲလို ဘဝမျိုးမှာ ရောက်နေရင် သေရတာ ပိုကြိုက်တယ်၊ ကိုယ်ချင်းစာလို့ ပြောတာ၊ ကိုနောင်ရဲကို အသေမခံနိုင်ဘူး၊ သူ ... ဆရာဝန်ဖြစ်ကို ဖြစ်လာရမယ်၊ ဒေါက်တာနောင်ဦး နေရာမှာ အစားဝင်နိုင်ရမယ်၊ ဖြစ်အောင်လုပ်မယ်"

ကျော်ဇေ လက်နှစ်ဖက်ကို မြှောက်ပြလိုက်တော့သည်။ ဒီမိန်းမ ... သူပြောတဲ့အတိုင်း လုပ်မပေးလျှင် တကယ်မသတ်ပါဘူးလို့ စိတ်ချထားလို့ ရသည့်မိန်းမ မဟုတ်ချေ။ တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပါလား။

"ရှင် ဆေးရုံသွားမှာ မဟုတ်လား၊ ကျွန်မလည်း ကိုနောင်ရဲ့ကို ကြည့်ချင်သေးတယ်၊ ကားပါတယ်၊ လိုက်ခဲ့မလား အပြန်လည်း ဝင်ပို့ပေးမယ်"

"တော်ပါပြီ ... ကိုယ့်ဘာသာ သွားပါ၊ ခင်ဗျားရယ် ကားရယ် နှစ်ခုပေါင်းလိုက်ရင် လူတွေ ဒုက္ခရောက်ကြလွန်းလို့"

ယမင်း စိတ်မဆိုးဘဲ လှစ်ခနဲ ပြုံးပြသည်။



"ဒါဖြင့် ကျွန်မ သွားမယ်"

မတ်တတ်ထရပ်ကာ ကျော်ဇေ့ မီးခင်ဘက်သို့ လှည့်ကာ ကိုယ်ကလေးကိုင်း၍ နှုတ်ဆက်ပြန်၏။

"ခွင့်ပြုပါ အန်တီ"

"အေး ... အေးကွယ်"

အိမ်ပေါ်က ဆင်းသွားမှ ကျော်ဇေ ပင့်သက်ချသည်။

"သား ... စွဲလမ်းခဲ့ဖူးတဲ့ ကောင်မလေး မဟုတ်လား"

"ဟုတ်ပါတယ် မေမေ၊ ခုတော့ သိပ်ကြောက်နေပါပြီ"

"ချစ်စရာလေး"

"ခင်ဗျာ ..."

"စိတ်ကောင်း တော်တော်ရှိတယ်၊ မိစုံဖစုံအုပ်ပြီး မကြီးပြင်းခဲ့ရတော့ အနေအထိုင် အပြောဆိုကစပြီး အချိုးမကျဘူး၊ ဝစ္စည်းဥစ္စာလည်း ပြည့်စုံတော့ စိတ်သွားတိုင်း ကိုယ်ပါပြီး ကြွပ်ဆတ်ဆတ် မာကျောကျော ဖြစ်နေတယ်၊ အဆုံးအမကောင်းတဲ့ မိဘရင်ခွင်မှာသာ ကြီးပြင်းခွင့် ရခဲ့ရင် တကယ့်အပိုးတန် မိန်ကလေး ဖြစ်မှာပဲ"

"မထင်ပါနဲ့ မေမေ၊ သူ့မိတ္တေးနဲ့ သူ့အဖေနဲ့ လက်မထပ်ခင်က အဲဒီ အဒေါ်နဲ့ပဲ ကြီးရတာ၊ အဲဒီတုန်းက တည့်သေးတယ်တဲ့၊ သူ့အဖေနဲ့ လက်ထပ်ပြီးတော့မှ မတည့်တာတဲ့ ..."

"လမ်းထွက်ခါနီး ဘာဝတ်ရမလဲ အဝတ်အစားရွေးရင် တစ်ထည်ပြီးတစ်ထည် ကပ်ကြည့်၊ မကြိုက်ရင် ကွင်းလိုက်ကလေး ပုံချထား ...

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ထည် ကပ်ကြည့်၊ အခန်းထဲမှာ အပုံလေးတွေ တစ်ခုမှ မသိမ်းခဲ့ဘဲ ထွက်ထွက်သွားတတ်လွန်းလို့ သူ့အဒေါ်က သူ့ကို 'မကွင်းပုံ'လို့ ခေါ်တယ်တဲ့ ..."

"မျက်နှာသုတ်ပဝါ ရေစိုတွေရော၊ အင်္ကျီဟောင်းတွေရော လုံးထွေးပစ်တင်တတ်လွန်းလို့ သူ့နာမည် 'မလုံးတင်'တဲ့"

ကျော်ဇေ ပြောတော့ မေမေ သဘောကျစွာ ရယ်သည်။

"သူ ပြန်ပြောပြတာလား"

"ဟုတ်ကဲ့"

"ဒါ ... ဟန်မဆောင်တတ်တာ၊ ရိုးသားမှုကို ပြတာပဲ၊ အဲဒီ အကျင့်ဆိုးလေးတွေ ပျောက်သွားဖို့ပဲ လိုတာယ်"

"ခင်ဗျာ ... မေမေက သူ့ကို သဘောကျနေတာလား"

"ထက်ထက်မြက်မြက်ကလေးကွယ့်၊ သဘောကျတာပေါ့[illegible] မေမေ့သမီးလေးလို ချစ်တယ်၊ တူမလေးလို ချစ်တယ်၊ ချွေးမတော့ ဘယ်နည်းနဲ့မှ မတော်နိုင်ဘူး"

"စိတ်ချပါ မေမေ၊ သူကလည်း နည်းနည်းမှ မကြိုက်ပါဘူး၊ ကျွန်တော်ကလည်း ဆလံတိုက်ပြီး လက်ရော ခြေထောက်ရော မြှောက်ထားတာပါ"

"ဒီကလေးမ ... သားသူငယ်ချင်းကို ချစ်နေပြီ"

"ဟုတ်ပါ့မလား မေမေ"

"ဒါပေမဲ့ လက်ထပ်နိုင်ကြဖို့ သူ ကြိုးစားမှာ မဟုတ်ဘူး သနားစရာပဲ"

"နောင်ရဲကဆို အသေရရ အရှင်ရရ မုန်းနေတာ"

"ဒီကလေးမ ပွဲပြင်သွန်သင်ဖို့လေးတစ်ခုပဲ လိုတယ်"



"ဘယ်သူမှ သွန်သင်ရဲမှာ မဟုတ်ပါဘူး"

"အေး ... ဒါလည်း ဟုတ်တုတ်တုတ်"

"ကျွန်တော် ဆေးရုံသွားတော့မယ်"

"အေး ... အေး ... မေမေ ချွေးမ မတော်ချင်ဘူးနော်၊ ဒါမျိုး ချွေးမတော်ရရင် ယောက္ခမနှစ်ယောက်လုံး ထိပ်တွေပြောင် ကုန်လိမ့်မယ်"

"စိတ်ချပါ မေမေ၊ ကျွန်တော် စိတ်ကုန်သွားပါပြီ"

အင်း ... နောင်ရဲဘဝ ရှေ့လျှောက် ဘယ်လိုဖြစ်ဦးမည် မသိ။

* * *

"လေ့ကားထစ် တက်မယ်နော် ကိုနောင်ရဲ၊ ကျွန်မကို အားပြုတွဲ"

"ကျေးဇူးတင်ပါတယ် ဆရာမ"

နောင်ရဲကို ကျော်ဇေနှင့် ယမင်းတို့ တစ်ဖက်စီတွဲ[illegible] အပေါ်ထပ်သို့ တက်လာသည်။ သူနေရမည့်အခန်းသို့ [illegible]၏။ အမောပြေဟုဆိုကာ နောင်ရဲရော ကျော်ဇေကိုပါ သံပရာရည် [illegible]တိုက်သည်။

တစ်ခါမျှ မလုပ်ဖူးဘဲ ကိုယ်တိုင် ထလုပ်သည်မို့ [illegible]ရေရည်က ချဉ်တူးနေ၏။ ကျော်ဇေ ရှုံ့မဲ့သောက်ရလေသည်။ [illegible]န်းကို လှည့်ပတ်ကြည့်တော့ တကယ့်ကို ခမ်းခမ်းနားနား။

အခန်းကြီးက တော်တော့်ကို ကျယ်သည်။ [illegible]ာင်၊ [illegible]ရာ၊ စောင်၊ ခေါင်းအုံး၊ အကောင်းစား အသစ်ကြပ်ချွတ်တွေ။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကချည်း နှစ်လုံး၊ တစ်လုံးပေါ်မှာ ကော်ဖီဖျော်ဖို့ ဓာတ်ဘူးနှင့် တကွ ပစ္စည်းစုံ ဆေးပုလင်းများ။ နောက်တစ်လုံးကတော့ နောင်ရဲ့ ထမင်းတိုင်စားဖို့။

ရေချိုးခန်းသို့ တစ်ယောက်တည်း သွားချင် သွားနိုင်ရန် ကြိုးတန်းထားပေးဖို့လည်း မမေ့။ ဗီရိုပုလေး တစ်လုံးထဲမှာကျ တော့ ဆေးနှင့် ဆေးပစ္စည်းများ။ ပြီးတော့ ကုလားထိုင်တစ်စုံ ချ ထားလိုက်သေးသည်။ ကက်ဆက်တစ်လုံးလည်း ရှိ၏။ အခွေတွေ လည်း အများကြီး၊ စင်ကလေးနှင့် တင်လို့။ အင်္ဂလိပ်သီချင်း၊ မြန်မာသီချင်း၊ ဟာသဓာတ်လမ်းတွေလည်း ပါသည်။

"နည်းနည်းနောနော ရက်ရောမှု မဟုတ်ပါလား"

ကျော်ဇေ ကျိတ်၍ မှတ်ချက်ချသည်။ ယမင်းကိုတော့ သိပ်စိတ်မချပါ။ ဓပ်လန့်လန့်ရယ်။ သူ စိတ်အခန့်မသင့်သည့်အခါ ဖွင့်ပြောလိုက်လျှင် မိမိပါ မကောင်း ဖြစ်ရချေမည်။ ယမင်း စရိတ် ဖြင့် ဤသို့ နေထိုင်ရသည်ကိုသာ သိလျှင် နောင်ရဲ့ ဒီနှစ်ထပ်တိုက် ကြီးပေါ်ကများ ခုန်ချလေမလား။ ခုတော့ နောင်ရဲ့ သိပ်မငြင်းပါ။

"ကျွန်တော် ဆရာကြီးတို့ကို အားနာတာပါပဲ ခင်ဗျာ"

ဟု အားနာပါးနာ တစ်ခွန်းတလေသာ ပြောသည်။ လက်ခံရမှာလည်း အားနာ၊ ငြင်းရမှာလည်း အားနာနေပုံရသည်။ ဆရာကြီးတွေကလည်း လွယ်လွယ်ကူကူ ဂက်ခံခဲ့သည်တော့ မဟုတ်ပါ။

"ကလေးမ အစီအစဉ်က ကောင်းလွန်းပေမဲ့ ဗိုင်းညား ထားရမှာ တော်တော်ကျပ်တဲ့ ကိစ္စ"... တဲ့။

အဲသည်တုန်းက ယမင်း လူးလိမ့်ငို၏။ မျက်ရည်စက် တွေ ဝိုးဝိုးပေါက်ပေါက် ကျသည်။ ဆရာဝန်ကြီးများ အလယ်မှာ



အရူးမလေးသဖွယ် ဟိုခြေထောက် ပြေးဖက်၊ ဒီခြေထောက် ပြေး ဖက်၊ လက်အုပ်ကလေး တချိုးချိုးနှင့် ရှိုက်ရှာသေးသည်။ ယမင်းသက်ဗေ မှ ဟုတ်ရဲ့လားဟုတောင် ထင်ရသည်။

လူစားထိုး၍ အငှားလွှတ်လေသလား။

အောက်ခြေလွှတ် မာနခဲ ပရမ်းပတာမလေးက ဒီလို အပြုအမူမျိုးနှင့် ကောင်းပန်လိမ့်မည်ဟု ကျော်ဇေ လုံးဝမထင်မိခဲ့ ပါ။ သူ့တုန်းကလို မာရေကျောရေ ပြောမှာပဲ၊ နားထဲ ကန့်လန့်ဝင် သည်နှင့်ပင် ဆရာကြီးတွေ ခွင့်ပြုမှာ မဟုတ်ဟု ထင်မိခဲ့ပါ၏။

အထင်နှင့် အမြင်က လုံးဝလွဲလေ၏။

"ယမင်း ... ဒီလိုမှ ပေးဆပ်ခွင့် မရရင် ဘယ်လိုမှ စိတ်မ ကောင်းနိုင်လို့ပါ၊ ယမင်း ဘက်က ကြည့်ပေးကြပါရှင်"

သူ ငို၍ ငို၍ တောင်းပန်သည်။

"ကိုနောင်ရဲ့ဟာ ဆရာဝန် ဖြစ်ကိုဖြစ်သင့်တဲ့လူပါ၊ သူ့အစ်ကို လို လူစားမျိုးပါ၊ သူ မျက်စိပြန်မြင်မှ ဖြစ်မှာပါ၊ ယမင်း ... ခုလို ကူညီခွင့် ရမယ်ဆိုရင် ...

"သူ့တစ်ယောက်တည်းကိုသာ ကူညီခွင့်ရတာ မဟုတ် ပါဘူး၊ ဆေးပညာလောကကြီး တစ်ခုလုံး ကူညီခွင့်ရတာနဲ့ အတူတူပါပဲရှင် ...

"ကိုနောင်ရဲ့ ဆရာဝန်ဖြစ်လာတဲ့ တစ်နေ့မှာ သူဟာ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မှာပါ ...

"ယမင်း အစတနာကို ဖြစ်မြောက်အောင် ကူညီပေး ကြပါ"... တဲ့။

သရုပ်ဆောင်နေတာသာဆိုလျှင် အကယ်ဒမီတွေ အော် ... တွေ ဆယ်ပို့လေးငါးဆုလောက် ပေါင်း၍ ပေးသင့်၏။ ဆရာကြီး

www.burmeseclassic.com



များ အထပ်ထပ် စဉ်းစားကြပြီးမှ နောင်ရဲ အတွက် အကောင်းဆုံး နည်းလမ်းမို့ လက်ခံသဘောတူကြသည်။ စေတနာရှင်သည် ယမင်း သက်ဝေ ဆိုတာကို မှုးဖိထားဖို့ ဆုံးဖြတ်ချက် ချလိုက်ကြပါ သည်။

ယမင်း နောင်ရဲကို ပြုစုပုံက ဘေးလူတောင် မျက်စိ နောက်လောက်၏။

"ကျွန်မ နာမည် ဂျက်စမင်ပါ၊ ကျွန်မကို နိုင်းဖို့ ဘာကိ အတွက်နဲ့မှ အားမနာပါနဲ့နော်၊ ကျွန်မက တန်ရာတန်ဖိုး အခကြေးငွေယူပြီး ပြုစုတာပါ"

အသံက ချိုလွန်းသည်မို့ ပုရွက်ဆိတ် တက်မှာတောင် စိုးရသည်။

"ကျေးဇူးတင်ပါတယ် ဆရာမ"

နောင်ရဲက ဒီလောက်ပဲ ပြောသည်။

"အနံ့တွေ မွှေးနေတာ ဘာပန်းနံ့လဲ ဆရာမ"

"ရေမွှေးနှင်းဆီပါ၊ ပန်းအိုးထားပါတယ်"

"သြော် ..."

"စောင်တွေမှာလည်း ရေမွှေး ဆွတ်ထားပါတယ်"

"ကျွန်တော့်အတွက် ဒီလောက် မလိုပါဘူး"

"ဒါ ... ဒီဆေးတိုက်ရဲ့ အစဉ်အလာ ပြုစုနေကျပါ"

"ဈေးကြီးမယ် ထင်တယ်"

"တစ်လကို ထောင့်ငါးရာလောက်များ ကျမလားပဲ"

ကျော်ဇေ တစ်ခွန်းဝင်ထောက်တော့ ယမင်း လှည့်၍ မျက်စောင်းထိုးသည်။

"ငါးရာနှစ်ဆယ့်ရှစ်ကျပ်ပါ"



နောင်ရဲဘက် လှည့်၍ ချိုချိုလေး ပြောရာတွင် ...နာကပါ ပြုံးနေသည်။ ခုမျက်စောင်းထိုး ခုပြုံး၊ သူပဲ တတ်နိုင် ...၏။

"ဆေးတိုက်နာမည်ကိုက မေတ္တာပြုတဲ့၊ ဒီမှာလာပြီး အနား ယူတဲ့ လူနာတွေအတွက် အခန်းခရော စားစရိတ်ပါ တစ်လ ကို ငါးရာနှစ်ဆယ့်ရှစ်ကျပ် ယူပါတယ်"

"များလိုက်တာ"

နောင်ရဲ ရင်ထဲ ထိတ်ခနဲ လေးသွားရသည်။ ဤမျှ ...ားသည့် စရိတ်ကို ဘယ်နှရက် တတ်နိုင်ကြပါ့မလဲ၊ ဘယ်နှလ ...်နိုင်ကြပါ့မလဲ။ သူ့မျက်စိ မခွဲရခင်၊ သူ့အိမ် သူပြန်နေရဖို့က သည်။

"ဘယ်များမလဲကွ၊ ထောင့်ငါးရာ ... ထောင့်လေးငါးရာ လောက်ကို တန်တာ၊ အခန်းက ဘယ်လောက် စမတ်ကျတယ် မှတ်လဲ"

ကျော်ဇေက တစ်ခုချင်း ပြောပြသည်မို့ နောင်ရဲ ...်များခါရတော့သည်။

"ငါးရာနှစ်ဆယ့်ရှစ်ကျပ်ထဲမှာ ဒေါက်ဆရာမဖိုး မပါနိုင် ဘူး"

"ဟုတ်လား ... ငါ့အတွက် သိပ်ကုန်ကျနေပြီ"

"ဒါကြောင့် ... ထောင့်ငါးရာလောက် ကျမယ်လို့ ငါပြော တာပေါ့"

"ငါ မနေချင်ဘူး ကျော်ဇေ ... ဒီလောက် ဈေးကြီးတဲ့ နေ ရာမှာ"

ယမင်း မျက်နှာလေး ဖတ်ခနဲ ရှုမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



“ငါ့အတွက် ဘယ်သူမှ ဒီလောက် အကုန်အကျ မခံသင့်ဘူး၊ ငါ့အိမ် ငါပြန်ပြီး တပည့်သဘော ချာတိတ်တစ်ယောက်လောက်ရှိရင် တော်ပြီ”

“လူကြီးတွေက သင့်တယ်ထင်လို့ စီမံတဲ့ကိစ္စပဲ နောင်ရဲရ”

“ဟို ... ကိုနောင်ရဲရဲ့ အိမ်ကို လူငှားတင်လိုက်တာ ပြော[...] ဦးလေ ဦးကျော်ဖေ”

“အေး ... ဟုတ်တယ်၊ မင်းအိမ်ကို အိမ်ငှားတင်ထားတယ်”

“ဟာ ... ငါ့အိမ်က ရလှမှ တစ်ရာငါးဆယ်ပေါ့”

“စပေါ်ကလည်း ဘယ်နှသောင်းလဲ ဆရာမ”

“သုံးသောင်း ထင်တယ်”

“အေး ... အဲဒီထဲကလည်း သုံးမှာပေါ့ကွ”

“စပေါ်ဆိုတာ တစ်နေ့ ပြန်ပေးရမှာပဲ၊ ငါ ဘာနဲ့ပြန်ပေး[...]မှာလဲ၊ ဘယ်တော့ ပြန်မြင်မှန်း မသိတဲ့ ဒီမျက်စိနဲ့ ဒုက္ခ[...] ဘဝမှာ ငါ့ပိုက်ဆံနဲ့ငါ သုံးရရင်လည်း ဒီလောက်မသုံး[...]ဘူး၊ မျက်စိပြန်မမြင်ခင် ခွက်ဆွဲရလိမ့်မယ်၊ သူများပိုက်[...]နဲ့ဆိုလည်း မသုံးချင်ဘူး”

“မင်းပိုက်ဆံလည်း နည်းနည်း၊ ဆရာကြီးတွေကလည်း[...] နည်းနည်းစိုက် ဖြစ်မှာပေါ့”

“မှန်မှန်ပြောစမ်း ကျော်ဖေ၊ မင်းအိမ်ပေါ် ငါ ရောက်နေ[...]လား”

“လုံးဝ လုံးဝပဲ သူငယ်ချင်း၊ ငါ ကျိန်ရဲတယ်”

“မဟုတ်သေးပါဘူးကွာ၊ ခုဟာက မတန်မရာကြီး”

“မင်းအစ်ကို ဝယ်လာတဲ့ ဆေးရုံသုံး ပစ္စည်းတွေကိုလည်း တန်ဖိုးသင့်ပြီး ပေးသလားမှ မသိတာ”



“အဲဒါတွေ ကိုဦး လှူတာ၊ ကိုဦး အလှူ၊ ငါက ဘာဖြစ်လို့ ပိုက်ဆံယူရမှာလဲ၊ ကိုဦး ပြောခဲ့သားပဲ နိုင်ငံတော်စရိတ်နဲ့ သူ ... ပညာတော်သင် သွားတာ၊ အဲဒီ ပိုက်ဆံတွေထဲက ဝယ်လာတဲ့ ပစ္စည်း၊ နိုင်ငံတော်က ပိုင်တယ်တဲ့”

“ဟာ ... အဲဒီလိုပဲ သွားကြတာပဲ၊ ဟိုကျ အငတ်ခံပြီး အဲဒီ ပိုက်ဆံနဲ့ပဲ ကားတွေ ဘာတွေ ဝယ်လာပြီ စီးကြတာပဲ မဟုတ်လားကွ”

“သူများတကာကို ဘာလို့အပြစ်ပြောမလဲ ကျော်ဖေ၊ သူတို့ စားမဲ့ စရိတ်ထဲက လျှော့စားပြီး စုလာတာ၊ သူတို့နည်းနဲ့ သူတို့လည်း မှန်တာပဲ၊ ကိုဦးကလည်း ကိုဦးနည်းပေါ့”

“တပည့်တော်လည်း မလျှောက်တတ်တော့ဘူး ဘုရား”

“ဆရာကြီးတွေ လာရင် ငါ ပြောမယ်”

“အားလုံး ဝိုင်းစဉ်းစားပြီး အကောင်းဆုံးဖြစ်မယ် ထင်တဲ့ အစီအစဉ်ကို အကောင်အထည် ဖော်ထားတာပဲ ကိုနောင်ရဲရဲ့၊ ကိုနောင်ရဲ သွားပြောရင် ဆရာကြီးတွေရဲ့ စေတနာကို စော်ကားရာ ရောက်မှာပေါ့၊ နောက်ပြီး ဒီဆေးတိုက်ကလည်း ဒေါက်တာနောင်ဦး မျက်နှာနဲ့ ကိုနောင်ရဲကို အဖိုးအခယူချင်မှ ယူမှာပါ”

“စောစောကပြောတော့ စုစုပေါင်း ထောင့်ငါးရာလောက် ကျမယ်ဆို”

“ကျချင် ကျမှာပေါ့၊ မယူရင် ဘယ်ကျတော့မလဲ”

“ဒီဆေးတိုက်ကို ကိုဦးက ဘာလုပ်ပေးထားဖူးလို့လဲ”

“ကိုနောင်ရဲ မသိသေးဘူးလား၊ ဒီဆေးတိုက်ပိုင်ရှင်ရဲ့သမီး ဟို ဒေါက်တာနောင်ဦးက အသက်ကယ်ထားတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... မကြားမိဘူး"

"လူ့အသက်တစ်ချောင်းကို ငွေကြေး ဘယ်ရွေ့ဘယ်မျှပါလို့ တန်ဖိုးဖြတ်လို့ မရဘူး မဟုတ်လား၊ သမီးအသက်ကို ကယ်ထားတဲ့ ကျေးဇူးရှင်ရဲ့ညီကို သူတို့လည်း တစ်ပြန်တစ်လဲ ကျေးဇူးဆပ် ချင် ဆပ်မှာပေါ့၊ ကျွန်မစိတ်ထင်တော့ ပိုက်ဆံ ယူမယ် မထင်ဘူး"

"ဒီလိုဆိုတော့လည်း သူတို့မှာ ဝင်ငွေလျော့ရောပေါ့"

"ဘယ်ဘက်ကမှ မလွတ်ပါလား ကိုနောင်ရဲ့"

"ကျွန်တော့်အတွက်နဲ့ ဘယ်သူမှ ဒုက္ခမပိုစေချင်လို့ပါဗျာ ဒီဒုက္ခိတဘဝကလည်း ဘယ်တော့ကျွတ်မယ် မသိ ...

"ခုနေမှာ သိပ်ကောင်းစားပြီး ကြာလာတော့ တာဝန် မယူနိုင်ကြဘဲ ဒုံရင်းပြန်ဆိုက်မှ ကျွန်တော် အထိနာမယ် ...

"ကျွန်တော် သိပ်ခံစားရလိမ့်မယ်၊ ဆေးတိုက်ပိုင်ရှင် နဲ့တွေ့ပြီး ကျွန်တော် မေးကြည့်ပါရစေ ဆရာမ"

"စီစဉ်ပေးမယ်လေ၊ ဆေးတိုက်ပိုင်ရှင်က မုဆိုးမသူဌေး တော်တော်ကြာ ကိုနောင်ရဲ့နဲ့ လာတွေ့ပြီး နှုတ်ဆက်မှာ ပါ"

"ဟော့ကောင် ... မင်း ဒီဆေးတိုက်ပေါ်မှာ စိတ်ချမ်းချမ်းသာသာ နေစမ်းပါကွာ၊ မင်းကို အလကားတင်ထားလည်းနေ၊ မင်း အစ်ကို ပြောဖူးတဲ့ ဒေါ်မမကြီးလေ"

"ဩ ... ဒေါ်မမကြီး ဆေးတိုက်လား"

"မဟုတ်ဘူး၊ ဒီဆေးတိုက်ပိုင်ရှင်က သူဌေးပဲဟာ၊ ဒေါ်မမကြီး ဆီက ဒေါက်တာနောင်ဦး ပိုက်ဆံယူသလို၊ မင်းလည်း ဒီ ဆေးတိုက်မှာ ရဲရဲနေ ...



"မင်းကို မထားဘဲ တခြားလူနာထားလိုက်လို့ ပိုက်ဆံ ထောင့်လေးငါးရာ ပိုလာလည်း သူတို့မှာ ဘာမှမဖြစ်လောက် ဘူး ...

"လျော့သွားလည်း ဘာမှမဖြစ်လောက်ဘူး၊ မင်းကို မထားဘဲ သူများထားလို့ ငွေပိုရလည်း အလကားပဲ၊ ဒေါ်မမ ကြီးသားတွေ ခိုးပြီးဖဲရိုက်ပစ်တာနဲ့ ကုန်သလို ...

"သူ့သမီး ဖြုန်းတာနဲ့ ကုန်မဲ့တူတူ"

"သူ့သမီးက ဖဲရိုက်သလား"

"ဖဲတော့ မရိုက်ဘူး၊ ကျန်တာတွေတော့ တာတေလန်တယ်၊ ကားမောင်းလိုက်ပလားဆို ငူးခနဲ ဝေါခနဲ"

"သြော် ..."

"မိုလ်ချုပ်ဈေးသွားရင် သူများလို ပိုက်ဆံအိတ်ထဲ ထောင် ဂဏန်း ထည့်သွားတာ မဟုတ်ဘူး၊ သောင်းချီပြီး ယူသွား တာ"

ယမင်း မျက်စောင်းတွေ ပစ်ပစ်ခဲခဲ ထိုးလေ၏။

"ဈေးတကာရှည်ပြီး ဖြုန်းမဲ့အစား ကိုဦး မျက်နှာနဲ့ မင်းကို ဒီလိုထားတယ် ဆိုရင် သူတို့ကုသိုလ်ရတာပေါ့၊ ကုသိုလ်ရ အောင် ကူညီခွင့်ပေးတဲ့ မင်းကိုတောင် ကျေးဇူးတင်ရဦး မယ်"

"ဟုတ်ပါတယ် ကိုနောင်ရဲ့ရယ်၊ စိတ်အေးအေးနဲ့သာ နေပါ၊ ဒါမှ မျက်စိကို မြန်မြန်ခွဲနိုင်မယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ အားနာတယ်၊ ပြီးတော့ _ မင်းတို့ တွေအားတွေကလည်း တစ်ဆင့်ပြီးတစ်ဆင့်၊ ငါ့ကိုဖြီးနေတာ လား"

www.burmeseclassic.com

www.burmeseclassic.com



"သေသေချာချာမှ မသိဘဲ၊ ဖြစ်နိုင်ချေတွေ လျှောက်ပြော
တာပေါ့၊ ဘယ်လို ဖြစ်နိုင်ခြေမှာပဲဖြစ်ဖြစ်၊ မင်း ... ဒီ
နေကို နေသင့်တယ်"

"ကျော်ဇေ"

"ဟေ ..."

"ဟိုဂြိုဟ်မ အိမ်ပေါ်များ ငါ ရောက်နေသလားကွာ"

ယမင်း လက်ထဲတွင် ကိုင်ထားသည့် ဆပ်ပြာခွက်ကလေး ဖုတ်ခနဲ ပြုတ်ကျသွားလေ၏။ နောင်ရဲကို ရေပတ်တိုက်ပေးဖို့ စီစဉ်ဆဲမို့ လက်ထဲမှာ ဆပ်ပြာခွက်ရှိနေတာ တော်တော့သည်။ ပလတ်စတစ်ခွက် ပေါ့ပေါ့လေးက ကော်ဇောပေါ် ပြုတ်ကျသည့် အသံမမြည်ပါ။

ပန်းကန်ခွက်ယောက် တစ်ခုခုသာဆိုလျှင် အသံမြည်သွားတာနှင့် နောင်ရဲ သင်္ကာမကင်း ရှိပါလိမ့်ဦးမည်။

"မင်းက ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"

"သူ့ပယောဂကြောင့် ဖြစ်ရလေခြင်းဆိုပြီး ကရုဏာဒေါ
ထောက်ပံ့တာဆိုရင် ငါ နည်းနည်းမှ လက်မခံနိုင်ဘူး၊
ချင်ရာဖြစ်၊ ခွက်ပဲ ဆွဲရ ဆွဲရ"

မျက်ရည်စက်က ပေါက်ခနဲ ကျသည်။ မျက်ရည်သည်သာ အသံမြည်တတ်လျှင် နောင်ရဲ နားကွဲမတတ် ကြားရပါလိမ့်မည်။ ယမင်း ကော်ဇောပေါ် ထိုင်ချသည်။ ခါးကြားမှ လက်ကိုင်ပဝါကို ထုတ်ကာ ပါးစပ်ကို နာနာပိတ်၍ အင့်ခနဲ ရှိုက်ရပါလေ၏။

ပြောရက်တယ် ကိုနောင်ရဲရယ်။

"မင်းဟာမက လှည့်တောင်မကြည့်ပါဘူးကွာ"



ဟုတ်တယ်လေ ... လှည့်မှမကြည့်ဘဲ။ ယမင်း ခေါင်းငုံ့၍ ငိုနေသည် မဟုတ်လား။

"လှည့်မကြည့်တာပဲ ကောင်းပါတယ်၊ မင်း ... ငါ့ကိုခင်ရင်
ဘယ်တော့မှ ... မင်းဟာမ ဆိုတဲ့ စကားလုံး မသုံးနဲ့။ ငါ
ဟာမ မဟုတ်ဘူး၊ ဂြိုဟ်ဆိုးမ"

"အေးပါကွာ ... မပြောတော့ပါဘူး"

ယမင်း ... နောင်ရဲကို မျက်ရည်စက်လက်ဖြင့် မော့ကြည့်လေ၏။

မုန်းရက်တယ်နော်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အမုန်းပြေပါ

မနက်ခြောက်နာရီ၊ သံစုံတီးနာရီလေးမှ အသံခြော
မျိုးကို သာယာစွာ ကြားပြီးသည်နှင့် သည့်ထက်ပို၍ သာယာသော
အသံကလေးကို ကြားရမြဲပါ။

"ကိုနောင်ရဲ ... နေကောင်းလား"

ဆရာမ ဂျက်စမင် အခန်းထဲ ဝင်လာပြီမှန်း နောင်ရဲ
သိလိုက်ပါသည်။ ဤသို့ ခြောက်နာရီတိတိမှာ ကိုနောင်ရဲ နေကောင်း
လား ... မေးနိုင်အောင် ယမင်း အဘယ်မျှ ဝီရိယကြီးစွာ ထား
သည်ကို နောင်ရဲ မသိချေ။

သူ ... မမြင်နိုင်မှန်း သိပေမဲ့ ... အိပ်ရာထ ဖရို
ပုံစံကြီးမျိုးနှင့် တစ်ခါမျှ ဝင်မသွားဘူးပါ။ မနက်ကို ငါးနာရီထ
မျက်နှာသစ်၊ အဝတ်အစားလဲ၊ တစ်ကိုယ်လုံး မွှေးမွှေးကြိုင်ကြိုင်သ
ပြီးမှ ရောက်ချင်၏။ မနက်ကျ ငါးနာရီနိုးမှ နိုးပါ့မလားဟူသည့်
သောကဖြင့် တစ်ညလုံး အိပ်မပျော်တာတွေ ရှိသည်။ သူ့အကြောင်း
စဉ်းစားရင်း သဲနားရင်း၊ ယုံ့ကျုံ့မရစိတ်ဖြင့် မိုးလင်းသွားရသည့်
ညပေါင်းက များစွာ။



မျက်စိမမြင်သည့် လူနာတစ်ယောက်ကို ပြုစုရတာက
သက်သာသည် မဟုတ်ပါ။ သူက ဘာကိုမျှ မြင်နိုင်စွမ်း မရှိရှာသည်
မို့ ကိုယ်ကချည်း တ-ခန်ယူရတော့ ပင်ပန်းလှပါ၏။ အဲသည်
အပင်ပန်းတွေကို ယမင်း တစ်ချက်ကလေးမျှ မညည်းညူမိပါ။

"နေကောင်းရဲ့လား ... ယမင်း"

သမီးကို တစ်ရှိမလပ် ဂရုစိုက်နေသူ ဒေါ်ခင်လေးမြင့်
ကောင်း မေးယူရသည်။

"ကောင်းပါတယ် ... ဘာဖြစ်လို့လဲ"

"ယမင်းကို ကြည့်ရတာ၊ ကိုယ်ရေလည်း နည်းနည်းစစ်သွား
တယ်၊ အသားရောင်တွေလည်း နည်းနည်းဖျော့လာသလား
လို့"

"အပြင်မထွက်ရလို့ ပိုးဟပ်ဖြူ ဖြစ်သွားတာ နေမှာပါ၊
တစ်နေ့ ... တစ်နေ့ အိမ်ထဲမှာချည်းပဲဟာ"

"ဆရာဝန်လေး ဘာလေး ပြကြည့်မလားဟင်"

"ဟင့်အင်း ... ယမင်း မပြချင်ဘူး"

ယမင်းနှင့် ဒေါ်ခင်လေးမြင့်တို့ ဟိုတုန်းကလို မျက်နှာ
ချင်းဆိုင်တိုင်း ရန်ဖြစ်နေတာမျိုး သိပ်မရှိတော့ပါ။ ဟိုတုန်းက ဖြစ်
ခဲ့ရသည်မှာလည်း ဒေါ်ခင်လေးမြင့်က ဖြစ်ရခြင်းမဟုတ်၊ ယမင်း
အချည်း မကျေမနပ်၊ ထင်ရာလုပ်ရပါလျက် ဒေါသတွေထွက်၊
အစ်ဖက်သတ် ဖြစ်ခြင်းပါ။ ခုတော့ ... ယမင်းမှာ ရန်ဖြစ်ဖို့တောင်
အချိန်မရှိချေ။

ဒေါ်ခင်လေးမြင့် အပေါ် မကျေမနပ်ဖြစ်ဖို့ အချိန်
နိုင်၊ ခေါင်းထဲမှာ ရင်ထဲမှာ အမြဲတွေး၊ ထာဝရနေရာယူနေ
နောင်ရဲ။ သူ့အတွက်ချည်း အချိန်ပေးရလွန်းသည်မို့ မည်သူ့

www.burmeseclassic.com

www.burmeseclassic.com



အတွက်မျှ အချိန်မပေးနိုင်တော့ချေ။ သည်တော့ ... ရန်ဖြစ်ဖို့ကိစ္စ မှာလည်း စိတ်မဝင်စား။

ဘာဆို ဘာမျှ စိတ်မဝင်စားတော့ပါဘူးလေ။

အိပ်ရာမှ နိုးသည်နှင့် ကိုနှောင်ရဲ့ အတွက်။ တစ်နေ ကုန် ကိုနှောင်ရဲကို ပြုစု၊ ညအိပ်ရာထဲ ရောက်သည့်တိုင် ကိုနှောင်ရဲ အတွက် အကောင်းဆုံးဖြစ်အောင် ဘာလုပ်ပေးရမလဲဆိုသည့် အတွေး ကပဲ မင်းမူသည်။ ရန်ဖြစ်နေမကျတော့သည်နှင့်ပင်၊ သားအမိဆက်ဆံ ရေးက အလိုလို ချောမွေ့သွားရသလိုပါ။

"ကိုယ့်ကျန်းမာရေးကိုလည်း ကိုယ်ဂရုစိုက်ပါဦး သမီး၊ သမီး အတွက် အကူအတင်းဒင့်စ် တစ်ယောက် ထပ်ခေါ်မလား ဟင် ... နေ့ခင်းဘက်အတွက်"

"ဟင့်အင်း ... မခေါ်ချင်ဘူး"

"သမီး ပင်ပန်းမှာ စိုးလို့ပါ"

အို ... ပင်ပန်းပါစေ။ ယမင်းမှာ ကူဖော်လောင်ဖက် မလိုပါ။ ကိုနှောင်ရဲကို ပြုစုယုယပေးနေရချိန်မှာ၊ လူပိုတစ်ယောက် ရှိမနေစေချင်ပါ။

အကြင်နာအားလုံး ပုံပြီးပေးနေတာကိုလည်း —

"ရော့ ... ညည်းကလည်း နည်းနည်းမျှပြီး ကြင်နာ ပေး"ဟု ခွဲဝေမပေးနိုင်ပါ။

"သူ အပ်ပျော်နေတဲ့ အခါတွေမှာ ယမင်း သူ့ကို ငေးကြည့် ချင် ကြည့်နေတာ၊ ယမင်း သူ့ကို ဘယ်လောက်ရူး တယ်ဆိုတာ သူရယ် အန်တီရယ်ကလွဲပြီး ဘယ်သူမှ မသိ စေချင်ဘူး"

ယမင်းမှာ တစ်ခုကောင်းကလေး ရှိသည်။



ဘယ်တော့မျှ မညာတတ်ခြင်းပါပဲ။ စိတ်ထဲရှိလျှင် ရှိသည့်အတိုင်း ရိုးရိုးပဲ ပြောသည်။ သူ့ဘွင်းဘွင်းစကားတွေကို ညည်းသူကြိုက်ကြိုက် မကြိုက်ကြိုက်၊ ဂရုမစိုက်တတ်တာတော့ ရှိလေ၏။

ဒေါ်ခင်လေးမြင့်က ဆေးတိုက်ပိုင်ရှင်အဖြစ် တစ်ခါ တစ်ရံမှာ နှောင်ရဲကို သွားရောက် နှုတ်ဆက် စကားစမြည် ပြော လေ့ရှိပါသည်။ အစစတော့ ပိရိအောင် လုပ်ထားတာပါပဲ။ ဒီအလိမ် အညာ ဘယ်တော့ ပေါ်မလဲဆိုတာကို ယမင်း မတွေးဝံ့ချေ။

"ဆေးတော့ မှန်မှန်ထိုးပါ ယမင်းရယ်"

"ထိုးပါတယ်၊ ခုဆို ညစောင့် အန်တီနဲ့ တစ်လတစ်ကြိမ် အဆင်သင့် ထိုးနိုင်တော့ ပိုတောင် အဆင်ပြေသေးတယ်"

ယမင်းမှာ ငယ်စဉ်ကပင် လေးဖက်နာဟု ခေါ်သော အာသရိုက်တစ်(စ်)ရောဂါ ရှိခဲ့ပါသည်။ ခပ်ငယ်ငယ်ကတော့ အသား နာမှာစိုး၍ ပင်ဗီခေါ်သော ဆေးပြားကို တစ်နေ့ လေးကြိမ်ခန့်သာက် ရသည်။ တစ်ကိုယ်လုံး ကိုက်ခဲလာလျှင် ဘတ်စ်ပရိုဆေး ပြားကို ခဲလျှော်ဝါးသလို ဝါးရသည်။ ချွေးတွေ နင်းကန်ထွက်ကာ လူက ချော့ခွေခွေလေး ဖြစ်လာလျှင် ဒရစ်ပ်တွေ ဘာတွေ သွင်းယူရသည်။

အသက်ကလေး ရလာတော့ ဆေးပြားမသောက်တော့ ဘဲ တစ်လတစ်ခါ ဆေးထိုးရသည်။ ပင်နီဂျူရာခေါ်သည့် ဆေးက လည်း ပြင်းမှပြင်း။

"အစက ပင်နီဂျူရာ ထိုးပြီးရင် နောက်တစ်နေ့ မလှုပ်နိုင်ဘူး အန်တီရဲ့၊ ခုတော့ ... ကိုနှောင်ရဲကို ပြုစုရင်း နာရကောင်း မှန်းတောင် မသိတော့ဘူး"

ညစောင့် သူနာပြုဆရာမကြီးက ဆေးရုံမှာ ပင်စင် ယူသည် စစ်စတာအဆင့်ထိ လုပ်သက်ရင့်ပြီးမှ လုပ်သက်ပြည့်ပင်စင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ထွက်ကာ အထူးသူနာပြု လုပ်နေသူပါ၊ သူက ဆေးထိုးမကျွမ်းဘဲ နေပါ့မလား။

“အန်တီဒိုရင်းကလည်း ဆေးထိုးတော်တယ်၊ သူ ထိုးပေးရင် တစ်ချက်တည်းပဲ”

ပင်နီဂျူရာဆေးမှုန့်က အဆီပါသည်မို့ အခြားဆေးတွေထက် ပိုစေးသည်။ မိုးရေနှင့်ရော၊ တင်ပါးထဲ ထိုးထည့်သည့်အခါ အပ်ပေါက်ပိတ်ကာ ဆေးမဝင်တော့တာမျိုး ခဏခဏ၊ ဒီတော့ နေရာရွှေ့၍ ထပ်ထိုး၊ တစ်ခါထိုးလျှင် တင်ပါးမှာ လေး,ငါးပေါက် ဖောက်မှ တစ်ပုလင်း ကုန်တတ်၏။

“ဒီဆေး ထိုးရတာ ဆရာဝန် နာမည်ပျက်တယ်၊ မသိတဲ့ လူတွေက ဆေးမထိုးတတ်ဘူး ထင်ကြမယ်”

ဆရာဝန်တွေကတောင် အဲဒီလို ပြောယူရသည်။

“ယမင်းလည်း ဒီဆေးထိုးလာတာ လေး,ငါး,ဆယ်နှစ်ဆီ တော့ ထိုးပေးမဲ့သူထက် ဆေးထိုးခံတဲ့သူက ပိုကျွမ်းနေပြီ”

ယမင်း ခစ်ခနဲ ရယ်သည်။ ယမင်း ကိုယ်ရေစစ်ကျ သွားပေမဲ့ သူ့မျက်နှာလေးမှာ ဒေါသစင်လျက် ဝင်းပနေလေ၏။

“အန်တီဒိုရင်းကို ပြောထားရတယ်၊ မိုးရေနည်းနည်းပိုရော ယမင်းကို မညှာနဲ့ အန်တီ၊ အပ်ကြီးကြီးနဲ့သာ တစ်ခါတည်း ဖောက်လို့၊ အပ်သေးလို့ လေး,ငါးပေါက် ထိုးရမှ ပိုနာမှာ”

“ယမင်း မောတာတွေ ဘာတွေ ဖြစ်သေးလား”

“တစ်ခါ တစ်ခါတော့ မောပါတယ်၊ ထိုင်မောမနေအားတာနဲ့ မမောတော့ပါဘူး၊ အဲဒါပေါ့ အန်တီရဲ့ ... မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောဘူး ဆိုတာ”

ယမင်း ရယ်လေ၏။



“သမီး ... ခုဆို တစ်လောကလုံးထဲမှာ တို့သားအမိ နှစ်ယောက်တည်း ရှိတော့တယ်”

ဒေါ်ခင်လေးမြင့် ပြောသင့် မပြောသင့် အများကြီး ချိန်ဆထားပြီးမှ မပြောဘဲ မနေနိုင်၍ ပြောဖို့ ဆုံးဖြတ်သည်။ ယမင်း စိတ်နှင့် မတွေ့ဘဲ ပက်ခနဲ ပြန်ပြောချလျှင်လည်း မျက်ရည်အဝဲသားနှင့် ခံယူဖို့ အသင့်ပြင်ထားရပါ၏။

ခုဆို ... ယမင်းက တော်တော်လေးကို နူးညံ့သိမ်မွေ့လာတာ ဟိုဘုန်းကလို ပရမ်းပတာ စည်းလွတ်ဝါးလွတ် မိန်းမကလေး မဟုတ်တော့ပါ။ ယမင်းကို ဒေါ်ခင်လေးမြင့်နှင့် ဦးဘသက်တို့ တစ်ချိန်လုံး ဆုံးမခဲ့သည့် စကားတွေက ယမင်း ခံယူသည့် မခံယူသည်ထား၊ နားထဲ မဝင်တစ်ချက် ဝင်တစ်ချက်နှင့် ရောက်သင့်သလောက် ရောက်နေတာလည်း တစ်ကြောင်း၊ ပြီးတော့ နောင်ရဲ့နှင့် ပတ်သက်ကာမှ ယမင်း စိတ်ဓာတ်တွေ အပြောင်းလဲကြီး ပြောင်းလဲသွားရတာ တစ်ကြောင်း၊ ခုဆို တော်တော်လေးကို သိမ်မွေ့နူးညံ့လာပြီမို့လည်း ဒေါ်ခင်လေးမြင့် ပြောရဲခြင်း ဖြစ်ပါသည်။

“ယမင်း ... အခု အရမ်းလိမ္မာတာပဲ”

“ဟိုတုန်းက ဆိုးခဲ့လို့လား အန်တီ”

“ဆိုးတယ်တော့လည်း မဟုတ်ဘူးပေါ့ကွယ်၊ ရောဂါသည် တစ်ဦးတည်း သမီးလေးမို့ အလိုလိုက်ခဲ့တာတွေက ယမင်း သက်တမ်းနဲ့အမျှဆိုတော့ ယမင်းစိတ် ယမင်းကိုယ် ယမင်း စိတ်ကြိုက် နေတတ်တာလေးတွေကို ပြောတာပါ”

ယမင်း အခန်းထဲမှာ ထဘီပုံလေးတွေ အင်္ကျီ အသုံးအဆောင်လေးတွေ ပြောက်ကုန်ပြီ။ ယမင်း မကြာခဏ ဝင်ချက်သည့် နောင်ရဲ့ အတွက် အစားအစာတွေကလည်း မှုဆို ဆော

www.burmeseclassic.com

www.burmeseclassic.com



တော်လေး အစပ်အဟပ် တည့်လာပြီလေ။ ယောကျ်ားလေးရယ် မိန်းကလေးရယ် မခွဲခြားဘဲ အချိန်မရွေး နေရာမရွေး သွားတတ် လာတတ်တာတွေလည်း မရှိတော့။

"ယမင်း အသွားအလာလည်း လုံးဝမရှိတော့ဘူးလေ၊ မွန်း ကျော်တို့နဲ့တောင် ဈေးတို့ ရုပ်ရှင်တို့ ..."

"ယမင်းမှ မအားတာ"

ကိုနောင်ရဲ့ အတွက် နေ့တိုင်း အချိန်ပေးနေရသည် လေ။ ယမင်း ဘယ်မှာလာပြီး ဟိုလည်ဒီပတ် လုပ်နိုင်ပါတော့မလဲ

"အဲဒါတွေ အားလုံးဟာ တမင်တကာ တကူးတက ပြင် ပြောင်းလဲယူရတာ မဟုတ်ဘဲ အလိုအလျောက် ဖြစ်သွားတဲ့ အတွက် အန်တီ သိပ်ဝမ်းသာတယ်လို့ ပြောချင်တာပါ"

"ယမင်းကို အန်တီ ချီးကျူးတာလား ဟင်"

"ဒါပေါ့ ... သမီးရဲ့"

"အဲဒါဆိုရင် ကိုနောင်ရဲ့ကို ချီးကျူးပါ၊ ယမင်းအနေနဲ့ တော့ အရင်ကရော၊ အခုရော တစ်ခါမှ မိုက်မဲခဲ့တယ်လို့ မထင်ပါဘူး၊ ပုံစံပြောင်းသွားတာတော့ အမှန်ပဲ၊ အရင်ပုံ က တာဝန်မဲ့ ကလေးဆိုးပုံစံပါ"

"မှန်တာပေါ့ သမီးရယ်၊ တာဝန်မဲ့ ကလေးဆိုးပုံစံတဲ့၊ နာ ပေးတတ်လိုက်တာ၊ ဒါပေမဲ့ အသက်အရွယ်အလျောက် အဲ ပုံစံကို ပြောင်းပစ်သင့်တဲ့ အချိန်ဆိုတာ ရှိတယ်"

"အခုပုံစံပြောင်းသွားလို့ အန်တီက လိမ္မာလာတယ်လို့ ပြော တာမဟုတ်လား၊ အခုဟာက တာဝန်ရှိ လူလားမြောက်ပုံ"

"ပြောတတ်လှချည်လား ယမင်းရဲ့၊ သိပ်ဟုတ်တာပဲ၊ ယမင်း အခုအရွယ်မှာ အခုပုံစံမျိုးပဲ ရှိသင့်တယ်"



"ကိုနောင်ရဲ့ ဒီအိမ်ကို ရောက်မလာရင် ယမင်း ခုပုံစံကို ဘယ်လိုမှ မပြောင်းလဲပါဘူး၊ ခုဟာက တမင်တကာ ပြောင်း ပစ်တာလည်း မဟုတ်ဘူး၊ ဒီလိုပဲ အလိုအလျောက် ဖြစ်သွား ရတာ၊ ဒါကြောင့် အန်တီ ချီးကျူးချင်ရင် ကိုနောင်ရဲ့ကိုပဲ ချီးကျူးပါလို့ ယမင်း ပြောတာ၊ ယမင်း အခုမှ လိမ္မာလာ တာလို့ ပြောရင်လည်း ကိုနောင်ရဲ့ကြောင့် လိမ္မာလာတာပဲ ဖြစ်မယ်"

"သမီး ..."

ဒေါ်ခင်လေးမြင့် ခေါ်သံက ရင်တွင်းမှ လှိုက်တက် သလိုမို့ ယမင်း လှစ်ခနဲ လှမ်းကြည့်သည်။

"သမီး ... မောင်နောင်ရဲ့ကို ချစ်နေသလားဟင်"

"ဟင် ..."

အန်တီ ဘယ်လို မေးလိုက်တာပါလိမ့်။

ယမင်း တစ်ကိုယ်လုံး ကြက်သီးများပင် ဖြာခနဲ ဖြစ် သွားရသည်။ ဒီမေးခွန်းကို ယမင်း ... ကိုယ့်ကိုယ်ကိုယ် တစ်ခါမျှ မေးဖူးခဲ့ပါ။ မေးကြည့်ဖို့လည်း သတိမရ။

တာဝန်ရှိတယ်ထင်လို့ စိတ်မကောင်း ဖြစ်ရလွန်းလို့၊ သူ့ကို သနားလွန်းလို့ တာဝန်ယူခဲ့တာပါ။ အဲဒီလို တာဝန်ယူတဲ့ အခါမှာ မေတ္တာတွေ၊ စေတနာတွေ၊ အကြင်နာတွေက ဘာဖြစ်လို့ ပိုအစ်သည်ထက် ပိုသွားရတာတဲ့လဲကွယ်။

ယမင်း ဗီဇစိတ်ကောင်းလေးနဲ့ ကောင်းမယ်ထင်လို့ လုပ်လိုက်တဲ့ အလုပ်တစ်ခုမှာ ရင်ထဲက အကြင်နာတွေက အလုံး အရင်းနဲ့ ဘာဖြစ်လို့များ စီးမျောပါသွားရတာတဲ့လဲ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒီလိုမှ ပြုစုဖေးမခွင့် မရရင် ယမင်း ဘဝပျက်တော့မလောက် ယူကျုံးမရ ဖြစ်မိတာ၊ ကူညီခွင့်ကို သက်ဆိုင်ရာလူကြီး သူမတွေဆီမှာ မျက်ရည်စက်လက် တောင်းခံမိတာတွေ၊ အဲဒါတွေ ဘာကြောင့် ဖြစ်မိရတာတဲ့လဲ။

ကိုနောင်ရဲရယ် ...။

* ❋ *

"ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ အားလုံးထဲမှာ မျက်စိဟာ အရေးအကြီးဆုံးပဲ ထင်တယ်"

သူကတော့ သူ့ဘာသာ ရိုးရိုးသားသား ပြောခြင်းဖြစ်ကောင်း ဖြစ်နိုင်ပါ၏။ ယမင်း ရင်ထဲတော့ နင့်ခနဲ ဖြစ်သွားရပါသည်။

"ဟင် ... ဆရာမ ဘယ်လိုထင်သလဲ"

"ဪ ..."

ဘာကစပြောရမှန်း မသိသည်မို့ ဪ ... ဟုပဲ ပြည်ကြွေးမိလိုက်သည်။

"သူ့နေရာနဲ့သူ လိုအပ်သလို ဖွဲ့စည်းတည်ဆောက်ထားတာပဲရှင်၊ အကုန်လုံးဟာ သူ့အလျောက်တော့ အရေးပါကြမှာချည်းပါပဲ"

"ဟင်း ... ဟင်း ... ဆရာမက ပညာရှိစကား သုံးတာပဲ၊ အင်းပေါ့လေ ... ဆရာမကျတော့ ဘယ်အင်္ဂါအစိတ်အပိုင်းမှ မပျက်စီးဖူးသေးတာပဲ"



အဝါသွေးစိုသည့် နှမ်းပြင် ညိုဖျော့ဖျော့က အိမ်တွင်း...င်းရက် ကြာပြီမို့ နေဒဏ် လေဒဏ် ကင်းနေ၏။ မဖြီးမသင်...သားသည့် ဆံနွယ်တွေက ဝဲကျနေသည်။ ကြည့်လို့ ကောင်းလိုက်...ာ ကိုနောင်ရဲရယ်။

ဒေါက်တာနောင်ဦးက ပိုချောတယ်လို့ ဘယ်သူတွေ...ယ်လောက်ပဲပြောပြော ယောကျ်ားတစ်ယောက်အနေနှင့် အသား...ွတ်နေတာကို ယမင်း ဘယ်လိုမျှ သဘောမကျချေ။ ခုလို...ညိုဖျော့ရောင်မှာ အဝါသွေးစွက်သည့် စိုစိုပြည်ပြည် အသားမျိုး...ကြိုက်သဘောကျသည်။ မျက်ခုံးက နက်နက်မှောင်သည်။ ဒေါက်တာ...ာင်ဦးက စိမ်းဖန့်ဖန့်။ ညိုဝါစိုအသားက စိမ်းဖန့်ဖန့်နှင့်စာလျှင်...ိနက်မှောင် မျက်ခုံးနှင့် ပိုလိုက်သည်ဟု ထင်ပါသည်။

နှာတံစင်းစင်း၊ နှုတ်ခမ်းထူထူ၊ မေးရိုးခိုင်ခိုင်နှင့်...ာကျ်ားချော ချောသည့် လူတစ်ယောက်ခများ သူ့မျက်စိတွေကို...ယ်လိုမှ သုံးမရ ဖြစ်နေတာ ဘယ်လောက်များ သနားဖို့ ကောင်း...ပါသလဲ။

"ဆရာမ အသက်ဘယ်လောက် ရှိပြီလဲ ... ဟင်"

"ဆယ့်ကိုးပါ"

"ဪ ... တော်တော်ငယ်သေးတာပဲ"

"ရှင် ... ကိုနောင်ရဲက ဘယ်လောက် မှန်းထားလို့လဲ"

"အသံကိုမှန်းပြီး ပြောရရင်တော့ နှစ်ဆယ်ပျော့ပျော့လောက် ရှိမယ် ထင်တာပါ၊ ဒါပေမဲ့ ... ကျော်စေက သုံးဆယ်ကျော်လောက် ရှိမယ် ထင်တယ်ဆိုလို့"

ရင်ထဲ မျက်ခနဲတော့ အဖြစ်သားပါ။ ကိုကျော်စေ...ာက်ပြောဖော်ရတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ဆရာမမျက်နှာကို သိပ်မြင်ဖူးချင်တာပဲဗျာ"

ဟုတ်ရှာမှာပေါ့ ကိုနောင်ရဲ့ရယ်၊ ခုနေခါ ကျွန်မကိုမှ မဟုတ်ပါဘူး၊ စန္ဒမုခိဘီလူးမဆိုလည်း ရှင် မြင်ချင်မှာပါပဲလေး။ မျက်စိ အသုံးချမရသူ အဖို့မှာ အသုံးချခွင့်ဆို ဘယ်နည်းနဲ့မဆို လိုချင်မှာပါ၊ ကျွန်မ တကယ်ပဲ စိတ်မကောင်းပါဘူး။

ရင်ထဲမှာသာ မြည်ကြွေးရင်းက ဘီးကို ကောက်ကိုင်သည်။

"ဆရာမ ..."

"ရှင် ..."

"ကျွန်တော့်ကို ဘာလုပ်ပေးမလို့လဲ"

"ကိုနောင်ရဲ့ ဘယ်လိုသိတာလဲ"

"ဆရာမရဲ့ ကိုယ်သင်းနံ့လေးက တည်တည်ငြိမ်ငြိမ်လေး သင်းနေရာက လှုပ်ရှားသွားတယ်၊ ဆရာမ ဘယ်လောက်ပဲ ညင်ညင်သာသာ ရွေ့လျားပေမဲ့ ကျွန်တော် သိတယ်"

"ခေါင်းဖြီးပေးမလို့ပါ"

"ဆံပင်တွေ ပွနေတော့ မချောဘူးလား ဆရာမ"

"သေချာပါတယ်ရှင်၊ ကိုနောင်ရဲ့ဟာ ဒေါက်တာနောင်ဦး ထက် အများကြီး ပိုချောပါတယ်"

"အဟဲ ..."

သူ ရှက်ပြုံး ပြုံးတော့လည်း ကြည့်ကောင်းတာပါပဲ။ အဲဒီ အပြုံးတွေက ရင်ထဲသို့ တစ်စတစ်စ ချဉ်းနင်းနေပြီ ထင်သည်။ သူ ပြုံးလိုက်တာနှင့် ကိုယ်ပါရောစွဲ ပြုံးလိုက်မိတာ ဆန်းသည်။ သူ့ဆံပင်တွေက ယောကျာ်းပီသစွာ မည်းမည်းခက်ခက် သန်သန် စွမ်းစွမ်း ရှိလှ၏။



"နာလားဟင်"

နဖူးပေါ်မှ ဆံနွယ်တွေကို လှန်ဖြီးသည်မို့ အကြင်နာ မေးမိပြန်၏။

"လုချင်ရင်တော့ နည်းနည်းတော့ အောင့်ခံနော်"

"တစ်အုံလုံး ဆွဲနုတ်လည်း မနာပါဘူး ဆရာမ"

"ရှင် ... ဘာဖြစ်လို့လဲ"

သူ့ဦးရေဖျားတွေမှာ ခံစားမှု မရှိဘူးလား ... ဟု ခနဲ ပူသွားမိရသည်။ ဆရာဝန်ကြီး လာလျှင်တော့ ပြောပြခိုင်းရပါဦးမည်။

"မဖြစ်ပါဘူး၊ စေတနာနဲ့ အကြင်နာနဲ့ ဆောင်ရွက်တဲ့ ကိစ္စမို့ ပြောတာပါ"

"ကိုနောင်ရဲ့က ညာခိုင်းတတ်တယ်နော်"

"အဲဒီလိုထင်ရင် ဖြီးမပေးပါနဲ့"

"ကလေးဆိုးကြီးနော် ... စိတ်က ကောက်ချင်သေးတယ်"

"အဲဒီဘီးနဲ့ ခေါင်းကို ခေါက်လိုက်လေ"

"အို ... ရဲကြီးမှာပေါ့"

"မှန်း ... ဘာပုံစံ ဖြီးနေပါလိမ့်"

နောင်ရဲ့ လက်တွေက သူ့ဆံပင်တွေကို လာစမ်းသည်။ တော့ တရွေ့ရွေ့နှင့် ချိတက်လာကြကာ ယမင်း လက်နဖျူးဆီ ထိုင်အောင်ပါပဲ။ ယမင်း လက်ချောင်းလေးတွေကို ဆုပ်ကိုင်

ကြည့် ... လူလည်ကြီး။ သူ ညာတာပါတေးနှင့် လက်တွေကို လာကိုင်တာကိုး။ ဒါနဲ့များ ဆံပင် ဘာ လဲ ဘာလဲနဲ့။ အလိမ်တွေ အညာတွေနဲ့ ကိုလိမ်ညာကြီး။

www.burmeseclassic.com

www.burmeseclassic.com



သူ ညာကိုင်မှန်း သိလျက်နှင့် မရှန်းမိ။ မရှန်းချ
မရှန်းရက်။ သူ ဒီလို မလုပ်လျှင်တောင်မှ သူ့လက်ဝါး အပြန့်ကျ
ကြီးထဲ ကိုယ့်လက်ဖွေးဖွေးဥကို ထည့်ပေးထားချင်မိတော့သည်
ကိုယ့်လက်ကို ဆုပ်မှ သူ့လက်တွေ နွေးမည်ဆိုလျှင်ပေါ့လေ။

"ဆရာမ လက်ချောင်းလေးတွေက ချောမွတ်နေတာပဲ"

နောင်ရဲ့ ခေါင်းမှပါမှာ ယမင်း လက်တွေ
နောင်ရဲ့ လက်တွေပါ ရှုပ်နေရတော့သည်။

"ခေါင်းကို ဖြီးအောင် ဖြီးပါရစေဦး၊ ဒီကလေးကလည်
ဆိုးလိုက်တာ"

"ဆောရီး ..."

အားနာပါးနာ ပြောရင်း ရှက်ပြုံး ပြုံး၏။ ဒီရှက်ပြုံ
ကြီးတွေပါပဲ၊ ရင်ထဲကို မြားတစ်စင်းလို ထိုးဖောက်စူးနစ်ကြတာ
ကိုနောင်ရဲ့ရယ် ... ယမင်း ဘယ်လိုခံစားနေရတယ် ဆိုတာ၊ ရှင်
သိများ သိနေပလား။

နောင်ရဲ့ကျတော့ ... လက်တွေ ပြန်ဖြုတ်ချလိုက်
တာကိုပဲ နှမြောနေမိသည်။ သူ့လက်လေးတွေ နုလိုက်တာ၊ ချော
မွတ်မွတ် ရှိပါဘိ၊ သူ့အသံလေးကလည်း ချိုလိုက်တာ၊ နားထဲ
နေ ရင်ထဲထိတိုင် ပျားရည်ချောင်းလေး စီးဝင်သလို။

"အသက်က သုံးဆယ်ကျော်လောက် ရှိမှာပေါ့၊ အရုပ်
ခပ်ဆိုးဆိုးပဲကွ၊ အသားကလည်း မည်းတယ်" ...

ဆိုသည့် ကျော်ဇော့ စကားကို ဘယ်လိုယုံရပါမလဲ

"ဆရာမကို အရမ်းမြင်ဖူးချင်တာပဲ"

"မြင်ရမှာပါ၊ အာရုံကြောတွေ တော်တော်တိုးတက်လာပြီ
အလုပ်စ,လုပ်ပြီ ထင်တယ်၊ မကြာတော့ပါဘူး"



"ကျွန်တော့် မျက်စိ ပထမဆုံး စ,မြင်ရတဲ့ မြင်ကွင်းဟာ
ဆရာမမျက်နှာ ဖြစ်စေချင်တယ်"

"ကျွန်မ ... သိပ်အရုပ်ဆိုးပါတယ်"

ကျော်ဇော့ စကားနှင့် ညီလေ၏။

"အသားရောင်ရော"

"မည်းပါတယ်"

"ကျွန်တော့် စိတ်ထဲမှာ ဆရာမ အရမ်းလှမယ် ထင်တား
တာ"

"ဘာဖြစ်လို့လဲ"

"အသံက သိပ်ချိုတယ်၊ ဆရာမရဲ့ စကားတစ်ခွန်းကို ကြား
ရတိုင်း ပျားရည်တစ်စက် ကောက်လျက်ရသလိုကို ချို
တယ်"

"ကိုနောင်ရဲ့ မကြားဖူးဘူးလား၊ အရုပ်ဆိုးတဲ့ လူတွေ အသံ
ကောင်းတတ်တယ် ဆိုတာ"

"ဒါဖြင့် ... ချိုပြီးဆို ဘယ်လိုပြောမလဲ"

"ဒါကတော့ ပါရမီထူးတာလေ"

"မဟုတ်ဘူး ... ခုခေတ မင်းသမီး မင်းသားတွေ၊ အဆို
တော်တွေ ရုပ်ချော အသံကောင်းတွေ အများကြီးပါ"

"ကျွန်မကတော့ အရုပ်ဆိုးတာ အမှန်ပဲ"

"ရှေးလူကြီးတွေ ပြောကြတယ်၊ ရုပ်ရည်ဆိုတာ အရည်ကျို
သောက်လို့ မရဘူးတဲ့၊ ဟိုကောင်မလေး ကြည့်ပါလား၊
တစ်စက်မှ သုံးမရတဲ့ ဂြိုဟ်ဆိုးမ"

ယမင်း မျက်နှာ ငွက်ခနဲ ပျက်သွားရပါ၏။ သို့သော်
င်ရဲ့ မမြင်နိုင်ရှာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ယမင်းသက်ဝေ ဆိုတဲ့ မိန်းမ၊ ကျွန်တော့်ဘဝကို ယ...
ဖျက်ဆီးပစ်တဲ့ မိန်းမ၊ ကျွန်တော် ... မျက်စိပြန်ကောင်း...
တောင် သူ့ရုပ် မမြင်ချင်ဘူး"

ယမင်း လက်ထဲမှဘီးက ဖုတ်ခနဲ ပြုတ်ကျသွား... လက်ချောင်းလေးတွေ တုန်တုန်ယင်ယင်၊ မျက်ရည်က အိခနဲ... လာရကာ၊ ရင်ထဲ လှိုက်ဆို့သွားရတော့သည်။ ဪ ... ဒီလော... ထိ စိတ်နာနေတာပါလားရှင်။

"သူ့ရုပ်ကို မြင်ရမှ ကျွန်တော့် မျက်စိ ပြန်ကောင်း...
ဆိုရင် ကျွန်တော် တစ်သက်လုံး အကန်းဘဝနဲ့ နေ...
မယ်"

"ကိုနောင်ရဲ့ရယ် ... အာဃာတတွေ ဖြေမှပေါ့၊ သူ...
တမင်တကာလုပ်တာမှ မဟုတ်တာ"

ပြုတ်ကျသွားသည့်ဘီးကို ပြန်ကောက်ပြီးမှ နောင်... ဘက်က ဆံပင်တွေကို အချောသတ် ဖြီးပေးလိုက်ပါတော့သည်...

"တကယ်ဆို ... ကျော်တက်လာတဲ့ကားက သူ့လိုကော...
လေးမျိုးကို ရှောင်မနေရဘူး၊ တိုက်သတ်ပစ်ရမယ်"

"ဒါသမဖြစ်နဲ့လေ ... ဆရာဝန်ကြီးက စိတ်မလှုပ်ရှား...
မှာထားတယ် မဟုတ်လား"

မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်... ခေါင်းငုံ့ချထားမိတာ နောင်ရဲ မသိပါ။ ယမင်း ဘယ်လောက်... ဝမ်းနည်းရတယ်ဆိုတာ နောင်ရဲ မသိပါ။ မျက်ရည်စက်တွေ ... ပေါက်ပေါက် ကျနေရတာကိုလည်း နောင်ရဲ မမြင်ပါ။

"သူ့အစား ကိုဦး သေပေးလိုက်ရသလို ဖြစ်သွား...
တောင် နည်းနည်းမှ ဖြေနိုင်တာ မဟုတ်ဘူး"



ယမင်း ... နှုတ်ခမ်းကို လက်ဖဝါးနှင့် နာနာပိတ်လျက် သိမ့်ခနဲ တစ်ချက်ရှိုက်သည်။ သူ ... ဒီလောက် မုန်းတယ်နော်။

"နောက်ထပ် တစ်ခါ ... ကျွန်တော့်ကို မျက်စိကွယ်အောင်
လုပ်ပြန်တယ်"

"ရှင် ... ဟုတ် ... ဟုတ်မယ် မထင်ပါဘူး ကိုနောင်ရဲရယ်၊
သူ ... တမင် ..."

"သူ ... ကျွန်တော့်ကို တောင်းပန်ဖို့ လိုက်ရှာရင်း ဖြစ်သွား
ရတာပါတဲ့၊ ဘာကိစ္စ ကျွန်တော့်ကို အတင်းလိုက်တောင်းပန်
ရတာလဲ၊ ကျွန်တော် လည်ပင်းညှစ်သတ်မိမှာစိုးလို့ တမင်
ရှောင်တာတောင်၊ ဆတ်ဆတ်ဆော့ဆော့ ... ဟင် ... ဆရာမ
ငိုနေသလား"

လက်နှစ်ဖက်က စမ်းတဝါးဝါးနှင့် ယမင်း မျက်နှာဆီသို့ ဝေ့ဝေ့ဝဲဝဲ ရောက်လာသည်။ ယမင်း ခေါင်းကိုတိမ်း၍ ရှောင်ရပါ၏။ မမြင်နိုင်သူကို ရှောင်တိမ်းရတာ နည်းနည်းလေးမှ မချိပါ။

ရှေ့အင့် ... ပါးကို ရိုက်ချလိုက်တော့ရှင် ... ဟုဆိုတာ မျက်နှာတစ်ခုလုံး ထိုးအပ်ပစ်လိုက်ချင်မိပါတော့သည်။

"ဘာ ... ဘာဖြစ်လို့ ငိုတာလဲ ဆရာမ"

"ဟို ... ကိုနောင်ရဲကို သနားလို့ပါ"

"မိခင်နှင့်တူသော၊ အစ်မနှင့်တူသော၊ အဆွေခင်ပွန်းနှင့်
တူသော၊ အာစရိယဂိုဏ်းဝင် ဆရာမနှင့်တူသော ..."

နောင်ရဲ ဘာတွေလျှောက်ရွတ်မှန်း မသိပါ။

"ကျွန်တော် အင်မတန် လေးစားတွယ်တာတဲ့ ဆရာမ၊ မငို
ပါနဲ့၊ ဆရာမ မျက်ရည်နဲ့ ဟိုဖြိုပ်ဆိုးမနဲ့ တန်ပါဘူး"

"ကိုနောင်ရဲ အတွက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်လည်း မငိုပါနဲ့၊ ဒီပြဿနာတွေ ဆရာ
လုပ်တာမှ မဟုတ်ဘဲ၊ ဆရာမ ပြုံးပျော်နေတာပဲ ကျွန်တော်
မြင်ချင်တယ်၊ အေးလေ ... မြင်နိုင်တာတော့ မဟုတ်ဘူး
ပေါ့"

နောင်ရဲ၏ မရှိမဲ့မဲ့ မျက်နှာပြင်ကို ကျုံးပွေ့ထားလိုက်ချင်ပါတော့သည်။ ကိုနောင်ရဲရယ် ...။

"ဆရာမကို ကျွန်တော် သိပ်လေးစား အားကိုးပါတယ်"

"ကျွန်မက တာဝန်ကို ဆောင်ရွက်နေတာပါ"

မျက်ရည်စကို သိမ်းရင်း တစ်ချက် ရှိုက်ဖြစ်သွားသည်။ အင့်ခနဲသံကို သူ ကြားချင်လည်း ကြားပါစေတော့။ မထူးတော့ပါဘူးလေ။ ငိုမိတာ သူသိသွားပြီးပဲ။

"မတူဘူး၊ အလုပ်က အလုပ်ပေါ့လေ၊ အဲဒီအလုပ်ထဲမှာ
စေတနာ၊ မေတ္တာ၊ အကြင်နာတွေ အများကြီးပါတာ ကျွန်တော်
ထိတွေ့ခံစားရတယ်၊ ကျွန်တော် ဆရာမကို သိပ်ခင်တယ်၊
သိပ်ကို တွယ်တာပါတယ် ဆရာမ"

ဪ ... သိပ်ခင်တယ်တဲ့လား။ သိပ်ကို တွယ်တာပါတယ်တဲ့လား ကိုနောင်ရဲရယ်။ အဲဒီခံစားမှုတွေဟာ တကယ်တော့ ယမင်းဆီက ကူးစက်ပြန့်ပွားသွားရတဲ့ မေတ္တာတွေပါရှင်။ ဆင့်ပွားတွယ်တာမှုတွေတောင် ဒီလောက်ထိ စွဲငြိပြီဆိုရင် ပင်မဖြစ်ထွန်းရာ ယမင်း ရင်ခွင်မှာ ဘယ်လောက် အမြစ်တွယ် ခိုင်မြဲနေလိမ့်မယ်ဆိုတာ ...။

* * *



"ဒီမှာ ယမင်းသက်ဝေ"

ယမင်း ခြေစုံရပ်၍ ခေါင်းကလေး ငုံ့နေသည်။ ပြောချင်ရာ ပြောပစေတော့လေ။

"နောင်ရဲဟာ ခင်ဗျားကို သိပ်အားကိုး တွယ်တာနေပြီဆိုတာ
ခင်ဗျား သိမှာပါ၊ ခင်ဗျားလည်း လူအမှ မဟုတ်တာ"

"ပြောပါ ကိုကျော်ဇေ၊ လူလည်းမကြီးလို့ ခေါ်ချင်လည်း
ခေါ်ပါ"

"ဟင်း ... ဟင်း"

ကျော်ဇေ ခနိုးခနဲ့ ရယ်၏။

ဒီမိန်းမ ဒီမျက်နှာပေးမျိုးနဲ့ သရုပ်ဆောင်တင်းကာ ကျော်ဇေတို့ အံတိုအောင် နောကျေနေပြီလေ။ ဒါမျိုးနဲ့ လာမစမ်းနဲ့ ရေတော့ဘူး။

ဒီမှာ အရင် ကျော်ဇေ မဟုတ်တော့တဲ့ ယနေ့ ကျော်ဇေသွဟု အော်များတောင် ပြောလိုက်ချင်သေးသည်။

"ခင်ဗျား ... နောင်ရဲကို ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးတွေ
လုပ်နေမှန်း စဉ်းစားလို့ မရဘူး"

"ရှင်းရှင်းလေးပါ၊ ကျွန်မ အကြွေးဆပ်နေတာ"

"ဪ ... ဪ"

ယမင်း ပင်ကိုဗီဇလေး ပေါ်လာသည်။ ကိုယ့်မှာ တာဝန်ရှိတယ်လည်း ထင်လို့၊ စေတနာတွေလည်း ရှိလို့၊ မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ထားမိလို့၊ ဒီလိုပဲ ရှင်းရှင်းဝန်ခံပစ်ချင်သည်။ ယမင်းအ
ယမင်းညှေ့ခန်းတွင် ကျော်ဇေက အခန့်သားကြီး ထိုင်နေလိုက်
မှ ခြေကားယား လက်ကားယား။

ပိုင်ရှင် ယမင်းက ခြေစုံရပ်ကာ ခေါင်းငုံ့နေရတာ
သိပ်မဟုတ်သေးဘူး ထင်သည်။ ယမင်း ဆိုဖာဆက်တီတစ်လုံး
သို့ ဝုန်းခနဲ ထိုင်ချသည်။ မျက်ဝန်းချင်း ရဲရဲဆုံလေ၏။

"ကိုနောင်ရဲ့မှ လစ်ဟာသွားတဲ့ အစ်ကို့မေတ္တာအစား ကျွန်
အစ်မကြီးမေတ္တာ ဝင်ပေးတယ် ... ဒါပဲ"

"လစ်ဟာသွားတဲ့ အစ်ကို့မေတ္တာတဲ့၊ ဟုတ်လား၊ ဘယ်
ဘယ်နည်းလေးနဲ့များ လစ်ဟာသွားပါလိမ့်"

"ရှင် သိပြီးသားဟာကို ဘာဖြစ်လို့ ကပ်ဖဲ့တိုက် မေးနေ
လဲ၊ ကားတိုက်သေလို့၊ သေအောင်တိုက်ပစ်တဲ့ကားကို ကျွ
သာ မောင်းလာရင် ဒေါက်နောင်ဦးကို မတိုက်ဘူး၊ ရှင်
တိုက်ပစ်တယ် သိလား"

"သိပ်သိတာပေါ့၊ ခင်ဗျားက အကြွေးဆပ်နေတယ် ဆို
နောင်ရဲ့ မျက်လုံးနှစ်လုံးကျတော့ ဘာနဲ့ဆပ်မလဲ၊ ကဲ ...

"မဖြစ်နိုင်လို့ပေါ့ ကိုကျော်ဇေ၊ ဖြစ်နိုင်ရင် တစ်လုံး
ဖောက်လဲပေးတယ်၊ သူနဲ့ကျွန်မ တစ်ယောက် မျက်
တစ်လုံးစီနဲ့ နေမယ်"

"ငွေးရှာများလိုပေါ့နော်"

"ဟုတ်တယ်၊ တစ်သက်လုံး ပါရမီဖြည့်ပြီး ရေပူရေ
ကမ်းလှမ်းသွားဦးမယ်၊ ရှင်းပလား"

"သိပ်ရှင်း ... ရှင်းတာက ရှင်းပေမဲ့ မယုံတာက မယုံတာ



"ရှင် ယောကျ်ား မဟုတ်ဘူးလား၊ ရှင့်ကို မချစ်နိုင်တာနဲ့ မိန်းကလေးတစ်ယောက်ကို မုန်းတီးစိတ်နာနေရသလား၊ ချစ်တယ် မချစ်ဘူး ဆိုတာ ကျွန်မကိုယ်ပိုင်အခွင့်အရေးပဲ၊ ချစ်ချင်မှ ချစ်မှာပေါ့"

"ဒု ... ခင်ဗျားက နောင်ရဲ့ကို ချစ်နေလို့လား"

"ဒါ ရှင့်အပူ မဟုတ်ဘူး၊ မေးစရာ မေးခွန်းလည်း မဟုတ်ဘူး၊ ချစ်နေချင်လည်း ချစ်နေမယ်၊ ချစ်ချင်မှလည်း ချစ်နေမယ်၊ ကျွန်မ ကိုယ်ရေးကိုယ်တာ ..."

"ဟုတ်ပါပြီ၊ အဲဒီ ကိုယ်ရေးကိုယ်တာက နောင်ရဲ့ကို နှစ်ခါပြန် နှိပ်စက်ပြီး ဖြစ်နေလို့ တတိယအကြိမ် နှိပ်စက်ခြင်း ဆိုတဲ့ ကိုယ်ရေးကိုယ်တာ ထပ်ဖြစ်လာမှာစိုးလို့ ပြောနေတာ"

"အဲဒါ ... ရှင်နဲ့ မဆိုင်ဘူး"

"ကျုပ် အချစ်ဆုံးသူငယ်ချင်းဗျ၊ သိပ်ဆိုင်တယ်၊ နောင်ရဲ့ ဒုက္ခဖြစ်ဖို့ရှိရင် ကျုပ်တားဆီးရမှာပဲ၊ ခင်ဗျား ဘယ်သူဘယ်ဝါ ဆိုတာ ဖွင့်ပြောလိုက်ရင် ..."

"ပြောကြည့်လေ၊ ကျွန်မတော့ ဘာမှဖြစ်သွားမှာ မဟုတ်ဘူး၊ ရှင့်သူငယ်ချင်း အနေအစား အပြုအစုကစပြီး ခက်ခဲဆင်းရဲသွားမှာပေါ့"

ပြောမည့်သာ ပြောရ၊ တကယ်များ ဖွင့်ပြောလိုက်ရင် မလား ... ဟု ရင်ထဲ ထိတ်ခနဲ ပူမိသည်။ ကျော်ဇေကလည်း ယမင်းကို ရွံလန့်ကြီးမို့သာ ဘုပြောနေရ ... နောင်ရဲ့ ဘဝ ခက်ခဲသွားမှာကျတော့လည်း ပူသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အမျိုးသမီးကို ခုချိန်မှာ ရှေ့ကလပ်နှင့် တင်ဆက်လျှင်တောင်မှ သိမ်းပိုက်ရယူလိုစိတ် အလျှဉ်းမရှိတော့ပါ။ ဟိုတုန်းက အတည်ယူမလို့ဟု ပြောခဲ့ဖူးတာကိုပင် နောင်တရလို့ မဆုံးအောင် ရှိချေ၏။

"ခင်ဗျားနဲ့ ကျုပ် ဘွင်းဘွင်းဆွေးနွေးကြမယ်"

"သိပ်ရတယ် ... ကြိုက်တာပေါ့"

"ခင်ဗျားကို ကျုပ် နည်းနည်းလေးမှ မေတ္တာမရှိတော့ပါဘူးဆိုတာ ခင်ဗျား ယုံရဲ့လား"

"သိပ်ယုံတယ်၊ ကျွန်မလည်း တစ်စက်ကလေးတောင် မရှိဘူး"

"ဒီတော့ ... ခင်ဗျားကို ကျွန်တော့်ဆီက တစ်ယောက်ယောက်ရသွားမှာကို မနာလိုဝန်တို လုံးဝမဖြစ်ဘူး ဆိုတာလည်းယုံ"

"ရှင် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ စော်ကားလှချည်လား"

"ရှုပ်မှာစိုးလို့ ရှင်းရတာ၊ ခင်ဗျားကို နောင့်ရဲနဲ့ လုံးဝသဘောမတူဘူး၊ အဲဒါ မနာလိုလို့ မဟုတ်ဘူး၊ နောင်ရဲဘက်က နာလို့"

"ရှင်က ... ရှင်က ..."

မတ်မတ်ကလေး ထိုင်နေရာမှ လက်ညှိုးဆန့်ထုတ်ကာ ဒေါသကဲကဲ၊ ရန်တွေ့မည့်ဆဲဆဲမှာ ဝါကျကို မဆက်နိုင်ဘဲ တန့်သွားရပါ၏။

ရှင်က ... ကိုနောင်ရဲ အဖေမို့ ပြောပိုင်ခွင့် ရှိသလားဟု မေးချပစ်ဖို့ပါ။ ဒီလိုပြောလျှင် ကျော်ဇေက သိပ်နာစရာမရှိဘဲ



နောင်ရဲဘက်ကသာ နာစရာမို့ ဆက်မပြောဖြစ်တော့ပါ။ နောင်ရဲနှင့် ပတ်သက်လာလျှင် အဲသည်လောက်အထိ အသေးစိတ် တွေးမိပါ၏။

"နောင်ရဲကလည်း ... မင်းကို အကြင်နာကြီးတဲ့ သူနာပြုဆရာမတစ်ယောက် အနေနဲ့သာ တွယ်တာနေတာ"

ရှင်က ... ရှင်က ... နှင့် ထိုးထားသည့် လက်ညှိုးသေး ပြုတ်ကျသည်။ ဆိုဖာနောက်မှီကို ပုံခနဲ မှီလဲလိုက်တော့သည်။

အဟုတ်တွေ အမှန်တွေမို့ ယမင် နှလုံးသားမှာ ခံနိုင်ရည် မရှိပါ။

"အဲဒီ ဆရာမဟာ ယမင်းသက်ဝေမှန်း သိတဲ့ တစ်နေ့မှာ နောင်ရဲဟာ နှစ်ထပ်တိုက်ကြီးပေါ်ကတောင် ခုန်ချချင်ချမယ်"

ကျော်ဇေ့ စကားလုံးတို့သည် မီးကျီးခဲရဲရဲထက် ပူပြင်းသည်။ ယမင်း နှလုံးသားကို လောင်မြိုက်သည်။ ရင်မှာ မခံချိသည့် အတ်မှန်သော စကားတွေကို ဆိုရက်လေခြင်း။

ယမင်း လက်ဝါးလေးတကာကာ၊ ခေါင်းလေးတငုံငုံနှင့် တစ်ကိုယ်လုံး တုန်ယင်ကာ တစ်ခွန်းမျှပင် ပြန်မပြောနိုင်တော့ပါ။ ကြေကွဲဝမ်းနည်းခြင်း အပူဖြင့် လောင်မြိုက်သော နှလုံးသားအ ကြွေ့ကြွေ့လောင်လေ၏။

ယမင်း ... သည်းသည်းခိုက်ခိုက် ငိုလေသတည်း။

"တော် ... တော်ပါတော့ ကိုကျော်ဇေ ... မှန်သော စကားတွေပါ။ ကျွန် ... ကျွန်မ လက်ခံပါတယ်၊ တော်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေ မတ်တတ် ထရပ်သည်။ ခါးထောက်ကာ ယမင်းသက်ဝေ ဆိုသည့် မိန်းမသားကို ငုံ့ကြည့်သည်။ သနားချင် စိတ်လည်း မရှိပါလား။ ထပ်မပြောချင်တော့ပေမဲ့ ... အလံဖြူတင် သည့် မိန်းမသားအပေါ် ထပ်မံမရက်စက်ချင်တော့ပေမဲ့ ... နောင်ရဲလို လူနှင့် ဘယ်လိုမှ မတန်တာတော့ သေချာပြီးရင်း သေချာဆဲပါပဲ။

* * *



နှင်းဝေ

မိုးစက်ပွင့်တွေ မှန်ပြတင်းကို လာရောက်ရိုက်ခတ် သည်။ အအေးဓာတ်ကလေးက အခန်းတွင်းသို့ လွှမ်းခြုံ၏။ ပျော်နေရှာသည့် နောင်ရဲ ခြေရင်းမှာ ယမင်း ငုတ်တုတ်ကလေး င်းဆဲပါပဲ။

"ကိုနောင်ရဲရယ်"

ရင်ထဲမှာ ဖြစ်ထွန်းသည့် အကြင်နာတွေ ဖိသိပ်လို့မရ လား။ မိခင်တစ်ဦးက သားငယ်အပေါ် ဖျန်းပက်သော မေတ္တာ ပြင့် နဖူးဆံစကလေးတွေကို သပ်ပေးချင်မိသည်။ သူ ... နိုးသွား ။ နောင်ရဲခုတင်ပေါ်မှာ "မဲလေး"တို့သားအမိရှိသည်။ "မဲလေး" ည် ယမင်းတို့အိမ်မှ ကြောင်မလေး၊ မွေးကတည်းက မဲမဲသဲသဲ လှသည်မို့ "မဲလေး"ဟုခေါ်ခဲ့၏။ မည်သူမျှမချစ်ကြပါ။

ကြာလာတော့ မချစ်ဘဲ မနေနိုင်အောင် မဲလေးက သည်။ သူ့သား သူ့သမီးအပေါ်မှာ ကြင်နာယုယပုံက လူမိခင် အောင် အားကျအတုခိုးလောက်သည်။ မဲလေး မေတ္တာ၊ မဲလေး နာတွေကို ပြောပြမိချိန်မှစ၍ နောင်ရဲက မဲလေးကို သူ့ခေါင်း မှာ သိပ်ပါ ... ဟု ဆိုသည်မို့ အမြဲတင်ထားပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



... မဲလေး၊ သူ့သားသမီးတွေနှင့် လုံးထွေးနေ၏။

"ကိုနောင်ရဲ နိုးသွားပါ့မယ် မဲလေးရယ်၊ ငြိမ်ငြိမ်နေပါ"

အိပ်ပျော်နေသည့် သူ့သား သူ့သမီးတွေကို တစ်ကောင်ချင်း လျှာနှင့်လိုက်လျက်ပေးနေသည်။

"မဲလေးရယ် ... ကိုနောင်ရဲ အပေါ်မှာ အဲဒီလို အခွင့်အရေးမျိုးများ ရမယ်ဆိုရင်၊ ငါ ... ကြောင်မလေး တစ်ကောင်ဖြစ်ချင်လိုက်ပါတယ်"

နောင်ရဲကို စူးငေးစွာ ကြည့်ဖြစ်သည်။ အိပ်ပျော်နေပုံမှာ ဒေါသတွေ ကင်းနေသည်။ သူ အိပ်ပျော်ချိန်တွင် သူ့ခြေရင်းမှာ ထိုင်စောင့်ပေးနေသူသည် ယမင်းသက်စေမှန်း သူ မသိရှာ။ သိသာသိလျှင် ကိုကျော်ဇေ ပြောသလို ဟောဒီနှစ်ထပ်တိုက်ကြီးပေါ်ကများ ခုန်ချလေမလား။

ငါသာ မဲလေး ဆိုရင် ...

ကြောင်စကားကို နောင်ရဲ နားလည်မှာ မဟုတ်သည့်မို့ ရင်ထဲမှ မေတ္တာစေတနာတွေကို တသြောင်သြောင် အော်၍ ပြောပြချင်စမ်းပါဘိ။ ခုတော့ ... လူသား ဣန္ဒြေရှင်ဟု ဆိုမှတ်ရပါသည့် မိန်းမသား။

"သိပ်ကိုချစ်ပါတယ် ကိုနောင်ရဲရယ်"ဆိုသည့် ဝါကျတစ်ကြောင်းကို ဖွင့်ပြောပြလို့ ဖြစ်မတဲ့လား။ ယမင်းက ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီး မဟုတ်လား။ ဒီခံစားချက်ကြောင့် ရင်ပွင့်ကာသေလျှင် သေပစေတော့၊ မိမိယဉ်ကျေးမှု မိရိုးဖလာထုံးစံကိုတော့ မချိုးမဖျက်ခဲ့ချင်ပါ။ မိမိကစလို့ ဘယ်တော့မျှ ပြောဖြစ်မည်မဟုတ်သည့် အချစ်စကားတွေသည် ရင်ထဲမှာ ပြည့်လျှံစွာ ဖြစ်တည်၏။

သူ့ကို ဘယ်လောက်ထိ ချစ်နေပါသလဲဆိုလျှင် ...

...



မိန်းမသားဖြစ်နေရသည်မို့ ပြောခွင့်မကြုံသည့် ချစ်...တွေကို ပြောခွင့်ကြုံဖို့အတွက် ကြောင်ပဲဖြစ်ရ ဖြစ်ရ၊ ခွေးမ...တစ်ကောင်ပဲ ဖြစ်ရ ဖြစ်ရ၊ ရင်ထဲမှာ ပြည့်ကျပ်လွန်းသည်မို့ ...နားမလည်နိုင်သည့် တိရစ္ဆာန်ဘာသာစကားဖြင့် အော်မြည် ...ချင်တောင် ခုထက်တော့ ရင်ထဲမှာ သက်သာပါလိမ့်မည်။

သူ့ကို အဲသည်လောက်ထိ ချစ်ပါ၏။

❋ ❋ ❋

"သမီး"

ခေါ်သံက တိုးတိမ်ညင်သာပေမဲ့ ငြိမ်ငြိမ်ကလေး ...သည့် ယမင်းကြားပါသည်။ ဖြည်းဖြည်းလေး လှည့်ကြည့်သည်။

"အန်တီ တစ်လဲစောင့်မယ်"

"နေပါစေ အန်တီ"

"အဖျားတစ်ရာလောက်ရှိတာ ဒီလောက်မပူပါနဲ့ သမီးရယ်"

မှုစရာ မဟုတ်မှန်းတော့ သိသားပေါ့လေ။ ပူမိတာကို ...တားဆီးနိုင်မှပါ။ အိပ်ပျော်နေသူ နိုးသွားမှာ စိုးသောကြောင့် ...် ဖြည်းညင်းစွာ ထရပ်သည်။ အန်တီဒေါ်ခင်လေးမြင့် ရပ်...ာ အခန်းဝသို့ လျှောက်လာခဲ့သည်။ နောင်ရဲအား အိမ်ပေါ်...ရှိခွင့်ကို ဒေါ်ခင်လေးမြင့် စောင်အကြံပြုပေးခဲ့ကတည်းက ...ဆက်ဆံရေး မတော်တော်လေး ချောမွေ့နေသည်။

နောင်ရဲကို ချစ်မိချိန်မှစ၍ ယမင်း စိတ်တွေ နူညံ့...ချင်းလာသလား မသိပါ။ အန်တီနှင့် စကားပြောတိုင်း...ာ ရန်မဖြစ်တာကို ကြာလှပါ။

www.burmeseclassic.com

www.burmeseclassic.com



"ယမင်း မသိလိုက်ဘဲ သူ ... သတိတွေ ဘာတွေ လစ်နေမှာ စိုးတယ်"

ဒေါ်ခင်လေးမြင့် သိမ်မွေ့စွာ ပြုံးလေ၏။ ယမင်း လက်ဖျားလေးများကို လှမ်းဆုပ်သည်။ ခါတိုင်းလည်း လုပ်နေကျ ပါပဲ။ ယမင်း စိတ်မထင်လျှင် ဆောင့်ရုန်းကာ ...

"အပိုတွေ လာချွဲမနေနဲ့၊ ဟန်ဆောင်ကလည်း ကောင်းပါ့"ဟု ရက်ရက်စက်စက် ပြောချခဲ့ဖူးလေသည်။ ခုတော့ ... လိုလို ချင်ချင် ထည့်ပေးမိသည်။

အချစ်ဟူသည် ကူးစက်ပြန့်ပွားတတ်သည့် ဝေဒနာ တစ်မျိုး ထင်ပါရဲ့။

ကိုနောင်ရဲကို ချစ်မိပြီမှန်း ကိုယ့်ကိုယ်ကိုယ် သတိထား မိကတည်းက အကြင်နာစက်ဝန်းက ကျယ်ပြန့်လာသည်။ ယမင်း နှလုံးသားမှ မေတ္တာငွေ့တွေ လျှံထွက်လာသည်။ ကိုနောင်ရဲ၏ ဿာမက ပတ်ဝန်းကျင် တစ်ခုလုံး အပေါ်မှာ လွှမ်းခြုံမိလေ သည်။

•

"လာ ယမင်း ... ဟိုနားမှာ သွားထိုင်ရအောင်"

နောင်ရဲ အခန်းကို ကိုယ်ပိုင်ဆေးတိုက်မှ လူနာခန်း သဖွယ် ပြင်ဆင်ထားသည်မို့၊ လူနာခုတင်၊ စားပွဲ၊ မှန်တင်ခုံတို့ အပြင် အစားအသောက်များ ထည့်ထားသည့် ဗီရိုပါမကျန် စားပွဲ ကုလားထိုင် တစ်စုံလည်း ချထားပါသည်။ စားပွဲကုလားထိုင်က ခုတင်နှင့် အလှမ်းဆုံးနေရာမှာ ရှိသည်။

"ယမင်း ... ဟိုတစ်ခါ ဖျားတုန်းက ..."

ဒေါ်ခင်လေးမြင့် ဒီလောက် စကားစရုံနှင့် ယမင်း မှတ်မိပါ၏။



အဲသည်တုန်းက ယမင်း ဖျားသည်။ ဒေါ်ခင်လေးမြင့် မအိပ်ဘဲ ငုတ်တုတ်ထိုင်ကြည့်နေသည်။

"ဒါက ဘာလုပ်တာလဲ၊ ဖျားရတဲ့လူစိတ်ထဲ မလွတ်မလပ် ရှိလိုက်တာ"

ယမင်း ကျေးဇူးတင်ရကောင်းမှန်း မသိဘဲ ဘုပြောခဲ့ သည်။

"အန်တီ မသိလိုက်ဘဲ ယမင်း သတိတွေ ဘာတွေ လစ်နေ မလား၊ ချွေးပြန်ပြီး အအေးပြန်မိမလား စိုးရိမ်လို့ပါ ယမင်း ရယ်"

"အဲဒီ အမူအရာတွေပေါ့၊ အကယ်ဒမီရှောခ်ဆိုတာ လူတိုင်း ယုံကြမှာပါပဲ၊ ဒီတစ်ယောက်ပဲ အတွင်းသိ ရှိတော့ သိပ်ခက် တယ်၊ သွားပါ ... အနားမှာမနေပါနဲ့၊ စေတနာရှိရင် သူနာပြု ဆရာမ ခေါ်ပေး"

"ခေါ်ပေးပါ့မယ်၊ ဒါပေမဲ့ ဘယ်တူပါ့မလဲ ယမင်းရယ်၊ အန်တီကိုယ်တိုင် စောင့်ကြည့်ချင်တဲ့ စေတနာပါ၊ ယမင်းကို အန်တီ ဝမ်းနဲ့မလွယ်ရရုံ၊ ရင်မှဖြစ်တဲ့ နို့ကို မတိုက်ကျွေး ရရုံတစ်မည် မွေးခဲ့တာပါ"

"*ကျေးဇူးရှင်ကြီးပေါ့လေ၊ တော်တော်လည်း ဂုဏ်ဖော်ပါ*"

*အဲသည်တုန်းက ဒေါ်ခင်လေးမြင့် မျက်ရည်ကျလေ၏။*

"အခု သမီးထားတဲ့ စေတနာမျိုးနဲ့ သမီးကို အန်တီ စောင့် ကြည့်ခဲ့တာပါ"

ကိုယ်ချင်းစာလိုက်မိပါပြီ အန်တီရယ်။

ခုနေ ... နောင်ရဲ နိုးလာပြီလား၊ သူ့ကို စောင့်ကြည့် သည် ယမင်းသက်ဝေ ဆိုသည့် မိန်းမသားမှန်း သိသွားလျှင်၊

www.burmeseclassic.com



နောင်ရဲ ဘာလုပ်မည် ထင်ပါသလဲ၊ ခွေးရူးတစ်ကောင်လို မောင်းထုတ်မှာ မလွဲပါ။ အဲသည်လိုဆို ယမင်း ရင်ထဲ ဘယ်လိုနေပါ့မလဲ။

"ကျေးဇူးတင်ပါတယ် အန်တီ"

ဒေါ်ခင်လေးမြင့်က ယမင်း ပခုံးလေးကို မရဲတရဲဖွဲ့သည်။ ပါးချင်း ညင်သာစွာ ကပ်၏။

"သမီးရင်းလို ချစ်ပါတယ် ယမင်း၊ ယုံပါ"

* * *

သမီးရင်းလို ချစ်ပါတယ် ယမင်း ... ယုံပါ ... တဲ့။

ယမင်း မယုံကြည်ဘဲ မနေရဲလောက်အောင် လန့်သွားရသည်။ ဒေါ်ခင်လေးမြင့်ကို မယုံလျှင် ကိုနောင်ရဲလည်း ဘယ်ယုံပါ့မလဲနော်။ အော် ... ရှေးကဝိပါက် ခုနစ်ရက်၊ ကာလဝိပါက် နောက်ပိုးတက် ဆိုတာ ဒါပဲထင်ပါရဲ့။ ဒါပေမဲ့ ... ဒါပေမဲ့လေ ... ယမင်းက အန်တီဒေါ်ခင်လေးမြင့်လိုတောင် အကြင်နာကို သရုပ်ဖော်ခွင့်ရှိသူ မဟုတ်ပါဘူး ကိုနောင်ရဲရယ်။

"ဆရာမ"

မျက်ခွံနှစ်လွှာ ပွင့်သည်နှင့် အရင်ဆုံးကြားရသည့် အသံက "ဆရာမ"ဆိုသည့် စကားလေး သုံးခွန်းပါပဲ"

"ရှိပါတယ် ကိုနောင်ရဲ၊ ချွေးရသလားဟင်"

နဖူးပြင်ကို သွားစမ်းကြည့်သည်။ ချွေးက စို့ရုံလောက်ပဲရှိ၏။ မိုးရွာနေတာလေ၊ ခြွဲခြွဲစိုစိုတော့ ဘယ်ထွက်မလဲ။

နောင်ရဲ ... နဖူးပေါ် နှင်းဆီပွင့်ချပ်လေး ကြွေကျသလို နဖတ်စွာ ခံစားမှုကြောင့် ရင်ထဲ သိမ့်ခနဲ နွေးသွားရသည်။



သည်ပန်းဝတ်လွှာ နုနုလေးမှာ ပျော်ဝင်ပြည့်ဝနေသည့် အကြင်နာများက ရင်ထဲသို့ လျှပ်စစ်စီးကြောင်းနှယ် ရောက်ရှိလာ၏။

ရင်ညွန့်မှာ ရှုးရှုးကျင်ကျင် ခံစားလိုက်ရသည်။

အကြင်နာရှင်သခင်မကို ချစ်မိပါပြီ။ အဲဒါကို ဘယ်လိုဖွင့်ပြောလို့ ဖြစ်ပါ့မလဲ။

"နေလို့ ကောင်းပါတယ်"

"ပေါ့ရဲ့လား"

"ပေါ့ပါတယ်"

"ဆရာဝန်ကြီးက ညနေမှ လာနိုင်မှာ၊ ဒါတောင် မိုးကရွာနေတော့ နောက်ကျမလား မသိဘူး"

"ည,ဆရာမ ဘယ်တော့လာမလဲ"

"ခါတိုင်းလိုပေါ့ ကိုနောင်ရဲ၊ ခြောက်နာရီ။ ဒါပေမဲ့ ဆရာဝန်ကြီးလာတဲ့ထိ ကျွန်မ စောင့်မှာပါ"

"နှစ်ဆယ့်လေးနာရီလုံး ရှိနေစေချင်တယ်"

သူ့ဘာသာ ညည်းသလို တိုးတိမ်စွာ ရွတ်လေ၏။

"ဒါပေမဲ့လေ ... မိန်းမပျို တစ်ယောက်ဟာ ညအိပ်ညနေတော့ ဘယ်အလုပ်လုပ်နိုင်ပါမလဲ"

နောင်ရဲ မျက်စိက ယမင်းဆီသို့ ရွေ့လျားမလာဝါ။ မမြင်ရပေမဲ့ အဝေးသို့ ငေးနေသည့် ပုံစံမှာ ရှိလေ၏။ ဟိုတစ်ခါက_

"ရိုင်းတယ်ထင်ရင် ခွင့်လွှတ်ပါ ဆရာမ၊ ကျွန်တော်သိချင် တာတစ်ခု မေးပါရစေ"ဟု ခွင့်တောင်းဖူးသည်။

"ဆရာမမှာ အိမ်ထောင်ရှိသလားဟင်"_ တဲ့

"မရှိပါဘူး"... ဟု ဖြေခဲ့မိသည်။ ရှိသည်ကို ပြောချင်ပါ။ ညနေခြောက်နာရီတွင် ညဘက်စောင့် လာတယ့်သူနာပြု

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ရောက်လာသည့်အခါတွင် "ပြန်မယ်နော် ကိုနောင်ရဲ့" ဟု ဟန်လုပ် နှုတ်ဆက်ရပါဦးမည်။

ပြီးတော့ ... အသံမပြုတော့ဘဲ ငြိမ်ငြိမ်လေး ထိုင်ကြည့် အိပ်ခါနီးကျမှ အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းသွားတတ်တာ တွေ နောင်ရဲ့ မသိပါ။ ခုလို လိမ်ညာထားရတာကို ရင်ထဲ နည်း နည်းမှ မကောင်းပေမဲ့ တခြားရွေးစရာနည်းလမ်း မရှိဘူးလေ။

"ဆရာမ ပြန်ရတာ ဝေးသလား"

"ရှင် ... ဟင့်အင်း၊ မဝေးပါဘူး"

ယမင်း ကော်ဖီကို စေတနာပြည့်နှင့် ဖျော်နေသည် ကော်ဖီဆိုတာ ကိုနောင်ရဲ့ ဒီအိမ်ရောက်လာမှ ဖျော်ဖူးခြင်းဖြစ်ပါ ဒါတောင် ရောက်ရောက်ချင်းတုန်းကဆိုလျှင် ကိုယ်ဖျော်သည့် ကော် ကိုယ့်ဘာသာ မြည်းကြည့်၊ အရသာ မတွေ့သည်မို့ အောက်ထ ပြေးဆင်းကာ အိမ်က ကောင်မလေးကို ဖျော်ခိုင်းရသေးသည် နောက်မှ အန်တီဒေါ်ခင်လေးမြင့် ကိုယ်တိုင် ဖျော်ပေးသည့် ခါး ဆိမ့်ဆိမ့်မွှေးမွှေး နက်စ်ကော်ဖီကို ထပ်တူညီ ဖျော်တတ်သွားရလေ

"ဆရာမ ဘယ်မှာနေတာလဲ"

"ဒီနားမှာတင်ပါပဲ၊ ဘတ်စ်ကား စီးသွားရင် နှစ်မှတ်တိုင် လောက်ပဲ ဝေးပါတယ်"

နောင်ရဲ့ ကိုယ်တိုင် ကျောင်းတက်စဉ်က ခံစားခဲ့ သည့် ဘတ်စ်ကား ဒုက္ခကို နောကျေခဲ့ပြီမို့ ဆရာမခမျာ ဘယ်လော ပင်ပန်းရှာမလဲဟု ကိုယ်ချင်းစာမိတော့သည်။

"ကော်ဖီရပြီ ကိုနောင်ရဲ၊ သောက်ပါသောက်ရအောင်"

အသံချိုရယ် ကိုယ်နံ့သင်းသင်းလေးရယ် ပေါင်း ကာ မိမိနှင့် နီးကပ်လာသည်ဟု နောင်ရဲ့ ခံစားလိုက်ရပါ၏။



"ဒီဥစ္စာ ... အလုံမှာဆို"

"ဟုတ်ကဲ့ ... ဗိုက်(တ)ယော ဆိုပါတော့"

အဲသည်နားမှာ ကရင်ခြံဟုခေါ်သော ကျောင်းဝင်း တစ်ခုရှိသည်။ အထက်တန်းကျောင်း ရှိသည်။ ဘုရားရှိခိုးကျောင်း ရှိသည်။ လူနေအိမ်များလည်း ရှိသည်။ ဟမ်းလမ်းနားမှာ ဆန်းလိုက် ဆေးရုံဟုခေါ်သော ပုဂ္ဂလိကဆေးတိုက်တစ်ခုရှိ၍ အတွင်းလူနာများ လက်ခံကုသတာလည်း နောင်ရဲ့ သိဖူးသည်။

"ကရင်ခြံထဲမှာလား ဆရာမ"

"ဟုတ်ကဲ့"

"ဆရာမက အလုံထဲမှာလား"

"ဟင့်အင်း ... ကြည့်မြင်တိုင်ဘူတာနားမှာ နေတာပါ"

နောက်ထပ်မေးခွန်း ထွက်မလာအောင် နောင်ရဲ့ နှုတ်ခမ်းဆီသို့ ဆေးပြားလေး သွင်းခွံ့လိုက်တော့ နောင်ရဲ့ အဓိပ္ပာယ် ပါစွာ ပြုံးသည်။ နောင်ရဲ့ ပြုံးလျှင် ယမင်းလည်း လိုက်ပြုံးမိတာကတော့ အကျင့်ကို ဖြစ်နေရပါပြီ။

"ကော်ဖီနဲ့ မျှောချနော်၊ နွေးနွေးလေးပဲ"

ကော်ဖီပန်းကန်ကြွေသားက နောင်ရဲ့ နှုတ်ခမ်းကို ထာထိပြန်၏။ သည်လောက်ဆို ဆရာမ လက်ကောက်ဝတ်အလေး ဘယ်နားမှာ ရှိမလဲ နောင်ရဲ့ မှန်းကြည့်သည်။ ဖမ်းဆုပ်ထားလိုက် ချင်လိုက်တာလေ။ သူ့စေတနာကို စော်ကားရာ ရောက်မည်မို့ နောင်ရဲ့ စိတ်ကို ချုပ်နှိမ်လိုက်ရပါတော့သည်။

ပင့်သက်မှုုဉ်းမှုုဉ်း၏ အဓိပ္ပာယ်ကို ယမင်း ကောင်း စွာ နားလည်လိုက်သည်။ သူပါရော၍ ပင့်သက်ရှူဖြစ်လေ၏။

"ရှိင်းရာတော့ ကျမှာပဲ ... တစ်ခုမေးပါရစေ"

www.burmeseclassic.com



"စောင်ပါးလေး ခြုံပြီး ပြန်လှဲနေနော်"

သူ ပြောချင်ရာ ပြောပါစေ။ မိမိက သူနာပြု
တာဝန်နှင့်မို့ ကျောဘက်မှ လက်မောင်းကို ထိုးခံ၊ ကျန်လက်
ဖက်က သူ့ပခုံးကိုဖိချကာ ပြန်လှဲပေးရသည်။ သူ့ကို ဖြစ
ပေးရခြင်းအတွက်တော့ ရှပ်မခုန်မိပါ။ ပီတိတစ်မျိုးဖြစ်ခဲ့သာ ကြ
ရလေ၏။

နောင်ရဲ ရင်ထဲမှာတော့ တလှပ်လှပ်နှင့်ပါ။
ကြင်နာယုယစွာ ပြုစုပွေ့ကိုင်နေသူကို မရိုးမသား တွယ်တာ
ဆိုတော့ စိတ်ထဲမလုံတိုင်း ရှင်တွေက တဒိန်းဒိန်း တဒိုင်းဒိုင်း
သည်။ နောင်ရဲ မျက်စိမှိတ်ထားလိုက်ပါသည်။

တကယ်တော့ ဖွင့်ထားလည်း မမြင်ရပါဘူး
ချည်စောင်လေး ကိုယ်ပေါ်သို့ အိခနဲကျလေ

* * *

"ဆရာမ"

"ရှင် ..."

"ဟိုနေ့က မမေးခဲ့ရတဲ့ မေးခွန်း"

"အဖျားကျတာနဲ့ စကားတွေ သိပ်များလာတာပဲ၊
တော့ အဖျားကျဆေး မတိုက်ဘဲ ဖျားဆေးတိုက်မှ ထင်

"ဆရာမ နားငြီးလို့လား"

"မငြီးပါဘူး၊ ပြော ပြော ... ပြောချင်တာတွေ စွပ်သာ

"အဟဲ ... စိတ်မဆိုးရဘူးနော်"

"မဆိုးပါဘူး"



"ဆရာမ ... တစ်နေ့ကို ဘယ်လောက်ရသလဲ၊ ရိုင်းရာတော့ ကျမယ်ထင်တယ်၊ ဖြေချင်မှ ဖြေပါနော်"

"သုံးဆယ်ပါ၊ ဘာဖြစ်လို့လဲ၊ ရင်းနှီးလို့ မေးတာပဲ၊ ရပါတယ်"

"ည ... အန်တီကရော"

ညစောင့်ဆရာမကြီးက တကယ့်သူနာပြုဆရာမကြီး ဖြစ်သည်။

"သုံးဆယ့်ငါး"

"ဟာ ... ဘယ်တရားမလဲ"

"ဘာဖြစ်လို့လဲ၊ ဒါ ... တုံးစံကြေးပါ"

"ဆရာမက နေ့ခင်းဘက်မှာ သိပ်အလုပ်ရှုပ်တယ်၊ ကျွန်တော့်ကို ထမင်းကျွေး၊ ဆေးတိုက်၊ တစ်ခါ တစ်ခါ ကျွန်တော် စိတ်တိုတိုင်း ဂျီကျလည်း သည်းခံ"

ဒါတောင် ... ရေချိုးသည့်ကိစ္စကို နောင်ရဲ သူ့ဘာသာ လုပ်သည်။ ယမင်းက ရေချိုးခန်းထဲ တွဲပို့ရုံပါပဲ။ ပထမတော့ စမ်းတဝါးဝါး၊ နောက်တော့ အချိုးတကျ ချိုးနိုင်သွားရသည်။

"အဟဲ ... ရေချိုးခန်း ဝင်ချင်တိုင်းလည်း တွဲပို့"

နောင်ရဲ ရှက်ပြုံးနှင့် ပြောသည်မို့ ယမင်းလည်း ရှက်ပြုံးလေး ပြုံးဖြစ်သည်။

"ဆရာမ အလုပ်ပိုရှုပ်တာ၊ ပိုရသင့်တာပေါ့၊ ညဘက်ကျတော့ ကျွန်တော်ကလည်း အိပ်ပျော်နေတာ"

ညစောင့် အန်တီဆရာမကြီးက အသက်ငါးဆယ်ကျော် ခန့် ရှိပါပြီ။ သူကလည်း အပျိုကြီး။ အပျိုကြီးမို့ အိမ်ထောင်တာဝန် ကင်းပေမဲ့ ခုလို အိမ်မှာလိုက်စောင့်ပေးရသည့် ဟော်တော်မျိုးဆို လိုက်လေ့မရှိပါ။ ဒေါက်တာနောင်ဦး သဲယောင်နှင့်သာ လာစောင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်းမို့ ဆရာမကြီး သက်သောင့်သက်သာ ရှိစေဖို့ကို စီစဉ်ပေးရပါသည်။ သူ့ခမျာ အသက်လည်းကြီးပြီ။ နားနားနေနေ ရှိပါစေလေ။

"ညဘက်ဆိုတော့ စောင့်ပေးတဲ့သူ ရှားတယ် ကိုနောင်ရဲ့ရဲ့"

"ဟုတ်ပါပြီ၊ အန်တီ သုံးဆယ့်ငါးကျပ်ရတာ မကျေနပ်လို့ မဟုတ်ပါဘူး၊ ဆရာမကို လေးဆယ်လောက် ရစေချင်တာပါ"

ယမင်း ရယ်နေလိုက်လေသည်။

"ဒါပေမဲ့ ... ကျွန်တော့်ပိုက်ဆံ မဟုတ်တော့ ခက်တယ်"

"ကိုနောင်ရဲ ဆရာဝန်ဖြစ်ရင် ကိုနောင်ရဲ ဆေးခန်းမှာ ကျွန်မကို အလုပ်ပေးပေါ့"

"ဟင်း ... ဒီတစ်သက်မှာ ဆရာဝန် မဖြစ်တော့ပါဘူးဗျာ ကျွန်တော် သိပ်ဝါသနာပါတဲ့အလုပ်၊ ဟိုဂြိုဟ်ဆိုးမကြောင့်"

ဒေါသလှိုင်းက ယမင်း နှလုံးသားကို လာရောက်တိုက်ခိုက်ပြန်၏။ သူ မကျေနိုင်ဘူးနော်။

"ကျွန်တော် ... မျက်စိကွယ်သွားမဲ့အစား ခြေထောက်တွေ လက်တွေ ကျိုးသွားစေချင်တယ်"

"ကိုနောင်ရဲရယ် ... လူမှာရှိတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေဟာ သူ့နေရာနဲ့သူ အသုံးဝင်ကြတာချည်းပါပဲ၊ ဘယ်တစ်ခု ပျက်စီးရင်တော့ သက်သာရဲ့ဆိုတာ မရှိပါဘူး"

စိတ်မကောင်းစွာ ပြောဖြစ်ပါ၏။

"မဟုတ်ဘူး၊ ခြေကျိုး လက်ကျိုးလောက်တော့ အပျော်ကျွန်တော် ကျောင်းပြန်တက်မှာ၊ ချိုင်းထောက်ကြီးနဲ့ သွားရလည်း ကျွန်တော် မရှက်ပါဘူး"



"ကိုနောင်ရဲ ခွဲစိတ်ကုသမှု ခံယူပြီးတဲ့အခါ မျက်စိပြန်မြင်လာရင် ကျောင်းပြန်တက်ရမှာပါ၊ အခု တစ်နှစ် ဆေးခွင့်တင်ထားတာ၊ ကိုနောင်ရဲ ကိစ္စကို ဆရာကြီးတွေအားလုံး သိနေတာပဲဟာ"

"မဟုတ်ဘူး"

နောင်ရဲ ... သူ ပြောချင်တာ မပြောရဲတိုင်း၊ ပြောရမှာ အားနာတိုင်း၊ မဟုတ်ဘူး ဆိုတာ ခေါင်းယမ်းလေ၏။

"ကျွန်တော် ... အဲ ... ပြောမယ်ဗျာ၊ ဒီလို ခြေကျိုးပြီး မျက်စိကောင်းရင် ဆရာမကို ကျွန်တော် မြင်ရမှာ"

"ခြေထောက်လောက်ကျိုးရင် ခုလို ပုဂ္ဂလိကဆေးတိုက်မှာ အနားယူဖို့ထိ ဘယ်ကူညီကြပါ့မလဲ ကိုနောင်ရဲရဲ့၊ ခြေထောက်ကောင်းတာနဲ့ ဆေးရုံကဆင်းပေါ့၊ ကျွန်မတောင် အလုပ်ရမှာ မဟုတ်ဘူး"

"အေးဗျ ... အဲဒါလည်း ဟုတ်တယ်၊ ကျွန်တော် ဆရာမ မျက်နှာကို လက်နဲ့စမ်းကြည့်ချင်လိုက်တာ၊ လန့်သွားသလား ဆရာမ၊ တကယ် မလုပ်ပါဘူး၊ ကျွန်တော် အားနာတတ်ပါတယ်"

"မျက်စိခွဲပြီးရင် မြင်ရမှာပေါ့"

"ကျွန်တော့်ကို ကျော်ဇေ ... ဘာဖြစ်လို့ ညာပြောတယ် မသိဘူး"

"ရှင် ... ဘာပြောလို့လဲ"

"ဆရာမအသက် သုံးဆယ်ကျော်ပြီတဲ့"

"အော် ... ကျွန်မက အရုပ်ဆိုးတော့ ရှိရင်းအသက်ထက် ပိုပြီး ရင့်ရော်ပါတယ်၊ ဒါကြောင့် နေမှာပေါ့"

www.burmeseclassic.com



"ညအန်တီက ပြောတယ်"

"ရှင် ... ဘာတဲ့လဲ"

ပြောစရာစကားတွေ့ လွဲကုန်လျှင် ဒုက္ခ၊ သို့... အန်တီဒိုရင်းနှင့် နားလည်မှု ယူပြီးသားမို့ စိတ်တော့ချရကောင်း... ရဲ့လေ။

"ဆရာမ လှသလားလို့ ကျွန်တော် မေးတယ်"

"ဩော် ... ဘာပြောလဲ"

"ရွက်ကြမ်းရေကျိုလေးပါပဲတဲ့"

ဟင်း ...။ ခုမှ သက်မကျသည်။ တော်ပါသေး...

"အန်တီဒိုရင်းက သက်သက်ညာညာ ပြောတာပါ၊ ဦးကျော်... ပြောတာ ပိုမှန်ပါတယ်"

"ကျော်ဇေကိုကျတော့ ဦးကျော်ဇေတဲ့၊ ကျွန်တော့်ကျ... ကိုနောင်ရဲ့တဲ့၊ ကျွန်တော်တို့ အသက်တူတူပဲဗျ၊ ဒါကို... နပ်လို့ ကျော်ဇေက ဆရာမကို သုံးဆယ်ကျော်လို့ ပြော... ဖြစ်ရမယ်"

နောင်ရဲ့ ရယ်သည်မို့ ယမင်းပါ ရောရယ်၏။

"လူနာနဲ့ဆရာမ ဆိုတော့ ရင်းနှီးဖို့ လိုတယ်လေ။ ဒါ... ကိုနောင်ရဲ့ ခေါ်တာပါ၊ ဦးကျော်ဇေကျတော့ လေးစား... ပြတာပါ၊ နောင်တစ်ချိန်မှာ ကျောင်းပြီးသွားရင် ဆရာ... တောင် ခေါ်ရဦးမှ မဟုတ်လား"

"အဲဒီကောင် ဆရာအခေါ်ခံရတဲ့ အချိန်မှာ ကျွန်တော်... မခံရတော့ပါဘူးဗျာ"

"သိပ်အခေါ်ခံချင်နေရင်လည်း ခုကတည်းက ခေါ်ပါ... ဆရာရဲ့"



နောင်ရဲ့ ဟက်ဟက်ပက်ပက် ရယ်သည်မို့ ယမင်းပါ ခစ်ခစ် ရောရယ်ဖြစ်ပြန်၏။

"ဆရာမ နာမည်ကလည်း ဂျက်စမင်သာ ဆိုတယ် ကရင်သံလည်း မပါဘူး၊ အန်တီဒိုရင်းဆို ကရင်သံ တော်တော်ပါတယ်"

"ကျွန်မ ... ကရင်လို့ ဘယ်သူပြောလဲ"

"မဟုတ်ဘူးလား"

"မြန်မာပါ၊ ငယ်ငယ်ကတည်းက မိဘမရှိတော့ မိဘမဲ့ သာသနာပြုမစ်ရှင်ကျောင်းမှာ နေခဲ့ရပါတယ်၊ အဲဒါနဲ့ ဂျက်စမင် ဖြစ်နေတာ"

"ဒါဖြင့် ... ခရစ်ယာန်ပေါ့"

"ဟုတ်ကဲ့"

"တစ်ခု မေးပါရစေဦး၊ ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ဗဟုသုတပေါ့"

"ဒီလူနာ လျှာခင်ကောင်းနေတာ တော်တော်ဆိုးတာပဲ ..."

ယမင်း နောက်နေမှန်း သိသည်မို့ နောင်ရဲ့ ပြုံးမိလေသည်။

"ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာ လက်မထပ်ရဘူးလား"

"ဥပဒေ ရှိ၊မရှိတော့ ကျွန်မ မသိဘူး"

"လက်ထပ်ကြတဲ့လူတွေ ရှိတယ် မဟုတ်လား"

"ရှိမှာပေါ့"

"သားသမီးတွေ ဘယ်ဘာသာ ကိုးကွယ်ကြမလဲဟင်"

"သူတို့ကြိုက်ရာ ယူကြမှာပေါ့ရှင့် ... ကိုနောင်ရဲ့နယ်၊ ကိုယ့်အပူ မဟုတ်တာကို"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သာ ခရစ်ယာန်ဘာသာဝင် အမျိုးသမီးတစ်ဦးနဲ့ လက်ထပ်ဖြစ်ရင် ဘုရားရှိခိုးကျောင်း လိုက်ပို့မယ်၊ ရွှေတိဂုံဘုရားကြီးလည်း ခေါ်သွားမယ်"

"စိတ်ကူးယဉ်တာ အခွန်မဆောင်ရတော့ ကြိုက်သလောက်သာ ယဉ်ပေတော့ ဆရာရဲ့ရေ ..."

"တကယ်ပြောတာ၊ အချစ်မှာလေ ... ဂုဏ်ပကာသန မရှိသလို ဘာသာတရားလည်း မရှိဘူး၊ အချစ်မှာ အချစ်ပဲ ရှိတယ်၊ ချစ်သူချင်း နားလည်မှုနဲ့ ကိုယ်ယုံကြည်ရာ ကိုယ်ကိုးကွယ်ကြရုံပဲ"

"စိတ်ကူးယဉ်နဲ့ လက်တွေ့ဟာ အများကြီး မဟုတ်တောင် နည်းနည်းတော့ ကွာတယ် ကိုနောင်ရဲ့"

"အင်း ... အဲဒါကို ကျွန်တော် လက်ခံပါတယ်ဗျာ၊ သိပ်ကို လက်ခံပါတယ်"

နောင်ရဲ မျက်နှာဘေးသို့ လွဲသွားသည်။ သူ တစ်ခုခုကို စိတ်မကောင်း ဖြစ်သွားပြီမှန်း သိလိုက်ရသည်မို့ ယမင်း မျက်နှာလေး နှမ်းဖတ်ညှိုးကျသွားရပါတော့သည်။

မိဘမဲ့သာသနာပြု မစ်ရှင်ကျောင်းမှာ ကြီးပြင်းခဲ့ရသူ ဂျက်စမင်ဆိုသည့် နာမည်နှင့် လိုက်ဖက်စွာ ခရစ်ယာန်ဘာသာဝင်ပါဟု ပြောလိုက်ရုံနှင့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် လက်ထပ်ဖြစ်ရင် ဘယ်လိုဖြစ်မလဲ ဆိုတာတွေ သူ လျှောက်တွေးသည်။ အမှန်အတိုင်း ဗုဒ္ဓဘာသာဝင်ပါရှင်ဟု ပြောမိလျှင် ...

"ဘာသာတူတွေ လက်ထပ်တော့လည်း ဘာပြဿနာမှ မရှိဘူးပေါ့"ဟုများ ပြောဦးမှာလား။



ကိုနောင်ရဲရယ် ... ရင်ထဲက အသည်းနှလုံးကို ကျွန်မ လှမ်းမြင်နေရပြီ ထင်မိပါတယ်၊ အဲဒီလို တွယ်တာနှောင်ဖွဲ့လာတာ ချိုးကို သိပ်သိပ်ပြီးတော့လည်း မျှော်လင့်မိပါတယ်၊ သိပ်သိပ်ပြီးတော့လည်း စိုးရိမ်မိပါတယ်။

တကယ်လို့သာ ... သူ ကိုယ့်ကို ချစ်နေပြီဆိုလျှင် ထိုအချစ်ကို ပိုင်ဆိုင်ရမလား၊ စွန့်လွှတ်ရမလား၊ ယမင်း ဘယ်လို ဆွေးရနိုင်ပါ့မလဲ။

* * *

အန်တီဒိုရင်း မြေးလေး မဆုံးလျှင် ဘယ်လောက် ကောင်းမလဲ။

ခုတော့ ...

အန်တီဒိုရင်း၏ အစ်မအကြီးဆုံးမှာ မြေးလေးတစ်ယောက်ရှိသည်။ သားမှမွေးသည့်မြေးမို့ အန်တီ့အစ်မကြီးနှင့်တော့ အတူမနေပါ။ သားက ယောက္ခမနှင့် နေသည်။ အဲသည်မြေးကလေး ဆုံးသွားသည်မို့ အန်တီက မဆုံးမီည၊ ကလေးဆေးရုံမှာ တင်ထားကတည်းက သွားစောင့်အိပ်ပေးဖို့အတွက် ခွင့်ပန်၏။

"အန်တီ့မြေးလေး ဆေးရုံတင်ရလို့ အန်တီလည်း တစ်ညလောက် စောင့်ပေးချင်တယ်၊ ကိုနောင်ရဲ ခွင့်လွှတ်နော်"တဲ့။

အဲသည်ကလေးက ဆုံးသွားခဲ့ပါသည်။ ထိုကလေး ဆုံးသွားသည်နေ့မှစကာ နောင်ရဲ ဒေါသတွေ ပိုများလာသည်။ တစ်ယောက်တည်း အံတကြိတ်ကြိတ်၊ မိမိလက်ဖဝါးကို မိမိတင်းတင်းဖြင့်ထိုး၊ ခေါင်းအုံးတွေ လွှင့်ပစ်၊ စောင်တွေ ကန်ချ၊

www.burmeseclassic.com



"စိတ်ကို ဖြေမှပေါ့ ကိုနောင်ရဲ၊ အဲဒီလို ဒေါသစိတ်တွေ ပြင်းနေရင် နှလုံးစိတ်ဖို့ရက်က ပိုဝေးသွားလိမ့်မယ်"

ခါတိုင်း ... ယမင်း ချော့လျှင် နူးညံ့သွားတတ်ပေမဲ့ သည်တစ်ကြိမ် တော်တော်လေး ကြမ်းသည်။

"ကိုဦးသာရှိရင် အဲဒီကလေး လုံးဝမသေဘူး၊ သိလား"

နောင်ရဲ ဒေါသဖြင့် အော်၏။

ကလေးက မွေးရာပါ လူကီးမီးယားလေး၊ မွေးမွေးချင်းမှာပင် ဤရောဂါ ပါလာမှန်း သိသည်မို့ တစ်ကိုယ်လုံးရှိသမျှ သွေးတွေ ထုတ်ပစ်ကာ သွေးသစ်လဲသည်။ ကလေးနည်းနည်းတော့ လန်းဆန်းလာသလိုလို အရှိသား။ ပြီးတော့ ... ရောဂါပြန်ဖြစ်၊ သွေးသစ်ပြန်လဲ၊ သုံးကြိမ်လုပ်အပြီးမှာ ကလေး ဆုံးရှာပါ၏။

"ကင်ဆာဆိုရင် ဘာကင်ဆာဖြစ်ဖြစ် တစ်ကမ္ဘာလုံးမှာကို မနိုင်သေးဘူး မဟုတ်လား၊ လူကီးမီးယားကို သွေးကင်ဆာလို့ သတ်မှတ်တာပဲ၊ ကိုနောင်ရဲလည်း သိမှာပါ"

"အဲဒီ လူကီးမီးယားကိုပေါ့၊ လုံးဝမပျောက်တောင် အသက်ရှည်ရှည် နေနိုင်စေမဲ့ ကုထုံးကို ကမ္ဘာ့သမားတော်ကြီးတွေ ရှာတွေ့ကြတာ၊ အဲဒီဆွေးနွေးပွဲမှာ ကိုဦး တက်ခဲ့တာ"

ယမင် ရင်ထဲ လေးလေးလံလံ ရှိလှပါဘိခြင်း။

ယင်းသုတေသနလုပ်ငန်းမှာ မြန်မာပြည်မှ ဒေါက်တာနောင်ဦး သွားရောက် ပါဝင်ခဲ့ပါသည်။ မြန်မာပြည်မှာ တွေ့ရှိထားသည့် ဆေးဖက်ဝင်အပင်၏ အကျိုးအာနိသင်ကို သိပ္ပံနည်းကျ စမ်းသပ်ရှာဖွေနိုင်ခဲ့ပါသည်။

"အဲဒီအပင် တစ်ပင်တည်းနဲ့တော့မရသေးဘူး၊ သူတို့ဆီက ..."



ဒေါက်တာနောင်ဦးက ခရီးရောက်မဆိုက်ပင် သူ့ညီ ဆရာဝန်လောင်းကို ပြောပြခဲ့တာတွေ အများကြီးရှိသည်။

"ပန်းကညွတ်ပင်ကို ဆေးပညာ အခေါ်အဝေါ်နဲ့ 'သဘော်မညှိုး'လို့ ခေါ်တယ်၊ အဲဒီဥစ္စာ တော်ရုံတန်ရုံ သယ်လက်ဆီးမီးယားတော့ ကောင်းကောင်း ပျောက်တယ်၊ ရောဂါပြင်းရင်၊ သိမဟုတ် လူကီးမီးယားဆိုရင် ..."

ဒေါက်တာနောင်ဦး မြန်မာပြည် ပြန်ရောက်ပြီးနောက် သူ့လေ့လာဆည်းပူး စမ်းသပ်ခဲ့သည့် ပညာရပ်များ၊ ဓာတုဗေဒပစ္စည်းများ၊ ဆေးဖက်ဝင် အပင်များအကြောင်း၊ စာတမ်းတင်၊ နိုင်ငံတော်အစိုးရကို တင်ပြ၊ ဝေဒနာရှင်များကို ကုသ ... စသည့် နိုင်ငံနှင့်ရှိသော အကျိုးပြုလုပ်ငန်းတွေ လုပ်စရာ အများကြီးရှိပါသည်။ တစ်ခုမျှ လုပ်မသွားနိုင်ခဲ့မီ ကွယ်လွန်ခဲ့ရခြင်းပါ။

ဘယ်လောက် နှမြောစရာ ကောင်းသလဲ။

နိုင်ငံတော်မှာ ဘယ်လောက် နစ်နာဆုံးရှုံးရပါသလဲ။

ဒါတွေကို ယမင်း ကောင်းကောင်း နားလည်ပါသည်။ သို့တုန်းကတော့ ... လူလူချင်း၊ ငါမသေဘဲ သူသေတာကို ဖြစ်နေထိုက်ကြတာ၊ တကတဲ ... ဟုတောင် ပြောမိခဲ့ပါ၏။ တစ်နိုင်ငံလုံး ဆေးပညာရှင်များ ယူကျုံးမရ ဖြစ်ကြခြင်းကို သည်းလွန်းသည်ဟု တင်ခဲ့မိပါ၏။

တစ်ယောက်တည်းနှင့် တစ်နိုင်ငံလုံး ရန်ဖြစ်ခဲ့သည့် ထားခင်း။

"ကိုဦးဟာ နိုင်ငံခြားမှာ ကြာသင့်သလောက် ကြာခဲ့တယ်၊ သူ သုံးခွင့် စွဲခွင့်ရတဲ့ ငွေတွေကော ... ဟိုမှာ ဆေးရုံတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မှာ လက်တွေ့ဝင်လုပ်လို့ရတဲ့ ဝင်ငွေရော၊ သူ့မှာ ပိုက်ဆံ တွေ အများကြီးစုမိခဲ့တယ် ...

"အစကတည်းက ဟော့ရမ်းတဲ့သူ မဟုတ်တော့၊ သူ သာဝယ်လာမယ်ဆိုရင် ဒေါ်လာငါးထောင်ကျော် ကားနှစ်စီး ကောင်းကောင်းရတယ်"

အဲသည် ... ဒေါ်လာငါးထောင်ကျော်တန် ကားတစ်စီး က ထုတ်လုပ်သည့်နှစ် နောက်ကျသော နောက်ဆုံးပုံစံသစ်ဆိုလျှင် မြန်မာပြည်မှာ ပေါက်ဈေး ခြောက်သိန်းကျော် ခုနစ်သိန်းရှိသည် ဆိပ်ကမ်းခွန်၊ အမြတ်ခွန် ... စသည့် အခွန်အခတွေပဲ ဆောင်ပါဦး အသားတင်အမြတ်ငွေ လေးသိန်းကျော် ငါးသိန်း၊ နှစ်စီးဆိုလျှင် ဆယ်သိန်းနီးပါ။

ဒီလောက်များသည့် ငွေကို တစ်ချီထဲ ပုံခနဲရအောင် ရှာဖို့ လွယ်မတဲ့လား၊ နေ့ချင်းပြီး သူဌေးဖြစ်နည်းပါ။ အဲဒီသူဌေး ဖြစ်နည်းကို ဒေါက်တာနောင်ဦး မလုပ်ခဲ့ပါ။

"ကိုဦးဟာ အဲဒီကားတွေ မပြောနဲ့၊ ဒေါ်လာနှစ်ထောင်ကျော် တန် ပစ်ကပ်တစ်စီးလည်း မပါဘူး၊ မောင်တော်ဆိုင်ကယ် တို့ တီဗီတို့ ဗီဒီယိုတို့ ဘာတစ်ခုမှ ဝယ်မလာခဲ့ဘူး ..."

"ဘာတွေချည်း စုပြုံဝယ်လာခဲ့သလဲ သိလား၊ သူကိုယ် တိုင် ဆေးရုံမှာ လုပ်ခဲ့စဉ်က ပေါပေါများများ လိုအပ်ပါလျက် နဲ့ သိပ်မရှိတဲ့ ဆေးပစ္စည်းတွေချည်း ဝယ်လာခဲ့တာ ..."

"မြန်မာငွေနဲ့တွက်ရင် သိန်းဂဏန်းတွေ အများကြီး ဒါတွေ အကုန်လုံး နိုင်ငံတော်ကို လှူတာ"

"ဪ ..."



ချီးကျူးမဆုံးသည့် အံ့မခန်းဆေတနာပါလား။ "ဪ" ဆိုသည့် အာမေဍိတ်သည် တလေးတစား ထွက်ကျရသည့် ချီးကျူး သံဝါ။ ဒီလိုလူမျိုး နှစ်ယောက် ဘယ်ရှိနိုင်ပါမလဲ။ ဒါကြောင့်လည်း တစ်နိုင်ငံလုံးက နမြောကြတာပါလား။

"ကိုဦးဟာ စတိုင်ပင်နဲ့ ဆရာဝန်ဖြစ်လာရတဲ့လူ၊ စတိုင်ပင် ယူပြီး၊ လွှတ်တဲ့နေရာ သွားရုံနဲ့ တာဝန်မကျေဘူးတဲ့၊ သူ့ ဆရာဝန်သက်တမ်း တစ်လျှောက်လုံးမှာ စားဝတ်နေရေး ဖူလုံရုံက ပိုတဲ့ငွေ အကုန်လုံး ဆေးပညာသုတေသနလုပ်ငန်း မှာပဲ သုံးမယ်တဲ့"

သည်စကားတွေ ပြောနေတော့ နောင်ရဲ ငြိမ်ကျသွား သည်။ လူကငြိမ်၍ အသံတွေ တုန်လာသည်။ သူ့အစ်ကို လူ့အဖိုး တန်ကြီးကို နမြောရှာမယ်လေ။

"ကျွန်တော် တစ်ယောက်တည်းအနေနဲ့ ကြည့်ရင်လည်း ဒါပဲ အဖေ၊ ဒါပဲ အမေ၊ ဒါပဲ အစ်ကို"

အားထားရာ မှီခိုရာ ဗင်ရိုပ်ကြီး လဲသည်မို့ မြင်းမိုရ် မှီသလောက် ကြေကွဲဝမ်းနည်းရှာပါလိမ့်မည်။

"ကိုဦးသာ အသက်ရှင်နေရင် လူကီးမီးယားတို့ သယ်လက် ဆီးမီးယားတို့လို ရောဂါရှင်တွေ တော်တော်များများကို အသက်ကယ်နိုင်ဦးမယ် ... ခုတော့ ..."

"တော် ... တော်ပါတော့ ကိုနောင်ရဲရယ်"

ခုတင်ပေါ် ခြေတွဲလောင်းချ ထိုင်နေသည့် နောင်ရဲ သို့ ယမင်းတိုးကပ်သွားသည်။ ကြမ်းပြင်ပေါ်မှာ ဒူးထောက်ချ သည်။ နောင်ရဲ ဒူးခေါင်းနှစ်ခုပေါ် လက်တင် မျက်နှာအပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



သည်းခိုက်စွာ ငိုကြွေးမိပါတော့သည်။ ယမင်း ဟန်ဆောင်ဖြေဆည်ထားလို့ မရတော့ပါ။

"ပြောရင် အပိုဖြစ်မယ်၊ ကျွန်မလေ ... ဒေါက်တာနောင်ဦးကို မြေကြီးထဲက ပြန်ဖော်ပြီး၊ ကျွန်မ အသက်ကိုနှင့် အစားထိုး ပေးချင်ပါတယ် ကိုနောင်ရဲ၊ တကယ် ... တကယ်ပါ"

ရင်ထဲမချိတင်ကဲမို့ ရှိုက်ရင်း ပြောရင်း ဝါကျထဲက ကြောင်းဆုံးအောင် ခွန်အား တော်တော်သုံးခဲ့ရပါသည်။

"ကျွန်မ သေပေးချင်ပါတယ်၊ လူချင်း လဲချင်ပါတယ် တကယ်ပါ၊ ခုတော့ ... ဘာမှလဲ လုပ်လို့မရဘူး၊ ကျွန်မသေပြီး ဒေါက်တာနောင်ဦး အသက်ရှင်လာမယ်ဆိုရင် ..."

"မငိုပါနဲ့ ဆရာမရယ်"

ယမင်း ဆံပင်များပေါ်သို့ နောင်ရဲ လက်ချောင်းလေး စမ်းတဝါးဝါး ကျလာသည်။ ဟိုသည် ရွေ့လျားၿပီ။ နောင်ရဲ မျက်ရည်စက်တွေ ယမင်း ဆံပင်များကြားကို ပေါက်ခနဲ ပေါက်ခနဲ ကျသည်။

"ကိုနောင်ရဲ မငိုနဲ့လေ"

"ဆရာမလည်း တိတ်ပါတော့"

တစ်ယောက်နှင့် တစ်ယောက် သွေးသားတော်စပ်ကြမည်ဆိုလျှင်၊ ချစ်သူတွေ ဖြစ်နေကြပြီဆိုလျှင် တွယ်ဖက်ကာ အပြန်အလှန် အားပေးရင်း ငိုဖြစ်ကြမည် ထင်ပါသည်။ ခုတော့ ... လူနာနှင့် သူနာပြုဆရာမ ရင်ထဲမှာ ခံစားမှုတွေ ဘယ်လောက်ပဲ ပြင်းထန်စေဦး၊ စောင့်စည်းရမည့် အတိုင်းအတာတွေက အများကြီးရယ်။



ကိုနောင်ရဲရယ်၊ ယမင်း ဘာလုပ်ရမလဲ၊ ဘာလုပ်ပေးရမလဲရှင်။ ဖွင့်မေးလိုက်ချင်စမ်းပါဘိ။ ဒေါက်တာနောင်ဦးနှင့် ယှဉ်တော့ မိမိသည် သုညအောက်မှာ တစ်ကမ္ဘာဆိုသည့် တန်ဖိုးမဲ့လူသား၊ ဘာမှ အတုမရှိ အဖိုးတန်လူသား။ ကွာချင်တိုင်း ကွာနေပါလျက်၊ တန်ဖိုးမဲ့ လူသားက အဓိပ္ပာယ်မဲ့စွာ အသက်ရှင်ကျန်ရစ်ခဲ့ရပါသည်။

လည်ချောင်းဝမှာ ဆို့နင့်နေသည့် ကြေကွဲမှုကို ဘယ်လိုမှ ဖြေမရ၊ ရင်ထဲမချိ၊ တစ်ကိုယ်လုံး နွမ်းဖတ်ညှိုးခွေကာ ယူကျုံးမရ ရှိလှပါဘိ။ မိမိတောင် ဒီလောက် ခံစားလိုက်ရပြီ ဆိုလျှင် ကိုနောင်ရဲ ဘယ်လိုနေရှာမလဲ ...။

ဘယ်လောက်ထိ ကြေကွဲဝမ်းနည်းရှာမလဲ ကိုနောင်ရဲရယ်။

✻ ❋ ✻

သူ့ခမျာလေး ငိုလိုက်တာ။

စေတနာရှင် သူတော်ကောင်းမလေး၊ ရင်နဲ့အမျှ အားတတ်ရှာတဲ့ သူနာပြုဆရာမလေး ဖ လာရင့်စ်နိုက်တင်ဂေးလ် ... တမ္ဘာတွင် ကျန်ရစ်ဖို့တောင် ကော ... ရဲ့။

"ဆရာမ ဘာဖြစ်လို့ ဒီလေ ... ငိုတာလဲ"ဆိုတော့ ...

"ဒေါက်တာနောင်ဦးကို ... မြာလို့၊ ကိုနောင်ရဲကို ... နားလို့" ... တဲ့။

"ကျွန်မ အသက်နဲ့ အသက်ချင်း လျော်ချင်လိုက်တာ ... ရင် မဖြစ်နိုင်မှန်းသိလို့ ပြောတယ် ထင်ကြမယ်၊ ဘယ်သူဘယ်လို ... ယုံ ကိုနောင်ရဲတော့ ယုံပါ" ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်ရဲလို ဆေးတက္ကသိုလ်ကျောင်းသား တစ်ယောက် မျက်စိကွယ်နေမဲ့အစား ကျွန်မပဲ ကွယ်ပါတော့ရှင်၊ ဒါမှမဟုတ်ရင်လည်း တစ်လုံးချင်း ဖောက်လဲပေးချင်ပါရဲ့" ... တဲ့။

"ရင်မှာ စေတနာတွေ အနန္တပါ၊ ဒါပေမဲ့ ... ဘယ်လိုနည်းနဲ့မှ ဖောက်ထုတ်လို့မရ၊ အစားထိုးပေးဆပ်ခွင့် မကြုံတဲ့ ဖြစ်ရပ်တွေမို့၊ အပိုတွေ ပြောနေတယ်ပဲ ထင်ကြမှာ"... တဲ့။

"ဒီလောက် ခံစားတတ်ရသလား ဂျက်စမင်ရယ်၊ မင်းလေး အရွယ်နဲ့ မလိုက်အောင် စေတနာ ကောင်းလှချေလား သူတော်စင်မလေးရယ်"

ရင်ထဲမှာ တန်ဖိုးထားလိုက်ပုံက မပြောပါနှင့်တော့။ ဂျက်စမင် ဆိုသည့် သူနာပြုလေးကို ရင်နှင့်မဆံ့ ချစ်မက်မြတ်နိုးရလွန်းသည်မို့ ကိုယ့်ရင်ခွင်နှင့်တောင် မတန်ဟု ထင်မိတော့သည်။

"မင်းကို ဘယ်လောက်ထိ ချစ်မိသလဲဆိုရင် ကိုဦးသာ ရှိရင်လေ၊ မင်းလို သူတော်ကောင်းမလေးကို ကိုဦးလို အရိုးတန်လူသားရဲ့ ရင်ခွင်ထဲကိုတောင် ပို့ပေးချင်မိတယ် —

"အဲဒါ မင်းကို မချစ်လို့မထင်နဲ့၊ ချစ်လို့ ... သိပ်ချစ်လို့၊ ကိုယ်နဲ့တောင် မတန်ဘူးလို့၊ အဲဒီလောက်ထိ မင်းကို ချစ်တယ်"

ဒီစကားတွေကို နောင်ရဲ ဘယ်လိုဖွင့်ပြောရက်ပါ့မလဲ အကျည်းတန် ချစ်သူမလေးရယ်။

ကျော်ဇေက ပြောတော့ အရုပ်ဆိုးတယ်တဲ့။ ဂျက်စမင်ကိုယ်တိုင်ကလည်း အရုပ်ဆိုးတယ်လို့ပဲ ဝန်ခံပါတယ်။ အန်တီဒိုရင်းကတော့ ရွက်ကြမ်းရေကျိုလေးတဲ့။ ဘာပဲဖြစ်ဖြစ် ကြည့်ပျော်ရှုချော် အသားညိုလေးတော့ ဖြစ်မှာပဲ။



ဘီလူးမလို ရုပ်ကြမ်းကြီးမျိုးနဲ့ပဲ ဖြစ်ပစေဦး၊ မင်းရဲ့ ...တ်ထားနဲ့ မင်း ရင်ထဲက နှလုံးသားကို တန်ဖိုးထားတယ်၊ မင်း ...ချစ်တယ်၊ အချစ်မှာ ရုပ်ရည်ဆိုတာဟာလည်း ခွန်အားကြီးပစ္စည်း ...ခု မဟုတ်ပါဘူး။

ချစ်တယ် ဂျက်စမင်။

* * *

www.burmeseclassic.com



## ချစ်သူ့ရင်မှာ

"မင်း ... ဘယ်လို ကဝေအတတ်နဲ့ ပြုစားလိုက်သလဲ ယမင်းသက်ဝေ"

ကျော်ဇေ့ မျက်ဝန်းတွေ မီးပွင့်နေသည်။

ဝမ်းနည်းကြေကွဲရတာတွေ များလွန်းတော့လည်း ယမင်းသက်ဝေမှာ စိတ်နူးညံ့လာရသလိုမို့ တော်တော်လေး သည်းခံ ဖြစ်ပါသည်။ အန်တီဒေါ်ခင်လေးမြင့်နှင့်မှ ယခင်ကလို ရန်မဖြစ် ကြတာ ကြာပြီ။ ဒီလို စိတ်ပြောင်းပါလျက် ကျော်ဇေ တစ်ယောက် အပေါ်တော့ သည်းခံနိုင်စွမ်းအား ကုန်ခန်း၏။ ဒီလူကလည်း လွန်း၏။

"ရှင့်ကို ပြုစားခဲ့တဲ့ နည်းကိုပဲ သုံးတယ် ... ကဲ"

စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်တော့သည်။

"ဟိုကောင်က ခင်ဗျားကို အရူးအမူး ဖြစ်နေပြီ"

"ဟုတ်လား ... သိပ်ကောင်းတာပေါ့"

"ဘာပြောတယ်"

"ကြားတဲ့ အတိုင်းပဲ"



ယမင်းသက်ဝေ မျက်နှာတစ်ခုလုံး မဲ့ပစ်သည်။ ကျော်ဇေ လက်သီးလက်မောင်းတန်းကာ ဆွေ့ဆွေ့ခုန်လေ၏။

"ငါ ... ဂျက်စမင်ကို သိပ်ချစ်နေပြီကွာ၊ ဖွင့်လည်းမပြောရဲဘူး၊ မပြောရက်ဘူး ဆိုရင် ပိုမှန်မယ်"

နောင်ရဲ ပြောပုံက စိတ်ပါလက်ပါ ရှိလွန်းသည်မို့ အဲဒီအသံကို နားထဲမှာ စွဲနေသည်။

"မင်းက အရုပ်ဆိုးတယ်လို့ ဘယ်လောက်ပြောပြော၊ ဆိုးပစေ၊ ငါ ချစ်တယ်"

"မင်း ... သူ့ရုပ်ကိုမြင်ရင် စိတ်ပျက်သွားမှာ"

"ဘယ်နည်းနဲ့မှ မပျက်ဘူး၊ သေချာတယ်၊ အင်း ... ရယ်စရာပြောရရင် အချစ်မှာ မျက်စိမရှိဘူးဆိုတာ ငါပဲ၊ ငါမှ သူ့ကို မမြင်ရတာ မျက်ကန်းချစ်ဆိုတာ ဒါပဲကွ"

"မင်း သူ့ကို မြင်ရတဲ့နေ့မှာ အကြီးအကျယ် စိတ်ပျက်မယ်၊ အပြင်းအထန် မုန်းမယ်"

"မဖြစ်နိုင်ဘူး၊ သူ့ရုပ် ဘယ်လိုပဲရှိရှိ ငါချစ်မှာပဲ"

"ရုပ်နဲ့မဆိုင်တဲ့ တခြားအကြောင်းအရာတွေ ..."

"အကျင့်စာရိတ္တပိုင်း ဆိုင်ရာမှာတောင် ငါနဲ့ မတွေ့ခင်က ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ငါ့လက်ထဲမှာ ကောင်းရင် တော်ပြီ"

"မင်း ရူးနေပြီ နောင်ရဲ"

"အေး ... ရူးတယ် ဆိုရင်တောင် အချစ်ရူးပဲ"

"သေလိုက်တော့"

ကျော်ဇေ စိတ်တိုတိုနှင့် ဆဲလေ၏။

"သူ ... အရုပ်ဘယ်လောက်ဆိုးဆိုး၊ လမ်းပေါ်မှာ လေလွင့်ပျက်စီးခဲ့ဖူးတဲ့သူ ဖြစ်ပစေဦး၊ ဖွတ်ကျော်ပြာရှုံအောင် ချဲတော

www.burmeseclassic.com



နေပစေကွာ သူနဲ့ ပတ်သက်ပြီး တာဝန်ယူ ထောက်ပံ့ရမဲ့ သူတွေလည်းများချင်သလောက် များပစေ"

"နေပါဦး ... မင်းက သူ့အကြောင်း ဘယ်လောက်သိပြီလဲ"

"ဂျက်ဇမင်၊ နေ့စောင့် အထူးသူနာပြုဆရာမ ဆိုတာကလွဲပြီး ဘာတစ်ခုမှ ပိုမသိဘူး၊ သိလည်း မသိချင်ဘူး"

"သောက်ရူး ... ခွေးနဲ့ နွားနဲ့ ကပြား"

ဒီလောက် ပျစ်ပျစ်နှစ်နှစ် ဆဲတာတောင် နောင်ရဲ့ အပြုံးမပျက်ပါ။ သဘောကျစွာ ရယ်နေနိုင်၏။

"ဒါပေမဲ့ ငါ့မျက်စိ ပြန်မကောင်းခင် ငါဖွင့်မပြောရက်ဘူး၊ သူ့စေတနာတွေကို စော်ကားရာ ရောက်မှာစိုးတယ်၊ အပြစ်ရှိ အယုယ ခံရအောင် ချွဲတာလို့ ထင်မှာစိုးတယ်"

ဒီအတိုင်းဆိုလျှင် မျက်စိတစ်သက်လုံး ပြန်မမြင်ပါစေနဲ့တော့လို့တောင် ဆုတောင်းရမလို ဖြစ်နေပါပြီ။ ကျော်ဇေဦးနောက် အကြီးအကျယ် ခြောက်လေ၏။ ယခု ... သူ့ရှေ့မှာ ထိမထင် မျက်နှာပေးနှင့် ခပ်ဖွာဖွာ ခပ်မာမာ ပြောနေသည့် အသံတွေကို ကက်ဆက်နှင့်ဖမ်းကာ နောင်ရဲကို ဖွင့်ပြချင်မိသည်။

မဖြစ်နိုင်လို့သာပါ။ နောင်ရဲကို ငဲ့ရမည်မို့သာပါ။

"မင်းနဲ့ နောင်ရဲနဲ့ မတန်ဘူးဆိုတာ မင်း နည်းနည်းမှ သဘောမပေါက်ဘူးလား"

"နေပါဦး၊ ရှင်က မနာလိုနေတာလား"

"ဝေးသေး ... ငါဖို့မှာ တစ်လောကလုံး မင်းက လွဲရင် ပေါ်ဆန်းမွှေးနဲ့ ပုသိမ်ကျွဲချည်းပဲ၊ မင်း တစ်ယောက်တည်း ဖွဲဆန်ကွဲ"



ယမင်း ဟက်ခနဲ ရယ်သည်။

"ဒါဖြင့် မတန်ဘူး ဆိုရအောင်၊ ရှင့်လူ ကိုနောင်ရဲနဲ့ ကျွန်မနဲ့ နှစ်ယောက်မှာ ဘယ်သူက နူနေသလဲ"

"မင်း ..."

"ဘာ ..."

ယမင်း ခုန်ထလာသည်။

"မင်းမှာ ဘာအရည်အချင်းတစ်ခု ရှိသလဲ၊ လူတစ်ကိုယ် အရည်အသွေးတစ်မျိုးစီ ရှိကြတယ် ဆိုရင်တောင် မင်းပိုင် အရည်အချင်းက နူဝဲပြီး ပွစာတက်နေတဲ့ အရည်အသွေးမျိုး"

"ရှင် ... ယောကျ်ား မဟုတ်ဘူး၊ မိန်းမ ... မိန်းမ"

"အေး ... ငါ့ကို နှိမ့်နှိမ့်ချချ ပြောဖို့အတွက် မိန်းမဆိုတဲ့ စကားလုံးကို မင်း သုံးတယ်၊ ဒီကတည်းက မိန်းမ ဆိုတာ ယောကျ်ားတွေလို အသုံးမကျဘူး ဆိုတာ ထင်ရှားနေပြီ၊ အသုံးမကျတဲ့ မိန်းမတွေထဲမှာတောင် မင်းက ဘိတ်ချိုး"

"တော်တော့"

"မင်းလည်း ကဝေအတတ်တွေကို ရပ်တန်းက ရပ်တော့"

"မောင်ကျော်ဇေ"

ဓာခန်းဆီးကို ပင့်မလျက် ဒေါ်ခင်လေးမြင့် ထွက်လာသည်။ ယမင်းက သူ့ကိစ္စတွေမှာ ဝင်ပါလျှင် မကြိုက်တတ်သည်မို့ ဒေါ်ခင်လေးမြင့် အခြေအနေက ... ကြည့်နေ၊ ကြည့်စား၊ ကြည့်သွား ဆိုတာမျိုးပါ။ ခုတလော ပြေလည်လာသည့် အခြေအနေလေးတွေ ပြန်လည်ပျက်ပြားသွားမှာလည်း စိုးရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိက ကိုယ်ပိုင်ဆေးတိုက်တစ်ခုဟု နောင်ရဲ သိထားသည်မို့ ကျော်ဇေ အားလျှင် အားသလို နောင်ရဲထံ ရောက်လာတတ်သည်။ ကျော်ဇေ ရောက်လာတိုင်း အောက်ထပ် ဧည့်ခန်းဆင်းကာ ယမင်းနှင့် ရန်ဖြစ်ရသည်ချည်းပါပဲ။

"ဆောရီး အန်တီ၊ ကျွန်တော် လူကြီးသူမကို လေးစားတတ်ပါတယ်"

"အေးကွယ် ... အေးအေးဆေးဆေး ထိုင်ပါဦး၊ သမီးကလည်း မောပါ့မယ်၊ နားနားနေနေ ပြောတာပေါ့"

ကျော်ဇေက မတ်တတ်ရပ်နေရာမှ ထိုင်ချသည်။ ယမင်းသည်သာ မထိုင်ချင် ထိုင်ချင် ပုံစံနှင့် မကောင်းတတ်၍ ထိုင်ရသည်။

"သမီးနဲ့ မောင်နောင်ရဲတို့ ကိစ္စအတွက် မောင်ကျော်ဇေ ပူပန်သလောက် ပြဿနာကြီးကျယ်မယ် မထင်ပါဘူး"

"ကျွန်တော် ပြောပါရစေ အန်တီ၊ ယမင်းသက်ဝေဟာ နောင်ရဲဘဝကို ဖျက်ခဲ့တာ နှစ်ကြိမ်ရှိပြီ"

ဒေါက်တာနောင်ဦး ယမင်း ပယောဂကြောင့် ကွာလွှန်ရခြင်း၊ နောင်ရဲ ကားတိုက်မှုနှင့်ပင် မျက်စိကွယ်သွားရခြင်းအ ကို ဆိုလိုကြောင်း ဒေါ်ခင်လေးမြင့် သိပါသည်။

"တတိယအကြိမ် ပျက်ဦးမယ်ဆိုရင် ဒီလိုတရားခံမျိုး ကြီးမေးသတ်ဖို့ ကောင်းပြီ"

"ရှင့်အရင်သတ်၊ ရှင့်လို မနာလိုဝန်တို မစ္ဆရိယတုံးကြီး အရင်သေ"

"အန်တီပြောမယ် မောင်ကျော်ဇေ၊ ယမင်းဟာ မောင်နောင်ရဲ အပေါ်မှာ တကယ် စေတနာထားရှာတာပါ"



"ဘာပဲဖြစ်ဖြစ် ..."

"ခဏနေဦး ... မောင်နောင်ရဲ အနေနဲ့လည်း ငယ်ကတည်းက မိခင်လိုမေတ္တာမျိုး မရခဲ့တော့ ယမင်း အပြုအစုမှာ သိပ်တွယ်တာနေတာပါ၊ ဒါသဘာဝကျသားပဲ မောင်ကျော်ဇေ"

"မကျဘူး ခင်ဗျ"

ကျော်ဇေက လူရိုးလူဖြောင့် လူတစ်မျိုးကြီးမို့ ခွတော့သည်။ သို့ပေမဲ့ စိတ်ကောင်း အလွန်ရှိသည်။ မနောချိုသလောက် အပြောတို၏။

"ဂျက်စမင်ဟာ ယမင်းသက်ဝေမှန်း သိသွားတဲ့နေ့မှာ နောင်ရဲ တတိယအကြိမ် ဘဝပျက်မယ်"

"ဘာဖြစ်လို့ပါလိမ့်ကွယ်"

"ဝိရောဓိပေါ့ အန်တီ၊ ရင်ထဲမှာ ပဋိပက္ခ ဖြစ်မယ်၊ သူသိပ်မုန်းနေတဲ့ မိန်းမကို သူ သိပ်ချစ်နေမိတယ်၊ သူ ... ဘယ်လောက် ရင်နာမလဲ၊ အဲဒီအခါမှာ သူ ဖြစ်ချင်ရာ ဖြစ်သွားနိုင်ပါတယ်၊ လူတစ်ယောက်ဟာ သူများနဲ့ ရန်ဖြစ်ရတာ လွယ်တယ်၊ ကိုယ့်တစ်ယောက်တည်း ရန်ဖြစ်ရတာ ရှုံးတောင် ရှုံးနိုင်တယ် အန်တီ"

ဒေါ်ခင်လေးမြင့် ခေါင်းညိတ်မိရက်သား ဖြစ်သွားရသည်။ သူငယ်ချင်းအပေါ်မှာ စေတနာထားရှာသည့် ကျော်ဇေ၏ တကိုလည်း ချီးကျူးမိပါ၏။

"ဒါပေမဲ့ ... သမီး စေတနာ ဖြူစင်သလောက် အတုမဲ့တယ် မောင်ကျော်ဇေ"

မှုထင်ပါဘူး ... ဟု မပြောဖြစ်တော့ပါ။

"အန်ဝဲတို့ နည်းလမ်းရှာကြတာပေါ့၊ စိတ်ရှည်ရှည်ထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သူငယ်ချင်း နေမြင့်လေ အရူးရင့်လေ ဖြစ်မှာ
စိုးတယ်"

"မောင်နောင်ရဲ့ကလည်း သူ့မျက်စိ ပြန်မကောင်းချင်
ဖွင့်ပြောမယ် မထင်ပါဘူး၊ မောင်ကျော်ဇေကိုသာ သူငယ်
ချင်းလည်းဖြစ်၊ ရင်ဖွင့်စရာလည်း ဒီတစ်ယောက်တည်း
ဖွင့်ပြောတာ နေမှာပါ"

"ကျွန်မကလည်း မိန်းမသားပါ ... ရှင့်သူငယ်ချင်းကို ရည်
စကား မပြောပါဘူး၊ ခုဟာက ကျွန်မကြောင့် သူ့မှာနစ်
ရတာ အကြိမ်ကြိမ်မို့ ကျွန်မ တတ်နိုင်သလောက် ပြန်
တာ သက်သက်ပဲ၊ ရှင် ... အဲဒီလောက် သည်းပြမနေနဲ့"

"ကျုပ်တုန်းကလည်း မင်းကစပြီး ဖွင့်မပြောပါဘူး၊ ခ
ပြောဘဲ မနေနိုင်အောင် ပြုစားခဲ့တာပဲ"

"ရှင်"

"အို ... ယမင်း"

ဒေါ်ခင်လေးမြင့်သာ အဆွဲမမြန်လျှင် ကျော်ဇေ မျက်
တစ်ခြမ်း လည်ထွက်သွားမှာမလွဲ။ ပါးကိုရိုက်ချဖို့ လွှဲတက်လာသ
လက်ဝါးမှာ ဒေါ်သရှိန်က အဲသည်လောက် ပြင်းသည်။

"ယောကျ်ားစိတ်နဲ့ ယောကျ်ားစကား ပြောပါ မောင်ကျော်
ငါ ယောကျ်ားပဲဆိုပြီး ပြောတိုင်း တင့်တယ်တယ် မအောင်
နဲ့"

"အန်တီ ... လွတ်"

သူ့ကို ချုပ်ကိုင်ထားသည့် ဒေါ်ခင်လေးမြင့် ယ
မှ ယမင်းက အတင်းရုန်းသည်။ ဒေါ်ခင်လေးမြင့် မနည်းကြ
ချုပ်ထားရသည်။



"ကျွန်တော် မှားသွားပါတယ် အန်တီ၊ နှုတ်သီးကောင်းလျှာ
ပါး၊ မိန်းမကောင်း ရန်တွေ့လို့သာ ဆိုရိုးရှိပါတယ်၊ ကျွန်တော်
တောင်းပန်ပါတယ်"

"ကဲ ... သမီးကလည်း ကျေနပ်ပါ၊ အေးအေးဆေးဆေး
ပြန်ထိုင်ဦး"

"ဒေါ်သအလျှောက် ပြောလိုက်မိတဲ့ စကားတစ်ခွန်းဟာ
ယောကျ်ားမဆန်သလို ဖြစ်သွားတယ်၊ ယောကျ်ားကောင်း
တစ်ယောက်ဟာ ဘယ်လိုမိန်းမသားမျိုးကိုမှ ဒီလိုစကားမျိုး
နဲ့ မရိုးနှိမ်သင့်ဘူး၊ ကျုပ် မှားသွားတယ် ယမင်း"

"ချီးကျူးပါတယ် မောင်ကျော်ဇေ၊ ယောကျ်ားကောင်းပီသ
စွာ ပြောဆိုဆက်ဆံရဲတဲ့ သတ္တိကို အန်တီချီးကျူးပါတယ်"

"ကျွန်တော် ပြန်မယ် အန်တီ"

"ကောင်းပါပြီ"

* * *

"အန်တီ"

ယမင်း ... ဒေါ်ခင်လေးမြင့် ရင်ခွင်ထဲသို့ ထွေးခန
သည်။ ဒေါ်ခင်လေးမြင့်က အလိုက်သင့် ဆီးပွေ့၏။ အရေး
တော့လည်း သွေးနီးရာဆိုသည့် ဆိုရိုးရှိသည်လေ။

ခုလို ခံစားမှုမျိုးစုံဖြင့် တုန်လှုပ်ချောက်ချားတော့
ရင်ခွင်တစ်ခုဆီသို့ ယမင်း ပြေးဝင်ခိုလှုံ၏။ ယမင်းအဖို့က
ဒေါ်ခင်လေးမြင့်ကလွဲလို့ ဘယ်သူမှ မရှိဘူး မဟုတ်လား။

"ငိုရပြန်ပြီကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ယမင်း ဆံပင်လေးများကို ယုယစွာ သပ်ပေးသည်။

မျက်ရည်ဆိုသည်မှာ ယမင်းအဖို့ အစတုန်းကတော့ ရှားပါးပစ္စည်းပါ။ ယမင်းသည် မိန်းမသားဆိုပေမဲ့ ငိုခဲ၏။ ယမင်း ငိုသည်ဆိုတာ ရှာမှရှား။ ယမင်းကို ကြည့်လိုက်တိုင်း ဒေါသဖြင့် ခက်ထန်နေသည်ချည်းပါ။

"ဘာလို့ ငိုရတာလဲ သမီးရယ်"

"ယမင်းလေ ..."

"ပြော ... သမီး"

"ဝမ်းလည်းနည်းတယ်၊ ဒေါသလည်း ဖြစ်တယ်၊ ရင်ထဲမှာ မခံချိမခံသာနဲ့၊ ပြီးတော့ ရှက်လည်း ရှက်မိပါတယ်၊ ယမင်း ယူကျုံးမရလည်း ဖြစ်တယ်၊ ဒီအခြေအနေကို ယမင်း လုံး မခံနိုင်ဘူး ...

"ဒါပေမဲ့ ယမင်း ဘာမှမလုပ်နိုင်ဘူး၊ ဒီဖြစ်ရပ်မှာ ကြိတ်မှိတ်ခံစားနေရတယ်၊ ယမင်း နောက်ထပ် ဘာအမှား အယွင်း တစ်ခုမှ ထပ်မဖြစ်ချင်ဘူး ...

"ယမင်း ... သူ့ကို ချစ်တယ် အန်တီ"

ဒေါ်ခင်လေးမြင့် သက်ပြင်းမောကို ချလေ၏။ ယမင်း မျက်ရည်စတွေကို သိမ်းပေးသည်။

"ယမင်း ... ဘာလုပ်ရမလဲ အန်တီ၊ ယမင်းကို ပြောပါ"

"သမီးရယ် ..."

ဒေါ်ခင်လေးမြင့် မျက်ရည်ကျလေသတည်း။

ယမင်း ဘာလုပ်ရမလဲ၊ ယမင်းကို ပြောပါ ဆိုတာမျိုး ယမင်း တစ်ခါမျှ မပြောဖူးခဲ့ပါ၊ ယမင်းစိတ်နှင့် ယမင်းကိုယ်



ခင်းဆန္ဒ၊ ယမင်းသဘောတွေနှင့် ထင်ရာစိုင်းခဲ့သည်ချည်းပါပဲ။ ...တ်ထိမှ အမိတာ ... တဲ့။

ယမင်းမှာ တ,စရာ မိခင်ဟူ၍ ဒေါ်ခင်လေးမြင့်ပဲ ...သည်။ ဒေါ်ခင်လေးမြင့်သည် ယမင်း၏ အဒေါ်ဝမ်းကွဲလည်း ...သည်။ ယမင်း၏ ဆရာမလည်း ဖြစ်ခဲ့သည်။ ယမင်း မိထွေး ...မိခင်နေရာမှာလည်း ရှိသည်လေ။

"သမီးကို အန်တီ ချစ်ပါတယ်၊ သိပ်ကို ချစ်ပါတယ်၊ အဲဒါကို သမီး ယုံစေချင်တာပဲ"

ယုံသလို ဖြစ်လာမိသည်မို့ ယမင်း ကိုယ့်ကိုယ်ကိုယ် ...င် အံ့ဩသည်။ ညွတ်ပျောင်းလာသည့် ယမင်းသဘောကို ...ခင်လေးမြင့် လူကြီးမို့ ရိပ်မိသည်။ ရင်ထဲမှ မေတ္တာတွေကို ...င့်သင့်တုန်း ဖွင့်ပြောလိုက်ချင်သည်။

"သမီးဖေဖေကို အားကိုးရာ ကျေးဇူးရှင်ကြီးအဖြစ် မေတ္တာ သက်ဝင်တာလည်း ပါပါတယ်၊ အန်တီ ညာမပြောပါဘူး၊ ယမင်းကို ချစ်လို့ အရွယ်ရောက်လာတဲ့ သမီးကလေးအတွက် မိခင်နေရာမှာ နေပေးချင်လို့ ...

"အဲဒီစေတနာက အဓိကပါ ယမင်း၊ လက်တွေ့မှာ ယမင်း အထင်လွဲတော့ အန်တီ ကွာပေးပါ့မယ်လို့ အစ်ကို ကြီးကို ပြောခဲ့သေးတယ်"

"ရှင် ... အန်တီ"

"ယုံပါ ယမင်းရယ်"

"ဖေဖေ ... ဒီမိန်းမကို ကွာပါ"ဟု ယမင်း ပြော...

...သည်။

www.burmeseclassic.com



"ခုလက်ထပ်၊ ခုကွာ … လုပ်လို့ ဒါ ကလေးကစားစရာ ကိစ္စလည်း မဟုတ်ဘူး၊ မိန်းမသား တစ်ယောက်ကိုလည်း ညှာရမယ်၊ ဖေဖေလည်း နာမည်ပျက် မခံနိုင်ဘူး"ဟု ဖေဖေ ခါးခါးသီးသီး ငြင်းခဲ့ဖူးသည်။

အဲဒီတုန်းကတည်းက ဖေဖေ ပြောပြဖူးပါသည်။

"ခင်လေးမြင့်ကဆို … ကွာပေးပါ၊ ကွာမပေးရင် ထွက်သွားမယ်တောင် ပြောတယ်၊ သမီးကို ပစ်မထားခဲ့ပါနဲ့လို့ ဖေဖေ မနည်းတောင်းပန်ထားရတာ"တဲ့။

အမယ်လေး မူယာမာယာ များလှတာ နေမှာပေါ့၊ ဒါမှမဟုတ်လည်း ဖေဖေက သူ့မိန်းမကို သက်သက် အမွန်းတင်ရအောင် ညာပြောတာနေမှာ … ဟု ယမင်း တွေးခဲ့မိပါသည်။ ယမင်း တွေးခဲ့မိပါသည်။

ယခု … အန်တီ ထပ်ပြောပြမှ ယုံချင်လာမိ၏။

"သမီးကို အန်တီဟာ နို့ဘူးတိုက်ပြီး ညတူတူအိပ်ခဲ့ရတဲ့ ဝမ်းနဲ့ မလွယ်ရုံ အမေပါ"

ယမင်း ငယ်ငယ်က အန်တီ့ကို သိပ်ချစ်ခဲ့ပါသည်။ အန်တီ့ လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရတာကို မှတ်မိနေသည်။ အန်တီသည် အပျိုကြီး ကျောင်းဆရာမလုပ်ရင်း ယမင်းကို ထိန်းကျောင်းမကျန်းမာသည့် ယမင်းအမေ၊ သူ့အစ်မကို ပြုစု၊ အဲသည်လို နေခဲ့သည့် အန်တီ။

ယမင်း မေမေ ဆုံးသွားတော့မှ အများအမြင်မတော်ဘူးဟုဆိုကာ အိမ်ခွဲဆင်းသွားသည်။ သို့ပေမဲ့ ယမင်းကို စာလာသင်ပေး၊ ပြုစု။ စင်စစ် … ယမင်း ထဘီနိုင်မြဲအောင် ဝတ်တတ်ဖို့ထ အစ အန်တီ သင်ပေးခဲ့တာတွေ ခုမှ ပြန်လည်ခံစားရတော့သည်။



"သမီးဟာ ငယ်တုန်းကဆို အန်တီ့ကို သိပ်ချစ် သိပ်အားကိုးခဲ့တယ်၊ သမီး သံယောဇဉ်ကြောင့် အစ်ကိုကြီးကို လက်ထပ်ဖြစ်ခါမှ သမီးရဲ့ အချစ်တွေကို အန်တီ ဆုံးရှုံးခဲ့ရတယ်"

"အန်တီ … ယမင်း နားလည်ပါပြီ၊ ယမင်း လိမ္မာပါပြီ၊ ယမင်း အားကိုးပါပြီ အန်တီရယ်"

နောင်တစကားကို ဆိုရင်း ယမင်း ငိုပြန်၏။

"ဝမ်းသာလိုက်တာ သမီးရယ် … အန်တီ ဝမ်းသာလိုက်တာ၊ အစ်ကိုကြီး သိစေချင်လိုက်တာ"

"ဟင် … ဝမ်းသာတယ်ဆိုပြီး အန်တီ ဘာလို့ငိုတာလဲ၊ မငိုနဲ့လေ"

"ဝမ်းသာလွန်းလို့ ကျတဲ့မျက်ရည်ပါ သမီးရဲ့၊ သမီးကျတော့ကော မငိုနဲ့လေ"

သားအမိနှစ်ယောက် အပြန်အလှန်ဖက်ကာ မျက်ရည်စသုတ်ပေးကြသည်။ ပါးပြင်တွေမှာ မျက်ရည်အပြိုင်စီးလျက်နေကြသည်။ မေတ္တာလေပြည်အေးသည် ယမင်းတို့ သားအမိကြားဖြတ်ပြေးလေ၏။

❋ ❋ ❋

"မော်ကျော်ဇော်ကိုတောင် ကန်တော့ပွဲနဲ့ သွားဂုဏ်ပြုဖို့ ကောင်းတယ်"

"ဟင် … အန်တီကလည်း၊ ဒီလောက် ရက်ရက်စက်စက် ပြောသွားတဲ့ လူကြီးကို"

www.burmeseclassic.com

www.burmeseclassic.com



"သူ ရက်ရက်စက်စက် ပြောလို့ ယမင်း ဆွေ့ဆွေ့ခုန်မခံ မရပ်နိုင် ဖြစ်တယ်၊ လောလောဆယ် ဖြစ်ရပ်ကိုလည်း မခံနိုင်ဘူး၊ ဘာမှလဲ လုပ်လို့မရဘူး၊ ဒီတော့ ... [illegible]ကိုရင်ခွင်ထဲ ဝင်ငိုတယ်၊ ယမင်းရဲ့ အားထားမှုကို အန်တီရလိုက်တယ်၊ ကဲလေ ... ကျေးဇူးတင်စရာ မကောင်းဘူးလား"

ယမင်း ရှက်ပြုံး ပြုံးသည်။

"ယမင်းက အစကတည်းက အန်တီ့ကို ချစ်တာပဲ"

အန်တီ့ကို ချစ်တာပဲ ဆိုသည့် စကားက အမှတ်မထင် ပွင့်ထွက်သည်။ ရှက်တော့ ရှက်၏။ ဆိုးတုန်းက သိပ်ဆိုးခဲ့ပြီး ချက်ချင်းကြီး လိမ္မာပြရမှာ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။ ဒေါ်ခင်လေးမြင့် အလိုက်သိစွာ တခြားစကားကို လွှဲသည်။

တကယ်တော့ ခုလို လိမ္မာလာရတာကိုက သူ့ကို ချစ်မိလို့ ယမင်း အမြင်မှန်တွေ ရလာပြီး စိတ်ဓာတ်တွေ ပြောင်းခဲ့ရတာ။ ဒါပေမဲ့ ချစ်ခွင့်ကိုတော့ ဒီတစ်သက် ရမယ်မထင်ပါဘူးလေ။

"ယမင်း အပေါ်ထပ် ပြန်သွားတော့မယ်နော် အန်တီ၊ ထမင်းစားမယ်ဆိုပြီး ဆင်းလာတာ"

"အေး ... အေး၊ ညစာကျရင် အန်တီနဲ့ တူတူစားရအောင် ယမင်း ကြိုက်တတ်တဲ့ဟင်းတွေ ချက်ထားမယ်"

ယမင်း ငယ်စိတ်ကလေး ပြန်ပေါ်ကာ ဒေါ်ခင်လေးမြင့် ပါးကို ရွှတ်ခနဲ နမ်းသည်။

"ကျေးဇူးတင်ပါတယ် အန်တီ"

ဒေါ်ခင်လေးမြင့် ကြည်နူးပီတိများစွာဖြင့် မျက်ရည်ဝဲလျက် ကျန်ရစ်လေ၏။ သမီးလေးဆီက အချစ်တွေကို ပြန်ရတဲ့



အတွက် နောင်ရဲ့ ဆိုသည့် ဖန်တီးရှင်ကို စည်းစိမ်ပုံ၍တောင် ကျေးဇူးဆပ်လိုက်ချင်ပါသည်။

စင်စစ် ယမင်းသည် နောင်ရဲ့နှင့် ပတ်သက်ကာ စိတ်ဓာတ်ကလေးတွေ နူးညံ့လာရခြင်းပါ။ နောင်ရဲ့ကို တွယ်တာမိပေမဲ့ သူ့ရင်ထဲမှ အချစ်တွေကို ထိန်းနေရသည်။ အချစ်ကို မွတ်သိပ်လာသည်။ သည်တော့ အလားတူ ကြင်နာမှုမျိုး ထာဝရပေးဆက်နေသည့် ဒေါ်ခင်လေးမြင့်၏ မေတ္တာတရားကို အသိအမှတ်ပြုကာ နားလည် လာရခြင်း ဖြစ်ပါသည်။

✻ ✻ ✻

"ဂျက်စမင်"

"ရှင် ... ကိုနောင်ရဲ့၊ ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဆရာမ ... ဆရာမနဲ့ ခေါ်နေရတာ စိမ်းစိမ်းဝေးဝေးနိုင်လွန်းလို့ပါ၊ အဲဒီလိုခေါ်တာ ဂျက်စမင် မကြိုက်ဘူးလား"

"ကိုနောင်ရဲ့ သဘောကျသလို ခေါ်ပါ၊ နားထဲမှာ ဆန်းသွားလို့ မေးတာပါ"

"ဒါဆို ... ဂျက်စမင်လို့ပဲ ခေါ်တော့မယ်နော်"

"သဘောပဲ"

"နောက်တစ်ချိန်မှာ ကျွန်တော် ဂျက်စမင့်ဆီက တစ်ခုခုကို တောင်းခဲ့မိရင် ခုလိုသဘောပဲလို့ ပြောနိုင်ပါစေတော့၊ ကျွန်တော် တကယ် ဆုတောင်းပါတယ်"

"ကဲ ... နေရှိတုန်း ရေချိုးရအောင်"

ယမင်း စကားလွှဲပစ်မှန်း နောင်ရဲ့ သိ[illegible]ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယမင်းက ရှပ်အင်္ကျီကြယ်သီးတွေ ဖြုတ်ပေးသည် အင်္ကျီချွတ်ပေးသည်။ ပြီးတော့ ပုဆိုးတစ်ထည်နှင့် မျက်နှာသုတ်ပ ကို နောင်ရဲ ပခုံးပေါ် တင်ပေးသည်။ နောင်ရဲ လက်ကိုကိုင် ကြိုးတန်းပေါ် တင်ပေးသည်။

နောင်ရဲ ကြိုတန်းကိုကိုင်၍ ရေချိုးခန်းထဲသို့ ပင်သွ နိုင်အောင် အစစ စီမံထားပေးခြင်းပါ။

"စပို့ရှပ်အပြာရောင်လေး ကျွန်တော့်မှာ ရှိတယ်၊ အဲဒါ ရှာပြီး ထုတ်ပေးပါ ဂျက်စမင်၊ အဲဒါ ဝတ်ချင်လို့"

"လုံချည်ကော"

"အင်္ကျီနဲ့ လိုက်ဖက်မဲ့ဟာပေါ့"

"အဝတ်အစားတွေ ဘာတွေ ရွေးလို့ပါလား၊ ကိုနော ဒီအတိုင်းဆို စိတ်တော်တော် ကြည်လည်လန်းဆန်းလာ ဆရာဝန်ကြီးက ခွဲစိတ်ဖို့ ခွင့်ပြုတော့မှာပဲ"

'ကျွန်တော် ဒီနေ့ လှချင်လို့ဗျို့ ... သိပလား"

ပြောင်ချော်ချော်ပြောကာ ရေချိုးခန်းထဲဝင်သွားသော ယမင်း ခေါင်းလေးငုံ့ရင်းက ရင်ထဲ ဖြာခနဲ နွေးသွားရပါတော့သည်

ရေသံ တဝုန်းဝုန်းကို နားစွင့်ရင်း သူ ပြောသည် ရှပ် အပြာရောင်ကလေးကို ရှာရသည်။

"ကျွန်တော် ဒီနေ့ လှချင်လို့ဗျို့"... တဲ့။

သည်အသံကို တရစ်ဝဲဝဲ ကြားသည်။ ကြည်နူ ကို ဖုံးဖိ၍ မရနိုင်။ သူ့အိပ်ရာကို စန့်အောင် ပြန်ခင်းရင်း တပြုံးပြုံး ဖြစ်နေရသည်။ ခုလို ဒုဝေယျာဝစ္စလေးတွေ ဆော ပေးနေရသည့် ပီတိကို ဘယ်လိုပျော်ရွှင်မှုမျိုးမျှ မိနိုင်မည် မဟု

ခုမှပဲ ... ချိုသဲကို ကိုယ်ချင်းစာမိတော့သည်။



ယမင်းတို့အုပ်စု ဆယ်တန်းကို တတိယအကြိမ် ဖြေင ကျပြီးချိန်မှာ ချိုသဲ လက်ထပ်သည်။

"ကျောင်းစာမေးပွဲမှ မအောင်တာ ဘဝစာမေးပွဲဝဲ ဖြေလိုက်တော့မယ်ဟာ" ... တဲ့။

ပြောပုံက မျက်နှာထား မချိုမချဉ်။

ချိုသဲကို မိဘတွေက တော်တော်နှင့် ပြန်မသိမ်းပါ။ တော်တော်လေးကြာမှ စိတ်ဆိုးပြေကာ အိမ်ပြန်ခေါ်၊ မင်္ဂလာဆွမ်း ကျွေး လုပ်ပေးသည်။ ချိုသဲ ယမင်းကို လာဖိတ်ပေမဲ့ ယမင်း သွားနိုင်ခဲ့ပါ။ ကိုနောင်ရဲကို ပြုစုနေရသည်လေ။

"ခွင့်လွှတ် ချိုသဲရာ၊ ငါ လာနိုင်မယ် မဟုတ်ဘူး"

အနံ့တီ ဝယ်ပေးထားသည့် မိကျောင်းတံဆိပ် လက်ကိုင် အိတ် လှလှလေးက သုံးရာကျော် တန်သည်။ တစ်ခါမျှ မကိုင်ရ သေးသည့် အသစ်စက်စက်။ ယမင်း ချက်ချင်းထ၍ ထုပ်ပိုးကာ အစ်ချီတည်း လက်ဖွဲ့လိုက်ရသည်။

"ဟိုကောင်တွေ အကုန်လာကြမှာပေါ့နော်"

"အေးပေါ့ ... နင်ပဲ နင့်ဒုက္ခ နင်ရှာထားတာ၊ သူများပျော် လို့ မပျော်နိုင် ဖြစ်နေပြီ"

"ငါ အရမ်းလာချင်ပါတယ်ဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာတယ် တော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ငါ့မှာ တာဝန်ရှိလို့"

"နင့်တာဝန်က မပိုင်ဝက်မွေးကြီး၊ ငါ့လို ပိုင်ပိုင်နိုင်နိုင် တာဝန်မျိုးကမှ ဟုတ်တုတ်တုတ်"

"တော်ပါ ... ကောင်စုတ်၊ နင် အမြီးပြတ်တိုင်း၊ သူများ အမြီးတွေ လျှောက်ဖြတ်ခိုင်းမနေနဲ့"

"နှဲ့ယဉ်လည်း မကြာခင် စွံလိမ့်မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ … ဟုတ်လား"

"အေး … သူ့အိမ်က ပေးစားမှာ"

"ငါလည်း သူငယ်ချင်းတွေနဲ့ကို အဆက်ပြတ်နေတော့တာ ဘယ်သူမှ ကျူရှင်ဝိုင်း ပြန်မဖွဲ့ဖြစ်တော့ ကျောင်းတက် လည်း မတွေ့နိုင်ဘူး၊ အိမ်ကထွက်ဖို့ကျတော့လည်း ခ ဘူးလေ၊ သိတယ် မဟုတ်လား၊ တစ်နေ့ သုံးဆယ် သွဲ့နာပြုဆရာမ ဖြစ်နေတာ"

ယမင်းရယ်၍ပြောတော့ ချိုသဲက မျက်စောင်းထိုးသည်

"နင် ထမင်းတစ်အိုးဖြောင့်အောင် မချက်တတ်ဘဲနဲ့ ယောက် ပြုလို့ ဖြစ်သလား၊ နင် ထမင်းမချက်ရဘူးလား"

"ဘယ်နေရလိမ့်မလဲ၊ ချက်ရတာပေါ့ကွ၊ နင်လည်း သိသာ ငါ့လူကို ရည်းစားဘဝတုန်းက ငါ ဘယ်လောက်ဝိုင်သ ဆိုတာ"

ချိုသဲ လူက သဘောကောင်းကြီးမို့ ယမင်းတို့ အုပ်စုလုံး ဝိုင်းနိုင်ထားလိုက်ကြသည်မှ လှုပ်တောင် မလှုပ်သာ ဟိုလူများ ချိုသဲ ရည်းစား ဖြစ်ရတာနှင့် ချိုသဲတို့ တစ်ဖွဲ့လုံး သည်းညည်းကို ခံရရှာ၏။

"အေးလေ … နင့်လူက ဝိုင်းမချက်ဘူးလား"

"ဝေးသေး … ငါနဲ့ သူနဲ့ ထွက်ပြေးကြပြီး ဟိုအိမ်တက် ဒီအိမ်တက်နေတုန်းကတော့ သူများချက်ကျွေးတာ စား ပေါ့၊ နောက်တော့ ပါလာတဲ့ ပိုက်ဆံနဲ့ ဝယ်စားကြ၊ လက် မဲ့သူလည်း မရှိ၊ ပိုက်ဆံလည်းကုန်ရော သူ့မိဘအိမ် မျက်နှာငယ်နဲ့ တက်ကြရတာပဲ၊ ငါ့အိမ်ကလည်း ခေါ် မခေါ်သေးတာ"



"နင့်ယောက္ခမနဲ့ တည့်ရဲ့လား"

"နားထောင်ဦး၊ သူ့မိဘအိမ်ပေါ် ရောက်တဲ့နေ့မှာပဲ မီးဖိုချောင် တစ်ခါတည်း တန်းသွင်းတာပဲဟေ့"

"ဟောတော့ …"

"ယောက္ခမကလည်း နောက်တစ်နေ့ကစပြီး အိမ်ဖော်ကို ဖြုတ်ပစ်လိုက်တာပဲ"

"ဟယ် … နင့်အဖြစ်ကလည်း ဆိုးပါ့"

"မနက် ငါးနာရီဆို သူက ငါ့ကိုနိုးပြီ၊ ထ … ထမင်းချက် တဲ့"

"ဒုက္ခ"

"အေး … ငါလည်း ဆောင့်အောင့် လုပ်ရာကနေ တတ်သွားရတာပဲ၊ ခုတော့လည်း ထမင်းချက်တာကိုတောင် ဝါသနာပါလာပြီ … အဟီး"

ချိုသဲ ခွီးခနဲ ရယ်သည်။

"နင်လည်း ထမင်းမချက်တတ်ရင် ယောကျ်ားယူလိုက်၊ ပြီးတော့ ယောက္ခမအိမ်ပေါ် တက်နေ၊ မြန်မာဟင်း၊ တရုတ်ဟင်း၊ ကုလားဟင်းမျိုးစုံ တတ်သွားလိမ့်မယ်၊ သင်တန်းကြေး မပေးရဘဲ ပညာရတာ ယောက္ခမကျေးဇူးကွ"

"အမယ်လေး … တော်ပါပြီ၊ အဲဒီကျေးဇူးမျိုး မတင်ဝါရစေ နဲ့"

"အောင်မယ် … ထမင်းတစ်ဝိုင်းကို စားသောက်ပြီး အရသာ လည်းလှအောင် စီမံရတာနည်းတဲ့ ပညာမဟုတ်ဘူးနော်။ အဲ့ဒါ အနုပညာ"

"ဘယ်က အနုပညာရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တကယ်ပြောတာ၊ တစ်ဖက်သား နှစ်ခြိုက်ခံစားမှုကို ရအောင် အနုပညာရှင်တွေ ဖန်တီးကြတယ်မဟုတ်လား၊ အိမ်ရှင်မကောင်းတစ်ယောက်ရဲ့ စီမံဖန်တီးမှုအောက်မှာ မိသားတစ်စုလုံး နှစ်ခြိုက်ခံစားနိုင်တယ်၊ အိမ်ရှင်မဟာ အနုပညာရှင် ဖန်တီးရှင်ပဲ"

"အေးပါ၊ အနုပညာရှင်ကြီးရဲ့၊ အဲဒီ အနုပညာတွေထဲမှာ တော်တော်လေး ပျော်ဝင်နေပလား"

"ဒါပေါ့၊ ငါ့မိဘ အိမ်ပြန်ရောက်တော့လည်း ငါပဲ ထမင်းချက်တယ်၊ မေမေကဆို ငါ့ကိုအပိုးကျိုးအောင် ချိုးနိုင်တဲ့ သမီးကို ရှာတောင်ချချင်ဆိုပဲ ... ဟား ဟား"

"ခု ... နင့်အမေက ကြည်ပလား"

"ငါ အပိုးကျိုးပြီး မိန်းမပီသသွားတာ သဘောကျတယ်၊ ယောက္ခမအိမ်မှာ ကျွန်တစ်ပိုင်း ဖြစ်နေတော့လည်း မကြည်ရက်ဘူးလေ၊ ကြည်ရတော့တာပေါ့၊ မိဘဆိုတဲ့ လူတန်းစားဟာ တော်တော် သနားစရာ ကောင်းတာကွ၊ ငါ သိတယ်"

"ပြောပါဦး"

"ဟာ ... ကလလရေကြည်လေး ရှိကတည်းက၊ အထီးမှန်းအမမှန်း မသိဘဲချစ်နေရပြီ"

"ဟင် ... နင်က အခု အဲဒါနဲ့လား"

"အေး ... ရေနွေးပူပူသောက်ရင်တောင် သူ့ခများလေး အပူလောင်သွားမလားလို့"

"မိသဲ ... နာမည်နဲ့လိုက်အောင် သည်းနေ"



"ခပ်သည်းသည်းထဲကပဲဟော့၊ ယောက်ျားလေး မွေးလာရင် နင်နဲ့ ပေးစားမယ်၊ အဲဒီအခါကျမှ နင့်ကို သင်တန်းကြေးမယူဘဲ ကောင်းကောင်းပို့ချရဦးမယ်"

"တော်ပြီ ... နင့်ကို တစ်သက်လုံး ယောက္ခမ မတော်ဘူး"

"အဲဒါလည်း ခပ်ကောင်းကောင်းပဲ၊ နင်နဲ့ ငါနဲ့ဘာ သမီးယောက္ခမဖြစ်ရင် နည်းနည်းမှ တည့်မှာ မဟုတ်ဘူး၊ နင့်အချိုးကို ယောက္ခမ မျက်စိနဲ့ ကြည့်ပေးရရင် ကတ်လိုက်မဲ့ယောက်မြင်"

"အေး ... ငါကလည်း ထိုနည်းငှင်းပဲ"

သူငယ်ချင်းနှစ်ယောက် ဝါးခနဲ ရယ်ဖြစ်ကြသည်။ ပြန်ခါနီးမှာ ...

'သွားပေဦးတော့ အနုပညာရှင်မကြီးရေ၊ ငါတော့ ဘယ်သူ့ကျွန်မှ မခံဘူး'ဟု အောင်ပြောဖြစ်လိုက်သေးသည်။ နှာကော့နောင်ရဲ့ စောင်ကို ခေါက်ပေးရင်း ပြုံးမိနေရတော့သည်။ အိမ်ဖော်တွေရှိပါလျက် နောင်ရဲ့ ရုပ်အင်္ကျီတွေကို စေတနာပိုကာ ဝင်လျှော်ပေးနေမှန်းသာ ချိုသဲ သိလျှင် ဘယ်လို ပြောမည်မသိ။

ပြောမနာဆိုမနာတွေမို့ ထမင်းကျွေးကျွန်ခံဟု ပြောချင်ပြောပါလိမ့်မည်။ ယမင်း အဖြစ်က ထမင်းစားကျွန်ခံဆိုတာထက် ဆိုး၏။ နောင်ရဲ့နှင့် ပတ်သက်သမျှ ဆေးဝါး၊ အစားအသောက်၊ စရိတ်စကဟူသမျှ ယမင်း ကုန်ကျရပြီး သူ့အဝတ် လျှော်ပေး၊ သူ့ကို ထမင်းခွံ့၊ သူ့ကို ပြုစုဆိုတော့ ချိုသဲ သိလျှင် ထမင်းကျွေးကျွန်ခံဟု ပြောမှာမုချ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့လေ ...

ဒီလို ပြုစုထောက်ပံ့ရသည်ကိုပဲ ကြည်နူးပီတိ
ဖြစ်ထွန်းနေရသည်။ အချစ်ဆိုတာ ဒါပဲ ထင်ပါရဲ့။

* * *



## ရှာအကြင်နာ

"ဂျက်စမင် ဝမ်းမသာဘူးလားဟင်၊ ကျွန်တော် ဆေးရုံ
တက်ရတော့မယ်၊ ကျွန်တော့် မျက်စိကို ခွဲတော့မယ်တဲ့၊
ကျွန်တော် ဂျက်စမင့်ကို မြင်ရတော့မယ်"

နောင်ရဲ့ လက်ကို ယူ၍ ကော်ဖီပန်းကန်ကို ထိပေး
ကော်ဖီပန်းကန်ကို မကိုင်ဘဲ နောင်ရဲက ယမင်း လက်ကိုပဲ
ထားသည်။ ပြီးတော့ ဆွဲဆွဲခါ၏။ အသံတွေ ဘာတွေ
သူ့အပျော်ရှိန်က မြင့်လွန်း၏။

"ပြောစမ်းပါဗျ ... ဒီဆရာမ ..."

လက်မောင်းတစ်လျှောက်မှ ပခုံးဆီသို့ ရောက်လာ
ခုံးကိုပါ ဆွဲခါ၏။ ဒီဆရာမ ဆိုသည့် စကားကို ပြုံးပြုံးကြီး
သည်။

"ပျော်ပါတယ်၊ ဝမ်းသာပါတယ်"

"ဒီလိုလုပ်စမ်းပါ၊ ပျော်ပုံကလည်း အေးတိ အေးစက်နဲ့"

"ဝမ်းသာလွန်းလို့ ဘာပြောရမှန်း မသိလို့ပါ"

"ဂျက်စမင် တကယ် ဝမ်းသာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့

"ကျွန်တော် ဂျက်စမင့်ကို မြင်ချင်လှပြီဗျာ၊ တကယ်"

သူ့လက်ကို သူ ပြန်သိမ်းသည်။ ယမင်းက ပြန်ဆွဲယူကာ ကော်ဖီပန်းကန်ကို ထိပေးရသည်။

"ထားစမ်းပါဦး၊ မသောက်ချင်သေးပါဘူး ဒီကော်ဖီ၊ ဝမ်းသာလွန်းလို့ အပျော်တွေနဲ့ ဗိုက်ထဲ ပြည့်နေတယ်၊ ဆရာကြီးက ပြောတယ်၊ ပြန်မြင်မှာ သေချာတယ်တဲ့"

"ကျွန်မလည်း ဆုတောင်းပါတယ်"

ယမင်း မျက်ရည် ပေါက်ခနဲ ကျလေ၏။

နောင်ရဲ မျက်စိ ပြန်မြင်တော့မည် ဆို၍ အတိုင်းမသိ ဝမ်းသာမိပါသည်။ ခွဲခွာကြရတော့မည်မို့လည်း ရင်ထဲ မချိ ဝမ်းနည်းမိပါသည်။ နောင်ရဲ မျက်စိမြင်သည်နေ့မှ စကာ ယမင်း ကိုယ်ရောင်ဖျောက်ရပါတော့မည်။ ဂျက်စမင်ဆိုသည့် ဆရာမသည် နောင်ရဲအနားတွင် ရှိတော့မည် မဟုတ်ပါ။

ဝမ်းသာဝမ်းနည်း၊ အဆုံးစွန်ခံစားမှု နှစ်ခုဖြင့် ရင်မှာလှိုင်းထန်ကာ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် စီးကျလေ၏။

"အစတုန်းကတော့ ကျွန်တော် မျက်စိပြန်မြင်ဖို့ဟာ၊ ကျောင်းပြန်တက်ဖို့၊ ဆရာဝန်ဖြစ်ဖို့ဆိုတဲ့ ဆန္ဒတစ်ခုတည်းပဲ၊ ခုတော့ အဲဒီဆန္ဒက ဒုတိယ ဖြစ်သွားပြီ၊ ဂျက်စမင့်ကို မြင်ဖူးဖို့ကပထမ"

သူ အပျော်လွန်ကာ လိုက်လိုက်လှဲလှဲကြီး ပြောသည်။

"ကျွန်တော် အရမ်းပျော်လို့ အခွင့်အရေးတစ်ခု တောင်းမယ်ဗျာ"



ရင်ထဲ လှိုက်ခနဲ ခုန်သွားရသည်။ ယမင်း မျက်ရည်များကို မသိမ်းနိုင်မီ မျက်နှာလေး ဝင်းခနဲ ကြည်လေ၏။ ပြုံးသူ၏ မျက်ရည်စတွေနဲ့ ဖြစ်နေရတာ သူ သိစေချင်လိုက်တာ။

"ကျွန်တော် ဂျက်စမင့် မျက်နှာကို စမ်းကြည့်ပါရစေ"

ဪ ...။

သူ ဖွင့်များပြောတော့မလားဟူ၍ ဖြစ်သွားမိသည့် အသိလေး လျှောကျသည်။ သူ မျက်စိပြန်မမြင်ခင် ဖွင့်ပြောဖြစ်ရင်တော့ သူ့ထံမှ အချစ်စကားလေးတစ်ခွန်းကို ကြားဖူးလိုက်ရပါမည်။ သူ မျက်စိ ပြန်မြင်ပြီးမှ ပြောဖို့ အားခဲထားလျှင်တော့ ဘယ်တော့မှ ကြားဖူးခွင့် မကြုံတော့မှာကို နောင်ရဲ မသိပေမဲ့ ယမင်း သိနေတော့ ပြေနိုင်ပါ့မလားရှင်။

"နော် ... ဂျက်စမင်၊ ကိုင်ကြည့်ပါရစေ"

ခွင့်ပြုမိန့် မကျမီက သူ့လက်ကြီး မြောက်တက်လာသည်။ ဟိုသည်ယမ်း၍ စမ်းလေ၏။ ယမင်း ကိုယ်ကို ကျူး၍ ဆက်ဆုတ်ထားသည်မို့ မစမ်းမိပါ။

"ဘယ်ရောက်သွားတာလဲကွ"

သူ ပျော်သံကြီးဖြင့် အော်၏။

"ကျွန်မ အရုပ်ဆိုးလို့ပါ ကိုနောင်ရဲရယ်"

မချိတင်ကဲ သံကို နောင်ရဲ သတိထားမိလေ၏။

ဪ ... သူ့ခမျာ ရုပ်ကလေးဆိုးလို့ အားငယ်ရှာသလား။

အစတုန်းက မျက်စိပြန်မြင်ပြီးမှ ဖွင့်ပြောတော့မည် အားခဲထားခဲ့ပါသည်။ ခု ... ဆတ်ဆတ်ခါအောင် သူ့မျက်နှာ စမ်းကြည့်ပါရစေဟု ဆိုမိသည်။ ဒီလိုဆိုတော့ ... သူ့ရုပ်ဆိုးနေတာကို သိပြီးမှ ချစ်ခွင့်ပန်သလို ဖြစ်နေမလား။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လောက်ပဲ အရုပ်ဆိုးဆိုး၊ ငါ ချစ်တာဟာ ချစ်တာပဲ၊ ငါ ချစ်တာ သူ့ရုပ်ကိုမှ မဟုတ်တာ။ သူ့ကို မျက်ကန်းဘဝနဲ့ ချစ်ခဲ့မိတာ၊ သူ့ရုပ် သူ့ရည် ဘယ်လိုရှိရှိ၊ ငါ့အချစ်နဲ့ ဘာမှ မဆိုင်ဘူးဆိုတာ သူ သိမှ ဖြစ်တော့မယ်ထင်တယ်။

နောင်ရဲ ဆုံးဖြတ်ချက်တစ်ခုကို ချလေ၏။

"ဂျက်စမင်"

"ရှင် ..."

"ဂျက်စမင် ဆိုတာ စံပယ်ပန်းလေးလို့ အဓိပ္ပာယ်ရတယ်နော်"

"စံပယ်ပန်းက ဖြူပါတယ် ကိုနောင်ရဲ"

"ဂျက်စမင့် မေတ္တာ ဂျက်စမင့် အကြင်နာတွေက စံပယ်ပန်းထက် ပိုဖြူပါသေးတယ်၊ စံပယ်ပန်းအစစ်ထက် ပိုမွှေးပါသေးတယ်၊ ကျွန်တော် မမြင်ရပေမဲ့ ကျန်တဲ့အာရုံတွေနဲ့ သိရှိခံစားရပါတယ်"

"ကျွန်မတို့လို သူနာပြုဆရာမတွေဟာ လူတိုင်းအပေါ်မှာ စံပယ်လို ဖြူတဲ့မေတ္တာကို ပေးဆပ်မြဲပါ"

"မဟုတ်သေးပါဘူး၊ ကျွန်တော့်ကိုတော့ ပိုတယ် မဟုတ်လား"

ကလေးဆိုးကြီးလို ပြောသည်မို့ မျက်ရည်စက်လက်ကြားမှ ပြုံးမိရပြန်၏။ ယမင်း ရှုံးရချည်ရဲ့ရှင်။

"စိတ်ချမ်းသာမယ်ဆိုရင် ထင်ချင်သလိုထင်ပါ"

"ထင်လိုက်ပြီဗျာ ... ကဲ"

ယမင်း မျက်ရည်စတွေကို သုတ်ပစ်သည်။ ကိုယ့်ကြေကွဲမှုကို ယာယီမေ့ကာ၊ သူ့အပျော်ထဲ ရောပါသွားရသည်။



"ကျွန်တော် မျက်စိ ပြန်မြင်တဲ့အခါမှာ ပထမဆုံး မြင်ရတဲ့ အရာဝတ္ထုဟာ ဂျက်စမင့် မျက်နှာ ဖြစ်ရမယ်၊ ဂျက်စမင့်ကို အရင်ဆုံး မြင်ချင်တယ်၊ ပြီးတော့ ... ချက်ချင်းပဲ စကားတစ်ခွန်း ပြောမယ်လို့ ဆုံးဖြတ်ထားခဲ့တယ်"

ယမင်း မျက်နှာပေါ်မှာ အပြုံးပျောက်လေ၏။

"ခုတော့ ... ကျွန်တော် ဆုံးဖြတ်ချက် ပြင်လိုက်ပြီ၊ မျက်နှာကို မြင်ပြီးမှ ဂျက်စမင့် မျက်နှာပြင် အနေအထားကို စမ်းသပ်ကိုင်တွယ်ကြည့်ပြီးမှ အဲဒီစကားပြောရင် တစ်မျိုး အဓိပ္ပာယ် ဖြစ်သွားမှာစိုးလို့"

သူ့စကားတွေက ဝေ့ဝိုက်လွန်းသည်မို့ ဆိုလိုချက်ကို နားမလည်နိုင်ပါ။ ရေးတေးတေး မြင်မိသလိုတော့ ရှိသား၊ ...လွန်းသည်မို့ မပီပြင်ချေ။

"ကျွန်တော် ဂျက်စမင့်ကို ချစ်တယ်"

"ရှင် ..."

ပြောမည့်ပြောတော့ သွယ်ဝိုက်ခြင်း ကင်းလှချည့်။

"ကျွန်တော် ချစ်နေတာ၊ မျက်စိကန်းပြီး ဒီဆေးတိုက်ကို ရောက်စကတည်းကပါပဲ"

'မျက်စိကန်း'ဆိုသည့် စကားက ယမင်း ရင်ထဲ ...နဲ့ ဝင်ဆောင့်သည်မို့ နှလုံးသားမှာ ကျင်ခနဲ နာလေ၏။

"ဂျက်စမင်က ကိုယ့်ကိုယ်ကိုယ် အရုပ်ဆိုးတယ်လို့ ပြောဖူးပါတယ်၊ အသားမည်းတယ်လို့ ပြောဖူးပါတယ်၊ ကျော်စောလည်း အဲဒီလိုပဲ ပြောတယ်၊ အန်တီဒိုရင်းကတော့ ရွက်ကြမ်းရေကျို လေးလို့ ပြောပါတယ်"

"တကယ် အရုပ်ဆိုးတာပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်လေ၊ မျက်နှာလေး လှပေမဲ့ အချစ်အ
ပေးက အရုပ်ဆိုးလှသည်။ သူ မမြင်နိုင်မှန်း သိပေမဲ့ ယ
ခေါင်းလေး ငုံ့ထားသည်။

"မလှဘူးလို့ပဲ ကျွန်တော် လက်ခံလိုက်ပါမယ်၊ သူများ
အတွက် မလှပေမဲ့ ကျွန်တော့်အတွက်တော့ လှနေ
ကျွန်တော်က ဂျက်စမင့်ကို ချစ်သူလေ၊ ဂျက်စမင်ရဲ့ စိတ်
စိတ်ထား၊ အကြင်နာတွေ၊ စေတနာတွေကို ကျွန်တော်

"လေးစားတယ်၊ ကျွန်တော့်ကို ပြုစုတဲ့အခါတွေ
ညင်သာညက်ညောမှု ရှိတာကို ကျွန်တော် မြတ်နိုးတယ်

"ကျွန်တော် ဂျက်စမင့်ကို ဘဝတစ်ခုလုံး
တွယ်တာတယ်၊ ချစ်တယ် ဂျက်စမင်၊ သိပ်ကို ... သိ
ချစ်မိတာပါ"

ယမင်း ရင်ထဲ နင့်နင့်လှိုက်လှိုက် ရှိလှ
ကမ္ဘာကြာပန်းလေး လရောင်မျှော်သလို၊ မျှော်လင့်စောင့်
သည့် ချစ်စကားကို ကြားရချိန်မှာ ရင်ပွင့်မတတ် ပျော်
အစား၊ ကြေကွဲခြင်းများစွာ ဖြစ်ထွန်းရပါတော့သည်။

ဒီစကားကို ယမင်း သိပ်ကြားချင်ခဲ့တာပါ။

ကြားလိုက်ရလျှင် သိပ်ပျော်သွားမှာပဲလို့ ထင်ထား
တာပါ။ တကယ်တမ်း ကြားရချိန်မှာ ရင်နင့်နေရသည်။ ခ
ပျံ့သင်းပြီး ပိုင်ပိုင်ပန်ဆင်ခွင့် မရမဲ့ အချစ်ပန်းကို ယမင်း
ဘဲ ရှိမတဲ့လား ကိုနောင်ရဲ့ရယ်။

"တိတ်လှချည်လား ဂျက်စမင်၊ ကျွန်တော် မနေတတ်
ဂျက်စမင် ဘယ်နားမှာ ထိုင်နေမှန်းလဲ ကျွန်တော် မ
နိုင်ဘူး"



ယမင်း မျက်ရည် မကျနိုင်တော့ပါ။ ငိုရလွန်းလို့ခဲ
သွားသလား မသိတော့။ သူ့ကို စူးစေးစွာ ပြန်ကြည့်လိုက်မိ
တာသည်။ ရင်ထဲမှာတော့ ခံစားမှုမျိုးစုံဖြင့် လှိုင်းထန်နေ၏။

သူ့မျက်နှာကိုပင် လွမ်းမောစွာ ငေးဖြစ်သည်။ သူ
တ်ကူသမှု မပြီးဆုံးမီ အဝကြည့်ထားရမည့် ချစ်သူ့ မျက်နှာပါ။

"ဘာမှလဲ ပြန်မပြောပါလားကွာ၊ ကျွန်တော့်ကို စိတ်ဆိုးလား"

သူ မမြင်နိုင်မှန်း သိလျက်နှင့် ယမင်း ခေါင်းခါပြလေ
၏။

"ဂျက်စမင် ဘယ်မှာလဲ"

သူ့လက်နှစ်ဖက် ဆန့်ထွက်လာသည်။

"ကိုယ် မနေတတ်ဘူး၊ တစ်ခုခုတော့ ပြောပါ"

သူ ထိုင်နေရာမှ ထရပ်သည်။ ရှေ့သို့ ခြေတစ်လှမ်း
လာ၏။

"အို ... မလုပ်နဲ့"

လဲပြိုကျမှာစိုးသည်မို့ ယမင်း ပြေးတွဲသည်။ သူ့လက်
ာင်းကို အားပြုမှီခိုခွင့် တစ်ခါမျှ မရခဲ့ပါ။ သူ ချော်လဲမှာ စိုးရိမ်
ဖြင့် မိမိကိုယ်ကိုသာ အားပြု မှီခိုစေခဲ့ပါသည်။ အဲသည်ကတည်း
ပေးဆပ်ခြင်း မေတ္တာမျိုးနဲ့ ချစ်ခဲ့ရတာလေ။

"ဂျက်စမင်"

သူ့လက်မောင်းကို ဖေးမထားသည့် ဂျက်စမင့်
ချောင်းသွယ်သွယ်လေးများကို လာဆုပ်သည်။

"ပြန်ထိုင်ပါ ကိုနောင်ရဲ့၊ ချော်လဲရင် ဘယ်ကောင်းမလဲ
ခွဲကာစိတ်ကြာနီးမှ တစ်ခုခု ဖြစ်သွားမှာစိုးတယ်"

"ကိုယ့်ကို ချစ်သလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး ကိုနောင်ရဲ"

"ပြတင်းပေါက် ဘယ်နားမှာလဲ ဂျက်စမင်၊ ကိုယ် လေကောင်း လေသန့် ရှုဖို့၊ ဂျက်စမင် တွဲတွဲပို့ခဲ့တာ"

"ဘာလုပ်မလို့လဲ"

"ကိုယ် မျက်စိလည်း ပြန်မမြင်ချင်တော့ဘူး၊ ခေါင်းထဲ... နောက်လာတယ်၊ အဲဒီပြတင်းပေါက်ကနေသာ တွန်းချလို... တော့ကွယ်"

"အို ... မဟုတ်တာ"

ယမင်း တွန်းထိုး၍ ထိုင်ချပေးတော့လည်း ပြန်ထ... ရှာ၏။

"ကိုယ့်ကို ချစ်လား ပြောပါ၊ မချစ်ရင်လည်း ကိုယ် ခံ... ရည် ရှိပါတယ်"

"ဖြည်းဖြည်းမှ စဉ်းစားပါရစေ"

သူ့မျက်နှာ ချိုသွားရှာ၏။

"မိန်းမသားပဲလေ၊ စဉ်းစားရမှာပေါ့၊ ကိုယ် ဆန္ဒစောသွား... တယ်"

သူ့ ငဲ့ညှာတတ်မှုအပေါ် တွယ်တာရပြန်ပါသည်။

"ကိုယ်က ပြန်မြင်ရင်တောင် ကျောင်းပြီးအောင်တ... စရိတ်စက,ကအစ ကိုယ့်မှာ မပြည့်စုံပါဘူး၊ ကိုယ် ဘာ... တော်တော်ခက်ခက်ခဲခဲ ရုန်းကန်ရဦးမှာပေါ့ ...

"ဆရာဝန်တော့ မလွဲမသွေ ဖြစ်ချင်တယ်၊ ဆရာ... ဖြစ်တဲ့နေ့မှာ ဂျက်စမင်နဲ့ လက်ထပ်မယ်၊ ဂျက်စမင် စ... ရင်ပေါ့လေ"

"ကျွန်မက ငြင်းရင်ကောရှင်"



"တစ်သက်လုံး ဘယ်တော့မှ မပျော်တော့မဲ့ လူသား ဖြစ်မှာပါပဲ"

"ကျောင်းဆက်တက်ဖို့ကော"

"တက်ရမှာပေါ့ ဂျက်စမင်၊ ကိုယ့်အချစ် ပျက်စီးတာနဲ့ ကိုယ့်ရည်မှန်းချက်ဟာ တခြားစီပဲ"

"လေးစားချီးကျူးပါတယ်၊ တကယ်ပါ"

"တစ်ခုမေးချင်တယ်၊ ဂျက်စမင် အထင်မလွဲနဲ့နော်"

"မေးပါ"

"ဂျက်စမင် ချောင်ချောင်လည်လည် ရှိသလားလို့ပါ"

"မဆိုးပါဘူး၊ ကျွန်မ ဖူလုံပါတယ်"

"ကိုယ်က ဖူလုံအောင် မနည်းကြိုးစားရဦးမယ်၊ ကိုယ့်ကို ဂျက်စမင် စဉ်းစားတဲ့အခါမှာ ကိုယ် ဆင်းရဲတာကိုလည်း ထည့်စဉ်းစားပါ"

ယောက်ျားကောင်းတစ်ယောက်ကို ယမင်း ကြည်ညို ...ငေးကြည့်မိတော့သည်။

"အိမ်ပိုင်လေးတစ်လုံး ရှိတယ်၊ တစ်ခြမ်း လူငှားတင်ပြီး ကိုယ့်ကျောင်းစရိတ် လုပ်ရမယ်၊ ကိုယ့်အပေါ် စေတနာထုထည် ကြီးမားစွာ ဖေးမတဲ့ ဆရာကြီးတွေရဲ့ ကျေးဇူးကို ဆပ်ရဦးမယ်"

ယမင်း လက်ချောင်းလေးများကို ခုတိုင် ဆုပ်ကိုင်ထား... ယမင်း မသိမသာလေး ရုန်းထွက်ကြည့်သည်။

"ကိုယ် ကိုင်ထားတာ မကြိုက်ဘူးလားဟင်"

ယမင်း ရုန်းရက်ပါတော့မတဲ့လားရှင်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... ဂျက်စမင့် မျက်နှာကို စမ်းကြည့်မယ်နော်၊ အဲ တစ်ခုတော့ ခွင့်ပြုပါကွာ၊ ချစ်,မချစ်ကိုတော့ စဉ်းစားဦး ပေါ့"

သူ ပြုံး၍ ပြောသည်။ ပျော်နေသလား ကိုနောင်ရဲ ရယ်။

ယမင်း လက်ချောင်းလေးများမှ တစ်ဆင့် လက်မောင်း တစ်လျှောက်၊ ပြီးတော့ ပခုံး၊ လည်တိုင်။

သူ့လက်များ ဖြတ်သန်းရာလမ်းတစ်လျှောက် အချ သံမှိုလေးတွေ စွဲထင်ကျန်ရစ်လေသလားမသိ။ ယမင်း ရင်ထဲ စူးခနဲ ကျင်ခနဲ ရှိလှ၏။ လည်တိုင်ကို ကိုင်မိတော့ သူ့ ကျန်လက် တစ်ဖက်ပါ မှန်း၍ ရောက်လာသည်။ မေးစေ့ကို လက်တစ်ဖက်ဖြင့် ပင့်မ,ထားသည်။ ယမင်း အလိုက်သင့် မော့မော့ကလေး ဖြစ်နေ ၏။

လက်တစ်ဖက်ဖြင့် ယမင်း မျက်နှာပြင်ကို စမ်းကြည့် သည်။ မော့မော့ပုံစံလေးကို စိတ်ချသွားပြီးနောက် လက်နှစ်ဖက် လုံးဖြင့် စမ်းလေ၏။

"နဖူးလေးကတော့ အနေတော်ပဲ၊ ဆံပင်တွေက အများကြီး ပါလား ဂျက်စမင်၊ မျက်ခုံးလည်း ကောင်းတယ်နော်၊ ကိုယ် စမ်းမိတယ်"

ယမင်း မျက်စိမှိတ်ထားသည်။

"မျက်အိမ် အကျယ်ကြီးပဲ၊ မျက်လုံးလည်း လှမှာပဲ"

မျက်တောင်များကို သပ်တင်ကြည့်ပြန်၏။

"မျက်တောင်တွေလည်း အများကြီးပဲ၊ ရှည်ပြီး ကော့နေလား ဂျက်စမင်"



ယမင်း မဖြေနိုင်ပါ။

"နှာတံဆင်းပုံလည်း လှတယ်၊ ပါးလေးက ဖောင်းလို့၊ ဟာ လှတာပေါ့ ဂျက်စမင်၊ ဒီအသွင်အပြင်နဲ့ ဘယ်မှာ မလှဘဲ ရှိမလဲ၊ ဂျက်စမင်ဟာ ကိုယ် ထင်တာထက် အများကြီး ပိုလှနေပါလား၊ အသားလည်း သိပ်ညိုမယ် မထင်ပါဘူး၊ ညိုချင်လည်း ညိုပေါ့၊ ဘာဖြစ်လဲ၊ ချစ်တယ် ဂျက်စမင်ရယ်၊ သိပ်ချစ်တာပဲ"

သူ့ ပခုံးမှာ မှီလိုက်မိပါတော့သည်။ ခေတ္တပိတ်ထား သည့် မျက်ဝန်းအိမ်မှ မျက်ရည်စက်တွေ စီးကျသည်။

"ဟာ ... ဘာလို့ ငိုတာလဲကွယ်"

ပါးပြင်ပေါ်မှ မျက်ရည်စက်တွေ သူ စမ်းမိလေ၏။

"ဘာလို့လဲဟင်၊ ကိုယ် စမ်းကြည့်တာ မကြိုက်လို့လား"

ယမင်း တစ်ခွန်းမျှ ပြန်မပြောနိုင်ပါ။ ပြောပြန်ရင် ည်း ရင်ကွဲသံကိုပဲ ကြားရမယ် ကိုနောင်ရဲရယ်။

"ဘာဖြစ်လို့ ငိုတာလဲ၊ ပြောပါ၊ ကိုယ် မနေတတ်ဘူး"

သူ ထိတ်ထိတ်ပျာပျာ ဖြစ်ရှာ၏။ ယောကျ်ားတစ် ယောက် အနေနှင့် အခွင့်အရေး ယူမိလေသလားဟု စိတ်မကောင်း ကြီးစွာဖြစ်သည်။

"ကိုယ် ... ဘာမှားသွားလဲ ဂျက်စမင်"

"ကိုနောင်ရဲ"

"ဗျာ ... ပြောပါ ဂျက်စမင်"

"ဘယ်လို ချွန်အားမျိုးနဲ့ ငြင်းရက်နိုင်ပါ့မလဲရှင်"

"ဟာ ... ဂျက်စမင်"

www.burmeseclassic.com

www.burmeseclassic.com



အပျော်လွန်သွားရသည်မို့ ယမင်း ဆံပင် တစ်အုပ်လုံးကို သူ သတိလက်လွတ် ဆွဲဆုပ်လိုက်သည်။ ယမင်း ခေါင်းကလေး ဆတ်ခနဲ ဖြစ်ကာ အရမ်းနာသွားရပါ၏။ သို့ပေမဲ့ ရင်ထဲက နှလုံးသားအနာကိုတော့ မသိပါဘူးရှင်။

* * *

"ကိုနောင်ရဲ့ နေကောင်းလား"

"ချစ်တယ် ဂျက်စမင်"

"ကြည့် ... မေးတာကတခြား"

"သိပ်ကြည့်ချင်တာပေါ့ကွာ၊ မြင်မှ မမြင်တာ"

"အို ... အဲဒါကို ပြောတာ မဟုတ်ပါဘူး"

"ဟား ... ဟား၊ ကောင်မလေးတစ်ယောက် စိတ်မကောင်း ဖြစ်သွားလား၊ နောက်တာပါကွာ၊ မကြာခင် မြင်ရတော့မှာ မကျည်းတန်လေးကို မြင်ရတော့မှာ၊ ဟာ ... ဘွာတေး ဘွားတေး"

နောင်ရဲ့ အလွန် အစသန်သွားပြီးမှ အားနာဖွယ် ဖြစ်သွားရသည်။ ယမင်း တကယ်သာ အကျည်းတန် အရုပ်ဆိုး ဆိုလျှင်တော့ ဝမ်းပန်းတနည်း ဖြစ်ကောင်းဖြစ်မည်။ ခုတော့ နေလိုက်မိပါ၏။ အရုပ်မှ မဆိုးတာလေ။

"ဂျက်စမင်"

"ပြောလေ"

"မျက်နှာသစ်မယ်၊ ကော်ဖီ သောက်မယ်"

"ပြုစုချင်စိတ်တောင် သိပ်မရှိဘူး"



"ဟောဗျ ... ဒါက ဘယ်လို ဖြစ်တာတုံး"

"လူနာက အခွင့်အရေးသမား"

"အေးကွာ၊ အနား သိပ်မကပ်နဲ့နော်၊ ပြန်မလွှတ်မိဘဲ နေလိမ့်မယ်"

"ကြောက်နေရပါလား"

နောင်ရဲ့ လက်ကို ဆွဲ၍ ကြိုးတန်းပေါ် တင်ပေးလိုက်သည်။ အစကတော့ ကိုယ်တိုင် မျက်နှာသစ်ပေးခဲ့ရပါသည်။ နောက်ပိုင်းမှာ နောင်ရဲ့ နေသားကျကာ သူ့ဘာသာ လုပ်နိုင်ရင်း အချိုးတကျ ဖြစ်လာခဲ့ပါသည်။

"ဟင့်အင်းကွာ ... ကြိုးတန်းကို မကိုင်ဘူး၊ ဂျက်စမင့် ပခုံးပေါ် လက်တင်ပြီး လိုက်ခဲ့မယ်၊ ဂျက်စမင်က ခွက်ကလေး တစ်ခုကိုင်"

"ခက်တော့တာပဲ၊ မပြောကောင်းပြောကောင်း ဒီနေ့ကို ဘယ်လို ဖြစ်နေမှန်း မသိဘူး"

"အူမြူးနေတာ၊ အူတင်မဟုတ်ပါဘူး၊ ကလီစာတစ်ခုလုံး မြူးနေလို့ ညက အိပ်လို့တောင် မပျော်ဘူး"

"တကယ်လား"

"တကယ်ပေါ့၊ မနက်ခြောက်နာရီ ဘယ်တော့ ထိုးပါ့မလဲ၊ ဘယ်တော့ ထိုးပါ့မလဲ စောင့်နေတာ၊ အိပ်မပျော်တော့ ဟိုလိုမိ ဒီလိုမိနဲ့၊ ဒီည တချိုးချိုး တချွတ်ချွတ်နဲ့ ဘာဖြစ်နေတာလဲတဲ့ အန်တီဒီရင်းက"

"တွေ့ကရာတွေ လျှောက်ပြောလိုက်သေးလား"

"နေမလှသွားကွာ"

"ခက်တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲရောက်တော့ သွားပွတ်တံပေါ် သွားတိုက်ဆေးတင်၍ နောင်ရဲ လက်ထဲ ထည့်ပေးသည်။

"ဗိုက်ကြီးတစ်ခုလုံး မြှူးနေလို့ အန်တီလို့ ပြောလိုက်တယ်၊ အဲဒါကို လေပွတယ်မှတ်ပြီး၊ အန်တီက လေဆေးတွေ ထတိုက်ပါလေရော"

"ကောင်းတယ်၊ ဆေးရော မထိုးဘူးလား"

"မထိုးလို့ တော်သေးတာပေါ့"

နောင်ရဲ သွားတိုက်နေခိုက်မှာ ယမင်း ငေးလို့ပဲ ကြည့်နေမိပါ၏။ ကြည့်လို့ကောင်းလိုက်တာ။ သူ့မျက်နှာ ချောချောသန့်သန့်မှာ အချစ်ချိုဖြင့် အပျော်ရည်တွေ ဖုံးနေသည်မို့ ကြည်လင်လတ်ဆတ်နေတော့သည်။

အပြန်မှာလည်း ယမင်း ပခုံးကိုပဲ ကိုင်၍ လိုက်လာသည်။

"ကိုယ်တို့ လက်ထပ်ပြီးရင် မျက်စိ ပြန်ကန်းမယ်ကွာ"

"လုပ်ပြန်ပြီ၊ မပြောကောင်း ပြောကောင်းတွေ"

"တကယ်ပြောတာ၊ ကိုယ်သာ မျက်စိမြင်နေရင် ဒီလောက် အပြုစုအယုယ ဘယ်ခံရမလဲ၊ ဒီအကြင်နာလေးတွေ ပျောက်သွားမှာ ကြောက်တယ်"

ခါတိုင်း လက်ထဲ ရောက်လာသည့် မုန့်ကို သူ့ဘာသာ စားပေမဲ့ ဒီနေ့တော့ ခွံ့ကျွေးနိုင်းနေပြန်၏။

"လူနာကလည်း အခိုင်းရက်စက်တယ်၊ နေ့ထွက် ပိုတောင်းမှပဲ"

"ယူစေ ... တစ်နေ့ ထောင့်ငါးရာ"

"တော်တော်ပျော်သလား ကိုနောင်ရဲ"



"သိပ်ပျော် ... ပျော်လွန်းလို့ အငွေ့တောင် ပြန်သွားမလား မသိဘူး၊ ဟော့ ... ကိုနောင်ရဲ မခေါ်နဲ့ကွာ"

"ပြောလေ ဘယ်လိုခေါ်ရမလဲ"

"ဘယ်သူနဲ့မှ မတူအောင် ဘာခေါ်ခိုင်းရ ကောင်းမလဲ မသိဘူး၊ ကိုကိုတွေ မောင်မောင်တွေလည်း ရိုးတယ်"

ကော်ဖီကို စိမ်ပြေနပြေ သောက်ကာ စဉ်းစားခန်း ...င်လေ၏။

"ဂျက်စမင်က ဗမာပေမဲ့ ကရင်လူမျိုးတွေ ကြားထဲမှာ ကြီးပြင်းခဲ့ရတာ မဟုတ်လား၊ ကရင်လို ခေါ်ပါလား"

"ကျွန်မမှ ကရင်စကား မတတ်တာ"

"ဘာ-ကျွန်မလဲ၊ ဘာကျွန်မလဲကွ၊ နားထဲ တံမာရွက်ပြွတ် ရေတွေ လောင်းထည့်သလိုပဲ"

အဲဒါမှအခက်။

ကိုယ့်နာမည် ကိုယ် ထည့်ပြောသည့်အခါ 'ယမင်း'ပဲ ...ကျင့်ရှိသည်မို့ ဂျက်စမင်ဟု ပြောမထွက်။ ကိုယ့်နာမည် ဂျက်စမင် ...တာတောင် အစပိုင်းက မေ့မေ့နေတတ်သည်မို့ မနည်းကြီး မှတ် ...ခဲ့ရတာ။

"အရိုးဆုံးဟာ အဆန်းဆုံးပါပဲ ကိုရဲရယ်"

"ကောင်းတယ် ... ကောင်းတယ်၊ ကိုရဲနဲ့ ဂျက်စမင်မဲပေါ့၊ ဂျက်စမင့် နာမည်က တစ်လုံးတည်း ခွဲခေါ်ရခက်တယ်"

ကော်ဖီကို ကုန်အောင် ပသောက်ဘဲ ဂျက်စမင်သိ...ပေးသည်။

"ရော့ ... ဂျက်စမင် တစ်ဝက်သောက်"

www.burmeseclassic.com



ယမင်း လှမ်းယူ၍ ကြည့်တော့၊ ပန်းကန်ထဲ ဖင်ကပ်ခဲ ကျန်သည်။ ဒါကိုများ တစ်ဝက်တဲ့။ သြော် ... သူ့ခမျာ မြင်ရ မမြင်ရှာတာလေ၊ စိတ်မှန်းနဲ့ ချန်ရတော့ ဘယ်မှာ တိကျနိုင်ပါ့မလဲ။

✻ ✻ ✻

"ပြန်တော့မယ်နော် ကိုရဲ"

"အန်တီဒိုရင်းကလည်း ဒီနေ့ အစောကြီး လာရလား"

"ဘယ်မှာ စောမလဲ မောင်နောင်ရဲ၊ ဆယ့်ငါးမိနစ်တောင် ကျော်နေပြီ"

"အင်းလေ ... ဂျက်စမင် အပြန်မိုးချုပ်နေမယ်၊ ပြန်ပြီ မနက်ဖြန် စောစောလာနော်၊ အင်းလေ ... မလာခဲ့နဲ့ သိပ်စောရင် ကားပေါ်မှာ လူပြတ်နေဦးမယ်"

အန်တီဒိုရင်းက သဘောကျစွာ ရယ်လေ၏။ အရွယ် ကြီးပေမဲ့ လူကြီးမို့၊ လူငယ်နှစ်ဦး၏ ပြောင်းလဲသွားသော အခြေအနေ ကို ချက်ချင်းသိသည်။

"အန်တီ့ကို မုန့်ကျွေးတော့မလို့လား မောင်နောင်ရဲ"

"ကျွေးမယ် အန်တီရေ၊ မျက်စိ မြင်တော့မှ"

"ဂျက်စမင်ကရော ဘယ်တော့ကျွေးမှာလဲ"

"သူကျွေးရင် တူတူပဲ မဟုတ်လား အန်တီရဲ"

"အင်း ... အင်း ... အဲဒီလို တွေ့ရတာ အန်တီ အရမ်း ဝမ်းသာတယ်၊ ဂျက်စမင်က မောင်နောင်ရဲကို အားကြီးချစ် တာ"

"ဟောဗျ ... အန်တီ သိနေတယ်လား"



"သိတာပေါ့ကွယ်၊ အန်တီ ရောက်ပေမဲ့ သူ ပြန်ချင်မှ ပြန်တာ၊ တစ်ခါတလေ နောက်ကျတယ်"

"ဟုတ်လား ... ဂျက်စမင် နောက်ကို ဘယ်တော့မှ အဲဒီလို မနေနဲ့"

"မောင်နောင်ရဲ ညညကျ၊ ဂျက်စမင် ဂျက်စမင်နဲ့ ယောင် ပြီး အော်နေတာလည်း အန်တီ မကြားချင်မှအဆုံးကွယ်"

"ဒါနဲ့များ အန်တီက ခုမှ ပြောရသလား၊ ဂျက်စမင့်ကို စောစောစီးစီး ပြောပြပြီး အောင်သွယ်ရောပေါ့ဗျာ"

ယမင်း ခိုးခိုးခစ်ခစ် ရယ်နေသည်။ အကြောင်းစုံ သိထားသည့် အန်တီဒိုရင်းသည် ပြောသင့်သလောက်ကိုသာ ပြော၍ ချန်သင့်သလောက်ကို ချန်ထားပါလိမ့်မည်။

"ဂျက်စမင် ပြန်ခါနီးလေး စမ်းကြည့်ပါရစေဦး"

ယမင်း ပါးပြင်ပေါ်သို့ သူ့လက်ဝါးကို တင်ပေးရ သည်။ ပြီးတော့ မျက်ကြောစင်းစင်းချကာ မော့မော့လေး နေပေး ရပြန်၏။ မျက်နှာပြင်တစ်ခုလုံး၊ သူ့လက်နှင့် စမ်းကာ အလွတ် ရအောင်များ ကျက်နေသလား။

"ဂျက်စမင့် ရုပ်ရည်က ရက်ရက်စက်စက် လှပါတယ်"

အန်တီဒိုရင်း တကယ်ပြောတာပေမဲ့၊ နောင်ရဲက သူ့ ကို နောက်သည်မှတ်ကာရယ်၏။

"နောက်နေ့တွေမှာ ဂျက်စမင့် မျက်နှာကို မနက်တစ်ခေါက် လာ တစ်ခါစမ်းကြည့်မယ်၊ ညနေပြန်ခါနီးတိုင်း တစ်ခါစမ်း ကြည့်မယ်"

"အလွတ်ကျက်မလို့လား မောင်နောင်ရဲ"

"ဟုတ်ကဲ့ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"ယော ... တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ကျွန်တော် မျက်စိမြင်တဲ့အခါမှာ ဟောဒါ ဂျက်စမင်လို့ ကျွန်တော်ကစပြီး ပြောနိုင်ချင်လို့ပါ"

"မင်းတို့နှစ်ယောက်ကို ကြည့်ရတာ စိတ်ချမ်းသာလိုက်တာ ဂျက်စမင်ကလည်း ပြုံးနေလိုက်တာ၊ ပါးကြောတွေ မသောင်းတဲ့အတိုင်း"

"ဟင် ... အန်တီကလဲ"

"ပြန်တော့ ဂျက်စမင်၊ မိုးချုပ်ရင် မကောင်းဘူး"

"ဟုတ်ကဲ့ ... ပြန်မယ်နော် ကိုရဲ"

နှုတ်ဆက်ကာ အခန်းပြင်သို့ ထွက်လာရပေမဲ့ နှလုံးသားက အခန်းထဲမှာ ဝဲလျက် ကျန်ရစ်လေ၏။ ကိုရဲ အိပ်မျှော်သလောက်ရှိသည့်အချိန်မှာ တစ်ခါလာကြည့်ရပါဦးမည်။

ချစ်တယ် ... ကိုရဲရယ်။

* * *



## ချစ်ပွင့်... ရင်မှာကြွေ

"ဂျက်စမင် ခွဲခန်းထဲကို လိုက်ခဲ့မှာ မဟုတ်လား"

"ဘယ်ရမလဲ ကိုရဲရဲ့၊ ဂျက်စမင်က ပရိုက်ဗိတ်နာ့စ်ပဲ၊ ဆေးရုံက နာ့စ်တွေပဲ ဝင်ခွင့်ရှိတာပေါ့"

"အပြင် ပြန်ရောက်ရောက်ချင်း တွေ့နိုင်တယ် မဟုတ်လား"

"ဂျက်စမင် အခန်းဝက စောင့်နေပါ့မယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ကိုရဲက သတိရချင်မှ ရဦးမှာ"

"မေ့နေတုန်းမှာလည်း ကိုယ့်အိမ်မက်ထဲ ဂျက်စမင် ရောက်နေမှာ၊ ဂျက်စမင် စောင့်ဖြစ်အောင် စောင့်နော်"

"စောင့်မှာပါ၊ ကလေးဆိုးကြီးကျနေတာပဲ၊ မုန်းတောင်လာပြီ"

သူ မမြင်နိုင်မှန်း သိပါလျက် မျက်စောင်းထိုးမိလေ၏။ ကျော်ဇေက မဲ့ရွဲ့ပြသည်။ သူ အတန်တန် တားပါလျက် ဒီနှစ်ယောက် ချစ်မိကြပြီ။ ခုချိန်မှာ ယမင်း နောင်ရဲကို တကယ်ချစ်နေပြီး ကျော်ဇေ လုံးဝ လက်ခံမိလေ၏။ ယမင်း အချစ်က သံသယဝင်စရာမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ဂျက်စမင်သည် ယမင်းသက်ဝေ ဆိုတာ၊ နောင်ရဲ သိသွားမည့်အချိန်မှာ၊ ဘာတွေ ဖြစ်လာမလဲ ကြိုမပြောနိုင်ပါ။

"ကျွန်တော်တော့ ခင်ဗျားကိုပဲ အပြစ်တင်တယ်ဗျာ၊ ခင်ဗျား တစ်နည်းနည်းနဲ့ လှည့်ပတ်ငြင်းဖို့ ကောင်းတယ်"

"ကျွန်မ ကြိုးစားပါတယ် ကိုကျော်ဇေ၊ ဒါပေမဲ့ ကျွန်မ ရင်ထဲက အချစ်ကို ကျွန်မ ဘယ်လိုမှ မတားနိုင်ခဲ့လို့"

"မျက်စိ ပြန်မြင်တဲ့အခါ ဘယ်လို ပြောကြမလဲ"

"အဲဒီအခါမှာ ဆရာမ ဂျက်စမင်ဆိုတာ မရှိတော့ပါဘူး ကိုကျော်ဇေ"

"ဖြစ်မလား၊ ကောင်ကြီးလွမ်းကျန်ရစ်မှာပေါ့"

"လွမ်းပါစေ ... ယောကျ်ားပဲ၊ ခဏပေါ့"

"မင်း ယောကျ်ားတွေကို ခုထိ ပေါ့ပေါ့တန်တန် သဘော ထားတုန်းလား"

"မဟုတ်ပါဘူး၊ ယောကျ်ားဆိုတော့ သူ့မှာ တာဝန်တွေ အများကြီးရှိတယ်လေ၊ တာဝန်တွေကြားထဲမှာ သူ နှစ်မြှုပ် သွားနိုင်တာကို ပြောတာပါ၊ အလွမ်းနဲ့ ခွဲကြပြီဆိုတဲ့ အခါမှာ မိန်းမသားမှာထက် ယောကျ်ားမှာက ဖြေစရာတွေ များပါ တယ်"

"မင်း ... ယမင်းသက်ဝေ ဆိုတာကို ဖွင့်မပြောဘူးလား"

"ပြောမယ်ဆိုရင်တောင် အချိန်တော်တော် စောင့်ပြီးမှ ပြော လို့ဖြစ်မှာပါ၊ လောလောဆယ် ချက်ချင်းကြီးတော့ ဘယ်လိုမှ ပြောလို့ဖြစ်မယ် မထင်ဘူး"

"အင်း ... ဟုတ်တယ်"



နောင်ရဲ မျက်စိကို ခွဲစိတ်ကုသချိန်တွင် ဆေးရုံမှာပဲ နေရသည်မို့ ယမင်းက တစ်နေ့ကို တစ်ခေါက်ပဲ သွားခွင့်ရှိပါသည်။ နေ့တိုင်း ထမင်းပို့ရာ၌ ချိုင့်ချည်း တင်ပေးလိုက်ရသည်။ ညွှေ့သည် တွေ့ခွင့်မရှိချေ။ ညနေဘက်ကျမှ ဝင်ရသည်။

"ဂျက်စမင့်ကို မြင်ရတော့မယ် ... သိပ်ပျော်တာပဲ"

နောင်ရဲ တက်ကြွရွှင်လန်းသမျှ ယမင်း ညှိုးချုံးရပါ တော့သည်။ မုဆိုသူကို ခွဲခွာရမည့်အချိန်က နီးကပ်လာပြီလေ။ နောင်ရဲ မျက်စိ စမြင်သည်နှင့် ဂျက်စမင်ဆိုတာ ရှိတော့မည် မဟုတ်ပါ။

ကိုရဲရယ် ...။

"ဂျက်စမင် ပြန်ခါနီးရင် မျက်နှာလေးကို စမ်းကြည့်ချင် သေးတာ၊ ဆေးရုံပေါ်မှာမို့ မကောင်းတတ်လို့"

"ခုထိ အလွှတ်မရသေးဘူးလား ကိုရဲရဲ"

"ရတာပေါ့ ... ကိုယ် ပတ်တီးဖြေတဲ့နေ့ကျရင် ကောင်မလေး တွေကို တန်းစီပြီး ရပ်ခိုင်းထား၊ အဲဒါဟာ ဂျက်စမင်လို့ ကိုယ့် ရွေးပြမယ်"

"ဖိုး"

"မမှတ်မိတော့လည်း မျက်စိမှိတ်ပြီး မျက်နှာတွေ လျှောက် စမ်းမှာပေါ့ကွာ"

နောင်ရဲ ရယ်ပေမဲ့ ယမင်း လိုက်မရယ်နိုင်ပါ။ နောက်နှစ်ရက်ဆိုလျှင် နောင်ရဲ ပတ်တီးဖြေရပါတော့မည်။ မြင်နိုင် မြင်နိုင်ရန်း ကိုးဆယ်ဟု ဆရာဝန်ကြီးတွေ အာမခံကြသည်။

မြင်စေချင်ပါတယ် ကိုရဲရယ်။ ယမင်း ဘယ်လိုပဲ ရပါစေ။ ကိုရဲ မျက်စိ ပြန်မြင်ကာယ်ဆိုရင် ယမင်း ကျေနပ်ပါ

www.burmeseclassic.com



"ဂျက်စမင် ဒီနေ့ စကားတယ်နည်းတာပဲ"

"သိပ်နေမကောင်းလို့ပါ"

"ဟုတ်လား ... ဖျားသလား"

နောင်ရဲ့ လက်တစ်ဖက်က ထုံးအစံအကျိုင်း ဝဲ လာသည်မို့ ယမင်း နဖူးလေးကို ထိုးပေးရသည်။

"ကိုယ်လည်း မပူပါဘူး"

နဖူးပြင်ကို စမ်းပြီးမှတော့ မထူးတော့ ...ဟု ဆို ယမင်း မျက်နှာပြင်တစ်ခုလုံး နောင်ရဲ့ လျှောက်စမ်းကြည့်လေ

စမ်းကြည့်ပါ ကိုရဲရယ်။ ယမင်း မျက်နှာကို လက်နဲ့ စမ်းကြည့်ခွင့်ဟာ ဒီနေ့ နောက်ဆုံးပါပဲ။ ဖြစ်ချင်ရာ ယမင်း ရှက်မနေနိုင်တော့ပါ။ ညှော့်ချိန်ကြီးမှာပဲ သူ့မျက်နှာ မော့ပေးထားမိလေ၏။

"ဂျက်စမင် နည်းနည်းပိန်သွားတယ်"

ဆေးရုံပေါ်မှာမို့ နောင်ရဲ့ ခါတိုင်းလောက် ကြာ ကြီး မစမ်းကြည့်ပါ။ ခဏတစ်ဖြုတ်မှာကိုပဲ လျှော့ရဲသွားသ ယမင်းပါးပြင်ကို သူ သတိထားမိလေ၏။

"ည ... ည အိပ်မပျော်ဘူး"

ပိန်သွားတာ တကယ်ပါ။ ည ည အိပ်မပျော် လည်း အမှန်ပါ။

'ကိုရဲနဲ့ ခွဲရတော့မယ်' ... ဆိုသည့် အတွေးကြော နောင်ရဲ့ ဆေးရုံပေါ် ရောက်ကတည်းက အိပ်မပျော်သည့် ည များလှပါပြီ။ ချစ်သူအတွက် ဝမ်းသာကြည်နူးရသည်က တစ်မျိုး တစ်သက်စာ ဝေးကြဖို့အတွက် လွမ်းရသည်က တစ်မျိုး။ ဘယ် ရင်ခွင်မျိုးမို့ ခံနိုင်ရည် ရှိမတဲ့လဲ။



"ဘာဖြစ်လို့ ပျော်အောင် မအိပ်တာလဲကွာ"

နောင်ရဲ့ စိတ်ပူစွာ ပြောရှာသည်။

ဘယ်လိုလုပ်ပြီး ပျော်အောင် အိပ်နေနိုင်ပါ့မလဲ။ ယမင်း ရင်ထဲမှာ တစ်ဖွဲဖွဲ တစ်စစ ကြွေကျနေတဲ့ နှလုံးသားကို ကိုရဲမှ မမြင်ဘဲကွယ်။ လူပင်ပန်း စိတ်ပင်ပန်းမှာ အိပ်မပျော်သည့် ညတွေပါ များလာရတော့ ယမင်း တကယ်ပဲ နေမကောင်းဖြစ်လာ ရပါသည်။

ရင်ထဲက တလှပ်လှပ် မောသည်။

'မောတယ် အန်တီ' ... ဟု မပြောဝံ့ပါ။ ဒေါ်ခင်လေး မြင့် သိလျှင် ဆရာဝန် ခေါ်တန်ခေါ်၊ ဆေးခန်းပြေးတန်ပြေး ဖြစ်ပါလိမ့်မည်။ ကိုရဲနှင့် တွေ့ခွင့်ရသည့်နောက်ဆုံးရက်ကလေး တွေကို ဘယ်ကိစ္စအတွက်မျှ ယမင်း ခွဲဝေမသုံးစွဲနိုင်ပါ။ ယမင်း အိတ်ခံရင်း၊ ကျန်းမာပျော်ရွှင်ချင်ယောင်ဆောင်နေရသည်။

ပင်ပန်းလှပြီ ကိုရဲရယ်။

လောကမှာ ဟန်ဆောင်ရခြင်းသည်သာ အပင်ပန်းဆုံး ဆောက်လား။

"နော် ... ဂျက်စမင်၊ ဒီည ပျော်အောင်အိပ်၊ မနက်ဖြန်ည ပျော်အောင်အိပ်၊ သန်ဘက်ခါဆိုရင် ဂျက်စမင့်ကို ကိုယ် မြင်ပြီ"

နောင်ရဲ့ စိတ်အား အလွန်ထက်သန်နေပါသည်။ သူ့ မျက်စိ ပြန်မြင်ရမည်ဟူ၍ လုံးဝ ယုံကြည်ကာ အပျော်ကြီး ပျော်နေ သည်။ နောင်ရဲ့ ပျော်တာမြင်ရတော့ လိုက်ပျော်ရဝေမဲ့ ယမင်း ရင်ထဲမှာ မရှိပါ။

ခွဲကြရတော့မယ် ကိုရဲရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲ ..."

"ပြော ... ဂျက်စမင်"

"ဟို ... ယမင်းသက်ဝေ"

"တော်တော့ ... ဂျက်စမင်၊ ကိုယ်တို့ ပျော်နေတဲ့အချိန်
ထဲကို အဲဒီဂြိုလ်မကို ဘာဖြစ်လို့ ဆွဲထည့်ရတာလဲ၊ သူ့နာ
ကိုယ် မကြားချင်ဘူး"

နောင်ရဲ မျက်နှာမှာ ဒေါသဖြင့် ထန်သည်မို့ ယ
မျက်နှာလေး ငယ်ကျသွားရပါ၏။ မျက်ရည်စတို့ အိခနဲ ဝိုင်း
သည်။

"ဂျက်စမင် ပြောတာကို ဆုံးအောင် နားထောင်ပါဦး ကိုရဲ"

"ကျေးဇူးပြုပြီး မပြောပါနဲ့ ကိုယ် ပျော်နေတာကို ဂျက်
မကြည့်ချင်ဘူးလား"

"ဂျက်စမင်က သူ့ကို ကျေးဇူးတင်လို့ပါ"

"ဘာ ... ကိုယ့်ကို ဒုက္ခအမျိုးမျိုးပေးတဲ့ ဂြိုလ်မကို
ဂျက်စမင်က ကျေးဇူးတင်တာ"

"သူ့ကြောင့် ကိုရဲ ဒီလိုဖြစ်တော့၊ ကိုရဲနဲ့ ဂျက်စ
ဆုံကြရတယ်လေ ကိုရဲရယ်၊ ကိုရဲသာ ဒီလို မဖြစ်
ဂျက်စမင်နဲ့ ဘယ်ဆုံမလဲ"

"ဘာမှ မဆိုင်ဘူး၊ သူက ကိုယ့်ကို ဂြိုလ်ဆိုးတွေ မြ
တာ၊ ကိုယ်နဲ့ ဂျက်စမင်က ဖူးစာဖက်မို့ တွေ့ကြ
ဒီနည်းနဲ့ မတွေ့လည်း တခြားနည်းနဲ့ တွေ့မှာပဲ၊ သူ့အ
တော်ပါတော့"

စို့ဝဲလာသည့် မျက်ရည်စကို ယမင်း ကျိတ်၍
ရပါ၏။ သူ ဒီလောက်တောင် မှုန်းမျက် နှာကြည်းနေမှ



သက်လုံး ခွင့်လွှတ်တော့မည် မထင်ပါဘူးလေ။ ဖူးစာဖက်မို့
ကြတယ်ဆိုရင်၊ ဒီနည်းနဲ့မဟုတ်ဘဲ၊ တခြားနည်းနဲ့ ဘာဖြစ်လို့
မတွေ့ခဲ့ကြရတာလဲကွယ်။

"ဂျက်စမင် ဒီနေ့ ထူးကိုထူးတယ်၊ တစ်ခါမှ မပြောဖူးတဲ့
စကားတွေလည်း ပြောတယ်"

ယမင်း မျက်ရည်စ သိမ်းရင်း၊ ခေါင်းလေး ငုံ့နေမိ
သည်။

"ကိုရဲ"

"ဟင် ... ဂျက်စမင် ဘာဖြစ်လဲ၊ အသံတွေ တုန်နေတယ်"

"နည်းနည်းချမ်းလို့ပါ"

"အနွေးထည် မပါဘူးလား"

"ဟင့်အင်း ..."

"ကိုယ့်ခြေရင်းက စောင်ယူခြုံပါလား"

"ဂျက်စမင် တစ်ခုပြောပါရစေ"

"ဂျက်စမင် ဘာဖြစ်နေတာလဲဟင်"

"ဂျက်စမင်သာ တစ်ခုခု ဖြစ်သွားရင် ကိုရဲ ဘယ်လောက်
လွမ်းမလဲဟင်"

"ဘာတစ်ခုခုမှ မဖြစ်ဘူး၊ လွမ်းစရာလည်း မလိုဘူး၊ ကိုယ်
က ဂျက်စမင့်ကို ချစ်တယ်၊ ဂျက်စမင်က ကိုယ့်ကို ချစ်
တယ်၊ ကိုယ် ကျောင်းပြီးရင် လက်ထပ်မယ်၊ ဒီကြားထဲမှာ
ကျောင်းမပြီးခင် ကိုယ် အလုပ်တစ်ခုခု လုပ်နိုင်ခဲ့ရင်လည်း
လက်ထပ်မယ်"

"မဟုတ်သေးပါဘူး ကိုရဲရယ်၊ ဂျက်စမင် သေသွားရင်"

"ဘာတွေ လျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်တာ"

"မမေးနဲ့ သန်ဘက်ခါဆိုရင် ဂျက်စမင့် မျက်နှာလေး ကိုယ် တွေ့ရပြီ၊ မထူးပါဘူးကွာ၊ ရရာအလုပ်တစ်ခု ဝင်လုပ်ပြီး လက်ထပ်လိုက်ရရင် ကောင်းမယ်"

"ကိုရဲ ရည်မှန်းချက်တွေ ဆုံးရှုံးကုန်မှာပေါ့ ကိုရဲရယ်"

"ကိုယ့်ရှေ့ရေးကို ကိုယ် ကြိုးစားပြီး မေ့ထားတာ ဂျက်မင် ဒီအဲကြောင်းတွေ တွေးရင် ကိုယ် အိပ်မပျော်တော့ဘူး ကိုယ့်အတွက် ဆေးတက္ကသိုလ်မှာ နောက်ထပ် လေးငါးနှစ် အချိန်ယူဖို့ ဖြစ်နိုင် မဖြစ်နိုင်က သိပ်သေချာတာ မဟုတ်ဘူး"

"စရိတ်စကနေနဲ့ ပြောတာလား"

"ဒါပေါ့၊ ကိုယ် ... အလုပ်လုပ်ရလိမ့်မယ် ထင်တယ်"

"ဟင့်အင်း ... ကိုရဲ မလုပ်ရပါဘူး၊ ဂျက်စမင် စပယ်ရှယ် နာ့စ်လုပ်တာ ဝင်ငွေကောင်းပါတယ်၊ ဂျက်စမင် ထောက်ပံ့မှာ ပေ၊ ဂျက်စမင်တို့ ချစ်သူတွေပဲ ကိုရဲရယ်နော်၊ ကိုရဲ လက်ခံ နော်"

"မဖြစ်ဘူး၊ အဲဒါလည်း ကိုယ် ပြောမလို့၊ ကိုယ့် မျက်စိ ပြန်မြင်တဲ့နေ့ကစပြီး ဂျက်စမင် စပယ်ရှယ်နာ့စ် မလုပ်ရဘူး တော့"

"ဘာဖြစ်လို့လဲ"

"တခြားသူစိမ်းယောကျ်ားတွေကို ဂျက်စမင် ပြုစုနေရတာ ကိုယ် နည်းနည်းလေးမှ မရှုစိမ့်ဘူး"

"ဂျက်စမင့်ကို ဘယ်သူ ထမင်းကျွေးမှာလဲ"



"ကိုယ် ကျွေးမယ်၊ မထူးပါဘူးကွာ၊ ကျောင်းလည်း ပြန်မတက်တော့ပါဘူး၊ လက်ထပ်ကြမယ်"

"ဂျက်စမင်က မိန်းမလူနာတွေကိုချည်း ရွေးကြည့်မယ်ဆိုရင်ကော"

"ဘာပဲဖြစ်ဖြစ် ဂျက်စမင် ပင်ပန်းမှာပဲ"

"တစ်သက်လုံးက ပင်ပန်းလာခဲ့တာပဲ"

"ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်းချမ်းစေချင်ပြီ၊ လက်ထပ်ကြရအောင်ကွာ၊ ဘဝကို အတူတူ ရင်ဆိုင်ကြတာပေါ့"

သူ အားတက်သရော ပြောလေ၊ ယမင်း ရင်ထဲ မချိ ...ဝါပဲ။ သူ့မျက်နှာကို တဝကြီး ငေးကြည့်နေမိသည်။ အားလုံ...ကတာ မည်တို့ ထင်ကြမည်မသိ။ ထင်ချင်သလိုထင်ကြပစေတော့၊ ...ကို တဝကြီး ငေးကြည့်ခွင့်ကို နောက်ဘယ်တော့မှ ရတော့မည် ...တ်ပါ။

ချစ်သူကို ဖူးတွေ့ချင်လှပါသည် ဆိုလျှင်တောင် ...င်း ပုန်းလျှိုး ကွယ်လျှိုး ကြည့်ရမည့်အဖြစ်ပါ။ သူ ... မျက်စိ ...မြင်သည့်အခါမှာ ယမင်း မျက်နှာကို သူ မှတ်မိမှာဟု သူ ...ယ်လောက်ပဲ ပြောပြော တကယ်တမ်းမှာကျ မှတ်မိဖို့မလွယ်ပါ။

သူ ထင်ထားသည်က အသားညိုညို၊ မျက်နှာပေါက် ... အလွတ်ရနေသည်ပဲထားဦး၊ ဖြူဆွတ်ကြည်နေသည့် အသား ...င် ဖာစ်ခုတည်းနှင့် သူ မှတ်မိဖို့မရှိ။ ဒီတော့ သူ့ကို ပြောင် ...င်တင်းတင်း ကြည့်ခွင့်မရှိဘဲနေမလား။

အဲဒီလိုကျတော့လည်း ယမင်းသက်ဝေဆိုတာ သိသွား ...သည်နှင့်ပင် မှန်းရ လျှိုးရဦးမှာပါ။ ခွဲကြရတော့မယ် ကိုရဲရယ်။ ...ရဲ့ မျက်နှာကို ဘယ်လိုမှ ကြည့်မဝ။ တဝကြီး ကြည့်... လွမ်း

www.burmeseclassic.com

www.burmeseclassic.com



မောလေ၊ တသဆွတ်ကြင်စွာ ငေးလေ၊ ရင်ထဲမှာ နင့်လေ၊ ရင်ညွန့်ဆီက ပူခနဲလိုလို ခံစားလိုက်ရသည်။

ဒသည်းကျွမ်းပြီ ထင်ပါရဲ့ ကိုရဲရယ်။

✻ ✻ ✻

"ဘာပြောတယ် ... ကျော်ဇေ"

ကျော်ဇေ့ စကားတစ်ခွန်းသည် တစ်ကမ္ဘာလုံးကို ဦးစောက်ကျွမ်းပြန် ဖြစ်စေ၏။ နောင်ရဲ လဲလျောင်းနေရာမှ ကျန်း ထသည်။ ကျော်ဇေ ကမန်းကတန်း ဝင်တွဲရသည်။ ခုတင်ပေါ်မှာ သေသေချာချာ ထိုင်ဖြစ်မှ ကျော်ဇေ နောင်ရဲကို လွှတ်ပေးသည်။ ကျော်ဇေ့ မျက်နှာ ဘယ်လိုပဲရှိရှိ၊ နောင်ရဲ မြင်နိုင်မှာ မဟုတ်သေး ပိပိရိရိ လိမ်နိုင်ဖို့ အတော်ကြီးကို ကြိုးစားနေရပါ၏။ ကျော်ဇေ နောင်ရဲကို မကြည့်ဘဲ မျက်နှာလွှဲထားဖြစ်လေသည်။

"သူ့အမေ အသည်းအသန်ဖြစ်လို့ သံကြိုးရိုက်ခေါ်တာနဲ့ တောင်ငူကို ပြန်သွားရတယ်"

"သူ့မှာ အမေရော အဖေရာ မရှိဘူးဆို"

"ခုဟာက မွေးစားအမေ၊ မွေးစားအမေ ဆိုတာကလည်း ဝမ်းနဲ့ မလွယ်ရုံရှိတာ၊ အမေရင်းလိုပဲပေါ့"

"ငါ့ကို ဘာဖြစ်လို့ နှုတ်ဆက်မသွားရတာလဲ၊ ဒီညနေပိုင်း လေး စောင့်ပြီး ပြောသွားတော့ ဘာဖြစ်မှာမို့လဲ"

"စောင့်ပြီးပြီ နောင်ရဲ၊ သံကြိုးက မနေ့က နေ့လယ်ပိုင်း မှာ ရတယ်၊ ဂျက်စမင် စောင့်ပြီး မင်းဆီ ညနေတစ်ခေါက် လာတွေ့ခဲ့သေးတယ်"



"သူ ဘယ်အချိန်က သွားတာလဲ"

"မနေ့က၊ မင်းဆီက အပြန်မှာ တန်းသွားတာပဲ"

"ညကြီး မင်းကြီးကွာ"

ဂျက်စမင့်ကို အပြစ်မတင်နိုင်အောင် ဖြစ်သွားရပါတော့သည်။ သူ ဒီလောက် အခြေအနေကြားထဲက မနေ့ညနေပိုင်း၊ ဆေးရုံကို ရောက်ဖြစ်အောင် လာသွားရှာသေးသည်။

"မနေ့က သူ တစ်မျိုးဖြစ်နေပါတယ်လို့တော့ ထင်သား"

"သူလည်း ဘယ်စိတ်ကောင်းပါ့မလဲကွာ၊ မင်း ပတ်တီးဖြေတဲ့ အချိန် သူ ရှိနေချင်မှာပေါ့"

"ငါ အများကြီး မျှော်လင့်ထားတာ"

"ခုလည်း တစ်နည်းတော့ ကောင်းပါတယ်၊ မင်း မျက်စိ ကောင်းပြီးမှ တောင်ငူကို လိုက်သွားလည်း ရတာပဲ၊ ဒါမှ မဟုတ် သူ ပြန်လာတဲ့အခါမှာ မင်းက ဒါ ... ဂျက်စမင် လို့ တန်းခနဲ ပြောနိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ငါ လိုက်သွားမယ်"

"ဒါဖြင့် ဒီည အိပ်ရေးဝအောင် အိပ်၊ ခေါင်းတွေ ဘာတွေ မကိုက်စေနဲ့၊ မနက်ဖြန် ပတ်တီးဖြေရမှာ"

"ဒီရက်မှာမှကွာ၊ ကြုံကြုံဖန်ဖန် တိုက်ဆိုင်ရတယ်လို့"

"ဘယ်တတ်နိုင်မလဲ သူငယ်ချင်း"

"အင်းလေ ... ခုမှတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ကျော်ဇေ ယူလာသည့် ထမင်းချိုင့်သည် ယမင်းလက်ရာဆိုတာ မသိသည်မို့ နောင်ရဲ ထမင်းစားရာတွင် အရသာတွေ့၊ နေ့တိုင်း ဒီလက်ရာစားနေကျ ကောင်းလှချည့်ပေမဲ့ ဒီနေ့တော့ သိသိသာသာ အရသာမဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အားရှိအောင် အိပ်ဦး၊ တောင်တောင်အီအီတွေလည်း လျှောက်တွေးမနေနဲ့၊ တော်ကြာ ပြန်လာရင် တွေ့ရမှာပါ၊ ကြားလား ချွေးကောင်"

ကျော်ဇေက ပခုံးကို ပုတ်၍ ပြော၏။ နောင်ရဲ့ မသက်မသာ ပြန်ပြုံးပြရပေမဲ့ ရင်ထဲမှာ နည်းနည်းလေးမှ ဘဝင်မကျပါ။ စိတ်ထဲ လေးနေသည်။ ကျော်ဇေ ပြောပုံ သဘာဝကျပေမဲ့ တစ်နေရာရာမှာ တစ်ခုခုတော့ မှားနေပြီဟု အလိုလိုသိလေ၏။

ဝေးကြရတော့မယ်လို့ ထင်နေတယ် ဂျက်စမင်။

❋ ❋ ❋

"ခုလောက်ဆို သူ ပတ်တီးဖြေနေပြီ"

ထိုင်နေလို့ မရပါ။ အိပ်ရာထက်မှာ သွားလှဲတော့လည်း တလူးလူး တလိမ့်လိမ့်။ လမ်းထလျှောက်ပြန်တော့ မိုက်ခနဲ ဖြစ်သွားသည်မို့ နီးရာကုလားထိုင်မှာ ဝင်ထိုင်ရပြန်သည်။ ရင်ထဲမှာ တလှပ်လှပ်ခုန်လေ၏။

"သမီး သွားကြည့်ချင်ရင် အန်တီ အဖော်လိုက်မယ်လေ"

ယမင်းကို ကြည့်ရင်း သနားလာရပါတော့သည်။ ဒေါ်ခင်လေးမြင့်မှာပါ ဝေဒနာကူးစက်ကာ ယမင်းနည်းတူ ဆောက်တည်ရာမရ ဖြစ်ရလေ၏။

"မဖြစ်ဘူး ထင်ပါတယ် အန်တီရယ်"

"ယမင်းကို မြင်ပေမဲ့ သူ သိမှာမှ မဟုတ်တာ၊ ဂျက်စမင် အဖြစ်နဲ့လည်း မသိဘူး၊ ယမင်းသက်ဝေ အဖြစ်နဲ့လည်း မသိဘူး"



"တစ်ယောက်ယောက်များ၊ ယမင်းလို့ နှုတ်ဆက်လိုက်ရင် သွားပြီ အန်တီရဲ့၊ သူက ယမင်းကို သိပ်မုန်းနေတာ"

"မောင်ကျော်ဇေ ဖုန်းဆက်မယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သူ့မျက်စိ ပြန်မကောင်းမှာလည်း အရမ်းပူတာပဲ"

ယမင်း ထိုင်နေရာမှ ဆတ်ခနဲ ထသည်။ မိုက်ခနဲ ဖြစ်သွားရပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်နိုင်အားပါ။ အပေါ်ထပ် ဘုရားခန်းဆီသို့ သွားရာတွင် ခြေတွေမခိုင်၊ လက်တွေ မငြိမ်။ ဒါတွေကိုလည်း ဂရုစိုက်မနေအားပါဘူး။

မြတ်စွာဘုရားသည်သာ ကိုးကွယ်ရာ။

ယမင်း လက်အုပ်ကလေးချီ၍ ကျုံ့ကျုံ့ထိုင်၏။ မြတ်စွာဘုရား၏ မျက်နှာတော်သည် ကြည်လင်ဝင်းပနေသည်။ ဗုဒ္ဓရှင်တော်မြတ်ကိုသာ ဖူးတွေ့ခွင့် ကြုံခဲ့ပါလျှင် ဘယ်လောက် အကျိုးထူးလိမ့်မလဲ။ ခု ... ဆင်းတုရုပ်ပွားတော်ကို ကြည်ညိုရရုံနှင့်ပင် ရင်ထဲမှာ အေးငြိမ်းချမ်းသာမှု ဖြစ်ထွန်းသည်။

"ကိုရဲ့ မျက်စိ ပြန်မြင်ပါစေဘုရား"

ယမင်း ဦးသုံးကြိမ် ချလေ၏။

အစတုန်းကဆို ယမင်းသည် ကုသိုလ်ရေးလည်း စိတ်မဝင်စားပါ။ ဘုရားမေ့ တရားမေ့ ဘုရားခန်းဆောင်ဟူသည် ယမင်း ရောက်ခဲလှသည့်နေရာ။ ဝန်ခံရမည် ဆိုပါလျှင် နောင်ရဲ့ အိမ်ကို ရောက်လာချိန်မှစ၍ ယမင်း ဘုရားခန်းသို့ နေ့စဉ် ဝင်ဖြစ်တော့သည်။

ဆွမ်းတော်ကပ်၊ သောက်တော်ရေချမ်းကပ်၊ ဆီမီးထွန်း၊ ဘုရားပန်းလဲ။

www.burmeseclassic.com

www.burmeseclassic.com



မည်သူ့ နှိုးဆော် တိုက်တွန်းမှုမျှ မပါဘဲ၊ ယမင်း ကိုယ့်ဝိရိယနှင့်ကိုယ် လုပ်သည်။ ယေယေတုန်းက အန်တီ သင်ပေးခဲ့သည့် ဘုရားရှိခိုးစာများ၊ မေမေနှင့် အန်တီ လက်ထပ်ပြီးကတည်းက မဆိုဖြစ်တော့သည်မို့ မေ့နေသောကြောင့် မနည်းကြိုး ပြန်စဉ်းစားပြီး ဆိုရသေးသည်။ ပြီးတော့ ဆုတောင်းနှစ်ခု ယမင်း အမြဲတောင်းဆို၏။

"ကိုနောင်ရဲ့ မျက်စိ ပြန်မြင်ပါစေ"

"တပည့်တော်မ အပေါ်မှာ အမုန်းပြေပြီး ခွင့်လွှတ်နိုင်ပါစေ"

လနှင့်ချီ၍ တောင်းခဲ့ရသည့်ဆုတွေ၊ ခုံလောက်ဆို ပြည့်စုံဖို့ကောင်းပြီဟုလည်း ကလေးဆန်ဆန် တွေးမိသေးသည်။

ဒီနေ့တော့ ဆုတောင်းတစ်ခုတည်းကိုသာ သဲသဲမဲမဲ တောင်းဆိုဖြစ်ပါတော့သည်။

"ကိုရဲ့ မျက်စိ ပြန်မြင်ပါစေဘုရား"

ဦးသုံးကြိမ်ချပြီး ပြန်အတွင် လက်ဝဲဘက် ရင်ဘတ်ဆီမှ ဖြာခနဲ ခံစားလိုက်ရသည်။ စူးခနဲ အောင့်တက်လာသည်။ လက်မလေးဖြင့် ဖိကာ မတ်တတ်ရပ်နိုင်ဖို့ကို မနည်းကြိုးစားရသည်။

"ဘာဖြစ်လဲ သမီး"

စိတ်မချသည်မို့ ထက်ကြပ်မကွာ လိုက်စောင့်သည့် ဒေါ်ခင်လေးမြင့်က ပြေးလာတွဲသည်။

"အောင့်တယ်"

နှစ်ခွန်းတည်း ပြောနိုင်၏။

"ဟင် ..."

"မောတယ်"

"ယမင်း ... ယမင်း"



ဒေါ်ခင်လေးမြင့် စိတ်ပူစွာ တတွတ်တွတ်ခေါ်သည်။ ယမင်းသည် ဒေါ်ခင်လေးမြင့့် ရင်ခွင်ထဲတွင် ပျော့ခွေနေတော့သည်။

"ပြန်ထိုင် သမီး၊ လှဲလိုက်ရအောင်"

ဘုရားခန်းထဲမှာပင် ယမင်းကို ခဏလှဲသိပ်ပေးရလေ၏။

"မမယမင်း ဖုန်းလာတယ်၊ ကိုကျော်စေတဲ့"

အိမ်ဖော်ကောင်မလေး လာပြောရတော့ ယမင်း ရင်ထဲ ထိုက်ခနဲ ပျော်သွားသည်။ သတင်းကောင်းဖြစ်မှာ၊ ကိုရဲ့ မျက်စိ တောင်းကောင်းကြီး ပြန်မြင်မှာဆိုတာကို ရင်ထဲမှာ သိနှင့် ပျော်နှင့်၏။

"လာမယ်"

လေသံက ချိ၍မှာ၏။ ဆောဆောကလို ခွမ်းခွမ်းဖတ်ဖတ် ရှိ။

"ဖြည်းဖြည်းထလေ သမီး"

ဒေါ်ခင်လေးမြင့် လိုက်တွဲလို့တောင် မမီပါ။ ခွန်တွေအားတွေ ဘယ်ကရောက်လာမှန်းမသိ။ အပေါ်ထပ်မှ သည်အောက်ထပ်သို့ ပြေးဆင်းသည်။ တယ်လီဖုန်း ရှိရာသို့ ပြေးပြန်၏။

"ဪ ... ဟဲ့ ... ယမင်းရယ်"

ဒေါ်ခင်လေးမြင့်ပါ ပြေးလိုက်လာသည်။

"ယမင်းပါ ကိုကျော်စေ"

ရင်ဘတ်တစ်ခုလုံး ဘယ်နေရာမှ မအောင့်တော့ပါ။

"နောင်ရဲ့ ပတ်တီးဖြေပြီးပြီ"

"သူ မြင် ... မြင်တယ် မဟုတ်လားဟင်"

"မြင်ရတယ်"

"ဟယ် ... အမယ်လေး၊ ဝမ်းသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ပတ်တီး ခဏပြန်စည်းပေးထားတယ်၊ သုံးလေး ရက်နေရင် ဆေးရုံက ဆင်းရမှာပဲ"

"သူ ယမင်းကို မေးသေးလားဟင်"

"မေးတာပေါ့၊ တောင်ငူက ပြန်မရောက်သေးဘူးလားတဲ့"

"ကိုကျော်ဇေ ယုံအောင် ပြောထားတယ် မဟုတ်လားဟင်"

"ပြောထားပါတယ်"

"သူ ယမင်းကို သတိရရဲ့လားဟင်"

"မရဘဲ နေမလားဗျာ၊ ခင်ဗျားကလဲ"

"ကျေး ... ကျေးဇူးတင်လိုက်တာရှင်၊ ဝမ်းသာလိုက်တာ ယမင်းက အရမ်း ဝမ်း ... သာ ..."

"ယမင်း"

ဒေါ်ခင်လေးမြင့်သာ အတွဲမမြဲလျှင် ယမင်း ကြမ်းပြင်ပေါ် ဗိုင်းခနဲ လဲကျမှာအမှန်။ ခုတော့ ပျော့ခွေလျက် ပါလာ၏။

"ယမင်း ... ယမင်း"

မေးဖျားကို ကိုင်လှုပ်ပေမဲ့၊ ယမင်း မထူးနိုင်။ မျက်ကြော စင်းစင်းလေး ချလျက် အသက်ကို ပင်ပန်းစွာ ရှူလေ၏။

"ယမင်းရေ ..."

✻ ✻ ✻

စကား တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ စကားပြောခွက် လွတ်ကျသလားမသိ။ တစ်ခုခုနှင့် ဆောင့်မိသံ ကြားရသည်။ ပြီးတော့ ... ယမင်းဟု ကျူးခေါ်လိုက်သည့် ဒေါ်ခင်လေးမြင့် အသံကိုလည်း ကြားရ၏။



ယမင်း ဘာဖြစ်သွားပါလိမ့်။

တစ်ခုခုတော့ တစ်ခုခုပဲ။ သတိလစ်ပြီးတော့များ လဲကျသွားသလား။ အစက အချစ်ကြီး ချစ်ခဲ့မိပြီး၊ နောက်ပိုင်းမှာ ချက်နှာချင်းတောင် မဆိုင်ချင်၊ တစ်စက်ကလေးမျှ ကြည့်မရ ဖြစ်ခဲ့သည့် ယမင်းကို ကျော်ဇေ သနားလိုက်မိပါတော့သည်။

"သူ နောင်ရဲကို ချစ်ရှာတယ်"

အကြွင်းမဲ့ ယုံလေ၏။ လုံးဝ သံသယ မရှိတော့။ ယမင်း ခံစားမှု၊ ယမင်း လုပ်ရပ်လေးတွေက နောင်ရဲအပေါ် သံယောဇဉ် မည်မျှကြီးမားကြောင်း သက်သေခံလျက်ရှိလေ၏။ သူ ဒီလောက် ချစ်ရပေမဲ့ သူ့အချစ်ကို နောင်ရဲ အသိမခံဝံ့ပါ။ နောင်ရဲ ချစ်သူသည် ယမင်းသက်ဝေပါဆိုတာ သူ ဘယ်သောအခါမျှ ဖွင့်ဟရဲမည် မဟုတ်ချေ။

ဂျက်စမင် ဘဝနှင့် အချစ်ခံရသမျှ၊ ယမင်းသက်ဝေ ဘဝမှာ အမုန်းခါးခါးကို ရရှိ၏။ သည်မိန်းမသားသည် နောင်ရဲ အလွန်နာကြည်းမုန်းတီးသူ။

ကျော်ဇေ နောင်ရဲ နားသို့ ပြန်ရောက်လာသည်။

"စောစောက ဘယ်သွားတာလဲ"

"ဟိုဘက်"

ကျော်ဇေ ဘာပြောရမှန်း မသိသည်မို့ လတ်ညှိုးတစ်ချောင်း စွတ်ထိုးသည်။ သူ့လက်ညှိုးကို နောင်ရဲ ခေါင်းရပါး ပတ်တီး ပြန်စည်းထားသည်။

"ဂျက်စမင်ဆီ ဖုန်းဆက်ပေးပါလား ကျော်ဇေ၊ ငါ့ မျက်စိ ပြန်မြင်ပြီလို့ သူ သိချင်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စချက်ချင်း ဆက်ခဲ့ပြီဆိုတာကို ပြောချလိုက်ချင်ဖ
၏။ ဟိုမှာ အပျော်လွန်ပြီး ဘာဖြစ်သွားပလဲတောင် မသိဘူ
ဆိုတာကိုလည်း ဆက်ပြောချင်သေးသည်။

"ဟောကောင် ... လုပ်ပါကွာ၊ ဂျက်စမင့်ဆီ ဖုန်းဆက်ပေ
ပါ"

"မင်းကြီးတော်ကြီးမှပဲ၊ သုံ့ရွေးလည်း မဟုတ်၊ ရုံးလည်း
မဟုတ်၊ ဘယ်မှာလာပြီး တယ်လီဖုန်းရှိမှာလဲ"

"သံကြိုးရိုက်ကွာ"

"ဘယ်မလဲ လိပ်စာ"

"ဟင် ... မင်း မတောင်းထားလိုက်ဘူးလား၊ မင်း သိမှ
သိမှဖြစ်မယ်"

ကျော်ဇေ ဘာဆက်ပြောရမှန်း မသိတော့ပါ။

"သူ တောင်ငူ ပြန်မယ်ဆိုရင် ဘာရပ်ကွက်၊ ဘာလမ်း
အိမ်နံပါတ် ဘယ်လောက်ဆိုတာ မင်း မေးထားလိုက်ရမှာ
ပေါ့၊ မင်းက မမေးရင်လည်း သူ့ကိုယ်တိုင်က ပေးသွားရ
မယ်၊ မသိလို့ ဖြစ်မလား"

"အေးကွာ ... မင်း အပြစ်တင်ရင်လည်း ငါခံရတော့မှာပဲ၊
ငါကလည်း မေးမထားလိုက်မိဘူး၊ သူကလည်း မေ့သွားတာ
လား မသိဘူး၊ ပေးမသွားဘူးကွ"

'ဝုန်း'ခနဲ ထုသံနှင့်အတူ မွေ့ရာအောက်မှ သံခုတင်
တောင် လှုပ်ခါ၏။ နောင်ရဲ အိပ်ရာကို လက်သီးနှင့် အားကုန်ထိုး
သည်။

"မလုပ်နဲ့လေ နောင်ရဲ၊ မျက်စိကို ထိနိုက်ဦးမယ်၊ ဒေါသ
က ဘာဖြစ်လို့ ထွက်ရတာလဲ"



"မင်းက လိပ်စာမေးထားလိုက်ဖို့ မေ့တာ သဘာဝကျပါတယ်၊
မင်းကို ငါ စိတ်မဆိုးပါဘူး၊ ဂျက်စမင်က မေ့ဖို့ကို မရှိဘူး၊
အဲဒါ သဘာဝ မကျဘူး"

"ဒါဖြင့် ... မင်း ဂျက်စမင်ကို စိတ်ဆိုးသလား"

"မဆိုးပါဘူးကွာ"

ခေါင်းထဲမှာ နည်းနည်းမူးလာသလိုလို၊ မျက်စိထဲက
ငိုသလိုလိုမို့ နောင်ရဲ သူ့နားထင်ကို သူ အုပ်ကိုင်၏။

"ဘာဖြစ်လဲ နောင်ရဲ"

"နည်းနည်းပါ"

ကျော်ဇေ ထလာကာ အိပ်ရာပေါ် လှဲဖို့ တွဲချပေး
သည်။

"စိတ်လိုက်မာန်ပါ မလုပ်နဲ့ကွာ"

"သူ့ကို စိတ်မဆိုးပါဘူ ကျော်ဇေ၊ ဒီထက်မက အဆိုးရွား
ဆုံးနည်းတွေနဲ့ စော်ကားဦး၊ ငါ စိတ်မဆိုးရက်ပါဘူး၊
ခုဟာက တစ်ခုခု ဖြစ်တော့မယ်၊ သူနဲ့ ငါနဲ့ ဝေးတော့မယ်၊
ငါ့စိတ်ထဲ အလိုလို သိနေတယ် သူငယ်ချင်း"

နောင်ရဲ စိတ်ပျက် လက်ပျက်ကြီး ဖြစ်သွားပုံကို
ကျော်ဇေ စိတ်မကောင်းစွာ ကြည့်နေဖြစ်သည်။ ချစ်သူချင်းမို့
...သားချင်း စကားပြောကြလေသလား။ ဝေးတော့မယ်၊ တစ်ခုခု
...တော့မယ်ဆိုတာ စိတ်ထဲက အလိုလို သိနေသတဲ့။ ဩော် ...
...နှစ်ယောက် တကယ်ချစ်ရှာကြတာပဲ။

"ဂျက်စမင်ကကွာ မင်းကို ရန်တွေ့မယ်၊ ဝါးရိုက်မယ်၊
ကားနဲ့ တိုက်သတ်ဖို့ ကြိုးစားမယ်"

"ဘာတွေ ပြောနေတာလဲ ကျော်ဇေ"

www.burmeseclassic.com

www.burmeseclassic.com



"မိုးမွန်အောင် ဆဲမယ်ကွာ၊ မင်း စိတ်နာမလား"

"သူ ... ငါ့ကို ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး၊ လုပ်ဦးတော့ ငါ စိတ်မနာဘူး၊ မမုန်းနိုင်ဘူး"

"တကယ်လား နောင်ရဲ"

"တကယ်ပြောတာ ယောကျ်ားစကား၊ ကဲ ... မင်း ဂျက်စမင် ပုန်းနေရင်လည်း ခေါ်လိုက်တော့ကွာ၊ ငါ့စိတ်ကို ဒီလောက် စမ်းရရင် ကျေနပ်တော့၊ ငါ ပင်ပန်းလှပြီ"

ဖြစ်မှဖြစ်ရလေ နောင်ရဲရေ ... ဟုသာ ပြောချင်မိတော့သည်။ ဂျက်စမင်က သူ့ကို တကယ်ချစ်မချစ် စိတ်စမ်းသည့် အနေနှင့် ပုန်းနေသည်လို့များတောင် ထင်သေး၏။ ဝေးကြတော့မယ်ဆိုသည့် အလိုလို သိစိတ်ကို ဖြေတွေးအနေနှင့် ဒီလို ထင်သလား မသိ။ နောင်ရဲ မျက်နှာ နည်းနည်းတောင် ကြည်လင်လာသလိုပါ။

"ဟဲ ဟဲ ... မင်း ဂျက်စမင်တဲ့၊ နောင်ရဲ ... နောင်ရဲ တကယ်ပဲ ငါ့ ဂျက်စမင် ဖြစ်သွားရင် ထိုင်ငိုမဲ့ကောင်"

"ဟော့ကောင် ... ဘယ်မလဲ ဂျက်စမင်၊ ခေါ်လိုက်"

"မရှိပါဘူးကွာ၊ ငါက မင်းကို နောက်တာ"

"တောင်ငူကို တကယ်သွားတာလား"

"ငါ့ကိုတော့ အဲဒီလို ပြောသွားတာပဲ"

"မင်းကို သံကြိုးစာ ပြသလား"

"ငါကလည်း တောင်းမကြည့်မိဘူး"

"ဂျက်စမင် ငါ့ကို ညာသွားပြီ၊ ဘာကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ စဉ်းစားလို့ကို မရဘူး"

"ညာချင်မှ ညာမှာပေါ့ကွ၊ ပြန်လာချင်လာမှာ"

"ငါ သိတယ်၊ ငါ့ ရင်ထဲမှာ အလိုလို သိနေတယ်"



ဪ ... ဂျက်စမင်။ မင်းကို ဒီကောင် ဘယ်လောက် ချစ်ရတယ်ဆိုတာ မင်း မသိလို့လား။ မင်းကို ချစ်တာထက် ပြတ်နိုးတွယ်တာစိတ်က ပိုတယ်ဆိုတာ မင်း မသိလို့လား။ မင်းနဲ့ ပြီး တစ်ယောက်တည်း အသက်ရှင် ကျန်ရစ်နေရလို့ ဒီကောင် ချော်မယ်များ ထင်နေသလား ဂျက်စမင်။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ အဲဒီ တစ်ခုခုက ဘာတစ်ခုခုမှန်း မသိတာဘဲ ခက်၏။ အကြောင်းမရှိ အဓိပ္ပာယ်မဲ့တော့ ဂျက်စမင် ဒီလို လုပ်မှာ မဟုတ်ပါ။ သူ့ကိုယ်သူ နောင်ရဲနှင့် တန်ဘူး ထင်ပြီးတော့များ အနစ်နာခံ နောက်ဆုတ်လေသလား။

"ကျော်ဇေ"

"ဗျာ ..."

"ဂျက်စမင် တော်တော်ပဲ အရုပ်ဆိုးသလား"

"မင်းက ဘယ်လို ထင်လို့လဲ"

"သူ ... အသား တော်တော်ညိုရင်တော့ မပြောတတ်ဘူး နည်းနည်းပါးပါးလောက် ညိုတာဆိုရင်တော့ ဗမာချောလေး ချောမှာပဲ၊ သူ့ မျက်နှာပေါ်က ပစ္စည်းတွေက လှတယ်"

"မင်း စမ်းကြည့်ထားသလား"

"အင်း ..."

ကျော်ဇေ ခွက်ထိုးခွက်လန် ရယ်၏။ နောင်ရဲတောင် ... နေလေး ဖြစ်လာသည်။ ရှက်ပြုံးမို့ သူ့မျက်နှာလေး ... သွားလိုက်တာ။

ယမင်း မျက်ရည်တစ်စက် ပေါက်မဲ့ ... ပြန်စည်းအားပြီးပြီမို့ ယမင်း ခပ်လှမ်းလှမ်း ... ပါ။ ခေါင်လေးမြင့်က သမီးလက်ကို တွဲလျက် ...

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပျော့ခွေကျသွားပြီးနောက် ချက်ချင်း ပြန်ကျုံးထကာ ဆေးရုံကို တန်းလိုက်လာသည်။ ညည့်ချိန်အော မဟုတ်၊ ကျော်ဇေတောင် နောင်ရဲ ပတ်တီး ဖြေမှာမို့ အနီးစပ် ဆွေမျိုးသားချင်းအဖြစ် ရှိနေဖို့ အတော်ကြီး ပြောတဏ်လာရသည်။

ယမင်း မျက်ရည် ပေါက်ပေါက်ကျကာ အသဏ်တွေ ဘာတွေ ကြပ်ကုန်ရသည်အထိ တောင်းပန်သည်မို့ ဒေါက်တာ နောင်ဦး ညီ နောင်ရဲ။ သူတို့ ညီအစ်ကိုကိုစွကလည်း ဆရာဝန်တွေ ဆေးရုံအမှုထမ်းတွေ အားလုံးလိုလို သိထားကာ ကရုဏာသက်ကြ ကြသည်မို့ နောင်ရဲ ညွှသည်လည်း ဖြစ်နေရသည်မို့ လူမှုရေး ခွင့်ပြုလိုက်ခြင်းပါ။

"ပြုံးနေပါ ကိုရဲရယ်၊ ကိုရဲ မျက်နှာလေး ပြုံးနေတာ ယမင်း ကြည့်ချင်ပါတယ်"

ယမင်း မျက်ရည် ကျိတ်သုတ်လျက် တိုးတိုး ပြောဖြစ်ပြန်လေ၏။

"ပြန်ကြစို့ သမီးရယ်၊ ဒီက အပြန် ဆေးခန်းကို တန်းသွားမယ်"

ယမင်း မပြန်နိုင်ပါ။

သူ့ကို ဒီလိုပဲ ငေးကြည့်နေချင်မိသည်။ ငေးကြည့် နေခွင့်ရလျှင်တောင် ယမင်း ဘဝကြီး တစ်ခုလုံး ပြီးပြည့်စုံရပါပြီ။ ယမင်းသက်ဝေဆိုသည့် မိန်းမသားကို မျက်နှာတောင် မကြည့် အောင် နာကြည်းလှပါသည်ဆိုသည့် သူကိုမှ ချစ်မိလေခြင်း ယမင်းဘဝ အစစ အကျိုးပေးကောင်းလှသည် ဆိုပေမဲ့ အချ အကျိုးပေးကျတော့ ညံ့လိုက်လေခြင်းကွယ်။

"သမီး"



ရှေ့သို့ တိုးလှမ်းသည်မို့ ဒေါ်ခင်လေးမြင့် စိတ်ပူစွာ ခေါ်၏။

"သူ့အနားမှာ ခဏလေး သွားရပ်ပါရစေ အန်တီ၊ ယမင်း ဘာသံမှ မထွက်ဘဲ ငြိမ်ငြိမ်လေး နီးနီးကပ်ကပ် ကြည့်ပါရစေ"

"ပင်ပန်းလှပြီ သမီးရယ်၊ ပြန်ကြပါစို့"

"သူ့ မျက်စိတွေ ပြန်မြင်နေပါပြီ အန်တီ၊ တော်ကြာ ဒီပတ်တီး ဖြေချလိုက်ရင် ယမင်း သူ့ကို အနီးကပ်ကြည့်ခွင့် မရနိုင်တော့ဘူး၊ နောက်ဆုံး အခွင့်အရေးပါ အန်တီရယ်"

သူ့ကို အနီးကပ် ငေးကြည့်ခွင့်က ဒီတစ်ခါ တကယ်ပဲ နောက်ဆုံး အခွင့်အရေးပါ။ ညနေစောင်းလောက် ဆိုလျှင်တောင် သာယီ စည်းထားသော ပတ်တီးကို ဖြေကာ နေကာမျက်မှန်လေး လောက်နှင့် ပြီးလိမ့်မည်ထင်သည်။

ယမင်း ရင်ထဲ ဘယ်လိုဖြေချိနိုင်ပါ့မလဲရှင်။

အချစ်ဆုံး ချစ်သူနှင့် ရှင်ကွဲကွဲရသည့် ဆင်းရဲ ခြင်းကိုယ်တွေ့လည်း ကြည်ဖြူ၏။ မိဘအုပ်ထိန်းသူ ကားကား ကန့်ကွက် ခြင်းလည်း ကင်း၏။ ဤမျှ အဆင်ပြေပါလျက် မနီးနိုင်ကြသည့် ချစ်သူနှစ်ဦး။

ကံဆိုးလေခြင်း။

"သွားချင်လဲသွားလေ၊ ဖြည်းဖြည်းလျှောက်"

ရင်ဘတ်ထဲမှာ ထိုးခနဲ တစ်ချက်အောင့်သည်။ လတ်စ လေးနှင့်တောင် မထောက်ဖြစ်ပါ။ ယမင်း ဖြည်းဖြည်းလျှောက်လာ သည်။ တစ်စတစ်စ နီးလာ၏။ ကျော်ဇေ့ကို လှမ်းမြင်ကာ ... အဟောင်းသားပွင့်လေ၏။ ကျော်ဇေ လက်ဝါးလေး ... ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးကို နှုတ်ခမ်းသားမှာ ကန့်လန့်ဖြတ်၍ ထားသည်။ ခုတင် ခြေရင်းမှာ စုံရပ်မိပါပြီ။

"ဂျက်စမင်လာသလား ကျော်ဇေ"

နောင်ရဲ လှဲနေရာမှ ကျုံးထ၏။ ယမင်း သူ့ ပါးစပ်ကလေးကို ကမန်းကတန်း ပိတ်ရသည်။ 'ကိုရဲ'ဟု ခေါ် လုလုပါ။

"ဘယ်က လာရမှာလဲ၊ အဲဒီလို ဆိုးခနဲ ဆတ်ခနဲ မထ နဲ့"

ကျော်ဇေ နောင်ရဲကို လှမ်းထိန်း၏။

"သူ့ကိုယ်သင်းနံ့လေး ပျံ့လာသလိုပဲ၊ ငါ ခံစားရတယ်၊ သူ တစ်ခုခုများ ဖြစ်သလား၊ နေထိုင်မကောင်းတာလား၊ ရှိသေးရဲ့လားကွာ၊ ငါ့ကို အမှန်အတိုင်းပြော"

"ဟိုဘက် ခုတင်က လူနာကို အမျိုးသမီးနှစ်ယောက် ကြည့်တာ၊ မိန်းမတွေ ရောက်လာတော့ ရေမွှေးနံ့၊ ပေါင်ဒါ နံ့ မိန်းမနံ့တွေ ထွက်မှာပေါ့ကွ၊ အနံ့ရတိုင်း ဂျက်စမင် ထင်နေရသလား၊ ငါ့ကို မင်း ဆဲခဲ့သလို ပြန်ဆဲမှပဲ နှာနံ့ ကပြား"

ယမင်း မျက်ရည် ပေါက်ပေါက်ကျလေ၏။

ဟုတ်မှာပါလေ၊ ဂျက်စမင်က ရေမွှေးနံ့ ယဉ်ယဉ် လေးသုံးလေ့ရှိသည်။ မည်သည့်အမျိုးအစားမှန်းတော့ နောင်ရဲ မသိ ဒီလို ရေမွှေးမျိုးက ဂျက်စမင် တစ်ယောက်တည်း သုံးနိုင်မှာ မဟုတ်တာ၊ အမျိုးကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ မြန်မာ ပြည်မှာ ရောင်းသည်ဆိုကတည်းက ဝယ်သုံးကြသူတွေ ခုနှစ်ရာ ရှိတော့မပေါ့။



"ပြန်လှဲနေ ... ဖြည်းဖြည်းလှဲ"

ကျော်ဇေက နောင်ရဲကို ပြန်လှဲချပေးသည်။ နောင်ရဲ ချုပ်ကြိုးပြတ် ကျလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com





"ငါ တောင်ငူကို လိုက်သွားမယ်"

"တောင်ငူမြို့နေ ဂျက်စမင်ရေ ... လို့ တစ်လမ်းဝင်
လွမ်းထွက် အော်မလို့လား၊ မင်းဟာက တောသား
သလို ရန်ကုန်မြို့နေ အမေ့ထံ ပေးပါဆိုပြီး လိပ်စာတပ်
ထက် ဆိုးသေးတယ်"

"ဟာ ... ငါ မေ့နေလိုက်တာ"

"ဘာလဲ"

နောင်ရဲ့ မျက်နှာ လန်းခနဲ ဖြစ်သွားရသည်။
မျက်စိခွဲ၊ ဆေးရုံမှ ဆင်းတော့ မေတ္တာဖြူ ဆေးတိုက်ကို ပြန်မသွား
ကျော်ဇေက နောင်ရဲ့ အိမ်သို့ပင် ပြန်ခေါ်လာခဲ့သည်။

"ငါ ဆေးတိုက်ကို လိုက်သွားရင် ဂျက်စမင့် လိပ်စာ
တယ်"

ကျော်ဇေ အကြီးအကျယ် မျက်လုံးပြူးလေ၏။

"မင်းဘာသာမင်း သွား၊ ငါ မလိုက်ချင်ဘူး"

"ရတယ် သူငယ်ချင်း၊ မင်း မလိုက်ချင်နေခဲ့"



နောင်ရဲ့ အိမ်ရှေ့ကပြင် ဆင်း၍ ဖိနပ်စီးလေ၏။

"ဟေ့ကောင် ချက်ချင်းကြီး၊ မင်း ဆေးရုံက ဆင်းခါစ
လူနာဆိုတာမှ သတိရရဲ့လား"

"ဘာဖြစ်လဲ၊ အခုတော့ လူကောင်း ဖြစ်သွားပြီ"

"တစ်ရက်တန်သည် နှစ်ရက်တန်သည် နားပါဦးလားကွာ၊
ဒီလောက် မွန်ရသလား၊ ဘာမီတွန်သောက်"

နောင်ရဲ့ ဟက်ခနဲ ရယ်၏။

"ငါ ပြောခဲ့တဲ့ စကားတွေနဲ့ ငါ့ကို ပြန်ဆဲမနေနဲ့၊ စကားလုံး
အသစ်ရှာဦး"

ကျော်ဇေ ... နောင်ရဲ့ လက်မောင်းကို ဖမ်းဆွဲထားရ
သည်။

"မင်း ... တကယ် သွားမလို့လား"

"ကျော်ဇေ မင်း ဘာဖြစ်နေတာလဲ၊ မင်း တစ်ခုခုကို မြှုပ်ထား
တာ ငါ သိတယ်"

နောင်ရဲ့ မျက်စိမျက်နှာပျက်စွာ လှည့်ကြည့်သည်။

"ပြန်ထိုင်ဦးကွာ ... ပြောစရာတွေ ရှိသေးတယ်"

"မြန်မြန်ပြော၊ ဆေးရုံပေါ်မှာတုန်းက ဘာဖြစ်လို့ မပြော
သလဲ"

နောင်ရဲ့ အိမ်ပေါ်ပြန်တက်ထိုင်၏။

"တစ်ခုမှ မချန်ထားနဲ့ အကုန်ပြော"

ကျော်ဇေ ဘာကစပြီး ပြောရမှန်းမသိ။

"ဟေ့ကောင် ... ပြောလေကွာ"

"အင်း ..."

ကျော်ဇေ ဦးနှောက်အလွန်ခြောက်လေ၏။

www.burmeseclassic.com



"မင်း မေတ္တာဖြူ ဆေးတိုက်ကို သွားမယ်ဆိုတော့ အဲဒါ ဘယ်မှာရှိလဲ မင်း သိလို့လား"

"ပွိုက်(တ်)ဟောနားမှာတဲ့၊ ကရင်ခြံထဲမှာတဲ့"

"မင်း အလုံသား မဟုတ်ဘူးလား"

"အလုံသားမို့လို့ အဲဒီကို သွားရှာနိုင်မှာပေါ့၊ အဲဒီနား ငါ အကုန်သိတယ်"

"အကုန်သိတယ်ဆိုရင်၊ ကရင်ခြံထဲမှာ ဘာဆေးတိုက်မှ မရှိတာ မင်း မသိဘူးလား"

"ဘာ ... ကျော်ဇေ"

"ကရင်ခြံလို့ ခေါ်တဲ့ ဝင်းကြီးထဲမှာ အထက(၁)အလုံ၊ အထက (၂)အလုံ၊ ဘုရားရှိခိုးကျောင်းနဲ့ လူနေအိမ်တချို့ ရှိတယ်၊ ဘောလုံးကွင်း ရှိတယ်"

"အဲဒါတွေ မင်းထက် ငါ ပိုသိတယ်"

"ဒါဖြင့် ဘယ်မလဲ ဆေးတိုက်"

"မပြောတတ်ဘူးလေ၊ အိမ်တစ်အိမ်က ဆေးတိုက် လုပ်ထားသလားလို့ပေါ့ကွ၊ ဘာလဲ ကျော်ဇေ ... ငါ နည်းနည်းမှ နားမလည်ဘူး၊ ရှင်းရှင်းပြောစမ်းပါ၊ စောင့်နားထောင်ရတာလည်း နည်းနည်းမှ စိတ်မရှည်တော့ဘူး"

"ကရင်ခြံထဲမှ မေတ္တာဖြူဆေးတိုက်ဆိုတာ လုံးဝမရှိဘူး၊ ဟုမ်းလမ်းဘက် ရောက်ရင် ဆန်းလိုက်ဆေးတိုက်ဆိုတာ ရှိတယ်"

"ဒါဖြင့် မေတ္တာဖြူက ဘယ်မှာလဲ"

"ဘယ်မှာလဲဆိုတာ ငါ မပြောချင်ဘူး၊ ဘယ်သူ့အိမ်လဲဆိုတာ ငါ ပြောမယ်"



"ပြောကွာ မြန်မြန်"

"ယမင်းသက်ဝေ ပိုင်တဲ့ နှစ်ထပ်တိုက်ကြီးပဲ"

လုံးဝ မျှော်လင့်မထားသည့် ဝါကျတစ်ကြောင်းသည် ဒီကျိုးမီးခဲနှယ် ရဲခနဲ ပူလေ၏။ နောင်ရဲတွင် ပြောစရာစကားတစ်ခွန်းမျှ မရှိတော့ပါ။

"အပေါ်ထပ်တစ်ခုလုံးကို မင်းအတွက် သီးသန့်စပယ်ရှယ် ဆေးခန်းဖွင့်ပေးလိုက်တာပဲ သူငယ်ချင်း"

"သူ ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲ"ဟု မေးချင်ပေမဲ့ နောင်ရဲ လေသံတောင် မဟချင်သည်မို့ တိတ်ဆိတ်စွာ ငိုင်လေ၏။

"ဘာဖြစ်လို့ အဲဒီလို လုပ်ကြသလဲဆိုတာ မင်း သိချင်လိမ့်မယ်၊ ယမင်းသက်ဝေက သူ့ကြောင့် မင်း အကြိမ်ကြိမ် ဒုက္ခရောက်ရတဲ့အတွက် တစ်ခုခု လုပ်ပေးပါရစေလို့ ငါ့ကို ပြောတယ် ...

"ငါ ဘာဖြစ်လို့ ငြင်းမပစ်သလဲလို့ မင်း ငါ့ကိုအပြစ်မတင်နဲ့၊ ငါ လုံးဝ ငြင်းတယ်၊ ခုချိန်မှာ ငါဟာ ယမင်းသက်ဝေကို မွှန်နေတဲ့ကောင် လုံးဝမဟုတ်ဘူး ...

"သူနဲ့တောင် အဆက်အဆံ လုပ်ချင်တာ မဟုတ်ဘူး၊ ဆရာကြီးတွေကို ခြေသလုံးဖက်၊ မျက်ရည်ပေါက်ပေါက်ကျ ငိုငိုပြီး တောင်းပန်တာပဲ ...

"မင်း မျက်စိမမြင်ပဲ၊ အိမ်မှာ တစ်ယောက်တည်း ပြန်နေရတာနဲ့စာရင် အဲဒီလို နေခွင့်ရတာဟာ မင်းအတွက်ပဲ ဆိုပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း အစ်ကိုရဲ့ မိတ်ဆွေ၊ ဆရာကြီးတွေက သဘော တူလက်ခံလို့ ငါက လက်တွေ့အကောင်အထည်ဖော်ပေးရတဲ့ ကောင် ...

"မင်းမှာလည်း ငါကလွဲလို့ ဘယ်သူမှ မရှိဘူး မဟုတ်လား၊ ဒီတော့ လက်တွေ့လုပ်ပေးရတာကတော့ ငါပဲ၊ ဆုံးဖြတ်ချက်ချတာတော့ ငါ မဟုတ်ဘူး"

နောင်ရဲ့ အကြီးအကျယ် စိတ်ပျက်သွားရပါတော့သည်။ သူ မှန်းတီးနာကြည်းနေသူကို ကျေးဇူးမတင်ချင်ပါ၊ ယမင်းသက်ဝေ ကြောင့် ကွယ်ခဲ့ရသည့် မျက်လုံးကို ယမင်းသက်ဝေကပင် မြင်သည် အထိ ပြန်ပြုစုပေးတော့ ... အကြွေးဆပ်လို့ကျေပြီပဲ ထား၊ ကိုဦး အဖြစ်ကို မေ့လို့ရနိုင်ပါ့မလား။

ပြီးတော့ ... မုန်းသူတစ်ဦးကို အနောင်အတဲ ကင်းကင်း နှင့် လွတ်လပ်စွာ နာကြည်းနေချင်သည်။ ဒီအနှောင့်အယှက်အ ဝင်လာသည်မို့ ဂျက်စမင့်ကိစ္စကို လောလောဆယ် ဘာမှ မလုပ်ဖြစ် နိုင်အောင် ရှိတော့သည်။

"ဆရာမတွေလည်း သူပဲ ငှားတယ်၊ ဆရာကြီးက မင်းကို လာကြည့်တဲ့အတွက် ဆရာကြီးတွေက ဆေးဖိုးဝါးခ မယူပါ ဘူး၊ အဲဒါ ယမင်းသက်ဝေက ပစ္စည်းတွေ ဝယ်သွားပြီး ကိုယ်တိုင် လက်အုပ်ချီ ထိုင်ကန်တော့တယ် ...

"လိုအပ်တဲ့ ဆေးဝါးလည်း သူပဲ ဝယ်တယ်၊ မင်း မေတ္တာဖြူမှာနေတဲ့ တစ်ချိန်လုံး စားသောက်စရိတ်အ သူပဲ တာဝန်ယူတယ်၊ မေတ္တာဖြူဆိုတဲ့ နာမည်ကိုလည်း သူပဲ မှည့်လိုက်တာ ...



"ခုချိန်မှာတော့ မေတ္တာဖြူဟာ ဆေးတိုက်ဘဝကနေ ရိုးရိုးလူနေအိမ် ပြန်ဖြစ်သွားပြီပေါ့ကွာ ...

"ဂျက်စမင် ဘယ်မှာနေသလဲဆိုတာ ယမင်းသက်ဝေ ကို မင်း သွားမေးချင်ရင်တော့ ငါ လိပ်စာပြောမယ်၊ အဲဒါ ပြောစရာအကုန်ပဲ သူငယ်ချင်း၊ မင်း ငါ့ကို စိတ်ဆိုးချင်လည်း ဆိုး၊ ဆွဲထိုးချင်လည်းထိုး"

နောင်ရဲ့ အသက်မှ ရှိသေးရဲ့လားတောင် မဆိုနိုင်ပါ။ တွန်မလှုပ် ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်ချက်သားကောင်းလှချေ၏။

✻ ❋ ✻

"နလုံးရောဂါ ဝင်သွားပြီ"

ဒေါ်ခင်လေးမြင့် ရင်ဘတ်ကို ဖိလေ၏။

ယမင်းက အိပ်ခန်းထဲမှာ ခွေခွေလေး လှဲနေသည်မို့ ဧည့်ခန်းက ဆရာဝန့် စကားကို ကြားနိုင်မည်မထင်။ တော်ပါသေးရဲ့။

"ကျွန်တော် ပြောတယ်၊ အာသရိုက်တစ်(စ်)သမားတွေဟာ ဆေးမှန်မှန်ထိုး၊ မှန်မှန်သောက်ရတယ်လို့"

ဒေါ်ခင်လေးမြင့် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိ၏။ ဦးဘသက်နှင့် လက်ထပ်ပြီးနောက်၊ ကျောင်းဆရာမ အလုပ်မှ ထွက်ကာ ဦးဘသက်၏ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ကူခဲ့၏။ ဦးဘသက် ကွယ်လွန်တော့ ဒေါ်ခင်လေးမြင့်ပဲ ဦးစီးလုပ်ကိုင်ရသည့် လုပ်ငန်းအတွက် ပင်နီဂျူရာထိုးဆေးများကို ဒေါ်ခင်လေးမြင့် ဝယ် ထားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အရင် ယမင်း မလိမ်မိုး မလိမ္မာ ထော်လော်ကန့်လန့် လုပ်နေစဉ်က ဆေးထိုးပါဆိုပေမဲ့ ထိုးချင်မှ ထိုးသည်။ သူ့ကို ဆွဲလွဲခေါ်သွားလို့က ဖြစ်သည်မှ မဟုတ်ဘဲ။ နောင်ရဲ့ အိမ်ပေါ် ရောက်လာပြီး အမေနှင့်သမီး ဆက်ဆံရေး ပြေပြစ်ချိန်ကျတော့ ဒေါ်ခင်လေးမြင့် မေးတိုင်း၊ ယမင်းက ထိုးပြီးပြီဟုပဲ ပြော၏။ ကိုယ်တိုင်ကိုယ်ကြပ် စောင့်ထိုးမပေးဘဲ ပေါ့ဆမိသည်ကို နောင်တရ မဆုံး ရှိတော့သည်။

"သူ ဆေးမှန်မှန်မထိုးလို့နေမှာ၊ ကိုက်ခဲပြီး အဆစ်တွေ ရောင်လာချိန်ဆိုရင် ဘတ်စ်ပရိုကို ပဲလှော်ဝါးသလို ဝါးရတဲ့ လူတွေတောင် ရှိတယ်၊ ဆေးလည်း မှန်မှန်မသောက်ဘူး ထင်တယ်"

"ဆေးတော့ မှန်မှန်သောက်ပါတယ် ဆရာ၊ ကိုက်ခဲတဲ့ ဒဏ်ကို သူ ခံရတာကိုး၊ ဆေးထိုးဖို့ကျတော့ ဆေးက နာလွန်းလို့ သူ မထိုးချင်ဘူး"

"ခုတော့ ... ရှုမက်တစ်ဟာ့တ် ခေါ်တာပေါ့၊ အတက်ခံမရ အောင် ဂရုစိုက်ပါ၊ လူနာကို စိတ်ချမ်းချမ်းသာသာ ထားပါ၊ စိတ်အလှုပ်အရှား သိပ်မများပါစေနဲ့"

"ဟုတ် ... ဟုတ်ကဲ့ ဆရာ"

ဒေါ်ခင်လေးမြင့် အသက်ရှူပင် မဝချင်တော့ပါ။ လူနာကို စိတ်ချမ်းသာအောင် ထားပါတဲ့။ ဘယ်လိုထားလို့ ဒီလူနာ စိတ်ချမ်းသာမှာတဲ့လဲ။

ဝမ်း၌ မလွယ်ရပေမဲ့ ယမင်းတစ်ယောက်သာ သွေး သားရင်းချာရှိ၏။ တူမဝမ်းကွဲလည်း တော်သည်။ ယမင်း မိဘနှစ်ပါး လုံးက ဒေါ်ခင်လေးမြင့် ကျေးဇူးရှင်၊ ယမင်း မိခင် ကွယ်လွန်ချိန်



မှစပြီး ယမင်းကို သမီးလေးလို မွေးခဲ့ရတာ၊ အစ်ကိုကြီး ဦးဘာသက် နှင့် လက်ထပ်ဖြစ်ပြန်တော့ သံယောဇဉ် ပိုလို့တိုးရပြန်၏။

"သနားစရာကောင်းတဲ့ သမီးလေးရယ်"

ခုချိန်မှာ ဟိုတုန်းက ဆိုးခဲ့တာလေးတွေကိုတောင် ဘယ်လိုမှ ပြန်သတိမရတော့ပါ။ ယမင်း နေကောင်းဖို့ပဲ အရေး ကြီးပါ၏။

ဆရာဝန် ပြန်ပြီမို့ ဒေါ်ခင်လေးမြင့် အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

"သမီး နေသာလား"

ယမင်း ခေါင်းညိတ်ပြသည်။

ဆရာဝန့်စကားတွေကို မကြားလိုက်ရပေမဲ့၊ ကာယကံ ရှင်မို့ ကိုယ့်ဝေဒနာ ကိုယ် အသိဆုံးပါပဲ။

"ဟိုတုန်းက အန်တီ ဖြူရင် ယမင်း မည်းရမှဆိုတဲ့ မိုက် စိတ်နဲ့ ဆေးမထိုးဖြစ်ခဲ့ဘူး အန်တီ"

ယမင်း အသံ တိုးတိုးတိမ်တိမ်လေးနှင့် ပြောသည်။ ဒေါ်ခင်လေးမြင့် သက်ပြင်းမောကို ချလေ၏။

"ကိုရဲ ရောက်လာတဲ့အခါမှာ ယမင်း ဆေးထိုးဖို့ စိတ်ထူး ရှိပါတယ်၊ နာလွန်းလို့ မထိုးဖြစ်တာထက် ကိုရဲ စိတ်နဲ့ မေ့နေခဲ့တာပါပဲ အန်တီ"

"ဖြစ်မှဖြစ်ရလေ ယမင်းရယ်၊ ကိုယ့်ကျန်းမာရေးထက်ပဲ သူတစ်ပါးရေးကို ပိုပြီး အာရုံစိုက်ရတယ်လို့"

"ယမင်းကိုယ်ယမင်းထက် သူ့ကို ပိုချစ်မိတယ် အန်တီရယ်"

သြော် ... ယမင်း၊ ယမင်းဟူ၍သာ တိုးတိုးမြွ ည်ကြွေးမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာချင်း တူတယ်ပဲထားပါဦး၊ ယမင်းမှာက ဘာမှ လိုလေသေး မရှိဘူး၊ သူ့မှာ ဘာတစ်ခုမှ ပြည့်ပြည့်စုံစုံ မဖြစ်သေးတာရယ်၊ ဒေါက်တာနောင်ဦးကိစ္စရယ် ပေါင်းလိုက်တော့၊ သူ့ကို အရမ်းသနားမိပါတယ်"

"တန်ဖိုးမရှိတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ အဖိုးတန်လူတစ်ယောက်က သေပေးရသတဲ့လား၊ အဲဒီကားက ဘာဖြစ်လို့ ကွေ့ရှောင်လိုက်ရတာလဲ၊ ဖြတ်ကြိတ်ပိုက်ပါတော့လား"ဆိုသည့် ဒေါသသံက ယမင်းရင်ထဲသို့ စူးစူးကျင်ကျင် ဝင်လာသည်။

ကိုရဲပြောတာ မှန်ပါတယ်လေ။ ယမင်းက အလကားလူ၊ တန်ဖိုးမရှိတဲ့မိန်းမ၊ မြန်မာပြည်မှာ ယမင်းတစ်ယောက် အသက်ရှင် ရပ်တည်နေလို့ တိုင်းပြည်မှာ ဘာမှ ထူးခြားဖြစ်ထွန်းသွားတာမျိုး ရှိမှာမဟုတ်ဘူး။ ဒေါက်တာနောင်ဦးက အဖိုးတန်လူသား။ သူ ရှိနေသင့်တာ။ သူ ကျန်ပြီး ယမင်း သေသင့်တာ။

သူ့ကို ပြန်လည်တူးဖော်ပြီး အသက်သွင်းလို့ မရတော့ပေမဲ့၊ ကျန်နေသေးတဲ့ သူ့ညီဟာလည်း နောင်တစ်နေ့မှာ သူ့လိုပဲ လူ့အဖိုးတန်တစ်ယောက် ဖြစ်လာဖို့ အများကြီး ရှိတယ်လေ။ ဒီတော့ ကိုရဲအတွက် ယမင်းကိုယ်ယမင်း မေ့ပြီး၊ ကိုရဲကို ပြုစုနေမိတာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုမို့ ယမင်း နောင်တမရပါဘူး ကိုရဲရယ်။

"ယမင်းလေ ... ဆေးလည်း မှန်မှန်မသောက်ဖြစ်ဘူး၊ နည်းနည်းပါးပါးတော့ ကိုက်ကိုက်ခဲခဲ ဖြစ်ပါတယ်၊ ကိုရဲကို ပြုစုရင်းနဲ့ အဲဒီ အကိုက်အခဲကို မေ့သွားရတာပါပဲ၊ ဒီတော့လည်း ဆေးသောက်ဖို့ပါ မေ့တယ်"



တစ်ခါတလေ ယမင်း လက်ချောင်း အဆစ်ကလေးတွေ တံတောင်ဆစ်ကွေးနေရာလေးတွေ ရောင်သည်။ တစစ်စစ်နှင့်ထိုက်သလို နားလည်းနာ၏။ အဲဒီလက်ချောင်းလေးတွေနဲ့ပဲ နောင်ရဲကို အစားအသောက်ကျွေး၊ ရေပတ်တိုက်ပေး၊ လက်မောင်းကိုတွဲပြီး လမ်းလျှောက်ခိုင်း။ စိတ်ဆောင်တာနှင့်ပင် ဝေဒနာလေးတွေ ငုပ်သွားရသည်။ ဆေးသောက်ဖို့ ဘယ်မှာ သတိရပါတော့မလဲ။

"သမီး ပင်ပန်းသွားတာလည်း ပါမှာပါ၊ နားလိုက်ရင် နေကောင်းသွားမယ်တဲ့"

လူတစ်ယောက်ကို ပြုစုရတာ လွယ် ... မှတ်လို့။ လူနာသည်းလျှင်သည်းသလောက်၊ ချွဲလျှင်ချွဲသလောက်၊ ပြုစုရသူ ဘာဝန်ပို ဒုက္ခများ ပင်ပန်းတတ်ပါသည်။

"လူကို နားလို့ရချင်ရမယ်၊ စိတ်ကို ဘယ်လို နားနိုင်မလဲ အန်တီရယ်"

"သမီး ဖွင့်ပြောချင်လားဟင်"

ယမင်း ခေါင်းခါသည်။

"ကိုကျော်ဇောက ပြောခဲ့ဖူးတယ်၊ ဂျက်စမင်ကို ချစ်သလောက် ယမင်းသက်ဝေကို မုန်းတော့ မတွေးနိုင် မမျှိုနိုင်နဲ့ သူ ခံစားရမယ်တဲ့"

ကိုယ် ခံစားရမှာကို မတွေး၊ သူ ခံစားရမှာပဲ တွေးမိပါ၏။

"အန်တီ"

"ဘာလုပ်ချင်လဲ သမီး ... ပြောလေ"

"သူ ကျောင်းပြန်တက်ဖို့ ကျောင်းစရိတ် အခက်အခဲရှိမှာ စိုးထင်တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ ကူညီဖို့အတွက် ဖန်တီးဖို့က လွယ်မယ်မထင်

ဒီတစ်ခါလည်း ဆရာဝန်ကြီးတွေကို ဝိုင်းညာနိုင်ဦးမယ်

ရင်တော့ မကောင်းဘူး သမီးရဲ့၊ မောင်ကျော်ဇေက

တော့ သူ့အိမ်တစ်ခြမ်း လူငှားတင်မယ်တဲ့"

"အဲဒါက စားစရိတ်လောက်ပဲ ရှိမှာ"

"ယောက်ျားပဲ သမီးရယ်၊ တစ်ခုခု လုပ်မှာပေါ့"

"ယမင်း စိတ်ပူလို့ပါ၊ သူ့ကို သနားတယ် အန်တီ"

"အင်း ..."

ဒေါ်ခင်လေးမြင့် သက်ပြင်းချလေ၏။

❋ ❋ ❋



ချိုသူပေးသော အလွမ်းပွင့်

အလွမ်းအခိုပန်းတွေလိုပဲ
ဆေခနဲပွင့် ဝဲလွင့်လွင့်ကြွေ
မြေမှာ ကြွေပြန့် မဆုံမကာ
တစ်ကမ္ဘာလုံး ပန်းတွေဖုံးအုပ်
နစ်မြုပ်မတတ်။
ဖြတ်သန်းသွားလာ မစွမ်းသာအောင်
လွမ်းပန်းတောင်လိုပုံ။
ချစ်သူ့ထံပါး လွမ်းတဲ့တားခင်း
ပန်းများနင်းလျှောက် ရောက်အောင်ဖြတ်ကူး
မြူးထူးဆုံစည်း နီးချင်ပြီ။

ဒီလောက် ကဗျာလေး ရေးချရတာကိုပင် လက်အဲ

ချင်၏။ ညောင်းညာသွားရသည့် လက်ချောင်းလေးများကို

ပင် ဆေးမောကြည့်သည်။ အရိုးဆစ်ကလေးတွေတောင် ပေါ်နေ၏။

ချောင် ဖျော့ထားလိုက်သည့် လက်ဖဝါးပြင်က တရုတ်စက္ကူ

သားတောင် ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွန်အားတွေ ဘယ်ရောက်သွားပါလိမ့်"

ခွန်းအားဟူသည် အချစ်မှာ မြစ်ဖျားခံလေသလား။ အချစ်သည် ခွန်အားကို ဖြစ်ထွန်းစေသည် ထင်၏။ အချစ်ပျော သည်နှင့် ခွန်အားတွေ ဆုံးရှုံးသွားရသည်။

"မျက်ရည်တွေကပဲ ခွန်အားတို ချေဖျက်လေသလား"

အချစ်ရှိစဉ်က မျက်ရည်တွေ ခန်းနေသည်။ အချ ချိန်မှာ မျက်ရည်အိုင်က ထာဝရပြည့်လျှံနေလေ၏။ မျက်ရည်အိုင် လျှံကျဖိတ်စီးလာသည့် အချစ်ပျောက် အပူရည်တို့ဖြင့် ယမင်း ကိုယ်လုံးမှာရှိသော ခွန်အားမှန်သမျှ ချေဖျက် လွင့်ပျယ်စေတော့သည်

အရင်က တက်လိုက်ဆင်းလိုက် မမောပန်းခဲ့သ လှေကားကြီးက အထစ်တွေ ပိုများလာသလား။ ကိုရဲ နေသွားသ အခန်းထဲ ရောက်အောင် ယမင်း တစ်ယောက်တည်း မတက်နိုင် အန်တီက တွဲရသည်။

"မောပါတယ် သမီးရယ်၊ သမီး ဆေးဒနာနဲ့ လှေ အတက်အဆင်းနဲ့လည်း တည့်တာ မဟုတ်ဘူး"

"ဒါဖြင့်လည်း ယမင်းကို အဲဒီအခန်းထဲမှာ ထားပါ အန်

ယမင်းကို အခန်းပြောင်းပေးရသည်။ ယမင်း လ လှမ်းနိုင်သလောက်ကလေး ဟိုမှ သည်မှ သွားနေရတာကို ယ ပျော်လှပါပြီ။

"ဟောဒီ စားပွဲမှာလေ ကိုရဲ ထိုင်ပြီး ကော်ဖီသောက်တ

အဲဒီစားပွဲမှာပဲ ထိုင်၍ ယမင်း ကော်ဖီသောက်သ အလှမ်းကဗျာလေးတွေ ရေး၍ စားပွဲပေါ်မှာ တင်ထားသည်။

"ကော်ဖီဖျော်ရင် ပန်းကန်နှစ်လုံးနဲ့ နှစ်ယောက်စာ ဖြ ဟယ်"



အိမ်က ကောင်မလေးကို ပြောတော့၊ ကောင်မလေး ခနဲ ကျိတ်ရယ်သံကို ယမင်း ကြားဖြစ်အောင် ကြား၏။ တုန်းကစိတ်နှင့်သာဆို ဘယ်ရလိမ့်မလဲ။ ယမင်းသက်ဆေပဲလေး။

"ဘာရယ်တာလဲ"ဆိုသည့် မေးခွန်းက နောက်ကျပါ မည်။ ခေါင်းခေါက်သံ ဒေါက်ခနဲက အရင်ဆုံး ထွက်လာမည်။

"မလုပ်ချင်သွားကြ"

ယမင်း မောင်းထုတ်ဖို့လည်း ဝန်မလေး။ ခုတော့ ... မင်း ဘယ်လိုမှ အရေးမယူချင်ပါ။ သူတို့က ခံစားရသူ မဟုတ် တော့ ကိုယ်ချင်း ဘယ်စာနိုင်ပါ့မလဲလေ။ ရယ်ရှာပါစေ။ ဘယ်သူ့ ရယ်ကိုမှ ယမင်း မတားချင်ပါ။

ဘဝပေါင်းများစွာမှာ သူတစ်ပါးမှ အရယ်ပေါင်း းစွာကို မည်မျှ တားဆီးပိတ်ပင်ခဲ့သည်မို့၊ ခုဘဝမှာ ယမင်း ငိုတွေချည်း ဖြစ်ထွန်းရမှန်းမှ မသိတာ၊ ရယ်ကြပါစေလေ။

မျက်နှာချင်းဆိုင်မှာ ကော်ဖီပန်းကန်ကို တင်၏။

"ကိုရဲ လာထိုင်သောက်နေရင် ဘယ်လောက် ကောင်းမလဲ နော်"

ကော်ဖီပန်းကန်၏ နောက်ဘက်ကုလားထိုင်မှာ ောင်ရဲ မျက်နှာ ချောချောသန့်သန့်ကို မြင်လေ၏။ နောင်ရဲ ပြင်ထားသည့် ကော်ဖီပိုင်းမှာ မိမိတစ်ယောက်တည်း ထိုင်နေ မဲ့၊ နောင်ရဲ သောက်နေကျ ပန်းကန်ကို မြင်ရသည်နှင့် နှင့် ခြေတစ်လှမ်းစာ နီးရသည့်နှယ် ခံစားမိပါ၏။

ယမင်း နောင်ရဲကို အဲသည်လောက်ထိ

ကော်ဖီတွေ အေးစက်ကာ ချဉ်စုတ်

တာတော့မှ ယမင်း ကိုယ်တိုင် သွန်သည်။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ကျလေ၏။ နောင်ရဲ သောက်နေကျ ကော်ဖီတွေကို အချည်းနှီး သွန်ပစ်ချိန်တွင် နောင်ရဲနှင့် မိုင်ပေါင်းများစွာ ကွာဝေးရသည့်နယ် လိုက်လှဲကြေကွဲစွာ ခံစားမိပါ၏။

ယမင်း ... နောင်ရဲကို အဲသည်လောက်ထိ တွယ်တာ၏။

"လွမ်းတယ် ... ကိုရဲရယ်"

(

❋ ❋ ❋

"အန်တီ ဒေါ်ခင်လေးမြင့်လား ခင်ဗျာ၊ ကျွန်တော် ကျော်ဇေပါ"

"ဟုတ်ပါတယ်၊ မောင်ကျော်ဇေ ပြောပါ"

စကားပြောခွက်ကို ကိုင်ရင်းက ယမင်းကို လှည့်ကြည့်သည်။ မောင်ကျော်ဇေ ဆိုသည့် နာမည်ပါလာသည်မို့ ယမင်း ရင်ထဲ ...ပ်ခနဲ ခုန်သည်။ နှလုံးသားနေရာဆီမှ တဒိတ်ဒိတ်ခုန်ကာ နည်းနည်းအောင့်လေ၏။

"မေတ္တာဖြူဆေးတိုက်ဟာ ယမင်းသက်ဝေရဲ့ နှစ်ထပ်တိုက်ကြီးဆိုတာ ကျွန်တော် ပြောလိုက်ရပြီ"

"သြော် ... ဘယ်လိုဖြစ်လို့များလဲကွယ်"

"ဂျက်စမင့် လိပ်စာမေးဖို့ မေတ္တာဖြူကို ကရင်ခြံထဲမှာ သွားရှာမယ်လုပ်လို့ပါ"

"အင်းလေ ... ဒီတော့ ဘာတဲ့လဲ"

"သူ ခုချိန်ထိ စကားတစ်ခွန်းမှ မပြောတော့ပါဘူး ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ပြီး



မျက်စိမှိတ်ထားတာပဲ၊ တစ်ခုတော့ ပြောတယ်ခင်ဗျ၊ ကျော်ဇေမင်း ပြန်တော့တဲ့၊ ငါ တစ်ယောက်တည်းပဲ နေပါရစေတဲ့"

"တခြား ဘာတွေ ဖြစ်သေးလဲ"

"ယမင်းသက်ဝေနဲ့ ဂျက်စမင်နဲ့ တစ်ယောက်တည်း ဆိုတာက လွဲရင်၊ ကျန်တာတော့ အကုန်လုံး ကျွန်တော် ဖွင့်ပြောလိုက်ပါတယ်၊ ကျွန်တော်လည်း သူ့ကြည့်ရတာ စိတ်မကောင်းတာနဲ့ ပြန်လာခဲ့ပါတယ်၊ အဲဒါ ... အန်တီတို့ သိဖို့ ကျွန်တော် ပြောပြတာပါ"

"ကောင်းပါပြီ ... သမီးကို ပြောပြလိုက်မယ်"

"ယမင်းသက်ဝေရော ဘယ့်နှယ်နေသေးလဲ"

"သူ တော်တော် နေမကောင်းဖြစ်နေတယ်"

"ဟုတ်လား ... နှစ်ယောက်လုံး သနားစရာ ဖြစ်နေပြီပေါ့၊ အဲတုန်းကတော့ ကျွန်တော် ယမင်းသက်ဝေ ဘာတွေဆက်ဆော့တာလဲလို့ အကောင်းမထင်ခဲ့ဘူးခင်ဗျ၊ ခုတော့ သူ တကယ် သံယောဇဉ် ဖြစ်ရှာတာကိုး"

"တကယ်ပါ မောင်ကျော်ဇေ"

"အဲဒီလို အလေးအနက်ဆိုရင် ကျွန်တော် လေးစားပါတယ်၊ ကျွန်တော် သတင်းမေးတယ် ပြောပါ"

"ပြောပါမယ်၊ ကျေးဇူးတင်ပါတယ်"

"ဒါပါပဲ အန်တီ"

"ကောင်းပါပြီ"

ဒေါ်ခင်လေးမြင့် ယမင်းနားသို့ လျှောက်လာသည်။ ...ကျော်ဇေ ဖုန်းဆက်သမျှ အကုန်ပြန်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာဖြူဟာ ယမင်း အိမ်ဆိုတာ သိရုံနဲ့တောင် ဒီလောက် ဖြစ်သွားသတဲ့လား အန်တီရယ်၊ ယမင်းဟာ ဂျက်စမင်ပဲဆို တာသာ သိရင် ဒီ့ထက်ပိုပြီး ခံစားရရှာမယ်၊ မပြောပါနဲ့လို့ ကိုကျော်ဇေ့ကို ပိတ်ထားပါနော်"

"ထူးမှ မထူးတော့တာ၊ တစ်လက်စတည်း ဖွင့်ပြောလိုက်ရင် ပိုမကောင်းဘူးလား သမီး"

"နေပါစေဦး အန်တီရယ်၊ သူ ပင်ပန်းပါ့မယ်"

ယမင်း မျက်လွှာလေးချကာ ဒေါ်ခင်လေးမြင့်ကို ကျောခိုင်းပစ်လိုက်တော့သည်။ တစ်ဖက်လှည့်ပြီး မျက်ရည်စတွေ ကျိတ်သုတ်နေမယ်ဆိုတာကို သိထားတော့၊ အန်တီ ဘယ်လိုချော့ ရမလဲ သမီးရယ်။

* * *

"ဂျက်စမင့်ကို ကိုရဲ ဘယ်လောက် ချစ်တယ်ဆိုတာ ယမင်း မသိဘဲ နေပါ့မလားရှင်"

နောင်ရဲ ဖြီးသင်နေကျ ဘီးလေး တင်ထားသည့် မှန် တင်ခုံပေါ်မှာ နောင်ရဲ ဓာတ်ပုံ ရှိပါသည်။ မှန်ဘောင်သွင်း၍ ထောက်ထားသည်။ ရှစ်လက်မ ခြောက်လက်မ အရွယ်မို့ တော်တော် လေးကြီးသည်။ ဒီပုံကိုပဲ သက်ရှိလူသားတစ်ဦးနှယ်၊ ယမင်း အမြဲ စကားပြောလေ့ရှိပါ၏။

မေတ္တာဖြူမှာ နောင်ရဲ နေသွားစဉ်က ယမင်း ဓာတ်ပုံ အမျိုးမျိုး နိုးရိုက်ခဲ့ပါသည်။ ရိုက်ကူးထားသမျှ ဓာတ်ပုံတွေ၊ အယ်လ်ဘမ်ကြီးတစ်ခုနှင့် အပြည့်ပါ။



မျက်စိမမြင်တဲ့သူကို ဓာတ်ပုံနိုးရိုက်ရတာက အဖြစ် ရှိတယ်လို့ ယမင်း ခံစားရပါတယ် ကိုရဲရယ်၊ ဒါပေမဲ့ ... တစ်နေ့ ဆေးကြရမယ်ဆိုတာ ကြိုသိလို့ ...

"ကိုရဲ ကိုယ်စား၊ သက်မဲ့ရုပ်လွှာလေးတွေကို ယမင်း နိုးယူထားလိုက်တာပါ၊ ဒီ့ထက်မက နာကြည်းစရာတွေနဲ့ မုန်းမျက်ပြီးနေမှတော့ ...

"ဒီအတွက် ထပ်ပြီး စိတ်နာစရာ အမုန်းလက်ကျန် ရှိတော့မယ် မထင်ပါဘူးနော်"

"သူလည်း ကြံရာမရ ဖြစ်နေပုံရပါတယ်၊ သမီး အကူအညီနဲ့ မျက်စိ ပြန်မြင်ရတော့ ကျေးဇူးတင်ရခက် မတင်ရခက်လည်း ဖြစ်ပုံရတယ်"

"ဂျက်စမင့် လိပ်စာလည်း သူ အရမ်းလိုချင်မှာပဲ"

"လိုချင်မှာပေါ့ သမီးရဲ့"

"အဲဒါ ... ဂျက်စမင့်ကို ချစ်နေလို့ပေါ့နော်"

"ဂျက်စမင့်ကို မောင်နောင်ရဲ ဘယ်လောက် ချစ်တယ်ဆိုတာ သမီးက အန်တို့ထက် ပိုသိတော့မပေါ့"

"ဂျက်စမင်ကိုသာ ချစ်ဖို့ မလိုတော့ဘူးဆိုရင် ဂျက်စမင်နဲ့ ပတ်သက်လို့ မျှော်လင့်ချက် လုံးဝ မရှိတော့ဘူးဆိုရင် သူ့မှာ ခံစားချက်တစ်ခုတော့ လျော့သွားမှာပဲ"

"သမီးက ဘာတွေ လုပ်ဦးမလို့လဲ"

"သူ့ရင်ထဲမှာ ပြင်းထန်တဲ့ ခံစားချက်တွေ [illegible] သိပ်များနေပါတယ် အန်တီ၊ ကြာကြာနေရင် သူ [illegible] စိုးတယ်"

"အင်းလေ ... အဲဒီတော့"

www.burmeseclassic.com

www.burmeseclassic.com



“ခံစားချက်တစ်ခုကို လျှော့ပေးလိုက်ချင်ပါတယ်”

“ဪ ... သမီးရယ်”

❋ ❋ ❋

ကိုရဲရေ ...

ဂျက်စမင်ပါ။ ဂျက်စမင့် လက်ရေးကို တစ်ခါမှ မမြင်ဖူးပေမဲ့ ဂျက်စမင်ကိုယ်တိုင် ရေးလိုက်တယ်ဆိုတာကို ယုံပါနော်။

ကိုရဲကိုလေ ... ဂျက်စမင် အစ်ကိုကြီးလို၊ မောင်လေးလို၊ သွေးသားရင်းချာ မောင်နှမအချစ်နဲ့ သိပ်ကို ချစ်ပါတယ်။ ကိုရဲ ယုံပါနော်၊ ဒါပေမဲ့ ကိုရဲရယ်၊ ကိုရဲ ချစ်သလိုမျိုး၊ လက်ထပ်ဖို့ ဆိုတဲ့ အထိတော့ ဂျက်စမင် မချစ်နိုင်ခဲ့ပါဘူး။

ဘာဖြစ်လို့ဆိုတော့ ...

ကိုရဲနဲ့ မတွေ့ခင်ကတည်းက ဂျက်စမင်ဟာ စေ့စပ်ကြောင်းလမ်းပြီးသား ချစ်သူရှိခဲ့လို့ပါပဲ။ ဒါဖြင့် ... ဘာဖြစ်လို့ ကိုရဲ အချစ်ကို လက်ခံခဲ့ရသလဲလို့ ကိုရဲ မေးချင်လိမ့်မယ်။

ကိုရဲကို သနားလို့ပါ။ နေထိုင်မကောင်း ဖြစ်နေရှာတဲ့ ကိုရဲဟာ ယာယီ စိတ်ချမ်းသာမှုလေးနဲ့ ကြည်လင်လန်းဆန်းပါစေဆိုတဲ့ စေတနာပြုပါ ကိုရဲရယ်။ ကိုရဲ ယုံပါ။ စေတနာဟာ ကိုရဲအဖို့ ဝေဒနာတစ်ခုတိုးရတယ်ဆိုရင်တော့ ဂျက်စမင့်ကို ခွင့်လွှတ်ပါလို့ အနူးအညွတ် တောင်းပန်ပါတယ်။



‘ဆေးအတွက်လေး’ ဆိုတာမျိုး ဖြစ်သွားခဲ့ရင်လည်း ဂျက်စမင် အပြစ်ပါပဲ၊ ဂျက်စမင့်ကို အပြစ်တင်ပါ။ ခွင့်မလွှတ်ချင်လည်းနေပါတော့ ကိုရဲရယ်။ ကိုရဲ မျှော်လင့်နေမှာစိုးလို့ ဒီစာကို ရေးရတာပါ။

ကိုရဲ ခွင့်ပြုမယ်ဆိုရင်တော့ ...

ကိုရဲ ဆရာဝန်ဖြစ်လို့ ဆေးခန်းဖွင့်တဲ့အခါကျရင် ဂျက်စမင့် ခင်ပွန်းက ကိုရဲ တပည့် ဆေးစပ်သူ ကွန်ပေါင်ဒါ အဖြစ် အလုပ်လာလုပ်ချင်ပါသေးတယ်။

မောင်နှမတွေပေါ့နော်။

ကိုရဲ လူကျန်းမာပြီး စိတ်ချမ်းသာပါစေ ...

ဂျက်စမင်

“တောက်”

ဒေါသနှင့်အမျှ ဟိန်းထွက်လာသည်မို့ ကျော်ဇေတောင် လန့်သွားရသည်။

“ဘာတဲ့လဲ”

“ဖတ်ကြည့်”

ကျော်ဇေ့ထံ စာကို လှမ်းပေးကာ အံကို တင်းတင်း ကြိတ်လေ၏။ ဝဲလက်ဝါးကို ညာလက်သီးဖြင့် တွင်တွင်ထိုးရင်း မေးကြောကြီးများ တင်းနေရသည်။ ပြီးတော့ ... တဟားဟား အော်ရယ်ပုံက ရူးများသွားလေသလား ထင်ရလေ၏။ ကျော်ဇေ စာကို ပြန်ပေးရင်း ဘာပြောမှန်းမသိ။

“ငါ ထင်တယ်၊ အစကတည်းက ထင်ခဲ့တာ။ တစ်ခုခုတော့ တစ်ခုခုပါလို့၊ အဲဒီကတည်းက ငြင်းခဲ့ရင် ဘယ်လောက် ကောင်းမလဲကွာ”

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သနားလို့ပါလို့ ရေးထားသားပဲ"

"ဟင်း ... အလိမ်အညာ မပိရိလိုက်ပုံက"

"ဟေ ... ဘာလဲ"

"စာအိတ်ကို ကြည့်ပါလား၊ ရန်ကုန်မြို့တွင်း ထည့်တာ၊ တောင်ငူကလာတဲ့စာမှ မဟုတ်တာ"

"မင်္ဂလာဆောင်ဖို့ ရန်ကုန် ပြန်ရောက်ချင် ရောက်နေမှာပေါ့၊ သူ့အမျိုးသားက ရန်ကုန်က ဖြစ်ချင်ဖြစ်မှာပေါ့"

"ထားပါတော့"

"မင်းက ဘယ်လို ထင်လို့လဲ"

"သူ ... ငါ့ကို ချစ်ခဲ့တယ်၊ ခုလည်း ချစ်နေတုန်းပဲဆိုတာ စာဖတ်ကြည့်ရုံနဲ့ သိတယ်၊ နောင်ကိုတော့ ချစ်ဦးမှာလား မသေချာဘူးပေါ့ကွာ၊ ယောကျ်ားရပြီးရင်တော့လည်း သူ့ယောကျ်ား သူ ချစ်မှာပေါ့"

သူ့ယောကျ်ားဟု ပြောလိုက်ရတာကိုပင် ရင်ထဲ နင့်ခနဲ အောင့်သည်။

"သူ့စာထဲမှာ ရေးထားတာတွေ ငါ့ကို မောင်နှမလို ချစ်တယ်ဆိုတာကလွဲပြီး ငါ ယုံတယ်။ သူ စေ့စပ်ပြီးထားမှ ကတိ မဖျက်ချင်လို့ ငါ့ကို ရှောင်သွားတာ ဖြစ်ရမယ် ...

"လောလောဆယ်မှာ ငါကလည်း ငါ့ကိုယ်ငါမှ အနိုင်နိုင်ကိုးကွ၊ အိမ်ထောင်တစ်ခုကို တည်ဆောက်ဖို့ ဝေးလို့ ကိုယ့်ဘဝကိုယ်တောင် ဘယ်လို ရပ်တည်ရမယ် မသိသေးဘူး ...

"ငါ ဆရာဝန် ဖြစ်ပါစေဆိုတဲ့ စေတနာလည်း ပါမယ်၊ ဘယ်ရောက်သွားမှန်းမသိ၊ ပျောက်သွားတာနဲ့စာရင်



ယောကျ်ားယူသွားပြီဆိုတာကို သိလိုက်ရတော့ ငါ့စိတ် ဒုန်းဒုန်းကျသွားစေချင်တဲ့ စေတနာလည်းပါမယ်"

'စိတ်ဒုန်းဒုန်းကျသွားစေချင်တဲ့' စေတနာဆိုတာကို ကျော်ဇေ ယုံလိုက်ပါသည်။ ယမင်းသက်ဝေဆီမှာ မေးမှရမည့် ဂျက်စမင့် လိပ်စာကို မမေးချင်၊ မမေးဘဲ မနေနိုင်၊ ဆန့်ကျင်ဘက် ခံစားမှုဖြင့် ပေါက်ကွဲမှာကို စိုးရိမ်သည်မို့၊ နိဂုံးတစ်ခု ချုပ်ပေးလိုက်မှန်း၊ ကျော်ဇေ နားလည်လိုက်ပါတော့သည်။

"သူ ရန်ကုန်မှာပဲ ရှိမယ်၊ ဘယ်တောင်ငူမှ သွားတာ မဟုတ်ဘူး၊ အဲဒီတစ်ခု ညာတာ"

သိလှချည်လား ... ဟု ကျော်ဇေ အံ့ဩရပါသည်။ ချစ်သူချင်းကျတော့လည်း နားလည်လိုက်ကြတာဟု တွေးမိလေ၏။

"မင်း ရှာဦးမှာလား"

"မရှာပါဘူး၊ ရှာတော့ကော ... တစ်ခါမှ မမြင်ဖူးတဲ့ သူကို ဘယ်လိုလုပ် ရှာရမလဲ၊ တွေ့သမျှ မိန်းမတွေရဲ့ မျက်နှာကို လိုက်စမ်းခွင့်ရရင်တော့ ငါ ရွေးထုတ်နိုင်မှာ သေချာတယ် — ဟား ဟား"

နောင်ရဲ့ မရှိသွားဖြ ရယ်ရှာ၏။ ကျော်ဇေ လိုက်ရယ် ရမလိုနှင့် ဘာလုပ်ရမှန်း မသိပါ။

"မင်း မမြင်ဖူးပေမဲ့ ငါ မြင်ဖူးတယ်လေကွာ၊ အန်တီဒိုရင်း လည်း မြင်ဖူးတာပဲ၊ ဟာ ... ဟုတ်ကောင်၊ အန်တီဒိုရင်းကို တော့ မင်း ဘာဖြစ်လို့ သွားမမေးသလဲ"

"အန်တီဒိုရင်း ဘယ်မှာနေလဲ မင်း သိလို့လား"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဂျက်စမင် ဘယ်မှာလဲ မေးဖို့ အန်တီဒိုရင်းကို အရင်ရှာရဦးမယ်၊ ဟား ... ဟား ၊ ကောင်းကွာ"

နောင်ရဲ့ တရယ်တည်း ရယ်၏။ သို့ပေမဲ့ ... ရယ်သံမချို့ပါ။ မျက်နှာကို ပြုံးထားပေမဲ့ မချိုလို့ ပေါ်တဲ့သွားမို့၊ ရယ်သလားမေးရက်စရာ မရှိပါ။

"ငါ့နဲ့ တစ်နေ့နေ့ ဆုံချင် ဆုံမှာပေါ့၊ တစ်မြို့တည်းနေရင်"

"အဲဒီလိုများ ဆုံခဲ့ရင် ကျေးဇူးပြုပြီး လိပ်စာလည်း မမေးလိုက်ပါနဲ့၊ ငါ့ကိုလည်း ပြန်မပြောပါနဲ့၊ မင်းနဲ့ ငါနဲ့ တူတူသွားတုန်း ဂျက်စမင် မျက်နှာချင်းဆိုင်က လျှောက်လာရင်တောင် ငါ့ကို မပြနဲ့၊ သူ ယောက်ျားရတာလည်း ငါ မသိချင်ဘူး၊ မရသေးဘူးဆိုလည်း မသိချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဂျက်စမင် ဘယ်သူဆိုတာ၊ ငါဘာသာ အရင်ဆုံး သိချင်လို့၊ အဲဒါက အရင်တုန်းကဆန္ဒ၊ ခုတော့ ... ငါ လုံးဝ မသိချင်တော့လို့ပဲ၊ သူ ငါ့ကို ရှောင်ချင်လို့ ရှောင်သွားတာ၊ လိုက်ဆက်သွယ်ပြီး အနှောင့်အယှက် မပေးချင်ဘူးကွာ"

တဟားဟား ရယ်ခဲ့သည့် မျက်နှာက ရစရာမရှိအောင် ပျက်လေ၏။ ဟန်ဆောင်အရယ်ကို ကြာရှည်ထိန်းမထားနိုင်တော့ပါ။

"သူ့ဆုံးဖြတ်ချက်နဲ့သူပဲ ရှိစေချင်တယ်၊ သူ့ကို အပြစ်လည်း မတင်ဘူး၊ ငါ တစ်ခါမှ မမြင်ဖူးလိုက်တဲ့ ချစ်သူကို ငါ့ရင်ထဲမှာပဲ ဆက်ချစ်နေတော့မယ်"



"မင်း သူ့ကို တော်တော်ချစ်တာပဲ"

"မင်း ထင်တာထက် ပိုသေးတယ်"

"ငါ ယမင်းသက်ဝေ နောက်ကို လိုက်နေတုန်းက အဲဒီလောက် မချစ်မိခဲ့ဘူး၊ ခုဆို လုံးဝ လုံးဝပဲ၊ ချစ်လည်း မချစ်ဘူး၊ မုန်းလည်း မမုန်းဘူး၊ ဘယ်တုန်းကမှ ဘာမှ မဖြစ်သလို လုံးဝ အစိမ်းပဲ"

"မင်းက ချစ်ခဲ့တာမှ မဟုတ်တာ၊ မျက်နှာလှလှလေးတွေ့လို့ စွဲသွားတာပဲ၊ တကယ့် အချစ်ဆိုတာကျတော့ ချောတာလှတာနဲ့ ဘာမှ မဆိုင်ဘူး၊ ငါဆိုရင် မြင်တောင် မမြင်ဖူးဘဲနဲ့ ရင်ပွင့်မတတ် ချစ်ရတာ၊ ငါ့အဖြစ်က ဆန်းသလောက် ဆိုးပါရဲ့"

'ဆန်းသလောက် ဆိုးပါရဲ့' ... ဆိုသော စကားက ကွက်တိမှန်လေ၏။

"မင်း စကားလုံး ပေးတတ်လိုက်တာ၊ ဆန်းသလောက် ဆိုးသတဲ့"

"ဒါပေါ့ ... ငါ့အစ်ကို့ကို လက်လွှတ်ဆုံးရှုံးရတယ်၊ ငါ မျက်လုံး အမြင်အာရုံကို လက်လွှတ်ဆုံးရှုံးရတယ်၊ အဲဒီနောက်မှ က ရှေ့ဆင့်နောက်ဆင့်၊ နောက် ... ချစ်သူပျောက်သွားပြီ ...

"လောကမှာ လူတိုင်း ချစ်သူထားဖူးကြမယ်၊ ငါ့လို ကိုယ့်ချစ်သူကိုယ် မမြင်ဖူးတဲ့သူတော့ တစ်ယောက်မှ ရှိမယ် မထင်ဘူး၊ မဆန်းဘူးလား ဆိုးကောမဆိုးဘူးလား"

"အေး ..."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေ ဘွင်းဘွင်းကြီး ထောက်ခံ၏။ နောင်ရဲ့ မရိတရိ ပြုံးပြန်သည်။

"တစ်ခုတော့လည်း ကောင်းပါတယ်"

"ဘာကောင်းတာလဲ"

"ငါ ဆရာဝန်ဖြစ်ဖို့ အလူးအလိမ့် ကြိုးစားရန်းကန်ရမဲ့ အချိန်မှာ အနှောင်အတဲ သံယောဇဉ်အားလုံး ကင်းသွားတာ ပေါ့ကွာ၊ ပညာရေး တစ်ခုတည်း ဇောက်ချလို့ ရသွားပြီ"

"နိဂုံတစ်ခု ချုပ်သွားတော့လည်း တခြားဟာတွေပါ အကုန်လုံး မေ့ဖျောက်ပစ်လိုက်ပြီ"

"ဘာတွေလဲ"

"သြော်ကွာ ... ငါ့မျက်စိကိစ္စ၊ သူ့ကြောင့် ကန်းတယ်၊ သူ့ ကြောင့်ပဲ ပြန်မြင်တယ်၊ အဲဒါ ကျေးဇူးလည်း မတင်ဘူး ကျောင်းတစ်နှစ် နောက်ကျသွားတာကိုပဲ စိတ်မကောင်း ဘူး ..."

"ငါ ကျောင်းပြန်တက်ရင် စာမှစာပဲ၊ တော်ပြီကွာ"

"အေး ... ကောင်းတယ်၊ မင်း ဘာလုပ်ရမှန်း မသိဘဲ ခွတီးခွကျ ဖြစ်နေရာက ခုလို ဒုန်းဒုန်းကျသွားတာ သိပ် ကောင်းတာပေါ့"

"ယောက်ျားပဲကွာ"

"အေးပါ ... မင်းကိုလည်း မိန်းမလို့ ငါ တစ်ခါမှ မစွပ်စွဲ ခဲ့ပါဘူး"

ကျော်ဇေက ရယ်စရာပြော၍ သူ့ဘာသာ ရယ်သည်။ နောင်ရဲ့ လိုက်မရယ်ပါ။ ရယ်ဖို့ မေ့နေသလားမသိ။ အားလုံး နိဂုံး



ချုပ်ပြီဆိုသည့်ကြားက မျက်ခုံးနှစ်ခု အတွန့်ကျိုးကျနေ၏။ ဘာတွေ အတွေးနက်နေပြန်ပြီလဲ မပြောနိုင်ပါ။ ယောက်ျားပဲကွာဆိုသည့် စကားကိုက သူ့ဖွဲ့သူတင်းကာ သူ့ကိုယ်သူ အားပေးသည့်စကား ဖြစ်ပါပေလိမ့်မည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



မုန်းမှာစိုးတယ်

"ဩော် ... ကိုရဲရယ်"

ခေတ်ပုံအယ်လ်ဘမ်လေးကို ယမင်း ရင်မှာ ထွေး
သည်။ ကိုရဲ ကျောင်းပြန်တက်သည်ဆိုတော့ ယမင်း ဝမ်းသာ
ရတာ မပြောပါနှင့်တော့။ သူ့အိမ်လေးတစ်ခြမ်းကို လှလှ
သူ့ဘက်ခြမ်းမှာ စာအုပ်အငှားဆိုင်လေးဖွင့်၊ နေ့ခင်းဘက်မှာ
ထားပြီး၊ ညဘက်ကျမှ သူပါ စာကျက်ရင်း စာအုပ်ဆိုင်ငှား
တဲ့။ ထမင်းကျတော့ ကိုယ်တိုင် ချက်စားတယ်တဲ့။

ချိုင့်ဆွဲက ဟင်းရော ထမင်းရော ကောင်းပေမဲ့
ကြီးလို့တဲ့၊ ထမင်းတစ်အိုးချက်ပြီး၊ ဟင်းကတော့ ကြော်
အဝတ် ကိုယ်တိုင်လျှော်ရသတဲ့။ ဒီလောက် အလုပ်တွေ
မအားနိုင်အောင် ရှုပ်နေရပေမဲ့၊ ကိုရဲကို ကြည့်လိုက်တိုင်း ရွှင်
သပ်ရပ်နေတာကို ချီးကျူးလို့မဆုံးနိုင်တော့ပါ။

ဒေါ်ခင်လေးမြင့်က ဖုန်းဆက်မေးလျှင် ကျော်
ပြောပြလေ့ရှိသည်မို့ ကိုရဲအကြောင်းကို ယမင်း အမြဲသိနေရပါ
တစ်ခါတလေ ... ကိုရဲ အိမ်ရှေ့က ကားဖြတ်မောင်းကာ



စာအုပ်ဆိုင်မှာ ထိုင်နေတာကို ကြည့်ရပါ၏။ ဒေါ်ခင်လေးမြင့် ဂရု
စိုက်လွန်းသည်မို့ ယမင်း ကျန်းမာရေး အခြေအနေ တိုးတက်လာ
ရပါသည်။

"နလုံးက တော်တော်လေး ကောင်းလာပါရဲ့၊ အသားအရေ
ဖြူဖပ်ဖြူရော် ဖြစ်နေတာ မကြိုက်ဘူး"

ဆရာဝန်၏ အကြံပြုချက်ဖြင့် ယမင်း ဆေးရုံတက်
ရပါသည်။ အထွေထွေ စစ်ဆေးမှုများကို ပြုလုပ်ပြီးသည့်အခါမှာ
ယမင်းတွင် အခြားရောဂါတစ်ခု ရှိသေးကြောင်းကိုပါ သိလာခဲ့ရ
ပါသည်။

"သွေးမှာ အက်ဘ်နော်မယ်ဟေမိုဂလိုဘင် တွေ့တယ်၊ သွေးနီဥ
တွေ သက်တမ်းတိုတာ၊ သယ်လက်စီးမီးယားဆိုပါတော့"

ယမင်းက သူ့ကျန်းမာရေးနှင့် ပတ်သက်၍ သူ့ကွယ်
ရာမှာ မဆွေးနွေးပါနှင့် ... ဟု ဆရာဝန်ကိုရော ဒေါ်ခင်လေးမြင့်
ကိုပါ တောင်းပန်ထားပါသည်။

"ယမင်း သေမယ်ဆိုရင်လည်း အမှန်အတိုင်း သိပါရစေ၊
ရှင်နေဦးမယ်ဆိုရင်လည်း အမှန်အတိုင်း သိပါရစေ၊ ယမင်း
ခံနိုင်ရည်ရှိပါတယ်"

ဤသို့ ပြောထားခဲ့သည်မို့ ယမင်း ရှေ့မှာပင် တိုင်ပင်
ဆွေးနွေးပါသည်။

"သယ်လက်ဆီးမီးယားမှာ အပြင်းစား အပျော့စားဆိုပါတော့
လွယ်လွယ်ပြောရရင် ယမင်းသက်စေရဲ့ သယ်လက်ဆီးမီးယား
က အပျော့စားပါ"

အပြင်းစားသာဆိုလျှင် ယနေ့တိုင် ဘယ်မှာ အသက်
ရှင်နေပါတော့မလဲဟု ယမင်း တွေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေမှာ ပါသလား၊ အမေမှာ ပါသလား၊ စစ်ဆေးကြည့်ဖူးသေးလားခင်ဗျ"

"မကြည့်ဖူးပါဘူး ဆရာ၊ သူ့အမေကတော့ အသက်သုံးဆယ်လောက်၊ ယမင်း ခပ်ငယ်ငယ်ကတည်းက ဆုံးပါတယ်၊ ယမင်းကို မွေးပြီးကတည်းက သိပ်လည်း ချူချာပါတယ်"

"သူ့အဖေရော"

"အဖေကတော့ ဆုံးတာ သိပ်မကြာလှသေးပါဘူး ဆိုပါတော့၊ အသက်ငါးဆယ်ကျော်မှ ဆုံးတာပါ"

"ဒါဆို ... သူ့ရောဂါနဲ့သူ သက်တမ်းစေ့ ဆိုပါတော့၊ အခု မှာပါတဲ့ ဗီဇသွေးကို ရဟန်တူပါတယ်"

"မျိုးရိုး လိုက်တတ်တယ်လား ဆရာ"

"လိုက်ပါတယ်၊ အမေ ကိုယ်တိုင်က သုံးဆယ်လောက်မှ ဆုံးတယ်ဆိုတော့ ရောဂါ အပျော့စား ဖြစ်မှာပါ၊ ယမင်း သက်ဝေကျတော့ ရောဂါက ပိုပျော့သွားဦးမှာပါ၊ ရာခိုင်နှုန်း သိပ်နည်းသွားပြီ ဆိုပါတော့၊ ရောဂါ ရာခိုင်နှုန်း သိပ်နည်းတဲ့ သူတွေ ခြောက်ဆယ်၊ ခုနစ်ဆယ်ထိ အသက်ရှည်ကြတယ်"

"သမီးကို ကျွန်မတို့ ဘာလုပ်ပေးရမလဲ ဆရာ"

"သူ သိပ်ပျော့လာတဲ့အခါ သွေးသွင်းပေးရုံပါပဲ။ အသက်နှစ်ဆယ်ရှိမှ ဒီတစ်ကြိမ်ပဲ သွေးသွင်းလောက်အောင် ဖြစ်တယ် ဆိုတော့ ခဏခဏ သွင်းဖို့လည်း မလိုပါဘူး၊ နလုံးရောဂါကိုပဲ ဂရုစိုက်ရမယ်၊ ရောဂါနှစ်ခုက တစ်ခုကိုတစ်ခု အထောက်အကူပြုနေရင်တော့ လူနာမှာ ခံစားရမှာပေါ့ဗျာ၊ ဒီလောက်ပါပဲ"



ချက်ချင်း သေမယ် ... ပြောလည်း ယမင်းအဖို့ စိုးရွံ့ကြောက်လန့်ဖို့ သိပ်မရှိဟု ယမင်း တွေးမိပါသည်။ တစ်ခုတော့ ရှိသည်ပေါ့လေ။ သေတော့မယ်ဆိုလျှင်တော့၊ မသေမီမှာ ဂျက်စမင်ဆိုသူ ဘယ်ဝါဆိုတာလေးတော့ ကိုရဲ သိအောင် ပြောခဲ့ချင်ပါသည်။ ဒီလောက်ပါပဲ။

ယမင်း အသက်ထင်ရှားနေလို့လည်း ဘာမှ မထူးခြားဟု ကိုယ့်ကိုယ်ကိုယ် စိတ်လျှော့ထားပါသည်။ ယမင်းကို သွေးသွင်းဖို့ အိုသွေးတောင်းရာ အိုသွေးက သွေးဘဏ်မှာ ကုန်နေသည်။ တိုက်တိုက်ဆိုင်ဆိုင်၊ ကိုရဲတို့က သွေးလာလှူ၊ ကိုရဲ သွေးကမှ ယမင်းထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတာကတော့ ယမင်း ကံကောင်းလွန်းသည့် တိုက်ဆိုင်မှုကြီးပါပဲဟု ယမင်း ကျေနပ်ပီတိ ဖြစ်နေရပါသည်။

"ဒေါက်တာနောင်ဦးဟာ ယမင်းလို ရောဂါမျိုးမှာ ပါရဂူဘွဲ့ သွားယူပြီး ပြန်လာတာ၊ ယမင်းကြောင့် ဆုံးရတော့ ..."

"သမီးရယ် ... သတ္တဝါတစ်ခု ကံတစ်ခုပါ၊ ယမင်းကြောင့် ရယ်လို့ ဥပါဒါန် စွဲမနေပါနဲ့၊ ဥပဒ်ရောက်ပါမယ်၊ လူဆိုတာ သေနေ့စေ့ရင် ဒီနည်းနဲ့ မသေလည်း တခြားနည်းနဲ့ သေရမှာပါပဲ"

ဒေါ်ခင်လေးမြင့်က အစွဲအလမ်းကို လျှော့ပါ ... ဟု ဆို၏။ ယမင်း လျှော့ပါသည်။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် ကြည့်နေသည်။ အနေအထား အစစ ဆင်ခြင်သည်။ ရောဂါဖြစ်လျှင် ကိုယ်တိုင်ခံစားရမှာထက် ပြုစုရသူ ဒေါ်ခင်လေးမြင့်ကို ပို၍ အားနာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီလည်း ယမင်းကို ပြုစုနေရတာနဲ့ ဘာအလုပ်မှ မလုပ်ဖြစ်တော့ဘူးနော်၊ ယမင်း နေကောင်းပါပြီ အန်တီ၊ ယမင်းကို သိပ်ဂရုမစိုက်ပါနဲ့တော့နော်၊ အန်တီ့ကို အားလည်း နာ၊ သနားလည်း သနားလှပါပြီ"

"ရပါတယ် သမီးရဲ့၊ အန်တီလည်း ဘာမှ လုပ်ဖို့ ကိုင်ဖို့ စိတ်ကူးမရှိတော့ပါဘူး၊ လုပ်ငန်းတွေ အကုန်သိမ်းထား တယ်"

"ဟုတ်လား ..."

"အင်းလေ ... ဒါမှ သမီးကို အချိန်ပြည့် ဂရုစိုက်နိုင်မှာ ဘယ်သူရှိတာမှတ်လို့ ယမင်းရယ်၊ တို့သားအမိကတော့ အိမ်ငှားခနဲ့တင် စားနိုင်ပါတယ်"

လက်ရှိနေထိုင်သည့် တိုက်ကြီးက ယမင်း နာမည်နှင့် ဖြစ်ပြီး၊ ဒေါ်ခင်လေးမြင့် နာမည်နှင့် နောက်ထပ် တိုက်တစ်လုံး ရှိပါသေးသည်။ သားအမိ တူတူနေသည်မို့ နောက်ထပ် တိုက်ကို နိုင်ငံခြားသားအား ငှားထားပါသည်။

"အိမ်လခက တစ်လကို ခုနစ်ထောင်တောင် ရတာ၊ တို့သား အမိ ဗိုက်ရိုက်စား၊ တစ်နေ့ကို ထမင်း ငါးထပ်လောက် စားရင်တောင် လောက်တာပဲ"

ဒေါ်ခင်လေးမြင့် စေတနာတွေကို ယမင်း ကြာလေ နားလည်ရလေမို့ ဟိုတုန်းက ဆိုးခဲ့ဖူးတာလေးတွေအတွက် ယမင်း ညတိုင်း ကန်တော့ပြီးမှ အိပ်ကျင့်လေးလုပ်သည်။

"ယမင်း မာမေးပွဲ ပြန်ဖြေချင်ပါတယ် အန်တီ"

"ဖြစ်ပါ့မလားကွယ် ... သမီး ကျန်းမာရေးနဲ့"



"အိမ်မှုကိစ္စလည်း ဘာမှ မရှိ၊ ကျောင်းလည်း မတက်ရဆို တော့ ဟာလာဟင်းလင်းကြီး ဖြစ်ပြီး တောင်တွေး၊ မြောက် တွေးနဲ့"

"သမီး စနစ်သစ်နဲ့ ဖြေရမှာ"

"ယမင်းတို့ ဝိဇ္ဇာယူရမယ်လို့ ကြည်ဝေက ပြောပါတယ်၊ သူတို့လည်း ပြန်ဖြေကြမလို့တဲ့"

"သမီး စိတ်ပါရင် လုပ်လေ၊ သိပ်တော့ အပင်ပန်းမခံနဲ့ပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်လိုက်တာ အန်တီရယ်"

ယမင်း စာပြန်ကျက်ဖြစ်ပါတော့သည်။

ယမင်း ဆယ်တန်းမှာ အကြိမ်ကြိမ် ရှုံးခဲ့ရတာ ...ခင်း ညံ့ဖျင်းလို့ မဟုတ်ပါ။ ပင်ကိုက ထက်ထက်မြက်မြက်ကလေး ...ပဲ။ ပထမအကြိမ် ဆယ်တန်းဖြေစဉ်က ဖေဖေ ဆုံး၍ ယမင်း ...မေးပွဲကျရသည်။ တစ်နှစ်ကျပြီးတော့ စိတ်လေသွားတာရော၊ ...ါခင်လေးမြင့်ကို ဆန့်ကျင်ဆန္ဒပြနေရတာတွေရောကြောင့် ပညာ ...ကို တမင်တကာ ပစ်ပယ်ထားသလိုမို့ စာမေးပွဲတွေ တဖုန်းဖုန်း ...ခဲ့ရခြင်းပါ။

ဒီနှစ်တော့ ယမင်းတို့အဖွဲ့ ပြန်ဆုံသည်။ စုစုပေါင်း ...ယောက်၊ ချိုသဲနှင့် နွဲ့နွဲ့ယဉ်က အိမ်ထောင်ကျသွားပြီမို့ မပါ ...တော့ပါ။ သူငယ်ချင်းတွေနှင့် ပြန်ဆုံရတော့ယည်း စိတ်သန် ...သစ် ဖြစ်ရပြန်၏။

"တို့အဖွဲ့ကို နာမည်ပေးရအောင်၊ ဒေါ်ကျည်ပွေ့တို့ အဖွဲ့ လို့"

ကြည်ဝေအေးကတော့ ဝသီပါမို့ ရယ်စရာ ... နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"တို့တွေ ဆယ်တန်းကို သုံးကြိမ်တိတိ ဆက်တိုက် ရှုံး ကြတယ်၊ မဖြေဘဲ တစ်နှစ်တိတိ အလကားနေကြတယ် နည်းတဲ့ အတွေ့အကြုံလား"

"ဒီနှစ်တော့ အောင်ကို အောင်ရမယ်ကွာ"

"ဟုတ်တယ်၊ စာအုပ်တွေ ပြောင်းသွားတာလည်း ကောင်း တယ်ကွ၊ နင့်မို့ဆို စာကျက်တော့မယ်ဆိုရင် မြင့်ဖူး တွေ့ တွေမို့ အရမ်းပျင်းတယ်၊ တတ်သလားဆိုတော့လည်း မတတ် ဘူး၊ ခုမှပဲ စာက အသစ်သင်ရတော့တယ်"

"ဟော ... အီကိုက အင်္ဂလိပ်လို ဖြေရမှာနော်"

"ဖြေမှာပေါ့၊ အင်္ဂလိပ်လို သင်ရတော့ ပိုတောင် စမတ်ကျ သေးတယ်"

အားလုံးသော မိဘတွေက တတ်နိုင်ကြသူများချည်း မို့ သမီးတွေ ပညာရေးဘက် ပြန်လည်စိတ်ပါလာကြသည်ကို ဝမ်းသာမဆုံး အားပေးကြပါသည်။

"ယမင်း နည်းနည်းတောင် အသားပြည့်လာတယ်"

"အေး ... ငါ ဝလာတယ်ကွ၊ စာတွေ အော်ဟစ်ကျက်လို့ ဗိုက်ထဲ လေတွေ ဝင်ပြီး လေဖောဖောသလား မသိဘူး"

ယမင်း တကယ့်ကို လန်းဆန်းလာပါသည်။

ဒေါ်ခင်လေးမြင့်ကလည်း မျက်ခြည်ကို တစ်ချက် ကလေးမျှ မပြတ်စေရ၊ အချိန်မှန်စားဖို့၊ အချိန်မှန်အိပ်ဖို့ အချိန်မှန် ဆေးသောက်ဖို့၊ ဆေးထိုးဖို့၊ အားလုံးကို အလွှန်ဂရုစိုက်လေ၏။

"ယမင်းကိုယ်ထဲကို ကိုရဲရဲ့ သွေးတွေ သွင်းလိုက်ရလို့များ ယမင်း ကျန်းမာလာတာလား မသိဘူးနော် အန်တီ"



ယမင်း ရှက်ပြုံးလေးဖြင့် တစ်ခါတစ်ခါ ပြောတတ်ပေ မဲ့ ခုတော့ ... နေသားထိုင်သားကျသလောက် ဖြစ်သွားရပါပြီ။ အချစ်ဆုံး အချစ်ဦးကို မေ့နိုင်သည် မဟုတ်ပေမဲ့ အချိန်၏ ကုစား မှုဖြင့် ဖြေသာခဲ့ရပါသည်။

သို့ပေမဲ့ ... နောင်ရဲ နေသွားသည့်အခန်းမှာ ယမင်း နေတုန်း၊ မှန်တင်ခုံပေါ်မှာ နောင်ရဲ ဓာတ်ပုံသည် နောင်ရဲ ဖြီးသင် သွားသည့် ဘီးလေးနှင့် အတူရှိတုန်း၊ နောင်ရဲ ဓာတ်ပုံများစွာ ပါဝင်သည့် ဓာတ်ပုံအယ်လ်ဘမ်သည် ယမင်း ခေါင်းအုံးအောက်မှာ ရှိတုန်းပါပဲ။

"ဆယ်တန်းအောင်သွားရင် ယမင်း မူလတန်းပြဆရာဖြစ်သင် တန်း တက်မယ် အန်တီ၊ ဘွဲ့ကိုတော့ စာပေးစာယူနဲ့ပဲ ယူမယ်"

"အလုပ်လုပ်လို့ ဖြစ်ပါ့မလား သမီးရဲ့"

"ဖြစ်မှာပါ၊ အခုနေကောင်းနေပြီပဲ၊ ယမင်း တစ်သက်လုံးမှာ အကျိုးရှိတာ ဘာတစ်ခုမှ မလုပ်ခဲ့ဖူးသေးလို့ တစ်ခုခုတော့ လုပ်ခဲ့ချင်လို့ပါ"

"အင်းလေ ... ကျန်းမာရေး ကောင်းရင် လုပ်တာပေါ့"

ယမင်းမှာ ရည်မှန်းချက်လေး ရှိလာသည်မို့လည်း လူက ကျန်းမာရေး ကောင်းလာရခြင်း ဖြစ်နိုင်ပါသည်။ ကိုယ့်အတွေး ကိုယ့်ပီတိလေးနှင့်မို့ ယမင်း ရင်ထဲမှာ အေးငြိမ်းချမ်းမြေ့နေသည်။ တစ်ခါတစ်ခါတော့၊ နောင်ရဲ အိမ်ရှေ့ စာအုပ်ဆိုင်လေးရှေ့ ထောင်ကြတ် ဆောင်းဖြစ်ပါသေးသည်။ သို့ပေမဲ့ သူငယ်ချင်းများနှင့် ဆုံသည့်အခါ မှာ ရယ်စရာ မောစရာလေးတွေ ပြောနိုင်လာခဲ့ပါ၏။

www.burmeseclassic.com



"ငါက ကိုရဲကို ပြုံစုနေရတာတယ်၊ ချူချာနေရတာရယ် ကြောင့် တစ်နှစ်ပုပ်သွားတာ ထားပါတော့ နင်တို့က အဲဒီနှစ်က ဘာဖြစ်လို့ စားမေးပွဲ မဖြေကြတာလဲ"

"စာတွေက အဟောင်းတွေကွ၊ ရှေးနှစ်တွေတုန်းကလို ထိုနည်း လည်းကောင်းဖြစ်ပြီး ကျမှာစိုးလို့"

"ဒီနှစ်မှ စနစ်သစ် ဆယ်တန်းတွေစမှာမို့ စိတ်သစ် လူသစ်နဲ့ စာအသစ်ကျက်မလို့"

အချင်းချင်း ပျော်ပျော်နေတုန်းတော့ ဟိုတုန်းကလို ပေါ့ရွှတ်ရွှတ်မလေးတော့ မဟုတ်ကြတော့ပါ။ အသက်က နှစ်ဆယ်ထဲ ဝင်လာတော့လည်း တည်ငြိမ်စပြုကြပြီ ထင်ပါရဲ့။

"ဪ ... ဟေ့၊ ဟိုကောင် ဇာနည် ဘယ်ရောက်ပြီး ဘာ ဖြစ်နေလဲ"

ယမင်း သတိတရ မေးသည်မို့ ဆုမြတ်က မျက်စောင်း ထိုးသည်။

"မမေ့နိုင်သေးဘူးလား ဒီကောင့်ကို"

"သူငယ်ချင်းပဲဟာ၊ တစ်ခါတလေတော့ သတိရတာပေါ့၊ ရှေးဖြစ်ဟောင်း၊ အောက်မေ့ဖွယ်လေးတွေ"

"သူ ဆယ်တန်းအောင်သွားပြီကွ၊ မနှစ်က"

"ဟုတ်လား ... ဘယ်ဆိုးလို့လဲ"

"ဘယ်ဆိုးပါ့မလဲ၊ မဆိုးအောင် ကြည့်နေတဲ့ ကောင်ပဲဟာ၊ မိန်းမလည်း ရပြီလေ"

"တကယ် ... ငါတောင် မသိလိုက်ဘူး"

"နင်ကတော့ ကိုရဲကလွဲရင် ဘာမှသိတဲ့ကောင်မှ မဟုတ် တာ"



စကားထဲ ကိုရဲ ပါလာလျှင်လည်း ယမင်း အပြုံးမပျက် နားထောင်နိုင်စွမ်းရှိခဲ့ပါပြီ ရင်ထဲမှာတော့ လှပ်ခနဲခုန်သည်ပေါ့လေ။

"ထုံးစံအတိုင်းပေါ့၊ သူဌေးသမီးမှ ရွေးပြီး ကြိုက်တဲ့ကောင်၊ ကောင်မလေးကလည်း ခပ်ကဲကဲတဲ့ကွ၊ ဟိုတုန်းက တို့ပုံစံမျိုး နေမှာပေါ့ ... အဟီး"

ပပလှိုင်က သူ့ဘာသာပြော၍ သူ့ဘာသာ ရှက်ရယ် ရယ်သည်။

"ခုတော့ ... နင်က မကဲတော့လို့လား"

"အသက်ကြီးလာတော့ ကဲရတာ ဝသွားပြီကွ"

"ကောင်းလိုက်တာ၊ ပြောပုံကိုက၊ ဇာနည့်အကြောင်း ပြောပါ ဦး"

"ယောက္ခမကြီးကလည်း သူ့သမီး အကဲစားကို ထိန်းရခက် လို့ စိတ်ပျက်နေတုန်း၊ ဇာနည်ကလည်း လာကြိုက်တော့ ပေးစားပစ်လိုက်တာတဲ့ကွ၊ အဲဒါ ... ယောက္ခမကပဲ သ ကာ လိုက်နိုင်အောင် လုပ်ပေးလိုက်တယ်တဲ့၊ ပါသွားပြီ"

"ဟင် ... သူ့မိန်းမရော"

"အမေနဲ့ နေခဲ့တာပေါ့၊ ဘာကြာသေးလဲ သမီးလေး မွေး တယ်တဲ့"

"မိမွန်ရယ် ... နင်ကလည်း သတင်းစုံလှချည်လား"

"ပတ်ဝန်းကျင်လေ့လာရေး လိုက်စားထားတာ"

"ဪ ... ဪ၊ ပြောပုံကိုက"

"သမီးလေးလည်း မွေးရော၊ အမေ [illegible] ကိုယ်ချင်းတွေစာပြီး သူ့သမီး သူ့လို [illegible] လိုက်တာ ဒူးတောင်တုန်တယ်ဆိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုပြီ"

"ခုတော့ အမေပေါက်စ အကဲစားလေးလည်း တည်ငြိမ်ရင့်ကျက်သွားလိုက်တာ မပြောပါနဲ့တော့"

"ဝမ်းသာစရာပဲ"

"ဓာနည့် ကောင်းစုတ်တော့ ခုလောက်ဆို ထမင်းငတ်ခံပြီး သင်္ဘောခေါင်းတိုင် ဖက်တက်နေရရောပေါ့"

"နင့်စကားကလဲ"

"ဟ ... တကယ်ပြောတာ၊ သင်္ဘောသားတွေ ပြန်လာရင် ကားတွေ တဝီဝီ ပါလာတာသာ လူမြင်တယ်၊ အဲဒီလို ဝယ်လာနိုင်ဖို့ အငတ်ခံ ခြိုးခြံရတာ လူ မသိဘူး၊ မြန်မာနိုင်ငံပြန်ရောက်တဲ့အခါမှာ နိုင်ငံခြားပစ္စည်းတွေ အလျှံပယ်ပါလာပြီး သုံးနိုင်တာသာ လူ မြင်တယ်၊ ဟိုမှာ ကမ်းမမြင် လမ်းမမြင် ရေတွေချည်း မြင်နေရပြီး၊ သက်စွန့်ဆံဖျား လုပ်ရတာ လူ မမြင်ဘူး၊ ငါတော့ သင်္ဘောသား မယူဘူး"

"နင်က ဘာမှ ယူမှာလဲ"

"သင်္ဘောကပ္ပတိန်"

"ကောင်းစုတ်"

ဝိုင်းထုကြသည်မို့ မွန်မွန်ကျော် ကျောကော့နေတော့သည်။

"အကောင်းပြောတာပါဟာ၊ အိမ်ထောင်သားမွေးကိစ္စကို အမေ့ပဲ လွှဲလိုက်ပြီ၊ ကောင်းတယ်ထင်သလိုသာ လုပ်ပစေတော့၊ မကောင်းဘူးထင်လို့ ဘာမှ လုပ်မပေးရင်လည်း အပျိုကြီးပဲ အေးအေးနေတော့မယ်"



"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်ပေး ပေးစေနိုးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်ဖထီး တို့တာတဲ့"

ဆုမြတ်က ခပ်တည်တည် ဆိုပြသည်မို့ ဝိုင်းရယ်ကြသည်။

"ဘာတွေ ကြီးကြီးကျယ်ကျယ် ပြောမလို့လဲ"

"တို့အမေတွေဟာ ငါတို့ကို ဟိုဟာမလုပ်နဲ့ ဒီဟာလုပ်ဆိုပြီး ကောင်းတာတွေလည်း ညွှန်ပြခဲ့ပြီးပြီ။ ပညာရေးဆိုလည်း တို့ကသာ ပျင်းကြောဆွဲနေတာ၊ မိဘကဖြင့် ငွေဘယ်လောက်ကုန်ကုန် တို့သာ တစ်ခုခု လုပ်ကိုင်ချင်တယ်ဆိုရင်လည်း အရင်းအနှီး ဘာညာ အမွေအနှစ်ပေးဖို့ အဆင့်သင့်"

"အေးလေ"

"ဝတ္တရားငါးခုမှာ လေးခုကျေပြီးမှတော့ နောက်ဆုံး တစ်ခုလေးလည်း ကျေရှာပါစေဟယ်၊ ဒီလောက်တော့ တို့က ပါရမီဖြည့်ပေးရမယ်၊ မိဘပေးစားတာကို မယူရင် မိဘအပေါ် ပဋ္ဌမမြောက် ဝတ္တရားကို ဘယ်ဆောင်ရွက်ခွင့်ရတော့မလဲ ဝတ်လေးအင်နဲ့တင် တင်းတိမ်နေရရှာမယ်၊ သနားပါတယ်"

"အေး ... ကိုယ်က သမီးဘဝမှာ ကောင်းကောင်းနေ ကောင်းကောင်းမနေခဲ့ရင် ကိုယ့်အမေဘဝ ပြန်ရောက်တဲ့ အခါမှာ ဝဋ်လည်ပြီး ဓာနည့်မိန်းမလို ဒူးတုန်နေရမယ်"

"ဓာနည်လည်း ခုလောက်ဆို အူတွေ အသည်းတွေတုန်နေတော့မယ်"

"ဘာလဲ ... ပင်လယ်မှာ ကြောက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ၊ သူက ခုဆို သူဌေးသမက်လေကွာ၊ ပြန်ရင်လည်း ကားနဲ့ ဘာနဲ့၊ ယောက္ခမပစ္စည်း အမွေရမှာနဲ့ဆိုတော့ သူကိုယ်တိုင် သူဌေးဖြစ်တော့မှာ၊ သူလည်း သူဌေးဖြစ်ရော ကိုယ်ချင်းစာပြီး သူ့သမီးကို ဘယ်ငချောင်တစ်ကောင် လာပိုးလေမလဲ ဆိုပြီး အူတုန်သည်းတုန် ဖြစ်တော့မှာပေါ့"

"အေးကွ ... ဝဋ်ဆိုတာ လည်တတ်တယ်"

"အဲဒီဝဋ်ဆိုတာကြီးကို တွေ့အောင် လိုက်ရှာမှပဲ"

"ဘာလုပ်မလို့လဲ"

"မလည်ဘဲ ရပ်နေအောင် သံမှိုနဲ့ စွဲထားချင်လို့"

"ရမယ် အားကြီးကြီး၊ သံမှိုပါ ရောလည်ပြီး နင်ပါ ချာလပတ်ယမ်းသွားမယ်"

ဒေါ်ခင်လေးမြင့် ကိုယ်တိုင် သွားကြိုလာသည့် ဆရာမ ရောက်လာပြီမို့ စကားဝိုင်းလေးကို တခနဲ သိမ်းလိုက်ရပါတော့သည်။ စာသင်ရပါဦးမည်။

✻ ❋ ✻

"အိပ်ပါတော့လား သမီးရယ်၊ သန်းခေါင်တောင် ကျော်ပြီ"

"ရပါတယ် အန်တီ၊ ယမင်း မအိပ်ချင်သေးလို့ပါ"

"သမီးက သူများလို ကျန်းမာရေးကောင်းတာလည်း မဟုတ်ဘဲနဲ့"

"ခု ... ကောင်းနေတာပဲ အန်တီရယ်၊ ယမင်း ဒီနှစ် အောင်ချင်လွန်းလို့ပါ"



"ရင်ထဲက မောတာတွေ အသက်ရှူကျပ်တာတွေ ဖြစ်သေးလား"

"မဖြစ်ပါဘူး"

"နည်းနည်းလေး အားလျော့တာနဲ့ ပြောနော်"

"ဟုတ်ကဲ့"

"ဒါဖြင့်လည်း ကျက်၊ အန်တီ ပုတီးစိပ်ရင်းနဲ့ စောင့်မယ်"

မစောင့်ပါနှင့် တားလည်း မရမှဲတူတူမို့ ယမင်း မပြောတော့ပါ။ ယမင်း ညတိုင်းလို အိပ်ရေးပျက်ခံ၍ စာကျက်သည်။ စာက လိုချင်စိတ်နှင့် ကျက်တော့ ရလွယ်၏။ စာရတော့ အားတက်ကာ ထပ်ကျက်ချင်မိပြန်သည်။ သည်လိုနှင့် စာတွေ အကုန်ပိုင်ရလေ၏။

ဟိုတုန်းကတော့ လူက ပေါ့သည်မို့ စာက လူကိုပိသည်။ ပြားပြားဝပ်ကာ နာလန်ကို မထူတော့နိုင်အောင် ဖြစ်ခဲ့ရပါသည်။ ခြော် ... နှစ်တွေ အများကြီး ပုပ်ကုန်ရတာ ဘယ်လောက်နမြောဖို့ကောင်းသလဲနော်။

စာမေးပွဲ နီးလေ အိပ်ချိန်မရှိသလောက် ဖြစ်လေ၏။ သူငယ်ချင်းတွေ ဆုံခိုက်မှာတောင်, တွေ့ကရာ ပေါက်ဝန်းစျေးတွေ မပြောဖြစ်ဘဲ စာကိုသာ ဆွေးနွေးကြသည်။ မိဘတွေခမျာ သမီးတွေ လိမ္မာပါ့ ကြည့်ကာ ပျော်တပြုံးပြုံး ရှိလေ၏။

"တကယ်ဖြစ်ချင်လို့ တကယ်လုပ်ရင် တကယ်ရတယ်"

ယမင်း စာမေးပွဲကို တကယ် အောင်ချင်သည်မို့ တကယ် ကျက်နေသည်။ တကယ်အောင်ဖို့ပဲ မှန်းထားသည်။

အိပ်ရေးပျက်ဖန်များသည်မို့ ကိုယ်ခံအားကျဆင်းလာတာကို ကိုယ့်ဘာနှင့်ကိုယ် သတိမရပါ။ ယမင်း၏ ဆံပင်သွယ်ပြေသော

www.burmeseclassic.com



အသားမှာ ပန်းသွေးရောင် ဖျော့လာသည်။ အသက်ရှူကျပ်တာကို ပင် ဆောင်း႗ွင်းမို့ နှာခေါင်းပိတ်သည်ထင်ကာ ယမင်း ဂရုမစိုက် ခဲ့။ အတန်းတင်စာမေးပွဲကြီးစစ်ဖို့ နှစ်လကျော်ကျော်အလို၊ ဒီဇင် ဘာလ အလယ်လောက်မှာ ယမင်း. စာကျက်ရင်း မိုက်ခနဲ လဲကျ သွားလေတော့သည်။

"သမီး"

ဒေါ်ခင်လေးမြင့်က ထုံးစံအတိုင်း အချိန်မီ ပြေးမွေ့ နိုင်လိုက်ပါသည်။

ယမင်းကို ဒုတိယအကြိမ် ဆေးရုံတင်ရသည်။ ဒီနေရာ ကို ရောက်လာတော့ အတိတ်တချွေက နှလုံးသားကို လှုန့်သည်။ တစ်နှစ်လုံး စာကြိုးစားခဲ့ရသည်မို့ အချိန်အားနည်းကာ ကိုရဲတို့ အိမ်ရှေ့သို့ တစ်လနေမှ တစ်ခေါက်လောက်ဖြတ်ဖြစ်သည်။ ခုဆို ကိုရဲကို မတွေ့ရတာ နှစ်လတောင် ကျော်ပြီ။

အချစ်ရှူးဝေဒနာကို မေ့မေ့ပျောက်ပျောက် ထားကာ ကိုယ့်ဘဝလေး ကိုယ်ပျော်အောင် အကျိုးရှိအောင် ဖန်တီးခဲ့ပေမဲ့ ဆေးရုံလိုနေရာမျိုး ရောက်ရတော့ ကိုရဲကို သတိမရ၊ မတမ်းတဘဲ နေနိုင်ပါတော့မလား။

ကိုရဲ ဘယ်အတန်းတက်နေပြီလဲ မသိပါ။

တက္ကသိုလ်စာသင်နှစ် ကျောင်းဖွင့်ရက် ပိတ်ရက်တွေ က အထက်တန်းကျောင်းနှင့် မတူပါ။ အထူးသဖြင့် ဆေးတက္ကသိုလ် က အခြားတက္ကသိုလ်တွေနှင့်တောင် မတူ။ ပထမနှစ်က တစ်နှစ် ခွဲကြာသည်။ ဒုတိယနှစ်ကလည်း တစ်နှစ်ခွဲကြာသည်။ နောက်နှစ်တွေ ကျမှ တစ်တန်းကို တစ်နှစ်စီ။

"ဟိုတစ်ခါတုန်းကလို ကိုရဲ သွေးလာလှူဦးမလား မသိ"



ကျိတ်တွေးဖြင့် မျှော်မိပေမဲ့ တိုက်ဆိုင်မှုဆိုတာက ခါပြန်ပြီး ဖြစ်နိုင်ပါ့မလားနော့။

ဆေးရုံပေါ်ရောက်တော့ ယမင်း စိတ်လျှော့လေ၏။ ထဲမှာ စိတ်ကို ရူးစိုက်စွာ နှစ်ထားစဉ်က ကိုရဲနှင့် ပတ်သက်၍ ဖြာသာသည်။ ခုတော့ ... အချိန်တိုင်းမှာ သတိရနေမိ၏။ ဆို့နင့် ကြကွဲစိတ်က ဝေဒနာကို ထပ်မံဖိစီးသည်။ ယမင်း ဆီး၊ ဝမ်း၊ သွေး အားလုံး ပြန်စစ်ရသည်။ ဓာတ်မှန် ရိုက်ရသည်။ အီးစီဂျီ ရိုက် ရသည်။

"နှလုံးအခြေအနေ မကောင်းဘူး၊ သွေးအားကလည်း အရမ်း လျော့နေတယ်၊ သွေးလည်း သွင်းရမယ်"

"ဟင် ... ဆရာ၊ သမီးလေး စိုးရိမ်ရသလား ဆရာ"

"စိုးရိမ်ရအောင် ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ပါဘူး၊ ပထမအကြိမ် သွေးသွင်းရက်နဲ့ ဒီတစ်ကြိမ် တစ်နှစ်ကျော် ကြာတော့၊ သူ့အခြေအနေ ကောင်းပါတယ်၊ အခြေအနေဆိုး တဲ့ သက်လက်ဆီးမီးယားတွေဆိုရင် တစ်လတစ်ကြိမ်၊ နှစ်လ တစ်ကြိမ်တို့ သုံးလေးလတစ်ကြိမ်တို့ သွင်းရတာ၊ သိပ်မပူပါ နဲ့"

သိပ်မပူပါနဲ့ ဆိုပေမဲ့ ဒေါ်ခင်လေးမြင့် သိပ်ပူ၏။ ခင်းနားမှ မခွာပါ။

"ညဘက်တော့ ပြန်အိပ်ပါ အန်တီရယ်၊ နေ့ခင်းဘက် စောင့်ရရင် ကျေနပ်ပါ၊ အန်တီက လူကြီး၊ အန်တီပါ လဲသွားရင် ယမင်းမှာ အားကိုးရာ မရှိပါဘူး"

"အို ... သမီးကလည်း အန်တီ ဘာမှ မဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယမင်း့ စိတ်ကျေနပ်စေရန် ညဘက်မစောင့်ပေမဲ့ အိမ်မှာ အိပ်ပျော်သည်ဟူ၍ မရှိပါ။ စိပ်ပုတီးကို တချောက်ချောက် စိပ်လျက် မေတ္တာပို့သကာ နေမိတော့သည်။

"သမီးလေး ကျန်းမာချမ်းသာပါစေ"

❊ ❊ ❊

ဆေးရုံတစ်ရုံလုံး ရှိသမျှ ဆရာဝန် ဆရာမတွေအားလုံးကို ချီးကျူးစရာကောင်းလှပါသည်။ နေ့ခင်းရယ် ညရယ် မရှိ ထာဝရ လန်းဆန်းနေတတ်သည်။ လူနာနားသို့ ရောက်လာလျှင် သပ်ရပ် လတ်ဆတ်နေတတ်သည်။ ညဘက်ရယ်လို့ အိပ်မှုန်စုံမွှား ဆိုတာမျိုး ဘယ်တော့မှ မတွေ့ရတတ်ပါ။

ယမင်း အိပ်မပျော်နိုင်တိုင်း ဖြတ်သန်းသွားလာ လှုပ်ရှားနေသည့် ဆရာဝန် ဆရာမများကို ကြည်ညိုလေးစားစွာ လိုက်ကြည့်နေမိပါသည်။

"အိပ်တော့လေ၊ လူနာဆိုတာ စောစောအိပ် စောစောထ ရတယ်၊ အိပ်မပျော်ဘူးလား၊ ဆရာဝန်ဆီမှာ အိပ်ဆေး သွားတောင်းပေးရမလား"

ညစောင့်ဆရာမက ယမင်းကို ငုံ့ကြည့်၍ မေးသည်။ ခုံရှည်လေးပေါ်မှာ တစ်ညလုံး ငုတ်တုတ် ထိုင်စောင့်ရသည့် ဘာဝန်က ကြီးလှပါဘိ။ ယမင်း အားတုံ့အားနာ ပြုံးပြပေမဲ့ အပြုံးက မပီပြင်ပါ။ ရုတ်တရက် ရင်ဘတ်ထဲမှ ဖြာခနဲ ဖြစ်သွားသည်။ ရှူးခနဲ ထိုးအောင့်၏။ မပီတပီ အပြုံးက အမဲ့ဘက်သို့ ကူးလေ၏။

"ဘာဖြစ်လဲ"



ယမင်း မျက်နှာလေး မဲ့ကျသွားသည်။

"ဟင် ... ဘာဖြစ်လဲ"

"အောင့် ... တယ်"

"ခဏ ... ခဏလေး"

ယမင်းကို လိမ့်မကျအောင် ခုတင် အလယ်ဘက်သို့ ...ရွှေ့ခဲ့ပြီးနောက်၊ ဆရာမ လှစ်ခနဲ ထွက်သွားလေသည်။ ...င်း ပထမဆုံး သတိရလိုက်တာက ကိုရဲ။

ကိုရဲရေ သွေးလာလှူပါဦး၊ ယမင်း အသက်ကို ...ယ်ပါဦးရှင်ဟု အော်ပြောချင်မိ၏။ ကိုရဲအကြောင်း ရင်ထဲ ...လာတော့ ကြေကွဲမှုဖြင့် ရင်နင့်လေ၏။ ရှင်ကွဲ ကွဲနေသည့် ချစ် ...တွေလေ။ ဝမ်းနည်းလာရသည်မို့ ရင်ထဲက ပိုအောင့်သည်။ ...သက်ရှူတွေ ကျပ်လာသည်။ မောလိုက်တာ မပြောပါနှင့်တော့။

"ရင်ဘတ်ထဲက ထင်တယ်၊ အောင့်တယ်လို့ ပြောတယ် ဆရာ"

ဆရာမက ညဘက်တာဝန်ကျ ဆရာဝန်ကို သွားခေါ်ခဲ့ ...သည်။

"ဘာဖြစ်လဲ ... ဟင်"

မေးသံနှင့် အုံ့သြသံနှစ်ခုကို စု၍ ကြားရပေမဲ့ ယမင်း ...စိမဖွင့်နိုင်ပါ။ ယမင်း ရင်ဘတ်ကို နားကြပ်နှင့် ထောက်တာ ...သည်။ ရင်ဘတ်က တဖြည်းဖြည်း လှိုင်းထန်သည့်နှယ် ဖုတ်လှိုက် ...လှိုက် ဖြစ်လာသည်။ အသက်ကို ဘယ်လို ရှူရပါ့။

ဆရာဝန်က ဘာတွေ ပြောနေမှန်းမသိ။ ... ... ဗိုက်လာတပ်တာကို သိသည်။ လက်ဖျံထဲသို့ ... ...တာလည်း သိသည်။ ခဏကြာတော့ နည်းနည်း ...

www.burmeseclassic.com



လာသည်။ အအောင့်လည်း သက်သာလာသလိုရှိ၏။ နောက်တော့ ယမင်း အိပ်ပျော်သွားခဲ့ပါသည်။ နောက်တစ်နေ့မနက် မိုးထိန်ထိန်လင်းလို့ ယမင်း နိုးတော့ ညဆရာမတောင် မရှိတော့ပါ။ နေ့ဆရာမနှင့် အန်တီတို့ ခုံရှည်လေးပေါ်မှာ ငုတ်တုတ်ထိုင်နေကြသည်။

"အန်တီ"

"နေကောင်းလား သမီး"

ယမင်း ခေါင်းညိတ်တော့ ကိုယ်က အနည်းငယ် ရွေ့သွားသည်။ လက်ဖျံကြောမှ စစ်ခနဲ နာ၏။

"မလှုပ်နဲ့လေ သမီး"

ဩော် ... ယမင်းကို သွေးသွင်းထားတာပါလား။ ခုမှ သွေးပုလင်းကို မော့ကြည့်ဖြစ်သည်။

"နေကောင်းလား"

နှုတ်ဆက်လာသူကို မော့ကြည့်ဖြစ်သည်။

"ကို ... ကျော်ဇေ"

"ဟုတ်တယ်၊ ညက ကျွန်တော် နိုက်ဂျူတီလေ"

ကိုကျော်ဇေကို တွေ့တော့ ကိုရဲကို ပိုသတိရလေ၏။ ကိုကျော်ဇေ ဆရာဝန် မဖြစ်သေးတာတော့ သေချာ၏။ ဟောက်စ်ဆင်းရသည် ထင်ပါရဲ့။

ကိုကျော်ဇေ ဟောက်စ်ဆင်းပြီဆိုလျှင် ကိုရဲကို ဘယ်အတန်းခေါ်မလဲ ယမင်း မသိပါ။ ကိုရဲက ကိုကျော်ဇေထက် နှစ်နှစ် နောက်ကျခဲ့ပြီ မဟုတ်လား။

"ဂျူတီချိန် ကုန်ပြီ၊ ခင်ဗျား နိုးလာတာကို စောင့်ကြည့်နေတာ၊ ဒီနေ့လည်း ကျွန်တော် နိုက်ဂျူတီပဲ၊ ညကျ လိုတာ ပြောပါ၊ ဘာမှ စိတ်မပူနဲ့ ဟုတ်လား"



ယမင်း အားယူ၍ ပြုံးပြလိုက်ပါသည်။ ကိုကျော်ဇေထံမှာ ဆရာဝန်တစ်ယောက်၏ စေတနာနှင့် အကြင်နာကို တွေ့ရသည်။ တကယ်ဆို ကိုကျော်ဇေသည် ယမင်းအပေါ် စေတနာထားဖို့ လုံးဝ မရှိပါ။ ယမင်း သူ့ကို ကောင်းကောင်းကြီး စော်ကားခဲ့ဖူးသည်လေ။ သူ့ဆီကို မိန်းမလုံချည်ကြီး တစ်ထည်လုံး ပို့ခဲ့တာ နည်းနည်းနောနော စော်ကားမှုလား၊ အဲဒီအတွက် ယမင်း မတောင်းပန် ဖြစ်ခဲ့သေးပါ။

"ကျေးဇူးတင်ပါတယ်"

နောင်ရဲ ယမင်း အိမ်ရောက်လာတော့၊ ယမင်းနှင့် ကျော်ဇေတို့ ခဏခဏ ရန်ဖြစ်သည်။ ယမင်းက ကျော်ဇေကို မုန်းတီးနေခြင်းတော့ မဟုတ်ပါ။ ဆတ်ဆတ်ကြိမာနခဲ၊ သူ့မှုရင်း ပုံစံဖြင့် ဆက်ဆံခြင်းသာ ဖြစ်ပါသည်။ ကျော်ဇေကတော့ ယမင်းကို စိတ်ပျက်နာကြည်းခဲ့သူ ဖြစ်ပါသည်။

တစ်ခါက ချစ်ခဲ့ဖူးပေမဲ့၊ စိတ်ပျက်သွားရချိန်မှာ အထင်လည်း သေးခဲ့သည်။ ခုတော့ ... ယမင်းသည် သနားစရာ တောင်းလောက်အောင် ဝေဒနာ ခံစားနေရသူဖြစ်နေရှာ၏။ ကျော်ဇေ ယမင်းကို အထင်မသေးတော့ပါ။ ယမင်း ရင်ထဲမှာရှိသော ချစ်တတ်သည့်နှလုံးသားကို အထင်ကြီးလာမိပါသည်။ မိမိကို ချစ်သောသူ တကယ်ချစ်သောသူ အပေါ်တွင် အနစ်နာခံ ကိုယ်ကျိုးစွန့်လိုက်လှသိပ်သည်းစွာ ချစ်တတ်သော ယမင်းပါပဲ။

"ဘာမှာဦးမလဲ"

ယမင်း ခေါင်းခါသည်။

"ဟိုကောင်ကြီးကို ဖွင့်ပြောလိုက်ရမလား"

www.burmeseclassic.com



ကျော်ဇေ ကြားထဲက သနားလာရသည်မို့၊ ယမင်း ဘက်မှ ဖေးမလိုစိတ် များစွာဖြစ်ထွန်း၏။

"ဟင့်အင်း"

"နေကောင်းသွားမှာပါ၊ ခု ... မမောတော့ဘူး မဟုတ်လား"

မောနေသေးတာပါပဲ။ ဖုတ်လိုက် ဖုတ်လိုက် မ... တစ်မည်ပါ ... ဆိုတာကို ယမင်း မပြောတော့ပါ။ မောသည့်အကြောင်း ပြောပြဖို့ မောနေပါသည်။ သူ ဆရာဝန်ပဲ မသိဘဲ နေပါ့မလား ပြောချင်စိတ်လည်း မရှိတော့ပါဘူး။

"ကျွန်တော် ပြန်ဦးမယ်"

ယမင်း ခေါင်းညိတ်သည်။ ခေါ်ခင်လေးမြင့်ကို နှုတ်... ဆက်၍ ပြန်သွားသော ကျော်ဇေ့ ကျောပြင်ကို ယမင်း ငေးကြည့် ကျန်ရစ်၏။ ကိုရဲကို တွေ့မြင်ခွင့်မကြုံသည့်တိုင်၊ ကိုရဲ အချစ်ဆုံး သူငယ်ချင်းကို တွေ့ရတာနှင့်ပင် တော်တော်လေး အားရှိမိသည်။ ခုလို ကျောခိုင်းထွက်ခွာသွားတာကျတော့ ကိုရဲ မဖြစ်စေချင်ပါ။

"မလာရှင်နေပါ ကိုရဲရယ်၊ ကျောတော့ မခိုင်းလိုက်ပါနဲ့"

"မချစ်ရင်တောင်မှ မမုန်းလိုက်ပါနဲ့ရှင်"

အဲသည် ဆန္ဒနှစ်ခုကိုတော့ ရင်ထဲမှာ မြည်ကြွေးမိပါ သည်။

* * *



ချစ်ကြွေးပြေပါစေ

တစ်ညလုံး တစ်မှေးမှ မရသေးပေမဲ့ ကျော်ဇေ အိပ် ပြန်အိပ်ဖို့စိတ်ကူး မရှိပါ။ ကားကို အလုံဘက်ဆီသို့ ဦးတည်၏။ ဒီကောင်ကြီး ဆေးရုံမှာ ဘက်ဒ်ဆင်းနေရသလား၊ ကျောင်းပဲ တက် နေသလား။

တတိယနှစ်သို့ ရောက်လျှင် ဆေးရုံများတွင် ဘက်ဒ် ဆင်းရပါသည်။ ဆရာကြီးများက ကျောင်းသားတွေကို အဲဒီခုတင် က အဲဒီလူနာရဲ့ ရောဂါကို လေ့လာ ... ဟု ခုတင် အပိုင်ဆားလျှက် လေ့လာခိုင်း၊ သင်ကြားပေး စသည်များကို ပြုလုပ်ရပါသည်။

သူများတွေ ဟောက်စ်ဆင်းချိန်မှာ နောင်ရဲ့အ ဘက်ဒ်ဆင်းတုန်း။ အဲသည် တတိယနှစ် စာမေးပွဲကို ...ခါ ကျမှ ဆေးရုံတက်၊ မျက်စိကွယ်ခဲ့ရသည်မို့ တ နှစ်ငင်သည်။ နောင်နှစ်ကျတော့လည်း မျက်စိကွယ်နေသည်ကိုပဲ လ...ကင်း... မနည်းတာ။

အတန်းတူ သူငယ်ချင်း ကျော်ဇေနှင့် ...လှိုင် နှစ်နှစ်တိတိ နောက်ကျသွားရသည့်အတွက် အ...နှင့်

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိပါလျှင် ကံကြမ္မာဆိုတာကြီးကို ဖနောင့်နဲ့ချည်း လိမ့်ပေါက်ချင်မိတော့သည်။

နောင်ရဲကို အိမ်မှာပင် အဆင်သင့်တွေ့သည်။

"ဘယ်က လှည့်လာလဲ"

"မင်းဆီကိုပဲ"

"မင်း ယောက်စ် ဆင်းနေပြီ မဟုတ်လား၊ ခု ဘယ်ဆေး...လဲ"

"အာဂျီအိပ်ချ်"

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အာဂျီအိပ်ချ်ဟုအလွယ်လွယ် ခေါ်ကြပါသည်။

"လက်ဖက်ရည် သောက်မလား"

"ကောင်းသားပဲ၊ ငါ ခုထိ တစ်မေးမှ မရသေးဘူး၊ များများတိုက်"

"ဘယ်လို ညွှဲ့သည်လဲ၊ အိမ်ရှင် စေတနာရှိသလောက်တိုက်လို့မရဘူးလား"

"မင်း စေတနာရှိသလောက်နဲ့ ငါက မဝရင် ဘယ့်နှယ်လုပ်မလဲ"

နောင်ရဲ ရယ်၍ လက်ဖက်ရည်ထနုပ်သည်။

နောင်ရဲသည် မည်သည့်အခါမျှ လက်ဖက်ရည်ဆိုင်ထိုင်လေ့မရှိ။ ငွေလည်း မသုံးနိုင်။ အချိန်လည်း မပေးနိုင်ပါ။ တစ်ခါတစ်ရံတော့ သူ့ စိတ်လိုလက်ရ ဖျော်သောက်တတ်သည်။ ကော်ဖီ မကြိုက်၊ လက်ဖက်ရည်ပဲ ကြိုက်သည်။ လက်ဖက်ရည်နှင့်ရင်း၊ ဘာကြောင့်မှန်းမသိ ယမင်းသက်ဝေကို လွမ်းခနဲ သတိရသည်။

မေတ္တာဖြူမှာ နေခဲ့စဉ်က ...



ကော်ဖီပဲ အမြဲတိုက်၏။ နောင်ရဲ လက်ဖက်ရည်သောက်ချင်ပါသည်ဟု ပြောဖို့ အကြိမ်ကြိမ် စိတ်ကူးသည်။ အားနာတာနှင့် မပြောဖြစ်ပါ။ ယမင်းသက်ဝေက ကော်ဖီ ကြိုက်ပုံရ၏။ အဲသည်လို အသေးအဖွဲကလေးတွေမှာတောင် နောင်ရဲနှင့် ယမင်းသက်ဝေတို့ အကြိုက်ချင်း ကွာခြားသည့်အကြောင်းက ရင်ထဲသို့ အလိုလိုဝင်သည်။

"သောက်တော်မူ ... ငါကလည်း အမြဲသောက်နိုင်တာတော့ မဟုတ်ဘူး၊ ထစ်ခါတလေ အဆင်သင့်ဖြစ်နေတုန်း မင်း ရောက်လာတာနဲ့ အတော်ပဲ၊ စိတ်တိုင်းကျသောက်"

လက်ဖက်ရည်ကို ကရားလိုက်ချပေး၏။

တစ်ညလုံး မအိပ်ရသေးသူသည် အနည်းဆုံး နှစ်ခွက်လောက်တော့ သောက်ချင်ပါလိမ့်မည်။ လက်ဖက်ရည်ကရားသည် သတ္တုကရားဖြစ်ပါ၏။ နည်းနည်းပါးပါး ပိန်ချင် ချိုင့်ချင်း ၊ သူ့ သက်တမ်းအိုပြီ ဖြစ်ကြောင်း သက်သေပြနေ၏။ သို့ပေမဲ့ ဖွေးသန့်စင်ကာ ဖိတ်ဖိတ်လက်နေ၏။ နောင်ရဲတို့က မိဘမဲ့၊ ညီအစ်ကိုနှစ်ယောက်တည်း ကြီးပြင်းခဲ့ရသည်ဆိုပေမဲ့၊ ဒီလိုအပိုးကျိုးသည်။ ခေုစင်သေချာသည်။

ဟိုပရမ်းပတာမလေးနှင့်တော့ ပြောင်းပြန်ပဲတော့ ကျော်ဇေ တွေးရင်း တစ်ချက်ပြုံးသည်။

"ဘာပြုံးတာလဲ"

"ရယ်မလို့ အစပျိုးတာ"

"ဘာဆိုင်လို့လဲ"

"ငိုခါနီးကျရင် မဲ့တယ်၊ ရယ်ခါနီးကျရင် ပြုံးတာယ်"

www.burmeseclassic.com

www.burmeseclassic.com



"မပြီးပေါင်ကွာ၊ ရယ်ချင် ရယ်ချလိုက်တာပါပဲ၊ ရယ်တာကို တစ်ဆင့်ပြီးမှတစ်ဆင့် ကူးရမှာလားကွ"

"အေး ... ဘယ်အရာမဆို တစ်ဆင့်ပြီးမှ တစ်ဆင့်ပဲ မင်းတို့ ငါတို့ရော ဆရာဝန် တန်းဖြစ်သလား၊ တစ်တန်းပြီးမှ တစ်တန်းတက်ရတာ"

"ဒီကောင် မအိပ်ရသေးတာနဲ့ ကြောင်လာပြီ ထင်တယ်"

"အေးကွ၊ နည်းနည်းတော့ ကြောင်တယ်"

နောင်ရဲ ရယ်၏။

ကျော်ဇေကတော့ သူ့အစီအစဉ်နှင့်သူ ပြောခြင်းပါ။ သူ တစ်ခါက ချစ်ခဲ့ဖူးသူ စွဲလမ်းခဲ့ဖူးသူ၊ နောက်တော့ စိတ်ပျက်နာကြည်းကာ မျက်နှာတောင် မကြည့်ချင်လောက်အောင် ဖြစ်ခဲ့ရသူ ခုတော့ ... ချစ်သည် မဟုတ်သော်ငြား မမုန်းတော့ဘဲ၊ မိတ်ဆွေ အပေါင်းအသင်းနယ် သံယောဇဉ် ဖြစ်သွားရသေးသူ၊ အဲဒီလို မိန်းမသားတစ်ယောက်ကို အချစ်ဆုံးသူငယ်ချင်းနှင့် သူကိုယ်တိုင် အောင်သွယ်လုပ်ပေးရမည့်ကိစ္စက နည်းနည်းပါးပါး မကြောင်ဘဲ နေမလား။

"မင်း လက်ဖက်ရည်ကလည်း ကောင်းလိုက်တာ"

"သောက်မှ သောက်စမ်းပါ၊ မြှောက်ပြောမှ သဒ္ဒါမှာကျနေတာပဲ"

"တကယ်ကောင်းလို့ ပြောတာပါကွ၊ မင်းက အချက်အပြုတ်လည်း ရတော့ မင်းကို ယူရမဲ့မိန်းမ မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"မင်းကိုယ်တိုင် တတ်နေတော့ မင်းက ချေးများမှာ"

"ငါ ချစ်လို့ယူတဲ့ မိန်းမဆိုရင် ငါ ဝိုင်းကူမှာပေါ့"



"တိုးတိုးပြော၊ ပရမ်းပတာမလေးတွေ ကြားရင် အားတက်ကုန်လိမ့်မယ်"

နောင်ရဲ ရယ်နေသည်။

"မင်း ဘယ်ဆေးရုံလဲ"

"ငါလည်း အာဂျီအိပ်ချ်ပဲ"

"ငါသာ ဒေးဂျူတီဆိုရင် မင်းနဲ့ ဆုံမှာ"

"လွဲတာပဲ ကောင်းတယ်၊ မင်းနဲ့ ငါနဲ့ ဆုံနေရင် စကားထိုင်ပြောနေတာနဲ့ ဆရာကြီးတွေ အဆူခံရမှာ သေချာတယ်"

"ဘယ်နနာရီ သွားရမလဲ"

"ဆယ်နာရီ အရောက်"

"အချိန်ရသေးသားပဲ"

"ရပါတယ်၊ တစ်ကရားလုံး ကုန်အောင် သောက်ပါ၊ မင်းလို ညှော်သည်မျိုးတော့ ရှားတယ်"

ကျော်ဇေ ဘာကိစ္စနှင့် လာသလဲဟု နောင်ရဲ မေး၏။ သူတို့နှစ်ယောက်က ကိစ္စမရှိဘဲလည်း သွားနေ လာနေကျ။ တစ်ညလုံး မအိပ်ခဲ့ရသည်မို့ ခေါင်းကြည်အောင် သက်သက်ဝင်လာသည်တော့ပဲ ထင်၏။

"ငါ အရင်တုန်းက မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ပြန်ဆုံ[illegible]တယ်"

စကားကို ကြိုဖန် စ,ရလေ၏။

"ကျောင်းတုန်းကလား"

"မဟုတ်ဘူး၊ အပြင်ကပဲ၊ အစက သူ့ကို ငါ [illegible] ခင်ခဲ့တယ်၊ သူက မာနက ခပ်ကြီးကြီး ငါ [illegible] ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုကောင်ပေါ်တောင် မာနကြီးတော့ သူက ဘာမို့လို့လဲ"

ကျော်ဇေ ကိုယ်တိုင် သူဌေးသား၊ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းနိုင်သူဖြစ်၏။ ဒီလိုလူမျိုးကိုတောင် မတူမတန်ထင်လျှင်သူက ဘယ်လိုလူ ဖြစ်မလဲ။

"ငါတို့ ချမ်းသာတယ်ဆိုတာ သူတို့အိမ်က အိပ်ခန်းတစ်ခန်းစာလောက်ပဲ ရှိမယ်ကွ၊ တို့ထက် လေးငါးခြောက်ဆပိုချမ်းသာတယ်"

"သေချာတယ်၊ မှောင်နိုပဲ"

"မနိုပါဘူးကွ၊ မိဘမျိုးရိုးက ချမ်းသာလာတာ"

"ချမ်းသာတာ အရည်အချင်းလား ကျော်ဇေ"

"အရည်အချင်းတော့ မဟုတ်ဘူးပေါ့ကွာ၊ ချမ်းသာတာကချမ်းသာတာသက်သက်ပါ၊ သူက ဆင်းရဲမွဲတေနေလည်း မာနကြီးမဲ့ လူမျိုးပါ"

"ကြိုက်သွားပြီ ... ဆက်ပြော"

"နောက်တော့ ငါ သူ့ကို စိတ်ပျက်သွားတယ်၊ ထောင်လွှန်းအားကြီးတယ်ကွာ၊ မပေါင်းချင်တော့ဘူး"

"အေးပေါ့၊ ဘယ်သူ ပေါင်းချင်မလဲ"

"ငါ သူ့မျက်နှာတောင် မကြည့်ချင်ဘူး၊ အဲဒီလောက် စိတ်ကုန်သွားတာ"

"ခု ပြန်တွေ့တော့ သူ ဆင်းရဲနေသလား"

"ဟင့်အင်း ... ဆင်းတော့ မဆင်းရဲဘူး၊ သနားစရာ ဖြစ်နေလို့၊ သနားသွားတယ်ကွာ၊ သူ့ကို သူငယ်ချင်းမိတ်ဆွေတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ကူညီချင်တယ်၊ သူ့အတွက် တစ်ခုခု လုပ်ပေးချင်စိတ်ဖြစ်တယ်"



"ဟော့ကောင် ... အဲဒါ ယောကျ်ားလား မိန်းမလား"

"မိန်းမ"

"မင်းကောင်မလေးနဲ့ ပြဿနာတက်ဦးမယ်၊ ကြည့်လည်းလုပ်"

ကျော်ဇေက ဇေ့စပ်ကြောင်းလမ်းပြီးသူမို့ နောင်ရဲ သတိပေးခြင်း ဖြစ်ပါ၏။

"ငါ့ကောင်မလေးက သဘောကောင်းပါတယ်ကွ"

ကျော်ဇေ့ ကောင်မလေးက တကယ့်ကို သဘောကောင်းသည်။ မိန်းမသား အရည်အချင်း အပြည့်ရှိသည်။ မိဘချင်း ဇေ့စပ်ကြောင်းလမ်းတာပေမဲ့၊ ကိုယ်စီကိုယ်င ချစ်သူ မရှိကြသည်မို့ မိဘစကားကို အလွယ်တကူ ခေါင်းညိတ်ကာ ခုတော့လည်း သံယောဇဉ် ဖြစ်သွားကြရပါပြီ။

"ငါ ကူညီသင့်သလား သူငယ်ချင်း"

"ကူညီပေါ့ကွ၊ ဒါ ကောင်းတဲ့အလုပ်ပဲ၊ မင်း ရိုးရဲ့လား"

"ရိုးတာပေါ့ကွ ... ခွေးကောင်"

"ရိုးရင် ကူသာကူညီ၊ ဘာလုပ်ပေးချင်လို့လဲ၊ ငါ့အကူအညီလိုလို့ လာခေါ်တာလား၊ ဒါမှမဟုတ် သူစိမ်းမိန်းကလေးအိမ်ကို တစ်ယောက်တည်း သွားရင် မင်းကောင်မလေးနဲ့ ပြဿနာတက်မှာစိုးလို့ သူခိုး သေဖော်ညှိတာလား"

"မင်း ပွဲဈေးတန်းသွားပြီး ကျောက်သင်ပုန်းတစ်ချပ်နဲ့ ငိုင်ပေတော့၊ ဆိုင်းဘုတ်တစ်ခု ချိတ်ပေါ့၊ မှန်လျှင်မှန်၊ မှန်လျှင် မှားပြီသာမှတ်လို့"

ကျော်ဇေ ရယ်ရယ်ပြောပြောနှင့် လက်စတော်ရွှေဦး နောက်ဆုံးတစ်ကျိုက် မော့လေ၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မရှိဘူး ... ဆေး ..."

အိမ်ဖော်မလေးက ကျော်ဇေ့ကို မှတ်မိစွာ နှုတ်ဆက်သည်။ ကျော်ဇေ လက်ဝါး ကာ၍ တားလေ၏။

"ငါ အပေါ်ထပ်မှာ အန်တီ မှာလိုက်တာ သွားယူမလို့"

"ဟုတ်ကဲ့"

ကျော်ဇေ့ကိုတော့ တံခါးမရှိ ဓားမရှိပါ။ အရင်ကလည်း လာနေကျ။ အပေါ်ထပ်သို့ထိတိုင် တက်နေကျ။ အိမ်ရှင်နှင့် ရင်းနှီးပြီးသားမှန်းလည်း သိ၏။ နောင်ရဲကိုတော့ ကောင်းကောင်းမမှတ်မိပါ။ နောင်ရဲ ဒီအိမ်မှာ လပေါင်းများစွာ လာနေသွားပေမဲ့ ရောက်သည့်နေ့ကတည်းက အပေါ်ထပ်သို့ တန်းတင်သွားသည်။

နောင်ရဲ ရှိနေသမျှ ကာလပတ်လုံး အပေါ်ထပ်သို့ သန့်ရှင်းရေးမှလွဲ၍ မည်သူမျှ မတက်ရ။ သန့်ရှင်းရေးလုပ်သူက လတ်ချမ်းဖြစ်သည်။ လတ်ချမ်းသည် ဤအိမ်တွင် မနေပါ။ မနက်စောစောလာ၊ တစ်အိမ်လုံး သန့်ရှင်းအောင် တံမြက်စည်းလှည်း၊ ဖုန်သုတ်၊ ကြမ်းတိုက်၊ ရေချိုးခန်းတွေဆေး၊ ပြီးတော့ အဝတ်လျှော်၊ မီးပူတိုက်၊ ညနေမစောင်းမီ မွန်းလွဲသာသာမှာ လတ်ချမ်း ပြန်သည်။

နောင်ရဲ ဆေးရုံတက်သွားတော့ တစ်ခေါက် အိမ်ပေါ်မှ ဆင်းပေမဲ့၊ ထမင်းချက်ရသည့် ကောင်မလေးက သူ့အလုပ်နှင့်သူပါ။ ဒီအိမ်မှာ မျက်စိမမြင်သည့် လူနာတစ်ဦး တော်တော်ကြာကြာ လာနေသွားမှန်း သိပါလျက် ကောင်မလေး မမှတ်မိချေ။



ကျော်ဇေက လှေကားကြီးကို ရှေ့မှ တက်သွား[illegible] နောင်ရဲ နောက်မှ လိုက်တက်လာရင်း၊ လက်ကိုင်ကို ထိုင်ခိုသည့်အခါမှာ ရင်ထဲ နွေးခနဲလိုလို ဖြစ်သွားရသည်။ သိသိသာသာကြီး မဟုတ်သည်မို့ နောင်ရဲ သတိမထားမိပါ။

"ဟေ့ကောင်, မိန်းကလေးတစ်ယောက်ကို အခန်းထဲထိ ဝင်တွေ့လို့ မကောင်းဘူးထင်တယ်"

"လာစမ်းပါ၊ မရှိပါဘူး၊ ဆေးရုံတက်နေတယ်"

နောင်ရဲ ခေါင်းညိတ်သည်။ ဆေးရုံတက်နေရသည့် မိတ်ဆွေဟောင်းကို မကြာမီ ဆရာဝန်ဖြစ်တော့မည့် သူက ကူညီဖို့ ရှိပါ၏။

အခန်းထဲသို့ ဝင်၏။ နောင်ရဲ ရင်ထဲ နွေးခနဲ ဖြစ်ပြန်သည်။ အခန်းထဲမှာ သင်းပျံ့လျက်ရှိသည့် ရနံ့သင်းသင်းကို သဘောကျသွားရသည်။ မိန်းကလေးခန်းဆိုတော့ မွှေးနေမှာပေါ့လေ။

"ဟေ့ ... ဟိုဟာ ငါ့ ဓာတ်ပုံလား"

မှန်တင်ခုံပေါ်မှာ ထောက်မှန်ဖြင့် ဓာတ်ပုံတစ်ခု တွေ့သည်။ ဘယ်တုန်းကမှ ဒီလို မရိုက်ဖူးသည်မို့ နောင်ရဲ စိတ်ထဲမှာ သူ့ဓာတ်ပုံ မဟုတ်မှန်း သေချာသည်။ ရုတ်တရက် ကြည့်ရာတွင် သူနှင့် ခပ်ဆင်ဆင်တူသည်ဟု ထင်လိုက်သောကြောင့် ဆောင် နောက်လိုက်တာပါ။

"အေး ... ယူကြည့်"

ကျော်ဇေ အလုပ်မရှိ အလုပ်ရှာ၍ အသင့်ရှိ[illegible] ဆော့၏။ ဟိုဗီရိုဖွင့်တော့မလိုလို၊ ဒီစားပွဲပေါ်မှာပဲ တစ်[illegible] လိုလို၊ အံဆွဲကျတော့ ဟိုဟာဆွဲဖွင့် ဒီဟာဆွဲဖွင့် [illegible] နောင်ရဲကိုပဲ အကဲခတ်သည်။

www.burmeseclassic.com



နော်ငရဲ ကုလားထိုင်တစ်လုံးမှာ အမြိန့်သား ထိုင်နေ၏။ ဓာတ်ပုံကို ယူမကြည့်ပါ။ သူများအိမ် မဟုတ်လား။ ကျော်ဇေ ဒီလောက် တရင်းတနှီး ပိုင်စိုးပိုင်နင်း ဖြစ်နေတာတောင် နော်ငရဲ အံ့သြလုပါပြီ။

"ရော့ ..."

စိတ်မရှည်တာနှင့် ဓာတ်ပုံကို ယူ၍ နော်ငရဲ ပေါင်ပေါ်သို့ လာချပေးလိုက်တော့သည်။ နော်ငရဲ ကောက်ကိုင်၏။

"ဟဲ့ ... ငါနဲ့ တူလှချည်လား၊ ဟေး ... ကြည့်ရင်း ကြည့်ရင်း ငါ ဖြစ်လာပြီ"

နော်ငရဲ နောက်မြနောက်၏။

ဓာတ်ပုံက ဆေးရောင်စုံမို့ အဝတ်အစားက အစ အရောင်အသွေး ပေါ်လွင်သည်။ သူ့မှာ အဲသည် အင်္ကျီမရှိတာသေချာသည်။ သူ့ပုံ မဟုတ်တာလည်း သေချာ၏။ ဒီအဝတ်အစား မရှိသလို သူလည်း ဤသို့တစ်ခါမျှ ဓာတ်ပုံအရိုက်မခံဖူးပါ။ ဓာတ်ပုံက ရိုးရိုးတစ်ပိုင်းပုံပါပဲ။ နောက်ခံတွေက ဝါးနေသည်။ လူကိုသာ အပြတ်ယူထားသည်မို့ နောက်ဘက်က ဘာတွေမှန်း မသိပါ။

"မင်းအဖေ ရိုးရဲ့လား"

"အေးကွ ... နောက်ဘဝ လိုက်မေးရလိုတောင် ဖြစ်နေပြီ၊ ငါသာ ရုပ်ရှင်မင်းသားဖြစ်ရင် နှစ်ကိုယ်ခွဲအတွက် အတော်ပဲ"

"ရော့ ... ဒါတွေလည်း ကြည့်ဦး"

အယ်လ်ဘမ်တွေ တစ်ထပ်ကြီး ချပေးလေ၏။

"ဒီလူ ဓာတ်ပုံတော်တော် ရိုက်တာပဲ၊ မင်း မိတ်ဆွေမလေးရဲ့ အမျိုးသားလား"

ကျော်ဇေ မဖြေပါ။



နော်ငရဲ တစ်ပုံချင်း ကြည့်နေသည်။

"မင်းကွာ ... ငါနဲ့ တူတဲ့ လူတစ်ယောက် ဓာတ်ပုံပြချင်တယ်လို့ ရိုးရိုးသားသား ခေါ်ပြလည်း လိုက်ကြည့်မှာပါ"

ကျော်ဇေ နော်ငရဲနားမှာ လာထိုင်သည်။

"တော်တော့်ကို တူတာပဲ၊ ခွဲလို့တောင် မရဘူးကွ၊ ငါ့လောက် မချောတာ တစ်ခုပဲ၊ ဟာ ..."

ဓာတ်ပုံ အယ်လ်ဘမ်ကို တစ်ရွက်ချင်း လှန်ရင်း၊ နော်ငရဲ ဟာခနဲ ဖြစ်သွားရပါတော့သည်။ ဓာတ်ပုံထဲမှ လူသည် အပြင်မှ နော်ငရဲလောက် မချောတာတော့ မှန်၏။ သူ့ဘာသာ နေချင်သလိုနေနေသည့် သဘာဝပုံတွေမှာ မျက်လုံးက ကြောင်တောင်တောင် ရှေ့မှ ပစ္စည်းတွေကို မမြင်သလို ငေးငေးကြီးမို့ အပြင်က နော်ငရဲလောက် မချောသလို ဖြစ်နေရခြင်းပါ။

တစ်ပုံမှာတော့ ... နော်ငရဲ အင်္ကျီ နော်ငရဲ ပုဆိုး၊

ရခိုင်လုံချည် ခရမ်းဖျော့ရောင်၊ အောက်ခံမှာ အနက်ရောင် အပွင့်စိပ်စိပ်ကလေးကို နော်ငရဲ အရမ်းမှတ်မိသည်။ ကိုဦး ကိုယ်တိုင် ဝယ်ပေးထားတာ။

"ကိုဦး လုံချည်က သိပ်လှနေတော့ မိန်းမဆန်တယ်" လို့တောင် ပြောဖူးပါသေးသည်၊ ပြီးတော့ ... စပို့ရှပ် အစ်ဘနုရင်ဘတ်မှာ အမည်းစင်းပါသည်။

"ကျွန်တော် ဒီနေ့ သိပ်လှချင်လို့ဗျို့" ဟု အော်တာ ချက်စမင့်ကို ထုတ်နိုင်းခဲ့တာ၊ အဲဒီစပို့ရှပ်လေးပဲပေါ့၊ အဲဒီနေ့က ဘယ်လောက် ပျော်နေရသည်မသိ၊ နော်ငရဲ မျက်နှာ ကြည်လင်လန်းဆန်းနေသည်။ ခပ်ပြုံးပြုံး အနေအထားနှင့် လက်ထဲမှာ စီးကရက်ခန်းလေး တစ်ခက် ကိုင်ထားသည်။

www.burmeseclassic.com



သိပ်ကို မှတ်မိခဲ့တာပါ။

"ကိုနောင်ရဲ့ စိတ်ကြည်လင်အောင် ရှုချင်ရှုပါလား၊ စားပွဲမှာလည်း ပန်းအိုးထိုးထားတယ်"

ဂျက်စမင် တစ်ခက်ချိုး၍ လက်ထဲ လာထည့်သည့်မှ စံပယ်ပန်းလေးကို ယူ၍ ရှုကြည့်သေးသည်။ ယောက်ျားတန်မဲ့ ပန်းကလေး တနမ်းနမ်း လုပ်နေရမှာ ရှက်တာရော၊ ဂျက်စမင်ဆိုသည့် စကားက စံပယ်ပန်းကလေးဟု အဓိပ္ပာယ်ရသည်မို့ နမ်းနေရတာ အားနာတာရော၊ နောင်ရဲ့ လက်ထဲပ် ဆက်ကိုင်ထားဖြစ်ခဲ့သည်။

"စံပယ်နံ့က သင်းသင်းလေးမို့ ကျွန်တော် သိပ်ကြိုက်တာပဲ။ ဒါပေမဲ့ ရှုလွန်းရင် အနံ့သိပ်မရတော့သလိုဘဲ၊ မနီးမဝေးထားတာမှ အနံ့လေး ရောက်ရောက်လာတယ်"

ဒီလိုတောင် ပြောဖြစ်ခဲ့သေးသည်။

ဤဓာတ်ပုံများသည် မိမိ ဓာတ်ပုံများသာ ဖြစ်ချေ၏။ ဒီလူ ဓော်တော်ဓာတ်ပုံရိုက်တာပဲဟု ပြောခဲ့ပေမဲ့ မိမိ ကိုယ်တိုင် သိရှိ အရိုက်ခံတာတော့ မဟုတ်။ ဒါဖြင့် ဒီပုံတွေကို ဘယ်သူ ရိုက်မလဲ။ ဂျက်စမင်များလား။ ဂျက်စမင်သာ ဆိုလျှင်တော့ ဓာတ်ပုံတွေကို အရိုက်ကြီး ရိုက်ပြီးမှတော့ ထားပစ်ခဲ့မည် မထင်ပါ။

ထားချင်လည်း ထားခဲ့မည်ပေါ့လေ။ လက်ထပ်တော့မည့် သတို့သမီးလောင်းထံမှာ သူစိမ်းယောက်ျားဓာတ်ပုံတွေ ရှိနေလို့ ဘယ်ဖြစ်မလဲ။

နောက်တစ်ယောက် ဖြစ်နိုင်ချေက ယမင်းသက်ဝေ။ သူ ရိုက်ထားတာလည်း ဖြစ်နိုင်သည်။ သူ့အိမ်သူ့ယာ သူ့သဘောဆိုတော့၊ သူ ကြိုက်သလောက် ရိုက်ယူထား၊ ဘယ်သူက ဘာပြောမှာ မှတ်လို့၊ ကာယကံရှင်ကလည်း မျက်စိ မမြင်၊ ကိုယ့်ကို ဓာတ်ပုံ



ရိုက်နေလို့မှ ရိုက်မှန်းမသိ။ ဒီလိုဆို သူ ဘာရည်ရွယ်ချက်နဲ့ ရိုက်မလဲ။

ဂျက်စမင် ရိုက်တာဆိုလျှင် အမှတ်တရ။ ဂျက်စမင့်ရင်ထဲမှ မေတ္တာကို ဂျက်စမင် ဘယ်လိုပဲ ဖုံးဖိဖုံးဖိ နောင်ရဲ့ နှစ်ဦးစားလျှင် ခု နွေးထွေးစွာ ခံစားရမြဲပါ။ သူ လက်ထပ်ပြီးလောက်ပြီဟု စိတ်ကို ကြိုးစား၍ ဖြေကာ မေ့မေ့ပျောက်ပျောက် တမင်လုပ်ထားရပေမဲ့၊ ဂျက်စမင့်အကြောင်း မတွေးမိသည့်နေ့ဟူ၍ တစ်နေ့မျှ မရှိသေးပါ။ သူ့အကြောင်း တွေးတိုင်းလည်း ရင်ထဲ လှပ်ခနဲ ခုန်မြဲပါ။

ဂျက်စမင်ပဲ ရိုက်ခဲ့သလား။

ယမင်းသက်ဝေ ဆိုလျှင်တော့ ဘာအဓိပ္ပာယ်နှင့် လုပ်မှန်းကို တွေးလို့မရ။ နောင်ရဲ့ အခန်းကို မျက်ဝန်းရွေ့၍ လှည့်ပတ်ကြည့်သည်။ ခုတင်နှင့် မှန်တင်ခုံ အကွာအဝေး။ စားပွဲနှင့် ကုလားထိုင်တစ်လုံး တည်ရှိပုံ၊ အခန်းကျယ်ကြီးထဲမှာ ဆက်တီတစ်ခုံရှိနေတာ။

ကျော်ဇေ့ကို ဖျတ်ခနဲ လှည့်အကြည့်၊ စောစောပိုင်းက သူ့ကို ကြည့်နေပြီး၊ သူက လှမ်းကြည့်မှ ခေါင်းငုံ့ပစ်လိုက်သည့် ကျော်ဇေ့ကို တွေ့ရ၏။ နောင်ရဲ့ ကက်ဆက်ဆီသို့ ထလျှောက်သွားသည်။ ကက်ဆက်ခွေတွေကို ကြည့်သည်။ ကက်ဆက်ခွေ ဘာဘာတို့ မြင်သည်နှင့် အထဲမှာ ဘာသီချင်းတွေ ပါသလဲ သိသည် မဟုတ်လား။ သူ မျက်စိ မမြင်ခင်က နားထောင်ခဲ့ရသည့် သီချင်းတွေ။

"ကျော်ဇေ"

သံပြတ်နှင့် ခေါ်တော့ ကျော်ဇေ မော့ကြည့်သည်။

"ဒါ မေတ္တာဖြူ မဟုတ်လား၊ ငါ နေခဲ့တဲ့အခန်း

www.burmeseclassic.com



"ဟုတ်တယ်"

ကျော်ဇေ တုံးတုံးတိတိ ဖြေသည်။

နောင်ရဲ့ စိတ်ရှုပ်သွားရကာ ခေါင်းထဲမှာပင် နောက်ကျိကျိ။ ကက်ဆက်ထဲမှာ သီချင်းခွေတစ်ခု ရှိနေသည်နှင့် ဘာရယ်မဟုတ် ခလုတ်ကို နှိပ်ချလိုက်မိလေသည်။

ကြယ်တွေတောင်ငိုနေပြီ မော့ကြည့်ရင်း သနားသွား
ရင်မှာ ဝေဒနာတွေရယ် ပူလောင်လှပြီ
အို ... ကြယ်လေးများရယ်
ဒီမြေကမ္ဘာမှာ ငိုယိုနေသူ
မပြေလည်တာတွေ
ငါ့အော်ပြော ကြားဝေဒနာများ
ကူညီဖြေရှင်းပေးပါဦး ကြယ်လေးတွေ
ဝေးဝေး သွားခဲ့ရတော့ ငယ်တစ်ယောက်တည်း
လွမ်းဆွေး
သိပ်သိပ်ချစ်ခဲ့ရတဲ့ ကိုကိုအဝေးမှာ
အို ... ဒီသီချင်းလေးနဲ့ ကိုရေ ကြားမလား
ဒါလင် အချစ်ရဲ့ နွေနွေမိုးမိုး
မြူမှုန် ဆောင်းများ ဘယ်မှာ
ဘယ်အချိန် ပြန်တွေ့ကြမှာလဲ အချစ်ဆုံးရေ ...။

မေခလာ၏ အသံက ကျွမ်းမြည့်စွာ ထွက်ပေါ်လာသည်။

ဒီသီချင်းကို ဒီအခန်းထဲမှာ သူ နေစဉ်က တစ်ခါမှ နားမထောင်ခဲ့ရဖူးပါ။ သူ မရှိတော့မှ ယမင်းသက်ဝေ နားထောင်တာ ထင်ပါရဲ့။ သီချင်းက မဆုံးနိုင်၊ ကက်ဆက်ခွေကုန်သည်အထိ



ဒီသီချင်းကိုစဲ အပြန်တလဲလဲ သွင်းထားသည်။ ဟိုဘက်ခြမ်းကို ပြောင်း၍ ဖွင့်တော့လည်း ဒီသီချင်း။

သီချင်း ဆယ့်လေးငါးပုဒ်စာ အခွေကို ကစ်ပုဒ်တည်း အပြန်တလဲလဲ သွင်းထားသည်။ ဘာအဓိပ္ပာယ်လဲ၊ ဘယ်လောက်ထိ ကြိုက်လို့ ဒီလောက်ထိ နားထောင်နေချင်ရတာလဲ။

"ကြားပလား နောင်ရဲ"

"သီချင်းလား ... ကြားသားပဲ"

"ယမင်းသက်ဝေဟာ မင်းကို ရင်ကွဲမတတ် ချစ်နေတယ်"

"ဘာ ..."

ဆောင်းတွင်းကြီး မိုးခြိမ်းသလောက်ကို နောင်ရဲ အသံက ကျယ်၏။

"ဟုတ်တယ် ... မင်းကို သူ ဘယ်လောက်ထိ စွဲလမ်းနေတယ်ဆိုတာ ဒီသီချင်းကို တစ်ခွေထဲမှာ အပြန်တလဲလဲ သွင်းထားတာ သက်သေခံနေတာပဲ၊ ငါလည်း ခုမှ ကြားရတာ၊ ဒါပေမဲ့ ... သူ ဒီသီချင်းကို အခေါက်ခေါက် အခါခါ နားထောင်ပြီး မျက်ရည်ပေါက်ပေါက်ကျနေမှာ ငါ သိတယ်"

"လုံးဝ မဖြစ်နိုင်ဘူး"

နောင်ရဲ အလန့်တကြားလို အသံမျိုးဖြင့် အော်၏။

"မင်းကို ဖြစ်ရမယ်လို့ ငါ မပြောပါဘူး"

"သူ ငါ့ကို ချစ်တယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ ဒီလို မိန်းမမှာ အချစ်ရှိသလား ကျော်ဇေ ... မင်း ခံခဲ့ရတာတွေ မေ့ပလား"

"မေ့ပြီ၊ ငါကလည်း သူ့ကို မကြိုက်တော့ဘူး၊ သူ ကလည်း တကယ်မချစ်လို့ ငါ့ကို အရုပ်တစ်ရုပ်လို ကစားသွား

www.burmeseclassic.com



ဒါတွေဟာ ကလေးဘဝက ကစားရင်း ဗိုလ်ကျအနိုင်ကျင့်ခံရတာတွေလို သဘောထားပြီး၊ ငါ မေ့ပစ်လိုက်ပြီ သူငယ်ချင်း၊ မင်းကို ချစ်တာကျတော့ ကလေးကစားတာ မဟုတ်ဘူး၊ ဗိုလ်ကျအနိုင်ကျင့်တာလည်း မရှိဘူး၊ သူ့ဘာသာ တစ်ဖက်သတ် ခံစားနေတာပဲ"

"ဒီဓာတ်ပုံတွေ တွေ့တယ် မဟုတ်လား၊ သူ ရိုက်ထားတာတွေ၊ မင်း ဒီမှာ ရှိနေကတည်းက သူ ခိုးရိုက်ထားတာ၊ မင်းဓာတ်ပုံကို မှန်တင်ခုံပေါ်မှာ ကိုးကွယ်မလောက် တရိုတသေ တင်ထားတာတွေ"

နောင်ရဲ ကျော်ဇေ့နားသို့ ပြန်လျှောက်လာသည်။ ကုလားထိုင်ပေါ်မှာ ပြန်ထိုင်၏။

"သူ ဓာတ်ပုံတွေ ရိုက်နေတာ ဂျက်စမင် မသိဘူးလား"

"မပြောတတ်ဘူး၊ သိချင်လည်း သိမှာပေါ့"

"သူ ငါ့ကို ကြိုက်နေမှန်း သိလို့၊ ဂျက်စမင် ထွက်ပြေးတာပဲဖြစ်ရမယ်၊ သူဟာ ငါ့ဘဝကို တတိယအကြိမ် ဖျက်ဆီးပြန်ပြီ"

"ဟော ..."

ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ပြီကော။

ယမင်းသက်ဝေကို သနားဖို့ထက် နာကြည်းစရာကိုသာ ထပ်မံတွေ့ရှိသွားပြန်သည်။ နောင်ရဲ ရင်ထဲမှာ ယမင်းသက်ဝေနှင့် ပတ်သက်ပါလေတိုင်း အဆိုးမြင်တတ်တာတွေချည်း ရှိနေ၏။

"အဲဒီ ယမင်းသက်ဝေဆိုတာ မင်း သေမလောက်ခွဲလမ်းနေတဲ့ ဂျက်စမင်ပဲ" ... ဟု ဖွင့်ပြောလိုက်ရ ကောင်းမလား



တကယ်ကို ပြောမိလုလု၊ ပြောချင်လိုက်တာမှ ဝါးစဖရော၊ လျှာရော၊ သွားတွေပါ ယားကုန်သည်။ အကောင်းမမြင်နိုင်ဘဲ အဆိုးတွေ ထပ်မြင်မှ ဒုက္ခ၊ မဟာဒုက္ခ။ ယမင်းသက်ဝေအပေါ်မှာ မချစ်နိုင်သည့်တိုင် အဆိုးမြင်ဝါဒလေးတွေ ဖျောက်ဖျက်နိုင်မှပဲ ဖွင့်ပြောတော့မည် ... ဟု ပါးစပ်ကို နာနာပိတ်ကာ ဆုံးဖြတ်ချက် ချလိုက်ရပါတော့သည်။

✻ ❈ ✻

နောင်ရဲ ဆေးရုံသို့သွားတော့ ကျော်ဇေ အိမ်ပြန်အိပ်သည်။ နောင်ရဲ အိမ်ပြန်ရောက်ချိန်လောက် မှန်း၍ ကျော်ဇေ တစ်ခေါက် ရောက်လာပြန်၏။ နောင်ရဲ အိမ်မှပဲ ဆေးရုံကို တန်းသွားတော့မည်။ နောင်ရဲ လက်တွေ့လေ့လာနေရသည့် လူနာအကြောင်းက စမေးသည်။

"မင်း ပေးရှင့်က ဘာရောဂါလဲ"

"ခရောနစ် အက်စမာ ဘရွန်ကိုက်တစ်(စ်) Chronic Esthma Bronchitis(နှစ်ရှည်လများ ခံစားခဲ့ရသော ရင်ကျပ်ပန်းနာ)"

"တော်တော်ဆိုးသလား"

"ဆိုးတယ်၊ မင်း ထမင်းစားပြီးပလား"

နောင်ရဲ မနက်မိုးလင်းစကတည်းက ချက်ထားခဲ့သည့် ညမနက်စာ ထမင်းကို ပန်းကန်ထဲ ထည့်သည်။

"မနွေးတော့ဘူးကွာ၊ အေးစက်စက်ပဲ၊ စားမလား"

"ငါ စားခဲ့ပြီ၊ မင်း ကိုယ့်ဘာသာ ချက်စားတာလား"

www.burmeseclassic.com



"အေး … အချိန်ရရင် ရသလို ချက်စားတယ်၊ စာမေးပွဲနားနီးရင်တော့ ချိုင့်ဆွဲစားတယ်၊ ကြုံသလိုပေါ့ကွာ"

ရင်းနှီးကြသည်မို့ မည်သူ့ မည်သူမျှ အားနာစရာမလိုပါ။ စားမလား မမေးလည်း ကျော်ဇေ စားချင်လျှင် ငါလည်းစားမယ်ဟု ပြောမည့်သူပါ။ စားခဲ့ပြီဆိုတော့ နောင်ရဲ မကျွေးတော့ပါ။ ဓာတ်ဘူးထဲကို လက်ဖက်ခြောက် ခတ်လိုက်ပြီး၊ ဓာတ်ဘူးအတိုင်းဝဲအိမ်ရှေ့သို့ ယူထွက်လာသည်။ အကြမ်းပန်းကန်က နှစ်လုံး။

"ရေနွေး သောက်ကွာ"

"အေး"

နောက်တစ်ခေါက် ပြန်ထွက်လာတော့ ထမင်းပန်းကန်ထဲမှာ ဟင်းတွေပုံ၊ ဇွန်းတပ်လျက် ပါလာ၏။

"အေးအေးဆေးဆေး စားလေကွာ"

"ရပါတယ်ကွာ၊ ဟင်းက အထူးအဆန်းလေ၊ ဝက်သားတုတ်ထိုးကို တုတ်မထိုးဘဲ ပလတ်စတစ်အိတ်နဲ့ ဝယ်လာတာ၊ နည်းနည်းမြည်းပါလား၊ ရေနွေးကြမ်းနဲ့"

"တော်ပါပြီကွာ၊ ငါ စကားပြောချင်လို့လာမှန်း သိရဲ့နဲ့ မင်းနယ် အေးအေးဆေးဆေး ရှိလိုက်တာ"

"မင်း ပြောမဲ့အကြောင်းမှ ငါ စိတ်မဝင်စားဘဲ"

"မင်း တော်တော်ရက်စက်တဲ့ကောင်ပဲ"

နောင်ရဲ စပ်ဖြဲဖြဲ ရယ်သည်။ ဆဲချင်သလောက်ဆဲစမ်း၊ မနာဘူးဆိုသည့် အချိုးမျိုးဖြင့် သူ့ထမင်း သူ အေးအေးဆေးဆေး စားသည်။ ရေနွေးကြမ်းကို တရှူးရှူး မှုတ်နေပြန်၏။

"အင်း … ယောရင်းသာ ပုံတော်မူရမယ်၊ ဆန်ဖြူ… တစ်ခွက်တောင် လှူမဲ့ပုံ မပေါ်ဘူးဆိုတာမျိုး ကျနေပြီ"



"ဒါပေါ့ကွ၊ သူ ငါ့ကို ကြိုက်ရင် ကြိုက်ပေါ့၊ ငါမှ မကြိုက်နိုင်တာ၊ ငါက ဘာလုပ်ရမှာလဲ"

"မင်းကို ကြိုက်ရမယ်လို့လည်း ငါက မပြောပါဘူး"

"ဒါဖြင့်လည်း ပြီးပြီပေါ့"

"မင်း … ယမင်းသက်ဝေကို မြင်ဖူးပြီလား"

"မြင်ဖူးစရာ မလိုပါဘူး၊ သူ ဘယ်လောက်လှတယ်ဆိုတာ သိပဲ့ လူတိုင်း ပြောကြတာပဲ၊ ငါ မြင်လည်း မမြင်ဖူးချင်ဘူး၊ သူဟာ ငါ့ဘဝမှာ ဒုက္ခမီးတွေ အကြိမ်ကြိမ် ရှို့ခဲ့တယ်၊ အဲဒီအတွက် ကြွေးကျေမလားလို့ သူ ခေါ်ပြုစုတယ်"

ထမင်းကို အစာဝင်ပြီးရော သဘောဖြင့် တွင်တွင်စားနေသည်။ အရသာခံပုံ မပေါ်ပါ။ ရေနွေးကြမ်း သောက်ပြန်၏။

"ငါသာသိရင် အဲဒီအပြုအစုကို မခံဘူး၊ ထားတော့၊ ပြီးတဲ့ကိစ္စက ပြီးသွားပြီ၊ ငါ့သွေးတောင် သူ့ကိုယ်ထဲ ရောက်နေပြီ၊ ငါကလည်း ကျေးဇူးပြန်ဆပ်ပြီးသား ဖြစ်သွား ပြီ"

"မင်း ခုထိ သူ့ကို စိတ်နာတုန်းလား"

"မင်းကိုလည်း ပြန်မေးရဦးမယ်၊ မင်းကော ခုထိ သူ့စက်ကွင်းက မလွတ်သေးဘူးလား၊ ထဘီထုပ်ကြီး ရောက်လာတာလေးများ ပြန်စဉ်းစားပါဦး"

"ငါ ပြောခဲ့ပြီကော၊ ငယ်ငယ်တုန်းက ကစားရင်း အနိုင်အရှုံးခံရသလိုပဲ သဘောထားပါတယ်လို့၊ သူ့စက်ကွင်းထဲကလည်းကောင်းကောင်းကြီး လွတ်ပါတယ်ကွာ"

"မင်း တော်တော်စိတ်ကောင်းရှိပြီး သဘောထားကြီးတဲ့ကောင်ပဲ၊ ငါတောင် မင်းအတွက် ခုထိ မခံချင်ဖြစ်တုန်း"

"ငါက မျက်စိနဲ့ တွေ့ရတဲ့ကောင်ဆိုတော့"

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဖြူသို့ မရောက်မီ အချိန်များ၊ နောင်ရဲ မေတ္တာဖြူသို့ ရောက်လာချိန်တွင် ယမင်းသက်ဝေ နောင်ရဲအတွက် လိုလေသေးမရှိအောင် ပြုစုတာတွေကို ပြန်ပြောပြသည်။ ကျော်ဇေနှင့် ယမင်းသက်ဝေတို့ နောင်ရဲအတွက်နှင့် ပတ်သက်ပြီး အကြိမ်ကြိမ် ရန်ဖြစ်ရတာတွေကျတော့ ချန်သင့်တာချန်ပြောရပါသည်။ ယမင်းသက်ဝေသည် ဂျက်စမင်ဆိုတာ နောင်ရဲ အသိခံ၍ မဖြစ်သေးဘူး မဟုတ်လား။

"မင်းကို ကဝေအတတ်နဲ့ မပြုစားလိုက်ပါနဲ့ဦးလို့တောင် ငါ ရက်ရက်စက်စက် ပြောခဲ့တယ်၊ သူ ငိုတယ် သူငယ်ချင်း"

"မိန်းမပဲကွာ၊ စိတ်ညစ်လည်းငို၊ ဒေါသထွက်လည်းငို၊ မျက်ရည်ပေါသတ္တဝါမျိုးပါ"

"မင်း ခုထိ မသနားသေးဘူးလား"

"မင်း တရားဟောကောင်းလွန်းလို့ သနားလာပါပြီ၊ သနားပြီပဲ ထားပါ၊ ဒါပေမဲ့ ဒီမိန်းမကို ငါ ကြောက်တယ်၊ ခပ်ကင်းကင်းပဲ နေချင်တယ်၊ ငါဟာ သူနဲ့ ဘယ်လိုမှ သွားမပတ်သက်ဘဲနဲ့တောင် ငါ့ကို ဒုက္ခအကြိမ်ကြိမ်ပေးခဲ့တဲ့ မိန်းမ၊ ဂျက်စမင်လည်း သူ့ကြောင့် ထွက်ပြေးတာ ဖြစ်ရမယ်။ သူဘာပြောလိုက်မှန်းမှ မသိတာ"

"မင်းကွာ ... တော်တော်အကြင်နာကင်းတယ်"

"ခပ်ကင်းကင်းနေချင်ပါတယ်လို့ ပြောပြီပဲ"

"သူ့မှာ ဘာရောဂါတွေ ရှိနေလဲ မင်း သိလား"

မနေ့ညက နိုက်ဂျူတီမှာ ယမင်းသက်ဝေကို မမျှော်လင့်ဘဲ ဆုံခဲ့ရကြောင်း ပြောပြသည်။



"ငယ်ငယ်တုန်းက လေးဘက်နာတဲ့၊ အဲဒါမျိုးက ရှုမက်တစ်ဟာ့တ် ဖြစ်သွားတတ်တာ မင်းလည်း သိသားပဲ"

"ခု ... ဖြစ်သွားပလား"

"ဖြစ်သွားပြီ၊ နေမကောင်းလို့ ဆေးရုံ တင်တယ်၊ ဂျင်နရယ်ချက်အပ်လုပ်တော့မှ သယ့်လက်ဆီးမီးယား ရှိနေမှန်းဝါ သိရတာ၊ ဟိုတစ်ခါ မင်း သွေးလှူတဲ့ အခေါက်ပေါ့"

"ဒီအရွယ်ရှိမှ ရောဂါလက္ခဏာ ပြတယ်ဆိုတော့ အပျော့စားထဲက ဖြစ်မှာပေါ့၊ အသက်နဲ့ အဝေးကြီး"

"မင်းကွာ ... ဆရာဝန်လောင်း မဟုတ်သလိုပဲ၊ ပစ်ပစ်ခါခါ ရှိလိုက်တာ"

ကျော်ဇေ ဒီလို ဝေဖန်တော့ နောင်ရဲ နည်းနည်းရှက်သွားမိသည်။ မိမိသည် ဆရာဝန်လောင်း ဆေးကျောင်းသား၊ ဆရာဝန်ဖြစ်ဖို့ ကြိုးစားနေသူသည် ဆရာဝန်စိတ် ၄ ရမည်။ ချစ်သူဖြစ်စေ၊ မုန်းသူဖြစ်စေ၊ ရန်သူဖြစ်စေဦးတော့ ၎င်းကို လူနာအဖြစ်ပဲ မြင်ရမည်။ အကြင်နာရှုထောင့်မှ ကြည့်နိုင်ရမည် ဖြစ်ပါ၏။

နောင်ရဲ သက်ပြင်းမောကို ချလေ၏။

"ရောဂါ တစ်ခုတည်းဆိုရင်တော့ ဟုတ်တာပေါ့၊ နှလုံးရောဂါနဲ့ပေါင်းလိုက်တော့ လူနာ ခံရမယ်၊ သက်လယ်ဆီးမီးယားက ခေါက်ခနဲ မသေရင်တောင် နှလုံးရောဂါက ခေါက်ခနဲ သေနိုင်တယ် ...

"နှလုံးရောဂါသမားကို စိတ်ချမ်းသာအောင်ထားရမယ် ဆိုတာကစပြီး ငါ ရှင်းပြရဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ... ရှင်းပြမနေနဲ့၊ မင်း သိသလောက် ငါ သိတယ်"

နောင်ရဲ ထမင်းပန်းကန် သိမ်း၍ မီးဖိုထဲ သွားထားသည်။ ပြန်ထွက်လာပြီးနောက် ရေနွေးကြမ်းတွေ တစ်ပန်းပြီးတစ်ပန်းကန် ငှဲ့သောက်နေတော့သည်။

"မင်း ခံရသလို ငါလည်း ခံရတာပဲ၊ မင်း ခံရတာတွေက သူ့ပယောဂ မကင်းပေမဲ့ သူ တမင်လုပ်တာ မဟုတ်ဘူး၊ ငါ ခံရတာကမှ သူ တမင် နှိပ်စက်တာ"

ဒါနဲ့များတောင် သဘောထားကြီးစွာ ခွင့်လွှတ်လိုက်နိုင်သည့် ကျော်ဇေ့ ယောကျ်ားစိတ်ကို နောင်ရဲ မချီးကျူးဘဲ မနေနိုင်တော့ပါ။ ဒီတော့လည်း ရှက်သလိုလို ဖြစ်လာရသည်။ လောကကြီးမှာ ယောကျ်ားဖြစ်ရတာ မလွယ်ပါ။

မိန်းမသားတွေနှင့် အပြိုင်ဖြစ်နေလို့ မသင့်လျော်ပါ။ သဘောထားပိုကြီးသူ၊ ပိုမြင့်မြတ်သူ၊ အမြော်အမြင် ပိုရှိသူ စသည် စသည့် အရည်အချင်းများဖြင့် မိန်းမသားတို့၏ မှီခိုရာ အားကိုးခံဘဝကို ခံယူကြရပါသည်။ ယောကျ်ားတစ်ယောက်ကို ရှုတ်ချပြောဆိုလိုလျှင်တောင် မိန်းမကြီး ကျနေတာပဲဟု ဆိုလေ့ရှိသည် မဟုတ်လား။

ကျော်ဇေသည် ယောကျ်ားစိတ် အပြည့်အဝ ရှိသော၊ ဆရာဝန်စိတ် အပြည့်အဝရှိသော ယောကျ်ားကောင်း၊ ဆရာဝန်ကောင်း တစ်ဦး ဖြစ်ပါသည်။ သူ့လိုမှ ခွင့်လွှတ်နိုင်ခြင်းကင်းလျှင် မိမိသည် ယောကျ်ားညံ့ ဆရာဝန်ညံ့ ဖြစ်ဖို့ပဲ ရှိလေ၏။

"ဟူး ..."

လေပူမှုတ်ထုတ်ကာ ကုလားထိုင်မှာ ကျောမှီချသည်။



"လောကကြီးမှာ ယောကျ်ားဖြစ်ရတာ မလွယ်ဝါလား ကျော်ဇေ"

"ဘယ်လို မလွယ်တာလဲ"

"ငါ လက်သည်းတခေါက်ခေါက် ထိုးပြီး ရန်တွေ့ချင်တယ်၊ စိတ်နာချင်တယ်၊ ကလဲ့စား ချေချင်တယ်၊ အဲဒါတွေ ယောကျ်ားဖြစ်နေလို့ လုပ်လို့မရဘူး"

"မင်းက ရွှေတိဂုံဘုရား အထက်ပစ္စယံ တက်ခွင့်ရှိတယ်လေကွာ"

ကျော်ဇေ ရယ်၍ ပြော၏။

ဒါ ... ယောကျ်ားဖြစ်လို့ ရတဲ့အခွင့်အရေး မဟုတ်ဘူးလားဟု မေးသည်။

"မင်းက မိန်းမရရင် သခင်နေရာက အိမ်ဦးနတ် ကုလားထိုင်ကိုရမဲ့ ကောင်ပဲ၊ မီးဖိုထဲ ဝင်ပြီး အားနွဲ့နေရမဲ့ကောင်မ မဟုတ်တာ"

"အေးပါ ... အဲဒါကြောင့် ယောကျ်ားဖြစ်ရတာ မလွယ်ဘူးလို့ ပြောတာပေါ့၊ အောက်တန်းကျမဲ့ အလုပ်တွေကို ရှောင်နေရတယ်"

"မင်းကရော အောက်တန်းကျချင်လို့လား"

"တော်ပါတော့ ကျော်ဇေ၊ မင်း ဆရာဝန်ဖြစ်ဖို့ မကောင်းဘူး၊ ရှေ့နေလိုက်ဖို့ကောင်းတာ"

နောင်ရဲ ခြောက်ကပ်ကပ် ရယ်၏။ ကျော်ဇေကသာ သဘောကျစွာ ရယ်သည်။

"ကိုးလလုံးလုံး ဗိုက်ပူကြီးနဲ့ လေးလောပင်ဝင် မွေးရတယ်၊ အသက်နဲ့ ရင်းပြီး ကလေးမွေးရမယ်၊ အဲဒီလို ဒုက္ခမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



သဘာဝက ဖန်တီးပေးထားပြီးသား မိန်းမတွေကို ရန်သွား လုပ်နေရင် ဒုက္ခတကို လက်သီးနဲ့ ထိုးသလို နေမှာပေါ့ကွ"

"တော်ပါတော့လို့ ပြောထားပါတယ်၊ ဦးလျှာရှည်ကိုလေ့ပေါ မိကျောင်းသား"

ကျော်ဇောက နောင်ရဲ ကို လက်သီးနှင့် လှမ်းထိုး၍ ရယ်ပြန်၏။

"ကဲ ... ပြော၊ ငါ ဘာလုပ်ပေးရမလဲ၊ သူ့ကို ကြိုက်ဖို့က လွဲရင် အကုန်လုပ်ပေးမယ်"

ကျော်ဇော ထိုင်နေရာမှ ခုန်ထသည်။ နောင်ရဲ လက်ကို ဆွဲ၍ ခါ၏။

"သောက်ကျိုးနည်း လေကုန်ရကျိုး နပ်လိုက်တာ"

* * *



ပေးဆပ်ခဲ့ရတာလည်းကြာ

ခဲလေသမျှ သဲရေကျရတော့မှာလား။

စာမေးပွဲကို သိပ်ဖြေချင်ပါသည်။ ဖြေနိုင်အောင်လည်း အရမ်းကြိုးစားခဲ့ပါသည်။ ဒီလိုသာ ဆေးရုံပေါ်မှာ ကြာနေရလျှင် စာမေးပွဲ ဖြေနိုင်ပါတော့မလား။

မိမိ၏ လက်မောင်းတွင်းသို့ တစ်စက်ချင်း စီးဝင်နေသည့် သွေးပိုက်ကို ယမင်း လှမ်းကြည့်သည်။ ကိုရဲ သွေးတွေ မဟုတ်တော့ပါ။ ဟိုတစ်ခါတုန်းက ယမင်း ကိုယ်ထဲသို့ ကိုရဲ၏ သွေးတွေကို သွင်းခဲ့ရသည်။ ကိုရဲ လှူတာဆိုတာကို [illegible] သွေးပုလင်း၏ စွမ်းအားထက် အဆပေါင်းရာထောင်မက [illegible] အားရှိသွားရသည်။

ဆေးရုံမှာ ကြာကြာတောင် မနေလိုက်ရပေ။

ခုတော့ ... သွင်းသည့် သွေးတွေ အရာထင်[illegible] လှက် အားပြည့်လန်းဆန်းမလာလျှင် သွေးတွေတောင် [illegible] ကောင်းသေးသည်။

"နေသာလား သမီး၊ နှုတ်ခမ်းလေးတွေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို မချိပြုံး ပြုံးပြလိုက်သည်။ အန်တီ ညာတာနေမှာပါ။ ယမင်း နှုတ်ခမ်းတွေ အရောင်ရဲဦးမှာ မဟုတ်တာ ယမင်း သိပ်သိတာပေါ့။ ဝေဒနာရှင်သည်သာလျှင် ကိုယ့်ရောဂါကိုယ် အသိဆုံးပါလေ။

"မမောတော့ဘူး မဟုတ်လား"

"ဟင့်အင်း ... မောသေးတယ်"ဟု မဖြေရက်ပါ။ အသက်ရှူလို့လည်း မဝပါ။ နှလုံးသားနေရာဆီမှာဖြာခနဲကျင်သွားပြီးလျှင် အောင့်အောင့်တက်လာတာကိုလည်း ပြောမနေချင်တော့ပါ။ သေချင်လည်း မြန်မြန်သေပါစေတော့ ဟူ၍ စိတ်ကို လျှော့လေ၏။

မိမိသည် လောကကြီးတွင် အသက်ရှင်ခဲ့သမျှ တစ်ချိန်လုံး သူတစ်ပါးကို ဒုက္ခတွေချည်း ပေးခဲ့သည်။ မိမိ ပတ်ဝန်းကျင်အတွက်၊ မိမိလူမျိုးနှင့် မိမိနိုင်ငံအတွက်၊ ဘာတစ်ခုမျှ မလုပ်ခဲ့ဖူးပါ၊ မသေခင် ဖြစ်မြောက်အောင် တစ်ခုခုတော့ လုပ်သွားချင်ပါသေးသည်။

ဪ ... ဆယ်တန်းကလေးသာ အောင်လိုက်လျှင် မူလတန်းပြ ဆရာမလေးအဖြစ်နဲ့ မိမိ လုပ်ရပ်ကလေးတစ်ခုတော့ ကျန်ရစ်ဦးမည်။ ခုတော့ ... အဲဒီတစ်ခုလေးတောင် ချန်ထားနိုင်ခဲ့တော့မည် မထင်ပါ။ ဒုက္ခခံရလွန်းသည့် အန်တီ့ကိုလည်း သနားလှပြီလေ။

ယမင်း နှုတ်ခမ်းလေး တရွရွ လှုပ်လာသည်မို့ ဒေါ်ခင်လေးမြင့်က ယမင်း နှုတ်ခမ်းနားသို့ သူ့နားကို ကပ်၍ နားထောင်သည်။

"ကျေးဇူးတင်ပါတယ် အန်တီ"



ဒီစကားလေးတစ်ခွန်းကို ယမင်း အားယူပြောတာတောင် လေသံက တိုးတိမ်လွန်းလေ၏။ ပိုမောလာတာက သုံးမိသည့် ခွန်အားထက် ဆယ်ဆမက၊ ရင်ဘတ်က လှိုင်းထလာသည်။

"စကားမပြောနဲ့ သမီးရယ်၊ သမီးက အန်တီ့ကို ကျေးဇူးအရမ်းတင်နေတာ အန်တီ သိတယ်၊ နောက်မပြောနဲ့တော့နော်"

လှိုင်းထလာသည့် ယမင်း ရင်ဘတ်ပေါ်သို့ ဒေါ်ခင်လေးမြင့် လက်တစ်ဖက် လာတင်သည်။ အို ... လေးလံလိုက်တာ မပြောပါနှင့်တော့။

"လက်မတင်နဲ့ သူ မခံနိုင်ဘူး"

သူနာပြု ဆရာမ ဝင်ပြောတော့ ဒေါ်ခင်လေးမြင့် အမန်းကတန်း ဖယ်သည်။ ယမင်း ရင်ထဲမှာ မောသည်ထက်မော၊ ချိသည်ထက် ကျုပ်လာ၏။ ချွေးတွေတောင် စို့လာပါပကော။ အိပ်ပျော်နေချင်လိုက်တာ၊ အိပ်ပျော်သွားရင် သက်သာမယ် ထင်တယ်။ အို ... ပြန်မှ နိုးပါတော့မလား မသိ။

ဆယ်တန်း ဖြေချင်သေးတယ်၊ ဆရာမလေး လုပ်ချင်ပါသေးတယ်ရှင်။

မျက်ဝန်းက ချာချာလည်ချင်၏။ ညှိချိန်သောင်ကုန်လုနီးပြီ။ ညှိချိန်ကုန်သွားလျှင် ကိုကျော်ဇေ ဂျူတီ ဝင်ပါလိမ့်မည်။ သူလာလျှင် သတင်းတစ်ခုခုများ ယမင်း ဝမ်းသာစရာပါလာမလား။

မမျှော်ရဲပါဘဲ မျှော်မိ၏။ အိမ်မှာတုန်းက ထက်အောင်အလေးဖွင့်ပြီး နားထောင်မယား၊ ကိုယ်တိုင်ပဲ အိပ်ရာထဲမှာ ရွှေရွှေ

www.burmeseclassic.com



လေးလုံပြီး ဆိုနေမလား၊ အသံမထွက်အောင် စိတ်ထဲက ဆိုနေလို့ရသည်။ ခုတော့ ... စိတ်နဲ့တောင် မဆိုနိုင်တော့ပါလား။ယမင်းနဖူးမှာ ချွေးသီးတွေ စို့လာသည်။

"သူ ... သိပ်မောလာပြီ"

ဆရာမက တိုးတိုးပြောကာ၊ ဆရာဝန်ဆီ ပြေးလေ၏။ တာဝန်ကျ ဆရာဝန် ချက်ချင်း ရောက်လာသည်။

"အောက်စီဂျင်"

ကိုယ့်ဘာသာ မရှုနိုင်တော့ပါ။ ဆရာစတွေ အောက်စီဂျင်ဘူးကို ပြေးလွှားယူ၏။ နှာခေါင်းဝမှာ ပိုက်လာတပ်တော့ အမောနည်းနည်းကလေး သက်သာ၏။

အမှန်က နှလုံးသွေးကြောကျဉ်းကာ ပိတ်မတတ်ဖြစ်နေသည်မို့ ယမင်းသာ ကျန်းမာရေးကောင်းလျှင် ခွဲ့ဖို့ပါပဲ။ ခုတော့ သက်လက်ဆီးမီးယားကတစ်မျိုး၊ ဒီလောက် ဖြူဖျော့ကာ သွေးတစ်စက်မှ မရှိ၊ သွေးပေါင်ချိန်က မပြည့်၊ ဒီလို လူနာကို ခွဲစိတ်ဖို့ကျတော့လည်း မဖြစ်။

ဝေဒနာလေး သက်သာ၊ သွေးပေါင်ချိန်လေး ပြည့်ခဲ့ရှိ၊ တစ်ကိုယ်လုံးမှာ သွေးရောင်လေး ဒီ့ထက်နည်းနည်း လျှမ်းမည်ဆိုလျှင်တောင် ခွဲစိတ်နိုင်ပါသည်။

တစ်ခုတော့ ရှိသည်။ ယမင်းသည် နာတာရှည်လူမမာတစ်ယောက်လို ပိန်ချည့်တော့မနေပါ။ ဆေးရုံ မရောက်ခင်အထိ ယမင်း ကောင်းကောင်းစားနိုင်သည်။ ဆေးရုံမှာနေစဉ်တစ်ပတ်အတွင်းမှာလည်း အစားကောင်းကောင်းမဝင်ပေမဲ့ ဒရစ်ပ်တွေသွင်း၊ အန်တီ ချော့မော့တိုက်သည့် ဟောလစ်တို့၊ အိုဗာတင်းတို့ကြောင့် လူကနည်းနည်းပါးပါး ခံနိုင်ရည်ရှိနေသည်။



အပြုံအစု ကောင်းသည်မို့ အားမပြတ်သွားခြင်းက ယမင်းအကျက်တမ်းကို ဆွဲဆန့်နေသလို၊ ယမင်းကိုယ်လေး ပိန်ထစ်မသွားအောင်လည်း ထိန်းထားနိုင်ခဲ့ပါသည်။ ဒီတော့ လူနာသာဆို အလုံမဖျက်ဟု ပြောနိုင်၏။

အသက်ကလေးတော့ ဖြောင့်အောင် ဆရှုနိုင်မှ လုတာတွေလည်း အလကားပါပဲလေ။

မောတယ် ... ဟု ယမင်း ရင်ထဲမှာ ပြောလေ၏။

✻ ❋ ✻

"အဲဒါ ယမင်းအက်ဝေပဲ"

ကျော်ဇေနှင့်အတူ ခပ်လှမ်းလှမ်းမှ ရပ်ကြည့်လိုက်သည်။ တော်တော်လှတာပဲဟု ချက်ချင်း မှတ်ချက်ချဖြစ်၏။ ဒီအလှနဲ့ ကျော်ဇေဆိုတဲ့ နွားကြီးကို အရှုံးလုပ်ခဲ့တာပဲဟုလည်း တွေးဖြစ်ပြန်၏။

သွေးကုန်သွားပြီမို့ ဆရာမက ပိုက်ဆွဲနုတ်လိုက်သော အောက်စီဂျင် ပိုက်တစ်ခုပဲ ကျန်၏။ သွေးပုလင်းတွေ၊ အရည်ပုလင်းတွေနှင့်ဆိုတော့ မြင်ရချက်က မသက်သာစေ။ အခု သွေးပုလင်း ဖယ်လိုက်ပေမဲ့ လှိုင်းထနေသောရင်ကြောင့် ထိုင်ကြည့်နေသည့် ခေါင်းလေးမြင့်ပါ ရော၍ မောနေပါတော့သည်။

နှာခေါင်းရဲ့ ပင့်သက်မှုဉ်းမှုဉ်းချလေသည်။ မျက်နှာ ချွေးသီးတွေ စို့နေပုံက ဆရာဝန်လောင်း၏ ရင်ထဲသို့ ... ခုန်ဝင်သည်။ အကြင်နာတစ်စွယ်တစ်စကို နှာခေါင်းရဲ့ တွေ့ ... ဆက်လျှောက်လာခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

ဘေးမှာ လူလာရပ်သည်မို့ ဒေါ်ခင်လေးမြင့် မော့ကြည့်သည်။ နောင်ရဲကို တွေ့တော့ ဩော် ... ဟု ကယောင်ကတမ်း မြည်၏။ ဒေါ်ခင်လေးမြင့် မျက်ရည် အိခနဲ ဝိုင်းသည်။ နောင်ရဲ လက်များကို ဖမ်းဆုပ်သည်။ ကျန်လက်တစ်ဖက်က ပေါက်ခနဲ ကျလာသည့် မျက်ရည်စကို သိမ်းလေ၏။

သူ့လက်တစ်ပြင်လုံး အေးစက်သွားသည်။ ဒေါ်ခင်လေးမြင့် လက်ချောင်းတွေက ရေခဲတုံးတွေလား မှတ်ရသည်။ နောင်ရဲ ငုံ့ကြည့်တော့ ဒေါ်ခင်လေးမြင့် မျက်ရည်စက်လက် ကျဆဲက အသနားခံစွာ မော့ကြည့်နေတော့သည်။

စကားမပြောပါ။ မျက်ဝန်းအကြည့်တွေဖြင့်ပင် ညွတ်နူးစွာ တောင်းပန်နေသည်မို့ နောင်ရဲ စိတ်မကောင်းနိုင်တော့ပါ။ ဒေါ်ခင်လေးမြင့် လက်ကို ပြန်ဆုပ်၍ အားပေးသည်။

ယမင်းကို လှမ်းကြည့်သည်။

"သူ ကောင်းကောင်း သတိမရသေးဘူး"

သူနာပြု ဆရာမက ကျော်ဇေကို တိုးတိုးလေးပြောသည်။

"ဘယ်လိုဖြစ်တာလဲ၊ မနက်ကပဲ တော်တော်ကောင်းနေသေးတာ"

ဒေါ်ခင်လေးမြင့်က ကျော်ဇေလက်ကို လှမ်းဆွဲပြန်၏။ ပြီးတော့ ယမင်းကို စိတ်မချသလို တစ်ချက်ကြည့်ပြီးမှ ဆရာမကို ကြည့်ပြန်သည်။

"စိတ်ချထားခဲ့ပါ အန်တီ"



ဒေါ်ခင်လေးမြင့် ရင်နင့်အမျှ ပြောချင်တာတွေ အကုန်လုံးဆို့ကာ မပြောနိုင်ရှာ။ မျက်ဝန်းဖြင့်သာ လျှောက်ကြည့်နေသည်ကို ဆရာမက အလိုက်သိစွာ ပြောပေးရသည်။ ကျော်ဇေသည် ညတာဝန်ကျ ဟောက်စ်ဆာဂျင်မို့ ဒေါ်ခင်လေးမြင့် ပြောပြချင်နေတာတွေ ရှိပါလိမ့်မည်။

"လာ ... အန်တီ၊ ဟိုဘက်သွားမယ်"

သည်တော့မှ ဒေါ်ခင်လေးမြင့် ထရပ်ဖို့ သတိရသည်။ ကျော်ဇေက ဆရာဝန် ဆရာမများနေသည့် အခန်းဘက်သို့ ခေါ်လာ၏။ နေ့တာဝန်ကျ ဆရာဝန်က ကျော်ဇေကို တွေ့တော့ အခန်းထဲမှ ထွက်ကြို၏။

"ဩော် ... ကိုနောင်ရဲ"

"ဟုတ်ကဲ့"

မျက်နှာသိချင်းမို့ နှုတ်ဆက်ဖြစ်ပေမဲ့ ဒီလောက်ပဲ ပြောဖြစ်၏။

"ယမင်းသက်ဝေ ဘယ်လို ဖြစ်သွားတာလဲ"

ကျော်ဇေ စိတ်ပူစွာမေး၏။

"နေ့လယ်က အတက်ခ်ရတယ်"

"ဟာ ..."

ဒေါ်ခင်လေးမြင့် မျက်ရည်စက်တွေ သဲတလင်းသို့ တစ်ပေါက်ပေါက် စီးကျတော့သည်။

"မောင်ကျော်ဇေ ပြန်သွားတော့ ..."

ဒေါ်ခင်လေးမြင့် စကားကို ပီပြင်စွာတောင် မပြောနိုင်ပါ။

"သူ အရမ်းငိုနေလို့ ဆရာမက ကျွန်တော့်ကို လာခေါ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ဝင်ပြောပေးရတော့သည်။

"နှလုံးရောဂါသမား မပြောနဲ့ လူကောင်းတောင် အဲဒီရှော့ခ်ဖိုင်ရင် တစ်ခုခုဖြစ်မှာပဲ၊ ကျွန်တော်ဖြင့် အသက်ပါပြီမှတ်တာ"

ဆရာဝန်က ခိုမ်းလိုက်သည်မို့ သူနာပြုဆရာမတစ်ဦးက ယမင်း ခုတင်ခြေရင်းမှ လူနာမှတ်တမ်းကို သွားဖြုတ်လာခဲ့သည်။ ကျော်ဇေ ယူကြည့်တော့ နောင်ရဲပါ ဝင်ကြည့်မိတော့သည်။

"ပရက်ရှာကလည်း အဲဒီမှာ တွေ့တဲ့အတိုင်းပဲ"

ဆရာဝန်တစ်ဦး၏ အကြင်နာတရားက နောင်ရဲ့ရင်ထဲမှာ သိမ့်ခနဲ ဖြာသွားရပါတော့သည်။

"ဆရာကြီး ရောင်းလုပ်ချိန်မို့ အသက်ကို ကယ်လိုက်နိုင်တာပဲ၊ နို့မို့ဆို ... ဆရာကြီးကို ပြေးခေါ်နေချိန်ထိ သူ စောင့်နိုင်မယ် မထင်ဘူး"

တော်ပါသေးရဲ့ဟူသည့် အတွေးကို နောင်ရဲ တအလို့တွေးလိုက်မှန်း မသိပါ။

"မောင်ကျော်ဇေကို တွေ့လိုက်ရတော့ သူ မောင်နောင်ရဲကို အရမ်းသတိရသွားတာပါပဲကွယ်"

ဒေါ်ခင်လေးမြင့် စကားက နောင်ရဲ ရင်ထဲသို့ မီးစတစ်ချောင်း ထိုးသွင်းသည့်နှယ်၊ ဗွခနဲ ဖြစ်သွားရပါသည်။ မိမိကြောင့် အားနွဲ့သူ မိန်းမသားတစ်ဦး အသက်ဆုံးရှုံးတော့မလို့ဆိုပါလား။

"ဆရာကြီးက ဘာပြောခဲ့သေးလဲ"

သမားတော်ကြီး ပေးခဲ့သည့် မှတ်ချက်ကို နောင်ရဲ့ အလောတကြီး မေးမိလေ၏။



"စကျွင်းအတက်ခံ ဖြစ်နိုင်တဲ့ အခြေအနေမျိုးမှာ ရှိနေတယ်တဲ့၊ စိတ်မချရသေးဘူးတဲ့၊ တစ်ခန်းလုံးမှာ အဲဒီလူနာ အခြေအနေ အဆိုးဆုံးပဲ၊ ကိုကျော်ဇေနဲ့ ဂျူတီချိန်းရင် သေသေချာချာ ပြောခဲ့လို့ မှာသွားတယ်၊ ဆေးတွေတော့ အွန် (On)ပြီးပြီ"

"ကောင်းပြီလေ၊ ကျွန်တော် တစ်ညလုံး ဂရုစိုက်မှာပါ၊ မနက်ကျတော့ ဆရာကြီးလာရင် ..."

"ဆရာကြီးက အခြေအနေဆိုးရင် အိမ်ကို ဖုန်းလှမ်းဆက်ဖို့ ပြောထားတယ်"

"ဒါဖြင့် ... အတော်ပဲ"

"ကျွန်တော် ပြန်မယ်"

"ဟုတ်ကဲ့"

ဆရာဝန်က လှည့်ထွက်မည်ပြုပြီးမှ နောင်ရဲကို တစ်ချက်လှမ်းကြည့်သည်။

"ကိုနောင်ရဲ"

နောင်ရဲ တွေတွေကြီး ရပ်နေမိရာမှ မော့ကြည့်သည်။

"ဒေါက်တာနောင်ဦးနဲ့ ခင်ဗျားတို့ ညီအစ်ကို ဖြစ်ရတဲ့ အကိစ်စီးဒင့်နှစ်ခုလုံးနဲ့ ပတ်သက်နေတဲ့ အမျိုးသမီး မဟုတ်လား"

နောင်ရဲ ခေါင်းညိတ်သည်။

သည်ကိစ္စ ဟိုးလေးတကျော်မို့ ဆေးလောကမှာတော့ လူသိများပါ၏။ စောစောက ဒေါ်ခင်လေးမြင့် ဝင်ပြောလိုက်သည့် စကားတစ်ခွန်းကလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က နောင်ရဲကို အားတုံ့အားနာ ကြည့်ပြီး—

"ခင်ဗျားနဲ့ ဘယ်လိုပတ်သက်တယ်တော့ မသိဘူးပေါ့ဗျာ။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော့်လူနာ စိတ်ချမ်းသာစေ ချင်တာပဲ၊ ကျွန်တော်တို့ မနည်းလုထားရတာ"

"စိတ်ချပါ ... ကျွန်တော့်ကြောင့်တော့ ဘာမှ မဖြစ်စေပါ ဘူး"

"စိတ်တော့ မရှိနဲ့နော်"

"ရပါတယ် ... ကိစ္စမရှိပါဘူး"

"သွားမယ်ဗျာ"

"ကောင်းပါပြီ"

ကျော်ဇေက နောင်ရဲ မျက်နှာကို အကဲခတ်သည်။ ဘာကြောင့် မှုန်ကုပ်ကုပ် ဖြစ်နေပါလိမ့်ဟု စဉ်းစားမရချေ။ ဒေါ်ခင်လေးမြင့်က နောင်ရဲကို အသနားခံ မျက်ဝန်းဖြင့် တောင်းပန် နေတော့သည်။

"ငါ သွားကြည့်ဦးမယ်"

"ငါလည်း လိုက်ခဲ့မယ်"

"ခပ်လှမ်းလှမ်းက အကဲအရင်ခတ်ဦးနော်"

"အေးပါ၊ ငါ နားလည်ပါတယ်"

ကျော်ဇေ့ နောက်မှ ခေါင်းငုံ့ပါလာသည့် နောင်ရဲကို ဒေါ်ခင်လေးမြင့် အကြည့်မပျက် လိုက်လာ၏။ နောင်ရဲ ခပ်လှမ်းလှမ်း မှာ ရပ်ကျန်ခဲ့လေသည်။

ဆရာဝန်စိတ်က နောင်ရဲ ရင်ထဲသို့ အလုံးအရင်းနှင့် ထိုးနှက်လေ၏။

"သူ ... သက်သာပါစေ"



ထာဝရ နာကြည်းနေမိသူ မိန်းမသားအပေါ် တောင် ဆုံးအကြိမ် ထားမိသည့် အကြင်နာတရားဝါပဲ။

* * *

"နေကောင်းလား"

ကျော်ဇေက ပြုံး၍ နှုတ်ဆက်သည်။

ယမင်း မျက်စိမှိတ်ထားရာမှ လှစ်ခနဲ ဖွင့်ကြည့်၏။ ဪ ... ကိုကျော်ဇေ ပြုံးပြနေတာပါလား။ မျက်နှာမဲ့မဲ့လေးမှာ မျက်ခုံးလေး အတွန့်ကျိုးလျက်ရှိသည်။ သူ ... ကိုကျော်ဇေ တစ်ခုခု များ ပြောမလားဟု တမ်းတမ်းတတ မျှော်လင့်မိပါ၏။

"သူ ... သတင်းမေးလေးတောင် လာမကြည့်နိုင်ဘူး တဲ့လား"ဟု မေးချင်မိပါသည်။ သို့သော်မဲ့ မမေးရဲပါ။ ယမင်း ဒီလောက် နေမကောင်းဖြစ်နေတာ၊ သူ သိချင်မှလည်း သိမှာပါလေ ဟု ဖြေရင်းက ရင်ဘတ်ထဲမှာ နာလာသည်။

ကျော်ဇေက ယမင်းသက်ဝေ ရင်ဘတ်ကို နားစွင့် ဖြင့် ထောက်သည်။

ယမင်း မျက်နှာလေး ဘေးလွှဲထားလေ၏။ ကိုကျော်ဇေ ဘာမှ မပြောပုံရထောက်တော့၊ ယမင်းအတွက် ဘယ်လိုသတင်းကောင်း မှ ပါမလာဘူး ထင်ပါရဲ့လေ။

"ကိုကျော်ဇေ သူ သိပလားဟင်"

အဲဒီလို မေးလိုက်ချင်တာ။ တောင်းပြီးနှုတ် ဆွံ့နေ သေးတာရှော၊ မေးရဲတာပါ ခေါင်းစပ်လျှက် မေးမြန်းနေလျှ

"ပြောတယ်၊ ဒီကောင် မလိုက်မလာဘူး"

www.burmeseclassic.com



ဆိုသည့် အဖြေကိုသာရလျှင် ချက်ချင်းများ နလုံးခုန်ရပ်သွားမလားဟု ကိုယ့်ကိုယ်ကိုယ် စိုးရိမ်စိတ်ဖြင့် ခေါင်းထဲမှာ ဆူဝေကာ ရင်ထဲက ပို၍အောင့်လာပြန်၏။ ဩော် ... မော်လိုက်တာ။

မသေချင်သေးဘူး ကိုရဲရယ်။ သေမယ်ဆိုရင်တောင် မသေခင် အချိန်လေးမှာ ကိုရဲ မျက်နှာကို ဝဝကြီး ကြည့်သွားချင်ပါသေးတယ်။ ဂျက်စမင့် မျက်နှာကို ကိုရဲ စမ်းကြည့်ဖြီး အလွတ်ကျက်သလို၊ ယမင်းလည်း ကိုရဲ မျက်နှာကို အလွတ်ကျက်ပြီး နောင်ဘဝကို သယ်သွားချင်ပါတယ်။

ဘဝကူးရမယ် ဆိုရင်တောင် ကိုရဲ ကို မေ့မပစ်ချင်ဘူးကွယ်။ အဲဒီမျက်နှာကို နောက်ဘဝမှာလည်း မှတ်မိနေချင်တယ်။ အဲဒါတွေ ကိုရဲ သိအောင် ဘယ်လို ပြောရမလဲ။ ပြောခွင့် ကြုံပါဦးတော့မလားရှင်။

ကျော်ဇေက ခုတင်ဘေးနားမှာ ရပ်နေသည်။ ဆရာမက ချွေးသီးများကို သုတ်ပေး၏။ အသက်ရှူရတာ နည်းနည်းချောင်လာသည်။ စောစောကဆို အလိုအလျောက် ဝင်လာသည့် အောက်စီဂျင်ကိုပင် ခက်ခဲပင်ပန်းစွာ ရှူသွင်းခဲ့ရပါသည်။

အမောနည်းနည်းပြေပြီမို့ ယမင်း နည်းနည်းငြိမ်လေ၏။

"ယမင်းသက်ဝေ"

ကျော်ဇေ ငုံ့ခေါ်သည်။ ယမင်း မျက်လုံး ဖွင့်ကြည့်လေ၏။ ကျော်ဇေ ပြုံးပြနေပုံက အားကိုးချင်စရာကြီးပါ။ ဆရာဝန်စိတ်နှင့် အကြင်နာပေးရှာသည့် အစ်ကိုကြီးတစ်ဦးနှယ် ယမင်းကြည့်ညိုသွားရပါတော့သည်။

"သက်သာလား"



ယမင်း ခေါင်းညိတ်ပြသည်။

နောင်ရဲ... ပြုံးပြနေသည့် ကျော်ဇေအပေါ် မလေးစားဘဲ မနေနိုင်တော့ပါ။ ယောက်ျားပီသသည့် ယောကျ်ားကောင်း ဆရာဝန်တစ်ဦးကို နောင်ရဲ ချီးကျူးမိပါတော့သည်။ ကျော်ဇေ ပြောတော့ပြောနေသည်။ ဘာတွေမှန်း မကြားရပါ။ ယမင်း လက်ကလေးနှစ်ဖက် ကြွတက်လာသည်။ ပြီးတော့ ရင်ဘတ်ပေါ်မှာ ယှက်လေ၏။

ဩော် ... သူ စော်ကားခဲ့တာတွေကို ကန်တော့ပြီး ဝန်ချနေတာ ထင်ပါရဲ့။

အမှားကို မှားမှန်းသိသည့် တစ်နေ့မှာ ပြင်ဆင်နိုင်သူသည် လူတော်ပါပဲ။ မှာန်ချနေသည့် ယမင်းသက်ဝေအပေါ် နာကြည်းမှုတွေ တစ်ထစ်ချင်း လျော့လေ၏။

ဒီမြေကမ္ဘာမှာ ငိုယိုနေသူ ...

မပြေလည်တာတွေ ငါ အော်ပြောကြား ဝေဒနာများ

ကူညီဖြေရှင်းပေးပါဦး ကြွယ်လေးတွေ

ကူညီဖြေရှင်းပေးပါဦး ...

ကူညီဖြေရှင်းပေးပါဦး ...

သီချင်းသံကို ကြားမိပြန်၏။ မေခလာ မဟုတ်ဘဲ ယမင်းသက်ဝေကိုယ်တိုင် ဆိုပြနေသလို၊ စိတ်ထဲ ခံစားလာရသည်။ သနားစိတ်တွေ ရင်ထဲမှာ ဖိတ်လေ၏။

ယမင်းသက်ဝေ ဒီလောကကြီးလမ်း တွယ်တာနေမှန်း သိတာကတစ်ကြောင်း၊ ဂျက်စမင့်မှာ စေ့စပ်ပြီးသား ဖြစ်နေတာကတစ်ကြောင်းတို့ကြောင့် ဂျက်စမင်းခြေရာပျောက်တာပဲဟု နားလည်ပေးလေ၏။ သူ့ကြောင့် ဂျက်စမင် ထွက်ပြေးတာဆိုသည့် အစွန်းတွေတွေ ထွက်ပြေးကုန်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဖြူ အပေါ်ထပ် အခန်းထဲမှ သူ့ဓာတ်ပုံတွေ သူ ပြန်မြင်သည်။ ယမင်းသက်ဝေ၏ ထုထည်ကြီးမားလှစွာသော အတုမဲ့မေတ္တာကို အသိအမှတ် ပြုလိုက်မိပါတော့သည်။

သို့ပေမဲ့ ...

မင်းကို သနားတာကတခြား၊ မချစ်နိုင်တာက တခြား ပါပဲ ယမင်းသက်ဝေ၊ မင်းကို မုန်းနေသေးလို့ မချစ်နိုင်တာတော့ မဟုတ်ပါဘူး၊ ကိုယ့်ရင်ထဲမှာ အချစ် မရှိတော့လို့ ...

ယမင်းသက်ဝေကို လက်ရှိပုံစံနှင့် တွေ့မြင်ရပြီးသည့်နောက်၊ နောင်ရဲ ရင်ထဲမှာ ဟိုတုန်းက အငြိုးအတေးတွေ၊ မုန်းမျက်နာကြည်းနေတာတွေကို လက်ခံ သိမ်းဆည်းမထားနိုင်တော့ပါ။

နောင်ရဲ ယမင်းသက်ဝေကို ငေးကြည့်ဆဲဖြစ် တစ်ခုခု လုပ်ပေးဖို့ ဆန္ဒတွေ ဖြစ်ထွန်းလာရပါတော့သည်။ သူ့ကို ချစ်ခဲ့ကလွဲရင်ပေါ့လေ။ ယမင်း စိတ်ချမ်းသာမယ်ဆိုရင် နာကြည်းမှုတွေ အကုန်လုံးကို ရေမှာ မျှောပစ်လိုက်ပါတော့မယ်။

မျှောစရာတောင် မလိုတော့ပါဘူး ထင်ပါရဲ့။

ယမင်းသက်ဝေဆိုသည့် လူနာမလေးကို ကြည့်ရင်းက အကြင်နာတွေသာ ဖြစ်ထွန်းလာရပါတော့သည်။ စေတနာသည် လူနာမလေးအပေါ် လွှမ်းခြုံ၏။ မုန်းမျက် နာကြည်းမှုတွေသည် မေတ္တာတရား၏ ချမ်းငြိမ်းမှုအောက်မှာ ကျေပျက်လေသတည်း။

ခွင့်လိုက်ပါပြီ ယမင်းသက်ဝေ။

* * *



ကျော်ဇေ ပြုံး၍ လက်ယပ်လှမ်းခေါ်သည်။ နောင်ရဲ ရင်ထဲ ဒိတ်ခနဲ ခုန်သွားလေ၏။ ခုမှ မြင်ဖူးသည့် မိန်းမသားကို ပြေပြစ်ချောမွေ့စွာ သူ ပြောနိုင်ပါ့မလားမသိ။ ဒေါ်ခင်လေးမြင့်ကလည်း လှမ်းပြုံးပြသည်။

နောင်ရဲ ဖြည်းဖြည်း လျှောက်လာ၏။ ခရီးက တိုလွန်းသည်။ ယမင်းသက်ဝေ ခုတင်ဘေးမှာ ရပ်သည်။ ယမင်း သူ့ကို လှမ်းကြည့်လေ၏။ နောင်ရဲ ရင်ထဲမှာ ဒိန်းခနဲ မြည်သည်။ ယမင်းသက်ဝေ၏ အကြည့်ငေးက သူ့ရင်ကို ဒိုင်းခနဲ ဆောင့်လေ၏။

ယမင်း နှုတ်ခမ်းလေး တဖြည်းဖြည်း လှုပ်သည်။ နှုတ်ခမ်းလေး ဘေးကို ပြန့်ကားသွားသည်။ ပြီးတော့ ထောင့်စွန်းလေးတွေ ကော့တက်ကာ အချိုမြိန်ဆုံး ပြုံးလိုက်မိ၏။

နောင်ရဲ ယောင်ယမ်းကာ ပြန်ပြုံးပြလိုက်မိ၏။

"နေကောင်းလား"

အသံတွေတောင် တုန်ချင်သည်။ ဘာကြောင့်မှန်းမသိ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။ ယမင်း လက်တ[illegible] ကော် မြောက်တက်လာကာ သူ့လက်ကို လာဆွဲ၏။ [illegible] သူ့လက်ကို ယမင်း လက်ထဲ ထည့်ပေးလိုက်ပါသည်။

အေးစက်နေလိုက်တာ။

ရေခဲတုံးကို သွားကိုင်လျှင်တောင် ယမင်း [illegible] လောက် အေးပါ့မလား ထင်ရသည်။ ယမင်း [illegible] အားကိုးတကြီး ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



နောင်ရဲ ယမင်း လက်ချောင်းလေးတွေကို ဆန့်ကြည့်သည်။ လက်သည်းခွံ အခြေအနေလေးများကို ကြည့်သည်။ ညိုညို ညစ်ညစ် ရှိနေ၏။ ယမင်းရောဂါ အခြေအနေ အတိမ်အနက်ကို နောင်ရဲ ခန့်မှန်းလိုက်နိုင်ပါသည်။ လက်ဝါးကို လှန်ကြည့်ပြန်တော့ စက္ကူဖြူလား ထင်ရသည်။

သြော် ... သူ့ခမျာ တော်တော်ကြီးကို ဝေဒနာ ပြင်းထန်နေတာပါလား။ ဤမျှ ဝေဒနာ ခံစားရနေသည့်ကြားက သူ့ကို ကြိုးစားပမ်းစား ပြုံးပြနေသေးသည်။ ဘယ်လောက် ပင်ပန်းခံ ကြိုးစားပြီးမှ ဤမပီမပြင် အပြုံးကလေးကို ရရှိမှန်း နောင်ရဲ ကိုယ်ချင်းစာကြည့်မိလေ၏။

ပြုံးသည်သာဆိုရ ... အမဲ့တစ်ဝက် စွက်ရာ၏။

ဒီကမ္ဘာမြေမှာ ငိုယိုနေသူ ...
မပြေလည်တာတွေ
ငါအော်ပြောကြား ဝေဒနာများ ...
ကူညီဖြေရှင်းပေးပါဦး ကြယ်လေးတွေ
ကူညီဖြေရှင်းပေးပါဦး ...
ကူညီဖြေရှင်းပေးပါဦး ...

ယမင်း အိမ်မှာ ကြားခဲ့ရသည့် ဓမ္မလာအသံက နားထဲသို့ စီးဝင်သည်။ ဖြစ်မှဖြစ်ရလေ ယမင်းသက်ဝေ။ ယမင်း အသက်ရှူမဝလို့၊ ရှူလို့မရလို့ ကူညီကြပါဦး ... ကူညီပေးကြပါဦး လို့များ သူ့ရင်ထဲမှာ အော်ပြောနေသလား။

ဒေါ်ခင်လေးမြင့်သည် စကားတစ်ခွန်းမျှ မပြောဘဲ ဓာရဏပရိတ်ကို နှုတ်ခမ်းလှုပ်ရုံ ရွတ်လေ၏။



ပရိတ်ရွတ်ဆဲမှ ယမင်းသက်ဝေ ခေါင်းအုံးအောက်သို့ လှမ်းနှိုက်သည်။ အဖုံးနီနီနှင့် စာအုပ်ကလေးတစ်အုပ် ပါလာသည်။ နောင်ရဲ လက်ထဲသို့ ထည့်လေ၏။ နောင်ရဲ ယမင်းသက်ဝေကို လွှတ်ကာ စာအုပ်ကလေးကို ကိုင်ကြည့်သည်။ အဓိပ္ပာယ် နားမလည်ပါ။ ယမင်းသက်ဝေကို တစ်ချက်လှမ်းကြည့်ပြန်၏။ သူ့ မျက်ဝန်းလေးဖြင့်သာ စကားပြောနေသည်။

"ဖွင့်ကြည့်ပါလား နောင်ရဲ"

ကျော်ဇေက အကင်းပါးစွာပြောသည်။ နောင်ရဲ ဖွင့်ကြည့်ဖြစ်လေ၏။

ဘယ်လိုမှ အစားထိုးမရသည့် ဆုံးရှုံးခြင်း ... ဟူသည့် ခေါင်းစဉ်လေးကို အရင်တွေ့သည်။

"ဒေါက်တာနောင်ဦးလို ပုဂ္ဂိုလ်မျိုးအတွက် ဘယ်မှာ ရှာပြီး အစားထိုးပေးနိုင်ပါတော့မလဲ"

"အလကားမိန်းမ မယ်သုညအတွက် အဖိုးတန်လူသား တစ်ယောက်က အသက်ဆုံးရှုံးပေးရတာ တန်သလားဟာ ... တန်သလားတဲ့" ...။

"ပြောသင့်ပြောထိုက်တဲ့ စကားတစ်ခွန်းမို့ ပြောရက်တယ် ကိုနောင်ရဲရယ်လို့တောင် ဝမ်းနည်းစကား မဆိုဝံ့တော့ပါဘူး" ဟု အရေးချ [illegible] ပတ်ဝန်းကျင် ဝေဖန်မှုလိုင်း မည်းမှ ပြင်းထန်စွာ ရေးထားသည်။

"ဒေါက်တာနောင်ဦးလိုပဲ အဖိုးတန်လူသား [illegible] သူတစ်ယောက် ကျန်နေပါသေးတယ်၊ ကိုနောင်ရဲတဲ့၊ [illegible] ကို နင်းနိုင်ဖို့ ဘယ်လို ပေးဆပ်မှုမျိုးနဲ့ ဝဲဖြစ်ခြင်း [illegible] ရှုချင်စမ်းလှပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်ရဲရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်စေဖို့ အနင်းခံလှေကားထစ်တစ်ခု ဖြစ်ချင်တယ်"

"လှေလှော်ရင်း တက်မကျိုးလိုက်ပါနဲ့ ကိုနောင်ရဲရယ်"

နေ့စွဲလေးတွေ တပ်ကာ သူ့ခံစားမှုလေးများကို တိုတိုရှင်းရှင်း ရေးသားထားခြင်း ဖြစ်ပါသည်။ နောင်ရဲ တစ်ရွက်ချင်း လှန်၍ဖတ်လေ၏။ ဖတ်ရင်း ဖတ်ရင်းက ပို၍ ပို၍ စိတ်ဝင်စားလာရပါသည်။

"ဖြစ်မှဖြစ်ရလေ ကိုနောင်ရဲရယ်၊ ယမင်း မျက်လုံးကို ဖောက်ယူပြီး အစားထိုး တပ်ဆင်ပါ၊ ယမင်းရဲ့ မျက်လုံးကို ဖောက်ထုတ်တဲ့အခါမှာ မေ့ဆေး မပေးပါနဲ့၊ ထုံဆေး မထိုးပါနဲ့၊ အသည်းနိုက်နိုက် တုန်မဲ့ ထွန့်ထွန့်လူး ဝေဒနာကို ခံစားပြီးမှ ပေးဆပ်ခွင့်ရမယ်ဆိုရင်တောင် ယမင်းဘက်က ပြစ်မှုတွေကို မကျေနပ်နိုင်သေးပါဘူး"

"ဒေါက်တာနောင်ဦး နေရာမှာ လူစားထိုးနိုင်မဲ့ အဖိုးတန် ယောက်ျားတစ်ဦးကို တာဝန်ယူ ပေးဆပ်ပုံပိုးမိတဲ့၊ မေတ္တာတွေ စေတနာတွေမှာ အကြင်နာတွေပါ တိုးလာတာ၊ သံယောဇဉ်ခိုင်မြဲစွာ တွယ်နှောင်မိတာတွေ သူ မသိစေချင်တော့ပါဘူးလေ"

"အို ... သူ့မျက်လုံးတွေ ပြန်မြင်ပြီ၊ ဘယ်လောက်ဝမ်းသာရတယ်ဆိုတာ ဘယ်လိုမှ ရေးမချတတ်ဘူး၊ ဘဝနဲ့ ယှဉ်တဲ့ အပျော်ကြီးတစ်ခုလို့သာ ပြောတတ်တော့တယ်၊ နှစ်ဆယ့်လေးနာရီလုံး ဆက်တိုက် ဆွေ့ဆွေ့ခုန်နေချင်တယ်၊ အဲဒီလောက်တောင်ပဲ သိလား"

"ယောက်ျားကောင်း တစ်ဦးရဲ့ ဘဝတက်လမ်းမှာ အနင်းခံလှေကားထစ်တစ်ခုအဖြစ် ပေးဆပ်ကူညီခွင့် ရစေဖို့အတွက်



အဲဒီလှေကားထစ်တွေကို ယမင်း နှလုံးသားနဲ့ သွန်းထုထေးလိုက်ပါတယ်၊ ယမင်းရဲ့ အချစ်၊ ယမင်းရဲ့ စေတနာ၊ ယမင်းရဲ့ နှလုံးသားတွေ အလျှောက်အနင်းခံရလို့ နာကျင်စွာ ကြေမွပျက်စီး ထျှန်နှစ်ခဲ့ရပါတယ်။ ဘယ်အခါမှ အပွဲအကြေ အစအနလေးတွေ ပြန်သည်ပေါင်းစပ် ဆုံစည်းရမှာလဲ"

နောင်ရဲ စာအုပ်ကို ပိတ်လေ၏။

ယမင်းသက်ဝေထံ စူးခနဲ ကြည့်မိသည်။ မသနားဘဲ၊ ကြင်နာဘဲ၊ စေတနာကို မတုံ့ပြန်ဘဲ ဘယ်လိုနေနိုင်တော့မှာလဲ။

"မောင်နောင်ရဲ"

ဒေါ်ခင်လေးမြင့် ပရိတ်ရွတ် ပြီးဆုံးသည်နှင့် နောင်ရဲကို လှမ်းကြည့်ခေါ်သည်။ နောင်ရဲ ပြန်ငုံ့ကြည့်ရပြန်၏။

"မောင်နောင်ရဲ နေခဲ့တဲ့ မေတ္တာဖြူကို ရောင်းဖို့ ဈေးဆိုင်ထားပြီးပြီ၊ ရောင်းရငွေတွေအကုန်လုံး ဆေးပညာသုတေသနလုပ်ငန်းအတွက် လှူဖို့ သမီးက ဆုံးဖြတ်ပါတယ်"

"ဟာ ... သိပ်ကောင်းတာပေါ့၊ ဝမ်းလည်းသာတယ်၊ ကျေနပ်လည်း တင်ပါတယ် အန်တီ"

ကျော်ဇေက ထခုန်တော့မလောက် အားရသံနှင့် ဝင်ပြောသည်။

"သမီး စီးတဲ့ မော်တော်ဆိုင်ကယ် ရောင်းရငွေကိုတော့ ဒီဆေးရုံကြီးကို လှူမယ်၊ နောက်ပြီး ... သမီးအမွေရ သီးသန့်၊ သူ့အဖေ ဝယ်ပေးခဲ့တဲ့ကား၊ အဲဒီကားကိုလည်း ရောင်းမယ်"

ရက်ရောလှချည်လား ... ဟူသည် အတွေးဖြင့် ယမင်းသက်ဝေ၏ စေတနာကို၊ ကျော်ဇေ ဆွေ့ဆွေ့ခုန်ကြည်နူး

www.burmeseclassic.com



ရလေ၏။ နောင်ရဲ ရင်ထဲမှာလည်း ပီတိတွေ ဖြာခနဲ စိမ့်ရပါတော့သည်။ ယမင်းသက်ဝေ စေတနာက အုံမခန်း ချီးကျူးလောက်ပါရဲ့။

"ရောင်းရငွေကို ဘဏ်မှာ အပ်မယ် မောင်နောင်ရဲ၊ နှစ်စဉ်ရရှိမဲ့ ဘဏ်တိုးကို ပညာရည်ထူးချွန်ပေမဲ့ စီးပွားမပြေလည်တဲ့ ဆေးတက္ကသိုလ် ကျောင်းသူကျောင်းသား၊ ဘယ်သူ့ကိုမဆို၊ ပညာသင်စရိတ် ထောက်ပံ့မယ်တဲ့၊ ထာဝရဒါနပြုခဲ့ဖို့ပါကွယ်"

နောင်ရဲ ... ယမင်းသက်ဝေကို ပြန်ငုံ့ကြည့်ပြန်၏။

"စေတနာကို တကယ်ပဲ ချီးကျူး လေးစားပါတယ်၊ ယမင်းသက်ဝေ ကိုယ်စား ကျွန်တော် ဂုဏ်ယူပါတယ်"

လှိုက်လှဲစွာ ပြောဖြစ်တော့သည်။

"သမီးအနေနဲ့ ကျန်းမာရေးက မကောင်းတော့၊ သူကိုယ်တိုင် ပါဝင်လှုပ်ရှားနိုင်ဖို့ မလွယ်ဘူးလေ၊ သူ တတ်နိုင်တာက ငွေရေးကြေးရေးပဲမို့၊ သူ့မှာ ရှိတာ၊ သူပိုင်တာ မှန်သမျှအကုန်နဲ့ ပြန်ပြီး ပေးဆပ်ရှာတာပါ ...

"ခွင့်လွှတ်ပေးလိုက်ပါတော့ မောင်နောင်ရဲရယ်၊ သမီးကျူးလွန်မိခဲ့တဲ့ အပြစ်တွေကို မကျေရင်တောင် ချေပေးပါတော့လို့ အန်တီ သမီးကိုယ်စား တောင်းပန်ပါတယ် ...

"တကယ်တော့ သမီးကိုယ်တိုင် တောင်းပန်ချင်ရှာမှာပါ၊ သမီးက မပြောနိုင်ရှာလို့"

"ကျွန်တော် ..."

နောင်ရဲ ရင်ထဲမှာတောင် မကောင်းနိုင်တော့ပါ။ ပြောချစရာ စကားတွေ ရင်ထဲမှာ အများကြီး ဖြစ်တွန်းသည်။ ဘာကစ၍ ပြောရမှန်းမသိ ဖြစ်ချေ၏။



"ကျွန်တော် ယမင်းသက်ဝေကို ဘယ်လိုမှ သဘောမထားတော့ပါဘူး အန်တီ၊ ကိုဦးအတွက်ရော ကျွန်တော့်အတွက်ပါ လုံးဝ ခွင့်လွှတ်ပါတယ်၊ သူ့အလှူဒါနကိုလည်း အများကြီး လေးစားချီးကျူးပါတယ်"

"ဒါပေါ့ခင်ဗျာ၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ် တတ်နိုင်တဲ့ဘက်က တစ်တပ်တစ်အား ပါကြရတာ၊ ယမင်းသက်ဝေက ကျန်းမာရေးမကောင်းလို့ လူကိုယ်တိုင် မပါနိုင်ဘူး၊ သူ့မှာ ငွေရှိတယ်၊ ဒီတော့ ဒီငွေကြေးနဲ့ပဲ တစ်တပ်တစ်အားပေါ့ အန်တီ၊ ချီးကျူးပါတယ်"

ကျော်ဇေက လှိုက်လှဲကြည်နူးမဆုံး ဖြစ်ရတော့သည်။ နောင်ရဲက ယမင်းသက်ဝေကို တစ်လှည့်ပြန်ကြည့်ပြန်၏။ ပြီးတော့ ခွင့်လွှတ်ကျေနပ်ကာ၊ ချီးကျူးလေးစား၊ ခင်မင်ရင်းနှီးတာတွေ အကုန်လုံး ရောထည့်ပေးလိုက်သည့် အပြုံးချိုကို ရင်နှင့်အမျှ ပြုံးပြလိုက်တော့ပါသည်။ ယမင်း ယှဲ့ယှဲ့လေး ပြန်ပြုံးကာ နောင်ရဲဆီသို့ သူ့ လက်ကလေး လှမ်းလာသည်။ နောင်ရဲက လှမ်းယူကာ ဆုပ်နယ်ပေးလိုက်လေ၏။

"နည်းနည်းတောင် နွေးလာပြီ"

တိုးတိုးရှိုင်းရှိုင်း ကြင်နာသံသည် ယမင်းသက်ဝေ တစ်ချိန်လုံး သောက်ခဲ့ ထိုးခဲ့ရသည့် အားဆေးပေါင်းများစွာထက် ခွန်အားကို ပို၍ ဖြစ်ထွန်းစေပါ၏။

"မကြာခင် နေကောင်းသွားမှာပါ"

အားပေးသံသည် အောက်စီဂျင်ပေးခြင်း ခံရသည်ထက် ပို၍ အသက်ရှူချောင်စေ၏။ ဩော် ... သူ ခွင့်လွှတ်ပြီ [illegible] [illegible] တင်လိုက်တာ၊ ဝမ်းသာလိုက်တာ၊ ပျော်လိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



နောင်ရဲ့ ဆုပ်ကိုင်ထားသည့် ယမင်း လက်ချောင်းလေးတွေ လှုပ်ရှားလာ၏။ ဆွဲယူသလား ခံစားမိလေသည်။ ယမင်းမှာ ခွန်အားမရှိရှာပါ။ နောင်ရဲ့က ယမင်း လက်ရွေ့လျားရာဆီသို့ သူ့ခွန်အားနှင့် လိုက်ပါပေးလိုက်ရသည်။

ယမင်းက နောင်ရဲ့ လက်ကို သူ့မျက်နှာပေါ် တင်လေ၏။

"မျက်စိ မှိတ်လိုက်လေ နောင်ရဲ့၊ မျက်စိ မှိတ်ထားလိုက်"

ဘာအဓိပ္ပာယ်မှန်း နားမလည်ပေမဲ့ ဒီအချိန်မှာ ကျော်ဇေ ပြောသမျှ ယမင်းသက်ဝေ စိတ်ချမ်းသာစေဖို့ချည်းနဲ့ လိုက်နာဖို့ ဆုံးဖြတ်ချက်နှင့်အတူ နောင်ရဲ့ မျက်စိ မှိတ်ပစ်လိုက်ပါသည်။

"စမ်းကြည့် ... နောင်ရဲ့၊ ယမင်းသက်ဝေ မျက်နှာကို စမ်းကြည့်"

ကျော်ဇေက တံတောင်ဆစ်ကို လှမ်းတွန်း၏။ နောင်ရဲ့ မျက်စိ စုံမှိတ်ကာ ယမင်းသက်ဝေ မျက်နှာကို စမ်းကြည့်လိုက်ပါတော့သည်။ ပထမဆုံး စမ်းမိသည်က နှာတံ ချွန်ချွန်လေး၊ ဒီနှာတံ ချွန်ချွန်လေးက သူနှင့် သိပ်ရင်းနှီးနေတာကို ဖျတ်ခနဲ သတိရသည်။

လက်ကို နဖူးပြင်သို့ ရွှေ့၏။ နဖူးပြေပြေလေး ပြီးတော့ မျက်ခုံးအပြားကြီးကြီး၊ ကော့ရွန်းသည့် မျက်တောင်များ စေ့မှိတ်ထားသည့် မျက်ဝန်းအကျယ်၊ နှာတံချွန်ချွန်လေးကို ပြန်စမ်းသည်။ ပါးဖောင်းဖောင်းလေးတွေကတော့ လျော့ရဲရဲ ရှိနေသည်။ နောက်ဆုံးမှာ အသည်းပုံလျားလျား နှုတ်ခမ်းလေး။

"ဂျက်စမင်"



လူနာခုတင်ပေါ်သို့ နောင်ရဲ့ ဗွေ့ခနဲ ထိုင်ချသည်။ ယမင်းသက်ဝေကို ကျုံးပွေ့လေ၏။

"ဂျက်စမင် ... ကိုယ့်ကို မညာနဲ့၊ မင်း ... ဂျက်စမင်"

"ဘယ်က ဂျက်စမင် ရမှာလဲ၊ ယမင်းသက်ဝေပါကွ၊ ခုတင်ခြေရင်းက လူနာမှတ်တမ်းကို ဖတ်ကြည့်၊ ယမင်းသက်ဝေတဲ့၊ ယောဒီက အန်တီဒေါ်ခင်လေးမြင့်ကလည်း ယမင်းသက်ဝေ အမေပဲ၊ မင်း တွေ့ဖူးသားပဲ၊ သွေးလှူတုန်းက ကျေးဇူးတင်ကြောင်း လာပြောသွားတယ်လေကွာ"

ကျော်ဇေ့ ရယ်ဟဟစကားကို နောင်ရဲ့ မကြားတော့ပါ။

"ဂျက်စမင် ဖြစ်မှဖြစ်ရလေ ဂျက်စမင်ရယ်၊ အစက ဘာဖြစ်လို့ ဖွင့်မပြောတာလဲ၊ ဘာဖြစ်လို့ ... ဖွင့်မပြောတာလဲကွ"

မချင့်မရဲနှင့် ညစ်ပစ်လိုက်မည်ပြုပြီးမှ လူနာ မခံသာမှာစိုးသည်မို့ ဖြည်းဖြည်းလေး ပြန်ချပေးသည်။

"ဟော့ ... ညည်းသည်တော်တွေ လူနာခုတင်ပေါ် မထိုင်ရဘူး ထ ... ဆရာဝန်အမိန့်"

ကျော်ဇေက ပခုံးကို လာပုတ်၍ ဖွတ်ဆွဲထူသည်။ နောင်ရဲ့ ပြန်ပုတ်ထုတ်ပစ်လိုက်ကာ၊ ချိုချိုမြိန်မြိန် ပြုံးနေသည်။ ပျော်လိုက်တာ မပြောပါနှင့်တော့။ ရင်ထဲ တဒိန်းဒိန်း တခိုင်ခိုင် ဖြစ်ကာ ဘုရားပွဲလှည့်သလား ထင်မိ၏။

ဘယ်အချိန် ပြန်တွေ့ကြမှာလဲ အချစ်ဆုံးရာ ...

ကြေကွဲသံလေးကို ကြားမိတော့ သနားလိုက်တာ ပြောမပြတတ်ချေ။ ယမင်းသက်ဝေကို အိပ်ရာပေါ်မှာ [illegible] ချထားလျက်မှ ကျုံးထမ်းကာ ပခုံးပေါ် တင်ပြီး [illegible] သည်အထိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက ယုံယုံလေးမို့ လက်ဖျားလေးကိုပဲ ဆုပ်ရ သည်။ ဩော် ... သူ့ခမျာလေး အေးစက်နေလိုက်တာ။

ယမင်းသက်ဝေသည် ဂျက်စမင်၊ ဂျက်စမင်သည် ယမင်းသက်ဝေ။ ဒီနှစ်ယောက်ကို ဘယ်လိုခွဲခြား စည်းတားပြီး မြင်နိုင်တော့မှာလဲ။ ဂျက်စမင်ကို ချစ်သလောက် ယမင်းသက်ဝေ ကိုချစ်သည်။ ယမင်းသက်ဝေကို ချစ်သည့်နည်းတူ ဂျက်စမင်ကို လည်း ချစ်သည်ပဲ။

သည်မိန်းမသားကို ဂျက်စမင်အနေနှင့်ဆိုလည်း ချစ် နိုင်သည်။ ယမင်းသက်ဝေ အဖြစ်နှင့်လည်း ချစ်နိုင်ပါပြီ။ ချစ်သူ နှစ်ဦးက တစ်ဦးတည်းအဖြစ် ပေါင်းစပ်တည်ရှိပြီမို့၊ အခြားချစ်သူ တွေ သူတို့ချစ်သူကို ချစ်ရသည်ထက် ...

နောင်ရဲကျတော့ သူ့ချစ်သူကို နှစ်မျိုးနှစ်ဆ တိုး၍ ချစ်ရပါတော့သည်။

"ယမင်းကို ကိုယ် ချစ်ပါတယ်ကွယ်"

တိုးတိုးလေး ငုံ့ပြောသည်။ ဂျက်စမင်၊ ဂျက်စမင် လုပ်နေလျှင် သူ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲလေ။ သူ့ကို ယမင်း သက်ဝေအဖြစ် လက်ခံပြီး ချစ်ပြနိုင်မှ သူ ပျော်တော့မှာပေါ့။ သူ ပျော်လျှင် ကိုယ် ဘယ်လောက်ပျော်ရမည် ဆိုတာတွေလည်း ရှင်း မပြတတ်တော့ပါ။

ယမင်း မျက်နှာလေး ပြုံးနေသည်။ ခုချိန်မှာ ပြောစရာ စကားတွေက အများကြီးပါပဲ၊ သာလိကာမလေး ရှုံးအောင် ပြော ချင်လိုက်တာ တဝကြီး။ သို့ပေမဲ့ ခွန်အားက မရှိပါ။ လက်ကျန် ခွန်အားလေးကို အကုန်သုံးပစ်လိုက်ပါက ရှိသမျှ ခွန်အားတွေ ကုန်ဆုံးသွားလျှင် ဘယ့်နှယ်လုပ်ပါ့မလဲ။



ကိုရဲကို စကားပြောဖို့၊ တစ်သက်လုံး ပြောသွားဖို့ ခွန်အားတွေ မနည်းကြီး ရှာဖွေစုဆောင်းရပါဦးမည်။

ယမင်း စကားမပြောနိုင်သေးတာကို ခွင့်လွှတ်ပါ ကိုရဲရယ်။ ယမင်း အားတွေ တဝကြီး မွေးနေပါတယ်။ တစ်သက်လုံး မခွဲဘဲနေနိုင်ဖို့၊ ယမင်း လေသံယုံယုံလေးကို အမောခံပြီး မသုံးတော့ ဘူးနော် ... ကိုရဲ နားလည်မှာပါ။

ကိုရဲက ဆရာဝန်လောင်းပဲဟာ။

ဒါပေမဲ့လေ၊ မမျိုးသိပ်နိုင်လွန်းလို့ စကားလုံးလေး နှစ်ခုကိုတော့ ယမင်း သုံးပါရစေ။

"ကိုရဲ"

"စကားမပြောနဲ့ ယမင်း၊ ပြန်မောလာမှာစိုးရတယ်၊ ကိုယ်ပဲ ပြောမယ်နော်၊ ယမင်း ကြားတယ် မဟုတ်လား၊ ယမင်းကို ချစ်တယ်၊ သိပ်ချစ်တယ် ယမင်းရယ်၊ ယမင်း အမြန်ဆုံး နေကောင်းလာအောင် ကိုယ် သွေးလှူဦးမယ်နော်၊ ယမင်း ကို ဘယ်လောက် ချစ်တယ်ဆိုတာ သွေးနဲ့ပဲ စကားပြော မယ် ...

"ယမင်းရဲ့ ကိုယ်ထဲမှာ ကိုယ့်သွေးတွေ ရောက်နေ တော့ ယမင်းနဲ့ ကိုယ်နဲ့ဟာ တစ်သွေးတည်း တစ်သားတည်း သိပ်ချစ်ကြတဲ့ ချစ်သူတွေနော် ... နော် ... ယမင်း"

ပြုံးငုံ့ပြောနေရင်းမှ ထပ်ငုံ့လာကာ ယမင်းနားသယ် ဆီမှာ သူ့နှုတ်ခမ်းကို ကပ်၍ တိုးတိုးလေး ထပ်ပြောပြလိုက် ပါလေသည်။

"အရမ်းချစ်တယ် ယမင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



သမင်းသက်ဝေ၏ အပြုံးယဲ့ယဲ့ကလေး ရွှန်းတင့်လာ၏။ ပေးဆပ်ရက်တွေ ကုန်ပြီထင်ပါရဲ့နော်။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

www.burmeseclassic.com